# သညေသုတ် တရားတော်ကြီး

## ဒုတိယတွဲ

၂၁၄၁၄

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သလ္လေခသုတ်တရားတော်ကြီး

## ဒုတိယတွဲ

ရန်ကုန်မြို့ သာသနာ့ရိပ်သာ
ဗုဒ္ဓသာသနာနုဂ္ဂဟပဋိပတ္တိသာသနာပြု
မဟာစည်ရုံးပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၇ ကောဇာ ၁၃၃၅ စက်တင်ဘာလ ၁၉၇၃

ထုတ်ဝေသူ။ ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (၀၁၁၉၇) အကျိုးတော်ဆောင် (ပဋိပတ္တိသာသနာပြု မဟာစည်ရိပ်သာ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အမှတ် ၁၆၊ သာသနာ့ရိပ်သာ၊ ဘာသာရေးလမ်း၊ ကုက္ကိုင်း၊ ရွှေဂုံတိုင် စာတိုက်၊ ရန်ကုန်မြို့။

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမောင်

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ် (၂၉၉၂)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် **M.A., M.S., B.L.** (မှတ်ပုံတင်အမှတ် ၀၇၇၉) က ပုံနှိပ်သည်။



အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်

# အမှာစကား

ဤသလ္လေခသုတ်တရားတော်ကို ကြည့်ရှုကြသော ပုဂ္ဂိုလ်တို့သည် ကျမ်းဂန် တခုအဖြစ်ဖြင့် ရေးသားပြုစုထားသော ကျမ်းဂန်တခုအနေဖြင့် နှလုံးသွင်း၍ မကြည့်ရှုကြစေလိုပါ၊ ရက်တပတ် နှစ်ပတ်စသည်ကြာမှ တကြိမ် တကြိမ်သာ ဟောထားသော တရားစကားတို့ကို မူသန့်ပြု၍ ပုံနှိပ်ထားသော တရားစာအုပ် တခုအနေဖြင့်သာ အမှန်အတိုင်း နှလုံးသွင်း၍ ကြည့်ရှုကြစေလိုပါ၏။ အကြောင်းမူကား ကျမ်းတခုအနေဖြင့် ကြည့်ရှုလျှင် မကြာခဏ ထပ်တလဲလဲ ပြဆိုထားသော စကားတွေကို တွေ့ရသဖြင့် ပုနရုတ္တိဒေါသ အပြစ်တင်ရန် ထင်မြင်လာဘွယ် ရှိပါသည်၊ ရက်အတန်ကြာမှ တကြိမ် တကြိမ်သာ ဟောထား သော တရားပုဒ်အပေါင်းအနေဖြင့် ကြည့်ရှုမှသာလျှင် အကြောင်းအားလျော်စွာ ထပ်ကာ ထပ်ကာ ဟောထားပေသည်ဟု သဘောပေါက်၍ အပြစ်တင်ဘွယ် ကင်းပေလိမ့်မည်။

ဤတရားတော်ကို ဟောစဉ်အခါများက နာကြားကြသော တရားနာ ပရိသတ်မှာလည်း တရားအားထုတ်ဘူးသော ယောဂီဟောင်းများနှင့် အားထုတ်နေဆဲ ယောဂီသစ်များသာ များပေသည်၊ ထိုယောဂီအဟောင်းအသစ်တို့သည် ဝိပဿနာဆိုင်ရာ တရားကို အထူးသဖြင့် နာကြားလိုကြပေသည်၊ ထို့ပြင် ဝိပဿနာဆိုင်ရာ တရားကို နာကြားရခြင်းကြောင့် ထိုယောဂီတို့အား သဒ္ဓါ ဆန္ဒ ဝီရိယတို့၏ တိုးတက်ထက်သန်ခြင်းလည်း ဖြစ်နိုင်ပေသည်၊ ထို့ပြင် ဟော နေဆဲတရားပုဒ်နှင့် သက်ဆိုင်သော ဝိပဿနာဉာဏ်တို့ကိုလည်း ထိုထိုအပိုင်း၌

ထည့်သွင်းဆက်စပ်၍ ပြောပြမှသာလျှင် တရားအရသာကို ပေါ်လွင်စေနိုင်ပေသည်၊ ထိုသို့သော အကြောင်းများကြောင့် တရားအပိုင်းတိုင်း အပိုင်းတိုင်း၌ သက်ဆိုင်ရာ ဝိပဿနာရှုပုံ ဉာဏ်ဖြစ်ပုံ စသည်တို့ကို ထည့်သွင်းဆက်စပ်၍ ဟောထားရပေသည်။ ဤရည်ရွယ်ချက်များကို အထူးသတိပြု၍ ကြည့်ရှုကြစေလိုပါ၏။

၁၃၃၃-ခု
တော်သလင်းလဆုတ်
၁၃-ရက်၊
(၁၇၊၉၊၁၉၇၁)

အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတ
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ
ရန်ကုန်မြို့။

# သလ္လေခသုတ်တရားတော်ကြီး

## ဒုတိယတွဲ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **သတ္တမပိုင်း** .... .... .... | ၁-မှ ၄၇ |
| တရားအနုသန္ဓေ .... .... .... | ၁ |
| မိစ္ဆတ္တဆယ်ပါး .... .... .... | ၂ |
| ၁၁။ မိစ္ဆာဒိဋ္ဌိ-မှားစွာယူခြင်း .... .... .... | ၂ |
| ဆူဒန်ပြည်က ကျောင်းဆရာကလေး .... .... | ၃ |
| ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ဖြစ်ပုံ .... .... .... | ၄ |
| ကံ ကံ၏အကျိုးမရှိ အယူထဲမှာ အကုန်ဝင်တယ် .... | ၁၁ |
| ဖန်ဆင်းဝါဒဖြင့် မပြေလည်စေနိုင် .... .... | ၁၄ |
| ကံဝါဒဖြင့်သာ ပြေလည်စေနိုင်သည် .... .... | ၁၅ |
| အလွန်ကြောက်စရာကောင်းပါတယ် .... .... | ၁၆ |
| သုစရိုက်သမ္မာဒိဋ္ဌိ .... .... .... | ၁၈ |
| စိတ္တုပ္ပါဒဝါရ စသည် .... .... .... | ၁၈ |
| (၁၁) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... | ၂၁ |
| မဂ္ဂင်မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ .... .... .... | ၂၂ |
| လိုအပ်သော သုတမယပညာ .... .... .... | ၂၅ |
| ဝိပဿနာရှုနည်း အကျဉ်းချုပ် .... .... | ၂၇ |
| ဝိပဿနာသမ္မာဒိဋ္ဌိ အမိဋ္ဌာန်ဆောင်ပုဒ် .... .... | ၃၀ |
| သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ .... .... .... | ၃၁ |
| အကြောင်းအကျိုးသိ ဝိပဿနာသမ္မာဒိဋ္ဌိ .... .... | ၃၄ |
| ဘဝအသစ် ဖြစ်ပုံ .... .... .... | ၃၅ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဒိဋ္ဌိကင်းပုံ .... .... | ၃၆ |
| သမ္မသနဉာဏ် စသည်ဖြစ်ပုံ .... .... .... | ၃၇ |
| မဂ်ဉာဏ် ဖြစ်ပုံ .... .... .... | ၄၁ |
| သစ္စာလေးချက် တပြိုင်နက်မြင်ပုံ .... .... | ၄၂ |
| ပွါးစေရမည့် မဂ္ဂင် သုံးဆင့် .... .... .... | ၄၃ |
| အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... .... | ၄၅ |
| **အဋ္ဌမပိုင်း** .... .... .... | ၄၇-မှ ၈၂ |
| တရားအနုသန္ဓေ .... .... .... | ၄၇ |
| ၁၂။ မိစ္ဆာသက်ပ္ပ-မှားစွာကြံခြင်း .... .... | ၄၇ |
| သမ္မာသက်ပ္ပ-မှန်သောအကြံ .... .... .... | ၅၂ |
| သုမေဓာ၏ နေက္ခမ္မဝိတက် .... .... .... | ၅၄ |
| ဥစ္စာ ၄-မျိုး .... .... .... | ၅၄ |
| အဗျာပါဒဝိတက် .... .... .... | ၅၅ |
| အဝိဟိံသာဝိတက် .... .... .... | ၅၅ |
| ဝိပဿနာဖြင့် အကုသိုလ်ဝိတက်သုံးပါး ပယ်ပုံ .... .... | ၅၇ |
| (၁၂) အဓိဋ္ဌာန်ဆောင်ပုဒ် .... .... .... | ၅၈ |
| ၁၃။ မိစ္ဆာဝါစာ-မှားစွာပြောခြင်း .... .... | ၆၀ |
| သမ္မာဝါစာ-မှန်စွာပြောခြင်း .... .... .... | ၆၀ |
| (၁၃) အဓိဋ္ဌာန်ဆောင်ပုဒ် .... .... .... | ၆၁ |
| ၁၄။ မိစ္ဆာကမ္မန္တ-မှားစွာပြုခြင်း .... .... .... | ၆၁ |
| သမ္မာကမ္မန္တ-မှန်စွာပြုခြင်း .... .... .... | ၆၂ |
| (၁၄) အဓိဋ္ဌာန်ဆောင်ပုဒ် .... .... .... | ၆၂ |
| ၁၅။ မိစ္ဆာအာဇီဝ-မှားစွာအသက်မွေးခြင်း .... .... | ၆၃ |
| သမ္မာအာဇီဝ-မှန်စွာအသက်မွေးခြင်း .... .... | ၆၅ |
| ရဟန်းတို့၏ မိစ္ဆာအာဇီဝနှင့် သမ္မာအာဇီဝ .... .... .... | ၆၆ |

အကြောင်းအရာ စာမျက်နှာ

(၁၅) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၆၉
ဝိရတီသုံးပါး .... .... .... .... ၆၉
၁၆။ မိစ္ဆာဝါယာမ-မှားစွာအားထုတ်ခြင်း .... .... ၇၁
သမ္မာဝါယာမ-မှန်စွာအားထုတ်ခြင်း .... .... ၇၂
(၁၆) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၇၄
၁၇။ မိစ္ဆာသတိ-မှားစွာအမှတ်ရခြင်း .... .... ၇၅
သမ္မာသတိ-မှန်စွာအမှတ်ရခြင်း .... .... ၇၆
(၁၇) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၇၈
၁၈။ မိစ္ဆာသမာဓိ-မှားစွာစိတ်တည်ခြင်း .... .... ၇၈
သမ္မာသမာဓိ-မှန်စွာစူးစိုက် တည်ကြည်ခြင်း .... .... ၇၉
(၁၈) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၈၁
၁၉။ မိစ္ဆာဉာဏ-မှားစွာဆင်ခြင်ခြင်း .... .... ၈၂
သမ္မာဉာဏ-မှန်စွာဆင်ခြင်ခြင်း .... .... .... ၈၃
(၁၉) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၈၄
၂၀။ မိစ္ဆာဝိမုတ္တိ-မှားစွာလွတ်ခြင်း .... .... ၈၆
အရောင်အလင်း ရဟန္တာ .... .... .... ၈၈
အိုကင်းလှော် ရဟန္တာ .... .... .... ၈၉
အိုးစရည်းကြီး ရဟန္တာ .... .... .... ၉၀
သမ္မာဝိမုတ္တိ-မှန်စွာလွတ်ခြင်း .... .... .... ၉၀
(၂၀) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၉၂
အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... .... ၉၂
**နဝမပိုင်း** .... .... .... ၉၃-မှ ၁၂၉
တရားအနုသန္ဓေ .... .... .... .... ၉၃
၂၁။ ထိနမိဒ္ဓ-စိတ်ထိုင်းမှိုင်းခြင်း .... .... .... ၉၃
ဝိပဿနာပိုင်းများအရ စိတ္တဝိသုဒ္ဓိ ဖြစ်ပုံ .... .... ၉၆

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အိပ်ငိုက်တိုင်း ကိလေသာလော .... .... .... | ၉၉ |
| ရုပ်မိဒ္ဓဝါဒ .... .... .... .... | ၁၀၀ |
| ထိနမိဒ္ဓကို ပယ်ရန် .... .... .... .... | ၁၀၀ |
| ၂၂။ ဥဒ္ဓစ္စ-စိတ်ပျံ့လွင့်ခြင်း .... .... .... | ၁၀၂ |
| ၂၃။ ဝိစိကိစ္ဆာ-တရားမှန်၌ ယုံမှားခြင်း .... .... | ၁၀၄ |
| သမထအလုပ်နှင့် စပ်တဲ့ယုံမှား .... .... .... | ၁၀၅ |
| ဝိပဿနာအလုပ်နှင့် စပ်တဲ့ ယုံမှား.... .... .... | ၁၀၅ |
| နည်းတွေနဲ့ ရောမွှေလို့ ရှုပ်ကုန်တာ .... .... | ၁၀၇ |
| ရုပ်အပေါင်း ရှုကောင်းတာချည်းဘဲ .... .... | ၁၀၈ |
| ဝါယောဟူသမျှ ရှုကောင်းတာချည်းဘဲ .... .... | ၁၀၉ |
| သတိပဋ္ဌာန် ၄-ပါး ပွါးနေတာ ယုံမှားဘွယ်မရှိ .... .... | ၁၁၀ |
| ခဏိကသမာဓိဖြင့် စိတ္တဝိသုဒ္ဓိ ပြည့်စုံပုံ .... .... | ၁၁၂ |
| (၂၃) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... | ၁၁၃ |
| ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ယုံမှားကို ပယ်ပုံ .... .... | ၁၁၃ |
| ၂၄။ ကောဓ-အမျက်ထွက်ခြင်း .... .... .... | ၁၁၆ |
| ၂၅။ ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း .... .... .... | ၁၁၇ |
| အာဃာတဝတ္ထု ၉-ပါး .... .... .... | ၁၁၈ |
| ကာဠီယက္ခိနီဝတ္ထု .... .... .... | ၁၂၀ |
| ရန်တုံ့ပြန်တော့ သူမြတ်တွေ ပြစ်မှားရတတ်တယ် .... .... | ၁၂၂ |
| (၂၅) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... | ၁၂၃ |
| ၂၆။ မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်း .... .... | ၁၂၄ |
| ရှားတဲ့ပုဂ္ဂိုလ် .... .... .... | ၁၂၄ |
| အရှင်သာရိပုတ္တရာ သူ့ကျေးဇူးသိပုံ .... .... | ၁၂၆ |
| ၂၇။ ပဠာသ-ဂုဏ်ကြီးသူနှင့် ဖက်ပြိုင်ခြင်း .... .... | ၁၂၇ |
| အမျှဝေ တရားသိမ်း နိဂုံးချုပ်.... .... .... | ၁၂၉ |

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　　စာမျက်နှာ

**ဒသမပိုင်း** .... .... .... ၁၃၀-မှ ၁၈၂
တရားအနှေသနွေ .... .... .... ၁၃၀
၂၈။ ဣဿာ-မနာလိုခြင်း .... .... .... ၁၃၀
(၂၈) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၁၃၃
၂၉။ မစ္ဆရိယ-ဝန်တိုခြင်း .... .... .... ၁၃၃
မစ္ဆရိယ ကောသိယဝတ္ထု .... .... .... ၁၃၄
မစ္ဆရိယ၏ ရသ .... .... .... ၁၃၈
မပေးတိုင်းလဲ မစ္ဆရိယ မဟုတ် .... .... .... ၁၃၉
ဝန်တိုခြင်း၏ အပြစ်နှင့် ဝန်မတိုခြင်း၏ အကျိုး .... .... ၁၃၉
တောဒေယျပုဏ္ဏားအကြောင်း .... .... .... ၁၃၉
ပြဿနာ ၁၄-ခု .... .... .... ၁၄၃
မစ္ဆရိယငါးပါး .... .... .... ၁၄၅
(၁) အာဝါသ မစ္ဆရိယ .... .... .... ၁၄၅
(၂) ကုလမစ္ဆရိယ .... .... .... ၁၄၆
(၃) လာဘမစ္ဆရိယ .... .... .... ၁၅၂
(၄) ဝဏ္ဏမစ္ဆရိယ .... .... .... ၁၅၄
(၅) ဓမ္မမစ္ဆရိယ .... .... .... ၁၅၄
(၂၉) အမိဋ္ဌာန်ဆောင်ပုဒ် .... .... .... ၁၅၆
ဆင်းရဲနွှေင်ကြိုး .... .... .... ၁၅၇
၃၀။ သာဌေယျ-ဟန်ဆောင် ပ-လွှားခြင်း .... .... ၁၆၀
ပဓာနိယင်္ဂ ငါးပါး .... .... .... ၁၆၁
ကောင်းကောင်းအားမထုတ်ယင် မတွေ့ဘူး .... .... ၁၆၅
မြတ်စွာဘုရားက ဖိတ်ခေါ်တော်မူတယ် .... .... ၁၆၆
ဟုတ် မဟုတ် စစ်ဆေးကြည့်ဘို့လိုတယ် .... .... ၁၇၂
အများစံချိန် တလခန့် .... .... .... ၁၇၂

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အရေးကြီးတာက နည်းမှန်ဖို့ ဖြောင့်မတ်ဖို့ အားထုတ်ဖို့ဘဲ .... | ၁၇၃ |
| ၃၁။ မာယာ-မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း .... | ၁၇၅ |
| ၃၂။ အတိမာန-အလွန်အထင်ကြီးခြင်း .... .... | ၁၇၇ |
| ၃၃။ ထမ္ဘ-အရိုအသေ မပြုနိုင်ခြင်း .... .... | ၁၇၇ |
| အရှင်သာရိပုတ္တရာ၏ နှိမ်ချပုံ .... .... | ၁၇၈ |
| အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... | ၁၈၂ |
| **ကောဒသမပိုင်း** .... .... .... | ၁၈၃-မှ ၂၁၇ |
| တရားအနုသန္ဓေ .... .... .... | ၁၈၃ |
| ၃၄။ ဒေါဝစဿတာ-ဆိုဆုံးမခက်ခြင်း .... .... | ၁၈၄ |
| အရှင်ဆန္နမထေရ်အကြောင်း .... .... | ၁၈၅ |
| ဆိုဆုံးမခံမှ ယဉ်ကျေးတယ် .... .... | ၁၈၆ |
| ၃၅။ ပါပမိတ္တတာ-မိတ်ဆွေညံ့နှင့် ပေါင်းသင်းခြင်း .... | ၁၈၈ |
| မိတ်ဆွေယုတ် ဆရာယုတ် .... .... | ၁၈၉ |
| အရှင်ဒေဝဒတ် ကိုးကွယ်လို့ နစ်နာပုံ .... .... | ၁၉၂ |
| အရှင်ဒေဝဒတ် တောင်းပန်တဲ့ ကျင့်ဝတ်ငါးပါး .... .... | ၁၉၃ |
| မိတ်ဆွေကောင်း ဆရာကောင်း .... .... | ၁၉၆ |
| ရှင်သာမဏေကလေးပြောတာတောင် လက်ခံတယ် .... | ၂၀၀ |
| ၃၆။ ပမာဒ-ကုသိုလ်ရေး၌ မေ့ခြင်း .... .... | ၂၀၂ |
| ဒုစရိုက်နဲ့ အမေ့ကြီး မေ့နေတယ် .... .... | ၂၀၃ |
| ကာမဂုဏ်နဲ့ အမေ့ကောင်းကြီး မေ့နေတယ် .... .... | ၂၀၄ |
| ကုသိုလ်ကို မပွါးစေယင်လဲ မေ့နေတာဘဲ .... .... | ၂၀၆ |
| အပ္ပမာဒလုပ်ငန်း .... .... .... | ၂၁၁ |
| အပ္ပမာဒေန သမ္ပာဒေထ-၏ အနက်မှန် .... .... | ၂၁၂ |
| နောက်ဆုံးဩဝါဒတော် .... .... .... | ၂၁၃ |
| (၃၆) အဓိဋ္ဌာန်ဆောင်ပုဒ် .... .... .... | ၂၁၆ |
| အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... | ၂၁၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဒွါဒသမပိုင်း | .... | | ....၂၁၈-မှ ၂၈၇ |
| တရားအနုသန္ဓေ | .... | .... | ၂၁၈ |
| ၃၇။ အဿဒ္ဓိယ-သဒ္ဓါတရားမရှိခြင်း | | .... | ၂၁၈ |
| (၃၇) အဓိဋ္ဌာန်ဆောင်ပုဒ် .... | | .... | ၂၂၂ |
| ၃၈။ အဟိရိက-အကုသိုလ်မှ မရှက်ခြင်း | | .... | ၂၂၂ |
| ၃၉။ အနောတ္တပ္ပ-အကုသိုလ်မှ မကြောက်ခြင်း.... | | .... | ၂၂၂ |
| ၄၀။ အပ္ပဿုတတာ-အကြားအမြင် နည်းခြင်း.... | | .... | ၂၂၄ |
| တဂါထာမျှဖြင့်လဲ သုတပြည့်စုံနိုင်ပါတယ် | .... | .... | ၂၂၇ |
| မိတ်ဆွေ ရဟန်း ၂-ပါးအကြောင်း | .... | .... | ၂၂၈ |
| နွားကျောင်းသားနှင့် တူတယ် | .... | .... | ၂၃၀ |
| သုတနည်းပေမဲ့ ကျင့်လျှင် အကျိုးများသည် | .... | .... | ၂၃၂ |
| (၄၀) အဓိဋ္ဌာန်ဆောင်ပုဒ် | .... | .... | ၂၃၄ |
| ၄၁။ ကောသဇ္ဇ-ပျင်းရိခြင်း | .... | .... | ၂၃၅ |
| ၄၂။ မုဋ္ဌဿစ္စ-သတိလွတ်ခြင်း | .... | .... | ၂၃၇ |
| ၄၃။ ဒုပ္ပညတာ-ဝိပဿနာပညာကင်းမဲ့ခြင်း | .... | .... | ၂၄၁ |
| သတိပဋ္ဌာန်ဆိုတာ ဝိပဿနာပြခန်းတယ် | .... | .... | ၂၄၂ |
| ခွေးသိ လူသာမန်သိ မဟုတ် | .... | .... | ၂၄၃ |
| အဋ္ဌကထာ၌ ရှင်းလင်းပြပုံ | .... | .... | ၂၄၃ |
| ရှုမှတ်သူ၏ သိမြင်ပုံ | .... | .... | ၂၄၄ |
| မေးခွန်း ၃-ခု ပြေလည်အောင် သိတယ် | .... | .... | ၂၄၅ |
| နာမရူပပရိစ္ဆေဒဉာဏ်လဲ ဖြစ်တယ် | .... | .... | ၂၄၅ |
| ပစ္စယပရိဂ္ဂဟဉာဏ်လဲ ဖြစ်တယ် | .... | .... | ၂၄၇ |
| စူဠသောတာပန် | .... | .... | ၂၅၀ |
| သမ္မသနဉာဏ်လဲ ဖြစ်တယ် | .... | .... | ၂၅၀ |
| ဥဒယဗ္ဗယဉာဏ်လဲ ဖြစ်တယ် | .... | .... | ၂ |
| သဒ္ဓါဖြစ်လျှင် နတ်ပြည်ရောက်နိုင်သည် | .... | .... | |

အကြောင်းအရာ စာမျက်နှာ

ဘင်္ဂညာဏ်လဲ ဖြစ်တယ် .... .... ၂၅၆
ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်များလဲ ဖြစ်တယ် .... .... ၂၅၇
မုဉ္စိတုကမျတာ ပဋိသင်္ခါ သင်္ခါရုပေက္ခာဉာဏ်များလဲ ဖြစ်တယ် .... ၂၅၈
(၄၃) အခိဋ္ဌာန်ဆောင်ပုဒ် .... .... ၂၆၀
၄၄။ သန္ဒိဋ္ဌိပရာမာသ–အယူသည်းခြင်း .... .... ၂၆၁
သာသနာတွင်းက အယူသည်းမှုများ .... .... ၂၆၅
သာတိရဟန်းအကြောင်း .... .... ၂၆၇
အရိဋ္ဌရဟန်းအကြောင်း .... .... ၂၆၉
ယခုခေတ်လဲ အယူအဆလွဲတာတွေ ရှိတာဘဲ .... .... ၂၇၂
စောဒနာတဲ့ စာတစောင် .... .... ၂၇၃
သုနက္ခတ္တ အယူသည်းပုံ .... .... ၂၇၆
ဈာန်ရမှ စိတ္တဝိသုဒ္ဓိဖြစ်သတဲ့ .... .... ၂၇၉(က)
သိဥ္စည်းဆရာကြီး အယူသည်းပုံ .... .... ၂၈၀(က)
နိဂုံးချုပ် မိန့်ခွန်းတော် .... .... ၂၈၂
အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... ၂၈၇

(အချို့ အခိဋ္ဌာန်ဆောင်ပုဒ်များ၌ ခေါင်းစီးနှင့်မာတိကာ မပြဘဲ ချန်ထားသည်)

သလ္လေခသုတ်တရားတော်ကြီး မာတိကာ ပြီး၏။

# သလ္လေခသုတ်တရားတော်ကြီး

ဒုတိယတွဲ

## သတ္တမပိုင်း

၁၃၃၂-ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဟောသည်။

### တရားအနုသန္ဓေ

သလ္လေခသုတ်တရားတော်ကို ဟောလာခဲ့တာ ၆-ကြိမ်ရှိသွားပြီ၊ အဲဒီ ၆-ကြိမ်မှာ ပြီးသွားတာက ကိလေသာ(၄၄)ပါးရှိတဲ့အနက်က (၁၀)ပါးဘဲ ပြီးသေးတယ်၊ ဟောဘို့ရာ ကျန်နေတာတွေက (၃၀)တောင် ရှိနေပါသေးတယ်။ အဲဒီ ပြီးခဲ့တာနဲ့ ကျန်နေတာကို ထင်ရှားပေါ်လွင်အောင် ခေါင်းစဉ်ဆောင်ပုဒ်ကြီးကို ဆိုကြဦးစို့။

ဝိဟိံသာ,ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ,ပိသု၊ ဖရု,သမ္ဖာ၊ အဘိဇ်,ဗျာနှင့်။ ဆယ်ဖြာမိစ္ဆတ္တ၊ စဉ်တိုင်းပြ၍၊ ထိန,ဥဒ္ဓစ္စာ၊ ဝိစိကိစ္ဆာနှင့်၊ ကောဓ,ဥပနာဟ၊ မက္ခ,ပဠာ၊ ဣဿာ,မစ္ဆေ၊ သာဌေ,မာယာ၊ အတိမာ,ထမ္ဘ၊ ဒုဗ္ဗစနှင့်၊ ပါပမိတ္တော၊ ပမာဒေါတဖြာ၊ သဒ္ဓါမရှိ၊ အဟိရိက၊ အနောတ္တပ္ပနှင့်၊ သုတနည်းဘိ၊ ပျင်းရိတရပ်၊ မုဋ္ဌဿစ္စ၊ ဒုပ္ပညတာ၊ ယူသည်းစွာဟု၊ ကိလေသာဘေး၊ လေးဆဲ့လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်–သလ္လေခသုတ် မိန့်ခွန်းတည်း။

အဲဒီဆောင်ပုဒ်အရ ခေါင်းစဉ် ၄၄-ပါးထဲက အဘိဇ် ဗျာနှင့်ဆိုတဲ့ ဗျာပါဒအထိ ၁၀-ပါး ပြီးခဲ့ပြီ။ ဒီကနေ့ ဆယ်ဖြာမိစ္ဆတ္တ စဉ်တိုင်းပြ၍–လို့ဆိုတဲ့ မိစ္ဆတ္တတရား ၁၀-ပါးကို ဟောရမယ်။

## မိစ္ဆတ္တဆယ်ပါး

မိစ္ဆတ္တဆိုတာ မိစ္ဆာနှင့်အတ္တ ပေါင်းစပ်ထားတာဘဲ။ မိစ္ဆာ-က မှားယွင်းတာ၊ အတ္တ-က သဘော=ဒါကြောင့် မိစ္ဆတ္တဆိုတာ မှားယွင်းသောသဘောရှိတဲ့ တရား–မှားယွင်းတဲ့သဘောတရားတွေလို့ ဆိုလိုပါတယ်။ အဲဒီ မိစ္ဆတ္တတရား ဆယ်ပါးထဲမှာ ရှေ့ပိုင်းရှစ်ပါးကတော့ သမ္မာမဂ္ဂင်ရှစ်ပါးနဲ့ ဆန့်ကျင်ဘက် မိစ္ဆာမဂ္ဂင်ရှစ်ပါးပါဘဲ။ သမ္မာဒိဋ္ဌိရဲ့ဆန့်ကျင်ဘက် မိစ္ဆာဒိဋ္ဌိက တပါး၊ သမ္မာသင်္ကပ္ပရဲ့ဆန့်ကျင်ဘက် မိစ္ဆာသင်္ကပ္ပ-က တပါး၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့ရဲ့ ဆန့်ကျင်ဘက် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝဆိုတာ တွေက သုံးပါး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတို့ရဲ့ ဆန့်ကျင်ဘက် မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ ဆိုတာတွေက သုံးပါး=အဲဒါဟာ မိစ္ဆာမဂ္ဂင်ရှစ်ပါးပါဘဲ။ မိစ္ဆာမဂ္ဂင်ဆိုတာ လမ်းမှားရဲ့ အစိတ်အပိုင်းအင်္ဂါတွေဘဲ၊ အဲဒီ မိစ္ဆာမဂ္ဂင်ရှစ်ပါးကို ပေါင်းလိုက်ယင် မိစ္ဆာမဂ်ခေါ်တဲ့ လမ်းမှားဖြစ်သွားတယ်၊ အဲဒီလမ်းမှား မိစ္ဆာမဂ်က ဘယ်ကိုရောက်စေတတ်သလဲဆိုယင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ရောက်စေတတ်တယ်၊ ကုသိုလ်ကံကြောင့် လူ့ဘဝကို ရောက်လာပြန်ယင်လဲ အသက်တိုခြင်း အနာများခြင်း စသည်ဖြင့် လူဆင်းရဲဘဝသို့ ရောက်စေတတ်တယ်။ အဲဒီမိစ္ဆာမဂ္ဂင် ရှစ်ပါးပြီးတော့ သမ္မာဉာဏရဲ့ဆန့်ကျင်ဘက် မိစ္ဆာဉာဏ-က တပါး၊ သမ္မာဝိမုတ္တိရဲ့ ဆန့်ကျင်ဘက် မိစ္ဆာဝိမုတ္တိ-က တပါး၊ ရှေက မိစ္ဆာမဂ္ဂင်ရှစ်ပါးနှင့် ပေါင်းလိုက် ယင် ဆယ်ပါးဖြစ်တယ်၊ အဲဒီဆယ်ပါးကို မိစ္ဆတ္တတရားဆယ်ပါးလို့ ခေါ်တယ်။ အဲဒီ မိစ္ဆတ္တတရား ဆယ်ပါးထဲက ယခု မိစ္ဆာဒိဋ္ဌိကို ဟောရမယ်။

## ၁၁။ မိစ္ဆာဒိဋ္ဌိ-မှားစွာယူခြင်း

အသေးစိတ်ဆောင်ပုဒ်ထဲမှာ မိစ္ဆာဒိဋ္ဌိ-မှားစွာယူခြင်း-လို့ အတိုချုပ် မြန်မာ ပြန်ပြထားတယ်၊ မှားသောအယူ-အယူမှားလို့ ဆိုလိုပါတယ်၊ အဲဒါဟာ အယူ မှန်-အမြင်မှန် သမ္မာဒိဋ္ဌိနဲ့ပြောင်းပြန် ဆန့်ကျင်ဘက်ပဲ။ လူတွေက မိစ္ဆာဒိဋ္ဌိ-လို့ အပြောခံရယင် အများအားဖြင့် မခံချင်ကြဘူး၊ စိတ်နာတတ်ကြတယ်၊ သူ့အမြင် နဲ့ သူပြောတာဘဲ စိတ်နာစရာမရှိပါဘူး၊ ဘာသာအယူဝါဒတိုင်းမှာ ကိုယ့်အယူ

ကိုသာ သမ္မာဒိဋ္ဌိ-အယူမှန်-လို့ ယူဆစွဲလမ်းပြီးတော့ သူများအယူတွေဟူသမျှကို မိစ္ဆာဒိဋ္ဌိ-အယူမှားတွေလို့ ဒီလို ယူဆပြောဆိုနေကြတာဘဲ။

## ဆူဒန်ပြည်က ကျောင်းဆရာကလေး

လွန်ခဲ့တဲ့ တဆဲ့လေးငါးခြောက်နှစ်လောက်က ဆူဒန်ကကျောင်းဆရာကလေး တယောက် ရန်ကုန် သာသနာ့ရိပ်သာမှာ လာရောက်ပြီး တရားအားထုတ်တယ်၊ တလကျော်ကျော်လောက် ကြာသွားပါတယ်၊ ဝိပဿနာဉာဏ်ကတော့ သမ္မ-သနဉာဏ် ဖြစ်ပုံလောက်ပဲ သူပြောနိုင်ပါတယ်၊ သူ့အရပ်ပြန်ရောက်လို့ သုံးလေးလလောက် ကြာတဲ့အခါကျတော့ သူ့အဖေက "ဟေ့ မင်းဟာ အခုထက်ထိ မိစ္ဆာဒိဋ္ဌိ ဖြစ်တုန်းဘဲလား" လို့ မေးသတဲ့။ ဒီတော့ အဲဒီလူကလဲ "ဟုတ်တယ်၊ ကျုပ် အခုထက်ထိ မိစ္ဆာဒိဋ္ဌိဖြစ်တုန်းပါဘဲ" လို့ ဖြေလိုက်တဲ့အကြောင်း သူက စာရေးပြီး အကြောင်းကြားလို့ သိရတယ်။

ဒီတော့ ဘာသာအယူ မတူတဲ့လူတွေက မိစ္ဆာဒိဋ္ဌိလို့ ပြောပေမဲ့ စိတ်နာစရာမရှိပါဘူး၊ သူ့အမြင်နဲ့သူ ပြောတာဘဲ၊ ကိုယ့်အမြင်နဲ့ ကြည့်လိုက်ယင် အဲဒီလူတွေကိုလဲ မိစ္ဆာဒိဋ္ဌိတွေလို့ ဆိုရမှာဘဲ။ အရေးကြီးတာကတော့ သဘာဝဓမ္မအစစ်အမှန်နှင့် ချိန်ထိုးကြည့်တဲ့အခါ အစစ်အမှန်ဖြစ်ဖို့ရာကသာ အရေးကြီးပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ကလဲ ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်တဲ့အယူတွေကို မိစ္ဆာဒိဋ္ဌိလို့ဘဲ ပြောရလိမ့်မယ်၊ သီးရင့်လွန်းတယ်လို့တော့ ထင်စရာမရှိပါဘူး၊ အဲဒီလိုပြောတာကို သဘာဝကျ-မကျသာ စဉ်းစားစရာရှိပါတယ်။

အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိက ၂-မျိုး ရှိတယ်၊ ဒုစရိုက်ဆယ်ပါးထဲမှာ ပါဝင်တဲ့ မိစ္ဆာဒိဋ္ဌိက တမျိုး၊ မိစ္ဆာမဂ္ဂင်ရှစ်ပါးထဲမှာပါဝင်တဲ့ မိစ္ဆာဒိဋ္ဌိက တမျိုး အဲဒီလို ၂-မျိုး ရှိတယ်၊ အဲဒီ ၂-မျိုးလုံးကိုပေါင်းပြီး ဒီမှာ မိစ္ဆာဒိဋ္ဌိ-လို့ ဟောထားတယ်။ ရှေ့ပိုင်းက ပါဏာတိပါတ အဒိန္နာဒါန် (အပြဟ္မစရိယထဲမှာ ပါဝင်တဲ့) ကာမေသုမိစ္ဆာစာရဆိုတဲ့ ကာယဒုစရိုက်သုံးပါးကို ပယ်ဘို့လဲ ဟောခဲ့ပြီ၊ မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ-ဆိုတဲ့ ဝစီဒုစရိုက်လေးပါးကို ပယ်ဘို့လဲ ဟောခဲ့ပြီ၊ မနောဒုစရိုက်သုံးပါးထဲကတော့ အဘိဇ္ဈာနှင့် ဗျာပါဒဆိုတဲ့ ၂-ပါးသာ ဟောခဲ့ရသေးတယ်၊ မိစ္ဆာဒိဋ္ဌိကိုတော့ မဟောခဲ့ရသေးဘူး၊

အဲဒီမဟောခဲ့ရသေးတဲ့ ဒုစရိုက် မိစ္ဆာဒိဋ္ဌိကိုလဲ ဒီ-မိစ္ဆတ္တ မိစ္ဆာဒိဋ္ဌိထဲမှာ ထည့်သွင်းပြီး ဟောထားပါတယ်။ ဒါကြောင့် ဒီမိစ္ဆာဒိဋ္ဌိအတွက် (၁-က) (၁-ခ) စသည်ဖြင့် ခွဲခြားပြီး ဆောင်ပုဒ်တွေ ပေးထားတယ်၊ (၁-က) ဆောင်ပုဒ်ဖြင့် ဒုစရိုက်မိစ္ဆာဒိဋ္ဌိကို ပြတယ်၊ (၁-ခ) ဆောင်ပုဒ်ဖြင့် သုစရိုက် သမ္မာဒိဋ္ဌိကို ပြတယ်၊ (၂-က) (၃ က) ဆောင်ပုဒ်များဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက် မိစ္ဆာဒိဋ္ဌိများကို ပြတယ်၊ (၂—ခ) (၃—ခ) စသောဆောင်ပုဒ် များဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိ မဂ်သမ္မာဒိဋ္ဌိများကို အသီးအသီး ပြတယ်။ အဲဒါ တွေကို ယခု သရုပ်ခွဲပြီး ဟောရလိမ့်မယ်၊ မှတ်သားစရာ အင်မတန်ကောင်းပါ တယ်၊ တရားအားမထုတ်နိုင်တဲ့ပုဂ္ဂိုလ်တွေနဲ့လဲ ဆိုင်တယ်၊ တရားအားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့လဲ ဆိုင်တယ်၊ အင်မတန် မှတ်သားဘွယ်ကောင်းတဲ့ ဆောင်ပုဒ် တွေပါဘဲ။

ဒုစရိုက် မိစ္ဆာဒိဋ္ဌိဆိုတာ ဘာလဲလို့ ဆိုယင် ကံ ကံ၏ အကျိုး မရှိဘူးလို့ ယုံကြည်ယူဆတဲ့ အယူပါဘဲ၊ အကျဉ်းချုပ်အားဖြင့်ဆိုယင် အဲဒါလောက် မှတ် ထားရုံပါဘဲ၊ အဲဒါလောက်ဆိုယင် လုံလောက်ပါပြီ။ ဒါပေမဲ့ အကျယ်အားဖြင့် တော့ အဲဒီ မိစ္ဆာအယူက အစိတ်အပိုင်း ဆယ်ပါးရှိတယ်၊ ဒါကြောင့် သူ့ကို ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ-လို့ ခေါ်တယ်၊ အစိတ်အပိုင်း အကြောင်းဆယ်ပါးရှိတဲ့ အယူမှားလို့ ဆိုလိုပါတယ်၊ အဲဒီ အယူမှားဆယ်ပါးအကြောင်းကို ပဋိစ္စသမုပ္ပါဒ် တရားတော် သတ္တမပိုင်းမှာလဲ အကျယ် ဟောခဲ့ပါပြီ၊ ဒါပေမဲ့ ဒီနေရာကလဲ အရေးကြီးတဲ့အတွက် ထပ်ပြီး ပြောရဦးမယ်။

## ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဖြစ်ပုံ

အဲဒီ အစိတ်အပိုင်း အကြောင်းဝတ္ထု ဆယ်ပါးထဲမှာ အမှတ်(၁)က "နတ္ထိ ဒိန္နံ=ပေးလှူတာ အကျိုးမရှိဘူး" တဲ့၊ ပေးလှူတဲ့အတွက် ကောင်းကျိုး ပေးတတ်တဲ့ ကုသိုလ်ကံဖြစ်တယ်ဆိုတာလဲ မဟုတ်ဘူး၊ ကောင်းကျိုးကိုလဲ မရ နိုင်ဘူး၊ ပစ္စည်းကုန်ရုံမျှဘဲလို့ ဆိုလိုပါတယ်။ သေသေချာချာ စဉ်းစားကြည့်ယင် ပေးလှူတာ အကျိုးရှိပုံကတော့ ထင်ရှားပါတယ်၊ အလှူခံပုဂ္ဂိုလ်မှာ အလှူ ဝတ္ထုကို ရသွားရုံနဲ့လဲ ဝမ်းမြောက်ဝမ်းသာတဲ့အကျိုးကို ရရှိသွားတယ်၊ အဲဒီ

အလှူဝတ္ထုကို သုံးဆောင်ရတဲ့အတွက်လဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတဲ့ အကျိုးကို ရရှိပြန်တယ်၊ စားစရာမရှိတဲ့သူမှာ စားစရာကို စားရတဲ့အတွက် အသက်ရှည်ခြင်း စသော အကျိုးတွေကို ရရှိတယ်၊ အဲဒီလို အကျိုးတွေကို ဆင်ခြင်ကြည့်လျှင် ပေးလှူတဲ့သူမှာလဲ ဝမ်းမြောက်ခြင်း စသော အကျိုးတွေကို ရရှိတယ်၊ နောက်ပြီးတော့ ပေးလှူတဲ့သူကို အများက ချစ်ခင်ကြတယ်၊ အရပ်ထဲမှာ ကိစ္စကြီးငယ်အတွက် အလှူငွေကောက်ခံတဲ့အခါမှာ စေတနာထက်ထက် သန်သန်နဲ့ ပေးလှူတဲ့ပုဂ္ဂိုလ်ကို ကြည်ညိုလေးစားကြတယ်၊ သူတော်ကောင်းတွေကလဲ ပေးလှူတဲ့သူကို အထူးသဖြင့် ချဉ်းကပ်ပြီး ချီးမြှောက်ကြတယ်၊ ပေးလှူတဲ့သူမှာ ချီးမွမ်းဘွယ်ဂုဏ်သတင်း ကျော်စေတယ်၊ ဘယ်ပရိသတ် အစည်းအဝေးကို တက်တက် ပေးလှူတတ်တဲ့ပုဂ္ဂိုလ်ဟာ မျက်နှာမငယ်ရဘူး၊ ဘယ်အရပ်မှာနေနေ ပေးလှူတတ်တဲ့ပုဂ္ဂိုလ်မှာ အခြွေအရံများတယ်၊ သြဇာကောင်းတယ်၊ ဆောင်ရွက်သမျှ ကိစ္စတွေ အောင်မြင်တယ်၊ ဒါတွေဟာ မျက်မှောက်တွင် အထင်အရှားတွေ့ရတဲ့ အကျိုးတွေဘဲ။

ပေးလှူတဲ့သူဟာ သေပြီးသည့် အခြားမဲ့မှာ ချမ်းသာကြွယ်ဝတဲ့လူ့ဘဝမှာ ဖြစ်ရတယ်၊ နတ်ရွာသုဂတိကို ရောက်ရတယ်၊ ဒါတွေကတော့ သေပြီးမှ ရမည့် အကျိုးတွေဘဲ၊ မျက်မှောက်မတွေ့နိုင်ဘူး၊ မျက်မှောက်တွေ့သမျှကိုသာ ယုံမယ်ဆိုတဲ့ သူများကိုတော့ သဘောပေါက်အောင် ပြောဘို့ တယ်မလွယ်ဘူး၊ ဒါပေမဲ့ “ဉာဏ်မျက်စိ မရှိတဲ့သူတွေနဲ့ မဆိုင်ဘူး၊ ဉာဏ်မျက်စိနဲ့ ပြည့်စုံတဲ့ဘုရား၊ ရဟန္တာ၊ အဘိညာဉ်ရပုဂ္ဂိုလ်တို့ရဲ့ အရာသာ ဖြစ်တယ်”လို့ ယောနိသောမနသိကာရဖြင့် နှလုံးသွင်းပြီး ယုံကြည်သင့်ပါတယ်၊ ကိုယ်တိုင်တွေ့ချင်ယင်တော့ အဘိညာဉ်ဉာဏ်မျက်စိကို ရအောင် အားထုတ်ပြီး ကြည့်နိုင် မြင်နိုင်ပါတယ်၊ ဒိဗ္ဗစက္ခုဆိုတဲ့ အဘိညာဉ်ကို ရယင်တော့ ပေးလှူတဲ့ကောင်းမှုရှင်တွေ နတ်ပြည်ရောက်ပြီး ချမ်းသာနေကြတာကို သိန်းသန်းများစွာ တွေ့မြင်နိုင်ပါတယ်၊ ပေးလှူမှုမရှိဘဲ အကုသိုလ်များတဲ့သူတွေ ငရဲဘုံ ပြိတ္တာဘုံရောက်ပြီး ဆင်းရဲနေကြတာတွေကိုလဲ သိန်းသန်းများစွာ တွေ့မြင်နိုင်ပါတယ်၊ အဲဒီလို အဘိညာဉ်ကို မရဘဲနဲ့တောင်မှ အချို့ယောဂီတွေဟာ ကုသိုလ်ကံကြောင့် နတ်ပြည်ရောက်နေကြတဲ့သူတွေ၊ အကုသိုလ်ကံကြောင့် ငရဲဘုံ ပြိတ္တာဘုံရောက်နေကြတဲ့သူတွေကို

တွေ့မြင်နေကြပါသေးတယ်၊ အဲဒီလို တွေ့တာတွေဟာ တကယ်ဟုတ်ပါ့မလား၊ စိတ်ကူးတွေများ ဖြစ်မနေပေဘူးလားလို့ မေးစရာ ရှိပါတယ်၊ တဦးက တွေ့မြင်ပြီး ပြောထားတဲ့အတိုင်း အခြား တဦး နှစ်ဦး စသည်ကလဲ မကြားဘူးဘဲနဲ့ ထပ်တူထပ်မျှ တွေ့မြင်ပြီး ပြောတယ်ဆိုယင် တကယ် အစစ်အမှန်ဘဲလို့ ယုံကြည်ဆုံးဖြတ်ဖို့ ရှိပါတယ်၊ ဒါကြောင့် ပေးလှူတာ အကျိုးမရှိဘူး ဆိုတဲ့ ယူဆချက်ဟာ မှားယွင်းတဲ့ မိစ္ဆာအယူရဲ့ အစိတ်အပိုင်းတခု ဖြစ်တယ်။

အမှတ်(၂)ကတော့ “နတ္ထိ ယိဋ္ဌံ=အကြီးအကျယ် ပေးလှူပူဇော်တာလဲ အကျိုးမရှိဘူး”တဲ့။ အလှူပွဲကြီးတွေ အကြီးအကျယ်လုပ်ပြီး ပေးလှူ ပူဇော်တာလဲ ဘာမျှ အကျိုးမရှိဘူး၊ ပစ္စည်းကုန်ရုံ လူပင်ပန်းရုံမျှဘဲ-လို့ ဆိုလိုပါတယ်။

အမှတ်(၃)ကတော့ “နတ္ထိ ဟုတံ=ဧည့်ခံ ကျွေးမွေးခြင်း လက်ဆောင်ပေးခြင်း အစရှိတဲ့ အသေးအဖွဲ့ ပေးလှူ ပူဇော်တာလဲ အကျိုးမရှိဘူး”တဲ့။ ဧည့်သည်ကို ဧည့်ခံကျွေးမွေးခြင်း, မင်္ဂလာကိစ္စ၌ ကျွေးမွေးပေးကမ်းခြင်း, နှစ်သစ်ကူးပွဲစသည်၌ လက်ဆောင်ပေးကမ်းခြင်းဆိုတဲ့ ဒီလို ပေးကမ်းကျွေးမွေးတာတွေလဲ ဘာမျှအကျိုးမရှိဘူးလို့ ဆိုလိုပါတယ်။ ဒီအမှတ်(၂-နဲ့ ၃)ကတော့ အမှတ်(၁)နှင့် သဘောအားဖြင့် အတူတူပါဘဲ၊ ဟိုခေတ်တုန်းက အိန္ဒိယမှာ ပြုလေ့ရှိတဲ့ ကောင်းမှုမျိုးကွဲကလေးများ ဖြစ်တဲ့အတွက် အဲဒီခေတ်တုန်းက မိစ္ဆာအယူရှိသူက အသီးအသီးခွဲခြားပြီး ပယ်မြစ်ပုံတွေကို ဟောထားခြင်းမျှသာ ဖြစ်ပါတယ်။

အမှတ်(၄)ကတော့ “နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော= ကောင်းစွာပြုတဲ့ ကောင်းမှုကံ, မကောင်းစွာပြုတဲ့ မကောင်းမှုကံတို့၏ အကျိုးရင်း အကျိုးဖျားလဲ မရှိဘူး”တဲ့။ ဒါကတော့ ကောင်းမှုအဖြစ်နဲ့ ယုံကြည်ပြီး ပြုလုပ်နေကြတာတွေလဲ ဘာမျှကောင်းကျိုးမရှိဘူး၊ ပင်ပန်းရုံမျှဘဲ၊ မကောင်းမှုဆိုတာတွေပြုလို့လဲ ဘာမျှမကောင်းကျိုး မရှိဘူး၊ အပြစ်မရှိဘူးလို့ ဆိုလိုပါတယ်။ အမှတ်(၁)မှာ ပြခဲ့သလိုဘဲ ကောင်းမှု၏ ကောင်းကျိုးတွေကို မျက်မှောက်တွင်ဘဲ အများကြီး တွေ့မြင်နိုင်ပါတယ်၊ တမလွန်မှာလဲ အဘိညာဉ် မျက်စိနဲ့ မြင်နိုင်ပါတယ်။ မကောင်းမှု၏ အကျိုးတွေကိုလဲ ထင်ရှားတွေ့မြင်နိုင်ပါတယ်၊ မသင့်တော်တဲ့စကားကိုပြောယင်, မသင့်တော်တဲ့အမှုကို ပြုလုပ်ယင်

အောက်ထစ်ဆုံး ပညာရှိသူတော်ကောင်းတွေ၏ အကဲ့ရဲ့ခံရမယ်၊ ရာဇဝတ်မှုကို ကျူးလွန်မိယင် ရာဇဝတ်အပြစ်ဒဏ်သင့်မယ်၊ စီးပွါးဥစ္စာပျက်စီးကြောင်း မကောင်းမှုမျိုးကိုပြုယင် စီးပွါးဥစ္စာပျက်မယ်၊ ဒီလို မကောင်းကျိုးတွေကို ထင်ရှားတွေ့နိုင်ပါတယ်။ သေသည်၏ အခြားမဲ့မှာ အပါယ်ဘုံကျရောက်ရတယ် ဆိုတာတွေကတော့ အဘိညာဉ် မျက်စိနဲ့မှ တွေ့မြင်နိုင်တယ်၊ အဲဒါတွေလဲ "အဘိညာဉ်မျက်စိရှိတဲ့ ဘုရား ရဟန္တာအရှင်မြတ်တွေက တကယ်တွေ့မြင်ပြီး ဟောပြထားတယ်" လို့ ယောနိသော မနသိကာရဖြင့် နှလုံးသွင်းပြီး ယုံကြည်ထိုက် ပါတယ်။ ဒါပေမဲ့ ကာမဂုဏ်တွေကို တပ်မက်တဲ့တဏှာ အားကြီးတဲ့ပုဂ္ဂိုလ်က ကာမဂုဏ်ခံစားမှုလောက်သာ အရေးပေးချင်တယ်၊ ကာမဂုဏ်ခံစားမှုကို အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ ကုသိုလ်အလုပ်ကိုလဲ အလိုမရှိဘူး၊ မကောင်းမှုကို လဲမရှောင်ချင်ဘူး၊ ဘာကြောင့်လဲဆိုယင် ကောင်းမှုကံ မကောင်းမှုကံ၏ကောင်း ကျိုးဆိုးကျိုးရှိတယ်လို့ ယူတဲ့သူမှာ ကောင်းမှုကိုလုပ်ရတဲ့အတွက် စီးပွါးရေး အလုပ်အကိုင်တွေ လစ်ဟင်းသွားနိုင်တယ်၊ ပျက်သွားနိုင်တယ်၊ လျော့ပါးသွား နိုင်တယ်၊ စီးပွါးရေးနဲ့ပတ်သက်တဲ့ မကောင်းမှုအလုပ်တွေကို ရှောင်နေရတဲ့ အတွက်လဲ မကြီးပွါးနိုင်ဘူးလို့ အဲဒီအယူဝါဒရှိတဲ့သူက ယူဆတယ်၊ ဒါကြောင့် "ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုး ရှိတယ်" ဆိုတဲ့ဘက်ကို သူက မစဉ်းစား တော့ဘူး၊ အကျိုးမရှိဘူးဆိုတဲ့ဘက်ကသာ အလေးပေးပြီး အကြောင်းယုတ္တိ တွေ အမျိုးမျိုးနဲ့ သူက စဉ်းစားထားတယ်။ ဒါဟာ အရင်းစစ်လိုက်တော့ ကာမတဏှာအားကြီးလို့ဘဲဆိုတာ တွေ့ရပါတယ်။

အမှတ်(၅-နဲ့ ၆)ကတော့ "နတ္ထိ မာတာ=အမိမရှိ၊ နတ္ထိ ပိတာ=အဘမရှိ" တဲ့။ မွေးသမိခင် ကျေးဇူးရှင်၊ မွေးသဘခင် ကျေးဇူးရှင်ဆိုပြီး ပညာရှိ သူတော် ကောင်းတွေက "အမိအဘကို ရိုသေလေးစားရမယ်၊ ကျေးဇူးတုံ့ပြန်ပြီး ပြုစု ရမယ်၊ ကျွေးမွေးရမယ်" လို့ ဟောပြောညွှန်ကြားနေကြတယ်၊ အဲဒါကို ဒီမိစ္ဆာ အယူရှိတဲ့သူက လက်မခံဘူး ပယ်ချတယ်၊ "မိဘတွေမှာ သားသမီးရလာတာဟာ သူတို့ကိစ္စပြုရင်း မတော်တဆရလာတာဘဲ၊ သူတို့က စောင့်ရှောက်မွေးမြူ လာတာလဲ တာဝန်ဝတ္တရားအရ ဆောင်ရွက်လာတာဘဲ၊ ဘာမျှကျေးဇူးတင် စရာမရှိဘူး" လို့ ဒီမိစ္ဆာအယူရှိတဲ့သူက ယူဆထားတယ်၊ နောက်ပြီးတော့ ကုသိုလ်

အကုသိုလ်မရှိဘူးလို့ သူက ယူထားတဲ့အတွက် မိဘများကို ပြုစုလုပ်ကျွေးသော်လဲ ဘာမျှအကျိုးမရှိဘူး၊ ပြစ်မှားသော်လဲ ဘာမျှအပြစ်မရှိဘူးလို့လဲ ယူဆထားတယ်၊ ဒါကြောင့် ဒီ-မိစ္ဆာအယူရှိတဲ့သူက "အမိမရှိဘူး အဘမရှိဘူး" လို့ ဆိုထားတာ၊ အမိရယ် အဘရယ်လို့ အထူးရှိသေ လေးစားစရာမရှိဘူးလို့ ဆိုလိုပါတယ်။ အတော်ကြောက်စရာကောင်းတဲ့ အယူပါဘဲ၊ သူ့အယူအတိုင်းဆိုယင် သူ့သားသမီးတွေကလဲ သူ့ကို ရိုသေလေးစားကြတော့မှာ မဟုတ်ဘူး၊ အဲဒီအကျိုးရဘို့ကတော့ သေချာနေတာဘဲ။

အမှတ် (၇) ကတော့ "နတ္ထိ အယံ လောကော=ဤလောက မရှိဘူး" တဲ့။ တပါးသော လောကမှသေပြီး ဒီလူ့လောကမှာ ဖြစ်တယ်ဆိုတာ မရှိဘူးလို့ ဆိုလိုပါတယ်။ ဒီမိစ္ဆာအယူရှိတဲ့သူက မျက်မြင်မတွေ့ရတဲ့ နတ်လောက, ငရဲလောက, ပြိတ္တာလောကဆိုတာတွေကို အယုံအကြည်မရှိဘူး၊ ဒါကြောင့် သူ့အလိုအားဖြင့် တပါးသောလောကဆိုတာ တိရစ္ဆာန်လောကဘဲ ရှိတယ်၊ အဲဒီ တိရစ္ဆာန်လောကမှသေပြီး ဒီလောကမှာ လူဖြစ်လာတာရယ်လို့ မရှိဘူး၊ သေပြီးယင် ဘာမျှမရှိတော့ဘဲ ပျောက်သွားတယ်လို့ ဆိုလိုပါတယ်။

အမှတ် (၈) ကတော့ "နတ္ထိ ပရောလောကော=တပါးသောလောက မရှိဘူး"တဲ့။ လူ့လောကမှ သေပြီးလျှင် နတ်ပြည်မှာဖြစ်တယ်၊ ငရဲမှာဖြစ်တယ်၊ ပြိတ္တာဖြစ်တယ်၊ ကျွဲ နွား စသော တိရစ္ဆာန်ဖြစ်တယ်ဆိုတာ မဟုတ်ဘူး၊ လူ့ဘဝက သေပြီးယင် ဘာမျှမရှိတော့ဘဲ ပျောက်သွားတယ်လို့ ဆိုလိုပါတယ်။

အမှတ် (၉) ကတော့ "နတ္ထိ သြပပါတိကာ သတ္တာ=ဘဝဟောင်းက သေပြီးတဲ့နောက် ဘဝအသစ်မှာ ကပ်ရောက်ပြီးဖြစ်တဲ့ သတ္တဝါတွေရယ်လို့ မရှိဘူး" တဲ့၊ သေပြီးယင် ဘာမျှမရှိတော့ဘဲ လုံးဝပျောက်သွားကြတာချည်းဘဲလို့ ဆိုလိုပါတယ်၊ ဒီအနက်အရဆိုယင် ခုတင်ကပြောခဲ့တဲ့ အမှတ် (၇-၈) နှင့် အတူတူဘဲ ဖြစ်နေပါတယ်။ တနည်းအားဖြင့်တော့ သြပပါတိကာ-ပုဒ်ကို ဥပပါတ် ပဋိသန္ဓေရှိတဲ့ သတ္တဝါတွေလို့ ပြန်သင့်ပါတယ်၊ အဲဒီအနက်အရအားဖြင့်တော့ ကိုယ်အင်္ဂါအပြည့်အစုံ အထင်အရှား အနီးအပါးမှာ ကျလာသလိုဖြစ်တဲ့ သတ္တဝါတွေဆိုတာ မရှိဘူးလို့ ယူရပါမယ်၊ အဲဒီလိုဖြစ်တဲ့ သတ္တဝါတွေက ဘယ်ဟာတွေလဲဆိုယင် ဗုဒ္ဓတရားတော်အရ ပြထားတဲ့ နတ်တွေ ဗြဟ္မာ

တွေ ငရဲသတ္တဝါတွေ ပြိတ္တာတွေ အသူရကာယ်တွေ ကမ္ဘာဦးကသတ္တဝါတွေ ဒီလိုသတ္တဝါတွေပါဘဲ၊ ယခုပြောနေတဲ့ မိစ္ဆာဝါဒရှင်ကတော့ သူကိုယ်တိုင်မတွေ့ မမြင်ရတဲ့အတွက် အဲဒီလို ကိုယ်ထင်ရှား အပြည့်အစုံဖြစ်တဲ့ နတ်တို့ ဗြဟ္မာတို့ ငရဲသတ္တဝါတို့ ပြိတ္တာတို့ဆိုတာတွေဟာ မရှိဘူးလို့ ပယ်ချလိုက်ပါတယ်။ အဲဒါ ကတော့ တော်တော်ကို ယုတ္တိမတန်တာဘဲ၊ ဘာကြောင့်လဲဆိုယင် အရပ်ရပ် အနယ်နယ်မှာ နတ်ဆိုးတွေ နတ်ကောင်းတွေဆိုတာ မကြာခဏ တွေ့နေကြရ တာဘဲ၊ ရုက္ခစိုးတွေဆိုတာလဲ တွေ့ရတတ်ပါတယ်၊ သူ့သစ်ပင်ကို ဖျက်ဆီးတဲ့ လူတွေ ချက်ခြင်းဒုက္ခရောက်သွားကြရတာတွေလဲ ရှိနေတာဘဲ၊ ဥစ္စာစောင့်တွေ ဆိုတာကိုလဲ တခါတရံ တွေ့ရတတ်တယ်၊ နောက်ပြီးတော့ မှော်ဆရာတွေ့ရဲ့ အစွမ်းကိုလဲ အချို့မှာ တွေ့နေကြရတာဘဲ။ ဒါကြောင့် နတ်ပြဟ္မာ စသည်တွေ မရှိဘူးဆိုတာကတော့ ယုတ္တိမတန်ပါဘူး။ တရားအားထုတ်တဲ့သူတွေမှာတော့ သမာဓိ၏အစွမ်းဖြင့် နတ်တွေ ဗြဟ္မာတွေ ငရဲသတ္တဝါတွေ ပြိတ္တာတွေဆိုတာကို မျက်မှောက်တွေ့မြင်ကြရတာလဲ ရှိပါတယ်၊ ဒါကြောင့်လဲ နတ်စသည်တွေ မရှိဘူးဆိုတဲ့ ဝါဒကို ယုတ္တိမတန်ဘူးလို့ ဆိုတာပါဘဲ။

အမှတ်(၁၀)ကတော့ "နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဥ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိ- ကတွာ ပဝေဒေန္တိ"တဲ့။ ဒါကတော့ အလွန်အရေးကြီးတဲ့အချက် ဖြစ်တယ်၊ ဒါကြောင့် နိဿယပြန်နည်းအတိုင်း တိတိကျကျ အနက်ပြန်ပြီး ရှင်းပြမယ်။

ယေ သမဏဗြာဟ္မဏာ၊ အကြင်ရဟန်းသူမြတ်တို့သည်။ ဣမဥ္စ လောကံ၊ ဤမျက်မှောက်လောကကိုင်၎င်း။ ပရဉ္စ လောကံ၊ အခြားတပါးသော မျက်ကွယ် လောကကို၎င်း။ သယံ အဘိညာ၊ ကိုယ်တိုင် အထူးသိ၍။ သစ္ဆိကတွာ၊ မျက်မြင် တွေ့၍။ ပဝေဒေန္တိ၊ ဟောကြားကုန်၏။ သမ္မဂ္ဂတာ၊ ဖြောင့်မှန်စွာ သွားကုန် သော။ သမ္မာပဋိပန္နာ၊ ဖြောင့်မှန်စွာ ကျင့်ကုန်သော။ တေ သမဏဗြာဟ္မဏာ၊ ထိုသို့သော ရဟန်းသူမြတ်တို့သည်။ လောကေ၊ လောက၌။ နတ္ထိ၊ မရှိကြ ပါဘူး-တဲ့။

အဲဒီ မိစ္ဆာဝါဒီပုဂ္ဂိုလ်ရဲ့ ဆိုလိုတာကတော့ ဘာသာရေးတရားတွေကို တီထွင် ဟောကြားနေကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ မျက်မှောက် လူ့လောကအကြောင်းကို

ရော, နတ်လောက ငရဲလောက အစရှိတဲ့ မျက်ကွယ်လောက အကြောင်းကိုရော ကိုယ်ပိုင်ဉာဏ်ဖြင့် ထူးထူးခြားခြား တွေ့မြင်ပြီး ဟောနိုင်တဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ အပြောနှင့်အလုပ် ဖြောင့်မှန်တဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ မသိဘဲနဲ့ ကြံတွေး ရမ်းဆပြီး ဟောနေကြတာချည်းဘဲလို့ ဆိုလိုပါတယ်၊ ဒါကြောင့် "ဘာသာ တရားဆိုတာ ကောင်းတာ မှန်တာရယ်လို့ မရှိဘူး"လို့လဲ ဆိုလိုပါတယ်၊ အဲဒီလို ဆိုတာဟာ ရှေးခေတ်ကသာ မဟုတ်ဘူး၊ ယခုခေတ်မှာလဲ ဘာသာရေးကို အလို မရှိတဲ့သူတွေက ဒီလိုဘဲ ဆိုနေကြပါတယ်။

ဒီအချက်ဖြင့် "ကျင့်ကြံအားထုတ်ပြီး လောကအကြောင်းကို အမှန်အတိုင်း သိမြင်တဲ့ ဘုရားရဟန္တာဆိုတာ မရှိဘူး"လို့ ပယ်ချလိုက်ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ပညာရှိအနေနဲ့ ဆင်ခြင်ဘို့ရာကတော့ "အဲဒီလို ယူဆပြောဆိုတဲ့ပုဂ္ဂိုလ်ဟာလဲ သာမန်လူများလိုပါဘဲ၊ သူကိုယ်တိုင်က ဘာမျှ ထူးထူးခြားခြား မသိဘဲနဲ့ ကြံတွေးပြီး ပြောတာဘဲ"ဆိုတာကိုတော့ သူ့စကားအရအားဖြင့် မှန်ကန်ကြောင်း ဆုံးဖြတ်ရပေလိမ့်မယ်။ ဒီတော့ မသိတဲ့သူကပြောတဲ့ အဲဒီ စကားကို အမှာခံလုပ်ပြီး ယုံကြည်ယူဆထားဘို့ကတော့ မသင့်ပေဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ နက်နက်နဲနဲ စဉ်းစားဆင်ခြင်ဘို့ လိုပါတယ်။

ဆင်ခြင်ပုံကတော့ – လောကမှာ ဘာသာတရားတွေဆိုတာ များစွာဘဲ ရှိနေတယ်၊ အဲဒါတွေထဲမှာ အချို့ဘာသာတရားတွေက ကိုယ်တိုင် မမြင်မတွေ့ရဘဲ ကြံဆပြီး ဟောထားတယ်ဆိုတာ သူ့ဆိုင်ရာ ကျမ်းစာတွေထဲမှာဘဲ ဝန်ခံထားပြီး ရှိနေပါတယ်၊ နောက်ပြီးတော့ အဲဒီလို ဘာသာတရားတွေမှာ ကျင့်ကြံတဲ့သူတွေ ကိုယ်တိုင်တွေ့နိုင်တဲ့သဘောလဲ မရှိဘူး၊ မျက်စိမှိတ်ပြီး ယုံကြည်ကိုးကွယ်ဘို့ရန်သာ အတင်းတိုက်တွန်းထားတယ်၊ အဲဒီလို ဘာသာတရားတွေကတော့ ပညာရှိတွေအနေနဲ့ ကျေနပ်ဖွယ် မရှိပေဘူး။ ဗုဒ္ဓတရားတော်ကတော့ "သယံ အဘိညာ ဒေသိတာ=ကိုယ်တိုင် ထူးခြားသောဉာဏ်ဖြင့် သိပြီးမှ ဟောတယ်"လို့ ဝန်ခံထားပါတယ်၊ အဲဒီလို ဝန်ခံထားတဲ့အတိုင်းပင် ကျကျနန ကျင့်လျှင် ယခုလဲ ကိုယ်တိုင်တွေ့ ဖြစ်နိုင်ပါတယ်။ သိပ္ပံနည်းအရအားဖြင့်လဲ ဗုဒ္ဓ တရားတော် မှန်ကန်ကြောင်း ထောက်ခံချက် များစွာပင် ရှိနေပါတယ်။ နောက်ပြီးတော့ တရားတော် ဟုတ် မဟုတ် မှန် မမှန်ကို ဆုံးဖြတ်ဖို့ ဆိုတာကတော့

အချိုးကျကျ ပြည့်ပြည့်စုံစုံ ကျင့်ကြံအားထုတ်ကြည့်ပါမှ ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီအမှတ်(၁၀)အရ အယူရှိနေတဲ့သူဆိုယင် ဗုဒ္ဓတရားတော်ကို ကျကျနန အပြည့်အစုံ ကျင့်သုံးအားထုတ်ကြည့်သင့်ပါတယ်။

ဘုရားလက်ထက်တော်က ဒီအစိတ်အပိုင်း(၁၀)ပါးရှိတဲ့ မိစ္ဆာအယူဝါဒကို ဟောပြောနေတဲ့ ပုဂ္ဂိုလ်ကတော့ အဇိတဆိုတဲ့ ဂိုဏ်းဆရာကြီးဖြစ်တယ်၊ သူက ဗုဒ္ဓမြတ်စွာဘုရား မပွင့်မီကတည်းက ဒီဝါဒကို ဟောပြောနေတယ်၊ ဒါကြောင့် သူပဋ္ဌမဟောစဉ်တုန်းကတော့ ပယ်မြစ်တဲ့ ရဟန်းသူမြတ်တွေထဲမှာ ဗုဒ္ဓမြတ်စွာဘုရားနှင့် ဘုရားတပည့် ရဟန္တာအစစ်တွေ မပါသေးဘူးလို့ ဆိုရမှာဘဲ၊ ဒါပေမဲ့ သူဟာက အကန့်အသတ်မရှိဘဲ ရဟန်းသူမြတ်တွေဟူသမျှကို အကုန်လုံး ပယ်လိုက်တော့ ဘုရား ရဟန္တာအစစ်တွေလဲ ပါသွားတယ်လို့ ယူရမှာဘဲ၊ နောက်ပြီးတော့ ဗုဒ္ဓမြတ်စွာဘုရား ထင်ရှားပွင့်လာပြီးတဲ့ နောက်ကာလမှာလဲ သူက ဟောမြဲအတိုင်းပင် ဟောနေတာဘဲ၊ ဒါကြောင့် ဘုရား ရဟန္တာအစစ်တွေကိုလဲ ပယ်မြစ်စွပ်စွဲရာ ရောက်တာပါဘဲ။

## ကံ ကံ၏အကျိုးမရှိ အယူထဲမှာ အကုန်ဝင်တယ်

ယခုပြောခဲ့တဲ့ အစိတ်အပိုင်းဆယ်ပါးရှိတဲ့ မိစ္ဆာအယူတွေဟာ ကံ ကံ၏ အကျိုးမရှိဘူးဆိုတဲ့ အယူထဲမှာ အကုန်ဝင်သွားတယ်၊ ဝင်ပုံကတော့— (၁) ပေးလှူတာ အကျိုးမရှိ၊ (၂) အကြီးအကျယ်ပေးလှူပူဇော်တာ အကျိုးမရှိ၊ (၃) ညှော်ခံကျွေးမွေးတာ အကျိုးမရှိ၊ (၄) ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးမရှိဆိုတဲ့ ဒီ ၄-ချက်ဟာ ကံ ကံ၏အကျိုးမရှိဆိုတာထဲမှာ တိုက်ရိုက်ပဲ ဝင်သွားပါတယ်။ (၅) အမိမရှိ၊ (၆) အဘမရှိဆိုတဲ့ ဒီ ၂-ချက်လဲ ရိုသေမှု ပြစ်မှားမှုကံ၏ အကျိုးအပြစ်မရှိတာကို ရည်ရွယ်တဲ့အတွက် ကံ ကံ၏ အကျိုးမရှိဆိုတာထဲ ဝင်သွားတာဘဲ။ (၇) ဤလောကမရှိ၊ (၈) တပါးသော လောကမရှိ၊ (၉) ဥပပါတ်သတ္တဝါတွေ မရှိဆိုတဲ့ ဒီ ၃-ချက်လဲ ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ကံ မရှိဘူးလို့ ဆိုလိုတဲ့အတွက် ကံ ကံ၏အကျိုးမရှိ ဆိုတာထဲ ဝင်သွားတာဘဲ။ (၁၀) ဘုရား ရဟန္တာမရှိဆိုတဲ့ နောက်ဆုံးအချက်ဟာလဲ ဘုရားရဟန္တာဖြစ်စေနိုင်တဲ့ ပါရမီကုသိုလ်ကံ မရှိဘူးလို့ ပယ်ရာရောက်တဲ့အတွက်

ကံ ကံ၏အကျိုးမရှိ ဆိုတာထဲမှာ သဘောအားဖြင့် ဝင်သွားတာဘဲ။ ဒါကြောင့် ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိဟာ ကံ ကံ၏အကျိုးမရှိဆိုတဲ့ မိစ္ဆာအယူနှင့် အတူတူဘဲလို့ မှတ်ရမယ်။ အဲဒါကို တိုတိုနဲ့မှတ်ထားရအောင် ဒီမှာ(၁-က)အမှတ်နှင့် ဆောင်ပုဒ် ပြထားတယ် – "ကံနှင့် ကံ၏အကျိုးမရှိဟု အယူမှားတာက ဒုစရိုက်မိစ္ဆာဒိဋ္ဌိ"တဲ့။ ကဲ ဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

(၁-က) ကံနှင့် ကံ၏အကျိုးမရှိဟု အယူမှားတာက ဒုစရိုက်မိစ္ဆာဒိဋ္ဌိ။ (ဆို)

ကံ–ဆိုတာ ကမ္မ-ဆိုတဲ့ပါဠိမှ ဖြစ်လာတဲ့စကားဘဲ၊ ပြုလုပ်မှုလို့ ဆိုလိုတယ်၊ အဲဒီ ပြုလုပ်မှု-ကံ မရှိဘူးဆိုတဲ့ဝါဒဟာ မှန်သလား မှားသလား စဉ်းစားကြည့်ပါ၊ ကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့်ပြောဆိုမှု၊ စိတ်ဖြင့်ကြံစည်မှု ဆိုတာတွေဟာ ထင်ရှားရှိနေတာတွေဘဲ မဟုတ်လား၊ အဲဒါတွေဟာ ကံခေါ်တဲ့ အမှုတွေဘဲ၊ အဲဒီ အမှုကံတွေရဲ့ အကျိုးတွေကိုလဲ မျက်မြင်တွေ့နေကြရတယ် မဟုတ်လား၊ ကောင်းတဲ့အလုပ်ကို လုပ်ယင် ကောင်းကျိုးကို ရတယ်၊ မကောင်းတဲ့အလုပ်ကို လုပ်ယင် မကောင်းကျိုးကို ရတယ်၊ အဲဒါဟာ မျက်မြင်ထင်ရှားတွေ့နေကြရတာဘဲ။ ဒါကြောင့် လူတွေဟာ ကောင်းကျိုးချမ်းသာကို ရချင်တဲ့အတွက် ကောင်းတဲ့အလုပ်တွေကို နေ့စဉ်မပြတ်ရှာကြံပြီး လုပ်နေကြရတယ်၊ ကြီးပွါးရာ ကြီးပွါးကြောင်း ချမ်းသာရာ ချမ်းသာကြောင်း အလုပ်တွေကို လုပ်နေကြရတယ်၊ မိမိတို့၏ သား သမီးကလေးတွေကိုလဲ ကြီးပွါးချမ်းသာစေချင်တဲ့အတွက် သိတတ်တဲ့အရွယ်ကစပြီး ပညာသင်ပေးကြတယ်၊ ပညာတတ်မှ ကောင်းတဲ့ အလုပ်တွေကိုလုပ်ပြီး ကြီးပွါးချမ်းသာမယ်လို့ မြော်လင့်ပြီး ပညာသင်ပေးကြရတာပါဘဲ၊ အဲဒီလို မြော်လင့်တဲ့အတိုင်း ငယ်ငယ်ကတည်းက လိမ်လိမ်မာမာ နေထိုင်ပြီး ပညာကို ကောင်းကောင်းသင်လာတာဟာလဲ ကောင်းတဲ့အလုပ်ကို လုပ်တာပါဘဲ၊ အဲဒီလို ကောင်းကောင်းပညာသင်ခဲ့လို့ ပညာတတ်ပုဂ္ဂိုလ်ကြီးတွေ ဖြစ်လာကြတယ်၊ အထက်တန်းကျတဲ့ အလုပ်တွေကို တင့်တင့်တယ်တယ် လုပ်နိုင်ကြတယ်၊ ဒါတွေလဲ ကောင်းတဲ့အလုပ်ရဲ့ အကျိုးတွေဘဲ။ အဲဒီလို ကောင်းတဲ့အလုပ်တွေကို လုပ်ကိုင်ပြီး စီးပွါးဥစ္စာ ရတနာတွေကို ရလာကြတယ်၊ ဒါလဲ ကောင်းတဲ့အမှုကံရဲ့ ကောင်းကျိုးတွေဘဲ။

အဲဒီ ကောင်းတဲ့အလုပ်တွေ ရှိသလို မကောင်းတဲ့အလုပ်တွေ အမှုတွေလဲ ရှိတာဘဲ၊ မကောင်းတဲ့အမှုတွေရဲ့ မကောင်းကျိုးတွေလဲ ရှိတာဘဲ၊ ကဲ့ရဲ့ဘွယ် အမှုတွေကို ပြုလုပ်ယင် အကဲ့ရဲ့ခံရတယ်၊ ရာဇဝတ်မှုတွေ ကျူးလွန်ယင်တော့ ရာဇဝတ်အပြစ်ဒဏ်သင့်တယ်။ ဒါတွေဟာ မျက်မှောက်တွင်ဘဲ တွေ့နိုင်တဲ့ ကောင်းမှု မကောင်းမှုနဲ့ ကောင်းကျိုး မကောင်းကျိုးတွေဘဲ။ အဲဒါတွေလိုဘဲ သံသရာနှင့်ဆိုင်တဲ့ ကောင်းမှုကံ မကောင်းမှုကံတွေလဲ ရှိနေတာဘဲ၊ အဲဒီ ကံတွေရဲ့ အကျိုးအပြစ်တွေလဲ ရှိနေတာဘဲ၊ အဲဒါတွေကိုတော့ ဉာဏ်ပညာနဲ့မှ သိနိုင်တယ်။

ဘယ်လိုလဲဆိုယင် – သတ္တဝါတွေဟာ အကုန်လုံး ကောင်းစားချမ်းသာချင် ကြတာချည်းဘဲ၊ ဒါပေမဲ့ သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ မိမိတို့အလိုရှိတဲ့အတိုင်း ကောင်းစားချမ်းသာကြတာတော့ မဟုတ်ဘူး၊ အများအားဖြင့် ဆင်းရဲတဲ့သူတွေ ကသာ များနေတယ်၊ လူ လူချင်းတူပါလျက်နဲ့ တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်။ တချို့က ရောဂါများတယ်၊ တချို့က ရောဂါနည်းတယ်။ တချို့က အဆင်းလှတယ်၊ တချို့က အရုပ်ဆိုးတယ်။ တချို့က လူမုန်းများတယ်၊ တချို့က လူချစ်လူခင်များတယ်။ တချို့က လုပ်ကိုင်တိုင်းအောင်မြင်ပြီး စီးပွါး ဥစ္စာ ဖြစ်ထွန်းတယ်၊ တချို့က အလုပ်အကိုင်တွေ မအောင်မြင်ဘဲ စီးပွါးဥစ္စာ ပျက်စီးတယ်။ တချို့က ဉာဏ်ပညာ ထက်မြက်တယ်၊ တချို့က ဉာဏ်ပညာနုံ့ထိုင်း တယ်စသည်ဖြင့် ကွဲပြားနေကြတယ်၊ အဲဒါဟာ လူ လူချင်းတူနေပါလျက်နဲ့ ဘာကြောင့် ကွဲပြားရသလဲ၊ တချို့မှာ အမွှာညီနောင် အမွှာညီအစ်မဖြစ်ပါ လျက်နဲ့ အကျိုးပေးခြင်း မတူဘဲ ကွဲပြားနေတယ်၊ အဲဒါဟာ မိဘကြောင့်တော့ မဟုတ်ပေဘူး၊ ဘာကြောင့်လဲ? စဉ်းစားပါ။ တချို့မှာ မြေတကွက်ထဲမှာဘဲ စိုက်ပျိုးနေကြတယ်၊ ဒါပေမဲ့ တဦးနှင့်တဦး သီးနှံထွက်ပုံချင်း အများကြီး ကွာခြားနေတယ်၊ မြေ ရေ အလုပ်အကိုင်ချင်းက တူနေတယ်ဆိုယင် ဘာ ကြောင့်လဲ ? စဉ်းစားပါ။ အဲဒီလို ကွဲပြားရာမှာ မိမိတို့ပြုခဲ့တဲ့ ရှေးကံမှတပါး အခြားအကြောင်းတော့ မရှိဘူး၊ ရှေးကံကြောင့်လို့ဘဲ ယူရတယ်။

## ဖန်ဆင်းဝါဒဖြင့် မပြေလည်စေနိုင်

ကမ္ဘာလောကကြီးနှင့် သတ္တဝါတွေကို အနန္တတန်ခိုးရှင်ကြီးက ဖန်ဆင်းတယ်ဆိုတဲ့ ဝါဒရှိတယ်၊ ဗုဒ္ဓတရားတော်ထဲမှာ အဲဒီဝါဒကို ဣဿရကုတ္တ–ကမ္ဘာ့ပိုင်ရှင်ကြီးက ဖန်ဆင်းတယ်၊ ဗြဟ္မကုတ္တ–ဗြဟ္မာကြီးက ဖန်ဆင်းတယ်လို့ ပြဆိုထားတယ်၊ အဲဒီဝါဒအရဆိုယင်တော့ လူတွေအချင်းချင်း ကွဲပြားတာဟာ ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်ရဲ့ အလိုတော်အတိုင်းဘဲလို့ ဖြေရပေလိမ့်မယ်။ ဒါပေမဲ့ အဲဒီအဖြေကို ဆင်ခြင်ဉာဏ်ရှိတဲ့ ပညာရှိတွေက လက်မခံနိုင်ပေဘူး၊ ဒါကြောင့် အဲဒီအဖြေဟာ မပြေလည်စေနိုင်ဘူးလို့ ဆိုရမှာဘဲ။ ဘယ်လိုမပြေလည်သလဲဆိုယင်–ဖန်ဆင်းတာ ဟုတ်ခဲ့လို့ရှိယင် တချို့လူတွေကိုသာ ကောင်းအောင် ဖန်ဆင်းပြီး တချို့လူတွေကိုတော့ ဘာကြောင့် မကောင်းအောင် ဖန်ဆင်းရသလဲ၊ တချို့လူတွေကို အသက်ရှည်အောင် ဖန်ဆင်းပြီး တချို့လူတွေကိုတော့ ဘာကြောင့် အသက်တိုအောင် ဖန်ဆင်းရသလဲ၊ တချို့မှာ မွေးပြီးပြီးချင်း သေရတယ်၊ တချို့မှာ မမွေးခင်ကတည်းက သေရတယ်၊ ဘာကြောင့် ဒါလောက် အသက်တိုအောင် ဖန်ဆင်းရသလဲ၊ ဖန်ဆင်းဝါဒအနေနဲ့ဆိုယင် ဒီလိုမေးခွန်းတွေကို ပြေလည်အောင်ဖြေဘို့ ခက်ပါတယ်။ နောက်ပြီးတော့ ဖန်ဆင်းလို့ ဖြစ်ရတယ်ဆိုယင်–သတ္တဝါတွေကို အကုန်လုံးချမ်းသာအောင် ညီတူညာတူ ဖန်ဆင်းပါတော့လား၊ ဘာကြောင့် ဆင်းရဲတဲ့လူတွေကို များများဖန်ဆင်းရသလဲ၊ လူတွေကို ဘေးရန်အန္တရာယ်ပြုတတ်တဲ့ မြွေ ကျားအစရှိတဲ့ သတ္တဝါဆိုးတွေကို ဘာကြောင့် ဖန်ဆင်းရသလဲ၊ ရောဂါပိုးတွေကို ဘာ့ကြောင့် ဖန်ဆင်းရသလဲ စသည်ဖြင့်လဲ မကျေနပ်စရာတွေ အများကြီးရှိနေပါတယ်။ သီဟိုဠ်ဆရာတော် ဦးနာရဒကတော့ ဥရောပ အမေရိကန်က လူတွေကို ချမ်းသာအောင် ဖန်ဆင်းပြီးတော့ အိန္ဒိယ သီဟိုဠ် မြန်မာပြည် အင်ဒိုနီးရှားတို့က လူတွေကို ဘာကြောင့် ဆင်းရဲအောင် ဖန်ဆင်းရသလဲလို့ ဒီလိုမကျေနပ်စရာလဲ ရှိတယ်လို့ ဆိုပါတယ်၊ အဲဒါကတော့ ဖန်ဆင်းလို့ မဟုတ်ဘူး၊ ဉာဏ်ဝီရိယနှင့် အားထုတ်ပြုလုပ်တဲ့ ပစ္စုပ္ပန်အမှုကံကြောင့်လဲ ကွာခြားနေတယ်လို့ ဆိုနိုင်လောက်ပါတယ်။ ယခုပြောခဲ့တဲ့အတိုင်း မပြေလည်စေနိုင်တဲ့အတွက် ဖန်ဆင်းလို့ဖြစ်ရတယ်ဆိုတဲ့ ဝါဒကိုတော့ တကယ့်ပညာရှိတွေက လက်မခံနိုင်ပေဘူး။

ဒီနေရာမှာ အကြောင်းမဲ့ မတော်တဆဖြစ်တယ်ဆိုတဲ့ ဝါဒလဲ ရှိပါတယ်၊ အဲဒီဝါဒကတော့ ဘာမှကျေနပ်စရာမရှိပါဘူး၊ ဘာကြောင့်လဲဆိုလျှင် ယခု မျက်မြင်တွေ့နေရတာတွေဟာ သူ့ဆိုင်ရာ ဆိုင်ရာအကြောင်း ရှိနေတာချည်း ပါဘဲ၊ ကောင်းတာလုပ်ယင် ကောင်းကျိုးရတယ်၊ မကောင်းတာလုပ်ယင် မကောင်းကျိုးရတယ်၊ ဒါတွေက အလွန်ထင်ရှားနေပါတယ်၊ မယုံယင် ရာဇဝတ် ဖြစ်မှုမကင်းတဲ့ မကောင်းတာကို လုပ်ကြည့်ပါ၊ ချက်ချင်းဘဲ မကောင်းကျိုးကို ရပါလိမ့်မယ်။ နောက်ပြီးတော့ တချို့မှာ အလုပ်အကိုင် အတူတူလုပ်နေပါ လျက်နဲ့ တဦးက ကြီးပွါးချမ်းသာတယ်၊ ရာထူးတက်တယ်၊ တဦးမှာတော့ မကြီးပွါးမချမ်းသာဘူး၊ ရာထူးမတက်ဘူး၊ ဒီလိုဟာတွေလဲ ထင်ရှားတွေ့ နေရတယ်။ အဲဒါကတော့ ပစ္စုပ္ပန်ကံကြောင့် မဟုတ်ဘူး အတိတ်ကံကြောင့် လို့သာ ယူစရာရှိပါတယ်။ နောက်ပြီးတော့ ရှေးဘဝဟောင်းတွေ ပြန်ပြီး အမှတ်ရတဲ့လူတွေဆိုတာလဲ အရပ်ရပ်မှာ ရှိကြပါတယ်၊ အဲဒီလို လူတွေဟာ ဘယ်လိုအမှုကို ပြုခဲ့လို့ ဘယ်လိုဘဝတွေ ဖြစ်လာခဲ့ရတယ်ဆိုတာကို ပြောတတ် ကြပါတယ်။ ဒါပေမဲ့ လူတွေကတော့ အမိဝမ်းထဲမှာ ဆင်းဆင်းရဲရဲနေခဲ့ရ တာကြောင့် မမှတ်မိကြတာဘဲ များပါတယ်၊ နတ်တွေမှာတော့ ဘဝအသစ် ဖြစ်ရာမှာ ဆင်းရဲမရှိဘူး၊ အိပ်ပျော်ရာမှ နိုးလာသလို ကိုယ်ထင်ရှား ဘွားကနဲ ဖြစ်ပေါ်လာတယ်၊ ဒါကြောင့် သူတို့ကတော့ ဘယ်ကောင်းမှုကြောင့် နတ်ပြည် ရောက်ရတယ်စသည်ဖြင့် ထင်ထင်ရှားရှား အမှတ်ရပြီး ပြောနိုင်ကြတယ်။

## ကံဝါဒဖြင့်သာ ပြေလည်စေနိုင်သည်

ယခုပြောခဲ့တာတွေကို အကုန်ခြုံကြည့်လိုက်ယင် – သတ္တဝါတွေမှာ ကောင်း ကျိုး ဆိုးကျိုးကွဲပြားနေတာဟာ ပစ္စုပ္ပန်ကံကြောင့်မဟုတ်ယင် ရှေးကံကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။ ကံကြောင့်ဖြစ်တယ်ဆိုတဲ့ ဒီဝါဒကတော့ ပြဿနာတွေဟူသမျှကို အကုန်လုံး ပြေလည်စေနိုင်ပါတယ်၊ အသက်တိုတာ ဘာကြောင့်လဲ? သူတပါးအသက်ကို သတ်ခဲ့တဲ့ကံကြောင့်လို့ ဖြေနိုင်ပါတယ်၊ အနာများတာ ဘာကြောင့်လဲ? သူတပါးကို ညှဉ်းဆဲခဲ့တဲ့ကံကြောင့်လို့ ဖြေနိုင် ပါတယ်။ အဲဒီလိုအချက်တွေကို ဒီသလ္လေခသုတ်တရားတော် ပဌမပိုင်း ဒုတိယပိုင်း စသည်မှာ ရှင်းပြခဲ့ပါပြီ။ အဲဒီလို ကိုယ်ပြုခဲ့တဲ့ကံကြောင့် ဆိုးကျိုးကောင်းကျိုး

ရတယ်ဆိုတာကို ဘယ်သူမှ မကျေနပ်စရာလဲ မရှိဘူး၊ မျက်မှောက်မှာ တွေ့ရတဲ့ ကောင်းတဲ့အလုပ်၏အကျိုး မကောင်းတဲ့အလုပ်၏အကျိုးများနှင့်လဲ နှိုင်းဆပြီး ယုံကြည်ထိုက်ပါတယ်၊ ဒါကြောင့် အားလုံးကို ပြေလည်စေနိုင်ပါတယ်။ ယခု ပြောခဲ့တဲ့အတိုင်း ပစ္စုပ္ပန်ကံ အတိတ်ကံများနှင့် အဲဒီကံများရဲ့ အကျိုးများ ထင်ရှားရှိနေတဲ့အတွက် "ကံ ကံ၏အကျိုး မရှိဘူး" ဆိုတဲ့အယူဟာ မိစ္ဆာဒိဋ္ဌိ–မှားတဲ့အယူဖြစ်ကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့် (ကံနှင့် ကံ၏အကျိုး မရှိဟု အယူမှားတာက ဒုစရိုက်မိစ္ဆာဒိဋ္ဌိ-လို့) ဆောင်ပုဒ်က ဆိုထားပါတယ်။

## အလွန်ကြောက်စရာကောင်းပါတယ်

အဲဒါဟာ ဒုစရိုက်ဆယ်ပါးထဲက မိစ္ဆာဒိဋ္ဌိဖြစ်တဲ့အတွက် သူ့ကို ဒုစရိုက်မိစ္ဆာဒိဋ္ဌိလို့ ဖော်ပြထားတယ်၊ ဒီဒုစရိုက်မိစ္ဆာဒိဋ္ဌိက နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ-လို့ သုံးမျိုးရှိတယ်၊ ဘုရားလက်ထက်တော်ကာလတုန်းက ထင်ရှားခဲ့တဲ့ တိတ္ထိဂိုဏ်းဆရာကြီး ၆-ယောက်ထဲမှာ ပူရဏ ကဿပ ဆိုတဲ့ ဆရာကြီးက ကုသိုလ်အမှု အကုသိုလ်အမှုကို ပြုသော်လဲ ကုသိုလ်ကံ အကုသိုလ်ကံမဖြစ်ဘူးလို့ ဟောတယ်၊ သူ့ဝါဒက "နကိရိယတိ-ပြုလို့ မဖြစ်ဘူး"လို့ ဟောတဲ့အတွက် အဲဒီအယူကို အကိရိယဒိဋ္ဌိခေါ်တယ်၊ အဲဒါဟာ အကြောင်းကံကို ပယ်တဲ့ဒိဋ္ဌိဘဲ။ အဇိတဆိုတဲ့ ဂိုဏ်းဆရာကြီးကတော့ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုး မရှိဘူး၊ သေပြီးယင် ဘာမျှမရှိတော့ဘဲ ပြတ်စဲသွားတယ်လို့ ဟောတယ်၊ သူ့ဝါဒက "နတ္ထိ ဒိန္နံ–ပေးလှူတာအကျိုးမရှိ" စသည်ဖြင့် ဟောတဲ့အတွက် အဲဒီအယူကို နတ္ထိက ဒိဋ္ဌိခေါ်တယ်၊ အဲဒါဟာ ကံ၏အကျိုးကိုပယ်တဲ့ ဒိဋ္ဌိဘဲ။ မက္ခလိ ဂေါသာလ ဆိုတဲ့ ဂိုဏ်းဆရာကြီးကတော့ သတ္တဝါတွေမှာ ဆင်းရဲဘို့ ချမ်းသာဘို့အကြောင်းမရှိဘူး၊ ကိန်းသေ သတ်မှတ်ထားချက်ရှိတဲ့အတိုင်းသာ ဆင်းရဲကြရ ချမ်းသာကြရတယ်လို့ ဟောတယ်၊ သူ့ဝါဒက "နတ္ထိ ဟေတု အကြောင်းမရှိ" စသည်ဖြင့် ဟောတဲ့အတွက် အဲဒီအယူကို အဟေတုကဒိဋ္ဌိ ခေါ်တယ်၊ အဲဒီအယူကတော့ အကြောင်းကံကိုရော, အကျိုးဝိပါက်ကိုရော ၂-ပါးလုံးကိုပယ်တဲ့ ဒိဋ္ဌိဘဲ။ ဒီလို တိုက်ရိုက်ပယ်ပုံအရအားဖြင့် ကွဲပြားပေမဲ့ အကျိုးပြီးတဲ့အနေအားဖြင့်တော့ အတူတူပါဘဲ၊ အကိရိယဒိဋ္ဌိက အကြောင်းကို ပယ်လိုက်တော့ အကျိုးကိုလဲ ပယ်ပြီးဖြစ်သွားတာပါဘဲ၊ နတ္ထိကဒိဋ္ဌိက အကျိုး

ကို ပယ်လိုက်တော့လဲ အကြောင်းကံကိုပါ ပယ်ပြီး ဖြစ်သွားတာပါဘဲ၊ ဒါကြောင့် ဒီ ဒိဋ္ဌိကြီးသုံးပါးဟာ ကံနှင့် ကံ၏အကျိုး ၂-ပါးလုံးကို ပယ်တဲ့အယူမှားချည်း ပါဘဲ။ ကံ ကံ၏အကျိုးမရှိဘူးဆိုတဲ့ ဒီအယူဟာ နှစ်နှစ်ခြိုက်ခြိုက် သက်ဝင်စွဲမြဲ သွားယင် အလွန်အပြစ်ကြီးပါတယ်၊ မဂ်ဖိုလ်ရောက်ကြောင်း ကုသိုလ်တရားကို အားမထုတ်နိုင်တဲ့အတွက် ဒီအယူရှိနေတဲ့သူဟာ မဂ်ဖိုလ်ကိုလဲ မရနိုင်ဘူး၊ သေသည်၏အခြားမဲ့မှာ နတ်ရွာသုဂတိလဲ မရောက်နိုင်ဘူး၊ အပါယ်ငရဲကိုသာ မုချရောက်ရတယ်၊ အဲဒီအယူကို မစွန့်သမျှကာလပတ်လုံး ငရဲမှလဲ မလွတ်နိုင် ဘူး-လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်၊ အကုသိုလ်ကံထဲမှာ အပြစ် အကြီးဆုံးဖြစ်တယ်၊ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးထဲမှာလဲ (ကံ ကံ၏အကျိုးမရှိလို့ ယူတဲ့) ဒီမိစ္ဆာဒိဋ္ဌိကို အပြစ်အကြီးဆုံးလို့ ပြဆိုထားပါတယ်၊ ဒီအယူကို စွန့်လို့ ငရဲမှ လွတ်တယ်ဆိုပေမဲ့ သူမှာ လူ့ဘဝရောက်ဖို့ ကုသိုလ်ကံက မရှိယင် ပြိတ္တာဘုံ တိရစ္ဆာန်ဘုံရောက်ဖို့ရာသာ ရှိနေပါတယ်။ ဒါကြောင့် ကံ ကံ၏အကျိုးမရှိဘူး ဆိုတဲ့ မိစ္ဆာဒိဋ္ဌိဟာ အလွန်ဘဲကြောက်စရာကောင်းပါတယ်၊ ကဲ ဆောင်ပုဒ်ကို ထပ်ဆိုလိုက်ကြဦးစို့။

(၁–က) ကံနှင့် ကံ၏အကျိုးမရှိဟု အယူမှားတာက ဒုစရိုက် မိစ္ဆာဒိဋ္ဌိ။ (ဆို)

အဲဒီ အပြစ်အလွန်ကြီးတဲ့ မိစ္ဆာအယူကို ပယ်ဘို့ရာ မြတ်စွာဘုရားက ဒီသုတ်မှာ—

> ပရေ မိစ္ဆာဒိဋ္ဌီ ဘဝိဿန္တိ၊ မယမေတ္ထ သမ္မာဒိဋ္ဌီ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော–စသည်ဖြင့် ဟောတော်မူပါတယ်။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာဒိဋ္ဌီ၊ ကံ ကံ၏အကျိုးမရှိဟု မှားသောအယူရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာဒိဋ္ဌီ၊ ကံ ကံ၏အကျိုးရှိသည်ဟု မှန်သောအယူရှိကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေခြင်းကို။ ဝါ–ကိလေသာခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-တဲ့။

ကံ ကံ၏အကျိုးမရှိဘူးလို့ သူများတွေက အယူမှားကြမည့်နေရာမှာ ငါတို့ ကတော့ မှန်တဲ့အယူရှိစေမယ်လို့ ဒီလို ဆောက်တည်ပြီး မိစ္ဆာဒိဋ္ဌိကိလေသာကို

ခေါင်းပါးစေရမယ်တဲ့။ ဒီနေရာမှာ သမ္မာဒိဋ္ဌိ-မှန်တဲ့အယူဆိုတာ ဘယ်လိုဟာလဲ ဆိုယင် ကံ ကံ၏အကျိုး မရှိဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိ-အယူမှားရဲ့ ဆန့်ကျင်ဘက် ကံ ကံ၏အကျိုးရှိတယ်ဆိုတဲ့ အယူပါဘဲ။ ဒါကြောင့် "ကံနှင့် ကံ၏အကျိုးရှိသည်ဟု အယူမှန်တာက သုစရိုက်သမ္မာဒိဋ္ဌိ" လို့ ဆောင်ပုဒ်ပေးထားပါတယ်၊ ကဲ အဲဒါကို ဆိုကြရမယ်။

## သုစရိုက်သမ္မာဒိဋ္ဌိ

(၁-ခ) ကံနှင့် ကံ၏အကျိုးရှိသည်ဟု အယူမှန်တာက သုစရိုက်သမ္မာဒိဋ္ဌိ။(ဆို)

ဒီ သုစရိုက်သမ္မာဒိဋ္ဌိကို ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့လဲ ခေါ်တယ်၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ ကောင်းမှု ကုသိုလ်ကံကိုပြုလျှင် ကောင်းကျိုးကိုရမယ်၊ မကောင်းမှုအကုသိုလ်ကံကို ပြုလျှင် မကောင်းကျိုးကို ရမယ်-လို့ ယုံကြည်ယူဆတဲ့ အယူမှန်လို့ ဆိုလိုပါတယ်။ ဒီအယူက ကုသိုလ်အားလုံးတို့၏ အခြေခံဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်၊ ဒီအယူမှန်ရှိပါမှ အကုသိုလ်တွေကို ကြဉ်ရှောင်နိုင်တယ်၊ ကုသိုလ်တွေကို ပြုနိုင်တယ်၊ သာမန် ဒါန သီလ ဘာဝနာ ကုသိုလ်တွေပြုပြီး လူ့ဘဝ နတ်ဘဝ ကောင်းမြတ်သောဘဝတွေကို ရောက်ပြီး ကောင်းစားချမ်းသာသွားနိုင်တယ်၊ ဝိပဿနာ ကုသိုလ်တွေပွါးပြီး အရိယာမဂ်ဖိုလ်ကို ရောက်နိုင်တယ်၊ ဒါကြောင့် ဒီအယူမှန်ကို ရဘို့ရာဟာ အလွန်အရေးကြီးပါတယ်။ ဒါပေမဲ့ ဗုဒ္ဓသာသနာဝင် မိကောင်းဖခင်တွေရဲ့ သားသမီးများဖြစ်ကြတဲ့ သူတွေမှာတော့ အလွန်အရေးကြီးတဲ့ အလွန်အဖိုးတန်တဲ့ ဒီသမ္မာဒိဋ္ဌိ အယူကို ငယ်ငယ်ကတည်းက မိဘတို့ထံမှ အမွေရလာတဲ့အတွက် အထူးကျင့်ကြံမနေရတော့ပါဘူး၊ အဲဒီရထားတဲ့အယူမှန်ကို မပျောက်မပျက်အောင် စောင့်ရှောက်သွားဘို့သာ လိုပါတယ်၊ ခိုင်မြဲသည်ထက် ခိုင်မြဲအောင် နှလုံးသွင်းဘို့သာ လိုပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက– ဣတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ လို့လဲ ဟောတော်မူပါသေးတယ်။

## စိတ္တုပ္ပါဒဝါရ စသည်

ဣတိ စိတ္တံ၊ ငါတို့ကတော့ သမ္မာဒိဋ္ဌိ–အယူမှန်ရှိစေမည်ဟု နှလုံးသွင်းသော ဤလိုစိတ်ကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏–တဲ့။

ဒီလို နှလုံးသွင်းပုံကတော့ မိစ္ဆာအယူရှိတဲ့သူတွေနှင့် ဆက်ဆံနေရတဲ့အခါ၊ မိစ္ဆာအယူရှိတဲ့ လူများစုထဲ ရောက်နေတဲ့အခါတွေမှာ သာပြီး အရေးကြီးပါတယ်၊ သူများတွေက ကံ ကံ၏အကျိုးမရှိဘူးလို့ ဘယ်လိုဘဲ ပြောဟောနေစေကာမူ ငါတို့ကတော့ ကံ ကံ၏အကျိုးရှိတယ်ဆိုတဲ့ အယူမှန်ရှိစေမယ်လို့ ဒီလို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းဘို့ လိုပါတယ်။ တချို့မှာ အဲဒီလို ခိုင်ခိုင်မြဲမြဲ နှလုံးမသွင်းနိုင်တဲ့အတွက် မိစ္ဆာအယူအားပေးတဲ့ စာအုပ်တွေဖတ်ပြီး အယူဖောက်ပြန်သွားတာလဲ ရှိတယ်၊ ပေါင်းသင်းဆက်ဆံမှု အိမ်ထောင်မှုစသည်နှင့် စပ်ပြီး အယူဖောက်ပြန်သွားတာလဲ ရှိတယ်၊ အဲဒါဟာ မိဘထံမှ ရလာတဲ့ အဖိုးတန်အမွေဆုံးရှုံးသွားတာဘဲ၊ အလွန်ဝမ်းနည်းစရာကောင်းပါတယ်၊ အဲဒီလို အယူဖောက်ပြန်တဲ့သူမှာ သေခါနီးကာလနဲ့ သေပြီးတဲ့နောက်ကာလများကျတော့ မှားခဲ့ပြီဆိုပြီး အများကြီး နောင်တပူပန်မှု ဖြစ်ရလိမ့်မယ်။

နောက်ပြီးတော့ အယူမှားဆိုတာက လမ်းမှားဘဲ၊ မကောင်းတဲ့လမ်းဘဲ၊ အယူမှန်ဆိုတာက ကောင်းတဲ့လမ်းဘဲ၊ လမ်းကောင်းဘဲ၊ ဒါကြောင့် လမ်းဆိုးက မသွားချင်ယင် လမ်းကောင်းဘက်ကို ပြောင်းပြီးသွားရတာလို အယူမှားဘက်များ စိတ်ညွတ်နေယင် အယူမှန်ဘက်ကို ပြောင်းပေးလိုက်ရုံပါဘဲ။ တနည်းအားဖြင့် မိစ္ဆာအယူ လုံးဝကင်းပြီလို့ မဆိုနိုင်သေးတဲ့ ပုထုဇဉ်အဖြစ်မှ သမ္မာအယူ ခိုင်မြဲတဲ့ အရိယာစခန်းရောက်အောင် လမ်းပြောင်းပေးဘို့ပါဘဲ။ အဲဒါကိုလဲ မြတ်စွာဘုရားက —

မိစ္ဆာဒိဋ္ဌိဿ ပုရိသပုဂ္ဂလဿ သမ္မာဒိဋ္ဌိ ဟောတိ ပရိက္ကမနာယ-လို့ ဟောထားပါတယ်။

မိစ္ဆာဒိဋ္ဌိဿ၊ မှားသောအယူရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်၏။ သမ္မာဒိဋ္ဌိ၊ မှန်သောအယူကို ယူခြင်းသည်။ ပရိက္ကမနာယ၊ မိစ္ဆာအယူကို ရှောင်လွှဲရန်အလို့ငှါ။ ဟောတိ၊ ဖြစ်ပေ၏-တဲ့။

လက်ဝဲဘက်လမ်းက ဆိုးတယ်၊ လက်ျာဘက်လမ်းက ကောင်းတယ်ဆိုပါတော့၊ လမ်းကောင်းကို သွားချင်ယင် လက်ျာဘက်လမ်းကို ပြောင်းလိုက်ရုံဘဲ၊ အဲဒီဥပမာလိုဘဲ ကံ ကံ၏အကျိုးမရှိဘူးလို့ ထင်မြင်ယူဆတဲ့ လမ်းဆိုးရောက်နေယင်၊ အဲဒီ လမ်းဆိုးနဲ့ မကင်းသေးတဲ့အခြေအနေမှာရှိနေယင်၊ ကံ ကံ၏အကျိုး

ရှိတယ်ဆိုတဲ့ အယူမှန်လမ်းကောင်းကို ပြောင်းလိုက်ရပါဘဲ၊ အဲဒီ အယူမှန် ခိုင်မြဲတဲ့ အရိယာစခန်းရောက်အောင် ကျင့်သုံးလိုက်ရပါဘဲတဲ့။ နောက်ပြီးတော့ မိစ္ဆာအယူဆိုတာက အောက်သို့ ကျသွားစေတဲ့လမ်း၊ သမ္မာအယူဆိုတာက အထက်သို့ တက်ရောက်စေတဲ့လမ်း ဒီလမ်း ၂-သွယ်မှာ အထက်သို့ တက်သွားချင်ယင် သမ္မာအယူလမ်းကို လိုက်ရမယ်ဆိုတဲ့ အကြောင်းကိုလဲ မြတ်စွာဘုရားက—

မိစ္ဆာဒိဋ္ဌိဿ၊ မှားသောအယူရှိသော။ ပုရိသပုဂ္ဂလဿ၊ယောကျ်ားပုဂ္ဂိုလ်၏။ သမ္မာဒိဋ္ဌိ၊ မှန်သောအယူသည်။ ဥပရိဘာဂါယ၊ အထက်အဖို့အလို့ငှါ။ ဝါ- အထက်သို့တက်ရန်။ ဟောတိ၊ ဖြစ်သည်-လို့လဲ ဟောထားပါတယ်။

ကံ ကံ၏အကျိုးမရှိဘူးလို့ ယူတဲ့သူမှာ ကုသိုလ်ကံကိုလဲ မပြုဘူး၊ အကုသိုလ်ကံကိုလဲ မရှောင်ဘူး၊ ဒါကြောင့် မြင့်မြတ်တဲ့ဘဝတွေကို မရောက်နိုင်ဘူး၊ ယုတ်ညံ့အောက်ကျတဲ့ အပါယ်လေးပါးသို့သာ ရောက်ရတယ်၊ အဲဒါဟာ အကုသိုလ်က အောက်သို့ ဆောင်သွားတာဘဲ။ ကံ ကံ၏အကျိုးရှိတယ်လို့ ယူတဲ့သူကတော့ အကုသိုလ်ကို ရှောင်တယ်၊ ဒါန သီလ စသောကုသိုလ်တွေကို တတ်နိုင်သမျှ ပြုလုပ်တယ်၊ ဒါကြောင့် သူပြုထားတဲ့ ကုသိုလ်တွေ၏ အစွမ်းဖြင့် မြင့်မြတ်သော လူ့ဘဝ နတ်ဘဝတွေကို ရောက်ရတယ်၊ ဝိပဿနာ ဘာဝနာကုသိုလ်၏အစွမ်းဖြင့် မြင့်မြတ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုလဲ ရောက်ရတယ်၊ အဲဒါဟာ ကုသိုလ်က အထက်အဖို့ မြင့်မြတ်ရာ ဆောင်သွားတာဘဲ။ ဒါကြောင့် မြင့်မြတ်ရာကို တက်ချင်ယင် သမ္မာဒိဋ္ဌိအယူမှန်ဖြင့် တက်နိုင်ပါတယ်၊ သမ္မာဒိဋ္ဌိအယူမှန်ဖြင့် တက်ပါလို့ ဆိုလိုပါတယ်။

အထက်တန်းဆိုတာ လူတိုင်း လူတိုင်း တက်ချင်ကြတာချည်းဘဲ၊ အဲဒီလို တက်ချင်ကြတဲ့အတွက် တက်နိုင်အောင် ကြိုးစားနေကြတယ်၊ တချို့က လမ်းမှားနဲ့ ကြိုးစားနေကြတယ်၊ ဘယ်လိုလဲဆိုယင် တချို့က ကံ ကံ၏အကျိုး မရှိဘူးလို့ အယူမှားနေပေမယ်လို့ ရှေးကံနဲ့ ယခုအားထုတ်မှုကြောင့် အထက်တန်းကျပြီး ကြီးပွါးနေတာလဲ ရှိတယ်၊ အဲဒီလို ကြီးပွါးနေတဲ့ပုဂ္ဂိုလ်ထံ ချဉ်းကပ်ပြီးတော့ အဲဒီပုဂ္ဂိုလ်ရဲ့ အယူကိုလဲ ယူပြီး အဲဒီပုဂ္ဂိုလ်အကြိုက် လိုက်လုပ်နေရတယ်၊ အဲဒီလို အဆင့်အတန်းတက်အောင် ကြိုးစားနေတာတွေလဲ ရှိတယ်၊

အဲဒီနည်းဖြင့် တခဏ တသက်လျာလောက်တော့ အထက်တန်းရောက်တာလဲ ရှိနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုပုဂ္ဂိုလ်တွေဟာ နောက်နောက်ဘဝတွေကျတော့ အနိမ့်ဆုံး အပါယ်ဘဝတွေ ရောက်သွားတတ်တယ်။ ဒါကြောင့် သူများတွေက အယူမှားဖြင့် အထက်တန်းရောက်အောင် အားထုတ်ကြမည့်နေရာမှာ ငါတို့က တော့ အယူမှန်ဖြင့် အထက်တန်းရောက်အောင် အားထုတ်မယ်လို့ ဒီလိုဆောက် တည်ပြီး ကျင့်သွားဘို့ပါဘဲ။

နောက်ဆုံး ပရိနိဗ္ဗာနဝါရ ကျတော့ – မိစ္ဆာဒိဋ္ဌိသာ၊ မှားသောအယူရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်၏။ သမ္မာဒိဋ္ဌိ၊ မှန်သောအယူကို ယူခြင်း သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဒိဋ္ဌိကိလေသာမီး အပြီးတိုင် ငြိမ်းရန်အလို့ငှါ။ ဟောတိ၊ ဖြစ်သည်-လို့ ဟောထားပါတယ်။

ကံ ကံ၏အကျိုး မရှိဘူးလို့ မိစ္ဆာအယူရှိနေလျှင်၊ သို့မဟုတ် အဲဒီမိစ္ဆာ အယူဘက်ကို စိတ်ညွတ်နေလျှင် သင့်လျော်တဲ့တရားကို နာယူလေ့လာပြီးတော့ ယောနိသောမနသိကာရဖြင့် ကံ ကံ၏အကျိုး ရှိတယ်လို့ အမှန်အတိုင်းယူလိုက် ရမယ်၊ အဲဒါဟာ မိစ္ဆာဒိဋ္ဌိကိလေသာကင်းငြိမ်းဘို့ ဖြစ်ပါတယ်-တဲ့။ နောက်ပြီး တော့ မိစ္ဆာအယူ လုံးဝကင်းပြီလို့ မဆိုနိုင်သေးတဲ့ ပုထုဇဉ်အဖြစ်မှာ တည်နေတဲ့ သူဟာလဲ ကံ ကံ၏အကျိုး ရှိတယ်ဆိုတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိကို ခိုင်မြဲအောင် ပြုပြီး ဝိပဿနာကို ပွါးစေခြင်းဖြင့် သောတာပတ္တိမဂ်ဖိုလ် ရောက်သွားယင် ကံ ကံ၏အကျိုး မရှိဆိုတဲ့ မိစ္ဆာဒိဋ္ဌိ လုံးဝကင်းငြိမ်းသွားတယ်၊ အဲဒီလို ကင်းငြိမ်းသွားအောင် အားထုတ်ဖို့ပါဘဲ။ မိစ္ဆာဒိဋ္ဌိကို ပယ်ပုံနှင့်စပ်ပြီး ဟော ထားတဲ့ အဲဒီ ငါးဝါရဒေသနာတော်နှင့်အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြစို့။

## (၁၁) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက (ကံ ကံ၏အကျိုး မရှိဟု) အယူမှားကြမည့်နေရာမှာ
ငါတို့ကတော့(ကံ ကံ၏အကျိုး ရှိသည်ဟု)အယူမှန်စေမည်၊ ကိလေသာ
ပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မှားသော
အယူ – မိစ္ဆာဒိဋ္ဌိကို မှန်သောအယူ – သမ္မာဒိဋ္ဌိဖြင့် ရှောင်လွှဲမည်၊

သမ္မာဒိဋ္ဌိဖြင့် အဆင့်အတန်း တက်မည်၊ မိစ္ဆာဒိဋ္ဌိကိလေသာမီးကို သမ္မာဒိဋ္ဌိရေစင်ဖြင့် ငြိမ်းသတ်မည်။

အဲဒီ အမိဋ္ဌာန်ဆောင်ပုဒ်အတိုင်း ကံ ကံ၏အကျိုး ရှိတယ်ဆိုတဲ့ အယူမှန်ကို ခိုင်မြဲစေရမယ်၊ အကုသိုလ်အမှုကို မြင်ရ ကြားရ တွေ့ရတိုင်း "အကုသိုလ်ကံက မကောင်းကျိုးပေးတတ်တယ်" ဆိုတာ နှလုံးသွင်းပြီး ကြဉ်ရှောင်ရမယ်၊ ကုသိုလ်အမှုကို ပြုတိုင်း "ကုသိုလ်ကံက ကောင်းကျိုးကို ပေးတတ်တယ်"ဆိုတာ နှလုံးသွင်းပြီး စိတ်ပါ လက်ပါ ပြုလုပ်ရမယ်၊ အဲဒီလို ပြုလုပ်တဲ့ကုသိုလ်ဟာ ဉာဏသမ္ပယုတ်ဖြစ်တယ်၊ တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးတယ်။ နောက်ပြီးတော့ ကံ ကံ၏အကျိုး ရှိတယ်လို့ နှလုံးသွင်းမိတိုင်း ဒိဋ္ဌိဇုကမ္မခေါ်တဲ့ သုစရိုက်ကုသိုလ်လဲ ဖြစ်တယ်၊ အဲဒါဟာ ဘာဝနာကုသိုလ်ထဲမှာလဲ အတွင်းဝင်တယ်၊ ဒါကြောင့် တခြားဘာဝနာကို အားမထုတ်နိုင်သေးယင် ဒိဒိဋ္ဌိဇုကမ္မဘာဝနာကုသိုလ်ကို ပွါးစေရမယ်။

## မဂ္ဂင်မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ

ယခုပြောလာခဲ့တာဟာ ဒုစရိုက်မိစ္ဆာဒိဋ္ဌိကို ပယ်ဖို့ သုစရိုက်သမ္မာဒိဋ္ဌိကို ပွါးစေဖို့ ဖြစ်တယ်၊ အဲဒါဟာ နားလည်သောက်ပါပြီ။ ယခု အနိယျာနိကဒိဋ္ဌိခေါ်တဲ့ မိစ္ဆာမဂ္ဂင်ဒိဋ္ဌိကို ပယ်ဖို့ ဟောရမယ်၊ အနိယျာနိကဆိုတာ ဝဋ္ဋဆင်းရဲမှ မထွက်နိုင်အောင် တားမြစ်တတ်တယ်လို့ အဓိပ္ပါယ်ရှိတယ်၊ ဒိဋ္ဌိဆိုတာက မှားသောအယူဘဲ၊ အဲဒီ ၂-ပုဒ်ပေါင်းလိုက်တော့ အနိယျာနိကဒိဋ္ဌိ=ဝဋ္ဋဆင်းရဲမှ မထွက်နိုင်အောင် တားမြစ်တတ်တဲ့ အယူမှားလို့ အဓိပ္ပါယ်ရတယ်။ အဲဒါက ဘယ်လို အယူမှားလဲ ဆိုလျှင်–ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ ဒီအယူမှားတွေပါဘဲ။ အဲဒီ အယူမှားတွေကို (၂-က)ဆောင်ပုဒ် (၃-က)ဆောင်ပုဒ် (၃-ခ) ဆောင်ပုဒ်များဖြင့် ပြထားတယ်။ အဲဒါတွေဟာ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ပယ်ရမည့် မိစ္ဆာဒိဋ္ဌိတွေဘဲ။ (၂-ခ)ဆောင်ပုဒ် (၃-ဂ-ဃ-င)ဆောင်ပုဒ်များဖြင့် ပွါးစေရမည့် သမ္မာဒိဋ္ဌိတွေကို ပြထားတယ်။

အဲဒီအထဲမှာ (၂-က)အမှတ်နဲ့ ဆောင်ပုဒ်က "အသက်ကောင် အတ္တကောင် ရှိသည်ဟု ထင်တာ ယူတာက အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ"လို့ ဆိုထားတယ်။ ဗမာလိုက အသက်ရှင်နေတဲ့ အကောင်လို့ ယူဆပြောဆိုနေတဲ့အရာကို ပါဠိလိုက အတ္တလို့ ခေါ်တယ်၊ ဒါကြောင့် အသက်ကောင် အတ္တကောင်လို့ ၂-မျိုးလုံး ဖော်ပြထားတယ်။ လူများစု ပုထုဇဉ်တွေက ကိုယ့်ကိုယ်ကိုလဲ အသက်ရှင်နေတဲ့ အကောင်လို့ ထင်နေကြတယ်၊ သူတပါးတွေကိုလဲ အသက်ရှင်နေတဲ့ အကောင်တွေလို့ဘဲ ထင်နေကြတယ်၊ အမှန်စင်စစ်ကတော့ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါး မျှသာ ထင်ရှားရှိတယ်၊ အသက်ကောင် အတ္တကောင်ဆိုတာ ရှိတာမဟုတ်ဘူး၊ အဲဒီ မရှိတဲ့အတ္တကို ရှိတဲ့အနေနဲ့ အထင်မှား အယူမှားနေကြခြင်းမျှသာ ဖြစ်တယ်၊ ဒါကြောင့် အဲဒီ အထင်မှား အယူမှားကို အတ္တဒိဋ္ဌိလို့ ခေါ်တယ်၊ သက္ကာယဒိဋ္ဌိလို့လဲ ခေါ်တယ်။ အဲဒီမှာ **သက္ကာယ** ဆိုတာက ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းဘဲ၊ ဒိဋ္ဌိ ဆိုတာက အယူမှားဘဲ၊ ဒါကြောင့် **သက္ကာယဒိဋ္ဌိ** ဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို အသက်ကောင် အတ္တကောင်လို့ အယူမှားတာဘဲ။

ပုံစံထုတ်ပြရယင်–မြင်တဲ့အခါမှာ မျက်စိရုပ် ထင်ရှားရှိတယ်၊ မြင်ရတဲ့ အဆင်းရုပ် ထင်ရှားရှိတယ်၊ မြင်သိတဲ့နာမ် ထင်ရှားရှိတယ်၊ အဲဒီ ရုပ်နာမ် ၂-ပါးမျှသာ ထင်ရှားရှိတယ်၊ ဒါပေမဲ့ ဝိပဿနာဉာဏ်ဖြင့် မရှုနိုင် မသိနိုင်တဲ့ သူတွေက ကြည်လင်တဲ့မျက်စိရုပ်ကိုရော၊ မြင်ရတဲ့အဆင်းရုပ်ကိုရော၊ မြင်သိတဲ့ နာမ်ကိုရော အသက်ရှင်နေတဲ့ အတ္တကောင်လို့ ထင်မှတ်နေကြတယ်၊ "ငါ့မျက်စိ ကြည်တယ် ကောင်းတယ်၊ ငါ့လက်ကို မြင်ရတယ်၊ သူ့ကိုယ်ကို မြင်ရတယ်၊ ငါက မြင်တယ်၊ မြင်တာဟာ ငါဘဲ"စသည်ဖြင့် ဒီလို ထင်မှတ်စွဲလမ်းနေကြတယ်၊ အဲဒါဟာ ထင်ရှားရှိနေတဲ့ ရုပ်နာမ်အပေါင်းကို အတ္တကောင်လို့ ထင်မှတ်စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌိပါဘဲ။ ကြားတဲ့အခါ နံတဲ့အခါ စားသိတဲ့အခါ တွေ့ထိတဲ့အခါ ကြံသိတဲ့အခါတွေမှာလဲ နည်းတူဘဲ စွဲလမ်းပြီး ဒီသက္ကာယဒိဋ္ဌိက ဖြစ်နေပါတယ်။ တခြားပုံစံတခုကိုလဲ ထုတ်ပြဦးမယ်၊ လက်ခြေတို့ကို ကွေးတဲ့ အခါ ဆန့်တဲ့အခါမှာ ကွေးချင်တာ ဆန့်ချင်တာက နာမ်၊ ကွေးတာ ဆန့်တာက ရုပ်၊ ဒီနာမ်ရုပ် ၂-ပါးအပေါင်းသာ ထင်ရှားရှိတယ်၊ ဒါပေမဲ့ ဝိပဿနာဉာဏ်ဖြင့်

မရှုနိုင် မသိနိုင်တဲ့သူတွေက “ငါက ကွေးချင် ဆန့်ချင်လို့ ငါကဘဲ ကွေးတယ်၊ ငါကဘဲ ဆန့်တယ်၊ ကွေးချင်တာ ဆန့်ချင်တာလဲ ငါဘဲ၊ ကွေးတာ ဆန့်တာလဲ ငါဘဲ”လို့ ဒီလို ထင်မှတ်စွဲလမ်းနေကြတယ်၊ အဲဒါလဲ ထင်ရှားရှိနေတဲ့ နာမ်ရုပ် အပေါင်းကို အတ္တကောင်လို့ ထင်မှတ်စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌိပါဘဲ။ တခြား ကိုယ်အမူအရာတွေမှာလဲ နည်းတူဘဲ စွဲလမ်းပြီး ဒီသက္ကာယဒိဋ္ဌိက ဖြစ်နေ ပါတယ်။ ဒါကြောင့် “အသက်ကောင် အတ္တကောင် ရှိသည်ဟု ထင်တာ ယူတာက အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ”လို့ ဆောင်ပုဒ်က ဆိုထားပါတယ်၊ ကဲ– အဲဒါကို ဆိုကြရမယ်။

(၂-က) အသက်ကောင် အတ္တကောင် ရှိသည်ဟု ထင်တာ ယူတာက အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ။ (ဆို)

ဒီ အတ္တဒိဋ္ဌိကတော့ ပုထုဇဉ်တွေမှာ လုံးဝကင်းဘို့ ခဲယဉ်းပါတယ်၊ အဖြစ် များတာနဲ့ အဖြစ်နဲတာ၊ အစွဲသန်တာနဲ့ အစွဲမသန်တာ–ဒါလောက်ပဲ ကွာခြား နိုင်ပါတယ်၊ ရုပ်နာမ်ခန္ဓာအကြောင်း မသိတဲ့လူတွေမှာဆိုယင် ဒီအတ္တဒိဋ္ဌိအစွဲက အမြဲလိုလိုဘဲ ဖြစ်နေပေလိမ့်မယ်၊ တကယ်ဟုတ်မှန်တဲ့အနေအားဖြင့် သန်သန် စွမ်းစွမ်းဘဲ ဖြစ်နေပေလိမ့်မယ်၊ ဘုန်းကြီးတို့လဲ ငယ်ရွယ်စဉ် ဗဟုသုတမရှိခင် တုန်းက ဒီလို အစွဲအလမ်း ရှိခဲ့တာဘဲ၊ လူ့ကိုယ်ထဲမှာ အသက်ရှင်နေတာ ကလေးဟာ အကောင်လိုက်ရှိနေတယ်လို့ ထင်ခဲ့တယ်၊ သေတဲ့အခါကျတော့လဲ အဲဒီ အသက်ကလေးက ပါးစပ်မှ ထွက်သွားသလိုလို နှာခေါင်းမှ ထွက်သွား သလိုလို ထင်ခဲ့တယ်၊ အမိဝမ်းထဲ ပဋိသန္ဓေနေစဉ်ကလဲ နောက်ကျမှ အသက်က ဝင်လာသလိုလို ထင်ခဲ့တယ်၊ အဲဒါကိုတော့ ဆရာဝန်တွေကလဲ ထောက်ခံနေ ကြတယ်၊ သူတို့ကလဲ နှလုံးသွေးခုန်သံကို ကြားရတဲ့အခါကျမှ အသက်ဝင်လာ တယ်လို့ အသိအမှတ်ပြုကြတယ်။ ဒါကြောင့် ရုပ်နာမ်နှင့်စပ်ပြီး လုံလောက်တဲ့ အကြားအမြင် မရှိတဲ့သူတွေမှာ ဒီ အတ္တစွဲက တော်တော်ကို ခိုင်ခိုင်မာမာ ဖြစ်နေပါတယ်။ ဒါပေမဲ့ အတ္တရယ်လို့ မရှိကြောင်း၊ ရုပ်နာမ်သဘောတရားမျှသာ ရှိကြောင်း ကြားနာမှတ်သားဘူးတဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေမှာတော့ ဒီအတ္တစွဲက သိပ်မခိုင်မြဲပါဘူး၊ တရားအားမထုတ်နိုင်လောက်အောင် မဂ္ဂန္တရာယ်

ဖြစ်လောက်အောင် မပြင်းထန်လှပါဘူး၊ ဒါကြောင့် ဗုဒ္ဓသာသနာဝင်တွေဟာ အဲဒီ အတ္တစွဲရှိနေပေမဲ့ တရားအားထုတ်ပြီး အရိယာမဂ်ဖိုလ်ကိုလဲ ရနိုင်ပါတယ်။

ရုပ်နာမ်သဘောတရားအကြောင်း ဗဟုသုတများတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဒီအတ္တစွဲက အတော်အတန် လျော့ပါးနေတတ်ပါတယ်၊ ဒါပေမဲ့ လုံးလုံးကင်းတာ တော့လဲ မဟုတ်ဘူး၊ ရုပ်နာမ်သဘောတရားအကြောင်း ပြောဟောနေရင်း ထဲကပေမဲ့ "ငါက ပြောဟောနေတယ်"လို့ စွဲလမ်းမှု ဖြစ်နိုင်သေးတာဘဲ၊ အဲဒါဟာ တရားဆွေးနွေးရင်း ငြင်းခုံကြ ဒေါသဖြစ်ကြ ရန်ဖြစ်ကြတာကို ထောက်ဆပြီး သိနိုင်ပါတယ်။ ဒီ အတ္တစွဲကို ကောင်းကောင်းငြိမ်းစေနိုင်တာ ကတော့ ဝိပဿနာနှင့် အရိယာမဂ်ပါဘဲ၊ အဲဒီ ၂-ပါးထဲမှာလဲ ဝိပဿနာဖြင့် ငြိမ်းတာကတော့ ရှုမိတဲ့အာရုံတွေမှာ တဒင်အားဖြင့် ငြိမ်းတယ်၊ မပြတ်ရှုနေ ဆဲမှာ ဝိက္ခမ္ဘနအားဖြင့် ဝေးကွာပြီး ငြိမ်းနေတယ်၊ ဝိပဿနာရှုမှုကို ရပ်နားပြီး ခပ်ပေါ့ပေါ့နေတဲ့အခါမှာတော့ ဒီ အတ္တစွဲက ဖြစ်နိုင်ခွင့်ရှိသေးတာဘဲ။ လုံးဝ အမြစ်ပြတ် ငြိမ်းတာကတော့ သောတာပတ္တိမဂ် ရောက်မှ ပြီးစီးပါတယ်၊ ဒါကြောင့် အဲဒီ သောတာပတ္တိမဂ်ရောက်အောင် အားထုတ်သွားဘို့ပါဘဲ။

## လိုအပ်သော သုတမယပညာ

ဘယ်လို အားထုတ်ရမလဲ ဆိုယင်–ပဌမပိုင်းကတည်းက ပြောခဲ့ပါပြီ၊ ဒါပေမဲ့ ဒီအပိုင်းက အတွဲသစ်ဖြစ်နေတဲ့အတွက် အကျဉ်းချုပ် ထပ်ပြောဦးမယ်။ အရိယာမဂ်ဉာဏ်ကို ရအောင် အားထုတ်တယ်ဆိုတာ အရိယာမဂ်၏ ရှေ့သွား ဖြစ်တဲ့ ဝိပဿနာက စပြီး အားထုတ်ရတယ်၊ ဝိပဿနာရှုတယ် ဆိုတော့ ကြားဘူးတဲ့ သုတမယဉာဏ်နှင့် ပြည့်စုံဘို့ လိုတယ်၊ ဘယ်လောက် ပြည့်စုံရမလဲ ဆိုယင် "ခန္ဓာ အာယတန ဓာတု ဣန္ဒြေ သစ္စာ ပဋိစ္စသမုပ္ပါဒ်"ဆိုတာတွေကို ကျေပြွန်အောင် လေ့လာပြီးမှ အားထုတ်ရမယ်လို့ တချို့က ဆိုကြတယ်၊ အဲဒါက ဝိသုဒ္ဓိမဂ်နှင့်အညီဆိုတဲ့ စကားမို့ သင့်လျော်ပါတယ်၊ ဆရာမရှိဘဲ အားထုတ်ယင် အဲဒီလို သုတပြည့်စုံမှ ကိုယ့်ဟာကိုယ် ဟုတ်မဟုတ် ဆုံးဖြတ်နိုင်မယ်၊ ဒါပေမဲ့ ပုဂ္ဂိုလ်တိုင်း အဲဒီလိုချည်း သုတပြည့်စုံမှ အားထုတ်ကောင်းတယ်လို့ တထစ်ချ ဆုံးဖြတ်ဖို့တော့ မသင့်ပေဘူး၊ ဘာကြောင့်လဲဆိုယင် ဘုရားလက်ထက်တော်က

ဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီး တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟူသမျှဟာ အဲဒီ ခန္ဓာစသည်တွေကို ကျေပြွန်အောင် လေ့လာပြီးမှချည်း အားထုတ်ကြတယ်လို့ မဆိုနိုင်တဲ့ အတွက်ကြောင့်ပါဘဲ၊ အများအားဖြင့် အဲဒီတုန်းက ကမ္မဋ္ဌာန်း ယူကြတဲ့အချိန်ဟာ တနာရီလောက်တောင် ကြာပုံမပေါ်ပါဘူး၊ အထူးအားဖြင့် စောင့်ရှောက်ပြုပြင်ပေးမည့် ဆရာရှိနေယင် "ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တ သဘောမျှသာ ရှိတယ်"ဆိုတာလောက် ကြားနာမှတ်သားဘူးယင် သုတမယ ဉာဏ်အတွက် ပြည့်စုံလုံလောက်ပြီလို့ မှတ်ယူသင့်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက အကျဉ်းချုပ်အားဖြင့် သုတမယဉာဏ်ပြည့်စုံ ပုံကို ဒီလို ဟောထားပါတယ်။

ဣဓ ဒေဝါနမိန္ဒ ဘိက္ခုနော သုတံ ဟောတိ "သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာ"တိ။

ဒေဝါနမိန္ဒ၊ နတ်တို့၏အရှင် သိကြားမင်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခုနော၊ အရဟတ္တဖိုလ်ပေါက် အားထုတ်လိုသော ရဟန်းသည်။ သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာတိ၊ အလုံးစုံသော တရားတို့သည် "မြဲသည် ချမ်းသာသည် အတ္တကောင်" ဟု နှလုံးသွင်းစွဲလမ်းရန် မထိုက်တန် မသင့်လျော် ကုန်ဟူ၍။ သုတံ၊ ကြားနာမှတ်သားဘူးသည်။ ဟောတိ၊ ဖြစ်၏-တဲ့။

အဲဒါဟာ "ဘယ်လောက်သိမြင်လျှင် ရဟန္တာဖြစ်သလဲ၊ အကျဉ်းချုပ် ဟောတော်မူပါ"လို့ သိကြားမင်းက လျှောက်ထားတောင်းပန်တဲ့အတွက် မြတ်စွာဘုရားက အကျဉ်းချုပ် သုတမယဉာဏ်ပြည့်စုံပုံကို ဟောတော်မူတဲ့ စကားတော်ပါဘဲ၊ အဋ္ဌကထာ ဋီကာစကား မဟုတ်ဘူး။ ဆိုလိုတာကတော့- မိမိသန္တာန် သူတပါးသန္တာန်မှာ ရှိကြတဲ့ တရားအလုံးစုံဟာ မြဲတယ် ချမ်းသာ တယ် အတ္တကောင်ဘဲလို့ မစွဲလမ်းထိုက်ဘူး၊ အနိစ္စ ဒုက္ခ အနတ္တသဘောတရား ချည်းဘဲလို့ ဒါလောက် ကြားနာမှတ်သားဘူးယင် ဝိပဿနာရှုဘို့အတွက် သုတမယဉာဏ် ပြည့်စုံပြီလို့ ဆိုလိုပါတယ်။ ဒါလောက်ကတော့ ယခုလို တရားနာ နေရင်း ပြည့်စုံနိုင်ပါတယ်၊ တရားကို လိုလားတဲ့ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေ ဆိုယင် ရုပ်နာမ်မျှသာရှိတယ်၊ မမြဲ ဆင်းရဲ အစိုးမရ အနတ္တသဘောတရားမျှသာ

ရှိတယ်–လို့ ကြားနာမှတ်သားဘူးကြတာ ကြာပါပြီ၊ ဒါကြောင့် ဝိပဿနာရှုနည်းကိုရယင် ဘယ်အချိန်မဆို ရှုနိုင်ပါတယ်၊ ရှုကောင်းပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဝိပဿနာရှုပုံကို ဆက်လက်ပြီး ဒီလိုအကျဉ်းချုပ် ဟောတော်မူပါတယ်။

## ဝိပဿနာရှုနည်း အကျဉ်းချုပ်

သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ။

သော၊ ထိုသို့ ကြားနာမှတ်သားဘူးသော ပုဂ္ဂိုလ်သည်။ သဗ္ဗံ ဓမ္မံ၊ အလုံးစုံသော တရားကို။ အဘိဇာနာတိ၊ ရှေးရှုပြု၍ သိ၏–တဲ့။

အလုံးသောတရားကို ရှေးရှုပြုပြီး သိရမယ်တဲ့၊ အဲဒီမှာ အလုံးစုံသောတရားဆိုတာ ဘယ်ဟာတွေလဲဆိုယင်–မိမိတို့သန္တာန်မှာ ထင်ရှားပေါ်နေတဲ့ မြင်မှု ကြားမှု နံမှု စားသိမှု ထိသိမှု ကွေးဆန့်လှုပ်ရှားမှု ကြံသိမှုတွေထဲမှာ ပါဝင်နေတဲ့ ရုပ်နာမ်တရားတွေပါဘဲ၊ အဲဒါတွေကို အမှန်အတိုင်းသိအောင် ရှေးရှုပြုပြီး မှတ်ရမယ်တဲ့။ "ရှေးရှုပြုပြီး သိတယ်" ဆိုတာ သိရမည့်တရားဆီကို ဉာဏ်ဖြင့် မျက်နှာပြုပြီး စူးစိုက်ပြီး ရှုသိတာ မှတ်သိတာကို ဆိုတာပါဘဲ။ နောက်ပြီးတော့ "သဗ္ဗ–အလုံးစုံကို သိရမယ်" လို့ ဆိုထားတယ်၊ "တခုတည်းသော တရားကိုသာ သိရမယ်" လို့ဆိုတာ မဟုတ်ဘူး၊ ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားပေါ်လာသမျှကို အကုန်လုံးလိုက်ပြီး မှတ်သိရမယ်။ ဒါပေမဲ့ အားထုတ်ခါစမှာတော့ အကုန်လုံးကို စေ့စေ့အောင်လိုက်ပြီး မရှုမှတ်နိုင်သေးဘူး၊ ဒါကြောင့် ထင်ရှားရာ တခု နှစ်ခုလောက်ကစပြီး ရှုမှတ်ရမယ်၊ ထိုင်နေရင်းဆိုယင် ကိုယ်ထဲမှာ စိတ်နဲ့စိုက်ပြီး ထိုင်တယ် ထိုင်တယ်လို့ ဒီလိုလဲ ရှုမှတ်နေနိုင်ပါတယ်၊ ဝင်သက် ထွက်သက်လေ ထိခိုက်ရာ နှာသီးဝမှာ စိတ်နဲ့စိုက်ပြီး ဝင်တယ် ထွက်တယ်လို့ ဒီလိုလဲ ရှုမှတ်နေနိုင်ပါတယ်၊ ကိုယ်ထဲမှာ တနေရာရာက ထင်ရှား ထိတာကို စူးစိုက်ပြီး ထိတယ် ထိတယ်လို့ ဒီလိုလဲ ရှုမှတ်နေနိုင်ပါတယ်၊ အသက်ရှုတိုင်း ရှိုက်တိုင်း ဝမ်းဗိုက်ထဲက တောင့်တင်းလှုပ်ရှားတဲ့ သဘောကို စူးစိုက်ပြီး ဖောင်းတယ် ပိန်တယ်လို့ ဒီလိုလဲ ရှုမှတ်နေနိုင်ပါတယ်။ အဲဒီလို ရှုမှတ်နေရင်း စိတ်ကူးတစုံတခု ဖြစ်ပေါ်လာယင် အဲဒီစိတ်ကူးကို ရှုမှတ်ပြီးတော့ မှတ်နေကျ

မူလတရားကိုသာ ပြန်မှတ်နေရမယ်၊ ကိုယ်ထဲမှာ ညောင်းမှု ပူမှု နာကျင်မှု စသော မခံသာမှုတစုံတခုပေါ်လာယင် ညောင်းတယ် ပူတယ် နာတယ်စသည်ဖြင့် ရှုမှတ်ပြီးတော့ မှတ်နေကျ မူလတရားကိုသာ ပြန်မှတ်နေရမယ်၊ ကွေးမှု ဆန့်မှု လှုပ်ရှားပြုပြင်မှု ရှိယင်လဲ ရှုမှတ်ပြီးပြုပြင်ရမယ်။ ထိုင်ရာက ထယင်လဲ ရှုမှတ်ပြီး ထရမယ်၊ သွားတဲ့အခါလဲ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ရှုမှတ်ရမယ်၊ မြင်တာ ကြားတာတွေကိုလဲ တတ်နိုင်ယင် ရှုမှတ်ရမယ်။ အဲဒီလို ထင်ရှားပေါ်လာသမျှ အလုံးစုံကို ရှုမှတ်ပြီး သိဘို့ရာ မြတ်စွာဘုရားက "သဗ္ဗံ ဓမ္မံ အဘိဇာနာတိ– အလုံးစုံသောတရားကို ရှေးရှုပြု၍သိ၏"–လို့ ဟောထားပါတယ်။

အဲဒီလို ရှုမှတ်နေလျှင် သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ မှတ်တိုင်းမှတ်တိုင်း "သိစရာရုပ်နဲ့ သိတဲ့နာမ် ဒီ ၂-ခု ၂-ခုသာရှိတယ်၊ ရုပ်နဲ့ နာမ်သဘောတရားမျှသာ ရှိတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး" ဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်သဘောကျလာလိမ့်မယ်၊ အဲဒါဟာ နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တဲ့ အခြေခံ ဝိပဿနာ သမ္မာဒိဋ္ဌိဘဲ၊ အဲဒါကို (၂-ခ)အမှတ်ဆောင်ပုဒ်ဖြင့် ပြထားတယ်၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

(၂-ခ) ရုပ်နာမ်သဘောတရားမျှသာ ရှိသည်ဟု သိမြင်သဘောကျတာက
ဝိပဿနာသမ္မာဒိဋ္ဌိ။ (ဆို)

ဒီဝိပဿနာသမ္မာဒိဋ္ဌိက "အသက်ကောင် အတ္တကောင် ရှိတယ်" လို့ ထင်မြင်ယူဆတဲ့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိနဲ့ ဆန့်ကျင်ဘက်ပဲ၊ ဒီသမ္မာဒိဋ္ဌိက အချိုးတကျ ဖြစ်ဖို့ အရေးကြီးပါတယ်။ တချို့က "ဘူတရုပ် ၄-ပါး၊ ဥပါဒါရုပ် ၂၄-ပါးဆိုတဲ့ ရုပ်နဲ့ လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါးဆိုတဲ့ နာမ်–ဒီရုပ်နာမ် ၂-ပါးသာ ရှိတယ်" လို့ ဆင်ခြင်ကြည့်ရုံနဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်တယ်လို့ ထင်မှတ်နေကြတယ်၊ အဲဒါကတော့ "အလုံးစုံသောတရားကို ရှေးရှုပြု၍ သိရမယ်" ဆိုတဲ့ ဘုရားစကားတော်နဲ့လဲ မညီဘူး၊ အဲဒီလို ဆင်ခြင်ရုံနဲ့ မြင်ခိုက် ကြားခိုက် စသည်မှာ စွဲလမ်းတဲ့ အတ္တစွဲကိုလဲ မပယ်နိုင်ဘူး။ တကယ်ဖြစ်ပေါ်ဆဲ ရုပ်နာမ်ကို ရှုမှတ်နေတဲ့ယောဂီမှာတော့ ဖောင်းတယ်လို့ မှတ်ခိုက်မှာ "ဖောင်းတဲ့ရုပ်နဲ့ မှတ်သိတဲ့ နာမ် ဒီ ၂-ခုသာ ရှိတယ်" လို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားသိတယ်၊ ပိန်တယ်လို့ မှတ်ခိုက်မှာ "ပိန်တဲ့ရုပ်နဲ့ မှတ်သိတဲ့နာမ် ဒီ ၂-ခုသာ ရှိတယ်" လို့

ပိုင်းခြားသိတယ်၊ ကွေးတယ် ဆန့်တယ်လို့ မှတ်ခိုက်များ၌ "ကွေးရုပ် ဆန့်ရုပ်နဲ့ မှတ်သိတဲ့နာမ် ဒီ ၂-ခုသာရှိတယ်" လို့ ပိုင်းခြားသိတယ်၊ သွားဆဲ၌ ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်ဆဲမှာ "ကြွရုပ် လှမ်းရုပ် ချရုပ်နဲ့ မှတ်သိတဲ့နာမ် ဒီ ၂-ခုသာရှိတယ်" လို့ ပိုင်းခြားသိတယ်၊ မြင်တယ် ကြားတယ်စသည်ဖြင့် မှတ်ဆဲမှာလဲ "မျက်စိရုပ် နားရုပ်စသည်နဲ့ မြင်သိ ကြားသိ တွေ့သိ မှတ်သိတဲ့နာမ် ဒီ ၂-ခုသာရှိတယ်" လို့ ပိုင်းခြားသိတယ်၊ ဒီပြင်မှတ်ချက်တွေမှာလဲ နည်းတူပါဘဲ၊ "ကိုယ်ရုပ်နဲ့ အသိနာမ် ဒီ ၂-ခုသာရှိတယ်" လို့ ပိုင်းခြားသိတယ်၊ ဒါကြောင့် မှတ်သိတိုင်း မှတ်သိတိုင်း အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိကို ပယ်နေတယ်၊ အဲဒီလို ရှုမှတ်ပြီး ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် အတ္တဒိဋ္ဌိကို ပယ်ရမယ်ဆိုတာကိုလဲ ရည်ရွယ်ပြီး ဒီသလ္လေခသုတ်မှာ မြတ်စွာဘုရားက–

ပရေ၊ ဝိပဿနာမရှုနိုင်သော အခြားပုဂ္ဂိုလ်တို့သည်။ မိစ္ဆာဒိဋ္ဌီ၊ အတ္တကောင်ရှိသည်ဟု မှားသောအယူရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ၊ ဤအရာ၌။ မယံ၊ သတိပဋ္ဌာန်ရှုမှတ်နည်းကိုရသော ငါတို့သည်။ သမ္မာဒိဋ္ဌီ၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်သောအားဖြင့် အတ္တကောင်ဟူ၍ မရှိ ရုပ်နာမ်သဘောတရားမျှသာရှိသည်ဟု သိမြင်သော ဝိပဿနာသမ္မာဒိဋ္ဌိ-အယူမှန်ရှိကုန်သည်။ ဘဝိဿာ-မာတိ၊ ဖြစ်ကုန်အံ့ဟု။ သလ္လေခေါ၊ ကိလေသာ ပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–လို့ ဟောထားပါတယ်။

ယခုပြန်ဆိုခဲ့တဲ့ အနက်အဓိပ္ပါယ်ကတော့ နက်လဲနက်လာပြီ၊ မြင့်လဲမြင့်လာပြီ၊ ဝိပဿနာမရှုနိုင်တဲ့ သူတွေဟာ ပရေ–တပါးသောပုဂ္ဂိုလ်တွေထဲမှာ ပါဝင်သွားကြတယ်၊ သို့သော် ဗဟုသုတရှိလို့ အတ္တစွဲအားနည်းတဲ့သူတွေကတော့ အဲဒီ ပရေ–အရထဲမှာ မပါဝင်ဘူးလို့ ဆိုသင့်ပါသေးရဲ့။ သုတကလဲနည်း ဝိပဿနာလဲ မရှုနိုင်တဲ့သူတွေကတော့ အတ္တဒိဋ္ဌိအစွဲအားကြီးနေကြပေလိမ့်မယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကို ဒီအနက်ပြန်ချက်အရက မိစ္ဆာဒိဋ္ဌိလို့ ဆိုရပေလိမ့်မယ်၊ ဒါပေမဲ့ ဒီအတ္တစွဲ မိစ္ဆာဒိဋ္ဌိက ဒုစရိုက်ဒိဋ္ဌိလို အပြစ်မကြီးပါဘူး၊ သူ့သက်သက်နဲ့တော့ အပါယ်ဒုဂ္ဂတိကို မရောက်စေတတ်ပါဘူး၊ ဒါန သီလစသော ကုသိုလ်ရှိယင် နတ်ပြည်မှာလဲ ဖြစ်နိုင်ပါတယ်၊ ဈာန်ရပြီး ဗြဟ္မာ့ပြည်လဲ ရောက်နိုင်ပါတယ်၊ ဘဝဂ်ဆိုတဲ့ အမြင့်ဆုံးဘုံကိုလဲ ရောက်နိုင်ပါတယ်၊ ဒါကြောင့် နတ်ရွာသုဂတိကို

မရောက်အောင်လဲ ဒီအတ္တဒိဋ္ဌိက မတားမြစ်တတ်ပါဘူး၊ ဒါပေမဲ့ အတ္တအစွဲက အလွန်သန်နေယင်တော့ ဗုဒ္ဓတရားတော်ကို မယုံကြည်နိုင်တဲ့အတွက် မဂ်ဖိုလ်ကိုတော့ တားမြစ်တတ်တယ်၊ အဲဒီလောက် သန်စွမ်းတဲ့ အတ္တစွဲကတော့ အခြားဘာသာဝင်တွေထဲမှာသာ အများအားဖြင့် ရှိပါတယ်၊ ဗုဒ္ဓသာသနာဝင်တွေထဲမှာတော့ အဲဒီလောက်သန်စွမ်းတဲ့ အတ္တစွဲရှိခဲပါတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာဝင်တွေဟာ ဗဟုသုတမရှိလို့ အတ္တစွဲရှိပေမဲ့ ဗုဒ္ဓတရားတော်ကို ယုံကြည်ပြီး တရားလဲ အားထုတ်နိုင်ကြပါတယ်၊ ပြည့်ပြည့်စုံစုံအားထုတ်နိုင်ယင် မဂ်ဖိုလ်ကိုလဲ ရောက်နိုင်ကြပါတယ်။ ဒါကြောင့် အတ္တဒိဋ္ဌိအစွဲရှိနေကြတဲ့ လောကကြီးထဲမှာ ငါတို့ကတော့ ဝိပဿနာရှုပြီး ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ပြည့်စုံစေမယ်လို့ ဆောက်တည်ပြီး ကျင့်သုံးကြရမယ်။ ကဲ အဲဒီအဓိဋ္ဌာန်ဆောင်ပုဒ်ကို အပြည့်အစုံဆိုကြဦးစို့။

## ဝိပဿနာသမ္မာဒိဋ္ဌိ အဓိဋ္ဌာန်ဆောင်ပုဒ်

> သူများတွေက အသက်ကောင် အတ္တကောင်ရှိသည်ဟု အယူမှားကြမည့်နေရာမှာ ငါတို့ကတော့ ရုပ်နာမ်သဘောတရားမျှသာ ရှိသည်ဟု သိမြင်သော ဝိပဿနာသမ္မာဒိဋ္ဌိ အယူမှန်ရှိစေမည်၊ ကိလေသာ ပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အယူမှား လမ်းမှားကို ဝိပဿနာသမ္မာဒိဋ္ဌိ အယူမှန် လမ်းမှန်ဖြင့် ရှောင်လွှဲမည်၊ ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် အဆင့်အတန်းတက်မည်၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကိလေသာမီးကို ဝိပဿနာသမ္မာဒိဋ္ဌိရေစင်ဖြင့် ငြိမ်းသတ်မည်။

ဒီအဓိဋ္ဌာန်ဆောင်ပုဒ်အရ အတ္တစွဲရှိတဲ့သူတွေကို မိစ္ဆာဒိဋ္ဌိလို့ ဆိုရာရောက်တဲ့အတွက် အတ္တစွဲရှိတဲ့သူတွေက စိတ်နာစရာ မကောင်းပေဘူးလားလို့ မေးစရာရှိပါတယ်၊ ခုတင်ကပြောခဲ့တဲ့အတိုင်း ဒီအတ္တစွဲမိစ္ဆာဒိဋ္ဌိက ဒုစရိုက်မိစ္ဆာဒိဋ္ဌိလို အလွန်အပြစ်ကြီးတာ မဟုတ်ပါဘူး၊ သံသရာရှည်လျားခြင်း၏ အကြောင်းလောက်သာ ဖြစ်ပါတယ်၊ နောက်ပြီးတော့ ဒီအတ္တစွဲမိစ္ဆာဒိဋ္ဌိက ပုထုဇဉ်ဆိုယင်ကင်းခဲပါတယ်၊ ဝိပဿနာရှုဆဲခဏလောက်သာ အခိုက်အတန့်မျှ ကင်းကြပါတယ်၊ ဒါကြောင့် စိတ်နာစရာ မရှိပါဘူး၊ စိတ်နာယင် အဲဒီအတ္တစွဲကင်းအောင် ဝိပဿနာရှုလိုက်ရုံပါဘဲ၊ အဲဒီလို ရှုလိုက်ယင် သမ္မာဒိဋ္ဌိ ဖြစ်သွားတော့တာပါဘဲ။

နောက်ပြီးတော့ လောကမှာ အတ္တစွဲရှိတဲ့သူတွေက အတ္တစွဲနဲ့ဘဲ အဆင့်အတန်း တက်အောင် အားထုတ်နေကြတယ်၊ ဝိပဿနာယောဂီကတော့ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ဘဲ အဆင့်အတန်းတက်သွားတယ်၊ ဘုရားလက်ထက်က အနာထပိဏ် ဝိသာခါတို့ အဆင့်အတန်းတက်သွားကြသလိုပါဘဲ၊ အနာထပိဏ် ဝိသာခါတို့ဟာ လူ့ပြည်မှ နတ်ပြည်ကို တက်သွားကြတယ်၊ အဲဒီနတ်ပြည်မှာဘဲ အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသခေါ်တဲ့ ရူပဗြဟ္မာ့ဘုံ ငါးဆင့်ကို အစဉ်အတိုင်း တက်သွားကြမယ်၊ အဲဒီငါးဆင့်ထဲက အောက်ဆုံး အဝိဟာဘုံမှာ ကပ္ပါပေါင်း တထောင်၊ အတပ္ပါဘုံမှာ နှစ်ထောင်၊ သုဒဿာဘုံမှာ လေးထောင်၊ သုဒဿီဘုံမှာ ရှစ်ထောင်၊ အကနိဋ္ဌဘုံမှာ ကပ္ပါပေါင်းတသောင်းခြောက်ထောင်၊ အားလုံးကပ္ပါပေါင်း သုံးသောင်းတထောင်ပတ်လုံး သုဒ္ဓါဝါသဗြဟ္မာ့ဘုံတွေမှာ တည်နေပြီးတော့ နောက်ဆုံး အကနိဋ္ဌဘုံ၌ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံကြမယ်၊ အဲဒါဟာ ဝိပဿနာသမ္မာဒိဋ္ဌိ အရိယာမဂ်သမ္မာဒိဋ္ဌိတို့ဖြင့် အဆင့်အတန်း တက်သွားကြပုံပါဘဲ။ ငါတို့လဲ အဲဒီလိုဘဲ သမ္မာဒိဋ္ဌိဖြင့် အဆင့်အတန်း တက်သွားကြမယ်လို့ ဆောက်တည်ပြီး ကျင့်ကြရမယ်။ နောက်ပြီးတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်မှုဝိပဿနာဖြင့် အတ္တဒိဋ္ဌိ ကိလေသာမီးကို ငြိမ်းသတ်မယ်လို့လဲ နှလုံးသွင်းထားကြရမယ်။

## သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ

အတ္တဒိဋ္ဌိပယ်ပုံကတော့ ရှင်းလောက်ပါပြီ။ ယခု သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိပယ်ပုံကို ဟောရမယ်၊ အမှတ် (၃–က) ဖြင့် သဿတဒိဋ္ဌိကို ပြထားတယ်၊ သတ္တဝါဟာ တဘဝမှ တဘဝသို့ ပြောင်းလဲကာ အမြဲတည်ရှိနေသည်ဟု ထင်တာ ယူတာက သဿတဒိဋ္ဌိ-တဲ့။ အသက်ကောင် အတ္တကောင်ဆိုတဲ့ သတ္တဝါဟာ ပျက်စီးခြင်းမရှိဘူး၊ ရုပ်ကိုယ်ကြမ်းကြီးက ပျက်ပြီး သေသွားပေမယ်လို့ သူကတော့ မပျက်ဘူး၊ ခန္ဓာအိမ်အသစ်မှာ ရွှေ့ပြီးတည်နေတာဘဲ၊ ဘယ်တော့မှ မပျက်ဘူး၊ သူ့ကို ပျက်အောင်လဲ မလုပ်နိုင်ဘူး၊ ကမ္ဘာပေါင်း အသင်္ချေမက ပျက်သွားသော်လဲ သူကတော့ မပျက်ဘူး၊ တည်မြဲတည်ရှိနေတာဘဲလို့ ထင်မြင်ယူဆတာဟာ သဿတဒိဋ္ဌိ-တဲ့။ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

(၃–က) သတ္တဝါဟာ တဘဝမှ တဘဝသို့ ပြောင်းလဲကာ အမြဲတည်ရှိနေသည်ဟု ထင်တာ ယူတာက သဿတဒိဋ္ဌိ။ (ဆို)

ဒီသဿတဒိဋ္ဌိကလဲ ကံကိုယုံကြည်တဲ့သူတွေမှာ ကင်းခဲပါတယ်၊ ဟိန္ဒူတွေကတော့ အတ္တကောင် တည်မြဲတည်ရှိနေတဲ့အကြောင်း သူတို့ကျမ်းတွေထဲမှာ သေသေချာချာ ဖော်ပြထားတယ်၊ ဘယ်လိုလဲဆိုယင် သတ္တဝါရဲ့ကိုယ်ဟာ အကြမ်းနဲ့အနု ၂-မျိုးရှိတယ်-တဲ့၊ အကြမ်းစားခန္ဓာကိုယ်ကြီးက သေပျက်သွားပေမဲ့ အနုစားအတ္တကိုယ်ကတော့ မပျက်ဘူး အခြားခန္ဓာအိမ်အသစ်မှာ ရွှေ့ပြောင်းပြီးတော့ တည်မြဲဘဲတည်နေတယ် တဲ့၊ အဲဒီလို ခန္ဓာအိမ်အသစ်ကို လိုက်ရှာတဲ့အခါမှာ အတ္တကောင်က အင်မတန်သေးငယ်တယ်၊ အပ်နဖားထွင်းတဲ့စူး အဖျားထက်တောင် သေးငယ်သေးတယ်၊ အလွန်ဝေးတဲ့အရပ်ကိုလဲ တခဏချင်းရောက်အောင် သွားနိုင်တယ်၊ တောင်ကြီးတွေ တိုက်နံရံတွေကိုလဲ ဖောက်ထွင်းသွားနိုင်ပါတယ် တဲ့၊ အဲဒါ သူတို့ယူဆထားပုံဘဲ။ အဲဒီလို ဆိုမှလဲ အသင့်ယုတ္တိ ရှိပေလိမ့်မယ်၊ ဘာကြောင့်လဲဆိုယင် မိခင်လောင်းဖြစ်သူက အပေါက်မရှိတဲ့တိုက်အိမ်ထဲမှာ အိပ်နေတဲ့အခါ ဒီလိုအစွမ်းရှိမှဘဲ ဖောက်ထွင်းပြီး ဝင်နိုင်မယ်၊ ဒါကြောင့် သူတို့က နံရံဖောက်ထွင်းသွားနိုင်တယ်ဆိုတာ ကြံထားကြတာနဲ့ တူပါတယ်။ ဗုဒ္ဓသာသနာဝင်တွေမှာတော့ အဲဒီလို အခိုင်အမာဆိုထားတဲ့ ကျမ်းရယ်လို့တော့ မရှိပါဘူး၊ ဒါပေမဲ့ သုတနည်းတဲ့သူတွေက "သေတဲ့အခါ အသက်က ထွက်သွားတယ်၊ တခြားဌာန တခြားဘဝမှာ ပြောင်းရွှေ့ပြီး တည်နေတယ်လို့" ဘဲ အထင်ရှိနေကြပါတယ်၊ ရုပ်နာမ်အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံနှင့်စပ်ပြီး ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေမှာတော့ ဒီသဿတအစွဲက ထင်ထင်ရှားရှားတော့ မရှိပါဘူး၊ ဒါပေမဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ်နှင့် မပြည့်စုံသေးယင် လုံးဝကင်းပြီလို့တော့ မဆိုနိုင်သေးဘူး။ နောက်ပြီးတော့ အမှတ် (၃–ခ) ဆောင်ပုဒ်က ဒီသဿတအယူနှင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ ဥစ္ဆေဒအယူကို ပြထားတယ်၊ သတ္တဝါဟာ သေပြီးလျှင် ဘာမျှမရှိတော့ဘဲ ပြတ်စဲသွားသည်ဟု ထင်တာ ယူတာက ဥစ္ဆေဒဒိဋ္ဌိ-တဲ့။ အဲဒါကို ဆိုကြရမယ်။

(၃–ခ) သတ္တဝါဟာ သေပြီးလျှင် ဘာမျှမရှိတော့ဘဲ ပြတ်စဲသွားသည်ဟု ထင်တာ ယူတာက ဥစ္ဆေဒဒိဋ္ဌိ။ (ဆို)

ဒီဥစ္ဆေဒအယူကတော့ "သေပြီးယင် ဘာမျှမရှိတော့ဘူး၊ လုံးလုံးပျောက်ကွယ်သွားတယ်" လို့ ယူဆတယ်၊ ဒီယူဆပုံထဲမှာ "သေပြီးယင် မရှိတော့ဘူး" လို့ ဆိုတော့ "မသေခင်ကတော့ ရှိနေတယ်" လို့ ယူပါတယ်၊ အဲဒီရှိနေတာဟာ ဘာလဲဆိုယင် အတ္တကောင်ဘဲလို့ ထင်ရှားပါတယ်။ ဒါကြောင့် ဒီဥစ္ဆေဒအယူရှိတဲ့သူတွေက ရုပ်သဘောတရားမျှသာ ရှိတယ်လို့ ပြောနေပေမယ်လို့ အတ္တစွဲလဲ သူတို့မှာ ရှိနေတာပါဘဲ။ ဒါကြောင့် ဒီဥစ္ဆေဒဒိဋ္ဌိလဲ အတ္တစွဲ အတ္တဒိဋ္ဌိကို မှီပြီးဖြစ်လာတာပါဘဲ၊ သဿတအယူက သေပြီးတဲ့နောက်လဲ အတ္တကောင်ဟာ ရှိမြဲရှိနေတယ်လို့ ယူဆတယ်၊ ဒီဥစ္ဆေဒအယူကတော့ အတ္တကောင်ဟာ သေပြီးယင် ပျောက်သွားတယ် မရှိတော့ဘူးလို့ ယူဆတယ်၊ ဒါကြောင့် ဒီအယူ ၂-ခုမှာ သေပြီးယင် အတ္တရှိသေးတယ်လို့ ယူတာနဲ့ မရှိတော့ဘူးလို့ ယူတာ ဒါလောက်သာ ထူးပါတယ်၊ မသေခင်မှာ အတ္တကောင်ရှိနေတယ်လို့ ယူတာကတော့ အတူတူပါဘဲ။ ဒီနေရာမှာ "ငယ်ငယ်ကလေးဘဝကရုပ်နာမ်တွေဟာ ယခုထက်တိုင်တည်နေတယ်" လို့ ထင်ယင် သဿတဒိဋ္ဌိဖြစ်တယ်လို့ ပြောတတ်ကြတယ်၊ အဲဒီလို မဟုတ်ဘူး၊ အဲဒီလို မြဲနေတယ် ထင်တာကတော့ နိစ္စသညာမျှပါဘဲ၊ အဲဒါကို အတ္တစွဲ အတ္တဒိဋ္ဌိလို့တော့ ဆိုနိုင်ပါတယ်၊ သဿတဒိဋ္ဌိလို့တော့ မဆိုရဘူး၊ ဘာကြောင့်လဲဆိုယင် ဥစ္ဆေဒဒိဋ္ဌိကလဲ မသေခင်တော့ အမြဲတည်ရှိနေတယ်လို့ ထင်တဲ့အတွက်ကြောင့်ပါဘဲ။ နောက်တခုကတော့ ငယ်ငယ်က ရုပ်နာမ်တွေ တည်မြဲ တည်ရှိနေတယ်ထင်တာကို သဿတဒိဋ္ဌိလို့ဆိုယင် ခဏမစဲ ပျက်ပျက်သွားကြတယ်လို့ သိတာကိုလဲ ဥစ္ဆေဒဒိဋ္ဌိလို့ ဆိုရလိမ့်မယ်၊ အမှန်ကတော့ အဲဒီလို ခဏမစဲ ပျက်ပျက်သွားကြတယ်လို့ သိတာက ဆင်ခြင်ဉာဏ် ဝိပဿနာဉာဏ်ဘဲ၊ ဒိဋ္ဌိ မဟုတ်ဘူး။ ဒါကြောင့် မသေခင်အတွင်း တည်မြဲနေတယ်ထင်တာကတော့ အဲဒီဉာဏ်၏ ဆန့်ကျင်ဘက် အတ္တဒိဋ္ဌိသာမည်တယ်၊ သဿတဒိဋ္ဌိတော့ မဟုတ်ဘူး။ အမှန်ကတော့ သေပြီးသည်တိုင်အောင် မပျက်ပဲ တည်ရှိနေတယ်ထင်ယင် သဿတဒိဋ္ဌိဘဲ၊ သေပြီးတော့ ဘာမျှမရှိတော့ဘဲ ပျောက်ကွယ်သွားတယ်ထင်ယင် ဥစ္ဆေဒဒိဋ္ဌိဘဲ၊ အဲဒါကို ကိန်းသေမှတ်ထားကြရမယ်။

ဒီ ဥစ္ဆေဒ ဝါဒကို ဘုရားလက်ထက်တော်က အဇိတဆိုတဲ့ ဆရာကြီးကဟောတယ်၊ သူဟောပုံ အတိုချုပ်ကတော့ လူဟာ သေတဲ့အခါ သူ့အလောင်းကို

ခုတင်ပေါ်တင်ပြီးတော့ လူလေးယောက်က ထမ်းဆောင်ပြီး သင်းချိုင်းပို့ကြတယ်၊ အဲဒီမှာ မီးရှို့လိုက်တဲ့အခါ ပြာဖြစ်သွားတယ်၊ ဘာမျှမရှိတော့ဘူး၊ သူပြုထားတဲ့ ကောင်းမှုမကောင်းမှု ဆိုတာတွေရော အကုန်လုံး ပျောက်သွားတယ်–လို့ ဟောတယ်။ ဒီအယူအတိုင်းဆိုယင် မကောင်းမှုကိုလဲ ရှောင်ဘို့မလိုဘူး၊ ကိုယ့်အကျိုးဖြစ်မယ်ဆိုယင် ဘာမဆိုလုပ်နိုင်တယ်၊ အဲဒီလို လုပ်ဖို့ရာလဲ ဒီဝါဒရှင်က တိုက်တွန်းတယ်။ နောက်ပြီးတော့ ကောင်းမှုကိုလဲ ပြုဘို့မလိုတော့ဘူး၊ ဒီဝါဒရှင်က အဲဒီကောင်းမှုကိုလဲ မပြုဘို့ ကိုယ့်အခွင့်အရေး အဆုံးရှုံးမခံဘို့လဲ ညွှန်ကြားတယ်။ ဒါကြောင့် ဒီဥစ္ဆေဒ အယူကတော့ ကံ ကံ၏အကျိုး မရှိဆိုတဲ့ ဒုစရိုက်မိစ္ဆာဒိဋ္ဌိထဲမှာ ဝင်သွားပါတယ်။

## အကြောင်းအကျိုးသိ ဝိပဿနာသမ္မာဒိဋ္ဌိ

ယခု ပြောခဲ့တဲ့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကိုတော့ အကြောင်းအကျိုးသိတဲ့ သမ္မာဒိဋ္ဌိဖြင့် ပယ်ရမယ်၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်သွယ်ဖြစ်ပုံကို ဆင်ခြင်ပြီး သိမြင်တဲ့ဉာဏ်ဖြင့်လဲ ပယ်နိုင်တယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဖြင့်လဲ ပယ်နိုင်တယ်။ ဒါကြောင့် အမှတ်(၃-ဂ) ဆောင်ပုဒ်က ဒီလို ဆိုထားတယ်၊ "အကြောင်းအကျိုးစပ်လျက် မပြတ်ဖြစ်ပျက်နေသည်ဟု သိမြင် သဘောကျတာက ဝိပဿနာသမ္မာဒိဋ္ဌိ"တဲ့။ အဲဒါကို ဆိုကြရမယ်။

(၃–ဂ) အကြောင်း အကျိုးစပ်လျက် မပြတ်ဖြစ်နေသည်ဟု သိမြင်
သဘောကျတာက ဝိပဿနာသမ္မာဒိဋ္ဌိ။ (ဆို)

**အသက်ရှင်နေတဲ့ အတ္တကောင်ဆိုတာ မသေခင် မျက်မှောက်ကာလမှာလဲ မရှိဘူး၊ သေပြီးတဲ့နောက်ကာလမှာလဲ မရှိဘူး။ ဒါဖြင့် ရှိနေတာကဘာလဲ၊ ဘာကရှိနေတာလဲလို့ဆိုယင် အကြောင်း အကျိုး ဆက်စပ်ပြီးဖြစ်နေတဲ့ ရုပ်နာမ်အစဉ်သာရှိတယ်၊** အဝိဇ္ဇာအစရှိသော အကြောင်းတရားတွေကြောင့် မပြတ်ဖြစ်နေတဲ့ ဝိညာဏ် နာမ်ရုပ်အစရှိသော သဘောတရားမျှသာ ရှိတယ်။ ယခုလူတွေဟာ အများအားဖြင့် သစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်း မသိကြဘူး၊ အတိုချုပ်ပြောရယင် ဒုက္ခသစ္စာကို အမှန်အတိုင်း မသိကြဘူး၊ ဒုက္ခသစ္စာဆိုတာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း

ထင်ရှားတွေနေရတဲ့သဘောတရားတွေဘဲ၊ အဲဒါတွေဟာ ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူး၊ မမြဲတဲ့အတွက် နှစ်သက်ဖွယ် အားကိုးဖွယ်မရှိတဲ့ ဆင်းရဲတွေဘဲ၊ ကိုယ့် အလိုအတိုင်း မဖြစ်တဲ့အတွက် အစိုးရတဲ့အတ္တမဟုတ် အနတ္တသဘောတရား တွေဘဲ။ အဲဒါတွေကို အမှန်အတိုင်း မသိကြဘူး၊ မြဲတယ် ချမ်းသာတယ် ကောင်းတယ်၊ ငါဘဲ သူဘဲလို့ ထင်မှတ်နေကြတယ်၊ အဲဒါဟာ အဝိဇ္ဇာဘဲ။ အဲဒီလို မြဲတယ် ကောင်းတယ် ငါဘဲလို့ ထင်တဲ့ အဝိဇ္ဇာကြောင့် အဲဒီမြင်ကြား တွေ့သိ ရတာတွေကို သာယာနှစ်သက်တယ်၊ လိုချင်တယ်၊ အဲဒါက တဏှာဘဲ။ သာယာ နှစ်သက်တဲ့အတွက် စွဲလမ်းတယ်၊ ဉပါဒါန်ဘဲ။ စွဲလမ်းတဲ့အတိုင်း ရအောင် အားထုတ်ပြုလုပ်တယ်၊ ကံနှင့် သင်္ခါရတွေဘဲ။ အဲဒါတွေဟာ အဝိဇ္ဇာ တဏှာ ဉပါဒါန် ကံ သင်္ခါရဆိုတဲ့ အကြောင်းတရားငါးပါးဘဲ၊ အတိုချုပ်အားဖြင့်တော့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ကမ္မဝဋ်တွေဘဲ။

## ဘဝအသစ်ဖြစ်ပုံ

အဲဒီကမ္မဝဋ်ကြောင့် ဘဝဟောင်းက သေတဲ့အခါမှာ ဝိပါကဝဋ်ဆိုတဲ့ အကျိုး တရားတွေဖြစ်တယ်။ ဖြစ်ပုံကတော့ သေခါနီးမှာ မိမိပြုထားတဲ့ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတာ ထင်ပေါ်လာတယ်၊ ကိုယ်ပြုခဲ့တဲ့အမှုကံ ပြန်ပေါ်လာတယ်၊ အဲဒီကံကိုပြုစဉ်က အခြေအနေအာရုံ (ကမ္မနိမိတ်) လဲ ပေါ်လာတယ်၊ အဲဒီကံကြောင့် ဖြစ်ရမည့်ဘဝက အခြေအနေ (ဂတိနိမိတ်)လဲ အိပ်မက်မက်သလို ပေါ်လာတယ်၊ အဲဒီ သုံးပါးထဲက တပါးပါး ကို စွဲလမ်းရင်း သေသွားတယ်၊ **သေတယ်** ဆိုတာ ခဏမစဲ ဖြစ်ပျက်နေတဲ့ စိတ်အစဉ်ထဲမှာ နောက်ဆုံးစိတ်ကလေး ပျက်သွားတဲ့နောက် အဲဒီကိုယ်ထဲမှာ နောက်ထပ် စိတ်အသစ်မဖြစ်လာတော့ဘဲ ရပ်စဲသွားတဲ့ သဘောပါဘဲ။ အဲဒီလို ရပ်စဲသွားတယ်ဆိုပေမဲ့ လုံးဝရပ်စဲသွားတာတော့ မဟုတ်ဘူး၊ သေခါနီးမှာ စွဲလမ်းခဲ့တဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံတခုခုကို အာရုံပြုပြီး ကံအား လျော်စွာ ဘဝအသစ် ဌာနအသစ်မှာ စိတ်ဝိညာဉ်အသစ်ဖြစ်ပြန်တယ်၊ အဲဒီ ဝိညာဉ်နှင့် တပါတည်းဘဲ နာမ်ရုပ် အာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုး တရားတွေလဲ ဖြစ်ပေါ်ကြတယ်၊ အဲဒါဟာ အဝိဇ္ဇာ အစရှိသော အကြောင်း ငါးပါး ကမ္မဝဋ်တရားကြောင့် ဝိညာဉ်အစရှိသော အကျိုးဝိပါကဝဋ်တရားတွေ

ဖြစ်ပေါ်ပုံပါဘဲ။ အဲဒီဖြစ်ပုံအတိုင်းဘဲ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် အကြောင်းတရားကြောင့် အကျိုးနာမ်ရုပ်တရားတွေ မပြတ်ဖြစ်သွားတယ်။ အဲဒီလို ဖြစ်နေစဉ်အတွင်းမှာ အကောင်းအဆိုးခံစားရတဲ့ ဝေဒနာကြောင့် တဏှာဥပါဒါန်အစရှိသော အကြောင်းတရားတွေ ထပ်ဖြစ်ပြန်တယ်၊ အဲဒီ အကြောင်းတရားတွေကြောင့် နောက်တဘဝ၌ ဝိညာဉ်အစရှိသော အကျိုးတရားတွေ ဖြစ်ရပြန်တယ်။ ဒီပုံဒီနည်းဖြင့် အကြောင်းကြောင့်ဖြစ်နေတဲ့ အကျိုးတရားမျှသာရှိတယ်၊ ဒီလို အဝိဇ္ဇာစသည်နှင့်တကွ ကံအကြောင်းကြောင့် ဘဝသစ် ဝိညာဉ်အစရှိသော ရုပ်နာမ်တွေဖြစ်ပေါ်တာကိုဘဲ နတ်ပြည်ရောက်သွားတယ် နတ်ဖြစ်သွားတယ်၊ ငရဲရောက်သွားတယ် စသည်ဖြင့် ပြောရတယ်၊ အမှန်စင်စစ် အားဖြင့်တော့ ပုဂ္ဂိုလ် သတ္တဝါ အကောင် အထည်လိုက် ပြောင်းရွှေ့သွားတာ ရယ်လို့ မရှိဘူး၊ ရှေးဘဝက ကံအကြောင်းကြောင့် နောက်ဘဝ၌ ရုပ်နာမ် အသစ် ဖြစ်သွားခြင်းမျှသာ ရှိတယ်၊ တဘဝအတွင်းမှာလဲ ရှေးရှေးစိတ် စသော အကြောင်းကြောင့် နောက်နောက်စိတ်စသော အကျိုးအဆက်ဆက် ဖြစ်သွားတဲ့ နာမ်ရုပ်အစဉ်မျှသာရှိတယ်၊ အဲဒီသဘောကို ယခုလို တရားနာပြီးတော့လဲ သိထားရတယ်၊ စာပေကျမ်းဂန် တရားစာအုပ်တွေကို ကြည့်ရှုပြီးတော့လဲ သိထားရတယ်၊ အဲဒီလို သိထားတဲ့သူမှာ "သေပြီးတဲ့နောက် ဘာမျှမရှိတော့ဘူး" ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိလဲ မဖြစ်ဘူး၊ "သေပြီးတော့လဲ တနေရာရာမှာ ပြောင်းရွှေ့ပြီး တည်မြဲ တည်ရှိနေတယ်"ဆိုတဲ့ သဿတဒိဋ္ဌိလဲ မဖြစ်ဘူး၊ အဲဒီ ဒိဋ္ဌိ ၂-ပါးလုံး ကင်းတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဒိဋ္ဌိကင်းပုံ

ဒါပေမဲ့ သုတမယဉာဏ်အသိကတော့ သိပ်မခိုင်မြဲတတ်ဘူး၊ ဘာဝနာမယ ဉာဏ်အသိကမှ ပိုပြီး ခိုင်မြဲတယ်။ ဒါကြောင့် သုတမယဉာဏ်လောက်နဲ့ အားရ မနေဘဲ ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်ရတယ်။ အားထုတ်တော့ ရှေ့နားက ပြောခဲ့တဲ့အတိုင်း နာမ်နဲ့ရုပ်ကို ပိုင်းခြားသိပြီးတဲ့နောက် အဲဒီ နာမ် ရုပ်၏အကြောင်းကိုပါ သိလာတယ်၊ သိပုံကတော့ လက်ခြေစသည်ကို ကွေးဆန့် လုပ်ရှားတဲ့အခါမှာ ကွေးဆန့် လှုပ်ရှားလိုတဲ့ စိတ်ကိုပါ ရှုမှတ်သိရတယ်၊ ဒါကြောင့် "ကွေးချင်တဲ့စိတ်ကြောင့် ကွေးရုပ်ဖြစ်တယ်၊ ဆန့်ချင်တဲ့စိတ်ကြောင့်

ဆန္ဒရပ်ဖြစ်တယ်၊ လှုပ်ချင်တဲ့ စိတ်ကြောင့် လှုပ်ရပ်ဖြစ်တယ်၊ သွားချင်တဲ့ စိတ်ကြောင့် သွားရပ်ဖြစ်တယ်၊ ရပ်ချင်တဲ့စိတ်ကြောင့် ရပ်ရပ်ဖြစ်တယ်၊ ထိုင်ချင်တဲ့စိတ်ကြောင့် ထိုင်ရပ်ဖြစ်တယ်"စသည်ဖြင့် မတွေးမဆရဘဲ သဘောကျပြီး သိလာတယ်။ မြင်တယ် ကြားတယ် စသည်ဖြင့် မှတ်တဲ့အခါတွေမှာလဲ "မျက်စိရှိလို့ မြင်တယ်၊ အဆင်းရှိလို့ မြင်တယ်၊ နှလုံးသွင်းမိလို့ မြင်တယ်၊ နားရှိလို့ ကြားတယ်၊ အသံရှိလို့ ကြားတယ်၊ နှလုံးသွင်းမိလို့ ကြားတယ်"စသည်ဖြင့် ရုပ်နာမ်အကြောင်းကြောင့် မြင်သိမှု ကြားသိမှုစသော အကျိုးဖြစ်ပေါ်လာပုံကို သဘောကျပြီး သိလာတယ်။ နောက်ပြီးတော့"ရှေးရှေးစိတ်ရှိလို့ နောက်နောက်စိတ် ဖြစ်ရတယ်"ဆိုတာကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိလာတယ်၊ "မှတ်သိစရာ အာရုံရှိလို့ မှတ်သိမှု ဖြစ်ရတယ်"ဆိုတာကိုလဲ သိလာတယ်။ အဲဒီလို သိလာတဲ့ အတွက် "စိတ်တွေဟာ တစိတ်ချင်း အသစ်အသစ် ဖြစ်ပျက်နေတယ်"ဆိုတာ ကိုလဲ သဘောပေါက်လာတယ်။ ဒါကြောင့် "သေတယ်ဆိုတာလဲ ယခု မှတ်သိရတဲ့ စိတ်ကလေးတခု ပျက်သွားတာမျိုးဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ အကောင်လိုက် သေပျက်သွားတာ မဟုတ်ဘူး"လို့လဲ သိတယ်။ "ဘဝအသစ် ဖြစ်တယ်ဆိုတာလဲ ယခု မှတ်သိရတဲ့စိတ်ကလေးတခု ဖြစ်ပေါ်လာတာမျိုးဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ အကောင်လိုက် ပြောင်းရွှေ့လာတာ ဖြစ်ပေါ်လာတာ မဟုတ်ဘူး"လို့လဲ သိတယ်။ ဒါကြောင့် "ဘဝအသစ် ဖြစ်တယ်"ဆိုတာဟာ ရှေးကံကြောင့် သေခါနီးက စွဲလမ်းခဲ့တဲ့အာရုံကို အာရုံပြုပြီး စိတ်အသစ်ကလေးဖြစ်ပေါ်လာတာဘဲ-လို့ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောပေါက်ပြီး သိတယ်။ ဒီလိုဉာဏ်ဖြစ်ပုံကို တချို့ယောဂီတွေက စာမတတ်ပဲနဲ့ ရှင်းရှင်းလင်းလင်း ပြောတတ်ပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း အကြောင်း အကျိုး ဆက်စပ်ပြီး ရုပ်နာမ်မျှသာ မပြတ်ဖြစ်နေတယ် ဆိုတာကို သိတဲ့အတွက် "သေပြီးတော့လဲ အတ္တကောင် တည်မြဲ တည်ရှိနေတယ်"ဆိုတဲ့ သဿတဒိဋ္ဌိလဲ ကင်းကွာသွားတယ်၊ "သေပြီးယင် ဘာမျှ မရှိတော့ဘူး"ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိလဲ ကင်းကွာသွားတယ်။ နောက်ပြီးတော့ "ဘုရားသခင်က ဖန်ဆင်းလို့ ဖြစ်တယ်၊ သူ့အလိုလို ဖြစ်တယ်"ဆိုတဲ့ အယူမှားတွေလဲ ကင်းကွာသွားတယ်။ အဲဒီမှာ "ဖန်ဆင်းလို့ ဖြစ်တယ်"ဆိုတာက ဝိသမ-

ဟေတုကဒိဋ္ဌိ ခေါ်တယ်၊ သူက သဿတဒိဋ္ဌိထဲမှာ အတွင်းဝင်တယ်။ "သူ့အလိုလို ဖြစ်တယ်"ဆိုတာက အဟေတုကဒိဋ္ဌိ ခေါ်တယ်၊ သူက ဒုစရိုက်မိစ္ဆာဒိဋ္ဌိထဲမှာ အတွင်းဝင်တယ်။ အကြောင်း အကျိုးကို ပိုင်းခြားသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဟာ အဲဒီ ဒိဋ္ဌိ ၄-မျိုး၏ ဆန့်ကျင်ဘက် ဖြစ်တယ်၊ ဒါကြောင့် ဒီနေရာမှာ (၃-ဂ) အမှတ်ဖြင့် အဲဒီ ပစ္စယပရိဂ္ဂဟဉာဏ် သမ္မာဒိဋ္ဌိကို ပြထားတယ်။ အဲဒါကို ထပ်ဆိုကြရဦးမယ်။

(၃-ဂ) အကြောင်း အကျိုးစပ်လျက် မပြတ်ဖြစ်နေသည်ဟု သိမြင်သဘော ကျတာက ဝိပဿနာသမ္မာဒိဋ္ဌိ။ (ဆို)

## သမ္မသနဉာဏ်စသည် ဖြစ်ပုံ

ခုတင်က (၂-ခ) အမှတ်ဖြင့် ပြခဲ့တဲ့ သမ္မာဒိဋ္ဌိက နာမရူပပရိစ္ဆေဒဉာဏ်ဘဲ၊ ယခု (၃ ဂ) အမှတ်ဖြင့် ပြတဲ့ သမ္မာဒိဋ္ဌိက ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ၊ ဒီ ၂-ခုဟာ ဝိပဿနာ၏ အခြေခံ ဉာဏ်တွေဘဲ၊ ဒါကြောင့် သူတို့ကိုလဲ ဝိပဿနာသမ္မာဒိဋ္ဌိလို့ ဒီမှာ ဖော်ပြထားတယ်။ အဲဒီကနောက် ဆက်ပြီး ရှုမှတ်နေယင် ဒွါရ ၆-ပါးက ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို အနိစ္စ-မမြဲဘူးလို့လဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိတယ်၊ ဒုက္ခ-ဆင်းရဲလို့လဲ သိတယ်၊ အနတ္တ-အတ္တ မဟုတ်-သဘောတရားမျှ လို့လဲ သိတယ်။ ဘာကြောင့် အဲဒီလို သိသလဲဆိုယင် ရှုမှတ်နေရင်း ပေါ်လာ ပြီးတော့ ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရလို့ပါဘဲ၊ တွေ့ပုံ သိပုံ ကတော့—ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေရင်း စိတ်ကူး ကြံစည်မှု ဖြစ်ပေါ်လာယင် အဲဒါကို စိတ်ကူးတယ် ကြံတယ်စသည်ဖြင့် မှတ်ရတယ်၊ အဲဒီလို မှတ်လိုက်တော့ အဲဒီ စိတ်ကူးက ပျောက်သွားတယ်၊ အဲဒီတော့ အစက မရှိဘဲနဲ့ အဲဒီ စိတ်ကူးအသစ် ဖြစ်ပေါ်လာတာကိုလဲ တွေ့ရ တယ်၊ ပျောက်သွားတာကိုလဲ တွေ့ရတယ်၊ ဒါကြောင့် အဲဒီစိတ်ကို မမြဲဘူးလို့ သိရတယ်၊ အဲဒါလိုဘဲ ရှေးကရော နောင်ရော စိတ်ကူးဟူသမျှကို မမြဲဘူးလို့ သဘောကျပြီး သုံးသပ်ဆင်ခြင်တယ်၊ အဲဒါ သမ္မသနဉာဏ်ဘဲ။

ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်နေရင်း တနေရာရာက ညောင်းမှု ပူမှု နာကျင်မှု ယားယံမှုစသော ဒုက္ခဝေဒနာ တခုခု ထင်ရှားပေါ်လာယင်

အဲဒါကို စူးစိုက်ပြီး ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ် စသည်ဖြင့် မှတ်ရတယ်၊ အဲဒီလို မှတ်နေရင်း အဲဒီ မခံသာမှု ဒုက္ခဝေဒနာက တဖြည်းဖြည်းချင်း သေးသေးမွေးမွေးပြီး ပျောက်သွားတယ်၊ အဲဒီတော့ ဒုက္ခဝေဒနာဟာ အစကမရှိပါဘဲနဲ့ အသစ်ဖြစ်ပေါ်လာတာကိုလဲ တွေ့ရတယ်၊ ပျောက်သွားတာကိုလဲ တွေ့ရတယ်၊ ဒါကြောင့် အဲဒီ ဒုက္ခဝေဒနာကို မမြဲဘူးလို့ သိရတယ်။ အဲဒီ ဝေဒနာလိုဘဲ ရှေးကရော နောင်ရော ဝေဒနာဟူသမျှကို မမြဲဘူးလို့ သဘောကျပြီး သုံးသပ်ဆင်ခြင်တယ်၊ အဲဒါလဲ သမ္မာသနညာဏ်ဘဲ။

လိုချင်မှု စိတ်ဆိုးမှု နှလုံးမသာမှု စသော အခြား နာမ်တရားတွေ ဖြစ်ပေါ်လာယင်လဲ အဲဒါတွေကို လိုက်မှတ်ရတယ်၊ လိုက်မှတ်ရင်း ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ ဒါကြောင့် အဲဒါတွေကိုလဲ မမြဲဘူးလို့ သုံးသပ်ဆင်ခြင်တယ်၊ သမ္မာသနညာဏ်ဘဲ။

ကွေးတာ ဆန့်တာ ခြေကြွတာ လှမ်းတာ ချတာ လှုပ်ရှားပြုပြင်တာတွေကိုလဲ လိုက်မှတ်ယင် သူ့အခိုက်အတန့်နှင့်သူ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ ဒါကြောင့် အဲဒါတွေကိုလဲ မမြဲဘူးလို့ သုံးသပ်ဆင်ခြင်တယ်။ ထို့အတူဘဲ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် မှတ်နေရာမှာလဲ ဖောင်းရာက ပိန်ရာမရောက်၊ ပိန်ရာက ထိုင်တယ်မှတ်ရာမရောက်၊ ထိုင်တယ်မှတ်ရာက ထိတယ်မှတ်ရာမရောက်၊ သူ့အခိုက်အတန့်နှင့်သူ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ ဒါကြောင့် အဲဒါတွေကိုလဲ မမြဲဘူးလို့ သုံးသပ်ဆင်ခြင်တယ်၊ သမ္မာသနညာဏ်ဘဲ။

မမြဲဘူးလို့ သိပြီးတော့ နှစ်သက်သာယာဘွယ် အားကိုးဘွယ် မဟုတ်တဲ့ ဆင်းရဲတွေဘဲလို့လဲ သုံးသပ်ဆင်ခြင်တယ်၊ သမ္မာသနညာဏ်ဘဲ။ ကိုယ့်အလိုအတိုင်း မဖြစ်ပဲ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေတဲ့ တရားတွေဘဲလို့လဲ သုံးသပ်ဆင်ခြင်တယ်၊ သမ္မာသနညာဏ်ဘဲ။ ယခုပြောခဲ့တဲ့အတိုင်း သိမြင်သဘောကျပြီး သုံးသပ်ဆင်ခြင်တာဟာ ဝိပဿနာညာဏ်ထဲမှာ အစဆုံးဖြစ်တဲ့ သမ္မာသနညာဏ်ဘဲ၊ အဲဒါကို အမှတ်(၃-ဃ)ဆောင်ပုဒ်ဖြင့် ပြထားတယ်။ "ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဆင်းရဲ အစိုးမရ-အနတ္တဟု သိမြင်သဘောကျတာကလဲ ဝိပဿနာသမ္မာဒိဋ္ဌိ"တဲ့။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

(၃-ဃ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဆင်းရဲ အစိုးမရ-အနတ္တဟု သိမြင်သဘောကျတာကလဲ ဝိပဿနာသမ္မာဒိဋ္ဌိ။ (ဆို)

ယခုပြောခဲ့တာက ဝိပဿနာဉာဏ်(၁၀)ပါးထဲမှာ အစဆုံး သမ္မသနဉာဏ်ဘဲ ရှိပါသေးတယ်၊ ဒီဆောင်ပုဒ်ကတော့ နောက်ဆုံး အနုလောမဉာဏ်အထိ သက်ဆိုင်ပါတယ်။ ဒါကြောင့် ဆင်ခြင်သုံးသပ်မနေတော့ဘဲ ပေါ်လာသမျှကို ရှုမှတ်ရုံသာ ရှုမှတ်နေတဲ့အခါမှာ အသိဉာဏ်က လျင်မြန်လာတယ်၊ ဖြစ်ပြီးယင် ပျောက်၊ ဖြစ်ပြီးယင် ပျောက်နဲ့ ချက်ခြင်း ချက်ခြင်းဘဲ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ အဲဒီအခါမှာ အနိစ္စ ဒုက္ခ အနတ္တသဘောတွေ သာပြီး ထင်ရှားလာတယ်၊ အဲဒီလို အလျင်အမြန် ဖြစ်ပျက်နေတာကို သိမြင်တာက ဥဒယဗ္ဗယဉာဏ်ဘဲ၊ အဲဒီလိုအခါမှာ ရှုမှတ်လို့ကလဲ ကောင်း၊ အရောင်အလင်းတွေကလဲ ပေါ်လို့ ပီတိ သောမနဿတွေနဲ့ အလွန်အကဲ ပျော်ရွှင်နေတတ်တယ်၊ အဲဒီ ပီတိ သောမနဿတွေ အရောင်အလင်းတွေကို ရှုမှတ်ပြီး ပယ်ရတယ်။ အဲဒါတွေကို လွန်မြောက်သွားတဲ့အခါ မှတ်သိရတဲ့အာရုံတွေမှာ ပေါ်မှု မထင်ရှားဘဲ အဆုံး ပျောက်ကွယ်မှုသာ ထင်ရှားပေါ်နေတယ်၊ ဒါကြောင့် ပျောက်ပျောက်သွားမှု မှတ်သိရတယ်လို့ ယောဂီက ထင်တတ်တယ်၊ အပျက်မြန်တဲ့သဘောကို ထင်ရှားသိလာတာပါဘဲ။

အဲဒီလို အပျက်ကိုချည်း တွေ့ရတာက ဘင်္ဂဉာဏ်ဘဲ၊ အဲဒီဉာဏ် အခိုက်အတန့်မှာ ပုံသဏ္ဌာန်နိမိတ်တွေ မထင်တော့ဘူး၊ တနေရာက တနေရာမရောက်ပဲ အလျင်အမြန် ပျောက်ပျောက်သွားတာကိုချည်း တွေ့ရတယ်။ ပုံစံထုတ်ပြရလျှင် ကွေးတယ် ကွေးတယ်လို့ မှတ်ရာမှာ လက်ခြေပုံသဏ္ဌာန်ကို မတွေ့ရဘူး၊ တနေရာက တနေရာမရောက်ပဲ တရွေ့ချင်း ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ နောက်ပြီးတော့ မှတ်သိတဲ့စိတ်လဲ တပါတည်း ပျောက်ပျောက်သွားတယ်လို့ သိရတယ်၊ ရွေ့တာလဲ ပျောက် သိတာလဲ ပျောက်၊ ရွေ့တာလဲ ပျောက် သိတာလဲ ပျောက်နဲ့ အတွဲလိုက် အတွဲလိုက် ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်။ ဆန့်တယ် ကြွတယ် လှမ်းတယ် ချတယ် ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် မှတ်ရာတွေမှာလဲ နည်းတူဘဲ မှတ်စရာရော

မှတ်သိတာရော အတွဲလိုက် အတွဲလိုက် တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုချည်း တွေ့ရတယ်။ ဒီတော့ အနိစ္စ ဒုက္ခ အနတ္တသဘောတွေ သာပြီး ထင်ရှားလာတာပေါ့။

အဲဒီ ဘင်္ဂဉာဏ်က ရင့်သန်တဲ့အခါ ဘယဉာဏ်စသည်တွေ ဖြစ်လာတယ်၊ အဲဒီ ဘယဉာဏ် စသည်တွေ ဖြစ်တဲ့အခါမှာလဲ အပျက်ကိုမြင်ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောတွေ သာသာပြီး ထင်ရှားလာတယ်။ အဲဒီအထဲမှာ သင်္ခါရုပေက္ခာဉာဏ် ဆိုတာ အလွန်နူးညံ့သိမ်မွေ့ပြီး အလွန်ကောင်းပါတယ်၊ အကောင်း အဆိုး အာရုံတွေကို မချစ် မမုန်းဘဲ အညီအမျှ လျစ်လျူရှုနေနိုင်တယ်၊ တနာရီ နှစ်နာရီ သုံးနာရီ စသည်ဖြင့် ကြာမြင့်စွာလဲ တသမတ်တည်း ရှုနေနိုင်တယ်။ အဲဒီသင်္ခါရုပေက္ခာဉာဏ်က ရင့်သန်အားပြည့်တဲ့အခါ အထူးလျင်မြန်တဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာဆိုတာ ဖြစ်တယ်၊ အဲဒီ ဝုဋ္ဌာနဂါမိနီဝိပဿနာရဲ့ အဆုံးပိုင်း ဉာဏ်ကို အနုလောမဉာဏ်ခေါ်တယ်၊ အဲဒီ အနုလောမဉာဏ်ကလဲ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာသုံးပါးထဲက တပါးပါးကို သိမြင်ပြီး ဖြစ်တာဘဲ၊ ဒီဉာဏ် ကတော့ နောက်ဆုံး ဝိပဿနာသမ္မာဒိဋ္ဌိဘဲ။ အမှတ်(၃-ဃ)ဆောင်ပုဒ်က ဒီအနုလောမဉာဏ်ထိအောင် ရည်ရွယ်ပြီး ပြထားတယ်။ အဲဒီဆောင်ပုဒ်ကို ဆိုလိုက်ကြဦးစို့။

(၃-ဃ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာကိုတွေ့ရ၍ မမြဲ ဆင်းရဲ အစိုးမရ—အနတ္တဟု သိမြင် သဘောကျတာက ဝိပဿနာသမ္မာဒိဋ္ဌိ။ (ဆို)

## မဂ်ဉာဏ် ဖြစ်ပုံ

ယခုပြောခဲ့တဲ့ အနုလောမဉာဏ်ဆိုတာ ရှုမှတ်ပြီးသိတဲ့ဉာဏ်ထဲမှာ နောက်ဆုံးဘဲ၊ အဲဒီအသိဉာဏ် ဆုံးသည်နှင့်တပြိုင်နက် ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲ ကျရောက်ပြီး မျက်မှောက်တွေ့မြင်သွားတယ်၊ အဲဒီလို နိဗ္ဗာန်ကို တွေ့မြင်တာဟာ ဂေါတြဘူဉာဏ်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘဲ။ အဲဒီ သုံးပါးထဲမှာ မဂ်ဉာဏ်ဆိုတာ မဂ္ဂသမ္မာဒိဋ္ဌိဘဲ၊ အဲဒီမဂ္ဂသမ္မာဒိဋ္ဌိဖြင့် တွေ့ပုံ သိမြင်ပုံကို အမှတ် (၃-င)ဆောင်ပုဒ်ဖြင့် ပြထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၃-င) ဖြစ်ပျက်သမျှ ရုပ်နာမ်သင်္ခါရ လုံးဝ ချုပ်ငြိမ်းတဲ့သဘောကို တွေ့ရ၍ သစ္စာလေးတန် အမှန်တရားကို သိမြင်တာက မဂ္ဂသမ္မာဒိဋ္ဌိ။ (ဆို)

အဲဒီဆောင်ပုဒ်ထဲမှာ "ဖြစ်ပျက်သမျှ ရုပ်နာမ်သင်္ခါရ လုံးဝချုပ်ငြိမ်းတဲ့ သဘောကို တွေ့ရ၍" ဆိုတဲ့ စကားရပ်ဖြင့် နိဗ္ဗာန်မျက်မှောက်တွေ့ပုံကို ပြတယ်၊ ဝိပဿနာဉာဏ်ဖြစ်ခိုက်ကဆိုယင် ပေါ်ပြီးပျောက် ပေါ်ပြီးပျောက်နဲ့ ပျောက်ပျောက်သွားတဲ့ ရုပ်နာမ်တရားတွေကိုချည်း တွေ့နေရတယ်၊ အနုလောမဉာဏ်လို့ ခေါ်တဲ့ နောက်ဆုံးအသိကလေး ပြီးဆုံးသွားတဲ့အခါကျတော့ ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေ တစုံတခုမျှ မပေါ်လာတော့ဘူး၊ အဲဒီရုပ်နာမ်သင်္ခါရတွေ လုံးဝ မရှိဘဲ ချုပ်ငြိမ်းတဲ့သဘောထဲကို ကျရောက်သွားသလိုဖြစ်ပြီး တွေ့ရတယ်၊ အဲဒါဟာ အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်တာပါဘဲ။ ဒါကတော့ ကိုယ်တိုင်တွေ့ဘူးမှ ကောင်းကောင်းသဘောပေါက်နိုင်မယ်၊ မတွေ့ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေကတော့ မှန်းဆပြီးတော့သာ ကြည့်ကြပေတော့။

## သစ္စာလေးချက် တပြိုင်နက်မြင်ပုံ

နိဗ္ဗာန်မြင်ယင် သစ္စာလေးပါးကိုလဲ မြင်တယ်၊ အဲဒါက ဘယ်လိုလဲဆိုယင်– ဖြစ်ပျက်တဲ့ ရုပ်နာမ်သင်္ခါရတွေ လုံးဝမရှိဘဲ ချုပ်ငြိမ်းတဲ့သဘောကို တွေ့ရတော့ အချမ်းသာဆုံး အကောင်းဆုံး အငြိမ်းဓာတ်ပဲလို့ သိရတယ်၊ အဲဒီတော့ အဲဒီ အငြိမ်းဓာတ်နှင့် နှိုင်းစာပြီးတော့ မပြတ်ဖြစ်ပျက်နေတာတွေကို ဆင်းရဲတွေဘဲ လို့လဲ သိရတယ်၊ အဲဒီလို သိရတဲ့အတွက် အဲဒီလိုဖြစ်ပျက်နေတဲ့ မြင်မှု ကြားမှု စသည်တွေမှာ နှစ်သက်လိုချင်တဲ့ သမုဒယတဏှာလဲ ကင်းတန်သလောက် ကင်းသွားတယ်၊ ကင်းတန်သလောက်ဆိုတာက သောတာပတ္တိမဂ်ဖြင့် အပါယ်ကျလောက်အောင် အားကြီးတဲ့ တဏှာကင်းတယ်၊ သကဒါဂါမိမဂ်ဖြင့် ကြမ်းတမ်းတဲ့ကာမတဏှာကင်းတယ်၊ အနာဂါမိမဂ်ဖြင့် သိမ်မွေ့တဲ့ကာမတဏှာ ကင်းတယ်၊ အရဟတ္တမဂ်ဖြင့် ရူပ အရူပတဏှာကင်းတယ်၊ အဲဒီလို ကင်းတန် သလောက် ကင်းတာကို ဆိုလိုပါတယ်၊ အဲဒီ သမုဒယတဏှာကင်းတာကို(ပဟာနာဘိသမယ)ပယ်သောအားဖြင့် သိတယ်လို့ ဆိုပါတယ်။ နိဗ္ဗာန်ကို မျက်မှောက်တွေ့တဲ့သဘောက မဂ္ဂသစ္စာဘဲ၊ အဲဒီမဂ္ဂသစ္စာကလဲ မိမိသန္တာန်မှာ ဖြစ်ပေါ်

သွားတဲ့အတွက် (ဘာဝနာဘိသမယ) ဖြစ်ပွါးစေသောအားဖြင့် သိတယ်လို့ဘဲ ဆိုရပါတယ်၊ အတိုချုပ်အားဖြင့် ပြောရယင် နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို သိမြင်လိုက်တာနဲ့ ကျန်တဲ့သစ္စာသုံးပါးကိုလဲ သိမြင်ခြင်းကိစ္စ ပြီးသွားတယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို သိမြင်ပုံကို ရည်ပြီးတော့ (သစ္စာလေးချက်၊ တပြိုင်နက်၊ သိချက် ဘယ်သို့နည်း။ နိဗ္ဗာန်မြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး။) လို့ အမေးအဖြေဆောင်ပုဒ် ၂-ခု စီထားတယ်၊ အဲဒါဟာ နိရောဓေ အာရမ္မဏတော၊ တီသု ကိစ္စတော-ဆိုတဲ့ အဋ္ဌကထာနှင့် အညီပါဘဲ။ ဉာဏ်စဉ်တရားထဲမှာ ဟောနေကျ ဆောင်ပုဒ်လဲ ဖြစ်တယ်။ ဒါကြောင့် တချို့ ယောဂီဟောင်းတွေ ကတော့ နှုတ်တက်ရနေကြပါလိမ့်မယ်။ အဲဒီလို နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ပြီး ကျန်တဲ့ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာတို့ကို သိခြင်း ကိစ္စပြီးသောအားဖြင့် သိမြင်တာကိုဘဲ သစ္စာလေးပါးတပြိုင်နက် သိမြင်တယ်လို့ ဆိုလိုပါတယ်။ အဲဒီလို သိပုံကို ဆောင်ပုဒ်ထဲမှာ "သစ္စာလေးတန် အမှန်တရားကို သိမြင်တာက မဂ္ဂသမ္မာဒိဋ္ဌိ" လို့ ဆိုထားတယ်။ အဲဒီဆောင်ပုဒ်ကို တခေါက် ထပ်ဆိုလိုက်ကြဦး။

(၃–င) ဖြစ်ပျက်သမျှ ရုပ်နာမ်သင်္ခါရ လုံးဝချုပ်ငြိမ်းတဲ့သဘောကို တွေ့ရ၍ သစ္စာလေးတန် အမှန်တရားကို သိမြင်တာက မဂ္ဂသမ္မာဒိဋ္ဌိ။(ဆို)

## ပွါးစေရမည့် မဂ္ဂင်သုံးဆင့်

ယခုပြောလာခဲ့တဲ့ သမ္မာဒိဋ္ဌိဟာ အဆင့်အားဖြင့် သုံးဆင့်ရှိတယ်၊ မူလ အခြေခံ သမ္မာဒိဋ္ဌိမဂ္ဂင်က တဆင့်၊ အရိယာမဂ်၏ ရှေ့သွား ပုဗ္ဗဘာဂ ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင်က တဆင့်၊ အရိယ သမ္မာဒိဋ္ဌိမဂ္ဂင်က တဆင့် ဒီလို သုံးဆင့်ရှိတယ်၊ နောက် ဆက်ဟောရမည့် သမ္မာသင်္ကပ္ပမဂ္ဂင် စသည်တွေမှာလဲ ဒီသမ္မာဒိဋ္ဌိနှင့် ပူးတွဲပြီး သုံးဆင့်စီ ရှိတာဘဲ။ အဲဒီမဂ္ဂင်သုံးဆင့်ကို အစဉ်အတိုင်း ပြည့်စုံအောင် ပွါးစေလို့ရှိယင် နိဗ္ဗာန်ကို ရောက်တယ်။ အဲဒါကို ဒီမှာ—

(၁) မူလ, ပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်။

(၂) ဖြစ်ပွါးစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန်ဓာတ်-လို့ ဆောင်ပုဒ် ပေးထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၁) မူလ, ပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်။ (ဆို)

(၂) ဖြစ်ပွါးစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန်ခေတ်။ (ဆို)

မဂ္ဂင်ရှစ်ပါးဟာ (၁) မူလမဂ္ဂင်၊ (၂) ပုဗ္ဗဘာဂမဂ္ဂင်၊ (၃) အရိယမဂ္ဂင်-လို့ ဒီလို သုံးဆင့်စီ ရှိတယ်။ အဲဒီရှစ်ပါးထဲက သမ္မာဒိဋ္ဌိမဂ္ဂင်တပါးကို ရှင်းပြောလိုက်ယင် သူနဲ့တွဲဘက်ဖြစ်တဲ့ သမ္မာသင်္ကပ္ပစသော မဂ္ဂင်ခုနစ်ပါးကိုလဲ သိနိုင်ပါတယ်၊ ဒါကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်ကိုဘဲ ရှင်းပြမယ်။ ဒီမှာပြခဲ့တဲ့ အမှတ် (၁-ခ) အရ (ကံနှင့် ကံ၏အကျိုးရှိသည်ဟု အယူမှန်တာက သုစရိုက်သမ္မာဒိဋ္ဌိ) ဆိုတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဟာ မူလမဂ္ဂင်ပါဘဲ။ ဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိက အခြေခံဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်၊ ရှေးကလဲ ပြောခဲ့ပါပြီ၊ ကံ ကံ၏အကျိုးရှိတယ်လို့ မယုံကြည်ယင် အကုသိုလ်ကိုလဲ မရှောင်ဘူး၊ ဒါန သီလ စသောကုသိုလ်ကိုလဲ ပြုဘို့ခဲယဉ်းပါလိမ့်မယ်၊ မလွဲမရှောင်သာလို့ ပေးကမ်းတောင်မှ ဉာဏဝိပ္ပယုတ်ကုသိုလ်အညံ့စားလောက်သာ ဖြစ်မယ်၊ ဒီတော့ အဲဒီလိုလူဟာ အပါယ်ကျဘို့ကသာ များပြီး သုဂတိရောက်ဖို့ရာ မရှိသလောက်ဖြစ်နေလိမ့်မယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖို့ကတော့ ဝေးရော့ဘဲ။ ကံ ကံ၏အကျိုးရှိတယ်လို့ ယုံကြည်တဲ့သူမှာတော့ အကုသိုလ်ကိုလဲ ကြဉ်ရှောင်တယ်၊ ဒါန သီလ စသော ကုသိုလ်ကိုလဲ တတ်နိုင်သမျှ ပြုလုပ်တယ်၊ တရားနာတယ်၊ ဘာဝနာကိုလဲ အားထုတ်တယ်။ ဒါကြောင့် တရားထူးကို မရတောင်မှ သုဂတိကိုရောက်ပြီး ဘဝပေါင်းများစွာ ချမ်းသာသွားနိုင်တယ်။ ဝိပဿနာဘာဝနာအလုပ်ကိုလုပ်ပြီး ပုဗ္ဗဘာဂမဂ္ဂင်ခေါ်တဲ့ ဝိပဿနာမဂ္ဂင်ကိုလဲ ပွါးစေနိုင်တယ်။ အဲဒီဝိပဿနာမဂ္ဂင်ကို ဒီမှာ အမှတ် (၂-ခ) အမှတ် (၃-ဂ-ဃ) ဆောင်ပုဒ်များဖြင့် ပြထားတယ်။ အဲဒီလို ပြထားတဲ့အတိုင်း ပုဗ္ဗဘာဂဝိပဿနာမဂ္ဂင်ဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိကို အနုလောမဉာဏ်အထိ အပြည့်အစုံပွါးစေလျှင် မဂ္ဂသမ္မာဒိဋ္ဌိခေါ်တဲ့ အရိယမဂ္ဂင်ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သွားတော့တာဘဲ။ ဒါကြောင့်''ဖြစ်ပွါးစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန်ခေတ်''လို့ ဆိုထားပါတယ်။ အဲဒီလို ကမ္မဿကတာသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိ အရိယသမ္မာဒိဋ္ဌိတို့ကို အစဉ်အတိုင်းပွါးစေသောအားဖြင့် ဒုစရိုက်မိစ္ဆာဒိဋ္ဌိ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အဟေတုကဒိဋ္ဌိ ဝိသမဟေတုကဒိဋ္ဌိတို့ကို ပယ်ဘို့ရာ မြတ်စွာဘုရားက ဒီသုတ်မှာ——

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာဒိဋ္ဌိ၊ ကံ ကံ၏အကျိုးရှိသည်ဟု သိသောဉာဏ်, ရုပ်နာမ်သဘောတရားမျှသာ ရှိသည်ဟု သိသောဉာဏ်, အနိစ္စ ဒုက္ခ အနတ္တသဘောမျှဟု သိသောဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သောဉာဏ်-ဟူသော အယူမှန် အမြင်မှန် ရှိကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာ ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ဟောထားပါတယ်။

အဲဒီ ဩဝါဒတရားတော်နှင့်အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြဦးစို့။

သူများတွေက ကံ ကံ၏အကျိုး မရှိစသည်ဖြင့် အယူမှားကြမည့်နေရာမှာ ငါတို့ကတော့ ကံ ကံ၏အကျိုး ရှိသည့်စသည်ဖြင့် အယူမှန်စေမည်။ (ဝိပဿနာ အလုပ် အားမထုတ်နိုင်သေးတဲ့သူတွေက ကံ ကံ၏အကျိုးရှိသည်ဆိုတဲ့ ဒီအယူမှန် သမ္မာဒိဋ္ဌိနဲ့တော့ ပြည့်စုံအောင် အထူးဂရုစိုက်ကြရမယ်၊ မိမိတို့အတွက်သာ မဟုတ်သေးဘူး၊ မိမိတို့၏ သားသမီးကလေးများအတွက်လဲ ဒီသမ္မာဒိဋ္ဌိ အယူမှန်နှင့်ပြည့်စုံအောင် သင်ကြားပေးရမယ်၊ ဒီအယူမှန်မှ မရှိယင် မိရိုးဖလာ အားဖြင့် ဗုဒ္ဓသာသနာဝင်လို့ ဆိုရသော်လဲ ဗုဒ္ဓသာသနာဝင်အစစ် မဖြစ်ပဲ ရှိနေလိမ့်မယ်၊ နောက်ပြီးတော့ မိဘတွေက ဘုရားရှိခိုးခြင်း သီလဆောက်တည်ခြင်း ရေစက်ချပေးလှူခြင်း အစရှိတဲ့ ကုသိုလ်အမှုတွေကို ပြုနေတဲ့အခါမှာ ကံ ကံ၏ အကျိုးကို မယုံကြည်တဲ့ သားသမီးတွေက ရယ်စရာလိုလို အောက်မေ့ပြီး သူတို့မှာ အကုသိုလ်တွေ ပွါးနေတတ်တယ်၊ နောက်ပြီးတော့ ကြီးလာတဲ့အခါမှာ အိမ်ထောင်မှုစသော အကြောင်းတခုခုကြောင့် အခြားဘာသာဝင်လဲ ဖြစ်သွားတတ်တယ်၊ ဘာသာမဲ့ဆိုတဲ့ နတ္ထိကဘာသာဝင်လဲ ဖြစ်သွားတတ်တယ်၊ ဒါကြောင့် မိမိတို့၏ သားသမီးများကို ငယ်ငယ်ကတည်းက ဒီသမ္မာဒိဋ္ဌိ အယူမှန်နှင့် ပြည့်စုံအောင် သင်ကြားပေးထားကြရမယ်။ စွမ်းနိုင်သေးယင်တော့ ဝိပဿနာသမ္မာဒိဋ္ဌိ အရိယမဂ်သမ္မာဒိဋ္ဌိများနှင့် ပြည့်စုံအောင်လဲ အားထုတ်စေကြရမယ်။ ကဲ–ဆက်ဆိုကြ။)

## သလ္လေခသုတ်တရားတော်ကြီး

# အဋ္ဌမပိုင်း

၁၃၃၂-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈) ရက်နေ့ ဟောသည်။

### တရားအနုသန္ဓေ

သီတင်းကျွတ်လပြည့်နေ့က သလ္လေခသုတ်တရားတော်ထဲမှ မိစ္ဆတ္တဆယ်ပါးကို စပြီးဟောခဲ့တယ်၊ မိစ္ဆာဒိဋ္ဌိတပါးသာ ပြီးခဲ့တယ်၊ မိစ္ဆာသင်္ကပ္ပ အစရှိသော မိစ္ဆတ္တတရား ၉-ပါးကျန်နေသေးတယ်၊ အဲဒီ ၉-ပါးကို ဒီကနေ့ ပြီးအောင် ဟောရမယ်။ လဆုတ် (၈) ရက်ဟာ ဘုန်းကြီးဟောနေကျရက်မဟုတ်ပါဘူး၊ ဒါပေမဲ့ လဆုတ် ၁၂-ရက်မှာ မန္တလေးကို သွားဘို့ရာရှိနေတယ်၊ အဲဒီမှာ တလ ကျော်ကျော်လောက်ကြာမယ်၊ ဒါကြောင့် တန်ဆောင်မုန်းလပြည့်နေ့လဲ ဒီတရားကို ဆက်ဟောနိုင်မှာမဟုတ်ဘူး၊ အဲဒီတော့ ဒီတရားကို ကြားနာရတဲ့သူတွေမှာ အဆက်ဝေးသွားလိမ့်မယ်၊ အဲဒီလို အဆက်မဝေးရအောင်လို့ ဒီကနေ့ ဆက်ပြီး ဟောတာပါဘဲ။ ယခု မိစ္ဆာသင်္ကပ္ပက စပြီး ဟောရမယ်။

### ၁၂။ မိစ္ဆာသင်္ကပ္ပ–မှားစွာကြံခြင်း

ပရေ မိစ္ဆာသင်္ကပ္ပါ ဘဝိဿန္တိ၊ မယမေတ္ထ သမ္မာသင်္ကပ္ပါ ဘဝိဿာ-
မာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာသင်္ကပ္ပါ၊ မှားသောအကြံရှိကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာသင်္ကပ္ပါ၊ မှန်သောအကြံရှိကြကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

အကျဉ်းချုပ်ခေါင်းစဉ်မှာ မိစ္ဆာသက်ပ္ပ–မှားစွာကြံခြင်း-လို့ ပြထားတယ်၊ မှားသောအကြံဆိုတာနဲ့ အတူတူပါဘဲ။ အဲဒီ မှားသောအကြံဆိုတာက ဘာတွေလဲဆိုယင် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ဆိုတဲ့ ကြံစည်မှုတွေပါဘဲ။ အဲဒီမှာ ကာမဝိတက်ဆိုတာ လိုချင်နှစ်သက်စရာတွေကို ကြံစည်နေတာပါဘဲ၊ ဗျာပါဒဝိတက်ဆိုတာ သူတပါးကို သေကြေပျက်စီးစေဘို့ ကြံစည်နေတာပါဘဲ၊ ဝိဟိံသာဝိတက်ဆိုတာ သူတပါးကို ညှဉ်းဆဲဘို့ ကြံစည်နေတာပါဘဲ။ ဒါကြောင့် (က) အမှတ်ပြ ဆောင်ပုဒ်မှာ "လိုချင်နှစ်သက်စရာ ကြံစည်တာက ကာမဝိတက်၊ သေပျက်စေဘို့ရာ ကြံစည်တာက ဗျာပါဒဝိတက်၊ ညှဉ်းဆဲဘို့ရာ ကြံစည်တာက ဝိဟိံသာဝိတက်၊ ဤ အကြံအစည်သုံးပါးကို မိစ္ဆာသက်ပ္ပခေါ်သည်" လို့ ဆိုထားတယ်။ အဲဒါကို ဆိုကြရမယ်။

(က) လိုချင်နှစ်သက်စရာ ကြံစည်တာက ကာမဝိတက်၊ သေပျက်စေဘို့ရာ ကြံစည်တာက ဗျာပါဒဝိတက်၊ ညှဉ်းဆဲဘို့ရာ ကြံစည်တာက ဝိဟိံသာဝိတက်၊ ဤအကြံအစည်သုံးပါးကို မိစ္ဆာသက်ပ္ပခေါ်သည်။

ယခုလူတွေမှာ ဘယ်လိုဝိတက်အကြံအစည်တွေ အဖြစ်များနေသလဲ၊ မိစ္ဆာ-သက်ပ္ပခေါ်တဲ့ ဒီအကြံအစည်တွေ အဖြစ်များနေတာဘဲ၊ အဲဒီသုံးပါးထဲမှာလဲ ကာမဝိတက်ဆိုတာက အဖြစ်အများဆုံးဘဲ။ များပုံကတော့ လူတွေဟာ အများအားဖြင့် လိုချင်နှစ်သက်စရာတွေကို ကြံစည် စဉ်းစားနေကြတာဘဲ၊ စားဝတ်နေရေးနဲ့ စပ်ပြီးတော့လဲ ကြံနေကြရတယ်၊ ပေါင်းသင်းဆက်ဆံရေးနဲ့ စပ်ပြီးတော့လဲ ကြံနေကြရတယ်၊ ကြီးပွါးချမ်းသာရေးနဲ့စပ်ပြီးတော့လဲ ကြံနေကြရတယ်၊ အလုပ်အကိုင်နဲ့ စပ်ပြီးတော့လဲ ကြံနေကြရတယ်၊ ကိုယ်တွင်းရေးနဲ့စပ်ပြီး သန့်ရှင်းစင်ကြယ်ဘို့ လှပဘို့ သူတပါးကချစ်ခင်ဘို့ အသက်ရှည်ဘို့ ကျန်းမာဘို့ စားကောင်း အိပ်ကောင်းဘို့ စသည်ဖြင့်လဲ ကြံနေကြရတယ်၊ အဝတ်အထည်ကောင်း အဆင်တန်ဆာကောင်းတွေကို ရဘို့ စားဘွယ်သောက်ဘွယ် အကောင်းတွေကို ရဘို့ အိမ်ကောင်း အိပ်ရာနေရာကောင်းတွေကို ရဘို့ ယာဉ်ကောင်း ကားကောင်းတွေကို ရဘို့ စသည်ဖြင့်လဲ ကြံနေကြရတယ်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်တွေနဲ့ စပ်ပြီး

တော့လဲ လယ်ယာ မြေ ခြံ ဥယျာဉ် ကျွဲ နွား စသည် စက်ကိရိယာ စသည်ကို ရဘို့လဲ ကြံနေကြရတယ်၊ အိမ်ထောင်ရေး သားသမီးရေးနှင့် စပ်ပြီးတော့လဲ ကြံနေကြရတယ်၊ မရသေးတာတွေကိုလဲ ရဘို့ ရပြီးတွေကိုလဲ ထိန်းသိမ်း စောင့်ရှောက်ဘို့ စသည်ဖြင့်လဲ ကြံနေကြရတယ်၊ အိပ်ရာမှ နိုးကတည်းက အိပ်ပျော်သွားသည်အထိ လိုချင်နှစ်သက်စရာ ကာမဂုဏ်အာရုံတွေ ကြံနေကြ တာဘဲ များပါတယ်။ အဲဒါတွေဟာ ကာမဝိတက်တွေဘဲ။

အဲဒီ အကြံတွေထဲမှာ ကိုယ့်ကိစ္စ ကိုယ့်အကျိုးကို ငဲ့ပြီး ကြံနေတာကိုတော့ မှန်တဲ့အကြံလို့ ဆိုရမှာဘဲ၊ ဒါပေမဲ့ တရားမျက်စိနဲ့ ကြည့်လိုက်ယင်တော့ ကာမ ရာဂ ဆိုတဲ့ အကုသိုလ်နဲ့ ကြံနေတာ ဖြစ်တဲ့အတွက် မိစ္ဆာသင်္ကပ္ပ-မှားသော အကြံလို့ဘဲ ဆိုထားပါတယ်။ အဲဒီအထဲမှာ မလွှဲမရှောင်သာလို့ သုံးဆောင်ရေး အတွက် တရားသဖြင့် ကြံတာတွေကတော့ အပြစ်မကြီးပါဘူး၊ အဲဒါမျိုးကတော့ တရားအားထုတ်နေတဲ့ ရဟန်းတော်များတောင် ဆွမ်းခံသွားဘို့ စသည်ဖြင့် ကြံရသေးတာဘဲ၊ ဒါကြောင့် ဒီလို မလွှဲမကင်းသာလို့ တရားသဖြင့် ကြံတာ ကိုတော့ အပြစ်မရှိဘူးလို့ဘဲ ဆိုရပေလိမ့်မယ်။ ဒါပေမဲ့ ဘာဝနာအလုပ်ကို အားထုတ်နေတဲ့အချိန်အတွင်းမှာတော့ အဲဒီလို အကြံမျိုးကိုလဲ ကြာရှည်စွာ လက်ခံမထားရဘူး၊ ရှုမှတ်ပြီး ပယ်ရတယ်။

အပြစ်ကြီးတာကတော့ မရသင့် မရထိုက်တာကို မတရားသဖြင့် ကြံနေ တာတွေ၊ ရသင့် ရထိုက်ရာမှာလဲ အလွန်အကျွံ စိတ်ဝင်စားပြီး စွဲစွဲမြဲမြဲ ကြံနေ တာတွေ – ဒီလို ကာမဝိတက်တွေကိုတော့ အပြစ်ကြီးတယ်လို့ ဆိုရမှာဘဲ၊ ဘာကြောင့်လဲဆိုယင် အဲဒီလို ကာမဝိတက်တွေကတော့ အပါယ်ပဋိသန္ဓေကို မပေးတောင်မှ သံသရာရှည်လျားခြင်း၏ အကြောင်းဖြစ်တဲ့အတွက်ကြောင့် ပါဘဲ။ ဒါကြောင့် အဲဒီလို ကာမဝိတက်မျိုးကိုတော့ လက်မခံဘဲ ပယ်နိုင်ယင် အကောင်းဆုံးပါဘဲ။ နောက်ပြီးတော့ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသင့်တဲ့ ရှင်ရဟန်းတွေ ယောဂီတွေမှာ ဝိသဘာဂအာရုံနဲ့စပ်တဲ့ ကာမဝိတက်တွေကိုလဲ ပယ်သင့်တာဘဲ၊ ဝိသဘာဂအာရုံဆိုတာ အသွင်အပြင်ကွဲပြားတဲ့ မိန်းမနဲ့ ယောကျ်ားတွေကို ဆိုတာဘဲ။ ဒါကြောင့် ရှင်ရဟန်းတွေ အမျိုးသားယောဂီ တွေက မိန်းမအာရုံတွေကို မကြံဘို့၊ သီလရှင်တွေ အမျိုးသမီးယောဂီတွေက

ယောက်ျားအာရုံတွေကို မကြံဘို့ အရေးကြီးပါတယ်၊ အဲဒီ ဝိသဘာဂအာရုံတွေကို ကြံနေယင် အားထုတ်နေတဲ့ သမာဓိပညာဘာဝနာ ဆုတ်ယုတ်သွားတတ်တယ်၊ ဒါကြောင့် အဲဒီလို ကာမဝိတက်ကိုတော့ အထူးသဖြင့် ရှုမှတ်ပြီး ပယ်ဘို့ လိုပါတယ်။

နောက်ပြီးတော့ စိတ်ကူးထဲမှာ မုန်းစရာကောင်းတဲ့သူ ပေါ်လာယင် အဲဒီ ပုဂ္ဂိုလ်ကို သေပါစေ ပျက်ပါစေလို့ ကြံတတ်တယ်၊ သူဟာ ငါ့အကျိုးမဲ့ကို ပြုခဲ့ဘူးတယ်၊ ပြုနေတယ်၊ သူ့ကြောင့် ငါ့အကြံအစည် အလုပ်ကိစ္စတွေ ပျက်ရတယ် စသည်ဖြင့် စွဲချက်တင်ပြီးတော့ အဲဒီပုဂ္ဂိုလ်ရဲ့ သေရာ သေကြောင်းတွေကို ကြံစည်တောင့်တနေတတ်တယ်၊ သတ်ဖို့လဲ ကြံတတ်တယ်၊ အဲဒါဟာ ဗျာပါဒဝိတက်ပဲ။ ဒီဗျာပါဒဝိတက်က လူကိုကြံမှ ဖြစ်တာမဟုတ်ဘူး၊ မြွေ ကင်းတို့ ခြင် မှက် ကြမ်းပိုးတို့ ဒီလို အကောင်တွေကို သေစေချင်တာလဲ ဗျာပါဒဝိတက်ပဲ။ အဲဒီမှာ အန္တရာယ်ပြုမည့် မြွေ ကင်း ကျား အစရှိတဲ့ ရန်သူကိုသတ်ဖို့ ကြံတာကတော့ ကြံတဲ့သူဘက်ကနေကြည့်ယင် မှန်တဲ့အကြံ ကောင်းတဲ့အကြံလို့ ဆိုဘွယ်ရာရှိပါတယ်၊ ဒါပေမဲ့ အဲဒီလို ကြံတဲ့အတွက် ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကတော့ ကိုယ်လိုချင်တဲ့ကောင်းကျိုးချမ်းသာကို မပေးတတ်ဘူး၊ မလိုချင်တဲ့ မကောင်းကျိုး ဆင်းရဲကိုသာ ပေးတတ်တယ်၊ ဒါကြောင့် ဘယ်ကိစ္စ ဘယ်အကျိုးအတွက်ပဲ ကြံကြံ သေစေဘို့ သတ်ဖို့ကြံတဲ့ ဗျာပါဒဝိတက်ကို မိစ္ဆာသက်ပ္ပ–မှားသောကြံစည်မှုလို့ဘဲ ဆိုရပါတယ်။

နောက်ပြီးတော့ ကိုယ်မုန်းတဲ့သူကို သေအောင်တော့ မရည်ရွယ်ဘဲ ညှဉ်းဆဲနှိပ်စက်ဖို့လောက်သာ ကြံတာက ဝိဟိံသာဝိတက်တဲ့၊ အဲဒါက မုန်းတဲ့သူကို ရိုက်မယ် နှက်မယ် ဆဲဆိုကြိမ်းမောင်းမယ် ဆင်းရဲပင်ပန်းအောင် လုပ်မယ် စသည်ဖြင့် ကြံစည်နေတဲ့သဘောပါဘဲ။ အဲဒါက စေတနာကောင်းနဲ့ ဆုံးမဘို့ ကြံတာဆိုယင်တော့ အပြစ်မရှိဘူးလို့ ဆိုရမှာဘဲ၊ ဒေါသနှင့်ကြံတာဆိုယင်တော့ အပြစ်ရှိတယ်၊ ပြစ်မှားခံရတဲ့ပုဂ္ဂိုလ်မှာ သီလစသောဂုဏ်ရှိလေလေ အပြစ်ကြီးလေလေဘဲ။ ဒါကြောင့် အဲဒါကိုလဲ မိစ္ဆာသက်ပ္ပ–မှားသောအကြံလို့ ဆိုရတယ်။

အဲဒီမိစ္ဆာဝိတက်သုံးပါးအလိုအားဖြင့် သူတပါးတွေက မှားသောအကြံရှိနေကြရာမှာ ငါတို့ကတော့ မှန်သောအကြံရှိစေမယ်လို့ နှလုံးသွင်းဆောက်တည်ပြီး ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်တဲ့။

## သမ္မာသင်္ကပ္ပ–မှန်သောအကြံ

အဲဒီမှာ မှန်သောအကြံဆိုတာက ဘာလဲဆိုယင်– ခုတင်ကပြောခဲ့တဲ့ မိစ္ဆာသင်္ကပ္ပသုံးပါးရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သမ္မာသင်္ကပ္ပသုံးပါးပါဘဲ၊ နေက္ခမ္မဝိတက် အဗျာပါဒဝိတက် အဝိဟိံသာဝိတက်ဆိုတဲ့ ဒီသုံးပါးပါဘဲ။ အဲဒီသုံးပါးထဲမှာ နေက္ခမ္မဝိတက်ဆိုတာ ထွက်မြောက်ရေး ကြံစည်မှုပါဘဲ၊ ဘယ်လို ထွက်မြောက်ရေးလဲဆိုယင်–လိုချင်နှစ်သက်စရာ ကာမဂုဏ်မှ ထွက်မြောက်ဖို့ လိုချင်နှစ်သက်မှုမှ ထွက်မြောက်ဖို့ ကိလေသာမှ ထွက်မြောက်ဖို့ သံသရာမှ ထွက်မြောက်ဖို့ ကြံစည်မှုပါဘဲ၊ အဲဒါကို ဆောင်ပုဒ်မှာ "လိုချင်နှစ်သက်မှု ကင်းဘို့ရာ ကြံစည်တာက နေက္ခမ္မဝိတက်" လို့ အကျဉ်းချုပ်ဆိုထားတယ်။ အကျယ်ပြရယင်တော့ နေက္ခမ္မဆိုတဲ့ပုဒ်ကို အဋ္ဌကထာများမှာ ဒီလို ဖွင့်ပြထားပါတယ်။

> ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။
> သဗ္ဗေပိ ကုသလာ ဓမ္မာ၊ နေက္ခမ္မန္တိ ပဝုစ္စရေ–တဲ့။

ရှင်ရဟန်းပြုတာကိုလဲ နေက္ခမ္မ–ထွက်မြောက်ရေးလို့ ခေါ်တယ်၊ ပဌမဈာန်ကိုလဲ ထွက်မြောက်ရေးခေါ်တယ်၊ နိဗ္ဗာန်ကိုလဲ ထွက်မြောက်ရေး ခေါ်တယ်၊ ဝိပဿနာကိုလဲ ထွက်မြောက်ရေးခေါ်တယ်၊ ဒါန သီလစသော ကုသိုလ်တရားဟူသမျှကိုလဲ ထွက်မြောက်ရေးခေါ်တယ်တဲ့။ ဒီတော့ ရှင်ပြုဘို့ သီလရှင်ပြုဘို့ ရဟန်းပြုဘို့ကြံတာလဲ နေက္ခမ္မဝိတက်ပဲ၊ ဈာန်ရဘို့ သမထဘာဝနာအားထုတ်ဖို့ ကြံတာလဲ နေက္ခမ္မဝိတက်ပဲ၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ဘို့ ကြံတာလဲ နေက္ခမ္မဝိတက်ပဲ၊ ဝိပဿနာရှုဘို့ ကမ္မဋ္ဌာန်းကျောင်းဝင်ဘို့ ကြံတာလဲ နေက္ခမ္မဝိတက်ပဲ၊ ဒါနပြုဘို့ သီလဆောက်တည်ဘို့ တရားနာဘို့စသည်ဖြင့် ကုသိုလ်ကောင်းမှုတခုခုကိုပြုဘို့ ကြံတာလဲ နေက္ခမ္မဝိတက်ပဲ၊ အဲဒီထွက်မြောက်ရေးအကြံကို ကြံတိုင်းကြံတိုင်း ကံကံ၏အကျိုးရှိတယ်လို့ ယုံကြည်သိမြင်တဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်လဲ ပါဝင်တယ်၊ ပေးလှူဘို့ ကြံဆဲမှာလဲ ပါတယ်၊ ပေးလှူဆဲမှာလဲ ပါတယ်၊

သီလကျင့်ဘို့ကြံဆဲ သီလကျင့်ဆဲမှာလဲ ပါတယ်၊ ဘာဝနာအားထုတ်ဖို့ ကြံဆဲမှာလဲ ကံ ကံ၏အကျိုးရှိတယ်လို့ သိမြင်တဲ့သမ္မာဒိဋ္ဌိပါတယ်၊ သမထဘာဝနာအားထုတ်ဆဲမှာလဲ အခြေခံအဖြစ်ဖြင့် ပါတယ်၊ ဝိပဿနာရှုဆဲမှာတော့ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတဲ့ ဝိပဿနာဉာဏ် တမျိုးမျိုးပါတယ်။ ဒါကြောင့် သမ္မာသက်ပ္ပကို ပွါးစေလျှင်လဲ သမ္မာဒိဋ္ဌိပါ ပွါးတယ်၊ သမ္မာဒိဋ္ဌိကိုပွါးစေလျှင်လဲ သမ္မာသက်ပ္ပပါ ပွါးတယ်၊ ထို့အတူ အခြားသောမဂ္ဂင်တွေလဲ ထိုက်သည်အားလျော်စွာ ပွါးတယ်ဆိုတာ မှတ်ထားကြရမယ်။

နောက်ပြီးတော့ အဗျာပါဒဝိတက်ဆိုတာ ဗျာပါဒဝိတက်၏ဆန့်ကျင်ဘက်ပဲ၊ မသေမပျက်ကြစေဘို့ ချမ်းသာကြစေဘို့ရာ ကြံစည်မှုဘဲ၊ ချမ်းသာစေလိုတဲ့ မေတ္တာစေတ်ဖြင့် ကြံစည်မှုပါဘဲ၊ ဒါကြောင့် ဆောင်ပုဒ်မှာ "ချမ်းသာကြစေဘို့ရာ ကြံစည်တာက အဗျာပါဒဝိတက်" လို့ ဆိုထားတယ်။ နောက်ပြီးတော့ အဝိဟိံသာဝိတက်ဆိုတာ ဝိဟိံသာဝိတက်၏ ဆန့်ကျင်ဘက်ပဲ၊ သနားငဲ့ညှာပြီး ကြံစည်မှုပါဘဲ၊ သနားတဲ့ကရုဏာနှင့်ယှဉ်ပြီး ကြံစည်တာပါဘဲ။ လောကကြီးထဲမှာ လူတွေက ကိုယ်နဲ့စပ်တဲ့လူတွေ ကိုယ့်ဘက်ကလူတွေလောက်သာ အရေးပေးချင်ကြတယ်၊ ကိုယ်နဲ့ဆန့်ကျင်တယ် ထင်ရတဲ့သူတွေကိုတော့ ရန်သူလိုသဘောထားပြီး နှိပ်စက်ချင်ကြတယ်၊ သေပျက်စေချင်ကြတယ်၊ ဒီလို ကြံစည်တောင့်တမှုတွေက တော်တော်များနေတယ်၊ ဒီလိုကြံစည်မှုတွေ ပွါးများနေတဲ့ လောကထဲမှာ အတွင်းသားအပြင်သားမခွဲဘဲ မေတ္တာစေတ်ဖြင့် ချမ်းသာကြပါစေလို့ ကြံစည်မှု၊ ကရုဏာနဲ့ ဆင်းရဲမှုလွတ်ကြပါစေလို့ ကြံစည်မှုတွေဟာ အင်မတန် မွန်မြတ်ပါတယ်။

ဒါကြောင့် သူများတွေက မှားသောအကြံရှိကြမည့်နေရာမှာ ငါတို့ကတော့ မှန်သောအကြံရှိစေမည်ဟု နှလုံးသွင်းပြီး ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်လို့ ညွှန်ကြားတော်မူတဲ့ မြတ်စွာဘုရား၏ ဩဝါဒအတိုင်း သလ္လေခအကျင့်ကို ကျင့်သွားကြဘို့ပါဘဲ။ ဒီနေရာမှာ အလွန်မှတ်သားဖွယ်ကောင်းတဲ့ အလောင်းတော် သုမေဓာပုဏ္ဏား၏ နေက္ခမ္မဝိတက်ဖြစ်ပုံကို ထုတ်ပြချင်တယ်။

## သုမေခာ၏ နေကွမ္မဝိတက်

အမျှားတို့ ကြားဘူးကြပြီးဖြစ်တဲ့ ဘုရားအလောင်းတော် သုမေခာဆိုတာ လွန်ခဲ့တဲ့ လေးသင်္ချေနဲ့ကပ္ပါတသိန်းထက်က ဖြစ်ခဲ့တယ်၊ အဲဒီသုမေခာ ငယ်ရွယ်စဉ်မှာဘဲ သူ့မိဘတွေ ကွယ်လွန်သွားကြတဲ့အတွက် ဘဏ္ဍာစိုးက အလောင်းတော်သုမေခာပုဏ္ဏားကလေးအား မိဘဘိုးဘွား ခုနစ်ဆက်က စုဆောင်းလာခဲ့တဲ့ ပစ္စည်းတွေကို အပ်တယ်၊ ဘဏ္ဍာတိုက်တွေ ဖွင့်ပြပြီးတော့ ဒီပစ္စည်းတွေက သင့်မိဘလက်ထက်က ပစ္စည်းတွေဖြစ်တယ်၊ ဒီပစ္စည်းတွေကတော့ အဘိုးအဘွားလက်ထက်က ပစ္စည်းတွေဖြစ်တယ်၊ ဒီပစ္စည်းတွေကတော့ သင့်အဘေးလက်ထက်က, အဘေးရဲ့အဘလက်ထက်က ပစ္စည်းတွေ ဖြစ်တယ်စသည်ဖြင့် ဆွေမျိုးခုနစ်ဆက်တိုင်အောင် ဖော်ပြပြီး စာရင်းနှင့်တကွ ပစ္စည်းတွေကို အပ်တယ်။

အဲဒီအခါ အလောင်းတော်သုမေခာက ဆင်ခြင်တယ်၊ ပစ္စည်းတွေသာ ရှိတော့တယ်၊ ပစ္စည်းတွေကို စုဆောင်းထားခဲ့တဲ့ မိဘဘိုးဘွားတွေတော့ မရှိကြတော့ဘူး၊ ပစ္စည်းတွေကတော့ သူတို့ထားခဲ့တဲ့အတိုင်းဘဲ တည်နေကြတယ်၊ အဲဒီပစ္စည်းတွေက ပိုင်ရှင်တွေသေသွားကြတာလဲ မသိကြဘူး၊ သူတို့ကလဲ ဒီပစ္စည်းတွေကို လာပြီးမကြည့်ရှုနိုင်တော့ဘူး၊ ပစ္စည်းတခြား ပိုင်ရှင်လူတခြား ဖြစ်ကုန်ပြီ၊ ဒီပစ္စည်းတွေကို သူတို့ သုံးလဲသုံးမသွားကြဘူး၊ ယူလဲယူမသွားနိုင်ကြဘူး၊ ငါကတော့ ဒီပစ္စည်းတွေကို ယူသွားမယ်လို့ သူကကြံစည်တယ်။ ဘယ်လိုယူသွားမလဲဆိုတော့–အဲဒီပစ္စည်းတွေကို စွန့်ကြဲပေးလှူပြီးတော့ အနုဂါမိကဥစ္စာလို့ခေါ်တဲ့ ဒါနကုသိုလ်ကို ယူသွားဖို့ ကြံတာပါဘဲ။ အနုဂါမိကဥစ္စာဆိုတာ ကောင်းမှုရှင်နောက်သို့ အစဉ်လိုက်ပါလာတဲ့ ကုသိုလ်ပါဘဲ။

## ဥစ္စာ ၄-မျိုး

ဥစ္စာဆိုတာ ဇင်္ဂမဥစ္စာ ထာဝရဥစ္စာ အင်္ဂသမဥစ္စာ အနုဂါမိကဥစ္စာ-လို့ ၄-မျိုးရှိတယ်။ "ကျွန် ကျွဲ နွားစသည် လှုပ်ရှားတတ်တဲ့ သက်ရှိပစ္စည်းကို ဇင်္ဂမ၊ မလှုပ်ရှားတတ်တဲ့ သက်မဲ့ပစ္စည်းကို ထာဝရ"လို့ ဒီလို အဋ္ဌကထာမှာ ခွဲပြထားတယ်၊ ဒါပေမဲ့ ဒီမှာတော့ ပြောရိုးပြောစဉ်အတိုင်းဘဲ ခွဲပြမယ်။ ရွှေငွေ အဝတ်

အထည် အသုံးအဆောင်စသည် ပြောင်းလဲဘို့လွယ်ကူတဲ့ပစ္စည်းကို ဇင်္ဂမဥစ္စာလို့ မှတ်ရမယ်၊ အဲဒီပစ္စည်းမျိုးက မခိုင်မြဲဘူး၊ ကိုယ့်ဥစ္စာဟုတ်ပေမဲ့ သူခိုး ဓားမြ လူလိမ် အစရှိတဲ့ သူတပါးလက်ထဲရောက်နေယင် အဲဒီ သူတပါး၏ဥစ္စာဖြစ်သွားတော့တာဘဲ၊ ဥပမာ ဖောင်တိန်တို့ ခါးပိုက်ဆောင်နာရီတို့ ဒီလိုပစ္စည်းဟာ ခါးပိုက်နှိုက်သူခိုးက သူ့အိတ်ထဲထည့်ထားယင် သူ့ဟာဖြစ်သွားတော့တာဘဲ၊ အမှတ်အသား အထူးမရှိယင် သက်သေမရှိယင် ပြန်ရဘို့ ခက်ပါတယ်။ ဒါကြောင့် အဲဒီပြောင်းလဲဘို့လွယ်ကူတဲ့ ပစ္စည်းဟာ မခိုင်မြဲဘူး၊ ယခုကိုယ့်ဥစ္စာဖြစ်နေပေမဲ့ တော်တော်ကြာယင် သူတပါးဥစ္စာလဲ ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် အသုံးမလိုတဲ့ ရွှေငွေအစရှိသော ဇင်္ဂမဥစ္စာကို သူ့ထက်ခိုင်မြဲတဲ့ ထာဝရဥစ္စာဖြစ်အောင် ပြောင်းလဲထားရတယ်။ ထာဝရဥစ္စာဆိုတာ လယ်ယာ မြေ အိမ် တိုက် မြဲ-ဒီလို ပစ္စည်းတွေပါဘဲ၊ ဒီလိုပစ္စည်းတွေကတော့ တစုံတယောက်က တိတ်တဆိတ် ရွှေယူသွားလို့ မဖြစ်ဘူး၊ ဒါကြောင့် ဒီထာဝရပစ္စည်းက ဇင်္ဂမပစ္စည်းထက် ခိုင်မြဲတယ်။ ဒါပေမဲ့ အင်အားရှိတဲ့လူက သူပိုင်ပါတယ်၊ သူ့အမွေရထားတဲ့ ပစ္စည်းဖြစ်ပါတယ်စသည်ဖြင့် တရားစွဲဆိုပြီးယူယင် တချို့လူမှာ ဆုံးရှုံးသွားနိုင်သေးတယ်၊ နောက်ပြီးတော့ ခေတ်ကာလအလျောက် အပြောင်းအလဲကြောင့်လဲ ဆုံးရှုံးသွားနိုင်သေးတယ်၊ စိတ်မချရသေးဘူး၊ ဒါကြောင့် အဲဒီထာဝရဥစ္စာကို အင်္ဂသမဥစ္စာအဖြစ်သို့ ပြောင်းလဲနိုင်ယင် သာပြီးကောင်းတယ်။ အင်္ဂသမဥစ္စာ ဆိုတာ လက်ခြေစသော ကိုယ်အင်္ဂါနှင့်တူညီတဲ့ဥစ္စာလို့ ဆိုလိုပါတယ်၊ လက်ခြေစသော ကိုယ်အင်္ဂါတွေဟာ သွားရာမှာ အတူပါသွားတယ်၊ ကျန်နေရစ်တယ်လို့ မရှိဘူး၊ အဲဒါလိုဘဲ ဒီအင်္ဂသမဥစ္စာက သွားလေရာရာမှာ အတူပါလာတယ်၊ ဘယ်လိုဥစ္စာလဲဆိုယင် အသက်မွေးဝမ်းကျောင်းပညာပါဘဲ၊ ပန်းချီ ပန်းပုပညာဖြစ်ဖြစ်၊ ပန်းရံ လက်သမားပညာဖြစ်ဖြစ်၊ ဆေးပညာဖြစ်ဖြစ်၊ ကျောင်းဆရာအတတ်ပညာဖြစ်ဖြစ်၊ စာရေးစာချီအတတ်ပညာဖြစ်ဖြစ်၊ ဝတ္ထုဆောင်းပါးစသည် ရေးတဲ့ပညာဖြစ်ဖြစ်၊ ဥပဒေပညာဖြစ်ဖြစ်၊ အုပ်ချုပ်ရေးပညာဖြစ်ဖြစ်၊ အဆိုအကဘာက်က အနုပညာဖြစ်ဖြစ်၊ စိုက်ပျိုးရေးပညာဖြစ်ဖြစ်၊ စက်မှုပညာဖြစ်ဖြစ်—အဲဒီလို အသက်မွေးဝမ်းကျောင်းပညာ တခုခုကို ကောင်းကောင်းတတ်ထားယင် ရောက်လေရာရာမှာ ကိုယ့်ပညာဖြင့် လုပ်ကိုင်စားသောက်နိုင်တယ်၊ အဲဒီပညာကို သူများက လုယူလို့မရနိုင်ဘူး၊ ဒါကြောင့် မိမိတို့၏သားသမီးများ

ကို ငွေကုန်ခံပြီး ပညာသင်ပေးကြရတယ်၊ ဒါပေမဲ့ အဲဒီပညာကလဲ ဥပဒေအရ ပိတ်ပင်ထားယင်တော့ အသုံးချလို့မရဘဲလဲ ရှိတတ်သေးတယ်။ အဲဒါထက် ခိုင်မာတဲ့ ဥစ္စာကတော့ အနုဂါမိကဥစ္စာဘဲ၊ အနုဂါမိကဥစ္စာဆိုတာကတော့ ဒါန သီလအစရှိသော ကုသိုလ်ကံဖြစ်တဲ့အတွက် ဘယ်သူမှ ခိုးမယူနိုင်ဘူး၊ လုမယူနိုင်ဘူး၊ ကောင်းကျိုးမပေးနိုင်အောင် ဘယ်သူကမှ မပိတ်ပင်မတားမြစ်နိုင်ဘူး၊ သွားလေရာရာ ဘဝတိုင်းမှာ လိုက်ပါပြီးတော့လဲ အကျိုးပေးတယ်၊ ဒါကြောင့် ဒီအနုဂါမိကဥစ္စာကတော့ အခိုင်အမာဆုံးဘဲ၊ သုမေဓာပုဏ္ဏား ကလေးက မခိုင်မာတဲ့ ရွှေငွေအစရှိသော ဥစ္စာတွေကို အဲဒီအခိုင်အမာဆုံး အနုဂါမိကဥစ္စာအဖြစ်သို့ ပြောင်းလဲပြီးယူသွားဘို့ ကြံတာပါဘဲ။

ဒါကြောင့် အလောင်းတော်သုမေဓာဟာ အဲဒီပစ္စည်းတွေကို စွန့်ကြဲပေးလှူပြီးတော့ တောထွက် ရသေ့ရဟန်းပြုသွားပါတယ်၊ အရွယ်ကတော့(ဒဟရကာ- လေယေဝ–လို့ ဆိုထားတော့) အသက်(၁၆)နှစ် အနှစ်(၂၀)လောက်ပဲ ရှိပုံရပါသေးတယ်။ အဲဒီလို ငယ်ရွယ်စဉ်မှာဘဲ ရသေ့ရဟန်းပြုပြီး သမထဘာဝနာ အလုပ်ကို အားထုတ်တယ်၊ (၇)ရက်အတွင်းမှာဘဲ ဈာန်အဘိညာဉ်များကို ရတယ်လို့ ဆိုပါတယ်။ နောက်တချိန်ကျတော့ ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်းမှာ မိမိကိုယ်ကို တံတားခင်းလှူဒါန်းတယ်၊ အဲဒီအခါ ဒီပင်္ကရာဘုရားက နိယတဗျာဒိတ်ကို ပေးတော်မူပါတယ်။

အဲဒီမှာ အလောင်းတော်သုမေဓာက ရှိသမျှပစ္စည်းတွေ စွန့်ကြဲပေးကမ်း လှူဒါန်းဘို့ ကြံတာဟာ နေက္ခမ္မဝိတက်ခေါ်တဲ့ သမ္မာသင်္ကပ္ပဘဲ၊ ရသေ့ရဟန်း ပြုဘို့ ကြံတာလဲ နေက္ခမ္မဝိတက်ပဲ၊ ဈာန်အဘိညာဉ်ရအောင် အားထုတ်ဖို့ ကြံတာလဲ နေက္ခမ္မဝိတက်ပဲ၊ အဲဒါတွေဟာ ပွါးစေသင့်တဲ့ သမ္မာသင်္ကပ္ပ-ကောင်းသောအကြံအစည်တွေချည်းပါဘဲ၊ ဒီပင်္ကရာဘုရား၏ ခြေတော်ရင်းမှာ တံတားခင်းလှူဘို့ ဘုရားဆုပန်ဘို့ ကြံတာတွေလဲ သမ္မာသင်္ကပ္ပတွေဘဲ။

အဲဒါလိုဘဲ ယခုလူတွေမှာလဲ နေ့စဉ်နေ့တိုင်း ဘုရားရှိခိုးဘို့ ငါးပါးသီလ ဆောက်တည်ဘို့ ဆွမ်း စသည်ကို လှူဘို့ ကြံတာတွေဟာ နေက္ခမ္မဝိတက်တွေဘဲ၊ ယခုလို သီတင်းနေ့များမှာ ရှစ်ပါးသီလဆောက်တည်ဘို့ ဘုရားသွားဘို့ တရားနာဘို့ တရားအားထုတ်ဘို့ ကြံတာတွေလဲ နေက္ခမ္မဝိတက်တွေဘဲ။ အဲဒီမှာ

တရားအားထုတ်တာလဲ လိုချင်နှစ်သက်ဖွယ်အာရုံတွေကို စွန့်ပြီး အားထုတ်ရတာဘဲ၊ ဒါကြောင့် ကာမဂုဏ်အာရုံတွေကို အလိုရှိတိုင်း ကြံပြီး ပျော်မွေ့နေတဲ့သူတွေက တရားအားထုတ်ဘို့ရာ စိတ်မကူးနိုင်ဘူး၊ အဲဒီလိုလူကို တရားအားထုတ်ဖို့ သူများက တိုက်တွန်းပေမဲ့ တနည်းနည်းနဲ့ သူကအကြောင်းပြပြီး ရှောင်နေတတ်တယ်။

ပုဂ္ဂိုလ်တဦးတယောက်ကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ ချမ်းသာပါစေ၊ ချမ်းသာကြပါစေ လို့ မေတ္တာပို့နေတဲ့အခါမှာ အဗျာပါဒဝိတက်ဖြင်တယ်၊ လူတယောက်အတွက်ဖြစ်စေ၊ အများအတွက်ဖြစ်စေ၊ ချမ်းသာစေဘို့ ကြံစည်နေတဲ့အခါလဲ အဗျာပါဒဝိတက်ဖြစ်တယ်၊ သူတပါးချမ်းသာရာချမ်းသာကြောင်းကိစ္စကို နှုတ်ဖြင့် စီမံပေးတဲ့အခါ ကိုယ်ဖြင့် ကူညီဆောင်ရွက်တဲ့အခါတွေမှာလဲ အဗျာပါဒဝိတက်ဖြင်တယ်၊ အကြီးအကဲဖြစ်တဲ့သူတွေမှာ ကိုယ့်လက်အောက်က လူတွေ ချမ်းသာရေးအတွက် စီမံပြုလုပ်ကြတယ်၊ အဲဒီလိုအခါမှာလဲ ဒီအဗျာပါဒဝိတက်ဖြစ်တယ်။ ကဲ ယခု နှုတ်ဖြင့် ရွတ်ဆိုပြီး အဗျာပါဒဝိတက်နှင့် မေတ္တာဘာဝနာကို ပွားလိုက်ကြဦးစို့။

> အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ကိုယ်ချင်းစာတရားဖြင့် သနားကြင်နာပြီး ညှဉ်းဆဲမှုမှ ကြဉ်ရှောင်တဲ့အခါ ဆင်းရဲဒုက္ခရောက်နေကြတဲ့သတ္တဝါတွေကို ဆင်းရဲမှုလွတ်မြောက်ဖို့ ကြံတဲ့အခါ၊ ဆင်းရဲမှု လွတ်မြောက်အောင် စီမံပေးတဲ့အခါ၊ ကူညီဆောင်ရွက်တဲ့အခါတွေမှာ အဝိဟိံသာဝိတက်ဖြစ်တယ်၊ ဒီကရုဏာကတော့ စေတနာကောင်းနဲ့ သူနာကို ပြုစုတဲ့သူတွေ, ဆေးဆရာတွေမှာ များစွာဖြစ်တတ်ပါတယ်၊ ဆင်းရဲမှု လွတ်မြောက်ကြပါစေလို့ ကရုဏာပွားနေတဲ့အခါမှာတော့ ဒီအဝိဟိံသာဝိတက်ဟာ အများဆုံး ဖြစ်ပွါးတယ်။ ကဲ နှုတ်ဖြင့် ရွတ်ဆိုပြီး အဝိဟိံသာဝိတက်နှင့် ကရုဏာကို ပွားလိုက်ကြဦးစို့။ မကျန်းမမာဖြစ်ပြီး အတိဒုက္ခရောက်နေတဲ့သူတွေ၊ မျက်ရည်စက်လက်နဲ့ အတိဒုက္ခရောက်နေတဲ့သူတွေ၊ ဖြစ်မှုဖြစ်ရလေခြင်းလို့

ညည်းတွားပြီး ဒုက္ခရောက်နေတဲ့သူတွေ အဲဒီလိုပုဂ္ဂိုလ်တွေကို အထူးအာရုံပြုပြီး ပွါးကြရမယ်။

အားလုံးဆင်းရဲဒုက္ခရောက်နေကြတဲ့သူတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

ဝိပဿနာရှုဆဲမှာတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အကုသိုလ်ဝိတက်သုံးပါးကို ပယ်ပြီး ကုသိုလ်ဝိတက်သုံးပါးကို ပွါးနေသည်မည်တယ်။ ဘယ်လိုလဲဆိုယင် မြင်ဆဲခဏမှာ မြင်တာကို ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်ကို သိသွားယင် အဲဒီမြင်မှုနှင့်စပ်ပြီးတော့ ကာမဝိတက်လဲ မဖြစ်နိုင်တော့ဘူး၊ ဗျာပါဒဝိတက် ဝိဟိံသာဝိတက်တွေလဲ မဖြစ်နိုင်တော့ဘူး၊ ထို့အတူပင် ကြားဆဲခဏ နံ့ဆဲခဏ စားသိဆဲခဏ ထိသိဆဲခဏ ကြံသိဆဲခဏတွေမှာလဲ ရှုမှတ်ပြီး သဘောမှန်ကို သိသွားယင် အဲဒီကြားမှု စသည်နှင့်စပ်ပြီးတော့ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ဆိုတဲ့ အကုသိုလ်ဝိတက်တွေဟာ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ရှုမှတ်တိုင်း အဲဒီ အကုသိုလ်ဝိတက်သုံးပါး၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ နေက္ခမ္မဝိတက် အဗျာပါဒဝိတက် အဝိဟိံသာဝိတက်တွေကို ပွါးနေသည်မည်တယ်၊ ဆိုလိုရင်းကတော့ ရှုမှတ်မှုထဲမှာပါတဲ့ သမ္မာသင်္ကပ္ပ တပါးတည်းကပင် ကာမဝိတက်မဖြစ်နိုင်အောင် နေက္ခမ္မဝိတက်၏ ကိစ္စကိုလဲ ပြီးစေတယ်၊ ဗျာပါဒဝိတက် ဝိဟိံသာဝိတက်များ မဖြစ်နိုင်အောင် အဗျာပါဒဝိတက် အဝိဟိံသာဝိတက်တို့၏ ကိစ္စကိုလဲ ပြီးစေတယ်လို့ ဆိုလိုပါတယ်။ စဉ်းစားကြည့်ပါ၊ ရှုမှတ်တိုင်း မမြဲဘူး မမြဲဘူးလို့ သိနေယင် အဲဒီမမြဲတဲ့အာရုံကို လိုချင်နှစ်သက်မှုဖြစ်နိုင်ပါဦးမလား စိတ်ဆိုးပြီး ပြစ်မှားမှု ညှဉ်းဆဲလိုမှုများကော ဖြစ်နိုင်ပါဦးမလား၊ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ဝိပဿနာသမ္မာသင်္ကပ္ပတပါးတည်းက ကုသိုလ်ဝိတက်သုံးပါး၏ ကိစ္စကို ပြီးစေတယ်လို့ သိရပါတယ်။ ကဲ (ခ) အမှတ်ဆောင်ပုဒ်ကို ဆိုကြရမယ်။

(ခ) လိုချင်နှစ်သက်မှုကင်းဘို့ရာ ကြံစည်တာက နေက္ခမ္မဝိတက်၊ ချမ်းသာကြစေဘို့ရာ ကြံစည်တာက အဗျာပါဒဝိတက်၊ သနားငဲ့ညှာကာ ကြံစည်တာက အဝိဟိံသာဝိတက် ဤအကြံအစည်သုံးပါးကို သမ္မာသင်္ကပ္ပခေါ်သည်။

ဒါကြောင့် ယခု ဝိပဿနာရှုနေကြတဲ့ ယောဂီတွေလဲ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဒီသမ္မာသင်္ကပ္ပ သုံးပါးကို ပွါးနေကြတာဘဲ၊ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့ အခါကျတော့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ပြီး အရိယာမဂ်ဖြစ်တယ်၊ အဲဒီမဂ်ထဲမှာ ပါတဲ့ သမ္မာသင်္ကပ္ပကတော့ အကုသိုလ်ဝိတက်တွေ လုံးဝမဖြစ်ပေါ်နိုင်အောင် ထိုက်သည်အားလျော်စွာ ပယ်သွားတယ်။ ပဌမမဂ်မှာပါတဲ့ သမ္မာသင်္ကပ္ပက အပါယ်ကျစေနိုင်တဲ့ ကာမဝိတက်စသည်ကို ပယ်တယ်၊ ဒုတိယမဂ်မှာပါတဲ့ သမ္မာသင်္ကပ္ပက ကြမ်းတဲ့ ကာမဝိတက်စသည်ကို ပယ်တယ်၊ တတိယမဂ်မှာ ပါတဲ့ သမ္မာသင်္ကပ္ပက သိမ်မွေ့တဲ့ကာမဝိတက်စသည်ကို အကြွင်းမဲ့ ပယ်တယ်၊ အရဟတ္တမဂ်မှာပါတဲ့ သမ္မာသင်္ကပ္ပကတော့ ရူပတဏှာ အရူပတဏှာနှင့်ယှဉ်ဘက် အကုသိုလ်ဝိတက်ကို ပယ်တယ်။ အဲဒီလို မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ပယ်နိုင်သည် အထိ ကျင့်ကြံ အားထုတ်ဖို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာသင်္ကပ္ပါ၊ မှားသောအကြံရှိကုန် သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာ-သင်္ကပ္ပါ၊ မှန်သောအကြံရှိကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ဟောတော်မူပါတယ်။

ဟောတော်မူတဲ့ဝါရကတော့ ရှေးကလို ငါးဝါရပါဘဲ၊ အဲဒီငါးဝါရ သြဝါဒ တော်အရ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁၂) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက လိုချင်နှစ်သက်စရာကို ကြံခြင်း, သေပျက်စေဘို့ ကြံခြင်း, နှိပ်စက်ဖို့ ကြံခြင်းအားဖြင့် မှားသောအကြံရှိနေကြရာမှာ ငါတို့ကတော့ မှန်သောအကြံရှိစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ် မျိုးကို ဖြစ်စေမည်၊ အကြံမှားလမ်းဆိုးကို အကြံမှန်လမ်းကောင်းဖြင့် ရှောင်လွှဲ မည်၊ အကြံမှန်ဖြင့် အဆင့်အတန်းတက်မည်၊ အကြံမှား မိစ္ဆာသင်္ကပ္ပ ကိလေသာ မီးကို အကြံမှန် သမ္မာသင်္ကပ္ပရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၃။ မိစ္ဆာဝါစာ–မှားစွာပြောခြင်း

မိစ္ဆာဝါစာ-မှားစွာပြောခြင်းဆိုတာ မပြောသင့်တာကို ပြောဆိုမှုပါဘဲ၊ ရှေးပဋ္ဌမပိုင်း ဆဋ္ဌမပိုင်းမှာ ပြောခဲ့တဲ့ ဝစီဒုစရိုက် ၄-ပါးပါဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ "မုသာ, ပိသု, ဖရု, သမ္ဖ၊ ဤလေးဖြာ၊ မိစ္ဆာဝါစာ တည်း" လို့ ဆိုထားတယ်။ မုသာဝါဒ-လိမ်လည်ပြောဆိုခြင်း၊ ပိသုဏာဝါစာ-ချစ်ခင်ကြည်ညိုနေသူတွေကို ကွဲပြားအောင် ကုံးတိုက်ခြင်း၊ ဖရုသဝါစာ-နားမခံသာသော ဆဲရေးကျိန်ဆိုမှု စကားကြမ်းကို ဆိုခြင်း၊ သမ္ဖပ္ပလာပ-အနှစ်မဲ့ အပြိန်အဖျင်းစကားကို ပြောဆိုခြင်းဆိုတဲ့ ဝီစီဒုစရိုက် ၄-ပါးကို မိစ္ဆာဝါစာ-မှားသောစကားလို့ ဆိုတယ်။ အဲဒီစကားတွေဟာ ပြောတဲ့သူဘက်ကနေကြည့် ယင်တော့ သူ့အကျိုးပြီးစေဘို့ ဖြစ်တဲ့အတွက် မှန်တဲ့စကား ပြောသင့်တဲ့စကားလို့ ဆိုရပေလိမ့်မယ်၊ ဒါပေမဲ့ အပြောခံရတဲ့ပုဂ္ဂိုလ်မှာတော့ အဲဒီစကားတွေက အကျိုးမဲ့ကို ဖြစ်စေတယ်၊ အလွန်နှစ်နာစေတယ်၊ ပြောတဲ့သူမှာလဲ အဲဒီဝစီ ဒုစရိုက်ကြောင့် နောင်တချိန်ကျတော့ မကောင်းကျိုး ဆင်းရဲတွေကို ခံစားရမယ်၊ ဒါကြောင့် အဲဒီစကားတွေကို မိစ္ဆာဝါစာ-မှားသောစကား-မပြောသင့်သောစကားလို့သာ ဆိုရတယ်။

## သမ္မာဝါစာ-မှန်စွာပြောခြင်း

အဲဒီဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်တာကို သမ္မာဝါစာလို့ ခေါ်တယ်။ ဒါကြောင့် ဆောင်ပုဒ်မှာ "မိစ္ဆာဝါစာ၊ ရှောင်ကြဉ်တာ၊ သမ္မာဝါစာတည်း" လို့ ဆိုထားတယ်။ ကဲ အဲဒီဆောင်ပုဒ် ၂-ခုကို ဆိုကြရမယ်။

(က) မုသာ, ပိသု၊ ဖရု, သမ္ဖ၊ ဤလေးဖြာ၊ မိစ္ဆာဝါစာတည်း။ (ဆို)

(ခ) မိစ္ဆာဝါစာ၊ ရှောင်ကြဉ်တာ၊ သမ္မာဝါစာတည်း။ (ဆို)

အဲဒီသမ္မာဝါစာဖြင့် မိစ္ဆာဝါစာကို ပယ်ဘို့ရာ မြတ်စွာဘုရားက ငါးဝါရဘဲ ဟောထားပါတယ်၊ အဲဒီငါးဝါရ ဒေသနာအရ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁၃) အစိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက မိစ္ဆာဝါစာကို ပြောကြမည့်နေရာမှာ ငါတို့ကတော့ သမ္မာဝါစာနှင့် ပြည့်စုံစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မိစ္ဆာဝါစာကို သမ္မာဝါစာနှင့် ရှောင်လွှဲမည်၊ သမ္မာဝါစာနှင့် အဆင့်အတန်းတက်မည်၊ မိစ္ဆာဝါစာ ကိလေသာမီးကို သမ္မာဝါစာရေစင်ဖြင့် ငြိမ်းသတ်မည်။

ဒီနေရာမှာ သမ္မာဝါစာ-မှန်စွာပြောခြင်း-မှန်သောစကားလို့ ဆိုပေမဲ့ ပြောတဲ့စကားကိုတော့ ဆိုလိုတာမဟုတ်ဘူး၊ မုသာဝါဒစသည်ကို ပြောစရာရှိတဲ့အခါ မပြောဘဲ ရှောင်ကြဉ်မှုကိုသာ ဆိုလိုတယ်၊ အဲဒါကို ဝိရတီလို့ခေါ်တယ်၊ ဒါကြောင့် မုသာဝါဒစသည်ကို ရှောင်ကြဉ်ရုံမျှဖြင့် သမ္မာဝါစာ ဖြစ်တယ်။ ဒါကြောင့် ငါးပါးသီလ ကျင့်သုံးသူများမှာ “မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ” လို့ ဆောက်တည်ပြီးတော့ မုသာဝါဒမှလဲ ရှောင်ကြဉ်ရတယ်၊ ဝစီဒုစရိုက်အဖြစ်ဖြင့် သဘောတူတဲ့ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပတို့မှလဲ ရှောင်ကြဉ်ရတယ်။ အာဇီဝဋ္ဌမကသီလဆောက်တည်တဲ့သူမှာတော့ အဲဒီဝစီဒုစရိုက်လေးပါးလုံးမှ ရှောင်ကြဉ်ဘို့ အသီးအသီးဆောက်တည်ထားတဲ့အတွက် အထူးပြောစရာမလိုပါဘူး။ ဝိပဿနာရှုခိုက်မှာလဲ ရှုတိုင်း ရှုတိုင်း ဝစီဒုစရိုက်လေးပါးမှ တဒင်္ဂအားဖြင့် ရှောင်ကြဉ်မှုကိစ္စပြီးတယ်၊ ဒါကြောင့် ဝိပဿနာရှုဆဲ၌ တရားကိုယ်အားဖြင့် ဝိရတီမပါသော်လဲ ကိစ္စပြီးသောအားဖြင့် ပါဝင်တယ်လို့ဘဲ ဆိုသင့်ပါတယ်။ အရိယာမဂ်ခဏကျတော့ အဲဒီဝစီဒုစရိုက် ၄-ပါးကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ပယ်တယ်၊ အဲဒီအရိယာမဂ်အထိ ဒီသလ္လေခအကျင့်ကို ကျင့်သွားကြဘို့ပါဘဲ။

## ၁၄။ မိစ္ဆာကမ္မန္တ-မှားစွာပြုခြင်း

မိစ္ဆာကမ္မန္တ-မှားစွာပြုခြင်းဆိုတာ မပြုသင့်သောအမှုကို ပြုလုပ်တာပါဘဲ၊ ဒါကိုလဲ ပဌမပိုင်း ဒုတိယပိုင်း တတိယပိုင်းများမှာ ပြောခဲ့ပါပြီ၊ အဲဒီမှာ ပြောခဲ့တဲ့ ကာယဒုစရိုက် သုံးပါးပါဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ “သက်သတ်၊ ခိုးလု၊ ကာမေသု၊ အမှု မိစ္ဆာကံ”လို့ ဆိုထားတယ်။ ပါဏာတိပါတ-သူတပါး

အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါန-သူ့ဥစ္စာကို လုယက်ခိုးယူခြင်း၊ ကာမေ-သုမိစ္ဆာစာရ-မပိုင်မဆိုင်သော ကာမဝတ္ထုတို့၌ မှားယွင်းကျူးလွန်ခြင်းဆိုတဲ့ ဒီကာယဒုစရိုက် ၃-ပါးကို မိစ္ဆာကမ္မန္တ-မှားသော ပြုလုပ်မှုလို့ ဆိုတယ်။ အဲဒီ အမှုတွေဟာ ပြုတဲ့သူအနေနဲ့တော့ မှန်တဲ့အလုပ် ပြုသင့်တဲ့အလုပ်လို့ ဆိုချင် ပေလိမ့်မယ်၊ ဒါပေမဲ့ အပြုခံရတဲ့သူဘက်ကနေကြည့်ယင်တော့ မပြုသင့်တဲ့အမှု စင်စစ်ပါဘဲ၊ စဉ်းစားကြည့်ပါ၊ လူတယောက်၏ အကျိုးအတွက် ဖြစ်စေ၊ အများ၏အကျိုးအတွက်ဖြစ်စေ မိမိကို သတ်မည်ဆိုလျှင်၊ မိမိဥစ္စာကို လုယက် ခိုးယူမည်ဆိုလျှင်၊ မိမိ၏ မယား သားသမီးများကို ပြစ်မှားမည် ဆိုလျှင် ကောင်းတယ်လို့ ဆိုနိုင်ပါ့မလား၊ မကောင်းဘူး၊ အလွန်ဆိုးတဲ့အမှုလို့ဘဲ ဆိုကြ ပါလိမ့်မယ်၊ နောက်ပြီးတော့ ပြုတဲ့သူမှာလဲ အဲဒီ ကာယဒုစရိုက်ကြောင့် နောင်တချိန်ကျတော့ မကောင်းကျိုး ဆင်းရဲတွေကို ခံစားရမယ်၊ ဒါကြောင့် အဲဒီအမှုတွေကို မိစ္ဆာကမ္မန္တ-မှားသော ပြုလုပ်မှုလို့သာ ဆိုရတယ်။

## သမ္မာကမ္မန္တ-မှန်စွာပြုခြင်း

အဲဒီ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်တာကို သမ္မာကမ္မန္တ-လို့ ခေါ်တယ်။ ဒါကြောင့် ဆောင်ပုဒ်မှာ "သတ်, ခိုး, ကာမေ၊ ရှောင်ကြဉ်နေ၊ မှတ်လေ သမ္မာကံ"လို့ ဆိုထားတယ်။ အဲဒီ ဆောင်ပုဒ် ၂-ခုကို ဆိုကြရမယ်။

(က) သက်သတ်, ခိုးလု၊ ကာမေသု၊ အမှု မိစ္ဆာကံ။ (ဆို)

(ခ) သတ်, ခိုး, ကာမေ၊ ရှောင်ကြဉ်နေ၊ မှတ်လေ သမ္မာကံ။ (ဆို)

အဲဒီ သမ္မာကမ္မန္တဖြင့် မိစ္ဆာကမ္မန္တကို ပယ်ဘို့ရာ မြတ်စွာဘုရားက ငါးဝါရဘဲ ဟောထားပါတယ်၊ အဲဒီ ငါးဝါရဒေသနာအရ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြ ရမယ်။

## (၁၄) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက မိစ္ဆာကမ္မန္တကို ပြုကြမည့်နေရာမှာ ငါတို့ကတော့ သမ္မာ-ကမ္မန္တနှင့် ပြည့်စုံစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်။ ပ။ မိစ္ဆာ-

ကမ္မန္တကို သမ္မာကမ္မန္တနှင့် ရှောင်လွှဲမည်၊ သမ္မာကမ္မန္တနှင့် အဆင့်အတန်းတက်မည်၊ မိစ္ဆာကမ္မန္တကိလေသာမီးကို သမ္မာကမ္မန္တရေစင်ဖြင့် ငြိမ်းသတ်မည်။

ဒီနေရာမှာလဲ သမ္မာကမ္မန္တ-မှန်စွာပြုခြင်း-မှန်သောအလုပ်ဆိုတာ ပါဏာတိ-ပါတ စသော မိစ္ဆာကမ္မန္တမှ ရှောင်ကြဉ်မှု-ဝိရတီကိုသာ ဆိုလိုတယ်၊ ဒါကြောင့် သတ်ခြင်း စသည်မှ ရှောင်ကြဉ်ရုံမျှဖြင့် သမ္မာကမ္မန္တဖြစ်တယ်၊ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ဆောက်တည်ပြီး အဲဒီ ဆောက်တည်ထားတဲ့အတိုင်း ရှောင်ကြဉ်နေကြတဲ့သူတွေမှာ ဒီသမ္မာကမ္မန္တ ဖြစ်နေတယ်၊ ရှောင်ကြဉ်လိုတဲ့စိတ် ဖြစ်တိုင်း ဖြစ်တိုင်း ဒီသမ္မာကမ္မန္တ ဖြစ်တယ်၊ ဝိပဿနာရှုတဲ့အခါလဲ ရှုတိုင်း ရှုတိုင်း ဝိရတီစေတသိက်မပါသော်လဲ တဒင်္ဂ အားဖြင့် သတ်မှု စသည်မှ ရှောင်ကြဉ်မှုကိစ္စ ပါဝင်ပြီးစီးတယ်။ အရိယာမဂ် ခဏကျတော့ အဲဒီ ကာယဒုစရိုက်ဆိုတဲ့ မိစ္ဆာကမ္မန္တကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်တယ်၊ အဲဒီ အရိယာမဂ်အထိ ဒီသလ္လေခအကျင့်ကို ကျင့်သွားကြဘို့ပါဘဲ။

## (၁၅) မိစ္ဆာအာဇီဝ-မှားစွာအသက်မွေးခြင်း

မိစ္ဆာအာဇီဝ-မှားစွာ အသက်မွေးခြင်း ဆိုတာ မတရားတဲ့နည်းဖြင့် ပစ္စည်း ရှာပြီး မိမိကိုယ်ကို မွေးမြူတာပါဘဲ။ အဲဒါက ဘာတွေလဲဆိုယင် လူများမှာ ပါဏာတိပါတ အစရှိသော ဒုစရိုက်အမှုဖြင့် စီးပွါးရှာတာဟာ မိစ္ဆာအာဇီဝဘဲ၊ အဲဒီ ပါဏာတိပါတ အစရှိသော အကုသိုလ်အလုပ်တွေက အသက်မွေး ဝမ်းကျောင်း စီးပွါးရေးအတွက် လုပ်ကိုင်တာလဲ ရှိတယ်၊ စီးပွါးရေးအတွက် မဟုတ်ပဲ လောဘ ဒေါသအလျောက် သက်သက်လုပ်ကိုင်တာလဲ ရှိတယ်၊ စီးပွါးရေးအတွက်မဟုတ်ပဲ လောဘ ဒေါသအလျောက် ပြုလုပ်တဲ့ ကာယကံ ဝစီကံကို မိစ္ဆာကမ္မန္တ မိစ္ဆာဝါစာလို့ ခေါ်တယ်၊ မိစ္ဆာအာဇီဝလို့တော့ မခေါ်ရဘူး။ အသက်မွေးဝမ်းကျောင်း စီးပွါးရေးအတွက် လုပ်တဲ့ ကာယကံ ဝစီကံ ကိုတော့ မိစ္ဆာအာဇီဝလို့ ခေါ်တယ်။ ပုံစံထုတ်ပြရယင် – ဒေါသအလျောက် ခြင် မှက် ကြမ်းပိုး ကြွက် မြွေ စသည်ကို သတ်တာ၊ ရန်သူကို သတ်တာ – ဒီလိုအမှုက မိစ္ဆာကမ္မန္တသာ မည်တယ်၊ မိစ္ဆာအာဇီဝ မမည်ဘူး၊ စီးပွါးရေး

အတွက် ရောင်းဘို့ ကြက် ဝက် ဆိတ် ငါး စသည်ကို သတ်ယင်၊ မိမိတို့ကိုယ်တိုင် ချက်စားဘို့ သတ်ယင် အဲဒါက မိစ္ဆာအာဇီဝမည်တယ်။ သူတပါးဥစ္စာ လုယက် ခိုးယူတာကတော့ အသက်မွေးဝမ်းကျောင်း စီးပွါးရေးအတွက်ပဲ များပါ လိမ့်မယ်၊ ဒါကြောင့် လုယက်ခိုးယူတာကတော့ မိစ္ဆာအာဇီဝဘဲ များပါ လိမ့်မယ်။ မုန်းလို့ ပျက်စီးအောင် ခိုးယူတာ၊ ဝါသနာပါလို့ ခိုးယူတာ၊ ဒီလိုဟာ လောက်ပဲ မိစ္ဆာကမ္မန္တထဲ ဝင်ပါလိမ့်မယ်။ ကာမေသုမိစ္ဆာစာရကတော့ အသက် မွေးဝမ်းကျောင်းနဲ့ မဆိုင်တာကဘဲ များပါလိမ့်မယ်၊ အခကြေးငွေကို ယူပြီး အမျိုးသမီးများကို ဖျက်ဆီးယင်၊ သို့မဟုတ် အမျိုးသမီးများကို ဖျက်ဆီးပြီး စီးပွါးရှာယင် အဲဒါတွေကတော့ မိစ္ဆာအာဇီဝဘဲ။

မုသာဝါဒကတော့ စီးပွါးရေးအတွက်မဟုတ်ပဲ လိမ်ပြောယင် မိစ္ဆာဝါစာဘဲ၊ အရောင်းအဝယ်စသည် စီးပွါးရေးအတွက် လိမ်ပြောယင်တော့ မိစ္ဆာအာဇီဝဘဲ။ ထို့အတူ စီးပွါးရေးအတွက်မဟုတ်တဲ့ ပိသုဏာဝါစာက မိစ္ဆာဝါစာဘဲ၊ စီးပွါးရေး အတွက် ပြောဆိုတဲ့ ပိသုဏာဝါစာကတော့ မိစ္ဆာအာဇီဝဘဲ၊ ယခုကာလမှာ အချို့ ဝါဒဖြန့်တယ် ဆိုတာတွေဟာ မိစ္ဆာအာဇီဝထဲမှာ ပါဝင်တဲ့ ပိသုဏာ-ဝါစာတွေ ဖြစ်နေတတ်ပါတယ်၊ ကြောက်စရာလဲ ကောင်းပါတယ်။ ဖရုသဝါစာ ကတော့ စီးပွါးရေးအတွက် ပြောရတာ နည်းပါလိမ့်မယ်။ သမ္ဖပ္ပလာပကတော့ ခေတ်ပေါ်ဝတ္ထုရေးတာ ပြဇာတ်ရေးတာ ထိုးဇာတ်ဖြင့် ကပြတာ ရုပ်ရှင်ပြတာ စသည်ဖြင့် မိစ္ဆာအာဇီဝအလုပ်တွေ တော်တော်များများ ရှိပါတယ်။

အဲဒီ မိစ္ဆာအာဇီဝတွေဟာ "သတ်မှု ခိုးမှု လိမ်လည်မှု စသည်မှ ရှောင်ကြဉ် ရမယ်"ဆိုတဲ့ ကိုယ်ကျင့်တရားနှင့် ကင်းကွာပြီး ပြုလုပ်တဲ့အမှုတွေချည်းဘဲ၊ ဒါကြောင့် ဆောင်ပုဒ်မှာ "တရားမဲ့စွာ၊ ပစ္စည်းရှာ၊ မိစ္ဆာအာဇီဝ" လို့ ဆိုထား တယ်။ ငါးပါးသီလစောင့်တဲ့လူမှာ သိက္ခာပုဒ်ငါးပါးကို ဆောက်တည်ခြင်းဖြင့် ယခုပြောခဲ့တဲ့ မိစ္ဆာအာဇီဝခုနစ်ပါးလုံးကို ရှောင်ကြဉ်ရတယ်၊ အာဇီဝဋ္ဌမက သီလ ဆောက်တည်တဲ့သူမှာတော့ မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်ဘို့ရာ သီးသန့် ဆောက်တည်တဲ့အတွက် အလွန်ထင်ရှားနေပါတယ်။ အဲဒီ မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်ပြီး ကိုယ်ကျင့်တရားနှင့် မကင်း မကွာဘဲ တရားသဖြင့် ပစ္စည်းရှာ

တာက သမ္မာအာဇီဝဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ "တရားမကွာ၊ ပစ္စည်းရှာ၊ သမ္မာအာဇီဝ"လို့ ဆိုထားတယ်။ အဲဒီ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(က) တရားမဲ့စွာ၊ ပစ္စည်းရှာ၊ မိစ္ဆာအာဇီဝ။ (ဆို)

(ခ) တရားမကွာ၊ ပစ္စည်းရှာ၊ သမ္မာအာဇီဝ။ (ဆို)

## သမ္မာအာဇီဝ-မှန်စွာအသက်မွေးခြင်း

အဲဒီမှာ တရားမကွာ ဆိုတာ မသတ်ခြင်း မခိုးခြင်း မလိမ်ခြင်း အစရှိသော ကိုယ်ကျင့်တရားနှင့် မကင်းမကွာစေဘဲ တရားသဖြင့် ပစ္စည်းရှာတာကို ဆိုလိုပါတယ်၊ အဲဒါကို ရှေးရှေးဆရာမြတ်တွေက ကောင်းသော လယ်လုပ်ခြင်း ကောင်းသော ကုန်သွယ်ခြင်း စသည်ဖြင့် အသက်မွေးတာကို သမ္မာအာဇီဝလို့ ပြဆိုခဲ့ကြပါတယ်။ အဲဒီမှာ ကောင်းသော လယ်လုပ်ခြင်း ဆိုတာကတော့ ထင်ရှားပါတယ်၊ သူတပါးကို နှိပ်စက်ညှဉ်းဆဲခြင်း မရှိဘဲ ကိုယ့်ဟာကိုယ် အပင်ပန်းခံပြီးတော့ လယ်ယာ ခြံဥယျာဉ်များကို စိုက်ပျိုးပြီး အသက်မွေးတာပါဘဲ။ ကောင်းသော ကုန်သွယ်ခြင်း ဆိုတာကတော့ သူတပါးကို နှိပ်စက်ခြင်း သတ်ဖြတ်ခြင်းလဲ မရှိဘဲ လုယက်ခိုးယူခြင်း လိမ်လည်လှည့်စားခြင်းလဲ မရှိဘဲ ဝယ်တဲ့အခါ တန်ရာ တန်ဘိုးကို အပြည့်ပေးပြီး ဝယ်တယ်၊ ရောင်းတဲ့အခါလဲ အများရောင်းဝယ်နေကြတဲ့ ဈေးနှုန်းအတိုင်း မှန်ကန်စွာ ရောင်းတယ်၊ ရှေးခေတ်တုန်းက ဆိုယင် တဆယ်တန်ပစ္စည်းအပေါ်မှာ တကျပ်လောက် အမြတ်တင်ပြီး ရောင်းတာတောင် သိပ်မရှိလှပါဘူး၊ လောဘတွေ အားကြီးလာတဲ့ နောက်ခေတ်မှာတော့ တဆယ်တန်ပစ္စည်းအပေါ်မှာ တဆယ်မက အမြတ်တင်ရောင်းတာတွေလဲ ပေါ်လာတယ်၊ အဲဒါမျိုးကိုတော့ ကောင်းသော ရောင်းခြင်းလို့ မဆိုသင့်ပေဘူး။ အဲဒီလို မတရားသဖြင့် အမြတ်ရအောင်လဲ မလုပ်ပဲ ခေတ်ကာလအလျောက် တန်ရာ တန်ဘိုးဖြင့် ပစ္စည်းရော ဈေးနှုန်းရော မှန်ကန်စွာ ရောင်းတာကို တရားသဖြင့် ရောင်းတယ်လို့ ဆိုလိုပါတယ်။

အဲဒီလို မှန်ကန်စွာရောင်းယင် ရောင်းတဲ့သူမှာလဲ အကျိုးများပါတယ်။ ၁၂၉၀-ခုနှစ်ဆီက မန္တလေးမြို့ ဈေးချိုတော်ကြီးထဲမှာ ကျူလယာကုန်စုံ

ရောင်းတဲ့ ကိုညဏ်ဆိုတဲ့ ဗုဒ္ဓဘာသာဝင် ဗမာဈေးသည်တယောက် ရှိခဲ့တယ်၊ သူက ဝယ်မည့်သူရောက်လာယင် "ကျွန်တော် ဘယ်ဟာကို ပေးရမလဲခင်ဗျား" စသည်ဖြင့် အပြောလဲ ချိုတယ်၊ ဈေးနှုန်းကိုလဲ ပိုမပြောဘူး၊ အတိအကျသာ ပြောတယ်၊ ဝယ်တဲ့သူက ဈေးဆစ်ယင် "မလျှော့နိုင်ပါဘူးခင်ဗျား၊ ဒီတကျပ်တန် ပစ္စည်းအပေါ်က ကျွန်တော်နှစ်ပြားသာ အမြတ်ရပါတယ်" စသည်ဖြင့် အမှန် အတိုင်း ပြောပြီးရောင်းတယ်၊ ကလေးသူငယ် လာဝယ်ယင်လဲ သူကတော့ ပစ္စည်းမှန် ဈေးမှန်အတိုင်း ရောင်းလိုက်တာဘဲ၊ မတော်တဆ မှားသွားယင် ပြန်ပြီး လဲ-ပေးတယ်၊ ဒါကြောင့် သူ့ဆိုင်မှာ ရောင်းတဲ့သူ လေး-ငါးယောက်ဟာ လက်မလည်နိုင်အောင် ရောင်းနေရတယ်။ အဲဒီလို ရောင်းနေတာကို မြင်ရတော့ သမ္မာအာဇီဝ ရောင်းနည်းဘဲ၊ ကောင်းပါပေတယ်လို့ ချီးမွမ်းမိတယ်။

နောက်ပြီးတော့ အစိုးရလခစားဖြစ်စေ၊ ပုဂ္ဂလိက လခစားဖြစ်စေ၊ အထုပ် အပိုး သယ်ယူပို့ဆောင်ပေးတဲ့ အလုပ်သမားဖြစ်စေ၊ တာဝန်ဝတ္တရား ကျေပြွန် အောင် လုပ်ယင်၊ ရသင့်တဲ့အခထက် ပိုမယူယင် အဲဒါလဲ သမ္မာအာဇီဝဘဲ။ ယာဉ် ရထားဖြင့် ပို့ဆောင်တဲ့လူတွေ၊ လှေသမ္ဗာန်ဖြင့် ပို့ဆောင်တဲ့လူတွေ၊ အဲဒီလို အလုပ်သမားတွေလဲ ထိုက်တန်သလောက်သာ အခယူပြီး တာဝန်ကျေအောင် ဆောင်ရွက်ယင် သမ္မာအာဇီဝဘဲ။

## ရဟန်းတို့၏ မိစ္ဆာအာဇီဝနှင့် သမ္မာအာဇီဝ

ရဟန်းများမှာတော့ လူများမှာလို သိက္ခာပုဒ် ခုနစ်ပါးမျှသာ မဟုတ်ဘူး၊ တော်တော်ကျယ်ဝန်း များပြားပါသေးတယ်၊ ဆွေမျိုးမတော်သောသူ ဖိတ်မန် ထားခြင်း မရှိသောသူတွေထံမှ ဆွမ်း သင်္ကန်း ကျောင်း ပစ္စည်းတို့ကို နှုတ်ဖြင့် မတောင်းကောင်းဘူး၊ တောင်းလို့ရလာတဲ့ပစ္စည်းကို မိမိလဲ မသုံးကောင်းဘူး၊ အခြားရဟန်းများလဲ မသုံးကောင်းဘူး၊ ယခုကာလမှာ ခွက်ထိုး အလှူခံနေကြ တာကတော့ အလွန်မသင့်လျော်တဲ့အမှုပါဘဲ၊ ဆွမ်း သင်္ကန်းများကို လှူချင် အောင် အရိပ်နိမိတ်ပြခြင်း ပရိယာယ်ပြောဆိုခြင်းများတောင် မပြုကောင်းဘူး၊ အဲဒီလို တောင်းရမ်းခြင်း အရိပ်နိမိတ်ပြခြင်း ပရိယာယ်ပြောခြင်းတို့ဖြင့် ရလာတဲ့ ပစ္စည်းကို သုံးယင် မိစ္ဆာအာဇီဝဖြစ်တယ်။

နောက်ပြီးတော့ ဒကာ ဒကာမချားအား ပန်းပေးခြင်း သစ်သီးပေးခြင်း မုံ့ပေးခြင်း စသည်ဖြင့် ရင်းနှီးအောင် ကြည်ညိုအောင် လုပ်တာကို ကုလဒူသန ခေါ်တယ်၊ ဒကာ ဒကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးမှုလို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ပန်း သစ်သီး မုံ့စသည်ကို ပေးတာဟာ မကြည်ညိုသေးတဲ့သူကို ကြည်ညိုအောင် ပြုလုပ်ခြင်းဖြစ်၍ သဒ္ဓါတရားဖြစ်အောင် လုပ်တာမဟုတ်လား လို့ မေးစရာရှိပါတယ်၊ မဟုတ်ဘူးလို့ဘဲ ဖြေရမယ်၊ ဘာကြောင့်လဲဆိုယင် ရဟန်းသံဃာကို ကြည်ညိုတယ်ဆိုတာဟာ သီလအစရှိသောဂုဏ်ကို အာရုံပြုပြီး ကြည်ညိုမှ သဒ္ဓါအစစ်ဖြစ်တယ်၊ ပန်းပေးခြင်း စသည်ဖြင့် ရင်းနှီးအောင်လုပ်ယင် သီလအစရှိသောဂုဏ်ကို အာရုံပြုပြီး ကြည်ညိုတဲ့ မူလသဒ္ဓါအစစ်ဟာ ပျက်သွား တယ်၊ ပန်းပေးခြင်း စသည်ပြုတဲ့ရဟန်းကိုသာ ကြည်ညိုတော့တယ်၊ မပေးတဲ့ ရဟန်းကောင်းတွေကို ကြည်ညိုရမှန်းမသိဘဲ ဖြစ်သွားတယ်၊ ပေးတဲ့ရဟန်းကို ကြည်ညိုတယ်ဆိုတာလဲ သဒ္ဓါမဟုတ်တော့၊ လူအချင်းချင်းလို ခင်မင်ခြင်းမျှသာ ဖြစ်တယ်၊ ဒါကြောင့် ပန်း သစ်သီး မုံ့စသည်ကိုပေးခြင်း, ဒကာ ဒကာမတို့ကို အောက်ကျို့၍ ပေါင်းခြင်း, အစေအပါးခံခြင်း, ကလေးထိန်းခြင်း, ဆေးကု ခြင်း, ဗေဒင်ဟောခြင်း အစရှိတဲ့ ကုလဒူသန မိစ္ဆာဇီဝအမှုတွေကို မပြုကောင်း ဘူး၊ အဲဒီလိုအမှုတွေကို ပြုလို့ ရလာတဲ့ပစ္စည်းကို မသုံးကောင်းဘူး၊ သုံးယင် မိစ္ဆာအာဇီဝဖြစ်တယ်။

နောက်ပြီးတော့ အုံ့ဩဖွယ်ဖြစ်အောင် ဟန်ဆောင်မှုမျိုးကိုလဲ မပြုကောင်း ဘူး၊ အဲဒီဟန်ဆောင်မှုက သုံးမျိုးရှိတယ်၊ (၁) ပစ္စည်းကို မလိုချင်ယောင် ဟန်ဆောင်တာက တမျိုး၊ (၂) ဈာန်မဂ်ဖိုလ်တရားထူးရယောင် ဟန်ဆောင် တာက တမျိုး၊ (၃) တရားကျင့်နေယောင် ဟန်ဆောင်တာက တမျိုး။ အဲဒီ သုံးမျိုးပါဘဲ။ အဲဒီထဲမှာ (၁) ပစ္စည်းကို မလိုချင်ယောင် ဟန်ဆောင်ပုံကတော့ ဒကာ ဒကာမတွေက သင်္ကန်း ဆွမ်း စသည်ကို လှူတဲ့အခါ "ဒီလိုသင်္ကန်းကောင်း ဆွမ်းကောင်းတွေ မလိုပါဘူး၊ ပံ့သကူသင်္ကန်း ဆွမ်းခံ ဆွမ်းလောက်သာ လိုပါ တယ်" စသည်ဖြင့်ပြောပြီး လက်မခံဘဲ ငြင်းပယ်တယ်၊ ဒကာ ဒကာမတွေက သဒ္ဓါပွါးပြီး ထပ်ကာ ထပ်ကာ လျှောက်မှ အလှူခံတယ်၊ အဲဒီလိုအခါကျတော့

လျှုတိုင်းလျှုတိုင်း လက်ခံတယ်၊ အဲဒါဟာ မလိုချင်ယောင် ဟန်ဆောင်ပြီး ပစ္စည်းရှာတဲ့ မိစ္ဆာဇီဝတမျိုးပါဘဲ။

(၂) တရားထူးရယောင် ဟန်ဆောင်ပုံကတော့ ဒီလိုသက်န်းကို ဝတ်ရုံတဲ့ ရဟန်းဟာ တန်ခိုးကြီးတယ်၊ ဈာန်အဘိညာဉ်ရတယ်၊ အရိယာဘဲ ရဟန္တာဘဲ၊ ဒီလိုကျောင်းမှာနေတဲ့ရဟန်းဟာ တန်ခိုးကြီးတယ်၊ ဈာန်အဘိညာဉ်ရတယ်၊ အရိယာဘဲ ရဟန္တာဘဲ စသည်ဖြင့် မိမိကို ရည်ရွယ်ပြီး ပြောတယ်၊ အဲဒါလဲ ဟန်ဆောင်ပြီး ပစ္စည်းရှာတဲ့ မိစ္ဆာဇီဝ တမျိုးဘဲ။

(၃) တရားကျင့်ယောင် ဟန်ဆောင်ပုံကတော့ တရားအားထုတ်ခြင်းမရှိပါဘဲ အားထုတ်နေသောယောဂီကဲ့သို့ ငြိမ်သက်သိမ်မွေ့စွာ ဖြည်းညှင်းစွာ ဟန်ဆောင်ပြီးသွားနေတယ်၊ ဟန်ဆောင်ပြီး ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ကွေးခြင်း ဆန့်ခြင်း စသည်တို့ကို ပြုတယ်၊ သမာဓိရနေသကဲ့သို့ ဈာန်ဝင်စားနေသကဲ့သို့ဟန်ဆောင်ပြီး ထိုင်ခြင်း စသည်ကို ပြုတယ်။ အဲဒါလဲ ဟန်ဆောင်ပြီး ပစ္စည်းရှာတဲ့ မိစ္ဆာဇီဝ တမျိုးဘဲ။

နောက်ပြီးတော့ သူတပါးစိတ်ကို သိလေယောင် ဟန်ဆောင်ပြောတာလဲ ရှိတယ်၊ တရားဟောနေရင်း "ဟိုအနားက ဒကာမကြီးတယောက် စိတ်တွေပျံ့လွင့်နေတယ်၊ စူးစိုက်ပြီး ရှုလိုက်ပါ" လို့ ပြောယင် အဲဒီအခိုက်မှာ စိတ်ပျံ့လွင့်နေတဲ့ ဒကာမကြီးတွေကတော့ ရှိနေမှာဘဲ၊ အဲဒီ ဒကာမကြီးတွေက ငါ့စိတ်ကို သိပြီးပြောတာဘဲလို့ ယူဆပြီး အထူးကြည်ညိုသွားနိုင်ပါတယ်။ နောက်ပြီးတော့ ဟိုရှေးဘဝတုန်းက မည်သူက မိဖုရားဖြစ်ခဲ့တယ်၊ ငါက မင်းဖြစ်ခဲ့တယ် စသည်ဖြင့် ပြောယင်လဲ တချို့က အဘိညာဉ်ရလို့ ပြောတာဘဲလို့ ယူဆပြီး အထူးကြည်ညိုသွားနိုင်တယ်။ ဒီလို အထင်ကြီးအောင် ပြောတာမျိုးတွေလဲ မိစ္ဆာဇီဝအမှုတွေဘဲ။

အဲဒီလို မိစ္ဆာဇီဝအမှုဖြင့် ကြည်ညိုလို့ လှူတဲ့ပစ္စည်းကို မသုံးဆောင်ကောင်းဘူး၊ သုံးဆောင်ယင် မိစ္ဆာအာဇီဝဖြစ်တယ်။ အဲဒီမိစ္ဆာအာဇီဝအမှုတွေကို ရှောင်ကြဉ်ပြီး တရားသဖြင့် ပစ္စည်းရှာတာက သမ္မာအာဇီဝဘဲ။ ဘယ်လိုလဲဆိုတော့ ဆွမ်းကပ်လှူမည့် ဒကာမရှိယင် ဆွမ်းခံစားရမယ်၊ သက်န်းမရှိယင် ပံ့သကူ

ရှာပြီး ဝတ်ရုံရမယ်၊ အဲဒီလိုမဟုတ်ယင် လှူနိုင်လောက်တဲ့ ဒကာ ဒကာမတို့ အိမ်ရှေ့မှာ ဆွမ်းရပ်သလို ရပ်နေရမယ်၊ ဘာအလိုရှိပါသလဲမေးယင် သက်နှိုး အလိုရှိတဲ့အကြောင်း ပြောရမယ်၊ ဒီလိုမေးတဲ့အခါတော့ ပြောကောင်းပါတယ်။ အဲဒီလို ကာယဝိညတ်ဖြင့် ပစ္စည်းရှာတာဟာ သမ္မာအာဇီဝဘဲ။ ပရိယတ္တိဂုဏ် ပဋိပတ္တိဂုဏ် တရားဟောခြင်းဂုဏ်စသော ကြည်ညိုဘွယ်ဂုဏ်ကြောင့် သူ့အလိုလို လှူတဲ့ပစ္စည်းများလဲ တရားသဖြင့် ရတဲ့ပစ္စည်းတွေပါဘဲ၊ စင်ကြယ်တဲ့ပစ္စည်း တွေပါဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ "တရားမကွာ၊ ပစ္စည်းရှာ၊ သမ္မာအာဇီဝ" လို့ ဆိုထားပါတယ်။ ဒီ သမ္မာအာဇီဝနှင့် ပြည့်စုံဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာအာဇီဝါ၊ မှားသောအသက်မွေးမှု ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်သတဲ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာအာဇီဝါ၊ မှန်သောအသက်မွေးမှုရှိကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏ စသည်ဖြင့် ငါးဝါရ ဟောထားပါတယ်။ အဲဒီဒေသနာနှင့်အညီ အမိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁၅) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက သတ်ခြင်း လုယက်ခိုးယူခြင်း လိမ်လည်ခြင်း စသည်ဖြင့် တရားမဲ့ပစ္စည်းရှာ၍ မှားယွင်းစွာ အသက်မွေးကြမည့်နေရာမှာ ငါတို့ကတော့ တရားသဖြင့် ပစ္စည်းရှာ၍ မှန်ကန်စွာ အသက်မွေးမှု သမ္မာအာဇီဝနှင့် ပြည့်စုံစေကြမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်။ပ။ မိစ္ဆာအာဇီဝလမ်း မှားကို သမ္မာအာဇီဝလမ်းမှန်ဖြင့် ရှောင်လွှဲမည်၊ သမ္မာအာဇီဝဖြင့် အဆင့် အတန်းတက်မည်၊ မိစ္ဆာအာဇီဝကိလေသာမီးကို သမ္မာအာဇီဝရေစင်ဖြင့် ငြိမ်း သတ်မည်။

## ဝိရတီသုံးပါး

ယခုပြောခဲ့တဲ့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတာတွေဟာ ဝိရတီသုံးပါး ကုသိုလ်တရားတွေဘဲ။ ဒီဝိရတီတရားတွေဟာ သီလမဆောက်

တည်ဘဲ ကြုံလာတဲ့ မကောင်းမှုမှ ကြဉ်ရှောင်တဲ့အခါ သမ္ပတ္တဝိရတီခေါ်တယ်၊ ဥပမာ-လူတယောက်ဟာ သီလတော့ ဆောက်တည်ထားခြင်းမရှိဘူးဆိုပါတော့၊ အဲဒီလူဟာ လိမ်စရာအကြောင်းနှင့်ကြုံနေတဲ့အခါ လိမ်ပြောခြင်းမှ ကြဉ်ရှောင်ယင် သမ္မာဝါစာဝိရတီဖြစ်တယ်၊ သတ်စရာအကြောင်းနှင့် ကြုံနေတဲ့အခါ မသတ်ပဲ ကြဉ်ရှောင်ယင် သမ္မာကမ္မန္တဝိရတီဖြစ်တယ်။ စီးပွါးရေးအတွက် ခိုးစရာ လိမ်စရာအကြောင်းနှင့် ကြုံနေတဲ့အခါ မခိုးဘဲ မလိမ်ဘဲ ကြဉ်ရှောင်ယင် သမ္မာအာဇီဝဖြစ်တယ်၊ အဲဒီလို သီလဆောက်တည်ထားခြင်းမရှိဘဲ ကြဉ်ရှောင်တဲ့ ဝိရတီကို သမ္ပတ္တဝိရတီလို့ ခေါ်တယ်။ သီလဆောက်တည်ထားတဲ့သူက မိမိသီလ မပျက်အောင် ကြဉ်ရှောင်တဲ့အခါမှာ သမာဒါနဝိရတီဖြစ်တယ်။ အရိယာမဂ်ထဲ မှာပါတဲ့ ဝိရတီကိုတော့ သမုစ္ဆေဒဝိရတီလို့ ခေါ်တယ်၊ အဲဒါကတော့ ဒုစရိုက် ဒုရာဇီဝခေါ်တဲ့ မကောင်းမှုတွေကို အကြွင်းမဲ့ အမြစ်ပြတ်ပယ်သွားတယ်။ ဒါကြောင့် ဆောင်ပုဒ်မှာ "ကြုံစဉ်, ဆောက်တည်၊ မြစ်ပြတ်ပြီ၊ ဝိရတီ ဤသုံးဝ" လို့ ဆိုထားတယ်။ သီလမဆောက်တည်တဲ့သူမှာ လွန်ကျူးစရာနဲ့ တွေ့ကြုံတဲ့အခါ မလွန်ကျူးဘဲ ကြဉ်ရှောင်တာက သမ္ပတ္တဝိရတီ၊ ဆောက်တည်ထားတဲ့ သီလကို စောင့်ရှောက်သောအားဖြင့် ကြဉ်ရှောင်တာက သမာဒါနဝိရတီ၊ အရိယာမဂ် ခဏ၌ ပါဝင်တဲ့ ဝိရတီက သမုစ္ဆေဒဝိရတီ – ဒီလိုဝိရတီသုံးမျိုးရှိတယ်လို့ ဆိုလိုပါ တယ်။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

(ဂ) ကြုံစဉ်, ဆောက်တည်၊ မြစ်ပြတ်ပြီ၊ ဝိရတီ ဤသုံးဝ။ (ဆို)

အဲဒီသုံးမျိုးထဲက သမုစ္ဆေဒဝိရတီမှာ ကြဉ်ရှောင်မယ် ဆိုတဲ့ နှလုံးသွင်းခြင်း မရှိဘူး၊နိဗ္ဗာန်ကိုသာ အာရုံပြုပြီးဖြစ်တယ်၊ ဒါပေမဲ့ သူဖြစ်တဲ့အချိန်မှစပြီး ဒုစရိုက် ဒုရာဇီဝ ဆိုတဲ့ မကောင်းမှုတွေကို ကျူးလွန်လိုတဲ့စိတ်တောင် မဖြစ်တော့ဘူး၊ လုံးဝ ကင်းငြိမ်းသွားတယ်၊ အဲဒါဟာ ကြဉ်ရှောင်မှုကိစ္စကို ပြီးစေတာဘဲ၊ ဒါကြောင့် ဝိရတီလို့ဘဲ ခေါ်ရတယ်။ အဲဒါလိုဘဲ ဝိပဿနာရှုခိုက်မှာလဲ ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောမျှဘဲလို့ သိရတဲ့အာရုံနဲ့စပ်ပြီး သတ်လိုခြင်း ခိုးလိုခြင်း လိမ်လိုခြင်း အစရှိတဲ့ ဒုစရိုက် ဒုရာဇီဝ အကုသိုလ်စိတ်တွေ မဖြစ်နိုင်တော့ဘူး၊ ဒါလဲ ကြဉ်ရှောင်မှုကိစ္စကို ပြီးစေတာဘဲ၊ ဒါကြောင့် ဝိပဿနာရှုဆဲ၌လဲ ဒီဝိရတီ သုံးပါးဟာ ကိစ္စပြီးသောအားဖြင့် ပါဝင်တယ်လို့ဘဲ မှတ်ယူရတယ်။ အဲဒီ

ဝိပဿနာက ပြည့်စုံတဲ့အခါ အရိယာမဂ်ဝိရတီ ဖြစ်တယ်၊ အဲဒီအခါ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝဆိုတဲ့ အကုသိုလ်တွေကို အကြွင်းမဲ့ ပယ်သွားတယ်၊ အဲဒီလို ပယ်နိုင်သည်အထိ အားထုတ်သွားကြဘို့ပါဘဲ။

## ၁၆။ မိစ္ဆာဝါယာမ-မှားစွာအားထုတ်ခြင်း

မိစ္ဆာဝါယာမ-မှားစွာအားထုတ်ခြင်းဆိုတာ အကုသိုလ်အလုပ်ကိစ္စ တွေမှာ မပျင်းမရိအားထုတ်တာ ဇွဲကောင်းတာပါဘဲ၊ တချို့က အကုသိုလ်အလုပ်တွေမှာ သိပ်ဇွဲကောင်းတယ်၊ သတ်တဲ့အလုပ် ခိုးတဲ့အလုပ် လုယက်တဲ့အလုပ် ဒီလို အလုပ်တွေကို အောင်မြင်အောင် ခဲခဲယဉ်းယဉ်းပေမဲ့ ကြိုးစားပြီး လုပ်တယ်၊ အဲဒါဟာ ထင်ရှားတဲ့ မိစ္ဆာဝါယာမဘဲ။ ခဲခဲယဉ်းယဉ်းမဟုတ်ပဲ လွယ်လွယ်နဲ့ ပြီးတဲ့ အကုသိုလ်အမှုတွေလဲ ရှိတယ်၊ အဲဒီမှာလဲ အားထုတ်မှု မိစ္ဆာဝါယာမက တော့ ပါတာဘဲ၊ ဥပမာ ခြင်တို့ ကြမ်းပိုးတို့ကို ရိုက်သတ်ရာ ပွတ်သပ်ရာမှာလဲ ရိုက်ဖို့ ပွတ်ဖို့ အားထုတ်မှုပါတာဘဲ။ အလွယ်တကူ လိမ်ပြောရာမှာလဲ အားထုတ် မှု ပါတာဘဲ၊ ဆဲဆိုတဲ့ ဖရုသဝါစာမှာလဲ အားထုတ်မှုပါတာဘဲ။ သတ္တဝါတွေကို သတ်ဖို့ လက်နက်တွေ လုပ်ရာမှာတော့ အားထုတ်မှုဟာအလွန်ထင်ရှားပါတယ်၊ ဂုံးတိုက်စကားတွေကို ရေးသားပြောဆိုတဲ့အခါ ခေတ်ပေါ်ဝတ္ထုတွေကို ရေးတဲ့ အခါ ရုပ်ရှင်ကားတွေရိုက်ပြီး ပြတဲ့အခါ အဲဒီလိုအခါတွေမှာလဲ ဒီအားထုတ်မှုက ထင်ရှားပါတယ်။ အဲဒီလို အားထုတ်မှုတွေဟာ မိစ္ဆာဝါယာမဘဲ။ ဒီမိစ္ဆာ ဝါယာမက မဖြစ်သေးတဲ့အကုသိုလ်ကိုလဲ ဖြစ်စေတတ်တယ်၊ ဖြစ်ဘူးတဲ့ အကု သိုလ်ကိုလဲ ထပ်ကာထပ်ကာ ဖြစ်ပွါးစေတတ်တယ်။ နောက်ပြီးတော့ ကာမဂုဏ် အာရုံတွေကို ကြည့်ရှုနားထောင်ဘို့ စားသောက်ခံစားဘို့ အားထုတ်တာတွေလဲ မိစ္ဆာဝါယာမဘဲ။ ရုပ်ရှင်ရုံတွေ ပွဲရုံတွေမှာ လက်မှတ်ရဘို့ စောင့်နေတဲ့လူ တွေ ကြည့်လိုက်ယင် ဒီအားထုတ်မှုဟာ တင်ရှားပါတယ်။ အတိုချုပ်အားဖြင့် ဆိုယင် အကုသိုလ်အမှုနှင့်ဆိုင်တဲ့ အားထုတ်မှုတွေဟာ မိစ္ဆာဝါယာမချည်းပါဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ "အကုသိုလ်ဆိုင်ရာ၊ အားထုတ်တာ၊ မိစ္ဆာဝါယာမ" လို့ ဆိုထားတယ်။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

(က) အကုသိုလ်ဆိုင်ရာ၊ အားထုတ်တာ၊ မိစ္ဆာဝါယာမ။ (ဆို)

## သမ္မာဝါယာမ-မှန်စွာအားထုတ်ခြင်း

သမ္မာဝါယာမဆိုတာကတော့ မိစ္ဆာဝါယာမနဲ့ ပြောင်းပြန်ဆန့်ကျင်ဘက်ပါဘဲ၊ ဒါန သီလ ဘာဝနာ ကုသိုလ်အလုပ်နဲ့စပ်ပြီး မပျင်းမရိ အားထုတ်တဲ့ ဝီရိယပါဘဲ၊ ဒါလောက် အကျဉ်းချုပ်မှတ်ထားယင် သမ္မာဝါယာမအကြောင်းတော်တော် သဘောပေါက်နိုင်လောက်ပါပြီ။ အကျယ်အားဖြင့်တော့ ကိစ္စလေးပါးကို ပြီးစေတဲ့အတွက် လေးပါးရှိတယ်၊ (၁) ဖြစ်ဘူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်တာက သမ္မာဝါယာမ တပါး၊ ရှေးကခြင်စသည်ကို သတ်ဘူးလို့ရှိယင်၊ လိမ်ပြောဘူးလို့ရှိယင် အဲဒီလို အကုသိုလ်ကိုနောင် မပြုမိအောင် အားထုတ်ရတယ်။ (၂) မဖြစ်ဘူးသေးတဲ့ အကုသိုလ်ကိုမဖြစ်အောင် အားထုတ်တာကလဲ သမ္မာဝါယာမ တပါး၊ သူတပါးတွေသတ်နေတာ ခိုးနေတာ လိမ်နေတာစသည်ကို မြင်ရ တွေ့ရ ကြားသိရယင်မိမိမှာ အဲဒီလို အကုသိုလ်မဖြစ်အောင် အားထုတ်ရတယ်၊ ဥပမာ–သူများတွေမှာ တုပ်ကွေးဖျားစသော ရောဂါဖြစ်နေတာကို တွေ့ရ ကြားသိရယင် မိမိမှာအဲဒီရောဂါမဖြစ်အောင် ကြိုးစားရ သတိပြုရသလိုပါဘဲ။

(၃) မဖြစ်သေးတဲ့ကုသိုလ်ကို ဖြစ်အောင် အားထုတ်တာကလဲ သမ္မာဝါယာမ တပါး၊ ဒါနကုသိုလ်ကို မပြုဘူးသေးယင် ပြုရမယ်၊ သီလလဲ မဆောက်တည်ဘူးသေးယင် ဆောက်တည်ရမယ်၊ သီလဆိုတော့ သရဏဂုံပါပေါ့၊ ဒါကြောင့် သိတတ်လိမ္မာတဲ့အရွယ်ဆိုယင် အရဟံ အစရှိသော ၉-ပါးသောဂုဏ်တော်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ အမြတ်ဆုံးဘဲ၊ အဲဒီ မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်အားကိုးပါတယ်လို့ လေးလေးနက်နက်နှလုံးသွင်းပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-လို့ ဆိုပြီး ဆောက်တည်ရမယ်၊ ထို့အတူမြတ်စွာဘုရား ဟောထားတဲ့ တရားတော်ကိုလဲ အမြတ်ဆုံးဘဲလို့ အာရုံပြုပြီးဓမ္မံ သရဏံ ဂစ္ဆာမိ-လို့ ဆောက်တည်ရမယ်၊ ထို့အတူဘဲ မြတ်စွာဘုရား၏တပည့်သား အပေါင်းအစစ် အရိယာသံဃာတော်ကိုလဲ အမြတ်ဆုံးဘဲလို့ အာရုံပြုပြီး သံဃံ သရဏံ ဂစ္ဆာမိ-လို့ ဆောက်တည်ရမယ်၊ ဒီလို လေးလေးနက်နက်နှလုံးသွင်းပြီး သရဏဂုံဆောက်တည်တာလဲ မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင်အားထုတ်တဲ့ သမ္မာဝါယာမဘဲ။ ထို့အတူ ပါဏာတိပါတာ ဝေရမဏီသိက္ခာ-

ပဒံ သမာဒိယာမိ-စသည်ဖြင့် ငါးပါးသီလကိုလဲ ဆောက်တည်ကျင့်သုံးရမယ်၊ ထို့အတူ ရှစ်ပါးသီလကိုလဲ ဆောက်တည်ကျင့်သုံးရမယ်၊ တတ်နိုင်ယင် ရှင်သာမဏေပြုပြီး ရဟန်းပြုပြီး ရှင်သာမဏေသီလ ရဟန်းသီလကိုလဲ ကျင့်ရမယ်၊ ရဟန်းပြုတယ်ဆိုတာကတော့ အမြဲတမ်းဆိုယင် မလွယ်ကြပေဘူး၊ တတ်နိုင်သလောက် ဒုလ္လဘရဟန်းလောက်တော့ တချို့က ပြုနိုင်ကြပါလိမ့်မယ်။ နောက်ပြီးတော့ ရိုသေထိုက်တဲ့ပုဂ္ဂိုလ်ကို ရိုသေခြင်း ဝေယျာဝစ္စ ဆောင်ရွက်ခြင်း တရားနာခြင်း စသောကုသိုလ်တွေကို မပြုဘူးသေးယင် ပြုရမယ်။ ဗုဒ္ဓါနုဿတိ-မေတ္တာ-အသုဘ-အာနာပါနစသော သမထဘာဝနာကုသိုလ်ကိုလဲ မပွါးဘူးသေးယင် စွမ်းနိုင်သမျှ ပွါးရမယ်။ ဝိပဿနာအလုပ်ကိုလဲ အားမထုတ်ဘူးသေးယင် အားထုတ်ရမယ်၊ အားထုတ်ဘူးပေမဲ့ ထူးခြားတဲ့ ဝိပဿနာဉာဏ်များ မဖြစ်ဘူးသေးယင် အဲဒီဉာဏ်တွေဖြစ်အောင် အားထုတ်ရမယ်၊ အထူးအားဖြင့် အရောင်အလင်း ပီတိသုခစသော ဂုဏ်ထူးများနှင့်တကွ ဉဒယဗ္ဗယဉာဏ်ကို မရောက်ဘူးသေးယင် ရောက်အောင် အားထုတ်ရမယ်၊ သင်္ခါရုပေက္ခာဉာဏ် မရောက်ဘူးသေးယင် အဲဒီဉာဏ်ရောက်အောင် အားထုတ်ရမယ်၊ အရိယာမဂ်ကုသိုလ်ဆိုတာကတော့ ပုထုဇဉ်တွေမှာ မဖြစ်ဘူးသေးတဲ့ ကုသိုလ်အစစ်ပဲ၊ အဲဒီ အရိယာမဂ်ကုသိုလ်လဲဖြစ်အောင် အားထုတ်ရမယ်၊ ဒီလို အားထုတ်တာတွေဟာ မဖြစ်ဘူးသေးတဲ့ကုသိုလ်ဖြစ်အောင် အားထုတ်တဲ့ သမ္မာဝါယာမချည်းပါဘဲ၊ ဒီသမ္မာဝါယာမနှင့် ပြည့်စုံဘို့က အရေးကြီးပါတယ်။ (၄) ဖြစ်ဘူးတဲ့ကုသိုလ်ကို တည်တံ့ခိုင်မြဲအောင် ပွါးများပြည့်စုံအောင် အားထုတ်တာကလဲ သမ္မာ-ဝါယာမ တပါး၊ အဲဒါကတော့ ထင်ရှားနေပါပြီ။ ယခု ဝိပဿနာရှုနေကြတဲ့ ယောဂီတွေဟာ မှတ်တိုင်း မှတ်တိုင်း ဖြစ်ဘူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်နေသည်လဲ မည်တယ်၊ မဖြစ်ဘူးသေးတဲ့အကုသိုလ်တွေကို ဖြစ်ခွင့်မရအောင် မဖြစ်နိုင်အောင် အားထုတ်နေသည်လဲ မည်တယ်၊ မဖြစ်သေးတဲ့ အထက် အထက် ဝိပဿနာကုသိုလ်တွေနဲ့ အရိယာမဂ်ကုသိုလ်ဖြစ်အောင် အားထုတ်နေသည်လဲ မည်တယ်၊ ဖြစ်ပြီးတဲ့ ဝိပဿနာကုသိုလ် တည်တံ့ခိုင်မြဲအောင် ပွါးများပြည့်စုံသွားအောင် အားထုတ်နေသည်လဲ မည်တယ်၊ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်း သမ္မပ္ပဓာန်လေးပါးဆိုတဲ့ သမ္မာဝါယာမ မဂ္ဂင်ကို ပွါးနေသည် မည်တယ်။ ကဲ သမ္မပ္ပဓာန်ကိစ္စလေးပါးကို မှတ်မိအောင် လိုက်ဆိုကြရမယ်။

(၁) ဖြစ်ဘူးသော အကုသိုလ်ကို ပယ်နိုင်အောင် အားထုတ်ခြင်း ကိစ္စတပါး၊

(၂) မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင် အားထုတ်ခြင်း ကိစ္စတပါး၊

(၃) မဖြစ်သေးသောကုသိုလ်ကို ဖြစ်အောင် အားထုတ်ခြင်း ကိစ္စတပါး၊

(၄) ဖြစ်ပြီးသောကုသိုလ်ကို တည်တံ့ပွါးများ ပြည့်စုံသွားအောင် အားထုတ်ခြင်း ကိစ္စတပါး၊

ဤလေးပါးကို သမ္မပ္ပဓာန်ကိစ္စလေးပါး ခေါ်သည်။

အဲဒီ သမ္မပ္ပဓာန်လေးပါးဟာ "ကုသိုလ်ဆိုင်ရာ၊ အားထုတ်တာ၊ သမ္မာဝါယာမ"ဆိုတဲ့ ဆောင်ပုဒ်ထဲမှာ အကုန်ဝင်သွားပါတယ်။ ကဲ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

(ခ) ကုသိုလ်ဆိုင်ရာ၊ အားထုတ်တာ၊ သမ္မာဝါယာမ။ (ဆို)

ဒီသမ္မာဝါယာမဖြင့် မိစ္ဆာဝါယာမကို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာဝါယာမာ၊ မှားသောအားထုတ်မှုရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာဝါယာမာ၊ မှန်သောအားထုတ်မှုရှိကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီ ဒေသနာအရ အဝိဟိံသာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁၆) အဝိဟိံသာန်ဆောင်ပုဒ်

သူများတွေက လောကရေးရာနှင့် အကုသိုလ်ကိစ္စ၌ ဇွဲကောင်းကြလျက် မိစ္ဆာဝါယာမရှိကြမည့်နေရာမှာ ငါတို့ကတော့ ကုသိုလ်ကိစ္စ၌ ဇွဲကောင်းကြလျက်

သမ္မာဝါယာမနှင့် ပြည့်စုံစေမည်၊ ကိလေသာပါးစေတဲ့။ ပ။ မိစ္ဆာဝါယာမ လမ်းဆိုးကို သမ္မာဝါယာမ လမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ သမ္မာဝါယာမဖြင့် အဆင့်အတန်း တက်မည်၊ မိစ္ဆာဝါယာမ ကိလေသာမီးကို သမ္မာဝါယာမ ရေစင်ဖြင့် ငြိမ်းသတ်မည်။

## (၁၇) မိစ္ဆာသတိ–မှားစွာအမှတ်ရခြင်း

မိစ္ဆာသတိ–မှားစွာအမှတ်ရခြင်းဆိုတာ ရှေးဟောင်းနှောင်းဖြစ် လောကီကိစ္စ အကုသိုလ်ကိစ္စတွေကို ပြန်အမှတ်ရတဲ့သဘောပါဘဲ။ တချို့မှာ ငယ်ငယ်က ပြုလုပ်ခဲ့တဲ့ အကုသိုလ်အလုပ်တွေကို ကောင်းတဲ့အနေနဲ့ ပြန်သတိရနေတယ်၊ ငယ်ငယ်က ပျော်ခဲ့ပါးခဲ့တာတွေကို ပြန်ပြီးသတိရနေတယ်၊ ဟိုတုန်းက ဘယ်သူနဲ့ ဘယ်ကိုသွားခဲ့တယ်၊ ဘာလုပ်ခဲ့တယ်၊ ဘယ်လိုပျော်ခဲ့တယ်စသည်ဖြင့် ပြန်ပြီး သတိရနေတယ်၊ နွားများ နေ့ကစားတဲ့အစာတွေကို ညအခါ စားမြုံ့ပြန်နေတဲ့ သဘောပါဘဲ။ အဲဒီလို သတိရနေတာဟာ မိစ္ဆာသတိဘဲ။ ဒါပေမဲ့ ရှေးက မှားမိခဲ့တာတွေကို မှားတဲ့အနေနဲ့သိပြီး နောင်အဲဒီလိုမပြုတော့ဘူးလို့ သတိသံဝေဂရပြီး ဆင်ခြင်တာကတော့ မိစ္ဆာသတိမဟုတ်ပါဘူး၊ သမ္မာသတိပါဘဲ။ ရဟန်းများမှာဆိုယင် အမေကို သတိရတယ်၊ အဖေကို သတိရတယ်၊ ဆွေမျိုးတွေ သတိရတယ်၊ ရပ်ရွာကို သတိရတယ်၊ ငယ်ပေါင်းပုဂ္ဂိုလ်တွေကို သတိရတယ်၊ လူ့ဘဝက နေခဲ့ထိုင်ခဲ့တာတွေကို သတိရတယ်၊ ဘယ်သူ့အတွက် ဘာကလေး လုပ်ပေးစရာရှိသေးတယ် စသည်ဖြင့် ရှေးဟောင်းတွေကို ပြန်သတိရတာဟာ ရဟန်းများအတွက် မိစ္ဆာသတိတွေပါဘဲ။

လူတွေမှာတော့ သားအတွက် သမီးအတွက် စသည်ဖြင့် ဒီလို ပြန်လည်သတိရတာတွေကို ပယ်ဘို့ မလိုပါဘူး၊ ဒီလိုဟာတွေက လူ့လောကမှာ ဖြစ်ရိုးဖြစ်စဉ်တွေဘဲ။ ဒါပေမဲ့ တရားအားထုတ်နေတဲ့အခါမှာတော့ ရှုမှတ်ပြီး ပယ်ရတယ်။ ယောဂီက ကမ္မဋ္ဌာန်းကျောင်းထဲမှာ ထိုင်ပြီး ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေရင်း ဟိုအယင်က နေခဲ့ ထိုင်ခဲ့ လုပ်ကိုင်ခဲ့တာတွေကို ပြန်ပြီး သတိရလာတတ်တယ်၊ ငယ်ငယ်က ပြုလုပ်ပြောဆိုခဲ့တာတွေလဲ ပြန်ပြီး သတိရလာတတ်တယ်၊ ခင်မင်ရင်းနှီးတဲ့သူတွေကိုလဲ ပြန်ပြီး သတိ

ရနေတတ်တယ်၊ အဲဒါတွေဟာ မိစ္ဆာသတိတွေဘဲ၊ ရှုမှတ်ပြီး ပယ်ရတယ်။ တချို့ အဖွားကြီး အဖိုးကြီးတွေက မြေးကလေးတွေ သတိရနေတယ် ဆိုဘဲ၊ အိမ်မှာ အတူတူနေနေကျဖြစ်တဲ့ မြေးကလေးတွေက ရှုမှတ်နေရာမှာ အနီးအပါး ရောက်လာသလို ပေါ်လာသတဲ့၊ အဖိုး အဖိုးနဲ့ ခေါ်နေသလို အဖွား အဖွားနဲ့ ခေါ်နေသလို ထင်ရသတဲ့၊ အဲဒါကို နိုင်အောင် ရှုမှတ်ပြီး ပယ်ရတယ်၊ တချို့မှာ မပယ်နိုင်တာနဲ့ အိမ်ပြန်သွားရတယ်၊ အဲဒါဟာ မိစ္ဆာသတိက နှောင့်ယှက်လို့ တရားအားထုတ်မှု ပျက်သွားဘာပါဘဲ၊ ဒါကြောင့်လဲ သူ့ကို မိစ္ဆာသတိ-မှားတဲ့ အမှတ်ရမှုလို့ ခေါ်ရတာဘဲ၊ တရားကိုယ်အားဖြင့်တော့ မိစ္ဆာသတိဆိုတာ စေတသိက်အသီးအခြား မရှိဘူး၊ ရှေးဟောင်း လောကရေးရာနှင့် အကုသိုလ် အမှုတွေကို ပြန်သည်သတိရတဲ့ အနေနဲ့ ဖြစ်ပေါ်လာတဲ့ အကုသိုလ်စိတ် စေတသိက်အပေါင်းပါဘဲ၊ ဒါကြောင့် ဆောင်ပုဒ်မှာ "အကုသိုလ်ဆိုင်ရာ၊ အမှတ် ရတာ၊ မိစ္ဆာသတိ မှတ်"လို့ ဆိုထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(က) အကုသိုလ်ဆိုင်ရာ၊ အမှတ်ရတာ၊ မိစ္ဆာသတိ မှတ်။ (ဆို)

## သမ္မာသတိ-မှန်စွာအမှတ်ရခြင်း

အဲဒီ မိစ္ဆာသတိရဲ့ ပြောင်းပြန် ဆန့်ကျင်ဘက်အားဖြင့် ကုသိုလ်ဆိုင်ရာ အမှတ်ရတာကတော့ သမ္မာသတိဘဲ၊ ဒါနပြုဘို့ သီလဆောက်တည်ဘို့ ဘာဝနာ ပွါးများဘို့ စသည်ဖြင့် ကုသိုလ်နှင့်စပ်ပြီး သတိရတဲ့သဘောပါဘဲ၊ ဒို့ရှေးတုန်းက ရှေးရှေးနှစ်တွေက ဒီလိုအချိန်မှာ ဒီလိုကောင်းမှုကို ပြုခဲ့တယ်၊ ဝါဆိုသင်္ကန်း လှူခဲ့တယ်၊ ကထိန်သင်္ကန်း လှူခဲ့တယ်၊ ဆွမ်းကပ်လှူခဲ့တယ်၊ တရားပွဲ ကျင်းပ ခဲ့တယ် စသည်ဖြင့် သတိရလာတယ်၊ ဥပုသ်နေ့မှာ ဥပုသ်စောင့်ဘို့ သတိရလာ တယ်၊ အဲဒီလို ကုသိုလ်ရေးနှင့်စပ်ပြီး သတိရတာဟာ သမ္မာသတိပါဘဲ၊ ဒီသမ္မာ-**သ**တိကတော့ တရားကိုယ်ရှိပါတယ်၊ ကုသိုလ်စိတ်တိုင်းမှာ ယှဉ်တဲ့ သတိစေတ-သိက်ပါဘဲ၊ ဒီသတိက ကုသိုလ်စိတ် ဖြစ်တိုင်း ဖြစ်တိုင်း သူက ပါတယ်၊ ပေးလှူ ရာမှာလဲ ပါတာဘဲ၊ ဘုရားဝတ်ပြုရာမှာလဲ ပါတာဘဲ၊ ဝတ်ကြီး ဝတ်ငယ် ပြုရာ မှာလဲ ပါတာဘဲ၊ သီလဆောက်တည်ကျင့်သုံးရာမှာလဲ ပါတာဘဲ၊ ဘာဝနာပွါးရာ မှာလဲ ပါတာဘဲ၊ ဒီသတိမပါယင် ကုသိုလ်စိတ်ကို မဖြစ်နိုင်ဘူး၊ ဒါပေမဲ့

သာမန်ကုသိုလ်တွေမှာတော့ ဒီသတိက မထင်ရှားဘူး၊ ဘာဝနာပွါးရာမှာတော့ ထင်ရှားတယ်၊ အဲဒီမှာလဲ ဝိပဿနာရှုရာမှာ သာပြီး ထင်ရှားတယ်၊ ဒါကြောင့် ဒီသတိကို ဝေဘန်ဖွင့်ပြတဲ့အခါမှာ သတိပဋ္ဌာန်လေးပါးနဲ့ ဖွင့်ပြထားတယ်၊ ရုပ်အပေါင်း ကိုယ်အမူအရာဟူသမျှကို အမှတ်ရတာ သမ္မာသတိဘဲ၊ အကောင်းအဆိုး ဝေဒနာဟူသမျှကို အမှတ်ရတာ သမ္မာသတိဘဲ၊ စိတ်အကြံဟူသမျှကို အမှတ်ရတာ သမ္မာသတိဘဲ၊ သဘောတရားဟူသမျှကို အမှတ်ရတာ သမ္မာ-သတိဘဲ၊ ဒါကြောင့် သာမန်သမ္မာသတိကို "ကုသိုလ်ဆိုင်ရာ၊ အမှတ်ရတာ၊ သမ္မာသတိ မှတ်"လို့ ဆိုပြီးတော့ ဝိပဿနာသမ္မာသတိကို "ရုပ်နာမ်နှစ်ဖြာ၊ အမှတ်ရတာ၊ ဝိပဿနာသတိ မှတ်"လို့ ဆောင်ပုဒ်မှာ ဆိုထားတယ်၊ အဲဒီဆောင်ပုဒ်တွေကို ဆိုကြရမယ်။

(ခ) ကုသိုလ်ဆိုင်ရာ၊ အမှတ်ရတာ၊ သမ္မာသတိ မှတ်။ (ဆို)

(ဂ) ရုပ်နာမ်နှစ်ဖြာ၊ အမှတ်ရတာ၊ ဝိပဿနာသတိ မှတ်။ (ဆို)

ယခု ဝိပဿနာတရားအားထုတ်နေကြတဲ့ ယောဂီတွေဟာ ဒီဝိပဿနာသမ္မာသတိကို ပွါးနေကြတာဘဲ၊ ဒွါရ ၆-ပါးက ပေါ်လာသမျှ ရုပ်နာမ်သဘောတရားတွေကို ရှုမှတ်နေကြရတယ်၊မျှားသောအားဖြင့် ကိုယ်အမူအရာ ရုပ်တွေကို ဖောင်းတယ် ပိန်တယ် ထိုင်တယ် ကွေးတယ် ဆန့်တယ် ထတယ် ရပ်တယ် သွားတယ် ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် ရှုမှတ်နေကြရတယ်၊ အဲဒါဟာ ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွါးနေတာဘဲ။တရံတခါမှာ ညောင်းတယ် ပူတယ် နာတယ် စိတ်ပျက်တယ် ဝမ်းသာတယ် ကောင်းတယ် စသည်ဖြင့် ရှုမှတ်ကြရတယ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ပွါးနေတာဘဲ။ တရံတခါမှာ စိတ်ကူးတယ် စဉ်းစားတယ် ကြံတယ် စသည်ဖြင့် ရှုမှတ်ကြရတယ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပွါးနေတာဘဲ။တရံတခါမှာ မြင်တယ် ကြားတယ် လိုချင်တယ် စိတ်ဆိုးတယ် ပျင်းတယ် ပျံ့လွင့်တယ် စသည်ဖြင့် ရှုမှတ်ကြရတယ်၊ဓမ္မာနုပဿနာကို ပွါးနေတာဘဲ။ မှတ်တိုင်းမှတ်တိုင်း ဝိပဿနာသတိကို ပွါးနေတာဘဲ၊ အင်မတန်ဝမ်းသာစရာ ကောင်းတယ်။ ဒီဝိပဿနာသတိက ရင့်သန်ပြည့်စုံတဲ့ အခါမှာ နိဗ္ဗာန်ကို အမှတ်ရတဲ့အရိယာမဂ်သတိ ဖြစ်လာလိမ့်မယ်၊ အဲဒီ အရိယာမဂ်သတိ ပြည့်စုံသည်တိုင်အောင် အားထုတ်သွားကြဘို့ပါဘဲ။ ယခုပြောခဲ့တဲ့ သာမန်

သမ္မာသတိ ဝိပဿနာသမ္မာသတိ အရိယာမဂ်သမ္မာသတိတို့ဖြင့် မိစ္ဆာသတိကို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာသတိ၊ မှားသောသတိ ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာသတိ၊ မှန်သောသတိ ရှိကုန်သည်။ ဘဝိဿာမ ဣတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏ စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီဒေသနာတော်နှင့်အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁၇) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက လောကရေးရာ အကုသိုလ်အရာ၌ အမှတ်ကောင်းကြမည့်နေရာမှာ ငါတို့ကတော့ ကုသိုလ်အရာ၌ အမှတ်သတိ ကောင်းစေမည်၊ ကိလေသာ။ပ။ မိစ္ဆာသတိ လမ်းဆိုးကို သမ္မာသတိ လမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ သမ္မာသတိဖြင့်အဆင့်အတန်းတက်မည်၊ မိစ္ဆာသတိကိလေသာမီးကို သမ္မာသတိ ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၈။ မိစ္ဆာသမာဓိ – မှားစွာစိတ်တည်ခြင်း

မိစ္ဆာသမာဓိဆိုတာ မကောင်းမှု အကုသိုလ်အလုပ်ကို ပြုဘို့ ပြောဘို့ ကြံတဲ့အခါ အဲဒီမကောင်းမှုထဲမှာသာ စိတ်က တည်နေတဲ့သဘောဘဲ၊ အဲဒီလို စိတ်တည်နေတဲ့အတွက် မကောင်းမှုကို အောင်မြင်စွာ ပြုနိုင် ပြောနိုင်တာဘဲ၊ ဥပမာ–လိမ်ပြောဘို့ ကြံတယ်ဆိုပါတော့ အဲဒီ လိမ်ပြောဘို့ စကားလုံးထဲမှာ စိတ်ကတည်နေပါမှ လိမ်ပြောမှု ဖြစ်နိုင်တယ်၊ အဲဒီလို မတည်ဘဲ စိတ်က ပြောင်းရွှေ့သွားယင် အမှန်ပြောမိလျက် ဖြစ်သွားနိုင်တယ်၊ တရားရုံးမှာ မတရားသက်သေခံဘို့ စီစဉ်ထားတဲ့ လူတချို့ဟာ ရှေ့နေက ဟိုမေး ဒီမေး လုပ်တာနဲ့ မူလကပြောဘို့ စကားတွေကို မေ့ပြီး အလွဲပြောမိလို့ အမှုမှန်ပေါ်တာလဲ ရှိတယ်လို့ ဆိုတယ်၊ အဲဒါဟာ စိတ်တည်ကြည်မှု မပြည့်စုံတဲ့အတွက်လို့ ဆိုရမှာဘဲ။ ဒါကြောင့် အကုသိုလ်အမှုတွေကို ပြုတိုင်း ပြုတိုင်း စိတ်တည်တံ့မှု သမာဓိ

ဆိုတာ ပါတယ်၊ အဲဒီစိတ် တည်တံ့မှုဟာ မိစ္ဆာသမာဓိဘဲ၊ သူတပါးတွေကို သတ်ဖြတ် ဖျက်ဆီးဘို့ ကြံတဲ့အခါ အကြီးအကျယ်ခိုးဘို့ တိုက်ဘို့ ကြံတဲ့အခါ လူများစွာကို သေစေနိုင်တဲ့ လက်နက်ကောင်းတွေကို ပြုလုပ်ဘို့ ကြံတဲ့အခါ အဲဒီလို အခါတွေမှာ ဒီမိစ္ဆာသမာဓိက အလွန်အားကောင်းတယ်။ ဒါကြောင့် "အကုသိုလ်ဆိုင်ရာ၊စိတ်တည်တာ၊မိစ္ဆာသမာဓိ"လို့ ဆောင်ပုဒ်မှာဆိုထားတယ်။ အဲဒါကို ဆိုကြရမယ်။

(က) အကုသိုလ်ဆိုင်ရာ၊ စိတ်တည်တာ၊ မိစ္ဆာသမာဓိ။ (ဆို)

## သမ္မာသမာဓိ - မှန်စွာစူးစိုက် တည်ကြည်ခြင်း

သမ္မာသမာဓိ ဆိုတာကတော့ ဒါန သီလ အစရှိသော ကုသိုလ်အမှုနှင့် စပ်ပြီး စိတ်တည်ကြည်တဲ့ သဘောဘဲ၊ ပေးလှူရာမှာလဲ ပေးလှူမှုပြီးမြောက် လောက်အောင် စိတ်တည်ကြည်မှု သမာဓိပါတယ်၊ သီလဆောက်တည်ကျင့်သုံး ရာမှာလဲ ဒီသမာဓိပါတယ်၊ ဝေယျာဝစ္စဆောင်ရွက်ရာ အရိုအသေပြုရာမှာလဲ ဒီသမာဓိ ပါတာဘဲ၊ အထူးအားဖြင့် တရားဟောခြင်း တရားနာခြင်းမှ စပြီး ဘာဝနာကုသိုလ်အရာမှာ ဒီသမာဓိက အရေးအကြီးဆုံးဘဲ၊ အဲဒီမှာလဲ အာနာပါန စသော သမထဘာဝနာအရာမှာ သာပြီးအရေးကြီးပါတယ်၊ အဲဒီ သမထ ဘာဝနာအရာမှာတော့ မိမိရှုနေတဲ့ သမထ အာရုံတခုတည်း အပေါ်မှာသာ စိတ်တည်တံ့စွဲမြဲနေအောင် စူးစိုက်ပြီး မပြတ်ရှုနေရတယ်၊ အဲဒီလို ကုသိုလ်အမှုနှင့်စပ်ပြီး စိတ်တည်တံ့နေတဲ့ သဘောဟာ သမ္မာသမာဓိပါဘဲ၊ ဒါကြောင့် "ကုသိုလ်ဆိုင်ရာ၊ စိတ်တည်တာ၊ သမ္မာသမာဓိ" လို့ ဆောင်ပုဒ်မှာ ဆိုထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(ခ) ကုသိုလ်ဆိုင်ရာ၊ စိတ်တည်တာ၊ သမ္မာသမာဓိ။ (ဆို)

အဲဒီ သမ္မာသမာဓိက ဘယ်နှစ်မျိုးရှိသလဲ ဆိုယင်– (၁) ခဏိကသမာဓိ၊ (၂) ဥပစာသမာဓိ၊ (၃) အပ္ပနာသမာဓိ အားဖြင့် သုံးမျိုးရှိတယ်။ ဒါန သီလ စသော သာမန်ကုသိုလ်စိတ် ဖြစ်ခိုက်မှာ ပါဝင်တဲ့သမာဓိဟာ အခိုက် အတံ့မျှ တခဏသာ တည်တဲ့အတွက် ခဏိကသမာဓိလို့ ဆိုရမှာဘဲ၊ ဒါပေမဲ့

ဒီသာမန်သမာဓိကတော့ မထင်ရှားတဲ့အတွက် ကျမ်းဂန်ထဲမှာ သူ့ကို အထူး ဖော်ပြထားခြင်းမရှိဘူး။ သမာဓိဘာဝနာ၏ အခြေခံသမာဓိအရာနှင့် ဝိပဿနာ အရာများမှာသာ မူလသမာဓိ ခဏိကသမာဓိ–လို့ ပြဆိုထားတယ်။ ဒါကြောင့် သမထဘာဝနာအရာမှာ အားထုတ်ခါစ ပရိကမ္မဘာဝနာအခိုက်၌ ဖြစ်သော သမာဓိကို ခဏိကသမာဓိ–လို့ ခေါ်ရတယ်။ နီဝရဏတွေကင်းအောင် အထူး ကောင်းလာတဲ့ သမာဓိကို ဥပစာသမာဓိလို့ ခေါ်ရတယ်။ ဈာန်စိတ်နှင့် ယှဉ်တဲ့ သမာဓိကို အပ္ပနာသမာဓိလို့ ခေါ်တယ်။

ဝိပဿနာ အရာမှာတော့ ဓာတ် ၄-ပါး၊ ခန္ဓာငါးပါး၊ ရုပ်နာမ် ၂-ပါး စသည်တို့ကို ရှုပြီး ဖြစ်နေတဲ့ သမာဓိကို ခဏိကသမာဓိလို့ ခေါ်ရတယ်၊ ဒါပေမဲ့ ရှုခါစတော့ အားမကောင်းသေးလို့ စိတ်တည်ကြည်မှု သိပ်မထင်ရှားသေးဘူး၊ သမာဓိအားကောင်းလာတဲ့ အခါကျတော့ ရှုမှတ်စရာအာရုံပေါ်မှာ ကပ်ခနဲ ကပ်ခနဲ ကျကျပြီး တည်တည်နေတယ်၊ အဲဒီလိုအခါမှာ တခြားကို ထွက်သွားတဲ့ ကာမစ္ဆန္ဒ အစရှိသော နီဝရဏတွေ ကင်းနေတယ်၊ ရှေးစိတ်လဲ မှတ်စိတ်၊ နောက်စိတ်လဲ မှတ်စိတ်၊ သူ့နောက်ကစိတ်လဲ မှတ်စိတ်–ဒီလို မှတ်စိတ်ချည်း တစဉ်တတန်းတည်း မပြတ်ဖြစ်နေတယ်၊ အဲဒါဟာ ဝိပဿနာခဏိက သမာဓိဘဲ၊ နီဝရဏတွေကို ကင်းစေနိုင်တဲ့ ဥပစာသမာဓိနှင့် အလားတူဖြစ်တဲ့အတွက် သူ့ကို ဥပစာသမာဓိလို့လဲ ခေါ်ရတယ်။ ဒါကြောင့် သတိပဋ္ဌာနသုတ်အဖွင့်အဋ္ဌကထာမှာ ဣရိယာပထပိုင်း သမ္ပဇညပိုင်း ဓာတုမနသိကာရပိုင်း စသော ဝိပဿနာ ကမ္မဋ္ဌာန်းတွေကို ဥပစာကမ္မဋ္ဌာန်းလို့ ပြဆိုတားတယ်။ ဝိသုဒ္ဓိမဂ်မှာလဲ အဲဒီ သတိပဋ္ဌာနသုတ်မှ ဓာတုမနသိကာရကမ္မဋ္ဌာန်းကိုဘဲ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းလို့ အမည်ပေးပြီး အဲဒီကမ္မဋ္ဌာန်းဖြင့် ဥပစာသမာဓိရပုံကို ပြဆို ထားတယ်။ ဒါကြောင့် ဝိပဿနာရှုတဲ့ ယောဂီမှာ နီဝရဏကင်းလောက်အောင် သမာဓိကောင်းသည်မှစပြီး ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်ပေါ်နေတဲ့ သမာဓိဟာ ဥပစာသမာဓိနှင့် တူညီတဲ့ ဝိပဿနာခဏိက သမာဓိဘဲ၊ နီဝရဏတွေကို ကင်း စေနိုင်ပုံအားဖြင့် ဥပစာသမာဓိနှင့် တူညီတဲ့အတွက် သူ့ကို ဥပစာသမာဓိလို့လဲ ခေါ်ရတယ်၊ အဲဒီအခါမှာ ရှုမှတ်တဲ့ ဝိပဿနာစိတ်ချည်း စင်ကြယ်နေလို့ စိတ္တ-ဝိသုဒ္ဓိလဲ ပြည့်စုံတယ်။ ဝိပဿနာဉာဏ် အားပြည့်တဲ့အခါ နိဗ္ဗာန်ကို မျက်မှောက်

တွေ့မြင်တဲ့ အရိယာမဂ်ဖိုလ်ဖြစ်တယ်၊ အဲဒီ အရိယာမဂ်ဖိုလ် ခဏမှာ ပါဝင်တဲ့ **သမာဓိကတော့** လောကုတ္တရာ အပ္ပနာ သမာဓိဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ "ခဏိက, ဥပစာ၊ အပ္ပနာ၊ သုံးဖြာ မှတ်လေဘိ" လို့ ဆိုထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

(၈) ခဏိက, ဥပစာ၊ အပ္ပနာ၊ သုံးဖြာ မှတ်လေဘိ။ (ဆို)

ကုသိုလ်ဆိုင်ရာ သမ္မာသမာဓိဟာ ခဏိကသမာဓိ၊ ဥပစာသမာဓိ၊ အပ္ပနာ သမာဓိအားဖြင့် သုံးမျိုးရှိတယ်လို့ ဆိုလိုပါတယ်။ ဒီသမ္မာသမာဓိကို ပါဠိတော်မှာ ဈာန်လေးပါးဖြင့်ဝေဘန်ပြတော်မူပါတယ်၊ အဲဒီပါဠိတော်အရအားဖြင့် ရူပဈာန် အရူပဈာန်သမာဓိနှင့် မဂ်ဖိုလ်ဈာန်သမာဓိကိုသာ ပဓာနအားဖြင့် ရပါတယ်။ ဥပစာသမာဓိနှင့် ဝိပဿနာ ခဏိကသမာဓိကိုတော့ အင်္ဂါငါးပါးရှိတဲ့ ပဌမဈာန် သမာဓိထဲမှာ ထည့်သွင်းပြီး အပ္ပဓာနအားဖြင့် ဟောတော်မူတယ်လို့ ယူရပါ တယ်။ ဘာကြောင့်လဲ ဆိုလျှင်--အဲဒီ ခဏိက ဥပစာသမာဓိများမပါဘဲ လောကီ ဈာန် သမာဓိ လောကုတ္တရာသမာဓိများ မဖြစ်နိုင်သည့်အပြင် အဲဒီ ခဏိက ဥပစာသမာဓိများဖြင့်လဲ မိစ္ဆာသမာဓိကို ထိုက်သည်အားလျော်စွာ ပယ်ရသော ကြောင့်ပါဘဲ။ အဲဒီလို ခဏိက ဥပစာ အပ္ပနာဆိုတဲ့ သမ္မာသမာဓိ သုံးပါးဖြင့် မိစ္ဆာသမာဓိကိုပယ်ဘို့ ဒီသလ္လေခသုတ်မှာ မြတ်စွာဘုရားက---

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာသမာဓိ၊ မှားသော သမာဓိရှိကုန် **သည်။** ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာ- **သမာဓိ၊ မှန်သောသမာဓိ ရှိကုန်သည်။ ဘဝိဿာမတိ၊ ဖြစ်ကုန်အံ့ဟူ၍။** **သလ္လေခေါ၊** ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြု ကျင့်အပ်၏-စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီဒေသနာတော်နှင့် အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁၈) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက လောကရေးရာ အကုသိုလ်အရာ၌ စိတ်တည်တံ့ကြမည့် နေရာမှာ ငါတို့ကတော့ ကုသိုလ်အရာ၌ စိတ်တည်တံ့စေမည်၊ ကိလေသာ ပါး စေတဲ့။ ပ။ မိစ္ဆာသမာဓိလမ်းဆိုးကို သမ္မာသမာဓိလမ်းကောင်းဖြင့် ရှောင်လွှဲမည်၊

သမ္မာသမာဓိဖြင့် အဆင့်အတန်းတက်မည်၊ မိစ္ဆာသမာဓိ ကိလေသာမီးကို သမ္မာသမာဓိ ရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၁၉။ မိစ္ဆာဉာဏ-မှားစွာဆင်ခြင်ခြင်း

မိစ္ဆာဉာဏ်ဆိုတာ အလွဲအမှားကို အမှန်ထင်မြင်ပြီး ဆင်ခြင်ဆုံးဖြတ်တဲ့ သဘောပါဘဲ၊ တရားကိုယ်အရ အားဖြင့်တော့ မောဟပါဘဲ၊ ဒါကြောင့် အဋ္ဌကထာမှာ——

> မိစ္ဆာဉာဏန္တိ ပါပကိရိယာသု ဥပါယစိန္တာဝသေန, ပါပံ ကတ္ဝာ “သုကတံ မယာ”တိ ပစ္စဝေက္ခဏာကာရေန စ ဥပ္ပန္နော မောဟော ဝေဒိတဗ္ဗော – လို့ ဖွင့်ပြထားပါတယ်။

ပါပကိရိယာသု၊ မကောင်းမှုကို ပြုလုပ်ရာတို့၌။ ဥပါယစိန္တာဝသေန၊ ပြီးမြောက်ကြောင်း နည်းလမ်းကို ကြံဆသည်၏ အစွမ်းအားဖြင့်၎င်း။ ပါပံ ကတွာ၊ မကောင်းမှုကို ပြုလုပ်ပြီး၍။ သုကတံ မယာတိ၊ ငါလုပ်တာကောင်းသည်ဟူ။ ပစ္စဝေက္ခဏာကာရေန စ၊ ပြန်၍ဆင်ခြင်သော အခြင်းအရာအားဖြင့်၎င်း။ ဥပ္ပန္နော မောဟော၊ ဖြစ်သောမောဟကို။ မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏ်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏–တဲ့။

သတ်ဖို့ရာ ခိုးဖို့ရာ လုယက်ဖို့ရာ လိမ်ဖို့ရာ စသည်အတွက် ခက်ခက်ခဲခဲ နည်းလမ်းကြံဆပြီးပြုလုပ်ရတာတွေရှိတယ်၊ အဲဒီလိုပြုလုပ်ရာမှာ နည်းလမ်းကို ကြံဆတဲ့ ဉာဏ်ဟာ မိစ္ဆာဉာဏ်ဘဲ၊ အဲဒီလို မကောင်းမှုပြုရာမှာ အောင်မြင်ဖို့ တိုးတက်ပြီး အောင်မြင်ဖို့ ကြံရတာတွေ များစွာဘဲ ရှိနေပါတယ်၊ သတ္တဝါတွေကို အလွယ်တကူနဲ့ အမျှားကြီးသတ်နိုင်အောင် စက်ကိရိယာတို့ လက်နက်ကိရိယာတို့ အဆိပ်ဆေးတို့ ဒီလိုဟာတွေ ကြံရတာတွေလဲ ရှိတယ်၊ အဲဒါတွေဟာ လောက ဝေါဟာရအားဖြင့် ဉာဏ်လို့ အသိအမှတ် ပြုရတာတွေပါဘဲ၊ ဒါပေမဲ့ တရားသဘော အရ အားဖြင့်တော့ မောဟဘဲ မိစ္ဆာဉာဏ်ဘဲလို့ ဆိုလိုပါတယ်။ နောက်ပြီးတော့ မကောင်းမှု တစုံတခုကို ပြုလုပ်ပြီးတဲ့အခါ ငါလုပ်လိုက်တာ ကောင်းတယ် လမ်းမှန်တယ် သဘာဝကျတယ်လို့ ပြန်ဆင်ခြင်တာလဲ ရှိတယ်၊ အဲဒါလဲ လောက ဝေါဟာရအားဖြင့် ဉာဏ်လို့ ဆိုရမှာဘဲ၊ ဒါပေမဲ့ တရားကိုယ်အရအားဖြင့်

မောဟဘဲ မိစ္ဆာဉာဏ်ဘဲလို့ ဆိုလိုပါတယ်။ ယခု ပြောခဲ့တဲ့အနက်ကတော့ (ပစ္စ-ဝေက္ခဏာကာရေန စ–ပြန်၍ ဆင်ခြင်သော အခြင်းအရာအားဖြင့်ဝှင်းလို့) စ–သဒ္ဒါနှင့်တကွ ရှိနေတဲ့ပါဌ်အရ မိစ္ဆာဉာဏ်ကို ၂–မျိုးခွဲပြီး ပြတဲ့ အနက်ပါဘဲ၊ မကောင်းမှုပြုဘို့ရာ ကြံဖန်တဲ့ မိစ္ဆာဉာဏ်က တခု၊ ပြုပြီးတဲ့ မကောင်းမှုကို ကောင်းတဲ့အနေနဲ့ ပြန်ဆင်ခြင်တဲ့ မိစ္ဆာဉာဏ်ကတခု–ဒီလို မိစ္ဆာဉာဏ် ၂–ခု ရပါဘယ်၊ အဲဒီလို ၂–မျိုးယူတဲ့ အနက်လဲ သင့်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဆန့်ကျင်ဘက် သမ္မာဉာဏ်ကျတော့ ပြန်ဆင်ခြင်တာ တခုဘည်းကိုသာ ယူရမှာဖြစ်တယ်၊ ဒါကြောင့် ၂–မျိုး မခွဲဘဲ တမျိုးတည်း အနက်ယူတာက ရှေ့နောက်ညီပြီး သာ၍ သင့်စရာ ရှိပါတယ်။

အဲဒီလို ဆိုယင်တော့ မကောင်းမှုပြုရမှာ ပြီးမြောက်ကြောင်း နည်းလမ်းကို ကြံဆပြီး ပြုလုပ်တယ်၊ အဲဒီလိုပြုလုပ်ပြီးတော့ ငါလုပ်တာ ကောင်းတယ်လို့ ပြန်ဆင်ခြင်တယ်၊ အဲဒီလို ပြန်ဆင်ခြင်တာကိုသာ မိစ္ဆာဉာဏ်လို့ ယူရမယ်။ ဒါကြောင့် ဆောင်ပုဒ်မှာ "မကောင်းမှုတွင်၊ ဉာဏ်ဆင်ပြုလတ်၊ ကောင်းသည်မှတ်၊ ခေါ်အပ် မိစ္ဆာဉာဏ်" လို့ ဆိုထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

(က) မကောင်းမှုတွင်၊ ဉာဏ်ဆင်ပြုလတ်၊ ကောင်းသည်မှတ်၊ ခေါ်အပ် မိစ္ဆာဉာဏ်။ (ဆို)

## သမ္မာဉာဏ–မှန်စွာ ဆင်ခြင်ခြင်း

ဒီမိစ္ဆာဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ သမ္မာဉာဏ်ကတော့ အရိယာမဂ်ဖိုလ်ကို ရောက်ပြီးတဲ့အခါ မိမိရောက်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ပြန်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဉာဏ်များနှင့် ကင်းငြိမ်းပြီး ကိလေသာ မကင်းငြိမ်းသေးတဲ့ ကိလေသာတို့ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်များပါဘဲ၊ အဲဒီ ပစ္စဝေက္ခဏာဉာဏ်တွေဟာ သောတာပန်မှာ ငါးပါး၊ သကဒါဂါမ်မှာ ငါးပါး၊ အနာဂါမ်မှာ ငါးပါး၊ ရဟန္တာ မှာတော့ မကင်းငြိမ်းတဲ့ ကိလေသာ မရှိတဲ့အတွက် လေးပါး–အားလုံးပေါင်း ၁၉–ပါး ရှိပါတယ်။ အဲဒီ ၁၉–ပါးထဲက လိုရင်းဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် ဆင်ခြင်ပုံ ကိုသာ ဆောင်ပုဒ်မှာ အကျဉ်းချုပ် ပြထားပါတယ်၊ "မဂ်ဖိုလ်နိဗ္ဗာန်၊ အမှန် သိမြင်၊ ပြန်ဆင်ခြင်၊ ခေါ်တွင် သမ္မာဉာဏ်"တဲ့။ ကဲ အဲဒါကို ဆိုကြရမယ်။

(ခ) မဂ်ဖိုလ်နိဗ္ဗာန်၊ အမှန်သိမြင်၊ ပြန်ဆင်ခြင်၊ ခေါ်တွင် သမ္မာဉာဏ်။(ဆို)

အဲဒီ ပစ္စဝေက္ခဏာဉာဏ် ဆိုတဲ့ သမ္မာဉာဏ်ဖြင့် မိစ္ဆာဉာဏ်ကို ပယ်နိုင်အောင် အားထုတ်ဖို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ မိစ္ဆာဉာဏီ၊ မှားသော ဆင်ခြင်ဉာဏ် ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာဉာဏီ၊ မှန်သော ဆင်ခြင်ဉာဏ်ရှိကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏—စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီ ဒေသနာတော်နှင့်အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁၉) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက မိစ္ဆာဉာဏ်ရှိကြမည့်နေရာမှာ ငါတို့ကတော့ သမ္မာဉာဏ် ရှိစေမည်၊ကိလေသာပါးစေဘဲ။ပ။မိစ္ဆာဉာဏ် လမ်းဆိုးကို သမ္မာဉာဏ်လမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ သမ္မာဉာဏ်ဖြင့် အဆင့်အတန်းတက်မည်၊ မိစ္ဆာဉာဏ် ကိလေသာမီးကို သမ္မာဉာဏ်ရေစင်ဖြင့် ငြိမ်းသတ်မည်။

အဲဒီ အဓိဋ္ဌာန်ဆောင်ပုဒ်အရ သမ္မာဉာဏ် အပြည့်အစုံ ပေါ်လာသည် တိုင်အောင် အားထုတ်သွားကြဘို့ပါဘဲ။ ယခု အားထုတ်နေဆဲ ယောဂီတွေဟာ ဒွါရ ၆-ပါးက ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီ သမ္မာဉာဏ်နှင့် ပြည့်စုံအောင် အားထုတ်နေကြတာပါဘဲ။ မပြတ်ရှုမှတ်လို့ ဉာဏ်ရင့်လာတဲ့အခါ သင်္ခါရုပေက္ခာဉာဏ်ဆိုတာကို တွေ့ကြရပါလိမ့်မယ်၊ အဲဒီဉာဏ်က အင်မတန် ထူးခြားပါတယ်၊ မှတ်စရာအာရုံကလဲ သူ့ဟာသူ ပေါ်ပေါ် ပေးနေသလိုဘဲ၊ မှတ်သိတဲ့စိတ်ကလဲ သူ့ဟာသူ သိသိသွားနေသလိုဘဲ ဖြစ်နေတာကို တွေ့ကြရပါလိမ့်မယ်၊ ၁-နာရီ ၂-နာရီ ၃-နာရီစသည်ဖြင့် အပြတ်အခြားမရှိဘဲ ပင်ပန်းခြင်းလဲ မရှိဘဲ တသမတ်တည်း မှတ်သိသွားနိုင်တာကိုလဲ တွေ့ကြရပါလိမ့်မယ်၊ အာရုံကောင်း အတွေ့ကောင်းတွေကို အကြောင်းပြုပြီး နှစ်သက်သာယာမှု ဝမ်းမြောက်မှုလဲ မရှိဘဲ၊အာရုံဆိုး အတွေ့ဆိုးတွေကို အကြောင်းပြုပြီး စိတ်ပျက်မှု နှလုံးမသာမှုလဲမရှိဘဲ သိရုံသိရုံ အညီအမျှ လျစ်လျူရှုသွားနိုင်တာကိုလဲ တွေ့ကြ

ရပါလိမ့်မယ်၊ အဲဒီလို အမှတ်အသိ ကောင်းနေရာထဲက သွက်လက် လျင်မြန်ပြီး အထူးသာပြီး ကောင်းလာတဲ့ အသိများဖြစ်လာတာကိုလဲ တွေ့ကြရပါလိမ့်မယ်၊ အဲဒီလို ဖြစ်ပျက်တဲ့ ရုပ်နာမ်ကို သိနေဆဲမှာပင် ချုပ်ငြိမ်းတဲ့ သဘောထဲသို့ ရုတ်တရက်ကျရောက်သွားသလို ဖြစ်တာကိုလဲ တွေ့ကြရပါလိမ့်မယ်၊အဲဒီလို တွေ့ပြီးတဲ့အခါ မိမိဖြစ်ပုံကို ပြန်၍ ဆင်ခြင်မိပါလိမ့်မယ်၊ အဲဒါဟာ သမ္မာဉာဏ်ခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ်ဘဲ။ အဲဒီလို ဆင်ခြင်ရာမှာ ပျက်ပျက်သွားတဲ့ သဘောကို သိသိနေရင်းထဲက ချုပ်ငြိမ်းရာသို့ ရောက်သွားပုံကို ဆင်ခြင်တာဟာ မဂ်ဖိုလ်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်ဘဲ၊ဖြစ်ခြင်းပျက်ခြင်းမရှိဘဲ ချုပ်ငြိမ်းတဲ့သဘောကို ဆင်ခြင်တာဟာ နိဗ္ဗာန်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်ဘဲ။ "အတ္တကောင် ရှိတယ်လို့ အထင်မှား အယူမှားမရှိတော့ဘူး၊ ဘုရား, တရား, သံဃာ အကျင့် သိက္ခာနှင့် စပ်ပြီး ယုံမှားမရှိတော့ဘူး" လို့လဲ တချို့က ဆင်ခြင်မိတတ်တယ်၊ အဲဒါက ပယ်ပြီး ကင်းငြိမ်းပြီး ကိလေသာကို ဆင်ခြင်တာဘဲ၊ "လိုချင်မှု စိတ်ဆိုးမှုတွေကလဲ ရှိသေးတယ်၊ မသိတာတွေကလဲ ရှိသေးတယ်၊ ဆက်ပြီး အားထုတ်ရဦးမှာဘဲ" စသည်ဖြင့် ဆင်ခြင်တာလဲ တချို့မှာ ဖြစ်တယ်၊ အဲဒါက မပယ်ရသေးတဲ့ မကင်းငြိမ်းသေးတဲ့ ကိလေသာကို ဆင်ခြင်တာဘဲ၊ အဲဒီ ကိလေသာ ဆင်ခြင်ပုံတွေကတော့ သုတရှိဘဲ့ ပုဂ္ဂိုလ်အချို့မှာသာ ဖြစ်တတ်တယ်လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။ ယခုပြောခဲ့တာဟာ သောတာပတ္တိ မဂ်ဖိုလ်ရောက်ပြီးတဲ့အခါ ဆင်ခြင်ပုံဘဲ။

သောတာပန်စသည်က အထက်မဂ်ဖိုလ်ဉာဏ်ရအောင် အားထုတ်ယင် ပါရမီဉာဏ်ကလဲ ပြည့်စုံယင် သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါ နည်းတူဘဲ အထက်မဂ်ဖိုလ်ဉာဏ်များဖြစ်ပြီး ဆင်ခြင်ဉာဏ်များလဲ ဖြစ်လိမ့်မယ်၊ အဲဒီလို ဖြစ်ရာမှာ သကဒါဂါမိမဂ်ဖိုလ် ရောက်ပြီးတဲ့အခါ ဆင်ခြင်ဉာဏ်က ငါးပါး၊ အနာဂါမိမဂ်ဖိုလ်ရောက်ပြီးတဲ့အခါ ဆင်ခြင်ဉာဏ်က ငါးပါး၊ အရဟတ္တမဂ်ဖိုလ်ရောက်ပြီးတဲ့အခါ ဆင်ခြင်ဉာဏ်ကတော့ ခုတင်က ပြောခဲ့တဲ့အတိုင်း လေးပါး၊ အားလုံးပေါင်းလိုက်ယင် သမ္မာဉာဏ်ခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ် ၁၉-ပါး ဖြစ်တယ်။ မြတ်စွာဘုရား၏ ရည်ရွယ်တော်မူချက်ကတော့ အဲဒီသမ္မာဉာဏ် ၁၉-ပါးလုံး ပြည့်စုံအောင် အားထုတ်သွားကြရန် ဖြစ်ပါတယ်။

## ၂၀။ မိစ္ဆာဝိမုတ္တိ–မှားစွာလွတ်ခြင်း

မိစ္ဆာဝိမုတ္တိ–မှားစွာလွတ်ခြင်းဆိုတာကတော့ တကယ်လွတ်မြောက်မှု မဟုတ်ပါဘဲနဲ့ လွတ်မြောက်မှုအစစ်အနေအားဖြင့် ယုံကြည် ယူဆထားတဲ့ တရားပါဘဲ။ အဲဒါက ဘာလဲဆိုယင် အမျိုးမျိုးအထွေထွေ များစွာဘဲ ရှိပါတယ်၊ သာသနာပ ပုဂ္ဂိုလ်တွေ ယူဆထားတဲ့ လွတ်မြောက်မှုတွေလဲ ရှိတယ်၊ သာသနာတော်တွင်းမှာ မှားယွင်းစွာ ယူဆထားတဲ့ လွတ်မြောက်မှုတွေလဲ ရှိတယ်။ သာသနာပ လွတ်မြောက်မှုတွေကတော့ အတ္တကို ရှာလို့ အတ္တကို တွေ့ယင် လွတ်မြောက်တယ်လို့ ဆိုတာလဲ ရှိတယ်၊ အတ္တနှင့် ခန္ဓာကို ခွဲခြားပြီးသိယင် လွတ်မြောက်တယ်လို့ ဆိုတာလဲ ရှိတယ်၊ ဘုရားလက်ထက်တော်ကာလက နိဂဏ္ဌနာဋပုတ္တလို့ ထင်ရှားခဲ့တဲ့ ဂိုဏ်းဆရာကြီး၏တပည့် ဂျိန်းဘာသာဝင်တွေကတော့ အတ္တသို့ ကံသစ် မကပ်ရောက်နိုင်အောင် ကျင့်ခြင်း၊ ကံဟောင်းကုန်သွားအောင် ဆင်းရဲခံခြင်းဖြင့် လွတ်မြောက်တယ်လို့ ဆိုကြတယ်၊ အဲဒီလိုကျင့်ခြင်းဖြင့် အဝတ်မှာတောင် တွယ်တာမှုမရှိအောင် လွတ်မြောက်ပြီလို့ ယူဆပြီး သူတို့က အဝတ်မဝတ်ဘဲ နေကြတယ်၊အဲဒီလိုအငတ်မရှိတဲ့ပုဂ္ဂိုလ်တွေကို သူ့ဘာသာဝင်တွေက အရဟတ်= ရဟန္တာလို့ ယုံကြည်ကြ ကိုးကွယ်ကြတယ်၊ ယခုလဲ အိန္ဒိယမှာ အဲဒီလို အရဟတ်တွေ ရှိနေပါတယ်။ တချို့ဘာသာဝင်တွေက မီးပူဇော်ခြင်းဖြင့် လွတ်မြောက်တယ်လို့ ယူကြတယ်၊ တချို့ဘာသာဝင်တွေက ဂင်္ဂါမြစ်ရေကို ချိုးခြင်းဖြင့် အပြစ်ကင်းပြီး လွတ်မြောက်တယ်လို့ ယူကြတယ်၊ တချို့က ဇီဇသရ ခေါ်တဲ့ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်ခြင်းဖြင့် ကောင်းကင်ဘုံရောက်ပြီး လွတ်မြောက်တယ်လို့ ယူကြတယ်၊ အာဠာရရသေ့ ရာမရသေ့ ဥဒကရသေ့တို့လို ပုဂ္ဂိုလ်အချို့က အာကိဉ္စညာစျာန် နေဝသညာစျာန်ဖြင့် လွတ်မြောက်တယ်လို့ ယူကြတယ်၊ အချို့က ရူပစျာန် တပါးပါးဖြင့် လွတ်မြောက်တယ်လို့ ယူကြတယ်၊ ဗကဗြဟ္မာကြီးကတော့ သူ့ပဌမစျာန် ဗြဟ္မာ့ဘုံကို ရောက်ယင် လွတ်မြောက်တယ်လို့ ယူဆထားတယ်၊ အဲဒီလို လွတ်မြောက်ပုံတွေ များစွာရှိပါတယ်။

ဗုဒ္ဓသာသနာတော်အတွင်းမှာလဲ စျာန်တပါးပါးရရုံနဲ့ လွတ်မြောက်ပြီလို့ အထင်ရောက်နေကျတာလဲ ရှိတယ်၊ အဲဒီလို အထင်ရောက်ပုံကိုတော့ ဒီသုတ်၏ အစပိုင်းမှာ မြတ်စွာဘုရားကိုယ်တော်တိုင်ဘဲ ထုတ်ဖော်ပြီးဟောခဲ့ပါတယ်၊ ဒီ

သလ္လေခသုတ် တရားတော်မှာလဲ အဲဒီအစပိုင်းတုန်းက မဟာနာဂမထေရ် မဟာတိဿမထေရ်တို့ အထင်ရောက်ပုံကို ထုတ်ပြခဲ့ပါတယ်၊ အဲဒါကို ပြန်ကြည့်ပါ။ နောက်ပြီးတော့ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါမှာ အရောင်အလင်း ပီတိ သုခ အစရှိတဲ့ အထူးတွေကို တွေ့ရလို့ မဂ်ဖိုလ် ရောက်ပြီလို့ အထင်ရောက်နေတဲ့ ယောဂီတွေလဲ ရှိတယ်၊ တချို့ကတော့ အဲဒီလောက်တောင် ဉာဏ်မဖြစ်သေးပါဘူး၊ ထူးခြားတဲ့ အတွေ့ကလေး တခုလောက် တွေ့ရတာနဲ့ တရားပေါက်ပြီ၊ တရားထူးရပြီလို့ ထင်နေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတယ်၊ ထူးခြားတဲ့ အတွေ့ကလေး ဆိုတာက ဘယ်လိုဟာလဲဆိုယင်– ပင်ပန်းရာက အေးမြ ကောင်းတဲ့အတွေ့၊ ပေါ့သွားတဲ့ အတွေ့၊ ဆတ်ကနဲ ခါသွားတဲ့ အတွေ့၊ လဲကျသွားဘဲ့ အတွေ့၊ ပုံသဏ္ဌာန်အာရုံအထူးများကို မြင်တဲ့အတွေ့၊ အသံအထူးကို ကြားရတဲ့အတွေ့၊ အသုဘအာရုံကို မြင်ရတဲ့အတွေ့၊ ဟင်းလင်းပြင်အတွေ့၊ ရေပြင်ကြီးလို အတွေ့၊ အလင်းရောင် အတွေ့– ဒီလို အတွေ့ထူးပါဘဲ။ တချို့က ရှုခါစ တနာရီ နှစ်နာရီလောက် အတွင်းမှာ ဖြစ်စေ၊ တရက် နှစ်ရက် သုံးရက်လောက် အတွင်းမှာ ဖြစ်စေ ထိုင်လျက်သား သတိလစ်သလို ဖြစ်နေတတ်တယ်၊ မ–ယူလိုက်ယင် အထိုင်မပျက်ဘဲ ကြွပါလာတတ်တယ်၊ ဒါပေမဲ့ မေးမြန်း စိစစ်ကြည့်ယင် အဲဒီလို ပုဂ္ဂိုလ်က ရုပ်နာမ်ပိုင်းခြားသိပုံလဲ မပြောနိုင်ဘူး၊ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သိပုံကိုလဲ မပြောနိုင်ဘူး၊ ဒါကြောင့် အဲဒါမျိုးကတော့ သမာဓိ သက်သက်နဲ့ ထူးခြားတဲ့ အတွေ့တမျိုးလို့ ဆိုရမှာဘဲ။ ဒါပေမဲ့ ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ဆိုယင်တော့ "ရုပ်နာမ် ချုပ်ရာ ရောက်နေတယ်၊ ဖိုလ်ဝင်စားနေတယ်"လို့ ထင်တတ် ယူဆတတ်တယ်။

အရေးကြီးတာကတော့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်ပြီးတော့မှ မဂ်ဖိုလ်ဉာဏ်ဖြင့် ချုပ်ငြိမ်းတဲ့သဘောကို ဆိုက်ရောက်ပြီး လွတ်မြောက်ဖို့က အရေးကြီးပါတယ်၊ အဲဒီလို လွတ်မြောက်ပြီးလို့ထင်တဲ့သူမှာ အောက်ထစ်ဆုံးအား ဖြင့် ဘုရား တရား သံဃာနှင့် ကိုယ့်အကျင့်သိက္ခာကို ယုံကြည်မှု ခိုင်မြဲဘို့၊ အတ္တစွဲ ကင်းဘို့၊ ယုံမှားမှုကင်းဘို့၊ မဂ္ဂင်မပါတဲ့ အလေ့အကျင့်မျိုးကို မယုံကြည်ဘို့၊ ငါးပါးသီလ လုံခြုံဘို့ အဲဒါတွေကလဲ အရေးကြီးပါတယ်။ တရား ပေါက်ပြီ သောတာပန် ဖြစ်ပြီ ဆိုပြီးတော့ ငါးပါးသီလမှ မလုံယင် အဲဒီလိုလွတ်မြောက်

တာဟာ မိစ္ဆာဝိမုတ်ပဲလို့ မှတ်ရမယ်။ ဒါကြောင့် ဆောင်ပုဒ်မှာ “မလွတ်ပါဘဲ၊ လွတ်ပြီစွဲ၊ အလွဲဝိမုတ်တည်း”လို့ ဆိုထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

(က) မလွတ်ပါဘဲ၊ လွတ်ပြီစွဲ၊ အလွဲဝိမုတ်တည်း။ (ဆို)

ဒီနေရာမှာ ဥပရိပဏ္ဏာသအဋ္ဌကထာ သာမဂါမသုတ်အဖွင့်မှာ ထုတ်ပြထားတဲ့ မိစ္ဆာဝိမုတ်ဖြစ်ပုံ ဝတ္ထုများကို ဗဟုသုတဖြစ်စေရန်အတွက် ထုတ်ပြချင်တယ်။

## အရောင်အလင်း ရဟန္တာ

မထေရ်တပါးက ကမ္မဋ္ဌာန်းတောင်းတဲ့ တပည့်များကို ဒီလို ကမ္မဋ္ဌာန်း ပေးသတဲ့၊ တခဏချင်း ရဟန္တာဖြစ်စေနိုင်တဲ့ ကမ္မဋ္ဌာန်းကို ဟောမယ်၊ မိမိနေရာ ကျောင်းခန်းထဲ ဝင်ပြီး မူလကမ္မဋ္ဌာန်းကို နှလုံးသွင်းနေရမယ်၊ အဲဒီလို နှလုံးသွင်းနေစဉ်မှာ အရောင်အလင်းပေါ်လာယင် အဲဒါ ပဌမမဂ်ပဲ။ အဲဒီ ပုဂ္ဂိုလ်ဟာ ဆက်ပြီးရှုနေစဉ် ဒုတိယတကြိမ် အရောင်အလင်း ပေါ်လာ ပြန်ယင် အဲဒါ ဒုတိယမဂ်ပဲ။ ထို့အတူ တတိယတကြိမ် စတုတ္ထတကြိမ် အရောင် အလင်း ပေါ်လာယင်လဲ တတိယမဂ် စတုတ္ထမဂ်ပဲ၊ ဒါလောက်ဆိုယင် အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်ပြီးဖြစ်တယ်–လို့ ကမ္မဋ္ဌာန်းကို ဟောကြား ညွှန်ပြပေးသတဲ့။ အဲဒီလို ကမ္မဋ္ဌာန်းပေးတဲ့အတွက် သူ့တပည့်တွေက အဲဒီဆရာ မထေရ်ကို ရဟန္တာဘဲလို့ ယုံကြည်ဆုံးဖြတ်ကြသတဲ့။ နောက်ကာလ အဲဒီမထေရ် ပျံလွန်တော်မူတဲ့အခါ ရဟန္တာ ပရိနိဗ္ဗာန်စံတယ်လို့ ယုံကြည်ယူဆပြီး အကြီး အကျယ် ပူဇော်ကြ သင်္ဂြိုဟ်ကြတယ်၊ အရိုးများကိုလဲ ကောက်ယူပြီး စေတီ တည်ထားကြတယ်။ အဲဒီအခါ ဗဟုသုတပြည့်စုံတဲ့ အာဂန္တုရဟန်းများ ရောက် လာပြီး မေးမြန်းကြည့်တဲ့အခါ ကျောင်းနေတပည့် ရဟန်းများက သူတို့၏ဆရာ မထေရ်ကြီး ကမ္မဋ္ဌာန်းတရား ဟောပုံကို ပြောပြပြီးတော့ ပရိနိဗ္ဗာန် စံသွား ကြောင်း ဓာတ်တော်များကို စေတီတည်ထားကြောင်းများကို ပြောကြတယ်။ အဲဒီအခါ အာဂန္တုရဟန်းများက အရှင်တို့ဆရာ မထေရ်ကြီးတွေ့တဲ့ အရောင် အလင်းဟာ မဂ်မဟုတ်ဘူး၊ ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသခေါ်တယ်၊ အရှင်ဘုရားတို့က ဝိပဿနာအကြောင်းကို မသိကြဘဲဟာကိုး၊ အဲဒီမထေရ်ကြီး ဟာ ပုထုဇဉ်ဘဲ–လို့ တရားကျမ်းဂန်နှင့်အညီ ရှင်းပြောကြတယ်။ ဒါပေမဲ့

အဲဒီမထေရ်ကြီး၏ တပည့်ရဟန်းတွေက သူတို့၏ ဆရာကို ပုထုဇဉ်လို့ ဆိုရပါ မလားလို့ မခံမရပ်နိုင်ဖြစ်ပြီး ငြင်းခုံကြသတဲ့။ အဲဒီလို ရဟန္တာမဟုတ်တဲ့ပုဂ္ဂိုလ်ကို ရဟန္တာလို့ အထင်မှားနေတဲ့အယူကို မစွန့်ယင် အဲဒီလိုပုဂ္ဂိုလ်တွေမှာ မဂ်ဖိုလ်လဲ မရနိုင်ဘူး၊ နတ်ပြည်တောင် မရောက်နိုင်ဘူးလို့ အဲဒီအဋ္ဌကထာမှာ ပြဆိုထား ပါတယ်။ ပြဆိုပုံကို ထုတ်ပြပါဦးမယ်။

ဇေဝဝါဒီနံ၊ ဤသို့ မှားသောအယူဝါဒ ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သတံ ဝါ ဟောတု သဟဿံ ဝါ၊ တရာသော်ငြင်း တထောင်သော်ငြင်း ရှိပေစေ။ ယာဝ တံ လဒ္ဓိံ နပ္ပဇဟန္တိ၊ ထိုမှားသောအယူဝါဒကို မစွန့်သမျှကာလပတ်လုံး။ သဂ္ဂေါပိ မဂ္ဂေါပိ ဝါရိတော ယေဝ၊ နတ်ပြည်ကိုရော မဂ်ကိုရော တားမြစ်အပ် သည်သာတည်း – တဲ့။

အဲဒီမှာ ဋီကာက ဒီလို ထပ်ဆင့်ပြီး ဖွင့်ပြပါတယ်။

ကဲ့ရဲ့ထိုက်သော ပုထုဇဉ် အဖြစ်၌ တည်သည့်ပုဂ္ဂိုလ်ကို ချီးမွမ်းထိုက်သော အရိယာအဖြစ်သို့ မြှင့်တင်၍ယူထားသော ထိုမိစ္ဆာအယူကို မြဲမြံစွာချီးမြှောက်၍ ပြောဆိုငြင်းခုံခြင်းကြောင့် “နတ်ပြည်ကိုရော မဂ်ကိုရော တားမြစ်အပ်သည် သာတည်း” ဟု အဋ္ဌကထာ ဆရာ ဆိုပေသည်တဲ့။

အဲဒါဟာ ကိုယ့်ဆရာကို မဟုတ်ပဲနဲ့ ဂုဏ်တင်ပြီး ငြင်းခုံ ပြောဆိုယင် အပြစ် ကြီးကြောင်း အထူး သတိပြုကြဘို့ပါဘဲ။

## အိုးကင်းကြော် ရဟန္တာ

အဲဒီ အဋ္ဌကထာမှာဘဲ အခြားမထေရ်တပါး ဟောပုံကိုလဲ ဒီလို ဆက်ပြ ထားတယ်။ စိတ်ကူးဖြင့် ဖိုခုံလောက် သုံးခုကို ပြင်ပြီး စိတ်ကူးဖြင့် ပင် ဒယ်အိုးကင်းကို တယ်ရမယ်၊ စိတ်ကူးဖြင့်ပင် မီးထည့်၊ စိတ်ကူးဖြင့်ပင် မိမိ၏ သုံးဆဲ့နှစ်ကောဋ္ဌာသကို ဒယ်အိုးကင်းထဲ ထည့်ပြီး စိတ်ကူးဖြင့်ပင် ဒုတ်နဲ့ မွှေမွှေ ပြီး လှော်ရမယ်၊ ပြာကျတဲ့အခါ ပါးစပ်လေဖြင့် မှုတ်လွှင့်ပစ်လိုက်ရမယ်။ အဲဒီလို ပုဂ္ဂိုလ်ဟာ မကောင်းမှုကို ခါထုတ်ပြီးသော ရဟန်းမည်တယ်–လို့ ဟောသတဲ့။ အဲဒီလို ဟောတဲ့ ဆရာကိုလဲ ရှေးနည်းအတူ ရဟန္တာ–လို့ ယူပြီး စေတီ တည်ကြ တယ်၊ အာဂန္တုရဟန်းများနဲ့ ငြင်းခုံကြပါတယ်တဲ့။

## အိုးစရည်းကြီး ရဟန္တာ

အခြား မထေရ်တပါးကတော့–စိတ်ကူးဖြင့် အိုးစရည်းကြီးကို တည်ထား၊ စိတ်ကူးဖြင့်ပင် သုံးဆဲ့နှစ်ကောဋ္ဌာသကို အဲဒီ အိုးကြီးထဲ ထည့်၊ စိတ်ကူးဖြင့်ပင် မွှေတံတပ်ပြီး မွှေရမယ်၊ မွှေလို့ ကြေမွသွားတဲ့အခါ တက်လာတဲ့ အမြှုပ်ကို စားသုံးရမယ်၊ အဲဒါဟာ အမြိုက်ကို သုံးဆောင်ရတာဘဲလို့ ဟောသတဲ့။ အဲဒီလို ဟောခြင်းကတော့ "ကာယဂတာသတိကို သုံးဆောင်ရတဲ့သူတွေဟာ အမြိုက် နိဗ္ဗာန်ကို သုံးဆောင်ရတယ်"လို့ ဟောတော်မူတဲ့ ဒေသနာတော်ကို မှီပြီးတော့ မှားယွင်းစွာ ယူဆ ပြောဟောခြင်းပါဘဲ–တဲ့။ အဲဒီလို ဟောတဲ့ဆရာကိုလဲ သူ့တပည့်တွေက ရှေးနည်းတူဘဲ ရဟန္တာ–လို့ ယူဆပြီး ပူဇော်ကြ စေတီတည်ကြ တယ်၊ အမှန်ကိုပြောပြတဲ့ အာဂန္တုရဟန်းတွေနဲ့လဲ ငြင်းခုံကြပါတယ်–တဲ့။ အဲဒါ ဟာ ဟိုခေတ်တုန်းက မိစ္ဆာဝိမုတ္တိ ဖြစ်ပုံကို ထုတ်ပြထားချက်တွေပါဘဲ။ ဟို ရှေး ခေတ်နှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုယင် ယခုခေတ်မှာ အဲဒီလို မိစ္ဆာဝိမုတ္တိတွေ သာပြီးများတို့ ရှိပါတယ်၊ တချိန်က သစ္စာလေးပါးသိယင် ဗုဒ္ဓ–ဘုရား ဖြစ်တယ် လို့ ဟောသူက ဟောတဲ့အတွက် ယုံကြည်တဲ့ တပည့်များက သူတို့ကိုယ် သူတို့ ဗုဒ္ဓ–ဘုရား ဖြစ်တယ်လို့တောင် ဝန်ခံဝံ့တဲ့သူတွေ ပေါ်လာကြသေးတာဘဲ။ ဒါပေမဲ့ မိစ္ဆာဝိမုတ္တိတွေကို တိတိကျကျ ထုတ်ဖော်ပြောယင် သူများ စောင်း ပြောသလိုလို ဖြစ်နေလိမ့်မယ်၊ ဒါကြောင့် မိစ္ဆာဝိမုတ္တိ အကြောင်းကို ဒါလောက် နဲ့ဘဲ ရပ်ထားလိုက်ပါတော့မယ်။

## သမ္မာဝိမုတ္တိ – မှန်စွာ လွတ်ခြင်း

သမ္မာဝိမုတ္တိကတော့ ဝိသုဒ္ဓိ (၇) ပါး၊ နာမရူပ ပရိစ္ဆေဒဉာဏ် အစရှိသော ဉာဏ်စဉ် ၁၂–ပါး အစဉ်အတိုင်းတက်ပြီး အရိယာမဂ် လေးပါးသို့ရောက်ပြီး အရိယာဖိုလ် လေးပါးဖြင့် လွတ်မြောက်တာကို ဆိုတာပါဘဲ။ ဒါကြောင့် ဆောင် ပုဒ်မှာ "ဝိသုဒ်ခုနစ်ဖြာ၊ ဝိပဿနာနှင့်၊ အရိယာမဂ်၊ စဉ်တိုင်းတက်လို့၊ ဖိုလ်သို့ ရောက်ကာ၊ လွတ်မြောက်တာ၊ သမ္မာဝိမုတ်တည်း"လို့ ဆိုထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

(၁) ဝိသုဒ်ခုနစ်ဖြာ၊ ဝိပဿနာနှင့်၊ အရိယာမဂ်၊ စဉ်တိုင်းတက်လို့၊ ဖိုလ်သို့ ရောက်ကာ၊ လွတ်မြောက်တာ၊ သမ္မာဝိမုတ်တည်း။ (ဆို)

တရားအားထုတ်ယင် ရှေးဦးစွာ သီလစင်ကြယ်ပြီး သီလဝိသုဒ္ဓိနှင့်ပြည့်စုံဘို့ လိုတယ်၊ သီလစင်ကြယ်ဘဲ့နောက် ဥပစာသမာဓိဖြစ်စေ၊ အပ္ပနာသမာဓိဖြစ်စေ၊ ဥပစာသမာဓိနှင့်အလားတူတဲ့ ဝိပဿနာခဏိကသမာဓိဖြစ်စေ၊ ဒီသမာဓိ တပါးပါးနှင့် ပြည့်စုံပြီး စိတ္တဝိသုဒ္ဓိဖြစ်ဖို့ လိုပါတယ်။ အဲဒီကနောက် ရှုမှတ်နေရင်း "မှတ်သိရတဲ့ရုပ်နှင့် မှတ်သိမှုနာမ်" ဆိုတဲ့ ဒီရုပ်နာမ် ၂-ပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားသိဘို့ လိုပါတယ်။ အဲဒီကနောက် ရှုမှတ်နေရင်း အကြောင်းအကျိုးကို သိဘို့၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်နိုင်ဘို့ လိုပါတယ်။ အဲဒီကနောက် ရှုမှတ်ရတဲ့ရုပ်နာမ်သဘောတရားတွေ အသစ်အသစ် ဖြစ်ပေါ်လာပြီး ချက်ခြင်းပျောက်ပျောက်သွားတာကို လျင်မြန်စွာသိတဲ့ ဥဒယဗ္ဗယဉာဏ်ဖြစ်ဖို့ အဲဒီအခါ အရောင်အလင်း ပီတိ ပဿဒ္ဓိ သုခ သဒ္ဓါ အစရှိသော အထူးတွေကို တွေ့ဘို့၊ အဲဒါတွေကိုလဲ ရှုမှတ်ပြီး လွန်မြောက်သွားနိုင်ဘို့ လိုပါတယ်။ အဲဒီကနောက် မှတ်ရတဲ့အာရုံရော မှတ်စိတ်ရော အတွဲလိုက် အတွဲလိုက် ပျောက်ပျောက်သွားတာကို တွေ့မြင်တဲ့ ဘင်္ဂဉာဏ်နှင့် ဘယဉာဏ် စသည် ဖြစ်ဖို့ လိုပါတယ်။ အထူးအားဖြင့်တော့ ကြောင့်ကြမစိုက်ရဘဲ သိရုံသိရုံမျှ လျစ်လျူရှုသွားနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ် ထင်ရှားဖြစ်ဖို့ လိုပါတယ်၊ အဲဒီကနောက် အထူးလျင်မြန်စွာဖြစ်တဲ့ အနုလောမဉာဏ်နဲ့ အရိယာမဂ်ဉာဏ်ဖြစ်ပြီး ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်အာရုံထဲ ရောက်ပြီး လွတ်မြောက်သွားဘို့ပါဘဲ၊ အဲဒီလို လွတ်မြောက်တာကို သမ္မာဝိမုတ္တိ-မှန်စွာလွတ်မြောက်ခြင်းလို့ ဆိုပါတယ်။ တရားကိုယ်အားဖြင့်တော့ သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင် (ဖလင်) ရှစ်ပါးမှ ကြွင်းသော ဖိုလ်စိတ်စေတသိက်အပေါင်းကို သမ္မာဝိမုတ္တိ ခေါ်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ အခြားဒေသနာများမှာတော့ ဖိုလ်စိတ်စေတသိက် အကုန်လုံးကို ဝိမုတ္တိလို့ ပြဆိုထားပါတယ်၊ အဲဒီပြဆိုချက်နှင့်အညီ ဒီဒေသနာမှာလဲ မဂ်ခဏက ပညာ စသည်ကိုသာ သမ္မာဒိဋ္ဌိစသည်အရ ယူပြီးတော့ ဖိုလ်ခဏက သမ္မာဒိဋ္ဌိ စသည်ကိုပါ သမ္မာဝိမုတ္တိအရ ယူလျှင်လဲ သင့်စရာရှိပါတယ်။ အဲဒီ သမ္မာဝိမုတ္တိနှင့် ပြည့်စုံအောင် အားထုတ်ဖို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မိစ္ဆာဝိမုတ္တိ၊ မှားသော လွတ်မြောက်မှု ရှိကုန်သည်။ ဝါ-မလွတ်မြောက်သေးပါဘဲ လွတ်မြောက်ပြီထင်လျက် ကြောင့်ကြမဲ့

နေကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ တွေ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္မာဝိမုတ္တိ၊ မှန်သော လွတ်မြောက်ခြင်းနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏– စသည်ဖြင့် ငါးဝါရဘဲ ဟောထားပါတယ်။ အဲဒီဒေသနာတော်နှင့်အညီ အဝိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၂၀) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက မလွတ်မြောက်သေးပါဘဲ လွတ်မြောက်ပြီထင်လျက် ကြောင့်ကြမဲ့နေကြရာမှာ ငါတို့ကတော့ အရိယာဖိုလ်အစစ်ဖြင့် မှန်ကန်စွာ လွတ်မြောက်အောင် အားထုတ်မည်၊ ကိလေသာ ပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မိစ္ဆာဝိမုတ္တိလမ်းဆိုးကို သမ္မာဝိမုတ္တိလမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ သမ္မာဝိမုတ္တိဖြင့် အဆင့်အတန်းတက်မည်၊ မိစ္ဆာဝိမုတ္တိ ကိလေသာမီးကို သမ္မာဝိမုတ္တိရေစင်ဖြင့် ငြိမ်းသတ်မည်။

### အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါန ကုသိုလ်။ ပ။ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု - သာဓု- သာဓု။

သလ္လေခသုတ်တရားတော် အဋ္ဌမပိုင်း ဤတွင် ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

# နဝမပိုင်း

၁၃၃၂-ခုနှစ်၊ ပြာသိုလပြည့်နေ့ ဟောသည်။

## တရားအနုသန္ဓေ

ဒီကနေ့ ၁၃၃၂-ခု ပြာသိုလပြည့်နေ့ဖြစ်တယ်၊ မန္တလေးရတနာပုံ သာသနာ့ရိပ်သာမှာ တလကျော်ကျော်လောက် သွားနေခဲ့ရတဲ့အတွက် သလ္လေခသုတ်တရားတော်ကို တန်ဆောင်မုန်းလပြည့်နေ့က မဟောခဲ့ရဘူး၊ နတ်တော်လပြည့်နေ့ကလဲ သာသနာ့ရိပ်သာ နှစ်ပတ်လည်ပူဇော်ပွဲနေ့ ဖြစ်တဲ့အတွက် အထူးသြဝါဒအနေဖြင့် ဓမ္မဒါယာဒသုတ်တရားကို ဟောခဲ့ရတယ်။ ဒီကနေ့တော့ သလ္လေခသုတ်တရားကိုဘဲ ဆက်ပြီးဟောရမယ်၊ သီတင်းကျွတ်လဆုတ် ၈-ရက်နေ့က ဟောခဲ့တာမိစ္ဆတ္တဆယ်ပါး ပြီးသွားပြီ၊ ဒါကြောင့် "ဆယ်ဖြာမိစ္ဆတ္တ၊ စဥ်တိုင်းပြ၍၊ ထိန, ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာနှင့်" လို့ ဆိုထားတဲ့ ခေါင်းစဉ်ဆောင်ပုဒ်အရ ထိနမိဒ္ဓ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ ဆိုတဲ့ နီဝရဏတရား သုံးပါးက စပြီး ဟောရမယ်။နီဝရဏတရားဆိုတာ ကာမစ္ဆန္ဒ ဗျာပါဒတို့နှင့်တကွ ငါးပါးရှိတာပါဘဲ၊ ဒါပေမဲ့ ဒုစရိုက်ဆယ်ပါးပြတဲ့ ရှေ့ပိုင်းက "မုသာ, ပိသု၊ ဖရု, သမ္ဖာ၊ အဘိဇ်, ဗျာနှင့်" လို့ ဆိုရာမှာ ဒုစရိုက်အဘိဇ္ဈာထဲမှာ ကာမစ္ဆန္ဒနီဝရဏက ပါသွားခဲ့ပြီ၊ ဒုစရိုက်ဗျာပါဒနှင့် နီဝရဏဗျာပါဒကတော့ ထပ်တူဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် ကာမစ္ဆန္ဒနှင့်ဗျာပါဒက ဟောခဲ့ပြီးဖြစ်နေတဲ့အတွက် ဒီ နီဝရဏတရားစုအရာမှာ ၃-ပါးဘဲ ပြထားပါတယ်၊ အဲဒီ သုံးပါးထဲက ထိနမိဒ္ဓကို ယခုစပြီး ဟောရမယ်။

## ၂၁။ ထိနမိဒ္ဓ-စိတ်ထိုင်းမှိုင်းခြင်း

ထိန-ဆိုတာ စိတ်၏ ထိုင်းမှိုင်းလျော့လျည့်ခြင်း(ယော့ယဲခြင်း)၊ မိဒ္ဓ-ဆိုတာ စေတသိက်တို့၏ ထိုင်းမှိုင်းလျော့လျည်းခြင်း-လို့ ဒီလို ပါဠိမှာ အသီးအသီး ခွဲပြီး

ဟောထားပါတယ်၊ ဒါပေမဲ့ အရုပ်သုံး ဗမာစကားထဲမှာ စိတ်သာထင်ရှားတယ်၊ စေတသိက်ဆိုတာက မထင်ရှားဘူး။ စိတ်လို့ပြောမှ နားလည်လွယ်တယ်၊ ဒါကြောင့် ဒီမှာ ထိနနှင့် မိဒ္ဓကိုပေါင်းပြီး စိတ်ထိုင်းမှိုင်းခြင်းလို့ ပြန်ထားတယ်၊ စိတ်နှင့် စေတသိက်တွေဟာ တပေါင်းတည်းဖြစ်နေတဲ့အတွက် စိတ်ထိုင်းမှိုင်းယင် စေတသိက်တွေလဲ ထိုင်းမှိုင်းတော့တာပါဘဲ။ စိတ်ထိုင်းမှိုင်းဆိုတာလဲ စိတ်အား လျော့တာ ပျင်းရိတာပါဘဲ။ ဘာဝနာအလုပ်ကို အားထုတ်နေရာမှာ စိတ်က ထိုင်းမှိုင်း ပျင်းရိပြီး အားလျော့နေယင် သမာဓိဉာဏ်မဖြစ်နိုင်ဘူး၊ မတိုးတက်နိုင်ဘူး၊ ဒါကြောင့် ဒီ ထိနမိဒ္ဓကိုလဲ နီဝရဏတရား-လို့ ဟောထားတာဘဲ။

ဝိပဿနာအလုပ်ကို အားထုတ်ယင် ရှေးဦးစွာ နီဝရဏကင်းပြီး စိတ္တဝိသုဒ္ဓိ ပြည့်စုံစေရတယ်၊ ဈာန်သမာဓိဖြင့် ဖြစ်စေ၊ ဉပစာသမာဓိဖြင့် ဖြစ်စေ တနည်းနည်းဖြင့် နီဝရဏတရားတွေကို ပယ်ရတယ် ကင်းစေရတယ်။ သတိပဋ္ဌာနသုတ်ဒေသနာအရ ရှင်းပြရယင် အဲဒီသုတ်မှာ သမထပိုင်းနှင့် ဝိပဿနာပိုင်း ၂-မျိုး ရှိတယ်၊ သမထပိုင်းဖြစ်တဲ့ အာနာပါနပိုင်းနှင့် ပဋိကူလမနသိကာရပိုင်းအရ အားထုတ်ယင် ဈာန်သမာဓိကို ရနိုင်တယ်၊ အာနာပါနပိုင်းမှာ သတောဝ အဿသတိ၊ သတောဝ ပဿသတိ-လို့ ဟောထားတယ်။

သတောဝ၊ အမှတ်ရလျက်သာလျှင်၊ အဿသတိ၊ ဝင်သက်ရှူ၏။ သတောဝ၊ အမှတ်ရလျက်သာလျှင်။ ပဿသတိ၊ ထွက်သက်ရှူ၏-တဲ့။

လောကီကျမ်း အဘိဓာန်ကျမ်းတွေမှာ အဿာသ-ကို ထွက်သက်၊ပဿာသ-ကို ဝင်သက်လို့ ပြဆိုထားကြပါတယ်၊ ဒါပေမဲ့ အကျင့်ပဋိပတ်ကိုပြတဲ့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာတော့ အဿာသ-ကို ဝင်သက်၊ ပဿာသ-ကို ထွက်သက်လို့ ပြဆိုထားတယ်။ အဲဒီပဋိသမ္ဘိဒါမဂ်အဆိုက ပဋိပတ်အရာမှာ ပိုပြီးသဘာဝကျပါတယ်၊ ဘာကြောင့်လဲ ဆိုယင်? အာနာပါနကို ရှုဘို့ နှာသီးဝဆီစိတ်နဲ့စိုက်ပြီး ကြည့်လိုက်ယင် ရှူသွင်းတဲ့ဝင်လေက လက်ဦးထင်ရှားတတ်ပါတယ်၊ ဒါကြောင့်ပါဘဲ။ နောက်ပြီးတော့ အာနာပါန ဆိုတဲ့ ပုဒ်နှင့်လဲ တိုက်ရိုက်ညီညွတ်နေပါတယ်။ အာန-ဆိုဟာ ဝင်သက်လေဘဲ၊ အပါန-ဆိုတာ ထွက်သက်လေဘဲ။ ဒါကြောင့် ဘုန်းကြီးက အဿသတိ-ဝင်သက်ရှူ၏၊ ပဿသတိ-ထွက်သက်ရှူ၏-လို့

အနက်ပြန်ပါတယ်။ အဲဒီလို ရှုသွင်း ရှုထုတ်တဲ့အခါ ယောဂီက ဘယ်လိုနှလုံးသွင်းရမှာလဲဆိုတော့- သတောဝ၊ အမှတ်ရလျက်သာလျှင် ရှုသွင်းပါ၊ ရှုထုတ်ပါ၊ ရှုလေ ရှိုက်လေကို အမှတ်သတိရလျက်သာ ရှုပါ၊ ရှိုက်ပါတဲ့။ ဝင်လေထွက်လေက နှာသီးဖျားမှာ တိုက်ထိမှု ထင်ရှားယင် အဲဒီနှာသီးဖျားက စောင့်ပြီး ရှုရမယ်၊ အထက်နှုတ်ခမ်းမှာ တိုက်ထိမှုက ထင်ရှားယင် အဲဒီ အထက်နှုတ်ခမ်းက စောင့်ပြီး ရှုရမယ်–လို့ အဋ္ဌကထာမှာ ပြဆိုသွားပါတယ်၊ ဝမ်းထဲဝင်သွားတဲ့လေကိုလဲ လိုက်မရှုရ၊ အပြင်ထွက်သွားတဲ့ လေကိုလဲ လိုက်မရှုရ–လို့ ဒီလိုလဲ တားမြစ်ထားပါသေးတယ်။ ဒါကြောင့် နှာသီးဖျားနှင့် အထက်နှုတ်ခမ်း တနေရာရာက သတိဖြင့် စောင့်ပြီး ဝင်တိုင်း ထွက်တိုင်း "ဝင်တယ် ထွက်တယ်" လို့ ဒီလို ရှုမှတ်နေရတယ်။ အဋ္ဌကထာမှာတော့ ရှုခါစပုဂ္ဂိုလ်များအား သမာဓိ ဖြစ်လွယ်စေရန် ရည်ရွယ်ပြီးတော့ ဝင်လေ ထွက်လေကို တစ် နှစ် သုံး လေး ငါး၊ တစ် နှစ် သုံး လေး ငါး ခြောက် စသည်ဖြင့် အရေအတွက်နဲ့ ရှုနည်းကိုတောင် ပြထားပါသေးတယ်။ ဒါပေမဲ့ လိုရင်းကတော့ ရှုမှတ်နိုင်လို့ သမာဓိဖြစ်တာကသာ လိုရင်းပါဘဲ။ ဒါကြောင့် ရှုတိုင်း ရှိုက်တိုင်း "ဝင်တယ် ထွက်တယ်" လို့ မပြတ်သတိရှိပြီး ရှုမှတ်နေယင်လဲ သင့်တော်လောက်ပါပြီ။ အဲဒီလို ရှုမှတ်နေယင် ကာမစ္ဆန္ဒ အစရှိသော နီဝရဏတွေ ကင်းပြီး ဥပစာသမာဓိကိုလဲ ရနိုင်တယ်။ ဈာန်လေးပါးဆိုတဲ့ အပ္ပနာသမာဓိကိုလဲ ရနိုင်တယ်။ အဲဒါ အာနာပါနပိုင်းအရ စိတ္တဝိသုဒ္ဓိ ပြည့်စုံအောင် အားထုတ်ပုံဘဲ။

ပဋိကူလမနသိကာရပိုင်းအရ ဆိုယင်တော့— ဆံပင် မွေးညှင်း လက်သည်း ခြေသည်း သွား အရေ၊ အသား အကြော အရိုး ခြင်ဆီ အညှို့၊ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်၊ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်—ဆိုတဲ့ ဒီ သုံးဆဲ့နှစ်ပါးသော ကိုယ် အစိတ်အပိုင်း အဖို့အစုတွေကို နှလုံးသွင်း ရှုဆင်ခြင်နေရတယ်၊ အဲဒီလို ရှုနေယင် နီဝရဏတွေ ကင်းပြီး ဥပစာသမာဓိကိုလဲ ရနိုင်တယ်၊ ပဌမဈာန်ကိုလဲ ရနိုင်တယ်။ အဲဒါဟာ ပဋိကူလမနသိကာရပိုင်းအရ စိတ္တဝိသုဒ္ဓိ ပြည့်စုံအောင် အားထုတ်ပုံပါဘဲ။

## ဝိပဿနာပိုင်းများအရ စိတ္တဝိသုဒ္ဓိဖြစ်ပုံ

အဲဒီ ၂-ပိုင်းမှ ကျန်တဲ့ ၁၉-ပိုင်းကိုတော့ ဝိပဿနာကမ္မဋ္ဌာန်း ဥပစာကမ္မဋ္ဌာန်းများဖြစ်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ အဲဒီ ၁၉-ပိုင်းထဲက ဣရိယာပထပိုင်းအရ ဂစ္ဆန္တော ဝါ၊ သွားသည်ရှိသော်လဲ။ ဂစ္ဆာမိတိ၊ သွားသည် ဟူ၍။ ပဇာနာတိ၊ သိ၏ – စသည်ဖြင့် ဟောထားသည့် အတိုင်း သွားတဲ့အခါ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သွားတယ် သွားတယ်–လို့ ဖြစ်စေ၊ ကြွတယ် လှမ်းတယ် ချတယ်-လို့ ဖြစ်စေ ရှုမှတ်ရတယ်၊ ရပ်တဲ့အခါ ရပ်တယ် ရပ်တယ်- လို့ ရှုမှတ်ရတယ်၊ ထိုင်တဲ့အခါ ထိုင်တယ် ထိုင်တယ် - လို့ ရှုမှတ်ရတယ်၊ လျောင်းတဲ့အခါ အိပ်တယ် အိပ်တယ် - လို့ ရှုမှတ်ရတယ်။ အကျဉ်းချုပ်အားဖြင့် ကိုယ်အမူအရာဟူသမျှကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ရတယ်။

သမ္ပဇညပိုင်းအရ အဘိက္ကန္တေ ပဋိက္ကန္တေ၊ ရှေ့သို့သွားလျှင် နောက်သို့ ဆုတ်လျှင်။ သမ္ပဇာနကာရီ၊ သိလျက်ပြုသည်။ ဟောတိ၊ ဖြစ်၏။ အာလောကိတေ ဝိလောကိတေ၊ တဲ့တဲ့ကြည့်လျှင် စောင်းငဲ့၍ကြည့်လျှင်။ သမိဉ္ဇိတေ ပသာရိတေ၊ လက်ခြေတို့ကို ကွေးလျှင် ဆန့်လျှင်။ သင်္ဃာဋိပတ္တစီဝရဓာရဏေ၊ သင်္ကန်း သပိတ် ပရိက္ခရာ တစုံတခုကို စွဲကိုင်လျှင်။ အသိတေ ပီတေ ခါယိတေ သာယိတေ၊ စားလျှင် သောက်လျှင် ခဲလျှင် လျက်လျှင်။ သမ္ပဇာနကာရီ၊ သိလျက် ပြုရမယ် တဲ့။ အယုတ်ဆုံးအားဖြင့် ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီး ကျင်ငယ် စွန့်ယင်တောင်မှ သိလျက် ပြုရမယ် တဲ့။ နောက်ပြီးတော့ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှိဘာဝေ၊ သွားတဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါ အိပ်တဲ့အခါ နိုးတဲ့အခါ ပြောဆိုတဲ့အခါ တိတ်တိတ်နေတဲ့အခါ– အဲဒီလို အခါတွေမှာလဲ သိလျက်ပြုပါ တဲ့။ လိုရင်းကတော့ ကိုယ်အမူအရာဟူသမျှကို ပြုတိုင်း ပြုတိုင်း အမှတ်ရပြီး သိဘို့ပါဘဲ၊ မရှုသင့် မသိသင့်တဲ့ ကိုယ်အမူအရာရယ်လို့ ဘာတခုမျှ မရှိပါဘူး၊ အကုန်လုံး ရှုသင့်တာ သိသင့်တာ ချည်းပါဘဲ။ အဲဒီတော့ ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက်နဲ့ တောင့်တင်း လှုပ်ရှားတဲ့ ဝါယောဓာတ်ကိုလဲ ရှုသင့် သိသင့်တာပါဘဲ။

ဝေဒနာ နုပဿနာပိုင်းကျတော့ သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ–စသည်ဖြင့် အကျဉ်းအားဖြင့် အကောင်း

အဆိုး အလယ် အလတ် ခံစားမှု သုံးပါး အကျယ်အားဖြင့် ၉–ပါး အဲဒီ ဝေဒနာ ဟူသမျှကိုလဲ အကုန်လုံး အမှတ်ရပြီး သိဘို့ ညွှန်ပြထားပါတယ်။

စိတ္တာနုပဿနာပိုင်းကျတော့ တပ်မက်မှုရှိသောစိတ် တပ်မက်မှုကင်းသော စိတ်–စသည်ဖြင့် ၁၆–ပါး ဝေဘန်ပြီး ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်ကို အမှတ် ရပြီး သိဘို့ ညွှန်ပြထားပါတယ်။ အဲဒီမှာ အဋ္ဌကထာက ယသ္မိံ ယသ္မိံ ခဏေ၊ အကြင် အကြင် ခဏ၌။ ယံ ယံ စိတ္တံ ဥပ္ပဇ္ဇတိ၊ အကြင် အကြင် စိတ်ဖြစ်၏။ တံ တံ သလ္လက္ခေန္တော၊ ထိုထို ဖြစ်ပေါ်လာသမျှစိတ်ကို ထိုထိုခဏ၌ မှတ်လျက် သိရမယ်လို့ ပေါ်ပေါ်လွင်လွင်ကြီး ဖွင့်ပြထားပါတယ်။ အဲဒီ အဋ္ဌကထာမှ သလ္လက္ခေန္တောပုဒ်ကို မှတ်လျက်–လို့ ပြန်တာဟာ သဒ္ဒါနက် အတိအကျ ပြန်တာပါဘဲ။ဒါကြောင့် မှတ်တယ်ဆိုတဲ့ စကားဟာလဲ အဋ္ဌကထာနဲ့ အတိအကျ ညီညွတ်တဲ့စကားဖြစ်တယ် ဆိုတာ သေသေချာချာ မှတ်သားထားကြရမယ်။

ဓမ္မာနုပဿနာကတော့ ငါးပိုင်းရှိပါတယ်၊ နီဝရဏပိုင်းမှာ ကာမစ္ဆန္ဒရှိလျှင် ဖြစ်လျှင် ကာမစ္ဆန္ဒ ရှိတယ် ဖြစ်တယ်လို့ သိရမယ်စသည်ဖြင့် ညွှန်ပြထားပါ တယ်။ ခန္ဓာပိုင်းကျတော့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာ ငါးပါးကို သိဘို့ ညွှန်ပြထားပါတယ်၊ အာယတနပိုင်းကျတော့ မျက်စိ အဆင်း စသော အာယတနတွေကို သိဘို့ ညွှန်ပြထားပါတယ်၊ ယခု ယောဂီတွေ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မြင်တယ် ကြားတယ် စသည်ဖြင့် ရှုမှတ်ပြီး သိနေကြတာဟာ အဲဒီ အာယတနပိုင်းနဲ့လဲ ညီညွတ်နေပါတယ်။ ဗောဇ္ဈင်ပိုင်းကျတော့ ဗောဇ္ဈင် ခုနစ်ပါးကို သိဘို့ ညွှန်ကြားထားပါတယ်။ အဲဒါလဲ ဥဒယဗ္ဗယဉာဏ် စသည် ဖြစ်ပေါ်တဲ့အခါ ထူးခြားတဲ့ သတိဉာဏ်စသည်ကို သိရတဲ့အတွက် ယခု ယောဂီတွေရဲ့ အတွေ့နဲ့ ကိုက်ညီပါတယ်။ သစ္စာပိုင်း ကျတော့ သစ္စာလေးပါးသိပုံကို ပြထားပါတယ်၊ အဲဒီမှာ အဋ္ဌကထာက ဒုက္ခ– သစ္စာ သမုဒယသစ္စာ ဆိုတဲ့ လောကီသစ္စာ ၂–ပါးကို ရှုပြီး သိအပ်ကြောင်း ဖွင့်ပြထားတယ်။ ယခု ယောဂီတွေ ဖောင်းမှု ပိန်မှုမှ စပြီး ဒွါရ ၆–ပါးမှာ ပေါ်လာသမျှကို လိုက်ပြီး မှတ်သိနေကြတာဟာ အများအားဖြင့် ဒုက္ခသစ္စာ တရားတွေကို သိနေကြတာဘဲ၊ တရံတခါ ဖြစ်ပေါ်လာတဲ့ လိုချင်နှစ်သက်မှုကို ရှုမှတ်ပြီးတော့လဲ သမုဒယသစ္စာကို သိတယ်၊ ဆင်ခြင်ပြီးတော့လဲ သိရတယ်။

ဒါကြောင့် ဝမ်းဗိုက်၏ဖောင်းမှုပိန်မှုကို အခြေခံပြုပြီး ပေါ်လာသမျှကို ရှုမှတ်နေကြတာဟာ သတိပဋ္ဌာနသုတ် ပါဠိတော်နှင့်အညီ ထိုက်သည်အားလျော်စွာ သတိပဋ္ဌာန် လေးပါးလုံးကို ပွါးများနေကြတာဘဲ။ အဲဒီလေးပါးထဲက အချို့က ကာယာနုပဿနာနှင့် သင့်လျော်လိမ့်မယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေဟာ ကာယာနုပဿနာဖြင့် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး အရိယာမဂ်ဖိုလ်သို့ ရောက်သွားကြမှာဘဲ။ တချို့က ဝေဒနာနုပဿနာနှင့် သင့်လျော်လိမ့်မယ်၊ တချို့က စိတ္တာနုပဿနာနှင့် သင့်လျော်လိမ့်မယ်၊ တချို့က ဓမ္မာနုပဿနာနှင့် သင့်လျော်လိမ့်မယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေလဲ သူတို့နှင့်သင့်လျော်တဲ့ အနုပဿနာဖြင့် အရိယာမဂ်ဖိုလ်သို့ ရောက်သွားကြမှာဘဲ။

ဒါကြောင့် ဘုန်းကြီးတို့က ဝမ်းဗိုက် ဖောင်းတာ ပိန်တာကစပြီး ရှုဘို့ ညွှန်ကြားနေပါတယ်။ ညွှန်ကြားတဲ့အတိုင်း ယောဂီက ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေတယ်၊ အဲဒီလိုရှုမှတ်နေရင်း ကြံနေကျ လုပ်ကိုင်နေကျ စိတ်ကူးက ဝင်ဝင်ပြီး ဖြစ်တတ်တယ်၊ အဲဒါဟာ များသောအားဖြင့် ကာမစ္ဆန္ဒခေါ်တဲ့ နီဝရဏပါဘဲ၊ သူ့ကို နှစ်သက်တယ်၊ ကြံတယ် စသည်ဖြင့် ရှုမှတ်ပြီး ပယ်လိုက်ရတယ်။ စိတ်ဆိုးစရာအာရုံနဲ့ တွေ့တဲ့အခါ ဒေါသထွက်လာတတ်တယ်၊ အဲဒါက ဗျာပါဒခေါ်တဲ့ နီဝရဏဘဲ၊ အဲဒါကိုလဲ ရှုမှတ်ပြီး ပယ်လိုက်ရတယ်။ ဒီကာမစ္ဆန္ဒနှင့်ဗျာပါဒကတော့ "အဘိဇ္ဈာနှင့်" ဆိုတဲ့ ခေါင်းစဉ်အရ ပြောခဲ့ပြီးတွေပါဘဲ၊ ဒီနေရာမှာ နီဝရဏငါးပါးလုံး ကင်းအောင် ရှုပုံနဲ့ ကင်းပုံကို အပြည့်အစုံ ပြောချင်လို့ ထပ်ပြီးပြောရတာပါဘဲ။

တရားအားထုတ်တယ်ဆိုတာ အားထုတ်ခါစတော့ ထက်သန်တဲ့ သဒ္ဓါ ဆန္ဒ ဝီရိယနဲ့ တင်းတင်းရင်းရင်း အားထုတ်ကြတာပါဘဲ၊ ဒါပေမဲ့ တချို့ပုဂ္ဂိုလ်မှာ တရားက ရုတ်တရက်မတက်နိုင်တဲ့အတွက် တော်တော်ကြာလာတော့ လျော့တော့တော့ ပျင်းတင်းတင်း ဖြစ်လာတတ်တယ်၊ အဲဒါဟာ ယခု ပြောရမဲ့ ထိနမိဒ္ဓ နီဝရဏဘဲ၊ အဲဒါကို ရှုမှတ်ပြီး ပယ်ရတယ်၊ တကြိမ်နှစ်ကြိမ်နဲ့ မပျောက်ယင် အကြိမ်တရာမက များစွာလဲ ရှုမှတ်ပြီး ပယ်ရတယ်။ အဲဒီလိုမှ မပယ်နိုင်သေးယင် ဘုရားဂုဏ် စသည်ကို ဆင်ခြင်ပြီးတော့လဲ ပယ်ရတယ်၊ သံသရာဘေးနဲ့ ဝိပဿနာ၏ အကျိုးများကို ဆင်ခြင်ပြီးတော့လဲ ပယ်ရတယ်၊ မဆင်ခြင်တတ်တဲ့

သူကတော့ ဆရာကို ပြောကြားပြီး သင့်လျော်တဲ့တရားကို နာရတယ်၊ အဲဒီလို တရားနာရယင်လဲ ပျင်းရိမှု ပျောက်ကင်းသွားတတ်တယ်။

နောက်ပြီးတော့ ထိနမိဒ္ဓကို အိပ်ချင်ငိုက်မျဉ်းခြင်းလို့လဲ အနက်ပြန်ကြတယ်၊ အိပ်ချင်ငိုက်မျဉ်းတာကတော့ ထိနမိဒ္ဓကြောင့် ဖြစ်တာလဲ ရှိတယ်၊ ထိနမိဒ္ဓကြောင့် မဟုတ်ပဲ ရုပ်ကိုယ် ပင်ပန်းတဲ့အတွက် ဖြစ်တာလဲ ရှိတယ်၊ ရှုမှတ်နေရင်း စိတ်အား လျော့ပြီး ပျင်းရိလာတဲ့အခါမှာ အမှတ်အသိက တဖြေးဖြေး မှေးမှေးလာ တတ်တယ်၊ အဲဒီလို မှေးမှေးလာရာက အိပ်ချင်လာတတ်တယ်၊ ရှုမှတ်ပြီး မပယ်နိုင်လို့ရှိယင် အိပ်ချင်ရာက အိပ်ငိုက်သွားတတ်တယ်၊ အိပ်ပျော်သွားတတ် တယ်၊ အဲဒီ အိပ်ငိုက်တာ အိပ်ပျော်တာကတော့ ထိနမိဒ္ဓကြောင့် ဖြစ်တာဘဲ။ အရှင်မောဂ္ဂလာန်မှာတောင် ရဟန္တာမဖြစ်ခင် တရားအားထုတ်နေတုန်းက အဲဒီလို ငိုက်မျဉ်းတဲ့ ထိနမိဒ္ဓ ဖြစ်ဘူးသေးတယ်၊ အဲဒါကို မြတ်စွာဘုရားက အရောင်အလင်းကို နှလုံးသွင်းခြင်း မျက်နှာသစ်ခြင်း စသည်ဖြင့် ပယ်ဖျောက်ဖို့ ညွှန်ကြားတော်မူပါတယ်။

## အိပ်ငိုက်တိုင်း ကိလေသာလော

ကိုယ်ပင်ပန်းလို့ အိပ်ငိုက်တာကတော့ ကိလေသာမရှိတဲ့ရဟန္တာမှာလဲ ဖြစ်နိုင် တာဘဲ။ဒါကြောင့် သစ္စကပရိဗိုဇ်ကြီးက "နေ့အခါ ကျိန်းစက်ဘူးပါသေးသလား" လို့ မြတ်စွာဘုရားကို မေးတဲ့အခါ မြတ်စွာဘုရားက "နွေရာသီနောက်ဆုံးလမှာ နေ့ အခါ ကျိန်းစက်ဘူးကြောင်း" ဖြေကြားတော်မူပါတယ်။အဲဒီတော့ သစ္စကပရိဗိုဇ် ကြီးက "အဲဒီလိုကျိန်းစက်တာကို အချို့ကသမ္မောဟဝိဟာရ-တွေဝေလျက်နေခြင်း လို့ ဆိုကြပါတယ်" လို့ လျှောက်တယ်။ အဲဒီမှာ တချို့ကဆိုပေမဲ့ သူကိုယ်တိုင်က.... ဆိုတာပါဘဲ၊ သူက မြတ်စွာဘုရားကို မောဟမကင်းသေးဘူးလို့ ဆိုလိုတာပါဘဲ။ အဲဒီတော့ မြတ်စွာဘုရားက ကျိန်းစက်တဲ့အတွက် တွေဝေတယ်လို့လဲ မဆိုရ ကြောင်း၊ မတွေဝေဘူးလို့လဲ မဆိုရကြောင်း၊ အာသဝေါ ကိလေသာ မကင်း သေးတဲ့သူမှာ တွေဝေခြင်း ရှိကြောင်း၊ အာသဝေါ ကိလေသာ ကင်းပြီးသော ဘုရားမှာ တွေဝေခြင်းမရှိကြောင်းများကို ကရုဏာတော်ဖြင့် ရှင်းလင်းပြတော် မူပါတယ်။ အဲဒီမှာ မြတ်စွာဘုရားတောင်မှ ကျိန်းစက်တော်မူတဲ့အခါ ရှိသေး

တယ်လို့ ဆိုတာကို ထောက်ဆကြည့်ယင် ကိုယ်ပင်ပန်းလို့ အိပ်ချင်တာကိုတော့ နီဝရဏထိနမိဒ္ဓလို့ မဆိုသင့်ပေဘူး။

## ရုပ်မိဒ္ဓဝါဒ

ဒါကြောင့် ဝိမုတ္တိမဂ်ဆိုတဲ့ကျမ်းမှာ "(၁) စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇမိဒ္ဓ၊ (၂) ပူအိုက်တဲ့ ဥတုကြောင့်ဖြစ်တဲ့ ဥတုဇမိဒ္ဓ၊ (၃) အစာဝလွန်းလို့ဖြစ်တဲ့ အာဟာရဇမိဒ္ဓ-လို့ ငိုက်မျဉ်းခြင်းဆိုတဲ့ မိဒ္ဓကို သုံးမျိုးခွဲပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ ငိုက်မျဉ်းခြင်းမိဒ္ဓသာ နီဝရဏကိလေသာဖြစ်တယ်၊ ကျန်တဲ့ ဥတုကြောင့် အာဟာရကြောင့် ဖြစ်တဲ့ ငိုက်မျဉ်းခြင်းများကတော့ နီဝရဏကိလေသာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုလျှင် အဲဒီဥတုကြောင့် အာဟာရကြောင့်ဖြစ်တဲ့ ငိုက်မျဉ်းခြင်းကတော့ ရဟန္တာမှာတောင် ဖြစ်နိုင်သောကြောင့်ပါဘဲ"လို့ ဆိုထားပါတယ်။ အဲဒီအဆိုကို ဝိသုဒ္ဓိမဂ်နှင့် အဋ္ဌသာလိနီ အဋ္ဌကထာများမှာ ပယ်ထားပါတယ်။ ဒါပေမဲ့ ဥတုကြောင့် အာဟာရကြောင့် ဖြစ်တယ်ဆိုတဲ့ ရုပ်မိဒ္ဓကို မိလိန္ဒပဉ္ဇာနှင့် ပေဋကောပဒေသကျမ်းမှာလဲ တွေ့ရတယ်။ အဲဒီမှာ စိစစ်ကြည့်ယင် ရုပ်မိဒ္ဓရှိတယ်ဆိုတဲ့ ကျမ်း ၃-ခုက ဇမ္ဗူဒီပခေါ်တဲ့ အိန္ဒိယက ရေးတဲ့ ကျမ်းများ ဖြစ်တယ်၊ ရုပ်မိဒ္ဓကို ပယ်တဲ့ အဋ္ဌကထာတွေက သီဟိုဠ်ကရေးတဲ့ ကျမ်းများဖြစ်တယ်။ ဒါကြောင့် ရုပ်မိဒ္ဓရှိတယ်ဆိုတဲ့ဝါဒကို ဇမ္ဗူဒီပမထေရ်တို့၏ ဝါဒလို့ မှတ်ယူသင့်ပါတယ်။ မြတ်စွာဘုရားတောင် ရာသီဥတု အလွန်ပူအိုက်တဲ့လမှာ နေ့အခါ ကျိန်းစက်တော်မူတယ်ဆိုတော့ ရုပ်မိဒ္ဓဝါဒက သင့်တဲ့သဘောရှိပါတယ်။

## ထိနမိဒ္ဓကို ပယ်ရန်

ဒါကြောင့် ကုသိုလ်ရေးနှင့် စပ်ပြီး ပျင်းရိတာ၊ ဘာဝနာအလုပ်နှင့် စပ်ပြီး စိတ်အားလျော့တာ စိတ်ထိုင်းမှိုင်းပျင်းရိတာ၊ အဲဒီလို စိတ်ထိုင်းမှိုင်းလို့ ငိုက်မျဉ်းတာမျိုးကိုသာ ထိနမိဒ္ဓနှင့် ဆိုင်တယ်လို့ မှတ်ယူသင့်ပါတယ်။ -ဒါကြောင့် ကုသိုလ်အလုပ်နှင့် စပ်ပြီး ပျင်းယင် ထိနမိဒ္ဓဘဲ၊ တရားနာရမှာ ပျင်းယင် ထိနမိဒ္ဓဘဲ၊ ဘုရားရှိခိုးရမှာ ပျင်းယင် ထိနမိဒ္ဓဘဲ၊ တရားအားထုတ်ရမှာ ပျင်းယင် ထိနမိဒ္ဓဘဲ၊ အဲဒါတွေကို သင့်လျော်အောင် ဆင်ခြင်ပြီး ပယ်ရမယ်။ အထူးအားဖြင့် ရှုမှတ်နေရင်း စိတ်ထိုင်းမှိုင်းပျင်းရိလာယင်၊ စိတ်အားလျော့လာယင်၊

အိပ်ချင်ငိုက်မျဉ်းလာယင် ထိနမိဒ္ဓဘဲ၊ ရှုမှတ်ပြီး ပယ်ရမယ်။ အဲဒီလို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ထိနမိဒ္ဓပရိယုဋ္ဌိတာ၊ စိတ်ထိုင်းမှိုင်းမှုဖြင့် လွှမ်းမိုးနှိပ်စက်ခံရကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တွေ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ဝိဂတထိနမိဒ္ဓါ၊ စိတ်ထိုင်းမှိုင်းမှုကင်းကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒါကို အစဆုံးတပိုဒ်လောက်ပဲ ဆိုကြပါစို့။

(၂၁) သူများတွေက စိတ်ထိုင်းမှိုင်း လျှော့လျည်းကြမည့်နေရာမှာ ငါတို့ကတော့ စိတ်ထိုင်းမှိုင်းလျှော့လျည်းမှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်။

အဲဒါဟာ ဘုရား အဆုံးအမတော်နှင့်အညီ အဓိဋ္ဌာန်ဘဲ။ အဲဒီအဓိဋ္ဌာန်အတိုင်း စိတ်ထက်ထက်သန်သန်နဲ့ ရှုမှတ်သွားကြရမယ်၊ မှတ်စရာအာရုံနဲ့ မှတ်စိတ်ဟာ တိုက်တိုက်သွားသလို ထင်ထင်ရှားရှား သိသိသွားအောင် စူးစူးစိုက်စိုက် ရှုမှတ်ကြရမယ်၊ အဲဒီလို ထက်ထက်သန်သန်နဲ့ စူးစူးစိုက်စိုက်မှတ်နေလို့ရှိယင် မကြာခင်ဘဲ သမာဓိဖြစ်တယ်၊ သမာဓိဖြစ်ယင် ဉာဏ်လဲ ဖြစ်တော့တာဘဲ။ ဘာကြောင့်လဲဆိုယင် သမာဓိဖြစ်တဲ့အခါ မှတ်စရာအာရုံမှာသာ မှတ်စိတ်က ကပ်ကပ်တည်နေတယ်၊ ထိုင်းမှိုင်းပျင်းရိမှုလဲ မရှိဘူး၊ တခြား နီဝရဏစိတ်ကူးတွေလဲ မရှိဘူး၊ မှတ်စိတ်ချည်း စင်ကြယ်နေတယ်၊ အဲဒါဟာ စိတ္တဝိသုဒ္ဓိဖြစ်နေတာဘဲ၊ ဒါကြောင့် သမာဓိဖြစ်ယင် ဉာဏ်ဖြစ်တယ်-လို့ ပြောပါတယ်။ ဥပမာအားဖြင့် ညအခါ မှောင်မိုက်ထဲကြည့်ယင် ဘာကိုမျှ ကောင်းကောင်းမမြင်ရဘူး၊ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်ယင်တော့ ဓာတ်မီးရောင်လင်းနေတဲ့ အကွက်အတွင်းမှာ ရှိတာတွေကို ထင်ထင်ရှားရှား မြင်ရတယ်။ အဲဒါလိုဘဲ သမာဓိက ဓာတ်မီးရောင်နဲ့ တူတယ်၊သမာဓိဖြင့် စူးစိုက်မိတဲ့ သဘောတရားတွေကို ထင်ထင်ရှားရှား သိရတယ်၊ ဖောင်းတယ် ပိန်တယ်-လို့ မှတ်ရာမှာ ဖောင်းတက်လာတဲ့ သဘောကလေး ပိန်ကျသွားတဲ့သဘောကလေး တောင့်တင်းတဲ့သဘောကလေး လှုပ်ရှားတဲ့သဘောကလေး—အဲဒါတွေကို ထင်ထင်ရှားရှား သိရတယ်၊ ကွေးတယ်

ဆန့်တယ်၊ ကြွတယ် လှုပ်တယ် ချတယ် စသည်ဖြင့် မှတ်ရာတွေမှာလဲ ထို့အတူဘဲ တောင့်တင်းတဲ့ သဘောကလေး လှုပ်ရှားတဲ့သဘောကလေးတွေကို ထင်ထင်ရှားရှား ပိုင်းခြားပြီး သိရတယ်၊ မှတ်တိုင်းမှတ်တိုင်း သိစရာအာရုံဆီကိုရောက်ရောက်သွားတဲ့ မှတ်စိတ်ကိုလဲ အာရုံဆီကို ပြေးပြေးကပ်နေသလို ထင်ရှားသိရတယ်၊ ဒီတော့ မှတ်စရာရုပ်နဲ့ မှတ်စိတ် အတွဲလိုက်အတွဲလိုက် ဖြစ်ဖြစ်သွားတာကိုလဲ ပိုင်းခြားပြီး သိရတယ်။ အဲဒါဟာ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ဘဲ။

သမာဓိဖြစ်လို့ ဉာဏ်ဖြစ်ပုံတွေကတော့ ပြောစရာတွေ ရှိပါသေးတယ်၊ ဒါပေမဲ့ နောက်ပိုင်းကျမှ ပြောပါတော့မယ်။ ဒီနေရာမှာတော့ လိုရင်းက ရှုမှတ်နေရင်း ထိုင်းမှိုင်းလျော့လျည်းမှု ဖြစ်လာယင် ရှုမှတ်ပြီး ပယ်သွားဖို့နဲ့ အဲဒီ ထိုင်းမှိုင်းမှု မပေါ်လာရအောင် တင်းတင်းရင်းရင်း စူးစူးစိုက်စိုက် ရှုမှတ်သွားဖို့-ဒါလောက်ပါဘဲ။ ထိနမိဒ္ဓ ပြီးတော့ ဥဒ္ဓစ္စကို ပြောကြစို့။

## ၂၂။ ဥဒ္ဓစ္စ–စိတ်ပျံ့လွင့်ခြင်း

ဥဒ္ဓစ္စ-စိတ်ပျံ့လွင့်ခြင်းဆိုတာကတော့ ရှုမှတ်စရာအာရုံမှာ မတည်ဘဲ တခြားတပါးကို ပျံ့လွင့်ပြီး ရောက်ရောက်သွားတဲ့ စိတ်ကူးပါဘဲ၊ အဲဒါကတော့ ထင်ရှားပါတယ်၊ သိလွယ်ပါတယ်၊ အကျယ်ချဲ့ပြီး ပြောနေစရာတောင် မလိုပါဘူး။ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေရင်း မသေမချာ မရေမရာတဲ့ အာရုံတွေဆီ ရောက်ရောက် သွားတတ်တယ်၊ လိုချင်နှစ်သက်မှု အနေအားဖြင့်လဲ မထင်ရှားဘူး၊ စိတ်ဆိုးတဲ့အနေအားဖြင့်လဲ မထင်ရှားဘူး၊ ယုံမှားတွေးတောတဲ့သဘောလဲ မဟုတ်ဘူး၊တခါတရံမှာဆိုယင် အထူးဂရုစိုက်ပြီး မှတ်နေရာထဲကပေမဲ့ အတင်းရှောင်ထွက်သွားသလို ထွက်သွားတဲ့ စိတ်ကူးလဲ ရှိတယ်၊ အဲဒါတွေဟာ ဥဒ္ဓစ္စခေါ်တဲ့ စိတ်ပျံ့လွင့်မှုတွေပါဘဲ။ တခါတရံမှာ ဟိုလို မှတ်မယ် ဒီလိုမှတ်မယ် စသည်ဖြင့် ကြောင့်ကြလွန်ပြီး ပျံ့လွင့်နေတာလဲရှိတယ်၊ အဲဒါကတော့ ဝီရိယလွန်လို့ဖြစ်တဲ့ ဥဒ္ဓစ္စပါဘဲ။ အဲဒီလိုအခါမှာတော့ ကြောင့်ကြစိုက်မှုကို လျှော့ပြီး ခပ်အေးအေး ခပ်မှန်မှန်ရှုမှတ်နေရတယ်။ များသောအားဖြင့်တော့ လုံ့လလျော့လို့ ပျံ့လွင့်တာကဘဲ များတတ်ပါတယ်။ ဒါကြောင့် အဲဒီလို ပျံ့

လွင့်မှုတွေ မဖြစ်ရအောင် မှတ်စရာအာရုံနဲ့ မှတ်စိတ်ကပ်ကပ်ပြီး သိသိသွားအောင် ဂရုစိုက်ပြီး မှတ်နေရမယ်၊ ကွဲတတ်ပျက်တတ်တဲ့ ပစ္စည်းကို မ-ကိုင်ထားတဲ့အခါ လက်မှ လျှောကျမသွားရအောင် အမြဲသတိပြုနေရသလို မှတ်စရာအာရုံဆီကို မှတ်စိတ် ရောက်ရောက်သွားအောင် အာရုံနဲ့စိတ် ကပ်ကပ်သွားအောင် အမြဲသတိပြုပြီး မှတ်နေရမယ်။ "တချို့မှာ ကြက် ရေတကြိမ် သောက်တဲ့ အချိန်လောက်တောင် စိတ်တည်ကြည်မှု မရှိဘူး"လို့ အဋ္ဌကထာမှာ ပြဆိုထားတာရှိတယ်၊ အများအားဖြင့် လူတွေဟာ ကိုယ့်ကိုယ်ထဲမှာ စိတ်မတည်ဘဲ တခြားရောက်ပြီး နေကြတာဘဲ များတယ်၊ အဲဒီလိုဟာတွေလဲ ပျံ့လွင့်နေတယ်လို့ ဆိုရမှာဘဲ၊ တချို့မှာ ကိုယ့်ကိုယ်ထဲ စိတ်တည်နေအောင် တအောင့် တခဏမျှတောင် အားမထုတ်ဘူးကြဘူး။ အဲဒီလို အားထုတ်ရမယ်ဆိုတာလဲ မသိကြဘူး၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒီ ပုဂ္ဂိုလ်တွေလို စိတ်ပျံ့လွင့်ခြင်းမရှိဘဲ သမာဓိ ဖြစ်အောင် အားထုတ်ဘို့ရာ—

ပရေ၊ သမာဓိအလုပ်ကို အားမထုတ်နိုင်သောတပါးသော ပုဂ္ဂိုလ်တို့သည်။ ဥဒ္ဓတာ၊ သမထအာရုံ ဝိပဿနာအာရုံ၌ မကပ်မတည်ဘဲ တက်ကြွပျံ့လွင့်နေကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အနုဒ္ဓတာ၊ ပျံ့လွင့်ခြင်းမရှိဘဲ ရှုမှတ်စရာအာရုံ၌သာကပ်လျက် မပြတ်တည်ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့-ဟူ၍။ သလ္လေခေါ၊ ကိလေသာကိုခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒါတွေထဲက ပဌမဝါရကိုဘဲ ဆိုကြပါစို့။

(၂၂) သူများတွေက စိတ်ကို မထိန်းသိမ်းဘဲ ပျံ့လွင့်နေကြမည့်အရာမှာ ငါတို့ကတော့ စိတ်ကို မပျံ့လွင့်စေဘဲ တည်တံ့စေမည်၊ ကိလေသာ ပါးစေတဲ့ အကျင့်ကို ကျင့်မည်။

အဲဒီ အဓိဋ္ဌာန်အတိုင်း စိတ်ပျံ့လွင့်ခြင်းမရှိဘဲ ရှုမှတ်စရာအာရုံပေါ်မှာ ကပ်ခနဲ ကပ်ခနဲ ကျကျသွားအောင် ဂရုစိုက်ပြီး မှတ်သွားရမယ်။ အားထုတ်ခါစမှာ ဖောင်းတယ်လို့ မှတ်ယင် ဖောင်းစက ဖောင်းဆုံးတိုင်အောင် အာရုံနဲ့ကပ်ပြီး သိသွားအောင် ဂရုစိုက်မှတ်ရတယ်၊ ပိန်တယ် ထိုင်တယ် ကွေးတယ် လှမ်းတယ် ချတယ် ညောင်းတယ် ပူတယ် စသည်ဖြင့် မှတ်ရာတွေမှာလဲ နည်းတူဘဲ၊ အာရုံနဲ့

စိတ်ကပ်ပြီး သိသွားအောင် မှတ်ရတယ်။ အဲဒီလို ဂရုစိုက်ပြီး မှတ်နေယင် သမာဓိအားကောင်းလာတဲ့အခါကျတော့ မှတ်ရတဲ့ အာရုံပေါ်မှာသာ မှတ်စိတ်က ကပ်ခနဲ ကပ်ခနဲ ကျကျနေတာကို တွေ့ရလိမ့်မယ်။ ဥပမာအားဖြင့် လေးတဲ့ဆန်အိတ်ကြီးတွေကို ပခုံးပေါ်က ပစ်ချလိုက်ယင် တခြားကို လိမ့်မသွားဘူး၊ ကျရာမှာဘဲ ကပ်ပြီးတည်နေတယ်၊ တနည်းဥပမာအားဖြင့် မြေခပ်ပျော့ပျော့မှာ လှံတို့ ဒုတ်ချွန်တို့ကို ထိုးစိုက်လိုက်ယင် ကျရာ ကျရာမှာဘဲ စိုက်ပြီး တည်တံ့ နေတယ်၊ အဲဒီလိုဘဲ သမာဓိအားကောင်းလာတဲ့ အခါကျတော့ မှတ်စိတ်က မှတ်ရာ မှတ်ရာအာရုံမှာဘဲ ကပ်ခနဲ ကပ်ခနဲ တည်တည်နေတယ်။ အဲဒီလိုအခါမှာ ပျံ့လွင့်မှုလဲ မရှိတော့ဘူး၊ မှတ်စိတ်ချည်း စင်ကြယ်နေတယ်၊ အဲဒါဟာ အခြားနီဝရဏတွေမှရော ဒီ ဥဒ္ဓစ္စနီဝရဏမှရော စင်ကြယ်ပြီး စိတ္တဝိသုဒ္ဓိ ဖြစ်နေတာဘဲ။ အဲဒီလို စိတ္တဝိသုဒ္ဓိ ဖြစ်တဲ့အခါမှာ ရုပ်နာမ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် စသည်လဲ ဖြစ်ပေါ်တယ်။ အဲဒါတွေကတော့ နောက်မှ ပြောရမယ်။ ဥဒ္ဓစ္စအကြောင်းက ဒါလောက်ဆိုယင် တော်လောက်ပါပြီ ဝိစိကိစ္ဆာကို ပြောကြစို့။

## ၂၃။ ဝိစိကိစ္ဆာ-တရားမှန်၌ ယုံမှားခြင်း

ဝိစိကိစ္ဆာ-ယုံမှားခြင်းဆိုတာ (၁) ဘုရား၌ယုံမှားခြင်း၊ (၂) တရား၌ ယုံမှားခြင်း၊ (၃) သံဃာ၌ ယုံမှားခြင်း၊ (၄) သီလ သမာဓိ ပညာအကျင့်၌ ယုံမှားခြင်း–လို့ အကျဉ်းအားဖြင့် ၄-ပါးရှိတယ်။ အဲဒီ၄-ပါးလုံးဟာ တရားမှန်၌ ယုံမှားခြင်းဆိုတာထဲမှာ အတွင်းဝင်ပါတယ်။ ဘယ်လိုလဲဆိုတော့ တရားမှန်၌ ယုံမှားယင် အဲဒီတရားကို ဟောတဲ့ ဘုရားကိုလဲ ယုံမှားတော့တာဘဲ၊ အဲဒီ တရားအတိုင်း ကျင့်တဲ့ သံဃာကိုလဲ ယုံမှားတော့တာဘဲ၊ အဲဒီတရားအရ ကျင့်ရတဲ့ အကျင့်ကိုလဲ ယုံမှားတော့တာဘဲ၊ ဒါကြောင့် ဒီမှာ "ဝိစိကိစ္ဆာ–တရားမှန်၌ ယုံမှားခြင်း"လို့ အတိုချုပ် ဘာသာပြန်ထားတယ်။ နောက်ပြီးတော့ (၅) သံသရာ၏ ရှေးအဖို့၌ ယုံမှားခြင်း၊ (၆) နောက်အဖို့၌ ယုံမှားခြင်း၊ (၇) ရှေးနောက်နှစ်ရပ်စပ်လျက် ပစ္စုပ္ပန်အဖို့၌ ယုံမှားခြင်း၊ (၈) အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံ (ပဋိစ္စသမုပ္ပါဒ်) ၌ ယုံမှားခြင်းဆိုတဲ့ ဒီယုံမှား ၄-ပါးလဲ တရားမှန်၌ ယုံမှားခြင်းဆိုတာထဲမှာ အတွင်းဝင်ပါတယ်၊ ဘာကြောင့်လဲဆိုလျှင် သံသရာ၏ ရှေးအဖို့ စသည်တွေဟာ တရားမှန်နှင့် စပ်ဆိုင်နေလို့ပါဘဲ၊ ဒါကြောင့် တရားမှန်၌

ယုံမှားခြင်းဆိုတဲ့စကားဖြင့် ယုံမှားမှု (၈) ပါးလုံးကို သိမ်းသွင်းနိုင်ပါတယ်။ တရားမှန်၌ ယုံမှားခြင်းလို့ဆိုထားတော့ တရားမှန်နှင့် မဆိုင်တဲ့ လောကရေးရာ ယုံမှားခြင်းတွေတော့ မပါဝင်ဘူး၊ ဘယ်လိုဟာတွေလဲဆိုယင် ဒီလမ်းကသွားယင် ဘုရားရောက်မလား၊ ဈေးရောက်မလား၊ ဒီအလုပ်ကိုလုပ်ယင် စီးပွါးဖြစ်မလား၊ ရှုံးမလား စသည်ဖြင့် ဖြစ်တဲ့ယုံမှားမျိုးတွေပါဘဲ၊ အဲဒီလို လောကရေးရာ ယုံမှား တွေကတော့ နီဝရဏဝိစိကိစ္ဆာ မဟုတ်ဘူး၊ တရားနှင့်စပ်တဲ့ ယုံမှား (၈) မျိုး သာ နီဝရဏဝိစိကိစ္ဆာ မည်တယ်။

## သမထအလုပ်နှင့် စပ်တဲ့ ယုံမှား

အဲဒီယုံမှားက ဘယ်လိုဖြစ်သလဲဆိုလျှင် သမထဘာဝနာအလုပ်ကို အား ထုတ်တဲ့သူမှာ အဲဒီသမထလုပ်ငန်းစဉ်နှင့်စပ်ပြီး ယုံမှားဖြစ်တယ်၊ အာနာပါန ကမ္မဋ္ဌာန်းဆိုယင် အသက်ရှူတာကို ရှုနေရုံနဲ့ ဈာန်ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့ မလားလို့ ယုံမှားတွေးတောတယ်၊ပထဝီကသိုဏ်းဆိုယင် ပထဝီ ပထဝီ – လို့ဆိုပြီး ရှုနေရုံနဲ့ ဈာန် ၄-ပါးရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ အဲဒီဈာန်ရပြီး အဘိညာဉ်ရတယ်ဆိုတာလဲ ဟုတ်မှဟုတ်ပါ့မလား၊ အဲဒီ အဘိညာဉ်ဖြင့် တန်ခိုး ဖန်ဆင်းနိုင်တယ်၊ မြေလျှိုးမိုးပျံနိုင်တယ်၊ ဘာမဆို မြင်နိုင်-ကြားနိုင်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား စသည်ဖြင့် ယုံမှားတွေးတောတယ်။ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းနဲ့ စပ်ပြီးတော့လဲ ဆံပင် မွေးညှင်း လက်သည်း ခြေသည်း စသည်ကို ရှုဆင်ခြင်နေရုံနဲ့ ဈာန်ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားတွေးတော တယ်၊ အဲဒါဟာ သမထဘာဝနာကို တားမြစ်တဲ့ နီဝရဏ ဝိစိကိစ္ဆာဘဲ။

## ဝိပဿနာအလုပ်နှင့် စပ်တဲ့ ယုံမှား

ဝိပဿနာနဲ့စပ်ပြီး ယုံမှားဖြစ်ပုံကတော့ သွားတယ် ရပ်တယ် ထိုင်တယ် ကွေး တယ် ဆန့်တယ် စသည်ဖြင့် ကိုယ်အမူအရာကို ရှုမှတ်နေရုံနဲ့ ရုပ်နာမ်ကို ပိုင်းခြား သိတယ်၊ ဝိပဿနာဉာဏ်ဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ မြင်တယ် ကြား တယ်စသည်ဖြင့် ဒွါရ ၆-ပါးက ပေါ်လာသမျှကို လိုက်ပြီး ရှုမှတ်နေရုံနဲ့ ဝိပဿနာ ဉာဏ် ဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် မှတ်နေရုံနဲ့ ဝိပဿနာဉာဏ် ဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား စသည်ဖြင့်

ယုံမှားတွေးတောနေတတ်တယ်၊ အဲဒါဟာ ဝိစိကိစ္ဆာဘဲ၊ ဝိပဿနာအလုပ် ခရီး မတွင်အောင် နှောင့်ယှက်တားမြစ်တဲ့ နီဝရဏဘဲ၊ လမ်းနှစ်ခွကိုရောက်နေတာဘဲ။ မသွားဘူးသေးတဲ့လမ်းကို ခရီးသွားရတဲ့သူဟာ သွားဘူးတဲ့လူကို မေးမြန်းပြီး သွားရတယ်၊ အဲဒီလို သွားနေရာမှာ နောက်က ရန်သူတွေ လိုက်လာမယ်ဆိုယင် ခပ်မြန်မြန်သွားရတယ်၊ အဲဒီလို သွားနေရင်း လမ်းနှစ်ခွကို တွေ့တဲ့အခါ လကျ်ာဘက် လိုက်ရမလား လက်ဝဲဘက် လိုက်ရမလားလို့ ရပ်ပြီး စဉ်းစားနေတယ် ဆိုပါတော့၊ အဲဒီလို ရပ်ပြီးစဉ်းစားနေယင် နောက်က လိုက်လာတဲ့ ရန်သူတွေက မှီလာလိမ့်မယ်၊ ပစ္စည်းလဲယူ လူလဲ သတ်လိမ့်မယ်၊ အဲဒီလိုဖြစ်ရတာဟာ လမ်းနှစ်ခွမှာ ရပ်ပြီး စဉ်းစားနေလို့ ဆုံးရှုံးနစ်နာရတာဘဲ။ အဲဒီဥပမာလိုဘဲ.... တရားအားထုတ်နေတဲ့သူလဲ ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားတွေးတောနေယင် အဲဒီအခိုက်မှာ ရှုမှတ်တဲ့အလုပ် ပျက်နေတာဘဲ၊ လမ်းနှစ်ခွမှာ ရပ်နေတာနဲ့ တူပါတယ်၊ မရှုမမှတ်ဘဲ ရပ်နေတော့ အဲဒီအချိန်မှာ ပေါ်လာသမျှ အာရုံတွေကို အမှန်အတိုင်းမသိနိုင်ဘူး၊ မသိတဲ့အတွက် အဲဒီ အာရုံတွေမှာ နိစ္စ သုခ အတ္တ အနေဖြင့် စွဲလမ်းတယ်၊ အဲဒီ စွဲလမ်းမှုနဲ့ စပ်ပြီး လောဘ ဒေါသ စသော ကိလေသာတွေ ဖြစ်နိုင်တယ်၊ အကုသိုလ်ကံ ကုသိုလ်ကံတွေလဲ ဖြစ်နိုင်တယ်၊ အဲဒီကံတွေကြောင့် အပါယ်ဘဝ စသည်မှာ ဖြစ်ပြီး အပါယ်ဆင်းရဲ ဇာတိ အစရှိသော သံသရာဆင်းရဲတွေကို ခံစားရမယ်၊ အဲဒါဟာ လမ်းနှစ်ခွမှာ စဉ်းစားနေတဲ့လူ ရန်သူတွေကြောင့် ဒုက္ခရောက်ရတာနဲ့ တူပါတယ်။ ဒါကြောင့် အဲဒီလို တရားမှန်နှင့် စပ်ပြီးဖြစ်တဲ့ ယုံမှားကို ပယ်ဘို့ အရေးကြီးပါတယ်။ တချို့မှာဆိုယင် ဒီယုံမှား ဝိစိကိစ္ဆာက တားမြစ်ထားလို့ တရားတောင် အားမ ထုတ်နိုင်ဘူး၊ တချို့ကျတော့ ဒီယုံမှားကြောင့် ယခုလို တရားကိုတောင် လာ ရောက်ပြီး မနာနိုင်ဘူး၊ ဝိပဿနာ တရားစာအုပ်ကိုတောင် မယုံတာနဲ့ မကြည့် ဖြစ်ဘူး၊ အဲဒါတွေဟာ ယုံမှားမှု ဝိစိကိစ္ဆာကို စူးစမ်းဆင်ခြင်ပြီး သိမြင်တဲ့ဉာဏ် ထင်နေကြလို့ ဆုံးရှုံးနစ်နာကြရတာတွေပါဘဲ။ ဒါကြောင့် ဘုန်းကြီးတို့က ဒီ ဝိစိကိစ္ဆာကို ပယ်နိုင်ကြပါစေလို့ ရည်ရွယ်ပြီး စွမ်းနိုင်သမျှ ရှင်းလင်းပြောဟော နေကြရပါတယ်။

## နည်းတွေနှင့် ရောမွှေလို့ ရှုပ်ကုန်တာ

အမှန်စင်စစ်ကတော့ မြတ်စွာဘုရားဟောထားတဲ့ သတိပဋ္ဌာန် တရားတော်ကို အလေးအမြတ်ပြုပြီး မစဉ်းစားမိကြတဲ့အတွက် ကောင်းကောင်း သဘောမပေါက်ကြလို့ပါဘဲ၊ မြတ်စွာဘုရားက ရှင်းရှင်းကလေး ဟောထားတာဘဲ၊ အဘိဓမ္မာနည်းတွေ အဋ္ဌကထာ နည်းတွေနဲ့ ရောမွှေနေကြလို့ ရှုပ်ကုန်တာဘဲ။ မြတ်စွာဘုရားက "ကာယေ ကာယာနုပဿီ ဝိဟရတိ–ရုပ် အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ်ဟု ရှုလျက်နေပါ"တဲ့၊ ကိုယ်အစိတ်အပိုင်း, ကိုယ်အမူအရာတွေကို ရှုနေဘို့ ညွှန်ကြားတော်မူတာပါဘဲ၊ ကိုယ်အစိတ်အပိုင်း ရှုပုံအကျယ်ကို ဆံပင် မွေးညှင်း အစရှိသော သုံးဆဲ့နှစ်ကောဋ္ဌာသ ရှုနည်းဖြင့် ပြထားတယ်၊ အဲဒီမှာ ဆံပင် မွေးညှင်း စသည်ကို စက်ဆုပ်ဖွယ်အနေဖြင့် ရှုနေယင် ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်နေတာဘဲ၊ ဘာမှ ယုံမှားစရာမရှိပါဘူး။ ထို့အတူ ကိုယ်အမူအရာ ရှုပုံအကျယ်ကိုလဲ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ–သွားလျှင်လဲ သွားသည်ဟု သိ၏" စသည်ဖြင့် ပြထားတယ်၊ ဒီလို ပြထားရာမှာလဲ သွားယင် သွားတာကို မှတ်သိဘို့၊ ရပ်ယင် ရပ်တာကို မှတ်သိဘို့၊ ထိုင်ယင် ထိုင်တာကို မှတ်သိဘို့၊ လျောင်းယင် လျောင်းတာကို မှတ်သိဘို့၊ ကွေးခြင်း ဆန့်ခြင်း စသော ကိုယ်အမူအရာ တစုံတခု ဖြစ်ပေါ်လာယင် အဲဒီ ကိုယ်အမူအရာကို မှတ်သိဘို့ တိုက်ရိုက်ပြထားတာပါဘဲ၊ ရှင်းပါတယ်။ ကိုယ် အမူအရာတွေကို ဖြစ်ခိုက်မှာ မရှုယင် နိစ္စ သုခ အတ္တ အစွဲ ဖြစ်နိုင်တယ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ကိုယ်အမူအရာတွေကို ရှုပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောကို သိသိသွားလျှင် အဲဒီလို အစွဲတွေ မဖြစ်နိုင်ဘူး၊ ကင်းငြိမ်းတယ်။ ဒါကြောင့် ကိုယ်အမူအရာ ဟူသမျှကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုဘို့ မြတ်စွာဘုရားက ဂစ္ဆန္တော–သွားဆဲ သွားခိုက် စသည်ဖြင့် အထူးသတ်မှတ်ပြီး ဟောတော်မူခဲ့ပါတယ်။ အဲဒီမှာ ကိုယ်အမူအရာဆိုတော့ အကုန်လုံးပေါ့၊ ဖောင်းတာ ပိန်တာလဲ ကိုယ်အမူအရာဘဲ၊ ဒါလဲ သိရမည့်တရားပါဘဲ၊ ဖောင်းဆဲ ပိန်ဆဲ၌ တောင့်တင်းတာ လှုပ်ရှားတာတွေဟာ ဝါယောကာယတွေဘဲ၊ မှတ်တာ သိတာက အနုပဿနာဘဲ၊ ဒါကြောင့် ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်ပြီး သိတာဟာ ကာယကို ရှုသိတဲ့ ကာယာနုပဿနာပေါ့။ ကမ္မဋ္ဌာနာစရိယ ဦးသုဇာတ ကတော့ ဒီလို နေရာမှာ

ကာယနဲ့ အနုပဿနာကို အသေးစိတ် သရုပ်ခွဲပြီး မေးလိုက် ဖြေလိုက်နဲ့ အထပ်ထပ် ဟောတယ်၊ အဲဒီလို ဟောတာက ပိုပြီး နားလည်လွယ်ပါတယ်။ ဘုန်းကြီး၏ဟောစဉ်ကတော့ သလ္လေခသုတ်အရ ၄၄-ပါးထဲက ယခုမှ ၂၃-နံပါတ် ရောက်ခါ ရှိသေးတယ်၊ ဒါကြောင့် ခပ်ကျဉ်းကျဉ်းဘဲ ပြောသွားရမယ်။

## ရုပ်အပေါင်း ရှုကောင်းတာချည်းဘဲ

ကာယေ ကာယာနုပဿီ ဝိဟရတိ။ ကာယေ၊ ရုပ်အပေါင်းကိုယ်၌။ ကာယာ-နုပဿီ ဝိဟရတိ၊ ရုပ်အပေါင်းကိုယ်ဟု ရှုလျက်နေ၏-လို့ ဆိုရာမှာ ရှုပုံ ရှုနည်းကလဲ မှန်ကန်ဘို့လိုတယ်၊ ဘယ်လိုမှန်ရမလဲဆိုယင် ရုပ်အပေါင်းကိုယ်ဆိုတာဟာ အနိစ္စ-မမြဲတဲ့ သဘောဘဲ၊ ဒုက္ခ-ဆင်းရဲဘဲ၊ အနတ္တ-အတ္တကောင် မဟုတ်တဲ့ သဘောတရားမျှဘဲ၊ အသုဘ-မတင့်တယ်တဲ့ စက်ဆုပ်ဖွယ်ဘဲ။ ဒါကြောင့် အဲဒီ အနိစ္စ ဒုက္ခ အနတ္တ အသုဘ အခြင်းအရာအားဖြင့် ထင်မြင်အောင် ရှုရတယ်၊ အဲဒီလိုထင်မြင်နိုင်အောင် ရှေးဦးစွာ ရုပ်အပေါင်းကာယ၏ သဘော သဘာဝကို သိဘို့လိုပါတယ်၊ အဲဒီ သဘော သဘာဝကို သိရအောင်လို့ ကိုယ် အမူအရာ ရုပ်အပေါင်းကို သူ ဖြစ်ခိုက် ဖြစ်ခိုက်မှာ လိုက်ပြီး ရှုမှတ်ရတာဘဲ။ အဲဒါဟာ တကိုယ်လုံးက ထင်ရှားပေါ်လာသမျှ ရုပ်အပေါင်းတွေကို အကုန်လုံးကိုဘဲ ရှုရပါတယ်၊ ခက်မာကြမ်းတမ်းတဲ့ ရုပ်အပေါင်း ပထဝီကာယကိုလဲ ရှုရတယ်၊ ခက်မာကြမ်းတမ်းတဲ့ရုပ်အပေါင်းဆိုတာ ဆံပင်မွေးညှင်းအစရှိတဲ့ ကောဋ္ဌာသ ၂၀-ထဲမှာ ပါဝင်တဲ့ ပထဝီဓာတ်ပါဘဲ၊ ဆံပင်နဲ့ ထိတဲ့အခါ လက်သည်း ခြေသည်းနဲ့ ထိတဲ့ အခါ အရေနဲ့ ထိတဲ့အခါ စသည်မှာ ထိတယ်ထိတယ်လို့ ရှုပြီးသိရတဲ့သဘော ပါဘဲ။ အတွင်းက သွားနဲ့ လျှာနဲ့ ထိတဲ့အခါ အသားနဲ့ အရိုးနဲ့ ထိတဲ့အခါလဲ ရှုမှတ်ပြီး အဲဒီပထဝီဓာတ်ကို သိနိုင်ပါတယ်။ ဘယ်အစိတ်အပိုင်းကမဆို ခက်မာ ကြမ်းတမ်းတဲ့ နူးညံ့တဲ့ ပထဝီဓာတ်ကို ထင်ရှားယင် ရှုနိုင်ပါတယ်၊ မရှုကောင်းတဲ့ ပထဝီဓာတ်ရယ်လို့ မရှိပါဘူး။

ယိုစီးတဲ့ ဖွဲ့စည်းတဲ့ အာပေါကာယကိုလဲ ရှုရတယ်၊ အာပေါကာယဆိုတာ သည်းခြေ သလိပ် ပြည် သွေး ချွေး အစရှိသော ကောဋ္ဌာသ ၁၂-ပါးထဲမှာ ပါတဲ့ အာပေါဓာတ်ပါဘဲ၊ အာပေါဓာတ်ဆိုတာ "ဖောဋ္ဌဗ္ဗရုပ်မဟုတ်ဘူး, မထိကောင်း

ဘူး”လို့ ပါဠိ အဋ္ဌကထာများမှာ ပြထားပါတယ်၊ ဒါပေမဲ့ အာပေါဓာတ်နှင့် တပေါင်းတည်းဖြစ်တဲ့ အခြားဓာတ်များကို တွေ့ထိပြီးတော့မှ ယိုစီးတယ် စိုတယ် စသည်ဖြင့် သိရတယ်၊ ဒါကြောင့် မျက်ရည် နှာရည် တံတွေး ချွေး စသည်ကို ထိသိပြီး ရှုမိတဲ့အခါမှာ အဲဒီယိုစီးတဲ့ ဖွဲ့စည်းတဲ့အာပေါဓာတ်ကို သိရတယ်၊ အဲဒီအာပေါကိုလဲ ဘယ်အစိတ်အပိုင်းကမဆို ရှုနိုင်ပါတယ်၊ မရှုကောင်းတဲ့ အာပေါဓာတ်ရယ်လို့ မရှိပါဘူး။

နောက်ပြီးတော့ ပူတဲ့ နွေးတဲ့ အေးတဲ့ တေဇောကာယကိုလဲ ရှုရတယ်၊ တေဇောကာယဆိုတာ (၁) ဇီရဏတေဇော-အိုမင်းရင့်ရော်စေတတ်တဲ့ ပကတိကိုယ်ငွေ့၊ (၂) သန္တပ္ပနတေဇော-ပကတိကိုယ်ငွေ့ထက် သာလွန်ပြီးပူတဲ့ အဖျားရှိန်အပူငွေ့၊ (၃) ဒါဟတေဇော-အလွန်ပူလောင်တဲ့အပူငွေ့၊ (၄) ပါစကတေဇော-စားသောက်သမျှအစာကို ကြေကျက်စေတဲ့ အစာအိမ်အပူငွေ့ဆိုတဲ့ ဒီ ၄-ပါးပါဘဲ၊ အဲဒီတေဇောကိုလဲ ဘယ်အစိတ်အပိုင်းကမဆို ထင်ရှားယင် ရှုနိုင်ပါတယ်၊ မရှုကောင်းတာရယ်လို့ မရှိပါဘူး။

## ဝါယောဟူသမျှ ရှုကောင်းတာချည်းဘဲ

နောက်ပြီးတော့ တောင့်တင်း လှုပ်ရှားတဲ့ ဝါယောကာယကိုလဲ ရှုရတယ်၊ ဝါယောကာယဆိုတာ ၆-ပါးရှိတယ်၊ (၁) အထက်သို့ ဆန်တက်တဲ့ ဥဒ္ဓင်္ဂမလေ၊ (၂) အောက်သို့ စုန်ဆင်းတဲ့ အဓောဂမလေ၊ (၃) ဝမ်းပိုက်ထဲမှာ တည်ရှိနေတဲ့ ကုစ္ဆိသယလေ၊ (၄)အူထဲမှာရှိနေတဲ့ ကောဋ္ဌာသယလေ၊ (၅)သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ကွေးခြင်း ဆန့်ခြင်း ကိုင်တွယ်လှုပ်ရှားခြင်းများကို ပြီးစေတဲ့ အင်္ဂမင်္ဂါနုသာရီလေ၊ (၆) အဿာသပဿာသခေါ်တဲ့ ရှူရှိုက်လေ – ဒီ ၆-ပါးပါဘဲ။ အဲဒီ ဝါယော ၆-ပါးကိုလဲ ဘယ်အစိတ်အပိုင်းကမဆို ထင်ရှားရာကို ရှုနိုင်ပါတယ်၊ မရှုကောင်းတာရယ်လို့ မရှိပါဘူး။ သတိပဋ္ဌာန်ဒေသနာတော်နှင့် အညီ သွားတယ် ရပ်တယ် ထိုင်တယ် လျောင်းတယ် ကွေးတယ် ဆန့်တယ် စသည်ဖြင့် ရှုမှတ်နေရတာတွေဟာ အင်္ဂမင်္ဂါနုသာရီ ခေါ်တဲ့ ဝါယောဓာတ်ကို ရှုမှတ်နေကြရတာဘဲ။ အာနာပါန ရှုနေကြတာဟာ အဿာသပဿာသ ခေါ်တဲ့ ဝါယောဓာတ်ကို ရှုနေကြတာဘဲ၊ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေကြ

တာလဲ အဲဒီ ရှုရှိုက်လေ၏ တွန်းကန်မှုကြောင့် တောင့်တင်းလှုပ်ရှားတဲ့ ဝါယော ဓာတ်ကို ရှုမှတ်နေကြတာဘဲ၊ အဲဒီလိုရှုမှတ်ခြင်းဖြင့် ရှုရှိုက်လေ၏ တွန်းကန်မှု ကိုလဲ သိရတယ်၊ ဒါကြောင့် အဇ္ဈတ္တ ပဗဟိဒ္ဓလေကို ရှုမှတ်တယ်လို့လဲ ဆိုနိုင်ပါတယ်။ အဲဒီလိုဆိုတော့ အာနာပါနကို နှာသီးဝကသာ ရှုကောင်းတယ် မဟုတ်ပါလားလို့ မေးစရာရှိပါတယ်၊ သမထကမ္မဋ္ဌာန်းအနေဖြင့် ဈာန်သမာဓိ ရအောင် အားထုတ်ယင် နှာသီးဝတနေရာတည်းကသာ ရှုရတာ မှန်ပါတယ်၊ ဈာန်သမာဓိဆိုတာ တနေရာတည်းက တမျိုးတည်းကိုသာ ရှုနေမှ ဖြစ်နိုင် ပါတယ်၊ နေရာအများက အာရုံများစွာကို လိုက်ရှုနေယင် ဈာန်သမာဓိမဖြစ် နိုင်ဘူး၊ ဒါကြောင့် သမထကမ္မဋ္ဌာန်းအရာမှာ နှာသီးဝတနေရာတည်းကသာ ရှုရပါတယ်။ ဝိပဿနာဆိုတာကတော့ တနေရာတည်းကသာ ရှုရမယ်လို့လဲ အကန့်အသတ်မရှိဘူး၊ တခုတည်းကိုသာ ရှုရမယ်လို့လဲ အကန့်အသတ်မရှိဘူး၊ ဒွါရ ၆-ပါးက ထင်ရှားပေါ်လာသမျှကို အကုန်လုံးရှုရပါတယ်။ "သဗ္ဗံ၊ အလုံးစုံကို။ အဘိညေယျံ၊ ရှေးရှုပြု၍သိအပ်၏" လို့ မြတ်စွာဘုရားက ဟော တော်မူပါတယ်။ "သဗ္ဗံ ဓမ္မံ အဘိဇာနာတိ–အလုံးစုံသောတရားကို ရှေးရှုပြု၍ သိ၏" လို့ ဟောတော်မူကြောင်းလဲ သတ္တမပိုင်းတုန်းက ပြောခဲ့ပါပြီ။ ဒါကြောင့် ဝိပဿနာအရာမှာတော့ "မည်သည့်ကိုယ်အစိတ်အပိုင်းက ရုပ်ကိုသာ ရှုရမယ်၊ မည်သည့် ကိုယ်အစိတ်အပိုင်းက ရုပ်ကိုတော့ မရှုရဘူး" လို့ ဒီလိုကန့်သတ်ချက် တားမြစ်ချက် မရှိပါဘူး၊ ဆန့်လေ စုန့်လေ ဝမ်းလေ အူလေ လှုပ်ရှားလေများကို ဘယ်နေရာကမဆို ရှုကောင်းသလိုဘဲ ဝိပဿနာအရာမှာ ရှုရှိုက်လေကိုလဲ ဘယ်နေရာကမဆို ရှုကောင်းပါတယ်၊ တနည်းအားဖြင့်ဆိုယင်တော့ ဖောင်းတာ ပိန်တာဟာ ဝမ်းဗိုက်ထဲက တောင့်တင်းလှုပ်ရှားတဲ့ သဘောဘဲ၊ ဒါကြောင့် ဝမ်းဗိုက်ထဲမှာရှိတဲ့ ကုစ္ဆိသယလေကို ရှုမှတ်တယ်လို့လဲ ဆိုနိုင်ပါတယ်။

## သတိပဋ္ဌာန် ၄-ပါး ပွါးနေတာ ယုံမှားဘွယ်မရှိ

ဒါကြောင့် ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်တာဟာ သတိပဋ္ဌာန်ပါဠိတော် လာ ဓာတုမနသိကာရပိုင်းအရ ဓာတ် ၄-ပါးထဲက ဝါယောဓာတ်ကို ရှုတယ်၊ ဝါယောဓာတ် ၆-ပါးထဲက ဝမ်းဗိုက်မှာ ထင်ရှားတဲ့ အဇ္ဈတ္တပဗဟိဒ္ဓဝါယော ဓာတ်ကို ရှုတယ်လို့လဲ ဆိုနိုင်ပါတယ်၊ ဝမ်းဗိုက်ထဲမှာရှိတဲ့ ကုစ္ဆိသယဝါယော

ဓာတ်ကို ရှုတယ်လို့လဲ ဆိုနိုင်ပါတယ်၊ ဣရိယာပထပိုင်း သမ္ပဇညပိုင်းအရ ကိုယ်အမူအရာရုပ်ကို ရှုတယ်လို့လဲ ဆိုနိုင်ပါတယ်။

ဒါကြောင့် ထိုင်နေဆဲမှာ ဖောင်းတယ် ပိန်တယ်လို့ဘဲ ရှုသည်ဖြစ်စေ၊ ထိုင်တယ် ထိုင်တယ်လို့ဘဲ ရှုသည်ဖြစ်စေ ကိုယ်အမူအရာ ရုပ်အပေါင်း ဝါယော ကာယကို ရှုနေတာဘဲ၊ ဒါကြောင့် ကာယေ ကာယာနုပဿီ–အရ ကာယာနု-ပဿနာသတိပဋ္ဌာန်ကို ပွါးနေတာပါဘဲ။ ထို့အတူ ကွေးတယ် ဆန့်တယ် လှုပ်ရှား ပြုပြင်တယ်လို့ ရှုမှတ်နေတာလဲ ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွါးနေတာဘဲ၊ သွားနေတဲ့အခါ သွားတယ် သွားတယ်စသည်ဖြင့် ရှုနေတာလဲ ကာယာ-နုပဿနာသတိပဋ္ဌာန်ကို ပွါးနေတာဘဲ။

နောက်ပြီးတော့ ဝေဒနာထင်ရှားတဲ့အခါ ညောင်းတယ် ပူတယ် နာတယ် စသည်ဖြင့် ရှုမှတ်နေတာက ဝေဒနာနုပဿနာဘဲ။ စိတ်ကူးကြံစည်မှု ဖြစ်တိုင်း ဖြစ်တိုင်း စိတ်ကူးတယ် ကြံစည်တယ် စဉ်းစားတယ်စသည်ဖြင့် ရှုနေတာက စိတ္တာနုပဿနာဘဲ။ မြင်မှု ကြားမှုစသည် အထူးထင်ရှားတဲ့အခါ မြင်တယ် ကြားတယ် စသည်ဖြင့် ရှုနေတာက ဓမ္မာနုပဿနာဘဲ၊ ဒါကြောင့် ဖောင်းမှု ပိန်မှုမှစပြီး ဖြစ်ပေါ်လာသမျှ ရုပ်နာမ်သဘောတရားတွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုမှတ်ပြီး သိနေတာဟာ သတိပဋ္ဌာနသုတ် ဒေသနာတော်နှင့်အညီ တရား လမ်းမှန်ဖြစ်ကြောင်း ထင်ရှားပါတယ်၊ ဘာမှ ယုံမှားစရာ မရှိပါဘူး၊ ဒါပေမဲ့ ဝိပဿနာအကြောင်း ကောင်းကောင်း သဘောမပေါက်လို့ရှိယင် ယုံမှား တွေးတောမှု ဝိစိကိစ္ဆာက ဖြစ်တတ်သေးတယ်၊ စာပေသုတ အတော်အတန်ရှိသူ စဉ်းစားဝေဘန်တတ်သူတွေမှာ ဖြစ်တတ်ပါတယ်၊အမျိုးသမီးပိုင်းကတော့ ဟော ပြောညွှန်ပြနေတဲ့ ဆရာသမားတွေကို ယုံကြည်စိတ်ချထားတဲ့အတွက် အများ အားဖြင့် ယုံမှားမှုမရှိဘဲ ကြိုးကြိုးစားစား အားထုတ်တတ်ကြပါတယ်၊ အဲဒီလို မစဉ်းစားမဝေဘန်ဘဲ ဇောက်ချပြီး အားထုတ်ကြတဲ့အတွက် သူတို့မှာ စိတ်တည် ကြည်မှု သမာဓိက ဖြစ်လွယ်တတ်ပါတယ်၊ သမာဓိဖြစ်တော့ ဉာဏ်လဲဖြစ်တော့ တာဘဲ၊ ဒါကြောင့် ဉာဏ်စဉ်မှာလဲ မြန်မြန်ပြည့်စုံတတ်တယ်။ ဒါပေမဲ့ အမျိုး သမီးတိုင်းတော့ မဟုတ်ပေဘူး၊ တချို့က စဉ်းစားနေတာနဲ့ တရားမတက်တာ တွေလဲ ရှိပါတယ်၊ တချို့က ပေါ့လျော့လို့ အရွယ်ကြီးလို့ ကျန်းမာရေး

မပြည့်စုံလို့ အားထုတ်မှုလျော့နေတဲ့အတွက် တရားမတက်တာတွေလဲ ရှိပါသေးတယ်။ အမျိုးသားတွေ ရဟန်းတော်တွေထဲကလဲ ညွန်ကြားတဲ့အတိုင်း အချိုးကျကျအားထုတ်လို့ သမာဓိအဖြစ်မြန်ပြီး ဉာဏ်အတက်မြန်တဲ့ပုဂ္ဂိုလ်တွေလဲ ရှိတာပါဘဲ။ လိုရင်းကတော့ ယခုပြောခဲ့တဲ့အတိုင်း ဖောင်းတာပိန်တာမှစပြီး ဖြစ်ခိုက် ရုပ်နာမ်ကို ရှုမှတ်တာဟာ ဝိပဿနာနည်းလမ်းမှန်ဘဲလို့ ယုံကြည်စိတ်ချပြီး တင်းတင်းရင်းရင်း ထက်ထက်သန်သန် ရှုမှတ်အားထုတ်လျှင် စိတ်တည်ကြည်မှု သမာဓိ ဖြစ်လွယ်တာပါဘဲ။

## ခဏိကသမာဓိဖြင့် စိတ္တဝိသုဒ္ဓိပြည့်စုံပုံ

ဒါကြောင့် ယုံမှားတွေးတောမှု စဉ်းစားဝေဘန်မှု ဖြစ်လာယင် လက်ခံမထားနဲ့၊ ချက်ခြင်းရှုမှတ်ပြီး ပယ်လိုက်ရမယ်၊ ဒီယုံမှားကိုသာ မဟုတ်သေးဘူး၊ ရှေးကပြောခဲ့တဲ့ လိုချင်နှစ်သက်ပြီး ကြံတဲ့ ကာမစ္ဆန္ဒတို့ စိတ်ဆိုးပြီးကြံတဲ့ ဗျာပါဒတို့ စိတ်ထိုင်းမှိုင်း အားလျော့တဲ့ ထိန မိဒ္ဓတို့ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စတို့ အဲဒီလိုဟာတွေလဲ ဖြစ်ပေါ်လာယင် လက်မခံနဲ့၊ ချက်ခြင်းဘဲ ရှုမှတ်ပြီး ပယ်လိုက်ရမယ်။ အဲဒီလို ရှုမှတ်ပြီး ပယ်လိုက်ယင် ယုံမှားမှု ဝိစိကိစ္ဆာနှင့်တကွ အဲဒီ နီဝရဏတွေ အကုန်လုံးကင်းပြီး မှတ်စိတ်ချည်း စင်ကြယ်နေလိမ့်မယ်၊ အဲဒါဟာ ဥပစာသမာဓိနှင့် တူညီတဲ့ ဝိပဿနာခဏိကသမာဓိဘဲ၊ ဥပစာသမာဓိနှင့် နီဝရဏကင်းပုံအားဖြင့် တူတဲ့အတွက် ဥပစာသမာဓိလို့လဲ ခေါ်ရပါတယ်။ ဒါကြောင့် သတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ဣရိယာပထပိုင်း သမ္ပဇညပိုင်း ဓာတုမနသိကာရပိုင်း အစရှိသော ဝိပဿနာပိုင်း ကမ္မဋ္ဌာန်းများကို ဥပစာကမ္မဋ္ဌာန်းမည်တယ်လို့ ပြဆိုထားတာဘဲ။ အဲဒီ ခဏိကသမာဓိ ဥပစာသမာဓိဖြင့် စိတ္တဝိသုဒ္ဓိ ပြည့်စုံပါတယ်၊ အဲဒါဟာ ဝိပဿနာကစပြီး ပွါးများတဲ့ပုဂ္ဂိုလ်မှာ စိတ္တဝိသုဒ္ဓိ ပြည့်စုံပုံပါဘဲ။ ရှေ့ပိုင်းကလဲ ဒီ စိတ္တဝိသုဒ္ဓိ ဖြစ်ပုံကို အကြိမ်ကြိမ် ပြောခဲ့ပါပြီ၊ ဒါပေမဲ့ ယုံမှားမှု ဝိစိကိစ္ဆာအရာဖြစ်တဲ့အတွက် ဒီနေရာမှာ ထပ်ပြီးပြောရတာဘဲ။ ယခုပြောခဲ့တဲ့အတိုင်း တရားလမ်းမှန်အကြောင်းကို လေ့လာဆင်ခြင်ပြီးတော့ ယုံမှားကို ပယ်ရမယ်၊ ရှုမှတ်ဆဲမှာ ဖြစ်ပေါ်လာတဲ့ ယုံမှားကိုတော့ ရှုမှတ်ပြီး ပယ်ရမယ်၊ အဲဒီလို ပယ်ရမည့်အကြောင်းကို မြတ်စွာဘုရားက——

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဝိစိကိစ္ဆာ၊ အစစ်အမှန်ဖြစ်သော ဘုရား တရား သံဃာ အကျင့်သိက္ခာနှင့်စပ်၍ ယုံမှားမှုရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ တိဏ္ဏဝိစိကိစ္ဆာ၊ ယုံမှားကို ကျော်လွန်ကုန်ပြီးသည်။ ဝါ-ယုံမှားကင်းကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူခဲ့ပါတယ်။ ဒီဝိစိကိစ္ဆာကတော့ အရေးကြီးပါတယ်၊ ဒါကြောင့် အဲဒီ ငါးဝါရလုံးအတွက်ပဲ အမိဋ္ဌာန်ဆောင်ပုဒ်ကို အပြည့်အစုံ ဆိုကြရမယ်။

## (၂၃) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက ဘုရား တရား သံဃာ အစစ်အမှန် အကျင့်မှန်၌ ယုံမှားတွေးတောနေကြရာမှာ ငါတို့ကတော့ လွန်မြောက်အောင် အားထုတ်လျက် ယုံမှားကင်းစေမည်၊ ကိလေသာပါးစေတဲ့။ပ။ယုံမှားမှုလမ်းဆိုးကို ယုံကြည်ဆိုးဖြတ်မှု လမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ ယုံကြည်ဆုံးဖြတ်မှုဖြင့် အဆင့်အတန်းတက်မည်၊ ယုံမှားမှု ဝိစိကိစ္ဆာ ကိလေသာမီးကို ယုံကြည်ဆုံးဖြတ်မှု အမိမောက္ခ ရေစင်ဖြင့် ငြိမ်းသတ်မည်။

### ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ယုံမှားကို ပယ်ပုံ

ဒီဝိစိကိစ္ဆာကို ပယ်တာက နီဝရဏကင်းရုံနဲ့တော့ မပြီးသေးဘူး၊ တိဏ္ဏ-ဝိစိကိစ္ဆ-ဝိစိကိစ္ဆာကို လွန်မြောက်ပြီးဖြစ်စေရမယ်လို့ ဟောထားတဲ့အတိုင်း သောတာပတ္တိမဂ်ဖြင့် အမြစ်ပြတ် ပယ်နိုင်သည်တိုင်အောင် အားထုတ်သွားမှ ပြီးတယ်၊ ဒါကြောင့် ဝိစိကိစ္ဆာနှင့်တကွ နီဝရဏတွေကင်းပြီး စိတ္တဝိသုဒ္ဓိဖြစ်နေတဲ့အခါ "ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်" စသည်ဖြင့် ပေါ်လာသမျှ ရုပ်နာမ်တွေကို ဆက်ပြီးရှုမှတ်နေရတယ်၊ အဲဒီလို မပြတ်ရှုမှတ်နေယင် မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့အာရုံကတခြား မှတ်သိတဲ့စိတ်က တခြား ကွဲပြားပြီး ထင်လိမ့်မယ်၊ ဖောင်းတယ်-လို့ မှတ်ခိုက်မှာ တောင့်တင်းလှုပ်ရှားတဲ့ ဖောင်းရုပ်က တခြား မှတ်သိတဲ့စိတ်က တခြား ကွဲပြားပြီး ထင်လိမ့်မယ်၊ ပိန်တယ် ထိုင်တယ် ထိတယ် ကွေးတယ် ဆန့်တယ် သွားတယ် စသည်ဖြင့်

မှတ်ခိုက်များမှာလဲ နည်းတူဘဲ ကွဲပြားပြီး ထင်လိမ့်မယ်။ အကျဉ်းချုပ်အားဖြင့် ဆိုယင် မှတ်တိုင်း မှတ်တိုင်း ကိုယ်ရုပ်က တခြား မှတ်စိတ်က တခြား ကွဲပြား ပြီး ထင်လိမ့်မယ်။ အဲဒီတော့ မှတ်တိုင်း မှတ်တိုင်း မှတ်သိရတဲ့ရုပ်က တခြား မှတ်သိတဲ့နာမ်က တခြား ဒီရုပ်နာမ် ၂-ပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ပိုင်းခြားပြီး သိလိမ့်မယ်။ ယခု အားထုတ်နေကြတဲ့ ယောဂီတွေဟာ ဒီအတိုင်းဘဲ သိနေကြ ပါတယ်။ အဲဒါက နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တယ်။

ဒီဉာဏ်က ဝိပဿနာအရာမှာ အခြေခံဖြစ်တဲ့အတွက် အချိုးတကျဖြစ်ဖို့ အရေးကြီးပါတယ်၊ ရှုမှတ်နေရင်း ကိုယ်ပိုင်ဉာဏ်ဖြင့် အချိုးတကျ ဒီဉာဏ် ဖြစ်လာပြီးမှ အထက်ဝိပဿနာဉာဏ်တွေလဲ တိုးတက်ပြီး ဖြစ်လာနိုင်ပါတယ်။ အဲဒီမှာ ရုပ်နဲ့ နာမ် ကွဲတယ်ဆိုတာ တကယ့်ကို ကွဲတာ၊ မူလကဆိုယင် ရုပ်ကိုယ်နဲ့ သိတဲ့စိတ်ဟာ ခွဲလို့မရဘူး၊ သုတမယဉာဏ်ဖြင့် ခွဲကြည့်ပေမဲ့ တကိုယ် တည်း တပေါင်းတည်းဘဲ ဖြစ်နေခဲ့တယ်၊ ဥပမာ လက်ကို လှုပ်တဲ့အခါ လှုပ်ချင်တဲ့စိတ်နဲ့ လှုပ်တာကို တခြားစီ ခွဲလို့မရဘူး၊ တကိုယ်တည်း တယောက် တည်းလို့ဘဲ ထင်နေတယ်။ ရှုမှတ်လို့ ရုပ်နဲ့ နာမ် ကွဲနေတဲ့အခါကျတော့ အဲဒီ ရုပ်နဲ့ နာမ်ကို တပေါင်းတည်းပြုလို့ ရောလို့ကို မရဘူး၊ မှတ်သိရတဲ့ရုပ်က မှတ်သိတာ မဟုတ်ဘူး၊ မှတ်သိတာကလဲ မှတ်သိရတာ မဟုတ်ဘူး၊ ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသားကြီး ကွဲပြားနေတယ်။ အဲဒီလို မှတ်တိုင်း မှတ်တိုင်း ရုပ်ကိုယ်နဲ့ အသိစိတ် ကွဲနေတဲ့အခါမှာ ဒီရုပ်နဲ့ ဒီနာမ် ဒီ ၂-မျိုးရှိတာဘဲ၊ အသက်ရှင်နေတဲ့ ငါကောင် သတ္တဝါကောင် အတ္တကောင်ရယ်လို့တော့ မရှိဘူးလို့ အသိဉာဏ်ရှင်းသွားတယ်၊ အဲဒါဟာ ဒိဋ္ဌိဝိသုဒ္ဓိဘဲ။

အဲဒီကနောက် ဆက်ပြီး ရှုမှတ်နေယင် ကွေးချင်တဲ့စိတ်ကြောင့် ကွေးရုပ် ဖြစ်တယ်၊ သိစရာအာရုံရှိလို့ သိမှုဖြစ်ရတယ် စသည်ဖြင့် အကြောင်းကြောင့် အကျိုးဖြစ်ပုံကိုလဲ တွေ့ရတယ်။ ရှေးဘဝက ကိလေသာကံ အကြောင်းကြောင့် ယခုဘဝ၌ ပဋိသန္ဓေစိတ် အစရှိသော နာမ်ရုပ်တွေ ဖြစ်နေရတယ်၊ ယခုဘဝမှာ အကောင်းအဆိုးတွေကို တွေ့ရ ခံစားရလို့ ကောင်းစားချမ်းသာအောင် အားထုတ်တယ်၊ အားထုတ်တဲ့ကံကြောင့် နောင်ဘဝမှာ ဒီ နာမ်ရုပ်တွေ ဆက်လက်ပြီး ဖြစ်သွားမယ် စသည်ဖြင့်လဲ အကြောင်းအကျိုးဖြစ်ပုံကို ဆင်ခြင်

မိတယ်။ အဲဒီလို အကြောင်းနှင့်တကွ အကျိုးရုပ်နာမ်ကို သိမြင်သဘောကျတာက ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ၊ ဒီတော့ အကြောင်းအကျိုး ရုပ်နာမ်မျှသာ ရှိတယ်၊ ဟိုဘဝ ဒီဘဝ ပြောင်းရွှေ့ပြီး တည်မြဲတည်နေတဲ့ အသက်ကောင် အတ္တကောင်ရယ်လို့တော့ မရှိဘူးလို့လဲ အသိဉာဏ် ရှင်းသွားတယ်။ အဲဒါက ယုံမှားကို လွန်မြောက်တဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိဘဲ။ ဒီ ဝိသုဒ္ဓိဉာဏ်ရောက်ယင် "ငါဟာ ရှေးကတည်းက ရှိခဲ့လေသလား၊ ယခုဘဝကျမှ အသစ်ဖြစ်လာတာလေလား၊ နတ်၊ ပြဟ္မာ၊ ဘုရားသခင်က ဖန်ဆင်းလို့ ဖြစ်လာတာလေလား၊ ဒီဘဝကသေပြီးတော့ ဒီ ငါဟာ ရှိနေဦးမှာလေလား"စသည်ဖြင့် ယုံမှားမှုတွေလဲ ကင်းကွာသွားတယ်၊ ဘာကြောင့်လဲဆိုယင်–"အကြောင်းနာမ်ရုပ် အဆက်ဆက်ကြောင့် အကျိုးနာမ်ရုပ် အဆက်ဆက်မျှသာ ဖြစ်နေတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင်ရယ်လို့တော့ မရှိဘူး"ဆိုတာ သိနိုင်တဲ့အတွက် ကြောင့်ပါဘဲ။

ဒါကြောင့် ဒီ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့်လဲ ဝိစိကိစ္ဆာကို ပယ်ခွါရမယ်။ အဲဒီလို ပယ်ခွါပြီးတော့လဲ ဆက်ပြီး ရှုမှတ်ရဦးမယ်၊ အဲဒီလို ရှုမှတ်နေယင် မှတ်ရတဲ့အာရုံတွေဟာ ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒီလို တွေ့ရတော့ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲတာတွေဘဲလို့လဲ သိရတယ်၊ဖြစ်ချည်ပျက်ချည်နဲ့ နှစ်သက်ဖွယ် အားကိုးဘွယ်မရှိတဲ့ ဆင်းရဲတွေဘဲလို့လဲ သိရတယ်၊ သူ့သဘော အတိုင်း သူ့ဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားတွေဘဲလို့လဲ သိရတယ်။ အဲဒီလို သိရတာဟာ ရုပ်တရားတခုတည်း နာမ်တရားတခုတည်း မဟုတ်ဘူး၊ ဒွါရ ၆-ပါးက ထင်ရှားပေါ်လာတဲ့ တရားအလုံးစုံကိုဘဲ သိရပါတယ်။ ဒါကြောင့် အဲဒီလိုသိပုံကို မြတ်စွာဘုရားက သဗ္ဗံ ပရိညေယျံ–အလုံးစုံကို အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် ပိုင်းခြားသိရမယ်လို့ ဟောထားပါတယ်၊ အဲဒီလို ပိုင်းခြားသိတဲ့ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာဉာဏ်တွေ ပြည့်စုံတဲ့အခါ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုမှတ်နေရင်းထဲကဘဲ ရုပ်နာမ် သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် မျက်မှောက်တွေ့သွားမယ်၊ အဲဒီလို တွေ့သွားယင်တော့ ဘုရား၊ တရား၊ သံဃာနှင့် စပ်တဲ့ ယုံမှားမှုဟာ မဖြစ်နိုင်တော့ဘူး၊မိမိကျင့်တဲ့အကျင့်သိက္ခာနှင့် စပ်ပြီးတော့ ယုံမှားမှုလဲ မဖြစ်နိုင်တော့ဘူး၊ သံသရာ၏ ရှေးအဖို့ နောက်အဖို့ ပစ္စုပ္ပန်အဖို့

များနှင့် စပ်ပြီးတော့လဲ ယုံမှားမှု မဖြစ်နိုင်တော့ဘူး၊ အကြောင်းအကျိုး ဆက်စပ်ဖြစ်နေပုံနှင့် စပ်ပြီးတော့လဲ ယုံမှားမှု မဖြစ်နိုင်တော့ဘူး။ တိဏ္ဏာဝိစိကိစ္ဆော ယုံမှားမှုကို ကျော်လွန်ခဲ့ပြီ-လို့ ဆိုတဲ့အတိုင်း ယုံမှားမှု ဝိစိကိစ္ဆာဟာ လုံးဝကင်းသွားတယ်၊ အဲဒီလို ယုံမှားမှုလုံးဝကင်းတဲ့သူဆိုတာ သောတာပန်ပုဂ္ဂိုလ်ဘဲ၊ ဒါကြောင့် အောက်ထစ်ဆုံးအားဖြင့် အဲဒီ သောတာပန်အဆင့် ရောက်အောင် အဆင့်အတန်းတက်ပြီး ဝိစိကိစ္ဆာကို ငြိမ်းစေဘို့ပါဘဲ။

## ၂၄။ ကောမ–အမျက်ထွက်ခြင်း

ဝိစိကိစ္ဆာ ပြီးတော့ "ကောဓော, ပနာဟ၊ မက္ခ, ပဠာ၊ ဣဿာ, မစ္ဆေ၊ သာဌေ, မာယာ၊ အတိမာ, ထမ္ဘ" ဆိုတဲ့ တစုံတစုံ တဲ့ပြီး ဟောထားတဲ့ ယုဂလ=ရှဉ်းစုံတရားတွေရောက်လာတယ်၊ အဲဒါတွေဟာ စိတ်၏ညစ်နွမ်းကြောင်း ဖြစ်တဲ့အတွက် စိတ်၏ ဥပက္ကိလေသ-လို့လဲ ဆိုပါတယ်၊ စိတ်၏ အညစ်အကြေးတွေ-လို့လဲ ဆိုနိုင်ပါတယ်။ အဲဒါတွေထဲမှာ အစဆုံးက ကောဓ-အမျက်ထွက်ခြင်းတဲ့။ မုန်းစရာ ကောင်းတဲ့ အာရုံကိုမြင်ရယင် ကြားရယင် တွေ့ထိရယင် အများအားဖြင့် အမျက်ထွက်တတ် စိတ်ဆိုးတတ်တယ်၊ တချို့က အလွန်စိတ်တိုတယ်၊ နဲနဲကလေးမှ အထိမခံနိုင်ဘူး၊ သူမကြိုက်တဲ့ စကားကလေးတခွန်းလောက် ကြားရရုံနဲ့လဲ အကြီးအကျယ် စိတ်ဆိုးတော့တာဘဲ၊ မျက်နှာကြီးက ရှုံ့မဲ့ ညိုမဲပြီး နှုတ်တက်ရာရာတွေ လျှောက်ပြောတတ်တယ်၊ ဣန္ဒြေကို မဆယ်နိုင်ဘူး၊ မထိန်းသိမ်းနိုင်ဘူး၊ အဲဒါဟာ မျက်မှောက်တွင် အရုပ်ဆိုးသွားတာပါဘဲ။ "နောင်ဘဝမှာလဲ ဒီစိတ်ဆိုးတဲ့ ကောဓ-က ငရဲသို့လဲ ကျစေတတ်တယ်၊ လူ့ ဘဝ ပြန်ရောက်လာတဲ့အခါလဲ အရုပ်အဆင်း မလှ မပဖြစ်စေတတ်တယ်" လို့ စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက ဟောတော်မူပါတယ်၊ အဲဒါကို ဘုန်းကြီးက အတိုချုပ် ဆောင်ပုဒ် စီထားတယ်— "ဒေါသမီးလျှံ၊ အကြည့်တန်၊ သည်းခံ လှပသည်" တဲ့။ အဲဒါကို ဆိုကြရမယ်။

(၂၄) ဒေါသမီးလျှံ၊ အကြည့်တန်၊ သည်းခံ လှပသည်။ (ဆို)

စိတ်ဆိုးစရာ အကြောင်းရှိပေမဲ့ စိတ်မဆိုးဘဲ ရှင်ရှင် ပျပျ ချိုချိုသာသာနဲ့ ပြောနိုင်ယင်တော့ မျက်မှောက်မှာလဲ အရုပ်မဆိုးဘူး၊ လှပမြဲ လှပတယ်၊ ကြည်လင်မြဲ ကြည်လင်တယ်၊ နောင်ဘဝမှာလဲ နတ်ပြည်ရောက်တတ်တယ်၊ နတ်ပြည်

က လူ့ဘဝ ပြန်ရောက်လာယင်လဲ အရုပ်အဆင်း လှပတတ်တယ်။ ဒါကြောင့် သည်းခံ လှပသည်–လို့ ဆိုထားပါတယ်။ ဒီဒေါသ၏ အပြစ်နဲ့ သည်းခံခြင်း၏ အကျိုးတွေကိုတော့ အရိယာဝါသတရား စသည်မှာ သာဓကဝတ္ထုများနှင့်တကွ ဟောခဲ့ဘူးလှပါပြီ။ ဒါကြောင့် ဒီမှာတော့ အကျဉ်းချုပ်လောက်ပဲ ဟောယင် တော်လောက်ပါပြီ။ စိတ်မဆိုးဘဲ သည်းခံတာကတော့ လက်ငင်းဒိဋ္ဌဘဲ အကျိုး တွေကို ရပါတယ်၊ ဒါကြောင့် စိတ်ဆိုးစရာရှိတဲ့အခါ သည်းခံနိုင်အောင် ကြိုး စားကြရမယ်၊ အကယ်၍ စိတ်ဆိုးလာယင်လဲ ကိုယ်အမူအရာ နှုတ်အမူအရာ မဖောက်ပြန်စေဘဲ စိတ်ထဲတွင် ငြိမ်းသွားအောင် ရှုမှတ်ပြီး ပယ်ကြရမယ်၊ မျက်နှာ နဲနဲလောက်ပျက်သွားယင်လဲ သူများမသိခင် ငြိမ်းသွားအောင် ရှုမှတ် ပြီး ပယ်ကြရမယ်၊ နှုတ်က လွတ်ကနဲ ပြောမိယင်လဲ နောက်ထပ်မပြောမိအောင် ရှုမှတ်ပြီး ပယ်ကြရမယ်။ အဲဒီလို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ကောဓနာ၊ ဒေါသကြီးလျက် အမျက် ထွက်လွယ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အက္ကောဓနာ၊ အမျက်ထွက်ခြင်း ကင်းပ သည်းခံနိုင်ကြကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေ သော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏—စသည်ဖြင့် ငါးဝါရဘဲ ဟော တော်မူပါတယ်။ အဲဒီ ငါးဝါရထဲက ပဌမ တဝါရအတွက်ပဲ အဓိဋ္ဌာန်ပြုကြပါစို့။

(၂၄) သူများတွေက ဒေါသကြီးလျက် အမျက်ထွက်လွယ်ကြမည့် နေရာမှာ ငါတို့ကတော့ ဣန္ဒြေမပျက် အမျက်မထွက်ပဲ သည်းခံလျက် နေမည်၊ ကိလေသာ ပါးစေတဲ့ အကျင့်ကို ကျင့်မည်။

## ၂၅။ ဥပနာဟ - ရန်ငြိုးဖွဲ့ခြင်း

တချို့က အမျက်ထွက်ပြီး စိတ်ဆိုးရုံတွင် မရပ်သေးဘူး၊ အဲဒီ စိတ်ဆိုးစရာ အာရုံကို ရန်ငြိုးဖွဲ့ထားသေးတယ်၊ အကြောင်း ညီညွတ်တဲ့အခါ ချေပမယ်လို့ စိတ်ထဲမှာ စွဲမှတ်ထားတဲ့ သဘောပါဘဲ၊ အဲဒါကို ဥပနာဟ– ရန်ငြိုး ဖွဲ့ခြင်းလို့ ခေါ်တယ်။ တချို့က သက်ရှိ သတ္တဝါကိုသာ ရန်ငြိုးဖွဲ့တာ မဟုတ်သေးဘူး၊ သက်မဲ့ဖြစ်တဲ့ ခလုတ်တို့ တုံးတိုင်တို့ အသုံးအဆောင်ပစ္စည်းတို့ ဒီလိုဟာတွေကိုလဲ

ရန်ငြိုးဖွဲ့တာဘဲ၊ ခလုတ်ကို တိုက်ရမလားဆိုပြီး ထုလိုက် ရိုက်လိုက် လုပ်တတ်တယ်၊ တုံးတိုင်ကိုလဲ တိုက်အုံးဟဲ့ဆိုပြီး ပြန်တိုက်တတ်တယ်၊ အသုံးအဆောင် ပစ္စည်းတခုခုကိုလဲ ထားတဲ့အတိုင်း မတည်ဘဲ လဲသွားယင် လိမ့်သွားယင် ကျသွားယင် ကိုင်ပြီး ရိုက်ချိုးတတ် ပစ်ချတတ်တယ်၊ အဲဒီလိုလူကို ဒေါသုမ္မတ္တက-ဒေါသရူး ခေါ်တာဘဲ။ အဲဒီလို စိတ်တိုတဲ့သူဟာ ဘေးကမြင်ရ တွေ့ရတဲ့သူတွေအနေနဲ့တော့ ရယ်စရာလဲ ကောင်းတာဘဲ၊ သနားစရာလဲ ကောင်းတာဘဲ။

## အာဃာတဝတ္ထု ၉-ပါး

အဲဒီမှာ ရန်ငြိုးဖွဲ့ခြင်း၏အကြောင်း အာဃာတဝတ္ထုဆိုတာ ၉-ပါး ရှိတယ်။ ဘာတွေလဲဆိုယင် သူဟာ ငါ၏အကျိုးမဲ့ကို ပြုခဲ့ပြီ၊ ပြုနေသည်၊ ပြုလိမ့်မည်–ဟု ရန်ငြိုးဖွဲ့ခြင်း ၃-ပါးတဲ့။ ဆိုလိုတာကတော့ လူတဦးတယောက် ကို“ ဒီလူဟာ ငါ၏အကျိုးမဲ့ကို အလျင်က ဘယ်အခါတုန်းက ပြုခဲ့ဘူးတယ်၊ တနေ့ကျယင် ငါကလဲ သူ့အကျိုးမဲ့ကို ပြုမယ်၊ လက်စားချေမယ်”လို့ ဒီလို ရန်ငြိုးဖွဲ့တာက တပါး။ နောက်ပြီးတော့ “ဒီလူဟာ ငါ၏အကျိုးမဲ့ကို ယခုပြုနေတယ်၊ တနေ့ကျယင် လက်စားပြန်ချေမယ်”လို့ ဒီလို ရန်ငြိုးဖွဲ့တာက တပါး။ နောက်ပြီးတော့ “ဒီလူဟာ နောင်တနေ့တချိန်မှာ ငါ၏အကျိုးမဲ့ကို ပြုလိမ့်မယ်၊ ဒါကြောင့် ငါက အလျင်ဦးအောင် သူ့ကို နှိပ်စက်လိုက်မယ် သတ်လိုက်မယ်”လို့ ဒီလို ရန်ငြိုးဖွဲ့တာက တပါး။ အဲဒါဟာ မိမိ၏အကျိုးမဲ့ကို ပြုဘူးတဲ့အကြောင်း, ပြုဆဲအကြောင်း, ပြုလတ္တံ့အကြောင်းဆိုတဲ့ ဒီအကြောင်း ၃-ပါးကို စွဲပြီးဖြစ်တဲ့ ရန်ငြိုးဖွဲ့ခြင်း ၃-ပါးပါဘဲ။

နောက်ပြီးတော့“ငါချစ်သူ၏ အကျိုးမဲ့ကို ပြုခဲ့ပြီ၊ပြုနေသည်၊ပြုလိမ့်မည်”ဟု ရန်ငြိုးဖွဲ့ခြင်း ၃-ပါးတဲ့။ ဒါကတော့ ကိုယ့်အကျိုးအတွက် မဟုတ်ဘူး၊ ကိုယ်ချစ်တဲ့ အိမ်သူ အိမ်သား သမီး သား ဆွေမျိုး မိတ်ဆွေ ဆရာ တပည့်–ဒီလို ပုဂ္ဂိုလ်များ၏ အကျိုးမဲ့ကို ပြုမူနှင့်စပ်ပြီး ရန်ငြိုးဖွဲ့တာဘဲ၊ ဒါကလဲ ငါ့သားကို နှိပ်စက်တယ်၊ ငါ့သမီးကို စော်ကားတယ် စသည်ဖြင့် ရန်ငြိုးဖွဲ့တာတွေ ရှိတာဘဲ။

နောက်ပြီးတော့“ငါ မုန်းသူ၏အကျိုးကို ပြုခဲ့ပြီ၊ပြုနေသည်၊ပြုလိမ့်မည်”ဟု ရန်ငြိုးဖွဲ့ခြင်း ၃-ပါးတဲ့။ ကိုယ်မုန်းတဲ့သူအား မကြီးပွါး မချမ်းသာစေချင်ဘူး၊

ဆင်းရဲဒုက္ခရောက်စေချင်တယ်၊ အဲဒါဟာ အမျှားအားဖြင့် ဖြစ်ရိုးဖြစ်စဉ် စိတ်နေသဘောထားဘဲ၊ ဒါကြောင့် ကိုယ်မုန်းတဲ့သူအား အကျိုးမျှားအောင် ကြီးပွါးချမ်းသာအောင် ဆင်းရဲမှ လွတ်မြောက်အောင် ကူညီတဲ့သူကိုလဲ ရန်ငြိုးဖွဲ့တတ်ကြတယ်။ ရန်ငြိုးဖွဲ့ပုံကတော့ "ဒီလူဟာ ငါမုန်းတဲ့သူအား အကျိုးမျှားအောင် ကူညီဆောင်ရွက်ခဲ့ဘူးတယ်၊ ဒါကြောင့် သူ့ကိုလဲ အကျိုးမဲ့ဖြစ်အောင် ပြုမယ်"လို့ ဒီလို ရန်ငြိုးဖွဲ့တာက တပါး၊ "ဒီလူဟာ ငါမုန်းတဲ့သူအား အကျိုးမျှားအောင် ယခု ရွက်ဆောင်နေတယ်၊ ဒါကြောင့် သူ့ကိုလဲ အကျိုးမဲ့ဖြစ်အောင် ပြုမယ်"လို့ ဒီလို ရန်ငြိုးဖွဲ့တာက တပါး၊ "ဒီလူဟာ ငါမုန်းတဲ့သူ၏ အကျိုးကို ရွက်ဆောင်လိမ့်မယ်၊ ဒါကြောင့် သူ့ကို အကျိုးမဲ့ဖြစ်အောင် ပြုမယ်"လို့ ဒီလို ရန်ငြိုးဖွဲ့တာက တပါး၊ ပေါင်း ၃-ပါး၊ ရှေးက ၆-ပါးနဲ့ ပေါင်းလိုက်ယင် အာဃာတဝတ္ထု ၉-ပါး ဖြစ်ပါတယ်။ ကဲ အဲဒီဆောင်ပုဒ်တွေကို ဆိုကြရမယ်။

(က) သူဟာ ငါ့အကျိုးမဲ့ကို ပြုခဲ့ပြီ၊ ပြုနေသည်၊ ပြုလိမ့်မည်–ဟု ရန်ငြိုးဖွဲ့ခြင်း ၃-ပါး။

(ခ) ငါချစ်သူ၏အကျိုးမဲ့ကို ပြုခဲ့ပြီ၊ ပြုနေသည်၊ ပြုလိမ့်မည်–ဟု ရန်ငြိုးဖွဲ့ခြင်း ၃-ပါး။

(ဂ) ငါမုန်းသူ၏ အကျိုးကို ပြုခဲ့ပြီ၊ ပြုနေသည်၊ ပြုလိမ့်မည်–ဟု ရန်ငြိုးဖွဲ့ခြင်း ၃-ပါး။ ပေါင်း အာဃာတဝတ္ထု ၉-ပါး ဖြစ်သည်။

အဲဒီရန်ငြိုးဖွဲ့တာတွေဟာ မျက်မှောက်မှာလဲ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်၊ နောင်သံသရာမှာလဲ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်၊ ဒါကြောင့် ဒီလို ရန်ငြိုး ဖွဲ့တာမျိုးကတော့ ကင်းတာဘဲ ကောင်းတယ်။ မျက်မှောက်မှာ အကျိုးမဲ့ကို ဖြစ်စေတတ်ပုံကတော့–မောင်ဆိုးပေဆိုတဲ့လူကို မောင်မိုက်ကန်းဆိုတဲ့လူက အငြိုးထားပြီး လက်စားချေလိုက်ယင် မောင်ဆိုးပေ၏ အဆက်အနွယ်တွေကလဲ မောင်မိုက်ကန်းကို ပြန်ပြီး လက်စားချေကြလိမ့်မယ်၊ တဖန် မောင်မိုက်ကန်း၏ အဆက်အနွယ်တွေကလဲ မောင်ဆိုးပေ၏ အဆက်အနွယ်တွေကို ပြန်ပြီး လက်စားချေကြလိမ့်မယ်၊ ဒီနည်းဖြင့် အပြန်အလှန် လက်စားချေကြတာဟာ မပြတ်မစဲ ဖြစ်သွားနိုင်တယ်၊ အဲဒါဟာ မျက်မှောက်မှာ အကျိုးမဲ့ကို ဖြစ်စေတတ်ပုံပါဘဲ။

နောင်သံသရာမှာ အကျိုးမဲ့ ဖြစ်စေတတ်ပုံတွေကတော့ – တဦးနှင့်တဦး ရန်ငြိုးဖွဲ့သွားယင် သံသရာတလျှောက်လုံး ရန်ဘက် ဖြစ်သွားတတ်တယ်၊ ဓမ္မပဒ အဋ္ဌကထာမှာ ပြထားတဲ့ ကာဠီယက္ခိနီ ဝတ္ထုလို ဖြစ်သွားတတ်တယ်။

## ကာဠီယက္ခိနီဝတ္ထု

ဘုရားမပွင့်မီ ရှေးအခါက လူတယောက်ဟာ အိမ်ထောင်မပြုဘဲ မိခင်ကို ပြုစုလုပ်ကျွေးနေသတဲ့။ အဲဒီလူဟာ အိမ်မှာရော လယ်တောမှာရော သူ တယောက်တည်း လုပ်ကိုင်နေရတယ်၊ အဲဒါကို သူ့မိခင်က မြင်ရတော့ အကူအညီ ရအောင် သူ့သားကို အိမ်ထောင်ပြုဘို့ တိုက်တွန်းတယ်၊ သားဖြစ်သူကလဲ မိခင် အသက်ရှိသမျှ ကာလပတ်လုံး မိခင်ကို ချမ်းချမ်းသာသာ လွတ်လွတ်လပ်လပ် ပြုစုနိုင်အောင် အိမ်ထောင်မပြုဘဲ နေလိုကြောင်း ပြောပြတယ်၊ ဒါပေမဲ့ မိခင်က အကြိမ်ကြိမ် အဖန်ဖန် တိုက်တွန်းတဲ့အတွက် နောက်ဆုံးမှာ မငြင်းတော့ဘဲ ဆိတ်ဆိတ်နေလိုက်ရတယ်၊ အဲဒီအခါ မိခင်က သတို့သမီးလောင်းနှင့် ဆက်သွယ် ရန် အတွက် အိမ်တအိမ်ဆီကို သွားတယ်၊ ဒီတော့ သားဖြစ်တဲ့သူက သူသဘော ကျထားတဲ့ သတို့သမီး အိမ်ကို ညွှန်ကြားလိုက်တယ်။ အဲဒီ သတို့သမီးနှင့် လက်ထပ်ထိမ်းမြားပြီး နေကြတဲ့အခါ အဲဒီ မိန်းမမှာ သားသမီး မထွန်းကားဘဲ ဖြစ်နေတယ်။

ဒါကြောင့် မိခင်ဖြစ်သူက အမျိုးအနွယ် မတိမ်ကောစေရန် အခြားမိန်းမ တယောက်နှင့်လဲ ဆက်သွယ်ပေးဘို့ သူ့သားကို ပြောပြန်တယ်၊ သားက ငြင်းပယ်တယ်၊ ဒါပေမဲ့ မိခင်ဖြစ်သူက ထပ်ကာထပ်ကာ ပြောနေတဲ့အတွက် ချွေးမဖြစ်သူက သူသဘောကျတဲ့ မိန်းမငယ်တယောက်ကို နားချပြီး သူ့ ယောကျ်ားနှင့် အတူနေစေတယ်။ အဲဒီလို နေထိုင်ကြလို့ အဲဒီ မိန်းမငယ်မှာ ကိုယ်ဝန်ရလာတဲ့အခါ မယားကြီးဖြစ်တဲ့မိန်းမက "ဒီအကောင်မ သားရသွားယင် သူသာလျှင် ဒီအိမ်မှာ ပိုင်ရှင်မ ဖြစ်သွားမယ်"လို့ ကြံပြီး မယားငယ်ဖြစ်သူအား အစာထဲမှာ ထည့်ပြီး ကိုယ်ဝန်ကျဆေး ပေးတယ်၊ ဒါကြောင့် ကိုယ်ဝန်ဟာ ပျက်ကျသွားတယ်။ ဒုတိယတကြိမ် ကိုယ်ဝန်ရှိတဲ့အခါလဲ နည်းတူဘဲ ဖျက်တယ်။ တတိယ အကြိမ်ကျတော့ အိမ်နီးချင်းတွေက အကြံဉာဏ် ပေးထားတာနဲ့

ကိုယ်ဝန်ရှိကြောင်းကို အသိမပေးဘဲ ထားတယ်၊ ကိုယ်ဝန် အရင့်အမာကြီးဖြစ်မှ သိရတယ်၊ အဲဒီအခါမှာလဲ မယားကြီး ဖြစ်သူက ဖြစ်နိုင်တဲ့ နည်းလမ်းဖြင့် ကိုယ်ဝန်ကျဆေးကို ပေးပြန်တဲ့အတွက် ကိုယ်ဝန်က ပျက်ပြီး ကျလဲမကျနိုင်ဘဲ အတိဒုက္ခ ရောက်နေရရှာတယ်၊ အဲဒီလို အတိဒုက္ခရောက်ပြီး သေခါနီးကာလမှာ ဒီလို ရန်ငြိုးဖွဲ့ပြီး ဆုတောင်းသွားတယ်၊ "အစ်မကြီး သင်ဟာ ငါ့ကို ဒီအိမ် ရောက်အောင် သင်ဘဲ တောင်းပန်ပြီး ခေါ်လာခဲ့တယ်၊ သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ပျက်အောင် သင်ဘဲ ပြုလုပ်တယ်၊ ဒီတခါတော့ ငါလဲ သေရတော့မယ်၊ နောက်ဘဝမှာ ဘီလူးမ ဖြစ်ပြီး သင့်သားတွေကို စားနိုင်သည့်ကိုယ် ဖြစ်ရပါလို၏" လို့ ဆုတောင်းသွားသတဲ့။ အဲဒီလို ဆုတောင်းပြီး သေသွားတဲ့အခါ အဲဒီအိမ်မှာဘဲ ကြောင်မ ဖြစ်တယ်။ ကိုယ်ဝန်ဖျက်တဲ့ မယားကြီးကိုလဲ သူ့ယောကျ်ားက အမျိုးပြတ်အောင် လုပ်ရမလားဆိုပြီး ထောင်းထုရိုက်နှက်တာနဲ့ ဒဏ်ရာရပြီး သေတဲ့အခါ အဲဒီအိမ်မှာဘဲ ကြက်မ ဖြစ်ရတယ်။

ကြက်မက ဥ–အုတဲ့အခါ ကြောင်မက လာပြီးစားတယ်၊ သုံးကြိမ်တိုင်တိုင် စားပြီတဲ့အခါ ကြောင်မက ကြက်မကြီးကိုပါ စားမယ်လို့ လုပ်တယ်၊ အဲဒီအခါ ကြက်မကလဲ "နောင်ဘဝမှာ သားငယ်များနှင့်တကွ သင့်ကို စားနိုင်ရပါလို၏" လို့ ဆုတောင်းပြီး သေသွားတဲ့အခါ တောထဲမှာ ကျားသစ်မ ဖြစ်တယ်၊ ကြောင်မကသေတဲ့အခါ သမင်မ ဖြစ်တယ်။ သမင်မမွေးတဲ့အခါ ကလေးတွေကို ကျားသစ်မက သုံးကြိမ်တိုင်တိုင် စားပြီးတော့ နောက်ဆုံးအကြိမ်မှာ သမင်မ ကြီးကိုပါ စားတယ်၊ အဲဒီ သမင်မကလဲ "နောင်ဘဝမှာ ဘီလူးမဖြစ်ပြီး ဒီကျားသစ်မကို သားငယ်များနှင့်တကွ စားနိုင်ရပါလို၏"လို့ ဆုတောင်းပြီး သေသွားတဲ့အခါ ဘီလူးမ ဖြစ်တယ်၊ ကျားသစ်မက သေတဲ့အခါ သာဝတ္ထိ မြို့မှာ အမျိုးသမီးဖြစ်တယ်၊ တံခါးဝအနီး ရွာမှာ အိမ်ထောင်ကျပြီး မီးဖွားတဲ့ အခါမှာ ဘီလူးမက သူငယ်ချင်းယောင်ဆောင်ပြီး ကလေးကို ကြည့်သလိုလိုနဲ့ စားသွားတယ်၊ ဒုတိယအကြိမ်ဖွားမြင်တဲ့အခါလဲ ဘီလူးမက နည်းတူဘဲ လာပြီး စားသွားတယ်။

တတိယအကြိမ် ကိုယ်ဝန်ရှိတဲ့အခါကျတော့ ဘေးကင်းအောင် ရည်ရွယ်ပြီး အဲဒီအမျိုးသမီးက သူ့မိဘအိမ်သွားပြီး ဖွားမြင်တယ်၊ အမည်မှည့်တဲ့ မင်္ဂလာကို

ပြုပြီးတဲ့နောက် မူလနေအိမ်သို့ သူခင်ပွန်းနှင့်အတူ ပြန်လာကြတယ်၊ ဇေတဝန်ကျောင်းဝအနီးရှိ ရေကန်မှာ သူခင်ပွန်းရေချိုးနေတုန်း ဘီလူးမက ရောက်လာတယ်၊ ဒီတော့ အဲဒီအမျိုးသမီးက သူခင်ပွန်းကို "မြန်မြန်လာပါ၊ ဟိုဘီလူးမ လာနေပါပြီ"လို့ ကျယ်လောင်တဲ့အသံနဲ့ ဟစ်အော်ပြောပြီး သားငယ်နှင့်တကွ ဇေတဝန်ကျောင်းတိုက်ထဲ ပြေးဝင်သွားတယ်။ အဲဒီအခါ မြတ်စွာဘုရားက ပရိသတ်လေးပါးအလယ်မှာ တရားဟောနေတယ်၊ အဲဒီအမျိုးသမီးက မြတ်စွာဘုရားခြေတော်ရင်းမှာ ဝပ်ပြီးတော့ "ဟောဒီသူငယ်ကို မြတ်စွာဘုရားအား လှူပါတယ်၊ ဒီသူငယ်၏ အသက်ကို စောင့်ရှောက် ကယ်မတော်မူပါ" လို့ လျှောက်တယ်။ ဇေတဝန်ကျောင်းတော် တံခါးစောင့်နတ်က ဘီလူးမကို ဝင်ခွင့်မပေးဘဲ တားမြစ်ထားတယ်။

မြတ်စွာဘုရားက အရှင်အာနန္ဒာအား ဘီလူးမကို သွားခေါ်စေတယ်၊ ဘီလူးမလာတဲ့အခါ "အဲဒီဘီလူးမ လာနေပါပြီဘုရား" လို့ ကြောက်လန့်ပြီး လျှောက်တယ်။ မြတ်စွာဘုရားက "လာပေစေ၊ တိတ်တိတ်နေ" လို့ မိန့်တော်မူပြီးတော့ ရန်တုံ့မူခြင်းဖြင့် ရန်မငြိမ်းနိုင်တဲ့ အကြောင်း၊ ရန်တုံ့မမူဘဲ သည်းခံနေခြင်းဖြင့်သာလျှင် ရန်ငြိမ်းနိုင်ကြောင်း စသည်ကို ဟောကြားတော်မူပါတယ်။ အဲဒီတရားကို နာပြီး ဘီလူးမဟာ သောတာပန်ဖြစ်သွားတယ်၊ ဘီလူးမနဲ့ အမျိုးသမီးတို့၏ ရန်ငြိုးတွေလဲ ငြိမ်းသွားတယ်။ မြတ်စွာဘုရား၏ အမိန့်တော်အရ အမျိုးသမီးက ဘီလူးမကို သူ့အိမ်ခေါ်သွားပြီး ကျွေးမွေးထားတယ်၊ ဘီလူးမကလဲ မိုးကောင်းမည် မကောင်းမည် စသည်ကို ညွှန်ကြားပြီး အဲဒီအမျိုးသမီးအိမ်ထောင်စုကို စောင့်ရှောက်တယ်လို့ ဓမ္မပဒအဋ္ဌကထာမှာ ပြဆိုထားပါတယ်။

အဲဒီဝတ္ထုမှာ တပြန်စီရန်ငြိုးဖွဲ့လာကြတာဟာ မြတ်စွာဘုရားနှင့်သာ မတွေ့ရပါက ပြေငြိမ်းမှာမဟုတ်ပေဘူး၊ အဲဒါကို စဉ်းစားကြည့်ယင် ရန်ငြိုးဖွဲ့တာဟာ အကျိုးမဲ့ကိုဖြစ်စေတတ်ကြောင်း ထင်ရှားပါတယ်။

## ရန်တုံ့ပြန်တော့ သူမြတ်တွေ ပြစ်မှားရတတ်တယ်

နောက်တခုကတော့ ရန်ငြိုးဖွဲ့စဉ်က သာမန်ပုဂ္ဂိုလ်ဖြစ်နေပေမဲ့ ရန်တုံ့ပြန်ချေရတဲ့အခါကျတော့ ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်ကို ပြစ်မှားရတာလဲ ဖြစ်နေ

တတ်တယ်။ အဲဒါကတော့ အရှင်ဒေဝဒတ်နှင့် စိဉ္စမာဏတို့ဟာ ဘုရားအလောင်း အဖြစ်က ရန်ငြိုးဖွဲ့လာခဲ့ကြတယ်၊ နောက်ဆုံး ဘုရားဖြစ်တဲ့ အခါကျတော့ မြတ်စွာဘုရားကို သူတို့ ပြစ်မှားကြတယ်။နောက်ပြီးတော့ မိန်းမတယောက်ဟာ တခုသောဘဝတုန်းက သူ့ကို သူ့ဌေးသား ၄-ယောက်က ပစ္စည်းကိုလဲယူ လူကိုလဲ သတ်ကြတဲ့အတွက် ဘီလူးမဖြစ်ပြီး သတ်နိုင်ဘို့ရာ ရန်ငြိုးဖွဲ့ ဆုတောင်းခဲ့တယ်၊ အဲဒီမိန်းမဟာ ဘီလူးမဖြစ်ပြီး အဲဒီ လူလေးယောက်ကို ရန်တုံ့ပြန်ချေရာမှာ နောက်ဆုံးအကြိမ်ကျတော့ အရိယာ ရဟန္တာ သူတော်ကောင်းတွေကို ပြစ်မှား မိလျက် ဖြစ်သွားတယ်၊ ဗာဟိယဒါရုစီရိယကို ရဟန္တာဖြစ်ပြီး မကြာမီဘဲ သူက နွားမယောင်ဆောင်ပြီး ဝှေ့သတ်တယ်၊ ပုက္ကုသာတိကိုလဲ အနာဂါမ်ဖြစ်ပြီး မကြာမီဘဲ သူက နွားမအသွင်ဖြင့် ဝှေ့သတ်တယ်၊ အနာကြီးရောဂါရှိတဲ့ သုပ္ပဗုဒ္ဓကိုလဲ သောတာပန်ဖြစ်ပြီး မကြာမီဘဲ သူက နွားမအသွင်ဖြင့် ဝှေ့သတ် တယ်၊ တမ္ဗဒါဌိကကိုလဲ ဝိပဿနာဉာဏ်ရပြီးတဲ့နောက် မကြာမီမှာဘဲ သူက နွားမအသွင်ဖြင့် ဝှေ့သတ်တယ်။ အဲဒီတော့ သူ့မှာ အရိယာရဟန္တာ သူတော် ကောင်းတွေကို သတ်ရတဲ့ အကုသိုလ်ကံ အပြစ်ကြီးတွေ ဖြစ်သွားတယ်၊ ကြောက်စရာဘဲ။ ဒါကြောင့် ရန်ငြိုးဖွဲ့တာဟာ အကျိုးမဲ့ကို အလွန်ဖြစ်စေတတ် ပါတယ်၊ ရန်ငြိုးမထားဘဲ သည်းခံနိုင်တာဟာ အကောင်းဆုံးပါဘဲ။ ဒါကြောင့် ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဘို့ရာ မြတ်စွာဘုရားက —

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဥပနာဟီ၊ ရန်ငြိုးဖွဲ့ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အနုပနာဟီ၊ ရန်ငြိုးကင်းပ သည်းခံနိုင်ကြကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီ ဩဝါဒ ဒေသနာအရ အဓိဋ္ဌာန်ပြုကြစို့။

## (၂၅) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက ရန်ငြိုးဖွဲ့ကြမည့်နေရာမှာ ငါတို့ကတော့ ရန်ငြိုးကင်းကွာ သင့်တော်စွာ နှလုံးသွင်းနေမည်၊ (ယခု အနှိပ်စက်ခံရတာဟာ ငါကိုယ်တိုင်

ပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်ဘဲ၊ အကုသိုလ် အကြွေးဆပ်ရတာဘဲ၊ ယခု နောက်ဆုံးအကြိမ် ဖြစ်ပါစေ–စသည်ဖြင့် သင့်တော်အောင် နှလုံးသွင်းလျက် သည်းခံနေမည်-ဟု ဆိုလိုပါတယ်) ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်၊ ရန်ငြိုးဖွဲ့မှု လမ်းဆိုးကို ရန်ငြိုးမဖွဲ့တဲ့ လမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ ရန်ငြိုးမဖွဲ့မှုဖြင့် အဆင့်အတန်းတက်မည်၊ ရန်ငြိုးဖွဲ့မှု ကိလေသာမီးကို ရန်ငြိုးကင်းကွာ မေတ္တာရေစင်ဖြင့် ငြိမ်းသတ်မည်။

## ၂၆။ မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်း

မက္ခ–သူ့ကျေးဇူးကို ချေဖျက်ခြင်း ဆိုတာ ကျေးဇူးပြုဘူးတဲ့သူကို ကျေးဇူးမတင်ဘဲ ကျေးဇူးကန်းခြင်းပါဘဲ။ အမှန်ကတော့ လူကောင်း သူကောင်း ဆိုလျှင် ကတညူ ကတဝေဒီဆိုတဲ့ ဒေသနာနှင့်အညီ သူပြုဘူးတဲ့ ကျေးဇူးကို အတုံ့ပြန်ပြီး မဆပ်နိုင်တောင် စိတ်ထဲကတော့ ကျေးဇူးရှိကြောင်း သိရမယ်၊ နှုတ်ဖြင့်လဲ ကျေးဇူးရှိကြောင်း ထုတ်ဖော်ပြောနိုင်ရမယ်၊ စွမ်းနိုင်ယင်တော့ ကျေးဇူးတုံ့ပြန်ဆပ်ရမယ်၊ အဲဒါဟာ လောကကျင့်စဉ်ဘဲ။ ဒါပေမဲ့ အဝိဇ္ဇာ အားကြီးတဲ့ သူမိုက်တွေကတော့ ကျေးဇူးရှင်ကို မရှိမသေ ပြုမူပြောဆို တတ်တယ်၊ ကျေးဇူးကန်းတတ်တယ်၊ မိဘက ပြုဘူးတဲ့ကျေးဇူးကို ဖျောက်ဖျက်ပြီး ပြောတတ်တယ်၊ ဆရာသမားက ပြုဘူးတဲ့ကျေးဇူးကို ဖျောက်ဖျက်ပြီး ပြောတတ်တယ်၊ မိတ်ဆွေများက ကူညီစောင့်ရှောက်ဘူးတဲ့ ကျေးဇူးကို ဖျောက်ဖျက်ပြီး ပြောတတ်တယ်၊ တချို့ကတော့ အဲဒီလို ကျေးဇူးမတင်ရုံတွင် မဟုတ်သေးဘူး၊ ကျေးဇူးရှင်ကို အကျိုးမဲ့ဖြစ်အောင်လဲ ပြုတတ်တယ်၊ အဲဒီလို ပြောတာ ပြုတာတွေဟာ မက္ခ-ပါဘဲ။

## ရှားတဲ့ ပုဂ္ဂိုလ်

ဒွေမေ ဘိက္ခဝေ ဒုလ္လဘာ-တဲ့၊ လောကမှာ ရခဲတဲ့ပုဂ္ဂိုလ် ရှားတဲ့ပုဂ္ဂိုလ် ၂-ဦး ရှိတယ် တဲ့။ ဘယ်လိုပုဂ္ဂိုလ်တွေလဲဆိုယင်၊ ယော စ ပုဗ္ဗကာရီ၊ ယော စ ကတညူ ကတဝေဒီ။ ယော စ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ ပုဗ္ဗကာရီ၊ သူ့အကျိုးကို လက်ဦးပြုလေ့ရှိ၏။ သော စ ဒုလ္လဘော၊ ထိုသို့သော ပုဂ္ဂိုလ်ကိုလဲ ရခဲ၏။ မိမိအကျိုးကို ဘာမျှ မဆောင်ရွက်ဘူးသေးတဲ့ သူ၏ အကျိုး

စီးပွါးကို လက်ဦးစပြီး ဆောင်ရွက်တယ်၊ တဖက်သားပုဂ္ဂိုလ်ထံမှ တုံ့ပြန်မည့် အကျိုးကျေးဇူးကို မြှော်လင့်ခြင်းမရှိဘဲ မေတ္တာကရုဏာ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်တယ်၊ မိဘများက သားငယ်သမီးငယ်ကလေးများ၏ အကျိုးကို ဆောင်ရွက်တာမျိုးပါဘဲ။ အဲဒီလို လက်ဦးစပြီး ကျေးဇူးပြုတဲ့ပုဂ္ဂိုလ်လဲ ရှားတယ်တဲ့။ နောက်ပြီးတော့—

ယော စ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ ကတညူ—သူပြုဘူးသောကျေးဇူးကို စိတ်ဖြင့် သိသည်ဖြစ်၍။ ကတဝေဒီ၊ ကိုယ်နှုတ်ဖြင့် တုံ့ပြန်လျက် ထင်ရှားသိလေ့ ရှိ၏။ သော စ ဒုလ္လဘော၊ ထိုသို့သော ပုဂ္ဂိုလ်ကိုလဲ ရခဲတယ်တဲ့။ ကတ—သူပြုဘူးသော ကျေးဇူးကို+ညူ—သိလေ့ရှိတယ်၊ ကတညူ—သူတပါးက မေတ္တာ ကရုဏာ စေတနာသန့်သန့်နဲ့ ကူညီဆောင်ရွက်ဘူးတာ ကျေးဇူးပြုဘူးတာကို ကျေးဇူးတုံ့ မပြန်နိုင်သေးတောင်မှ သူ့ကျေးဇူးရှိပါပေတယ်လို့ စိတ်ဖြင့် သိနေတဲ့သူ—လို့ ဆိုလိုပါတယ်။ အောက်ထစ်ဆုံး အဲဒီကတညူပုဂ္ဂိုလ်မျိုးလောက်တော့ ဖြစ်အောင် သတိပြုရမယ်။ စွမ်းနိုင်သေးယင်တော့ ကိုယ်ဖြင့် နှုတ်ဖြင့် ကျေးဇူးတုံ့ပြန်နိုင်တဲ့ ကတဝေဒီပုဂ္ဂိုလ်မျိုးဖြစ်အောင်လဲ ကြိုးစားရမယ်၊ ဘယ်လိုလဲဆိုယင် သူ့ ကျေးဇူးရှိကြောင်း နှုတ်ဖြင့်လဲ ထုတ်ဖော်ပြောနိုင်ရမယ်၊ ကျေးဇူးရှိသူအား အကျိုးမဲ့ဖြစ်အောင် ပြောဆိုပြုလုပ်နေတာကို ကြားရ တွေ့ရလျှင် ကျေးဇူး ရှင်ဘက်က ကာကွယ်ပြောဆိုနိုင်ရမယ်၊ ကျေးဇူးရှိသူ၏ အကျိုးကို နှုတ်ဖြင့် ပြောဆိုပြီးတော့လဲ ဆောင်ရွက်နိုင်ရမယ်၊ ကိုယ်ဖြင့် လုပ်ကိုင်ပြီးတော့လဲ ဆောင်ရွက်နိုင်ရမယ်၊ အဲဒီလို ကိုယ်နှုတ်တို့ဖြင့် ကျေးဇူးတုံ့ပြန်ပြီး သူ့ကျေးဇူး ရှိကြောင်း ထင်ရှားစေလျက် သိတဲ့သူကို ကတဝေဒီပုဂ္ဂိုလ်ခေါ်တယ်။ အဲဒီ ကတဝေဒီပုဂ္ဂိုလ်လဲ ရှားတယ်တဲ့။ ရှားတယ်ဆိုတာ မရှိဘူးလို့ ဆိုတာတော့ မဟုတ်ပါဘူး၊ ရှိတော့ရှိပါတယ်၊ ဒါပေမဲ့ ပေါပေါများများကြီး မဟုတ်ဘူး၊ နည်းတယ်လို့ ဆိုလိုတာပါဘဲ။

လောကမှာ ရှားတာနဲ့ ပေါတာ ၂-မျိုး ရှိတယ်၊ ပေါတာက အဖိုးမတန်ဘူး၊ မြေမှုန့်တွေ ကျောက်ခဲတွေ သဲတွေ မြက်ပင် အမှိုက်ပင်တွေ—ဒီလိုဟာတွေက ပေါတယ်၊ ဘယ်မှာမဆို ရနိုင်တယ်၊ အဲဒီအပေါစားတွေက အဖိုးမတန်ဘူး။ ရွှေ ငွေ ကျောက် ပတ္တမြားတွေ စားသောက်ဖွယ်အသီးအနှံပင်တွေ ဒီလိုဟာတွေက

ရှားတယ်၊ ရှားတဲ့အတွက် ရခဲတယ်၊ ရခဲယင် အဖိုးတန်တယ်၊ ရခဲလေလေ အဖိုးတန်လေလေဘဲ၊စိန်တို့ ကျောက် ပတ္တမြားတို့ ဆိုတာတွေဟာ အလွန်ရှားလို့ အလွန်ရခဲတဲ့အတွက် သောင်းနဲ့ သိန်းနဲ့ချီပြီး အဖိုးတန်နေတာဘဲ။ အဲဒါလိုဘဲ သူ့ကျေးဇူးသိတတ်တဲ့လူကလဲ ရှားတယ် ရခဲတယ်ဆိုတော့ အဲဒီလိုလူက မြင့်မြတ်တာ အဖိုးတန်တာဘဲ၊ သူ့ကျေးဇူးမသိတဲ့သူ ကျေးဇူးကန်းတဲ့သူတွေကတော့ အပေါစားတွေ ဖြစ်နေတဲ့အတွက် အဖိုးမတန်ဘူးပေါ့။ အဲဒီတော့ မိမိတို့ကိုယ်ကို အဖိုးမတန်တဲ့ အပေါစားမျိုး မဖြစ်ရအောင် အဖိုးတန်တဲ့ အမြင့်အမြတ်စားမျိုး ဖြစ်ရအောင် သတိပြုကြရမယ်။ ဘယ်လိုလဲဆိုယင် ခုတင်ကပြောခဲ့တဲ့အတိုင်း သူ့ကျေးဇူးကို စိတ်ဖြင့်သိတတ်တဲ့ ကတညုပုဂ္ဂိုလ်မျိုးဖြစ်အောင် ကိုယ်နှုတ်တို့ဖြင့် သူ့ကျေးဇူးကို ထင်ရှားပေါ်စေလျက် ကျေးဇူးတုံ့ပြန်ဆပ်နိုင်တဲ့ ကတဝေဒီ ပုဂ္ဂိုလ်မျိုးဖြစ်အောင် သတိပြုသွားဘို့ပါဘဲ။

## အရှင်သာရိပုတ္တရာ သူ့ကျေးဇူးသိပုံ

မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက ရာဓဆိုတဲ့ ပုဏ္ဏားအိုကြီးဟာ သူ့သားသမီးတွေက ပြုစုစောင့်ရှောက်ခြင်း မရှိတဲ့အတွက် ခိုကိုးရာမဲ့ဖြစ်ပြီး ကျောင်းမှာ သံဃဝေယျာဝစ္စကို ဆောင်ရွက်နေတယ်၊ ရဟန်းတော်များကလဲ သူ့ကို ချီးမြှောက်ကြပါတယ်၊ ဒါပေမဲ့ သူက အလွန်ကြီးအိုမင်းနေတဲ့အတွက် ဥပဇ္ဈာယ်ဆရာအဖြစ်နဲ့ တာဝန်ယူပြီး ရဟန်းပြုပေးဘို့ကျတော့ အလိုမရှိကြဘူး၊ သူကလဲ ရဟန်းပြုခွင့်မရတဲ့အတွက် စိတ်ပင်ပန်းပြီး ပိန်ချုံးနေရှာသတဲ့။ အဲဒီ အခါမှာ မြတ်စွာဘုရားက ရာဓပုဏ္ဏား၏ ရဟန္တာဖြစ်နိုင်မည့်အကြောင်းကို မြင်တော်မူတဲ့အတွက် သံဃာကို စည်းဝေးစေပြီးတော့ “ရာဓပုဏ္ဏား၏ ကျေးဇူးကို သိတဲ့သူ တစုံတယောက် ရှိပါသလား” လို့ မေးတော်မူတယ်။ အရှင်သာရိပုတ္တရာက သူသိတဲ့အကြောင်း လျှောက်တယ်၊ သူသိပုံကတော့ တချိန်က ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွနေစဉ်မှာ ရာဓပုဏ္ဏားက ဆွမ်းတဇွန်း လောင်းလှူဘူးတဲ့ ကျေးဇူးကို သိတာပါဘဲတဲ့။ အဲဒီတော့ မြတ်စွာဘုရားက “သာရိပုတ္တရာ၊ ဒီလို ကျေးဇူးပြုဘူးတဲ့သူကို ဆင်းရဲမှလွတ်မြောက်အောင် ချီးမြှောက်ရန် မသင့်ပေဘူးလား” လို့ မိန့်တော်မူတယ်။ အရှင်သာရိပုတ္တရာက “ကောင်းပါပြီဘုရား ရာဓကို ရှင်ရဟန်းပြုပေးပါမည်” လို့ ဝန်ခံပြီး ရာဓပုဏ္ဏား

ကြီးကို ရှင်ရဟန်းပြုပေးပါတယ်။ အရှင်ရာဓလဲ အရှင်သာရိပုတ္တရာ၏အဆုံးအမကို ရိုသေစွာ လိုက်နာပြီး ကျင့်ကြံအားထုတ်တဲ့အတွက် ရက်အနည်းငယ်အတွင်းမှာဘဲ ရဟန္တာဖြစ်တော်မူပါတယ်။ နောက်တချိန်မှာ "ရာဓရဟန်းကြီး ဆိုဆုံးမလွယ်ရဲ့လား" လို့ မြတ်စွာဘုရားက မေးတော်မူတယ်၊ အရှင်သာရိပုတ္တရာက အလွန်ပင် ဆိုဆုံးမလွယ်တဲ့အကြောင်း လျှောက်တယ်။ "ဒီလို ဆုံးမလွယ်တဲ့ တပည့်ကိုရလျှင် ဘယ်နှစ်ယောက် လက်ခံနိုင်မလဲ" လို့ မေးတော်မူတယ်။ များစွာကို လက်ခံနိုင်ကြောင်း အရှင်သာရိပုတ္တရာက လျှောက်ပါသတဲ့။

အဲဒီအကြောင်းအရာထဲမှာ ဆွမ်းတဇွန်းမျှ လျူဘူးတဲ့ကျေးဇူးကို သိတော်မူတဲ့ အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးသိတတ်ပုံကို အတုယူစရာကောင်းတယ်။ နောက်ပြီးတော့ ရာဓရဟန်းကြီး၏ ဆိုဆုံးမလွယ်တဲ့ဂုဏ်ကိုလဲ အတုယူစရာကောင်းတယ်။ အဲဒီမှာ အရှင်သာရိပုတ္တရာ၏ ကျေးဇူးသိတတ်ခြင်းဟာ မင်္ဂလာ၏ ဆန့်ကျင်ဘက်ပဲ။ ဒါကြောင့် အရှင်သာရိပုတ္တရာလို သူ့ကျေးဇူးကိုသိပြီး မင်္ဂလာကို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ မင်္ဂလီ၊ သူ့ကျေးဇူးကို ချေဖျက်လေ့ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အမင်္ဂလီ၊ သူ့ကျေးဇူးကို မချေဖျက်ပဲ အမြဲသိတတ်ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏—စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီအထဲက ပဌမ တဝါရလောက်ပဲ အဓိဋ္ဌာန်ဆိုကြပါစို့။

(၂၆) သူများတွေက ကျေးဇူးကန်းကြမည့်နေရာမှာ ငါတို့ကတော့ သူ့ကျေးဇူးကို မမေ့ဘဲ အမြဲတမ်းသိနေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်။

## ၂၇။ ပဋ္ဌာသ—ဂုဏ်ကြီးသူနှင့် ဖက်ပြိုင်ခြင်း

ကိုယ့်ထက် အလွန်မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကို ကိုယ်နဲ့ဂုဏ်ရည်တူပြုပြီး မရှိမသေ ဖက်ပြိုင်ပြောဆို ပြုလုပ်တာကို ပဋ္ဌာသခေါ်တယ်။ မနိုင်းကောင်းတဲ့ပုဂ္ဂိုလ်နှင့်

နှိုင်းယှဉ်ဂုဏ်ပြိုင်တဲ့သဘောပါဘဲ၊ အဲဒါလဲ အပြစ်ကြီးတယ်။ ကိုယ်က စာမတတ်ပဲနဲ့ တကယ့်စာတတ်ပုဂ္ဂိုလ်ကြီးတွေနဲ့ တန်းတူထားပြီး မရှိမသေပြောတာလဲ ရှိတယ်၊ ဒီဆရာတော်ကြီးလဲ ငါတို့လိုပါဘဲ မှားတာ မသိတာ ရှိသေးတာပါဘဲ စသည်ဖြင့် မိမိဂုဏ်ကို မြှင့်ပြီးပြောတာမျိုးပါဘဲ။ နောက်ပြီးတော့ ကိုယ်က သီလနှင့်မပြည့်စုံပါဘဲနဲ့ တကယ်သီလနှင့်ပြည့်စုံတဲ့ မထေရ်ကြီးတွေနဲ့ တန်းတူလုပ်ပြီး ဂုဏ်ပြိုင်ပြောဆိုတာလဲ ရှိတယ်၊ ကိုယ်က သုတမရှိပါဘဲနဲ့ ဗဟုသုတပြည့်စုံတဲ့ပုဂ္ဂိုလ်နှင့် တန်းတူလုပ်ပြီး ဂုဏ်ပြိုင်ပြောဆိုတာလဲ ရှိတယ်၊ ကိုယ်က ဘာဝနာအလုပ်ကို ကောင်းကောင်း အားမထုတ်ဘူးပါဘဲနဲ့ ဘာဝနာအလုပ်ကို ကောင်းကောင်းအားထုတ်ထားတဲ့ပုဂ္ဂိုလ်နှင့် တန်းတူလုပ်ပြီး ဂုဏ်ပြိုင်ပြောဆိုတာလဲ ရှိတယ်။ အထူးအားဖြင့်တော့ မကြာမီကမှ သင်္ကန်းဝတ်လာတဲ့ အချို့သော ဝုဍ္ဎပဗ္ဗဇိတကိုယ်တော်ကြီးတွေက စာပေကျမ်းဂန်တတ် ဆရာတော်တွေကို သူတို့နှင့်တန်းတူထားပြီး ဖက်ပြိုင်တတ်တယ်၊ သီလ သမာဓိ ပညာနှင့် ပြည့်စုံတဲ့ ဆရာတော်တွေကိုလဲ သူတို့နှင့် တန်းတူထားပြီး ဖက်ပြိုင်တတ်တယ်၊ တကယ့်ဆရာတော်ကြီးတွေက မှားနေသယောင်ယောင်၊ စာပေတွေကဘဲ မှားနေသယောင်ယောင်၊ သူတို့ တွေ့တာ သိတာ ပြောဟောတာကမှ မှန်သယောင်ယောင် ဒီအထိတောင် အချို့က ဂုဏ်ပြိုင်ပြောဆိုတတ်ကြတယ်၊ သုတနည်းတဲ့ လူတွေကလဲ အဲဒီလို ပြောတာကို အဟုတ်တကယ် ထင်နေတတ်ကြတယ်၊ ကိုယ်တော်ကြီးတွေရဲ့ ပဠာသကို အကြောင်းပြုပြီး အကုသိုလ်တွေ ပွါးကြတာပါဘဲ။ ဒါကြောင့် ဒီပဠာသကလဲ အပြစ်ကြီးပါတယ်။ ဒီပဠာသကိုပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ပဠာသီ၊ မြင့်မြတ်တဲ့သူကို တန်းတူအောက်ချ ဂုဏ်ပြိုင်ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အပဠာသီ၊ မြင့်မြတ်သူနှင့် ဖက်ပြိုင်ကင်းပ ရှိသေကြကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏—စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီငါးဝါရထဲက တဝါရကိုဘဲ အဓိဋ္ဌာန် ဆိုကြပါစို့။

(၂၇) သူများတွေက မြင့်မြတ်သူကို ဖက်ပြိုင်ကြမည့်နေရာမှာ ငါတို့ကတော့ ဖက်ပြိုင်ကင်းပ လေးစားရှိသေကြမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်။

ဒီကနေ့ဟောလာခဲ့တာဟာ "ထိန, ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာနှင့်၊ ကောခေ, ပနာဟ မက္ခ, ပဠာ" ဆိုတဲ့ ခေါင်းစဉ်အရ ကိလေသာ(၇)ပါး ပြီးသွားပြီ၊ အဲဒီ(၇)ပါးထဲမှာ ထိနမိဒ္ဓနှင့် ဥဒ္ဓစ္စကို အရဟတ္တမဂ်ရောက်မှ အကြွင်းမဲ့ ပယ်နိုင်တယ်၊ ကောခနှင့်ဥပနာဟကိုတော့ အနာဂါမိမဂ်ရောက်ယင် အကြွင်းမဲ့ ပယ်နိုင်တယ်၊ ဝိစိကိစ္ဆာနှင့် မက္ခ, ပဠာသတို့ကိုတော့ သောတာပတ္တိမဂ်ရောက်ယင် အကြွင်းမဲ့ ပယ်နိုင်တယ်။ ဒါကြောင့် အဲဒီအရိယာမဂ်တွေရောက်အောင် အားထုတ်ပြီး ပယ်ကြဘို့ပါဘဲ။ ဒီအထဲမှာ သောတာပတ္တိမဂ်ဖြင့် ပယ်တဲ့တရားတွေဟာ အပါယ်ကျစေနိုင်တဲ့ အပါယဂမနီယကိလေသာတွေဘဲ။ ဒါကြောင့် အောက်ထစ်ဆုံး ဝိစိကိစ္ဆာနဲ့ မက္ခ, ပဠာသဆိုတဲ့ ကိလေသာတွေကို အကြွင်းမဲ့ပယ်နိုင်အောင် အားထုတ်ဖို့ရာ အထူးသဖြင့် အရေးကြီးပါတယ်။ အဲဒီအရေးကြီးတဲ့ ကိလေသာတွေ လုံးဝကင်းအောင် အားထုတ်နိုင်ကြပါစေ။ ကြွင်းသည်ကိုတော့ နောက်အပိုင်းကျမှ ထည့်သွင်းပြမယ်။ ဒီကနေ့ တရားသိမ်းကြစို့။

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစုပွါးများအားထုတ်အပ်သော ဒါနကုသိုလ်။ပ။ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် နဝမပိုင်း ဤတွင် ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

# ဒသမပိုင်း

၁၃၃၂ ခုနှစ် ပြာသိုလဆုတ် (၈) ရက်နေ့ ဟောသည်။

## တရားအနုသန္ဓေ

ဒီကနေ့ ၁၃၃၂-ခုနှစ် ပြာသိုလဆုတ် (၈) ရက်နေ့ ဖြစ်တယ်။ လဆုတ် ၈-ရက်မှာ အခါတိုင်းတော့ ကမ္မဋ္ဌာန်းဆရာ ဦးသံဝရ ဟောနေကျပါဘဲ၊ ဒီကနေ့တော့ ဦးသံဝရက နယ်ထွက်ပြီး တရားဟောနေတယ်၊ သလ္လေခသုတ် တရားကိုလဲ နောက် နှစ်သီတင်းလောက်နဲ့ ပြီးစေချင်တယ်၊ ဒါကြောင့် ဒီကနေ့ ဘုန်းကြီးဘဲ ဟောရတယ်။ နဝမပိုင်းက ပဋ္ဌာသအထိ အပြီးသတ်ထား ခဲ့ပြီ၊ ဒီကနေ့ ဒသမပိုင်းမှာ အစုံ အစုံ ကိလေသာ ဆယ်ပါးထဲက ''ဣဿာ မစ္ဆေ၊ သာဌေ, မာယာ၊ အတိမာ, ထမ္ဘ''ဆိုတဲ့ အကြွင်းအကျန် ၆-ပါးကို ဟောရမယ်။

## ၂၈။ ဣဿာ-မနာလိုခြင်း

ဣဿာဆိုတာ ကိုယ့်ထက်သာတာကို မနာလိုတဲ့ သဘောပါဘဲ။ သူတပါးက ကိုယ့်ထက် ကြီးပွါးတာ ချမ်းသာတာ ပြည့်စုံတာကို အလိုမရှိဘူး၊ ပစ္စည်းဥစ္စာ ဘက်ကဖြစ်စေ၊ အပေါင်းအသင်း အခြွေအရံဘက်ကဖြစ်စေ၊ အရုပ်အဆင်း ဘက်က ဖြစ်စေ၊ အသိအလိမ္မာဘက်က ဖြစ်စေ၊ အတတ်ပညာဘက်က ဖြစ်စေ၊ ကိုယ့်ထက်သာတယ် ဆိုတာကို အလိုမရှိဘူး၊ မမြင်ချင်ဘူး၊ မကြားချင်ဘူး။ အထူးအားဖြင့် ကိုယ်နဲ့ဘဝတူ လုပ်ငန်းတူ ဂုဏ်ရည်တူလဲ ဖြစ်မယ်၊ ကိုယ်မချစ် တဲ့သူလဲ ဖြစ်မယ်ဆိုယင် အဲဒီလိုလူ ပြည့်စုံကြီးပွါးတာကို သာပြီး မနာလိုဖြစ် တတ်တယ်။ လူငယ် လူငယ်ချင်း၊ လူကြီး လူကြီးချင်း၊ ယောကျ်ား ယောကျ်ား ချင်း၊ မိန်းမ မိန်းမချင်း၊ ကျောင်းသား ကျောင်းသားချင်း၊ ဆရာ ဆရာချင်း

အလုပ်သမား အလုပ်သမားချင်း၊ ရဟန်း ရဟန်းချင်း ကိုယ့်ထက်သာတယ် ဆိုယင် မနာလို ဖြစ်တတ်တယ်။

ပစ္စည်းဥစ္စာ ပေါများကြွယ်ဝတဲ့သူတွေကို ပစ္စည်းမရှိတဲ့သူအချို့က မနာလို ဖြစ်တတ်တယ်၊ တောရွာတွေမှာဆိုယင် သူလယ်ယာနဲ့သူ အလုပ်အကိုင် အဆင် ပြေနေတဲ့လူကိုလဲ အဆင်မပြေတဲ့သူအချို့က မနာလိုဖြစ်တတ်တယ်၊ ရာထူး အဆင့်အတန်းတိုးတက်တဲ့သူကို အဆင့်အတန်း မတိုးတက်နိုင်တဲ့သူ အချို့က မနာလိုဖြစ်တတ်တယ်၊ ဘုန်းကံကြီးတဲ့သူကို ဘုန်းကံနည်းတဲ့သူ အချို့က မနာလို ဖြစ်တတ်တယ်၊ အဟောအပြောကောင်းတဲ့သူကို အဟောအပြောညံ့တဲ့သူအချို့ က မနာလိုဖြစ်တတ်တယ်၊ ဒီပုံဒီနည်းဖြင့် မနာလိုဖြစ်တတ်ပုံတွေကတော့ အင်မတန် များပါတယ်။

သေသေချာချာ စိစစ်ကြည့်ယင် သူတပါးကို မနာလိုဖြစ်တာဟာ ဘာမှ မစားရ မသုံးရဘဲနဲ့ သက်သက်အကုသိုလ်ပွါးနေတာပါဘဲ၊ မနာလိုဖြစ်တယ် ဆိုယင် စိတ်ထဲမှာလဲ မချမ်းမသာ ဖြစ်သေးတယ်၊ ဒါကြောင့် မနာလိုတဲ့သဘော ဟာ ကိုယ့်ဟာကို ဆင်းရဲအောင်လုပ်နေတာနဲ့ တူတာပါဘဲ။ နောက်ပြီးတော့ "အဲဒီ မနာလိုမှု အကုသိုလ်ကံကြောင့် အပါယ်ငရဲသို့လဲ ကျရောက်တတ်တယ်၊ လူ့ဘဝ ပြန်ရောက်လာယင်လဲ အခြံအရံ အပေါင်းအဖော်နည်းတဲ့သူ ဖြစ်နေ တတ်တယ်" ဆိုတဲ့အကြောင်း စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက ဟောပြ ထားပါတယ်။ အဲဒီမနာလိုမှု၏ ဆန့်ကျင်ဘက်ကတော့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား ၄-ပါး ထဲက မုဒိတာဆိုတဲ့ တရားပါဘဲ။ မုဒိတာဆိုတာကတော့ သူတပါး ကြီးပွါးချမ်းသာတာကို အလိုရှိတယ်၊ ကြီးပွါး ချမ်းသာတာကို မြင်ရ ကြားရ သိရလို့ရှိယင် ကြီးပွါးမြဲ ကြီးပွါးကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေလို့ နှလုံးသွင်းပြီး ဝမ်းမြောက်တယ်။ အဲဒီ မုဒိတာကတော့ တကယ်ကောင်းတဲ့တရားဘဲ၊ သူများ ကြီးပွါးချမ်းသာတာကို တွေ့ရတာနဲ့ သူက ဝမ်းမြောက်ပြီး ပီတိတွေ ဖြစ်နေတယ်၊ အဲဒီတော့ မုဒိတာ ဖြစ်တဲ့လူမှာလဲ ကိုယ်ရောစိတ်ပါ ချမ်းသာနေတယ်၊ အလွန်ကြည်လင် အေးချမ်းတဲ့ တရားဘဲ။ နောက်ပြီးတော့ "သူများကြီးပွါးချမ်းသာတာကို ဝမ်းမြောက် ကြည်သာတဲ့ ကောင်းမှုကြောင့် နတ်ရွာသုဂတိလဲ ရောက်နိုင်တယ်၊ လူ့ဘဝပြန်

နောက်လာယင်လဲ အခြေအရံတွေ ပေါ်များပြီး (မဟေသက္ခ) တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တတ်တယ်” ဆိုတဲ့အကြောင်း စူဠကမ္မဝိဘင်္ဂသုတ်မှာဘဲ မြတ်စွာဘုရားက ဟောပြထားပါတယ်။ အဲဒါကို ဘုန်းကြီးက အကျဉ်းချုပ် ဆောင်ပုဒ် စီထားတယ်“မနာလိုမှာ၊ ခြေရံကွာ၊ ကြည်သာခြေရံစည်”တဲ့။ အဲဒါကို ဆိုကြရမယ်။

(၂၈) မနာလိုမှာ၊ ခြေရံကွာ၊ ကြည်သာ ခြေရံစည်။ (ဆို)

ပြဟ္မစိုရ်တရား ပွါးများပုံထဲမှာ “သဗ္ဗေ သတ္တာ–အားလုံးသတ္တဝါတွေ၊ အဝေရာ ဟောန္တု–ရန်ကင်းကြပါစေ၊အဗျာပဇ္ဈာ ဟောန္တု–စိတ်ဆင်းရဲကင်းကြပါစေ၊ အနီဃာ ဟောန္တု–ကိုယ်ဆင်းရဲကင်းကြပါစေ၊ သုခီ အတ္တာနံ ပရိဟရန္တု–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ” ဆိုတဲ့ နှလုံးသွင်းပွါးများပုံက မေတ္တာကို ပွါးပုံဘဲ။ “ဒုက္ခာ မုစ္စန္တု–တွေ့ကြုံနေရသောဆင်းရဲမှ လွတ်မြောက်ကြပါစေ”ဆိုတဲ့ နှလုံးသွင်း ပွါးများပုံကတော့ ကရုဏာကို ပွါးပုံဘဲ။ “ယထာလဒ္ဓသမ္ပတ္တိတော–ရထားမြဲဖြစ်သော စည်းစိမ်ချမ်းသာမှု၊ မာဝိ ဂစ္ဆန္တု–မကင်းကွာကြဘဲ ချမ်းသာမြဲ ချမ်းသာကြပါစေ”ဆိုတဲ့ နှလုံးသွင်းပွါးများပုံကတော့ မုဒိတာကို ပွါးပုံဘဲ။ ယခု အဲဒီပွါးနည်းဖြင့် မုဒိတာကို ပွါးကြဦးစို့။

အားလုံးသတ္တဝါတွေ ရပြီးသောစည်းစိမ်ချမ်းသာမှု ဆုတ်ယုတ်ခြင်းမရှိဘဲ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊ ကြီးပွါးမြဲ ကြီးပွါးကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။

အဲဒါဟာ ပိုက်ဆံ တပြားမှမကုန်ဘဲနဲ့ ကုသိုလ်တွေပွါးနေတာ၊ သိပ်နေရာကျတာ၊ ဒီကုသိုလ်ကြောင့် နတ်ရွာသုဂတိလဲ ရောက်နိုင်တယ်၊ နောက်လိုက်အခြေအရံတွေများတဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးလဲ ဖြစ်နိုင်တယ်။ သူများကောင်းစားတာကို မနာလိုတဲ့ ဣဿာကတော့ မစားရ မသုံးရဘဲနဲ့ အလကားအကုသိုလ်တွေ ပွါးနေတာ၊ အဲဒီအကုသိုလ်ကြောင့် ခုတင်ကပြောခဲ့တဲ့အတိုင်း ငရဲလဲ ကျတတ်တယ်၊ နောက်လိုက်အခြေအရံမရှိတဲ့ လူဆင်းရဲလဲ ဖြစ်တတ်တယ်။ ဒါကြောင့် ဒီ ဣဿာကို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဣဿုကီ၊ သူများကောင်းစားတာကို မနာလိုကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အနိဿုကီ၊ မနာလိုမှု ကင်းကွာလျက် ကြည်သာဝမ်းမြောက်နိုင်ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ ဒါကတော့ အလွန်အရေးကြီးပါတယ်၊ ဒါကြောင့် ငါးဝါရလုံးဘဲ အမိဋ္ဌာန်ပြုကြရမယ်။

## (၂၈) အမိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက မနာလိုကြမည့်နေရာမှာ ငါတို့ကတော့ ကြည်သာရွှင်ပျဝမ်းမြောက်ကြမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မနာလိုမှုလမ်းဆိုးကို ဝမ်းမြောက်ကြည်သာ မုဒိတာလမ်းကောင်းဖြင့် ရှောင်လွှဲမည်၊. မုဒိတာလမ်းကောင်းဖြင့် အဆင့်အတန်းတက်မည်၊ မနာလိုမှုကိလေသာမီးကို မုဒိတာရေစင်ဖြင့် ငြိမ်းသတ်မည်။

အထူးသတိပြုစရာကတော့ ကုသိုလ်ကိစ္စပြုလုပ်ဆောင်ရွက်ရာတွေမှာ၊ တရားဟောရာ တရားကျင့်ရာတွေမှာ အဲဒီမနာလိုမှု ဣဿာတရားဆိုးမဖြစ်အောင် အထူးသတိဆောင်ကြဘို့ အရေးကြီးပါတယ်၊ သူများ ကုသိုလ်ပြုတာ, သူများဆောင်ရွက်နိုင်တာ, သူများအဟောအပြောကောင်းတာ, သူများတရားကျင့်မှုတိုးတက်နေတာ ဒီလိုဟာတွေကို မနာလို ဖြစ်နေယင် "ကုသိုလ်ဘဲ ငရဲတပိဿာ" ဆိုသလိုဖြစ်နေမှာ စိုးရိမ်ရတယ်။ ဒါကြောင့် ကုသိုလ်ရေးနှင့်စပ်ဆိုင်ရာမှာ ဣဿာမဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ ဣဿာအကြောင်းကတော့ တော်လောက်ပါပြီ။ မစ္ဆရိယအကြောင်း ဟောကြစို့။

## ၂၉။ မစ္ဆရိယ–ဝန်တိုခြင်း

မစ္ဆရိယ-ဝန်တိုခြင်းဆိုတာ မိမိပိုင်တဲ့ပစ္စည်းကို သူတပါးနှင့် မစပ်ဆိုင်စေလိုတဲ့အတွက် လျှို့ဝှက်သိမ်းပိုက် ထားလိုတဲ့သဘောပါဘဲ၊ ဒါကြောင့် အဋ္ဌကထာမှာ "အတ္တနော သမ္ပတ္တိနိဂူဟနလက္ခဏံ-မိမိစည်းစိမ်ကို လျှို့ဝှက်ထားခြင်း သဘော

လက္ခဏာရှိတယ်”လို့ ဖွင့်ပြထားပါတယ်။ သူတပါးအား ပေးကမ်းဘို့မဆိုထားနဲ့ သူတပါးမြင်မှာ သိမှာတောင် အလိုမရှိဘဲ လျှို့ဝှက်ထားလိုတဲ့သဘောဟာ မစ္ဆရိယ-ဝန်တိုခြင်းဘဲလို့ ဆိုလိုပါတယ်။ ဒါကြောင့် မစ္ဆရိယအားကြီးတဲ့သူက သူ့မှာရှိတဲ့ပစ္စည်းကို သူများမြင်သွားမှာကိုတောင် အလိုမရှိဘူး။ ဘုရားလက်ထက်တော်က မဋ္ဌကုဏ္ဍလီ၏ဖခင် သေဌေးကြီးဟာ မဋ္ဌကုဏ္ဍလီ အသည်းအသန် မမာနေတဲ့အခါ သူ့အိမ်ထဲကို လူမမာမေးလာတဲ့ ဆွေမျိုးမိတ်ဆွေတွေက သူ့အိမ်တွင်းပစ္စည်းတွေကို မြင်သွားမှာစိုးလို့ မဋ္ဌကုဏ္ဍလီကို အိမ်ပြင်ဘက် ထုတ်ထားသတဲ့၊ အဲဒါဟာ ဝန်တိုနှမြောလွန်းအားကြီးလို့ သူ့ပစ္စည်းတွေကို လျှို့ဝှက်တဲ့သဘောပါဘဲ။ ဒါပေမဲ့ အဲဒီလို အိမ်အပြင်ထုတ်ထားတဲ့အတွက် သေခါနီးဆဲဆဲကာလမှာ မြတ်စွာဘုရားက အဲဒီအိမ်ရှေ့ကြွလာတဲ့အခါ မဋ္ဌကုဏ္ဍလီက မြတ်စွာဘုရားကို ဖူးမြင်ပြီး ကုသိုလ်ဖြစ်ပွါးစေခွင့် ရသွားတယ်၊ အဲဒီကုသိုလ်ကြောင့် မဋ္ဌကုဏ္ဍလီဟာ သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်ရတယ်၊ အဲဒီကနောက် မဋ္ဌကုဏ္ဍလီ၏ဖခင် သေဌေးကြီးဟာ မဋ္ဌကုဏ္ဍလီ၏ သင်းချိုင်းကိုသွားပြီး ငိုနေရာမှာ မဋ္ဌကုဏ္ဍလီနတ်သားက လာရောက်ပြီး သတိပေးပြောကြားတဲ့အတွက် မြတ်စွာဘုရားထံ ဆည်းကပ်ပြီး ပြဿနာမေးတယ်၊ မြတ်စွာဘုရားက ပြဿနာဖြေကြားပြီး တရားဟောတယ်၊ အဲဒီတရားကိုနာပြီး သေဌေးကြီးရော မဋ္ဌကုဏ္ဍလီနတ်သားရော သောတာပတ္တိမဂ်ဖိုလ်ရောက်သွားတယ်လို့ ဓမ္မပဒအဋ္ဌကထာမှာ ပြဆိုထားပါတယ်။

## မစ္ဆရိယကောသိယဝတ္ထု

နောက်ပြီးတော့ ဝန်တိုပုံမှာ စံတင်လောက်တဲ့ ဝတ္ထုတခုကတော့ ကောသိယသေဌေးရဲ့ ဝတ္ထုပါဘဲ။ ကပ်စေးနဲ ဝန်တိုလွန်းအားကြီးတဲ့အတွက် သူ့ကို မစ္ဆရိယကောသိယလို့ ခေါ်ကြတယ်၊ ရာဇဂြိုဟ်မြို့နှင့် မဝေးသတဲ့ သက္ခရဆိုတဲ့ နိဂုံးရွာကြီးမှာနေတယ်၊ ပစ္စည်းကတော့ ကုဋေပေါင်း လေးဆယ် ကြွယ်ဝတယ်၊ ဒါပေမဲ့ နှမြောလွန်းလို့ ဆီတစက်မျှတောင် မပေးမလှူဘူးဘူးတဲ့၊ ကိုယ်တိုင်လဲ မသုံးစွဲရက်ဘူးတဲ့။ တနေ့သောအခါ ရာဇဂြိုဟ်မြို့ ဘုရင့်ထံ ခစားပြီးပြန်လာတဲ့အခါ ဆာလောင်နေတဲ့ လူတယောက် အိုးကင်းကြော်မုံ့ကို မြိန်မြိန်ရှက်ရှက် စားနေတာကို မြင်ရတဲ့အတွက် သူလဲ စားချင်စိတ်ဖြစ်လာတယ်၊ ဒါပေမဲ့ သူက

"အဲဒီမုံ့မျိုးကို စားချင်တယ်လို့ ပြောလိုက်ယင် သူ့အိမ်က လူများအတွက်ရော လုပ်ရလိမ့်မယ်၊ အဲဒီလိုလုပ်ယင် နှမ်း ဆန် ထောပတ် တင်လဲစသည်တွေ များစွာ ကုန်သွားလိမ့်မယ်"လို့ ဆင်ခြင်ပြီး နှမြောတဲ့အတွက် ဘယ်သူ့ကိုမှ မပြောဘဲ ကျိတ်ပြီးအောင့်နေသတဲ့၊ ကြာလေလေ စားချင်လေလေဖြစ်ပြီး တဖြည်းဖြည်းနဲ့ ပိန်ချုံးကျသွားသတဲ့၊ နောက်ဆုံးမှာ အိပ်ရာထဲ အိပ်နေရသတဲ့။

အဲဒီအခါ သေဌေးကတော်ကြီးက အနားကပ်ပြီး မေးတယ်၊ ဘာကြောင့်လဲ ဘာအလိုရှိလို့လဲ အငယ်အနှောင်းများအလိုရှိလို့လားစသည်ဖြင့် အတင်းအကြပ် မေးတဲ့အခါကျမှ အိုးကင်းကြော်မုံ့ စားချင်တဲ့အကြောင်းကို ပြောတယ်။ ဒီတော့ သေဌေးကတော်ကြီးက "အမယ်လေးတော် ဒီအိုးကင်းကြော်မုံ့ စားချင်တာများ ဒီလောက်အောင့်ထားရသလား၊ ရှင်က သူဆင်းရဲမှတ်နေသလား၊ တရွာလုံး စားလောက်အောင် မုံ့ကြော်မယ်"လို့ လွတ်ခနဲ ပြောလိုက်တော့ သေဌေး ကြီးက "တခြားလူတွေအတွက် မလိုပါဘူး"လို့ ပြောတယ်၊ ဒီတော့ သေဌေး ကတော်ကြီးက "တလမ်းလုံး တရပ်ကွက်လုံးအတွက် ကြော်မယ်၊ အိမ်နီးချင်း များအတွက်ရော ကြော်မယ်၊ သားသမီးတွေအတွက်ပါ ကြော်မယ်"လို့ လျှော့ လျှော့ပြီး ပြောရတယ်၊ အဲဒါတွေကိုလဲ အကုန်ငြင်းပယ်လိုက်တာနဲ့ "ကိုင်း– ဒါဖြင့် ရှင်နှင့်ကျမ နှစ်ယောက်အတွက်ပဲ ကြော်မယ်"လို့ ပြောပြန်တော့လဲ "သင့်အတွက် မလိုပါဘူး"လို့ ပြောပြန်သတဲ့။ နှမြောလိုက်ပုံကတော့ သူ့ဇနီး တောင် မကျွေးချင်ဘူး၊ နယ်ပယ်ကုန်ရောပါဘဲ။

ဒါကြောင့် သေဌေးကတော်ကြီးက သေဌေးကြီးတယောက်စာဘဲ ကြော်ဘို့ ပြုပြင်ရတယ်၊ ကြော်တဲ့အခါလဲ သူများမြင်ယင် တောင်းရမ်းမှာ ပေးရမှာ စိုးရိမ်လို့ ခုနစ်ထပ်ရှိတဲ့ တိုက်၏ အထက်ဆုံးအထပ်မှာ သူတို့ သို့မီး ခင်ပွန်း ၂-ယောက်တည်း တက်ပြီး ကြော်နေကြတယ်၊ တံခါးအဆင့်ဆင့်တွေလဲ ပိတ်ပြီး ဂလန့်ထိုးတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက မစ္ဆရိယကောသိယသေဌေးနှင့် သေဌေး ကတော်တို့၏ သောတာပန်ဖြစ်နိုင်မည့်အကြောင်းကို မြင်တော်မူတဲ့အတွက် အရှင်မဟာမောဂ္ဂလာန်ကို မုံ့အလှူခံ စေလွှတ်တော်မူလိုက်တယ်။ အရှင်မဟာ

မောဂ္ဂလာန်လဲ မြတ်စွာဘုရား၏ အမိန့်တော်ကို နာခံပြီး တန်ခိုးဖြင့် အဲဒီ သေဌေးအိမ်ကို ကြွသွားတယ်၊ သူတို့ မုံ့ကြော်နေတဲ့ ပြူတင်းပေါက်အနီး ကောင်းကင်မှာ ရပ်တော်မူနေတယ်။ သေဌေးကြီးက အရှင်မောဂ္ဂလာန်ကို မြင်လိုက်တာနဲ့ စိတ်ထဲမှာ အမျှားကြီး ထိခိုက်တုန်လှုပ်သွားတယ်၊ ဒီလို အလှူခံတွေ မမြင်ရအောင်လို့ ဘုံခုနစ်ဆင့်မှာ တက်ပြီး မုံ့ကြော်နေရာ ဒီကိုယ်တော်ဟာ ဘယ်ကမျှား ရောက်လာပါလိမ့်မတုံးလို့ စဉ်းစားပြီးတော့ "အရှင်ဘုရားဟာ ကောင်းကင်မှာ ရပ်နေရုံနဲ့ မုံ့ကို ရမှာမဟုတ်ဘူး၊ စင်္ကြံသွားပြတောင် ရမှာမဟုတ်ဘူး"လို့ ပြောလိုက်တယ်။ အရှင်မောဂ္ဂလာန်က ကောင်းကင်မှာ စင်္ကြံကြွနေတယ်။ ကောင်းကင်မှာ တင်ပလ္လင်ခွေ ထိုင်နေတောင် ရမှာ မဟုတ်ဘူးလို့ ပြောပြန်တယ်။ အရှင်မောဂ္ဂလာန်က ကောင်းကင်မှာ တင်ပလ္လင်ခွေ ထိုင်နေတယ်။ ပြူတင်းပေါက်တံခါးခုံပေါ်မှာ တည်နေတောင် ရမှာမဟုတ်ဘူးလို့ ပြောပြန်တယ်။ အရှင်မဟာမောဂ္ဂလာန်က တံခါးခုံပေါ်မှာ တည်နေတယ်။ အခိုးလွှတ်ပြတောင် ရမှာမဟုတ်ဘူးလို့ ပြောပြန်တယ်၊ အရှင်မောဂ္ဂလာန်က တန်ခိုးဖြင့် အခိုးတွေကို လွှတ်လိုက်တယ်၊ တိုက်ပြာသာဒ်ကြီးတခုလုံး အခိုးတွေ ပြည့်သွားတယ်၊ ဒါပေမဲ့ "မီးလျှံလွှတ်ပြတောင် ရမှာ မဟုတ်ဘူး"လို့တော့ မဆိုဝံ့ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီလို ဆိုလိုက်လို့ အရှင်မောဂ္ဂလာန်က မီးလျှံတွေ လွှတ်လိုက်ယင် သူ့ပြာသာဒ်ကြီး မီးလောင်သွားမှာ စိုးလို့ပါဘဲ-တဲ့။

အဲဒီအခါ "ဒီ ရဟန်းဟာ အလွန်တွယ်ကပ်နေတာဘဲ၊ မရယင် သွားမှာ မဟုတ်ဘူး၊ မုံ့တခုတော့ လှူမှဘဲ"လို့ စဉ်းစားပြီး မုံ့ငယ်ငယ်ကလေးတခုကို အကြော်ခိုင်းတယ်၊ သေဌေးကတော်ကလဲ မုံ့မှုန့်နဲနဲကလေးထည့်ပြီး ကြော်တယ်၊ မုံ့က အိုးကင်းပြည့်နေအောင် အကြီးကြီးဖြစ်လာတယ်။ အဲဒါကို မြင်ရတော့ မုံ့မှုန့်အထည့်များလို့ မုံ့ကြီးသွားတယ်ထင်ပြီးတော့ သေဌေးကြီးက သူကိုယ်တိုင် ယောက်မအဖျားနဲ့ နဲနဲကလေးကော်ပြီးထည့်လိုက်တယ်၊အဲဒါက သာပြီး ကြီးနေပြန်တယ်၊ အဲဒီလိုဘဲ ထည့်တိုင်းထည့်တိုင်း မုံ့က သာသာပြီး ကြီးကြီးနေတော့ စိတ်ကုန်သွားတယ်။ ဒါကြောင့် "မုံ့တခု လှူလိုက်ပါတော့ကွယ်"လို့ သေဌေးကြီးက ပြောတယ်၊ သေဌေးကတော်က မုံ့တောင်းထဲက မုံ့တခုကိုယူလိုက်တဲ့ အခါ မုံ့တွေက အကုန်လုံး တွဲကပ်နေကြတယ်၊ ခွါလို့ ခွဲလို့ မရနိုင်ဘဲ ရှိနေ

တယ်၊ ဒီတော့ သေဋ္ဌေးကြီးက သူကိုယ်တိုင် ဆွဲခွါတယ်၊ သူလဲ မခွါနိုင်ဘူး၊ ဒါနဲ့ သူတို့နှစ်ယောက် တယောက်တဖက်စီ ကိုင်ပြီး ဆွဲခွါကြတယ်၊ လွန်ဆွဲသလို အကြိတ်အနယ် ဆွဲခွါကြပေမဲ့ မုံ့တွေက မကွဲဘဲ တွဲလျက်ပဲ ရှိနေတယ်၊ ကြာတော့ ကိုယ်က ပင်ပန်းပြီး ချွေးတွေတောင် ထွက်ကုန်တယ်လို့ ဆိုပါတယ်၊ အဲဒီအခါ စားချင်စိတ်လဲ ကုန်သွားတာနဲ့ မုံ့တွေကို အကုန်လုံး အလှူခိုင်းတယ်၊ သေဋ္ဌေးကတော်က အရှင်မောဂ္ဂလာန်ထံ ချဉ်းကပ်ပြီး မုံ့တွေကို လှူလိုက်တယ်။

အဲဒီအခါ အရှင်မဟာမောဂ္ဂလာန်က ဒါနစသော ကုသိုလ်အကျိုးကိုဖော်ပြပြီး တရားဟောတော့ သေဋ္ဌေးကြီးက သဒ္ဓါတရားဖြစ်ပြီး သူ့အိမ်မှာဘဲဘုဉ်းပေးဘို့ လျှောက်တယ်၊ မြတ်စွာဘုရားသခင်ဟာ ရဟန်းငါးရာနှင့်တကွ ဒီမုံ့ကို ဘုဉ်းပေးဘို့ စောင့်နေတယ်၊ သဘောတူလို့ရှိယင် သင်တို့ကိုလဲ ငါ ဆောင်သွားမယ်လို့ ပြောပြီး ၄၅-ယူဇနာဝေးကွာသော သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ အရှင်မောဂ္ဂလာန်က တန်ခိုးဖြင့် ခေါ်ဆောင်သွားတယ်၊ ဆောင်သွားပုံကတော့ အဲဒီအိမ်၏ လှေကားရင်း လွန်တာနဲ့ ဇေတဝန်ကျောင်းတံခါးမုခ် ရောက်ပါသတဲ့။ အဲဒီရောက်တော့ သေဋ္ဌေးကြီးက အလှူရေ ကပ်တယ်၊ သေဋ္ဌေးကတော်ကြီးက မုံ့လိုက်ကပ်တယ်၊ တဖန် သေဋ္ဌေးကြီးက မုံ့နှင့် ရောပြီး ဘုဉ်းပေးဘို့ နွားနို့ ထောပတ် ပျားရည် သကြား စသည်တို့ကို လိုက်ကပ်တယ်၊ မူလက တယောက်စာမျှပင် ဖြစ်သော်လဲ တန်ခိုးတော်ကြောင့် မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာ ဘုဉ်းပေးလောက်သည့်ပြင် သေဋ္ဌေးကြီးတို့ သမီးခင်ပွန်း စားလို့လဲ မကုန်သေးသောကြောင့် သူတောင်းစားတို့အား ပေးပြီးသော်လဲ မကုန်သေးဘဲ ရှိနေပါသတဲ့။ ဒါကြောင့် ဇေတဝန်ကျောင်း တံခါးဝအနီးရှိ ချိုင့်ထဲမှာ သွန်ပစ်ကြရပါသတဲ့။ အဲဒီလို မုံ့များကို ဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရားက အနုမောဒနာတရားကို ဟောတော်မူတယ်၊ အဲဒီ တရားကို နာပြီး သေဋ္ဌေးကြီးနှင့် သေဋ္ဌေးကတော်ကြီး နှစ်ဦးလုံး သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်သွားကြပါသတဲ့။

## မစ္ဆရိယ၏ ရသ

ယခုပြောခဲ့တဲ့ မစ္ဆရိယကောသိယ၏ ဝတ္ထုဖြင့် မစ္ဆရိယခေါ်တဲ့ ဝန်တိုခြင်းဟာ ကိုယ်ပိုင်ပစ္စည်းကို နှမြောသဖြင့် လျှို့ဝှက်ခြင်းသဘောရှိကြောင်း အလွန်ထင်ရှားပါတယ်။ နောက်ပြီးတော့ ဒီမစ္ဆရိယဟာ ကိုယ်ပိုင်ပစ္စည်းသူတပါးနှင့် စပ်ဆိုင်မယ်ဆိုလျှင် စိတ်ဆင်းရဲစေခြင်း သည်းမခံနိုင်စေခြင်း ကိစ္စရှိပါတယ်-တဲ့။ မစ္ဆရိယအားကြီးတဲ့သူဟာ ကိုယ့်ပစ္စည်းကို သူများကိုင်မယ် ယူမယ်ဆိုယင် သည်းမခံနိုင်ဘူး၊ "သမီး ခင်ပွန်း ဆိုလို့ရှိယင် အခြားသူ အနီးအပါးကပ်တာ ကြည့်ရှုတာတောင် မကြိုက်တတ်ဘူး၊ အခြားသူနှင့် ပြုံးပြုံးရွှင်ရွှင် စကားပြောတာကို တွေ့ရယင် သည်းမခံနိုင်ဘူး၊ စိတ်ဆင်းရဲများစွာဖြစ်တတ်တယ်"ဆိုတာ စာပေအရအားဖြင့်ရင်း၊ လောကမျက်မြင်အရအားဖြင့်ရင်း ထင်ရှားပါတယ်။

## မပေးတိုင်းလဲ မစ္ဆရိယမဟုတ်

သို့ပေမဲ့ ပစ္စည်းကို မပေးမလှူတိုင်းလဲ မစ္ဆရိယလို့ မဆိုရဘူး၊ ပေးလှူနိုင်လောက်ပါလျက် ပေးလှူသင့်ပါလျက် မပေးမလှူနိုင်ယင်သာ မစ္ဆရိယလို့ဆိုရတယ်။ ဥပမာ–သီတင်း သီလနှင့် ပြည့်စုံတဲ့ သူတော်ကောင်းတွေကိုသာ လှူဘို့ ရည်မှန်းထားတဲ့ပစ္စည်းကို သီတင်း သီလမဲ့တဲ့သူကို မပေးမလှူနိုင်တာဟာ မစ္ဆရိယ မဟုတ်ပေဘူး၊ အမြဲသုံးစွဲနေရလို့ မရှိမဖြစ်တဲ့ပစ္စည်းကို မလှူနိုင်တာလဲ မစ္ဆရိယ မဟုတ်ပေဘူး၊ အရှင်ဥဒါယီက ဥပ္ပလဝဏ်ထေရီမထံမှ ဝတ်နေတဲ့ သင်းပိုင်ကို တောင်းတဲ့အခါ ထေရီမက မလှူနိုင်ဘူးလို့ ငြင်းတယ်၊ အဲဒါဟာ မလှူသင့်တဲ့ပစ္စည်းမို့ ငြင်းတာဘဲ၊ ဝန်တိုလို့ နှမြောလို့ ငြင်းတာမဟုတ်ပေဘူး။ ထို့အတူ မထိုက်တန်တဲ့ပစ္စည်းကို တောင်းတဲ့သူအား မပေးမလှူတာလဲ မစ္ဆရိယ မဟုတ်ပေဘူး။ နောက်ပြီးတော့ အလွန်ခင်မင်မြတ်နိုးနေတဲ့ပစ္စည်းကို မပေးမလှူနိုင်တာလဲ မစ္ဆရိယမဟုတ်ပေဘူး၊ တပ်မက်ခင်မင်တဲ့ လောဘကြောင့်သာ ဖြစ်ပေလိမ့်မယ်။

## ဝန်တိုခြင်း၏ အပြစ်နှင့် ဝန်မတိုခြင်း၏ အကျိုး

ပေးလှူနိုင်လောက်တဲ့ ပစ္စည်းကို မပေးမလှူရက်ပဲ ဖြစ်နေတာကတော့ မစ္ဆရိယဘဲ၊ တချို့က ပေါမျှားပြည့်စုံနေပါလျက်နဲ့ ပေးကမ်းလှူဒါန်းခြင်း မရှိဘူး၊ ရသမျှကို သိမ်းသာသိမ်းထုပ်ထားတယ်၊ ကိုယ့်အိမ်သူ အိမ်သားတွေ တောင် မပေးချင်ဘူး၊ ကိုယ်တိုင်တောင် မသုံးရက်ဘူး၊ သူများတွေ ပေးကမ်း လှူဒါန်းတာကိုလဲ ပိတ်ပင်တားမြစ်တတ်တယ်။ အဲဒီလို ဝန်တိုတာကတော့ အပြစ်ကြီးတယ်၊ "နောင်သံသရာဘဝအတွက် အားကိုးရာမဲ့ဖြစ်ပြီး အပါယ်ငရဲ ကျရောက်တတ်တယ်၊ လူ့ဘဝ ပြန်ရောက်လာယင်လဲ ပစ္စည်းဥစ္စာမဲ့ပြီး ဆင်းရဲ ဒုက္ခရောက်တတ်တယ်"ဆိုတဲ့ အကြောင်းကို စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာ ဘုရားက ဟောပြထားပါတယ်။ ဝန်တိုခြင်းမရှိဘဲ ပေးလှူတတ်တဲ့သူကတော့ နတ်ရွာသုဂတိရောက်တတ်ကြောင်း၊ လူ့ဘဝပြန်ရောက်လာယင်လဲ ပစ္စည်းဥစ္စာ ပေါမျှားကြွယ်ဝတတ်ကြောင်းကိုလဲ အဲဒီသုတ်မှာ ဟောပြထားပါတယ်။ အဲဒါကို ဘုန်းကြီးက "မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါမျှားသည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(၂၉) မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါမျှားသည်။ (ဆို)

## တောဒေယျ ပုဏ္ဏားအကြောင်း

စူဠကမ္မဝိဘင်္ဂသုတ် ဆိုတာ တောဒေယျပုဏ္ဏားကြီး၏သား သုဘလုလင်က မေးလို့ မြတ်စွာဘုရားက ဖြေရှင်းဟောကြားထားတဲ့ သုတ်ပါဘဲ။ တောဒေယျ ဆိုတာ ပသေနဒီကောသလမင်းက အပိုင်စားပေးထားတဲ့ တုဒီရွာစား ပုရောဟိတ်ပုဏ္ဏားကြီး ဖြစ်တယ်၊ ပစ္စည်းဥစ္စာကတော့ ၈၇-ကုဋေ ကြွယ်ဝတယ်၊ (ပရမမစ္ဆရီ) အလွန် ဝန်တိုနှမြောတယ်၊ သူ့ အိမ်သူ အိမ်သားတွေကို သူက ဒီလို ဆုံးမသင်ကြားပါသတဲ့။

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရ မာဝသေ-တဲ့။

အဉ္ဇနာနံ၊ မျက်စဉ်းကျောက်တို့၏။ ခယံ၊ သွေးတိုင်း ကုန်ကုန်သွားခြင်းကို ၎င်း။ ဝမ္မိကာနံ၊ တောင်ပို့တို့၏။ သဉ္စယံ စ၊ တနေ့ထက်တနေ့ တချိန်ထက်

တချိန် တိုးပွါးလာခြင်းကို၎င်း။ မဓုနံ၊ ပျားတို့၏။ သမာဟာရံ စ၊ စုဆောင်း ပုံကို၎င်း။ ဒိသွာ၊ ကြည့်ရှုဆင်ခြင်၍။ ပဏ္ဍိတော၊ ရှေးနောက်မြှော်သိ ပညာ ရှိသည်။ ဃရံ အာဝသေ၊ အိမ်ကို အုပ်စိုးနေရာ၏-တဲ့။

ကုလားထိုးစံအရ မျက်စဉ်းကျောက်ညိုကို သွေးပြီး မျက်ခွံကို ကွင်းရတယ်၊ မျက်ကွင်းညိုကလေးဖြစ်အောင် လုပ်တာပါဘဲ၊ အဲဒီလို မျက်စဉ်းကျောက်ကို သွေးရာမှာ တကြိမ် တကြိမ်အတွက်ဆိုယင် မျက်စဉ်းကျောက်မှာ ပွန်းပြီး ကုန်ကုန်သွားတာဟာ ဘာမှ မပြောလောက်ပါဘူး၊ နဲနဲကလေးပါဘဲ၊ ဒါပေမဲ့ သွေးဖန်များတော့ မျက်စဉ်းကျောက်ဟာ အကုန်လုံး ကုန်သွားတယ်။ အဲဒါ လိုဘဲ သုံးစွဲပေးလှူလို့ရှိယင် နဲနဲ နဲနဲချင်းပေမဲ့ ကြာယင် အများကြီးကုန်သွား နိုင်တယ်၊ ရှိစုမဲ့စု အကုန်လုံးလဲ ကုန်သွားနိုင်တယ် ဆိုတာကို ဆင်ခြင်ပြီး အသုံး အစွဲ ချွေတာရမယ်၊ မပေးမကမ်းရဘူးလို့ ပဌမအပိုဒ်က ဆိုလိုပါတယ်။ လောက စီးပွါးရေးမျက်စိနဲ့ ကြည့်ယင် အဲဒါ သဘာဝကျတယ်လို့ ဆိုရမှာဘဲ။ ယခု အသင့်အတင့် ပစ္စည်းဥစ္စာ ပြည့်စုံနေတဲ့ သူတွေကို စိစစ်ကြည့်ယင် အသုံး အဖြုန်းနဲတဲ့သူတွေဖြစ်ကြောင်း တွေ့ရပါလိမ့်မယ်၊ ပစ္စည်းမဲ့ ဆင်းရဲတဲ့သူတွေကို စိစစ်ကြည့်ယင်လဲ စည်းမဲ့ကမ်းမဲ့ သုံးဖြုန်းတဲ့အတွက် ဖြစ်ကြောင်း တော်တော် များများ တွေ့ရပါလိမ့်မယ်။ ဗမာပြည်မှာ ရှင်ပြုတို့ မင်္ဂလာဆောင်တို့ ဒီလိုကိစ္စ တွေကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ပြုကြတဲ့ အလေ့အထရှိတယ်၊ ပြည့်စုံကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ ဘာမှ ပြောစရာမရှိပါဘူး၊ ပြုသင့် တယ်လို့ ဆိုရမှာပါဘဲ။ ဒါပေမဲ့ ကိုယ့်မှာ မရှိဘဲနဲ့ သူများထံမှ ချေးငှါးပြီး ပကာသနလုပ်ကြတာတွေကတော့ ပျက်စီးဘို့ရာ ဖြစ်နေတာဘဲ။တချို့တောရွာက လူတွေဟာ ငွေသုံးလေးရာလောက်နဲ့အခြေတည်ပြီး တထောင်ကျော် နှစ်ထောင် ကျော် ရှင်ပြုအလှူပွဲကြီး လုပ်တယ်၊ ပွဲပြီးတဲ့အခါ တထောင်ကျော်လောက် အကြွေးတင်နေတယ်၊ အဲဒီအကြွေးတွေအတွက် လှည်း နွားစသည်တွေ ပြုတ်ကုန် တယ်၊ ရှေးကဆိုယင်တော့ လယ်ယာတွေလဲ ပြုတ်ကုန်တယ်။ နောက်ပြီးတော့ တောရွာတွေမှာ ဘုန်းကြီးပျံကိစ္စတွေ ဆိုတာလဲ ရှိတယ်၊ ဘုရားပွဲကိစ္စတွေဆို တာလဲ ရှိတယ်၊ အဲဒီလိုပွဲတွေအတွက်လဲ မလွဲမရှောင်သာ အလှူငွေ ထည့်ကြရ တယ်၊ အဲဒါတွေဟာ စေတနာကလဲ ထက်သန်လှမယ် မဟုတ်ဘူး၊ ဒါကြောင့်

အကျိုးမများဘဲနဲ့ စီးပွါးပျက်ဖို့ အကြောင်းတွေ ဖြစ်နေတယ်-လို့ ဆိုဘွယ်ရာ ရှိပါတယ်။

ဒါပေမဲ့ ကုသိုလ်ရေးဘက်ကနေ ကြည့်ယင်တော့ ပေးလှူသင့်တာတွေလဲရှိပါတယ်။ မိမိ၏လက်ရှိပစ္စည်းကို လေးပုံပုံပြီး တပုံကို သုံးရမယ်၊ ၂-ပုံဖြင့် စီးပွါးရေးအလုပ်ကို လုပ်ရမယ်၊ ကျန်တဲ့တပုံကို လိုရမယ်ရသိမ်းထားရမယ်ဆိုတဲ့ ရှေးခေတ်ကပညာရှိတို့၏ ဩဝါဒအတိုင်းဖြစ်စေ၊ ယခုခေတ်အလိုက် သင့်လျော်တဲ့အချိုးအစားဖြင့် ဖြစ်စေ သုံးစွဲရမယ်၊ အဲဒီသုံးစွဲတဲ့အဖို့ထဲမှ ခွဲထုတ်ပြီးပေးလှူသင့်တဲ့ ပုဂ္ဂိုလ်များအား ပေးလှူရမယ်။ မလွဲမကင်းသာပြုရတဲ့ သားရှင်ပြုမျိုးဆိုယင် မိမိ တတ်နိုင်သမျှနဲ့ ဆောင်ရွက်လိုက်ယင်လဲ ရှင်ပြုကုသိုလ် ပြီးမြောက်နိုင်ပါတယ်၊ အကျဉ်းဆုံးအားဖြင့်ဆိုယင် သင်္ကန်း, သပိတ်, ဆွမ်းတအုပ်လောက်နဲ့ ကျောင်းသွားပြီး ရှင်ပြုလိုက်ယင် စင်စင်ကြယ်ကြယ် ရှင်ပြုအလှူကုသိုလ် ဖြစ်နိုင်တာပါဘဲ။ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဆိုယင်တော့ သူ့အင်အားရှိသလောက် စေတနာထက်သန်သလောက် ချဲ့ပြီး အကြီးအကျယ် အလှူပွဲကြီးလဲ လုပ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုယင် အဲဒီအလှူကုသိုလ်ဟာ သံသရာတလျှောက်လုံးမှာ လိုက်ပါပြီး ချမ်းသာစေမည့် ကုသိုလ်ဖြစ်တဲ့အတွက်ကြောင့်ပါဘဲ။ ထို့အတူ တတ်နိုင်ယင်တော့ မိမိအင်အားရှိသလောက် ချင့်ချိန်ပြီး အခါအားလျော်စွာ ပေးကမ်းလှူဒါန်းခြင်းတွေလဲ ပြုသင့်တာပါဘဲ။ ဒါပေမဲ့ တောဒေယျပုဏ္ဏားကြီးရဲ့ အလိုကတော့ ပေးကမ်းခြင်းကို လုံးဝမပြုရဘူး၊ ပေးယင် ပစ္စည်းကုန်ရုံဘဲ-လို့ ယူဆပြီး ဩဝါဒပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သူ့ဩဝါဒကတော့ ကုသိုလ်ရေးကို လုံးဝပိတ်ပင်တဲ့အတွက် မသင့်လျော်တဲ့ ဩဝါဒသာ ဖြစ်တယ်-လို့ ဆိုရမှာဘဲ။

ခြ,တောင်ပို့ တိုးတက်ပုံ, ပျားတို့၏ ပျားရည်စုဆောင်းပုံတွေကတော့ နဲနဲများများ ရသမျှစုဆောင်းရမယ်၊ ကြာယင် များစွာသော ပစ္စည်းအစုအပုံကြီး ဖြစ်လာနိုင်တယ်-လို့ ဆိုလိုပါတယ်။ ဒါကတော့ ပစ္စည်းစုရေး သက်သက်ဖြစ်တဲ့အတွက် နည်းယူစရာပါဘဲ။

တောဒေယျပုဏ္ဏားကြီးဟာ အဲဒီလို ဩဝါဒပေးပြီးတော့ သူကိုယ်တိုင်လဲ ဆွမ်းတဇွန်းမှလှူခြင်းမရှိဘဲ ပစ္စည်းဥစ္စာမှာတပ်မက်ပြီး သေသွားတဲ့အခါ သူ့အိမ်

မှာဘဲ ခွေးဖြစ်ရရှာတယ်။ သုဘလုလင်က အဲဒီခွေးကို အလွန်ချစ်မြတ်နိုးတယ်၊ သူစားတဲ့ထမင်းကို ကျွေးတယ်၊ အိပ်ရာကောင်းပေါ်မှာ ပွေ့တင်ပြီး သိပ်တယ်။ တနေ့သောအခါမှာ သုဘလုလင် သရဏဂုံသီလ၌ တည်မည့်အကြောင်းကို မြင်တော်မူတာနဲ့ မြတ်စွာဘုရားက သုဘလုလင်၏အိမ်ကို ကြွတော်မူတယ်၊ အဲဒီခွေးက-ဟောင်ပြီး မြတ်စွာဘုရားဆီ လာတယ်၊ အဲဒီအခါ မြတ်စွာဘုရားက "ဟဲ့-တောဒေယျ နင်ဟာ လူ့ဘဝတုန်းက ငါ့ကို မရိုမသေ ပြောဆိုတဲ့အတွက် ခွေးဖြစ်နေရတယ်၊ ယခုတခါ ငါ့ကို ဟောင်ပြန်ပြီ၊ ဒါကြောင့် နင် အဝီစိငရဲကို ရောက်လိမ့်မယ်-လို့ မိန့်တော်မူတယ်။ အဲဒီတော့ ခွေးက "ရဟန်းဂေါတမ ငါ့အကြောင်း သိသကိုး"လို့ နှလုံးသွင်းပြီး စိတ်ညစ်တာနဲ့ မီးဖိုပြာပုံထဲမှာ သွားပြီး အိပ်နေတယ်၊ သူ့ကို ဘယ်သူမှ အိပ်ရာကောင်းပေါ်တင်လို့ မရဘူး။ သုဘလုလင်က အပြင်မှပြန်လာတဲ့အခါ သူ့ခွေးအကြောင်း မေးကြည့်တော့ အကြောင်းအလုံးစုံကို ပြောကြားကြတယ်။ အဲဒီတော့ သုဘလုလင်က ငါ့ဖခင်ဟာ ဗြဟ္မာပြည် ရောက်သွားတာဘဲ၊ ရဟန်းဂေါတမက "ငါ့ဖခင်ကို ခွေးဖြစ်တဲ့အနေနဲ့ ပြောသွားတယ်၊ သူဟာ နှုတ်တက်ရာရာ ပြောချင်တာကို ပြောသွားတာဘဲ"လို့ ဆင်ခြင်ပြီး စိတ်ဆိုးတယ်။ ဘုရားလက်ထက် ပုဏ္ဏားတွေက သူတို့ပုဏ္ဏားတွေသေယင် ဗြဟ္မာ့ပြည်ရောက်တယ်-လို့ချည်း ယုံကြည် ယူဆကြတယ်။ ဒါကြောင့် သူ့ဖခင်အမည်နဲ့ ခွေးကို ပြောတာ အကြောင်းပြုပြီး သူက စိတ်ဆိုးတယ်။

အဲဒီလို စိတ်ဆိုးပြီး မြတ်စွာဘုရားကို မုသာဝါဒဖြင့် စွပ်စွဲမယ်-လို့ ဘုရားထံ သွားပြီးမေးတယ်။ မြတ်စွာဘုရားက သူ့ဖခင်ခွေးဖြစ်တဲ့အကြောင်း ပြောပြီးတော့ သက်သေသာဓက ခိုင်လုံစေရန် "သင့်ဖခင်က မပြောခဲ့တဲ့ဥစ္စာ ရှိသလား"လို့ မေးတော်မူတယ်။ တသိန်းစီထိုက်တန်တဲ့ ရွှေပန်းကုံး၊ ရွှေခြေနင်း၊ ရွှေခွက်နှင့် ငွေတသိန်းဆိုတဲ့ ဒိပစ္စည်း ၄-ရပ်ကို မပြောခဲ့ကြောင်း လျှောက်တယ်။ ဒါဖြင့် သင်အိမ်ပြန်သွား၊ သင့်ခွေးကို နို့ထမင်းကျွေးပြီး အိပ်ပျော်လုနီးဖြစ်နေတဲ့ အခါမှာ မေးကြည့်လေ၊ အဲဒီပစ္စည်းတွေထားခဲ့နေရာကို ခွေးက ပြလိမ့်မယ်-လို့ မိန့်တော်မူလိုက်တယ်။ သုဘလုလင်လဲ မြတ်စွာဘုရား အမိန့်ရှိလိုက်တဲ့အတိုင်း ခွေးကို ကျွေးပြီး အိပ်ရာပေါ်မှာ တင်သိပ်တယ်၊ အိပ်ပျော်လုနီးဖြစ်နေတဲ့အခါ ခွေးကို

မေးတယ်။ ဒီတော့ "ခွေးက ငါ့အကြောင်း အကုန်သိကုန်ပြီ"လို့ ဆင်ခြင်ပြီးတော့ အူပြီး ငိုရင်း ဥစ္စာထားတဲ့နေရာကို လက်နဲ့ ယက်ပြီး ပြတယ်။

## ပြဿနာ ၁၄-ခု

အဲဒီတော့မှ သုဘလုလင်က မြတ်စွာဘုရားကို အလုံးစုံ သိတော်မူတဲ့ဘုရားဘဲ-လို့ ယုံကြည်သဒ္ဓါဖြစ်ပြီး ပြဿနာ ၁၄-ခုကို မေးလျှောက်တယ်။ လူလူချင်းတူပါလျက် တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ တချို့က အနာများတယ်၊ တချို့က ကျန်းမာတယ်၊ တချို့က အရုပ်ဆိုးတယ်၊ တချို့က အဆင်းလှတယ်၊ တချို့က အခြွေအရံနည်းတယ်၊တချို့က အခြွေအရံများတယ်၊ တချို့က ပစ္စည်းမရှိဘူး၊ တချို့က ပစ္စည်းပေါများတယ်၊ တချို့က အမျိုးညံ့တယ်၊ တချို့က အမျိုးမြတ်တယ်၊ တချို့က ပညာမရှိဘူး၊ တချို့က ပညာကြီးတယ်၊ အဘယ်အကြောင်းကြောင့် ဒီလို ကွဲပြားနေကြရပါသလဲ-လို့ ပြဿနာ ၇-စုံ ၁၄-ခုကို မေးလျှောက်တယ်။

အဲဒီပြဿနာ ၁၄-ခုကို မြတ်စွာဘုရားက ရှင်းလင်းဖြေကြားတော်မူပါတယ်။ **အဲဒီအဖြေ ၁၄-ခုထဲက အသက်တိုရှည် ကွဲပြားကြောင်းကို ဒုတိယပိုင်းမှာပြခဲ့ပြီ၊ အနာများနည်းအကြောင်းကို ပဋ္ဌမပိုင်းမှာ ပြခဲ့ပြီ၊အဆင်းလှမလှ အကြောင်းကို နဝမပိုင်းမှာ ပြခဲ့ပြီ၊ အခြွေအရံနည်းများအကြောင်းကို ယခု ဒသမပိုင်းအစနားက ပြခဲ့ပြီ၊ ဥစ္စာမွဲများအကြောင်းကိုတော့ ယခု ပြောဆဲဘဲ ရှိနေပါတယ်။ အဲဒီဆောင်ပုဒ်ကို ထပ်ပြီး ဆိုကြရမယ်။**

(၂၉) မပေးလှူက၊ မွဲပြာကျ၊ လှူမှပေါများသည်။ (ဆို)

ပစ္စည်းဥစ္စာတွေရှိပါလျက်နဲ့ ဝန်တိုနှမြောပြီး ပေးကမ်းလှူဒါန်းခြင်းကို မပြုယင် ဒါနကုသိုလ် မဖြစ်ဘူး၊ကုသိုလ်ကတော့ မပြုဘဲ ရပ်ထားယင် ဖြစ်တယ်၊ အကုသိုလ်ကတော့ ရပ်ထားလို့ ဖြစ်တာမဟုတ်ဘူး၊ အကုသိုလ်တွေကတော့ အကြောင်းအားလျော်စွာ ဖြစ်နေမှာဘဲ၊လိုချင်စရာကိုတွေ့ယင် လိုချင်တပ်မက်တဲ့လောဘဖြစ်မှာဘဲ၊ သူတပါးပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်စေချင်တဲ့ အဘိဇ္ဈာလဲ ဖြစ်နိုင်တာဘဲ၊ ခိုးဝှက်လုယက်မှု လိမ်လည်မှုလဲ ဖြစ်နိုင်တာဘဲ၊ မုန်းစရာကိုတွေ့ယင် ဒေါသဖြစ်မှာဘဲ၊ ညှဉ်းဆဲလို သေစေလိုတဲ့ဒေါသလဲ ဖြစ်နိုင်တယ်။ ဒါကြောင့်

ဒါနကုသိုလ်တောင်မရှိတဲ့သူမှာ အဲဒီအကုသိုလ်တွေက သေတဲ့အခါ ငရဲကို ဆောင် သွားလိမ့်မယ်၊ ငရဲကိုမရောက်အောင် ကယ်တင်မည့်ကုသိုလ်က သူ့မှာမရှိတဲ့ အတွက် ဘာမှ အားကိုးစရာမရှိဘဲ ဖြစ်နေလိမ့်မယ်။ ဥပမာအားဖြင့် ဆွေမျိုး မိတ်ဆွေမရှိတဲ့သူကို ရန်သူက နှိပ်စက်လျှင် ကယ်မည့်သူ မရှိသလိုပါဘဲ။ အဲဒီ ဒါန ကုသိုလ်မရှိတဲ့သူဟာ ငရဲမှ လွတ်လို့ ကုသိုလ်ကံတခုခုကြောင့် လူဖြစ်လာပြန် ယင်လဲ စားသုံးစရာပစ္စည်းဥစ္စာမရှိဘဲ မွဲပြာကျနေတတ်ပါတယ်တဲ့။

ဝန်တိုခြင်းမရှိဘဲ မိမိသုံးဘို့ စားဘို့ထဲမှ ခွဲထုတ်ပြီး ပေးကမ်းလှူဒါန်းတဲ့ သူမှာတော့ သေတဲ့အခါ နတ်ပြည်ကို ရောက်နိုင်တယ်၊ အကုသိုလ်အတော်အတန် ရှိနေပေမဲ့ ဒါနကုသိုလ်ကြောင့် နတ်ပြည်ကို ရောက်နိုင်တယ်၊ ဥပမာအားဖြင့် ရာဇဝတ်မှုအတော်အတန်ရှိနေပေမယ်-လို့ မျက်နှာကြီး ဖြစ်တဲ့သူမှာ အပြစ်ဒဏ်မှ လွတ်မြောက်တတ်သလိုပါဘဲ။ အဲဒီဒါနကုသိုလ်ရှိတဲ့သူဟာ လူ့ဘဝ ပြန်ရောက် လာယင်လဲ ဒါနကုသိုလ်၏ အစွမ်းကြောင့် ပစ္စည်းဥစ္စာပေါများတတ်ပါတယ်တဲ့။ ဒါကြောင့် ဝန်တိုနှမြောခြင်းဆိုတဲ့ မစ္ဆရိယကို ပယ်ပြီးတော့ မိမိတို့၏ အခြေ အနေအရ ဒါနကုသိုလ်ကို တတ်နိုင်သမျှ ပြုကြရမယ်။

ဒါပေမဲ့ ဗုဒ္ဓသာသနာဝင် ဗမာပြည်သူပြည်သားတွေအတွက်ကတော့ တိုက် တွန်းစရာတောင် မလိုပါဘူး၊ လှူဒါန်းပေးကမ်းမှုဘက်က အင်မတန်ရက်ရောကြ ပါတယ်၊ဒီ သာသနာ့ရိပ်သာက ကိုယ်တော်တွေ သုံးဆယ်ကျော် လေးဆယ်ကျော် အစဉ်အတန်းနဲ့ ဆွမ်းခံကြွကြတယ်၊ နေ့စဉ်နေ့တိုင်း ဆွမ်းတွေ ဟင်းတွေ ပြည့်စုံရုံ မကဘဲ ပိုလျှံနေအောင်တောင် လောင်းကြလှူကြတာဘဲ။ ဆန်ဝယ်မရလောက် နီးပါးရှားတဲ့ အချိန်တုန်းကလဲ တော်တော်ပြည့်စုံအောင် ဆွမ်းလောင်းနိုင်ကြ သေးတာဘဲ၊ အဲဒီလို လှူကြတဲ့သူတွေဟာ အများအားဖြင့် ချမ်းသာကြွယ်ဝတဲ့ သူတွေ မဟုတ်ကြပါဘူး၊ ဒါပေမဲ့ စေတနာသဒ္ဓါက ထက်သန်ကြတဲ့အတွက် ဆွမ်းလောင်းစရာကို ရအောင်ရှာကြံပြီး လှူနိုင်ကြပေတာဘဲ၊ နောင်သံသရာ တလျှောက်လုံး ကြီးပွါးချမ်းသာသွားကြမည့် သူတွေပါဘဲ။ တချို့က ဆွမ်းပင့် ကပ်ခြင်း ပေးလှူခြင်းတွေကို ခဏခဏ ပြုလုပ်နေကြလို့ ဘုန်းကြီးတို့က တားမြစ် တောင်မှ ထားရသေးတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာဝင် မြန်မာပြည်သူ ပြည် သားတွေကိုတော့ ဒါနနှင့်စပ်ပြီး အထူးတိုက်တွန်းစရာ မလိုပါဘူး၊

## မစ္ဆရိယငါးပါး

မစ္ဆရိယ-ဝန်တိုခြင်းကို အဘိဓမ္မာဒေသနာမှာ ငါးမျိုးခွဲခြားပြီး ပြထားတယ်၊ အဲဒီ ငါးပါးကို အတိုချုပ်မှတ်ထားရအောင် ဆောင်ပုဒ်တခု စီထားတယ်၊ "အာဝါ,ကုလ၊ လာဘ်,ဝဏ္ဏ၊ ဓမ္မ ဝန်တိုငါး"တဲ့။ အဲဒါကို ဆိုကြရမယ်။

အာဝါ,ကုလ၊ လာဘ်,ဝဏ္ဏ၊ ဓမ္မ ဝန်တိုငါး။ (ဆို)

## (၁) အာဝါသမစ္ဆရိယ

အာဝါသ-ကို အာဝါ-လို့ အတိုချုပ်ပြဆိုထားတယ်၊အဲဒီ အာဝါသ-နဲ့ မစ္ဆရိယ တွဲလိုက်တော့ အာဝါသမစ္ဆရိယ ဖြစ်တယ်၊ ကျောင်းအဆောက်အဦနှင့် စပ်ပြီး ဝန်တိုခြင်းလို့ ဆိုလိုတယ်။ ဒီမစ္ဆရိယငါးပါးကတော့ ရဟန်းတော်များကို ပဓာန-ပြုပြီး ဟောထားတဲ့ ဝန်တိုမှုတွေဖြစ်တယ်၊ ဒါကြောင့် ရဟန်းများနှင့် ပိုပြီး သက်ဆိုင်တယ်၊ လူများနဲ့တော့ အတော်အသင့်လောက်သာ သက်ဆိုင်ပါတယ်။ ဒါကြောင့် အာဝါသမစ္ဆရိယဆိုတာ သံဃာ့အာရာမ် ကျောင်းတိုက်ကြီးဘဲ ဖြစ်ဖြစ်၊ အဲဒီကျောင်းတိုက်ကြီးထဲက သီးသန့် အရံအတားနှင့် တည်ရှိတဲ့ ပရိဝုဏ် ခေါ်တဲ့ ကျောင်းတခုဘဲ ဖြစ်ဖြစ်၊ သို့မဟုတ် သီးသန့်ကျောင်းတခုဘဲ ဖြစ်ဖြစ်၊ အဲဒီလို ကျောင်းများမှာ သီလနှင့်ပြည့်စုံတဲ့ ရဟန်းကောင်းများကို မနေစေလို တဲ့ ဝန်တိုမှုပါဘဲ၊ ကျောင်းဆိုတာလဲ ရှေးတုန်းက သံဃာအားလှူထားတဲ့ သံဃိကကျောင်းဘဲ များပါတယ်၊ သံဃိကကျောင်းဆိုတာ အရပ်လေးမျက်နှာမှ လာလာသမျှ ရဟန်းသံဃာတွေနဲ့ ဆိုင်ပါတယ်၊ ဝါစဉ်အလိုက် နေရာပေးရပါ တယ်၊ အဲဒီလိုကျောင်းမှာ နေရာမပေးလိုဘဲ ဝန်တိုတာဟာ အာဝါသမစ္ဆရိယ-ပါဘဲ။ ဒါပေမဲ့ အကျင့်သီလ မကောင်းတဲ့ ပုဂ္ဂိုလ် ငြင်းခုံတတ် ရန်ဖြစ်တတ်တဲ့ ပုဂ္ဂိုလ် ဒီလိုပုဂ္ဂိုလ်များကို မနေစေလိုတာကတော့ မစ္ဆရိယ မဟုတ်ဘူး၊ ရဟန်း ကောင်းများကို မနေစေလိုတာကမှ မစ္ဆရိယမည်တယ်။ ပုဂ္ဂလိကကျောင်းဆို ယင်တော့ သိပ်အရေးမကြီးလှပါဘူး။ ဒါပေမဲ့ ကျယ်ကျယ်ဝန်းဝန်းလဲ ရှိမယ်၊ နေမည့်ရဟန်းကလဲ ပါသာဒိကဂုဏ်နှင့်ပြည့်စုံမယ်ဆိုယင် လက်ခံသင့်တာပါဘဲ၊ အကြောင်းမဲ့ လက်မခံလိုယင်တော့ မစ္ဆရိယလို့ ဆိုရမှာဘဲ။ လူများမှာလဲ

အပြစ်မရှိတဲ့လူကောင်းဆိုယင်၊ နေရာကလဲ နေသာထိုင်သာရှိယင် ခေတ္တခဏ-
အနေနဲ့တော့ နေရာပေးသင့်တာပါဘဲ။

## (၂) ကုလမစ္ဆရိယ

ကုလ ဆိုတာ ရဟန်းတော်တို့နှင့် စပ်ဆိုင်တဲ့ ဒကာ ဒကာမတွေကို ဆိုတယ်၊ ကုလမစ္ဆရိယဆိုတာ အဲဒီ ဒကာ ဒကာမတွေနဲ့ စပ်ပြီး ဝန်တိုတာပါဘဲ။ ရဟန်း များမှာ မိမိကို ကြည်ညို ကိုးကွယ်နေတဲ့ ဒကာဒကာမတွေဆိုတာ အသီးအသီး ရှိကြတယ်၊ အဲဒီလို ဒကာ ဒကာမတွေကို အခြားရဟန်းနှင့် မဆက်ဆံစေချင်တဲ့ သဘောဟာ တချို့မှာ ဖြစ်တတ်တယ်၊ တချို့က တခြားဘုန်းကြီးထံသွားမယ် ဆိုယင် တားမြစ်တောင် တားမြစ်ဘတ်သေးတယ်၊ ဒါပေမဲ့ တားမြစ်သင့်လို့ တားမြစ်တာကတော့ အပြစ်မရှိပါဘူး၊ ဘယ်လိုဟာလဲ ဆိုယင် သီလ စသည်နှင့် မပြည့်စုံလို့ မကြည်ညိုထိုက် မချဉ်းကပ်ထိုက်တဲ့ ပုဂ္ဂိုလ် ဖြစ်နေတဲ့အတွက် အဲဒီလို ပုဂ္ဂိုလ်ထံ မသွားဘို့ ပြောတာကတော့ အပြစ်မရှိပါဘူး၊ မကောင်း မြစ်တား ဆိုတဲ့ ဆရာသမားကျင့်ဝတ်ပါဘဲ။ အဲဒီလို မဟုတ်ပါဘဲ ကြည်ညိုထိုက် တဲ့ ပုဂ္ဂိုလ်ထံ မသွားရအောင် တားမြစ်တာကတော့ မစ္ဆရိယကြောင့်ဘဲ ဖြစ်တတ်တယ်။ တချို့အရပ်တွေမှာ သူ့ကျောင်းနှင့်ဆိုင်တဲ့ ဒကာဒကာမ၊ ကိုယ့် ကျောင်းနှင့်ဆိုင်တဲ့ ဒကာ ဒကာမ ဒီလို ခွဲခြားသတ်မှတ်ထားတယ်၊ မဆိုင်တဲ့ ကျောင်းကို အဝင်အထွက် ရှိမရှိ သိရအောင် စုံထောက်သဘောမျိုး ထားတာ တောင် ရှိတယ်လို့ ကြားဘူးတယ်။

ရဟန်းဆိုတာ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဆိုပြီး သံသရာဝဋ်ဆင်း ရဲမှ လွတ်မြောက်ဖို့ရာ သင်္ကန်းဝတ် ရဟန်းပြုလာခဲ့ကြတာချည်းပါဘဲ၊ ဒါပေမဲ့ တချို့ပုဂ္ဂိုလ်တွေမှာ ဒကာ ဒကာမတွေနဲ့ စပ်ပြီး ဒီဝန်တိုမှုက ရှိနေတာဘဲ၊ သေ သေချာချာ စဉ်းစား ကြည့်ယင် တော်တော်ကို မသင့်လျော် တာပါဘဲ။ အထူးအားဖြင့် တရွာမှာ တကျောင်းနှစ်ကျောင်း စသည်ဖြင့် ဘုန်းကြီးကနည်း ပြီး ဩဇာရှိတဲ့အရပ်တွေမှာ ဒီကုလမစ္ဆရိယက သာပြီး ဖြစ်တတ်တယ်။ တခါက ဗန်းမော်နယ် တောရွာတခုက ဘုန်းကြီးတပါးထံမှ စာတစောင်ရောက်လာတယ်၊ သူ့စာထဲမှာ ဖော်ပြထားတာကတော့– သူနေထိုင်တဲ့ရွာမှာ သူ့ကျောင်းနဲ့အခြား

ကျောင်း ဒီလို ၂-ကျောင်း ရှိပါတယ်တဲ့၊ အဲဒီမှာ အခြားကျောင်းက ဒကာ ဒကာမတွေ ကိုယ့်ကျောင်း ဝင်ထွက်ကိုးကွယ်ခြင်းကို လက်မခံဘို့ သူတို့ကျောင်းဘုန်းကြီး ၂-ပါးလုံးက သဘောတူ ကတိကဝတ်ပြုလုပ်ထားကြပါတယ်တဲ့။ ယခုတော့ သူ့ဆီက တပည့်ဒကာဒကာမတွေ တချို့က အခြားကျောင်းကို ဝင်ထွက်ကိုးကွယ်နေကြတယ်၊ လှူဒါန်းနေကြတယ်၊ အဲဒီလို လှူဒါန်းတာတွေကို လက်ခံတဲ့အတွက် အခြားကျောင်းက ဘုန်းကြီးမှာ အဒိန္နာဒါန်အာပတ်အပြစ် ထိုက်မထိုက် အဆုံးအဖြတ် ပေးတော်မူပါတဲ့ သူ့စာက ဆိုပါတယ်။

အဲဒါကို ဘုန်းကြီးက စဉ်းစားကြည့်မိပါတယ်၊ ဩော် ဒီကိုယ်တော်မှာ ကုလမဋ္ဌရိယ အကြီးအကျယ်ဖြစ်နေရှာပြီ၊ သူ့အလိုက ကတိကဝတ်ပြုထားရုံနဲ့ သူ့ဆိုင်ရာ ဒကာ ဒကာမတွေရော လှူမည့်ပစ္စည်းတွေရော သူပိုင်တယ်လို့ အထင်လွဲနေရှာတာဘဲ၊ သူတို့က ဘယ်လို ကတိကဝတ်ပြုပြု ဒကာ ဒကာမတွေကိုလဲ သူတို့ မပိုင်ပါဘူး၊ လှူမည့်ပစ္စည်းတွေလဲ သူတို့ မပိုင်ပါဘူး၊ ဒကာ ဒကာမတွေမှာ သူတို့သဘောအတိုင်း သူတို့ကြည်ညိုချင်ရာ ကြည်ညိုနိုင်တယ် သွားနိုင်တယ် လှူနိုင်တယ်။ ယခုမှသာ မဟုတ်ဘူး၊ ဘုရားလက်ထက်တော်ကာလကလဲ နိဂဏ္ဌနာဋပုတ္တ၏ ဒကာ ဒကာမအချို့ဟာ မြတ်စွာဘုရားကို ကြည်ညိုပြီး ဘုရားသာသနာတော် ဝင်လာကြတာတွေ ရှိခဲ့တာဘဲ။ အမှန်ကတော့ ဒီကိုယ်တော်မှာ ရှိသင့်ရှိထိုက်တဲ့ ဆရာ၏ဂုဏ် ချို့ယွင်းနေလို့ သူ့ဒကာတွေက တခြားဘုန်းကြီးကျောင်း သွားကြတာ ဖြစ်မှာဘဲ။ ဆရာဆိုတာ အကျိုးမဲ့မှ တားမြစ်ရတယ်၊ အကျိုးရှိတဲ့အမှုကို ညွှန်ကြားရတယ်၊ ဒကာ ဒကာမတွေ မကြားဘူးသေးတဲ့ တရားအသစ်ကိုလဲ ဟောရတယ်၊ ဟောဘူးတာကိုလဲ ပိုပြီး သိနားလည်အောင် ထပ်ပြီး ဟောရတယ်၊ နတ်ပြည်ရောက်ကြောင်း ကောင်းမှုကိုလဲ ညွှန်ကြားရတယ်၊ ဒကာ ဒကာမတွေကို ချမ်းသာပါစေလို့ စိတ်ဖြင့်လဲ မေတ္တာပွါးရတယ်၊ ကိုယ်နှုတ်ဖြင့်လဲ ဝိနည်းပြစ်မရှိတဲ့ကိစ္စကို မေတ္တာရှေ့သွားပြီး ဆောင်ရွက်ရတယ်။ အဲဒီဆရာ့ကျင့်ဝတ်တွေ ပျက်လို့ သူ့ဒကာ ဒကာမတွေက တခြားသွားကြတာ ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ နောက်ပြီးတော့ သင်္ဂဟတရား လေးပါးဆိုတာ ရှိတယ်၊ လူလူချင်းဆိုယင် ပေးကမ်းချီးမြှောက်ရမယ်တဲ့၊ ရဟန်းကတော့ လူများအား ပစ္စည်းမပေးကောင်းဘူး။ ချစ်ခင်ကြည်ညိုဘွယ် ချိုချိုသာသာ

ပြောရမယ်တဲ့၊ အဲဒါက အရေးကြီးပါတယ်၊ ဘုန်းကြီးက ဘုန်းကြီးမာန်နဲ့ ဝေါက်ငန်းမာန်မဲပြီး ပြောတတ်တယ်။ သူ့အကျိုးကိုဆောင်ရွက်ရမယ်တဲ့၊ ကလေးသူငယ်တွေ သင်ကြားပေးခြင်း တရားဟောပြောခြင်း စသည်ဖြင့် ဆောင်ရွက်ဖို့ပါဘဲ၊ အဲဒီ ကျင့်ဝတ်ကလဲ အများအားဖြင့် လိုနေတတ်ပါတယ်၊ ဘုန်းကြီးဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ကိုယ့်တာဝန် ချွတ်ယွင်း ပျက်ကွက်တာကိုတော့ မဆင်ခြင်ဘဲ ကိုယ့်ထံ မလာတဲ့လူတွေရဲ့ အပြစ်ကိုချည်း ကြည့်ရှုနေတတ်ကြတယ်၊ အဲဒါက တော်တော်မှားနေကြတာဘဲ။ လူလူချင်းဆိုယင် သူတပါးကို အောက်မချဘဲ တန်းတူထားပြီး ပြောဆိုဆက်ဆံရမယ်တဲ့။ အဲဒီသင်္ဂဟတရား ၄-ပါးထဲက ချိုချိုသာသာပြောဆိုရမယ်၊ သူ့အကျိုးကျင့်ရမယ်ဆိုတဲ့ သင်္ဂဟတရား ၂-ပါး ချို့ယွင်းနေလို့ သူတပည့် ဒကာ ဒကာမတွေက တခြားကျောင်း ပြောင်းသွားကြဟန်တူတယ် စသည်ဖြင့် စဉ်းစားပြီးတော့ အဲဒီ အကြောင်းအရာတွေရော, ဆရာကျင့်ဝတ်သင်္ဂဟတရားများနှင့် ပြည့်စုံအောင် ဆောင်ရွက်ဖို့ ညွှန်ကြားချက်ရောရေးပြီး ပြန်ကြားလိုက်ဖို့ ဦးဇနကအား ခိုင်းလိုက်ရပါတယ်။ ဦးဇနက ကလဲ အပြည့်အစုံ ရှင်းရှင်းလင်းလင်း ရေးပြီး ပြန်ကြားလိုက်တယ်။

အဲဒီအထဲမှာ တရားဟောဘို့ဆိုတာက ကျောင်းထိုင်ဘုန်းကြီးတို့၏ ကျင့်ဝတ်ပဲ၊ "ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်အင်္ဂါငါး"ဆိုတဲ့ လင်္ကာအရ ဆယ်ဝါပြည့်မှ ကျောင်းထိုင်ဘုန်းကြီးလုပ်ရတယ်၊ ယခုကာလမှာတော့ တဝါ နှစ်ဝါတောင်မရသေးတဲ့ တောထွက်ကိုယ်တော်ကြီးတွေက ကျောင်းထိုင်ဘုန်းကြီးလုပ်နေတာတွေ, ဆရာတော်ကြီးအခေါ် ခံနေတာတွေလဲ ရှိနေတာပါဘဲ။ ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်းဆိုတဲ့ ဝိဘင်းနှစ်ခုကို တတ်သိနားလည်ရမယ်၊ ပါရာဇိကဏ် ပါဠိတော်နှင့် ပါစိတ်ပါဠိတော် ၂-အုပ်ကို တတ်သိနားလည်ဘို့ပါဘဲ၊ အောက်ထစ်ဆုံးအားဖြင့် ဒွေမာတိကာဆိုတဲ့ ပါတိမောက်ကို တတ်သိနားလည်ဘို့ နှုတ်တက်ဆောင်ထားဘို့ပါဘဲ၊ ယခုကာလမှာတော့ ပါရာဇိကသိက္ခာပုဒ် ၄-ပါးလောက်တောင် မသင်ကြား မလေ့လာဘူးဘဲ ဘုန်းတော်ကြီး, ဆရာတော်ကြီးတွေ ဖြစ်နေတာတွေလဲ ရှိနေတာပါဘဲ။ နောက်ပြီးတော့ မဟာဝဂ္ဂ စူဠဝဂ္ဂ ဆိုတဲ့ ခန္ဓကလာ ကျင့်ဝတ်သိက္ခာပုဒ်တွေကိုလဲ တတ်သိနားလည်ရမယ်-တဲ့။ နောက်ပြီးတော့ ကံကြီးကံငယ်ဆောင်ပုံတွေ

လဲ တတ်သိနားလည်ရမယ်-တဲ့။ အဲဒါတွေ နားမလည်ဘဲ ကျောင်းထိုင်နေယင်တော့ ရှင်ပြု ရဟန်းခံမှုစပြီး ဝိနည်းနှင့်မညီယင် ကံမအောင်ဘဲဖြစ်ပြီး သာသနာပျက်ဖို့ရာ အကြောင်းဖြစ်ပါတယ်။ နောက်ဆုံး အင်္ဂါကတော့ နာမ်ရုပ်ကို ပိုင်ပိုင်နိုင်နိုင် ဟောနိုင်တဲ့ အရည်အချင်းရှိရမယ်တဲ့။ အဲဒါက အလွန်ဘဲ အရေးကြီးပါတယ်၊ လူတွေက ဘုန်းကြီးကို ဆရာတင်ပြီး ကိုးကွယ်ကြတာဟာ နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်းနှင့် စပ်ပြီး မိမိတို့ မသိနားမလည်တာကို သွန်သင်ညွှန်ကြားဘို့ ကိုးကွယ်ကြတာဘဲ မဟုတ်လား၊ လူတွေမှာ စားဝတ်နေရေးအတွက် တနေကုန် တနေခန်း အလုပ်လုပ်နေကြရတယ်၊ တရားကျမ်းဂန်တွေကို လေ့လာဘို့ အချိန်မရှိဘူး၊ ဒါကြောင့် မိမိအား ကိုးကွယ်ပေးလှူနေကြတဲ့ ဒကာ ဒကာမတွေကို ကျောင်းထိုင်ဘုန်းကြီးက တရားကျမ်းဂန်နှင့်အညီ ဟောပြော ညွှန်ကြားနိုင်ဘို့ အရေးကြီးပါတယ်။

ဒါကြောင့် ကျောင်းထိုင်ဘုန်းကြီးလုပ်ယင် သရဏဂုံ သီလဆောက်တည်ပုံမှစပြီး မသိသေးတဲ့သူတွေ သိအောင် ဟောပြရမယ်၊ ဥပုသ်စောင့်ပုံ ဟောပြရမယ်၊ ဒါနနှင့်စပ်ပြီးတော့လဲ ဟောပြရမယ်၊ အလိုရှိတဲ့ ပုဂ္ဂိုလ်များအတွက် ဘာဝနာလုပ်ငန်းများကိုလဲ ကျမ်းဂန်နှင့်အညီ ဟောပြရမယ်။ အဲဒီလို ကိုယ့်ဘက်က တာဝန်ကျေဘို့ရာ အရေးကြီးပါတယ်။ အဲဒီလို တာဝန်မကျေယင်တော့ တရားနာချင်တဲ့လူတွေက တရားဟောတတ်တဲ့ ဘုန်းကြီးများထံ ချဉ်းကပ်ကြလိမ့်မယ်၊ အဲဒါဟာ သူ့အကျိုး သူရှာတာဘဲ၊ ဆရာဘုန်းကြီးက ဝန်တိုစရာ မဟုတ်ပေဘူး၊ တရားအားထုတ်ချင်တဲ့လူတွေက ကမ္မဋ္ဌာန်းတရား ဟောပြတဲ့ပုဂ္ဂိုလ်ထံ ချဉ်းကပ်ကြလိမ့်မယ်၊ ဒါလဲ သူ့အကျိုး သူရှာတာဘဲ၊ ဝန်တိုစရာမဟုတ်ပေဘူး။ ဒါပေမဲ့ တချို့ တောရွာအရပ်တွေမှာ ဝိပဿနာတရားပွဲကို မသွားရအောင် ဒကာ ဒကာမတွေကို တားမြစ်တာလဲ ရှိသေးတယ်လို့ ကြားရတယ်၊ ဝမ်းနည်းစရာပါဘဲ။ အဲဒီမှာ တချို့ဝိပဿနာတရားဆိုတာတွေက စာပေကျမ်းဂန်နှင့်မညီဘဲ စာလွတ် ပေလွတ်တရားတွေ ဖြစ်တဲ့အတွက် တားမြစ်တယ် ဆိုယင်တော့ အပြစ်မရှိပေဘူး၊ စာပေကျမ်းဂန်နှင့်အညီ ဟောတဲ့တရားကို မနာဘို့ ပိတ်ပင်ယင်တော့ အလွန်ဘဲ အပြစ်ကြီးပေလိမ့်မယ်၊ ဒါကြောင့် ဒီ ကုလမဇ္ဇရိယကို ရဟန်းများမှာ အထူးသတိပြုသင့်ပါတယ်။ လူများမှာလဲ ကိုယ်နှင့်စပ်တဲ့လူတွေ

အခြားသူနှင့် ရင်းနှီးခြင်းအလိုမရှိတာဟာ ဒီ ကုလမစ္ဆရိယထဲမှာ ပါဝင်တယ်လို့ ဆိုရမှာဘဲ။ အဲဒါကလဲ ကိုယ့်အခြေအရံ အပေါင်းအသင်းတွေ သူတပါး၏အခြေအရံ အပေါင်းအသင်းဖြစ်သွားမှာကို မလိုလားတဲ့ အနေအားဖြင့် ဖြစ်တတ်ပါတယ်။ အဲဒီမှာလဲ မသင့်လျော်တဲ့သူနှင့် ပေါင်းပြီး အကျိုးမဲ့ဖြစ်မှာ စိုးရိမ်လို့ မသင့်လျော်တဲ့သူနှင့် မနီးစပ်စေလိုတာကတော့ မစ္ဆရိယမဟုတ်ပါဘူး၊ ကောင်းမြတ်တဲ့ စိတ်ထားပါဘဲ။

လောကမှာ အယူအဆအမျိုးမျိုး ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ကိုယ်ကြိုက်ရာ ဟောပြောနေကြတာတွေက အများသားဘဲ၊ တချို့က မြတ်စွာဘုရား၏ တရားတော်နှင့် ပြောင်းပြန် ဆန့်ကျင်ဘက် ဟောနေတာလဲ ရှိတာဘဲ။ မြတ်စွာဘုရားက အကုသိုလ်ကို ပယ်ရမယ်၊ ကုသိုလ်ကို ပြုရမယ်၊ သမထဝိပဿနာဘာဝနာအလုပ်ကို ပွါးများအားထုတ်ရမယ်လို့ ဟောထားတယ်၊ တချို့က အဲဒါနဲ့ ပြောင်းပြန်ဟောနေတယ်၊ "သူတို့ဟောတဲ့အတိုင်း သိယင် ကိစ္စပြီးတယ်၊ ကုသိုလ်လဲ ပြုဘို့မလိုဘူး၊ အကုသိုလ်လဲ ရှောင်ဘို့မလိုဘူး၊ ဘာဝနာအလုပ်လဲ အားထုတ်ဖို့ မလိုဘူး" လို့ ဟောနေကြတယ်။တချို့က သူတို့ကိုယ်တိုင်က ရဟန္တာဖြစ်နေတဲ့အနေမျိုးနဲ့ ဝန်ခံပြီးတော့လဲ ဟောနေကြတယ်၊ သစ္စာ ၄-ပါးသိယင် ဗုဒ္ဓ-ဘုရားဖြစ်တယ်ဆိုပြီး ဘုရားဖြစ်တဲ့ အနေနဲ့လဲ ဝန်ခံပြီး ဟောနေကြတယ်၊ ဒါပေမဲ့ သူတို့မှာ ကာမဂုဏ်အာရုံတွေကလဲ ကင်းတာမဟုတ်ဘူး။ အဲဒီလို ဟောနေကြတာကို လက်ခံအားပေးနေတဲ့ သူတွေကလဲ ရှိနေတာဘဲ၊ တရားနဲ့စပ်ပြီး အဲဒီလောက်ထူတဲ့ နတဲ့လူတွေကလဲ ရှိတာဘဲ။ အဲဒီလို တရားမဟုတ်တာတွေကို တရားကောင်းထင်ပြီး လိုက်နာနေကြတဲ့ သူတွေအတွက် စဉ်းစားကြည့်လိုက်ယင် အလွန်ဘဲ သနားစရာကောင်းပါတယ်၊ သူ့ခမျာတွေမှာ တရားလိုလားတဲ့ စိတ်ကောင်းရှိနေပါလျက် လမ်းမှားကိုရောက်သွားရှာကြတယ်။ "အဲဒီလို လမ်းမှားရောက်တာထက်တော့ တရားဘက်မလိုက်ပဲ သာမန် ဗုဒ္ဓသာသနာဝင်အဖြစ်နဲ့ ရိုးရာအတိုင်းနေတာက ကောင်းသေးတယ်" လို့ ဘုန်းကြီးက စဉ်းစားမိတယ်။

ဘုန်းကြီးတို့က မဟာသတိပဋ္ဌာနသုတ် တရားတော်ကို အရင်းခံပြီး ပါဠိ အဋ္ဌကထာ ပိဋကတ်ကျမ်းဂန်များနှင့်အညီ ဝိပဿနာ အလုပ်တရားကို ဟောလာ

ခဲ့တယ်၊ ၁၃၀၀-ပြည့်နှစ်ကစပြီး ဟောလာခဲ့တာဟာ ယခု ၁၃၃၂-ခုဆိုတော့ ၃၂-နှစ်တောင် ရှိနေပါပြီ၊အဲဒီ ၃၂-နှစ်အတွင်းမှာ ဘုန်းကြီးတို့ ညွှန်ပြတဲ့အတိုင်း အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဗမာပြည်တွင်ဘဲ ၆-သိန်းလောက် ရှိနေပါပြီ၊ အဲဒီအထဲမှာ စာပေကျွမ်းဂန်တတ် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တွေ ရာပေါင်းများစွာ ပါပါတယ်၊ အဲဒီလို စာတတ်ပုဂ္ဂိုလ်တွေကတော့ အမှားအမှန်ကို ကောင်းကောင်း ကြီး ဝေဘန်နိုင်ကြပါတယ်။ စာပေ မတတ်သော်လဲ ဘာဝနာအလုပ်ကို ထိထိ မိမိ အားထုတ်သွားတဲ့ပုဂ္ဂိုလ်တွေလဲ ထောင်သောင်းများစွာ ရှိပါတယ်၊ အဲဒီလို ကိုယ်ပိုင်ဉာဏ်တွေ့ဖြင့် အသိရှင်းနေတဲ့ပုဂ္ဂိုလ်တွေကလဲ အမှားအမှန်ကို ဆုံးဖြတ် နိုင်ပါတယ်။ ထူးခြားတဲ့ ဝိပဿနာဉာဏ်ကို တွေ့ဘူးတဲ့သူတွေ ဆိုယင်ဘဲ အမှား အမှန်ကို မှန်းဆနိုင်ပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေကတော့ ဘယ်လိုဟောတဲ့တရား မဆို နာကြည့်ယင် အမှားအမှန်ကို ဆုံးဖြတ်နိုင်ပါတယ်။

ဘုန်းကြီးတို့ထံ လာရောက်ပြီး တရားအားထုတ်ကြတယ်ဆိုတဲ့ အဲဒီလိုပုဂ္ဂိုလ် တွေဟာ အများအားဖြင့် ဝိပဿနာ မဂ်ဖိုလ်တရားကို တကယ်လိုလားတဲ့ ပုဂ္ဂိုလ် တွေဘဲ။ အကယ်၍သာ ဘုန်းကြီးက ခေါင်းဆောင်ပြီး သတိပဋ္ဌာန် လုပ်ငန်း တရားကို မဟောခဲ့လို့ရှိယင် အဲဒီလိုတရားလိုလားတဲ့ ပုဂ္ဂိုလ်တွေထဲက တချို့ တော်တော်များများဟာ နီးစပ်ရာတရားလုပ်ငန်းတွေထဲ ရောက်ကုန် ကြမှာ ဘဲ၊အဲဒီအထဲမှာ တချို့က မဟုတ်မမှန်တဲ့နည်းလမ်းထဲလဲ ရောက်နေကြကောင်း ရောက်နေကြပေလိမ့်မယ်။ အဲဒီလို ဖြစ်နိုင်ပုံတွေကို တွေးကြည့်လိုက်တော့ ဘုန်းကြီးတို့ နည်းမှန်လမ်းမှန်ကို ဟောကြားညွှန်ပြနေကြရတာဟာ အင်မတန် ဘဲ ဝမ်းသာစရာကောင်းပါတယ်။ ဘုန်းကြီးတို့ထံက ကျကျနန အားထုတ် ထားတဲ့သူဟာ ဘယ်တရားမဆို သွားနာနိုင်ပါတယ်၊ မတားမြစ်ပါဘူး၊ သူတို့ ကိုယ်တိုင်ဘဲ အမှားအမှန်ကို ဝေဘန်ဆုံးဖြတ်နိုင်ပါလိမ့်မယ်။

ဘုန်းကြီးတို့အလုပ်ကတော့ ဒေသနာ တရားမှန်ကို သိအောင်၊ ကိုယ်တွေ့ တရားမှန်ကို တွေ့အောင် ဟောကြား ညွှန်ပြရတယ်၊ ဘုန်းကြီးတို့ထံက နည်းယူ သွားကြတဲ့ပုဂ္ဂိုလ်တွေကလဲ နည်းတူဘဲ တဆင့် ဟောကြား ညွှန်ပြကြရတယ်၊ အကြောင်းအားလျော်စွာ တခါတရံတော့ သူတပါးတို့၏ နည်းများကိုလဲ

ထုတ်ဖော်ပြီး ရှင်းလင်းပြောပြရတယ်၊ အဲဒါကတော့ နည်းမှား လမ်းလွဲရောက် မသွားအောင်လို့ပါဘဲ၊ အဲဒီလို ပြောပြတာကတော့ မစ္ဆရိယ မဟုတ်ဘူး၊ မသိနားမလည်တဲ့သူတွေ အကျိုးမဲ့မဖြစ်ရအောင်လို့ အသိပညာပေးတာဘဲ။အဲဒါက တကယ့်ကို ဆောင်ရွက်ရမည့် ဆရာသမား၏ တာဝန်ဘဲ၊ မစ္ဆရိယနှင့် မဆိုင်ဘူး။ တပည့်ပရိသတ် အခြွေအရံနှင့်စပ်ပြီး ဝန်တိုတဲ့ ကုလမစ္ဆရိယ ဆိုတာကတော့ တပည့်ပရိသတ်၏အကျိုးကို ငဲ့ခြင်းမရှိဘဲ ကိုယ့်အကျိုးကိုသာ ငဲ့ပြီး ဖြစ်တယ်၊ ကိုယ့်တပည့် အခြွေအရံပရိသတ်ကို သူများတပည့် အခြွေအရံပရိသတ် မဖြစ်စေလိုတဲ့ ဒီအကြောင်းသက်သက်ကြောင့်သာ ပြောဆိုလို့ရှိယင် ကုလမစ္ဆရိယနဲ့ ဆိုင်တယ်။ နည်းမှား တရားမှားတွေကို အမှန်ထင်ပြီး လက်ခံကျင့်သုံးသွားယင် အဲဒီပုဂ္ဂိုလ်မှာ သဒ္ဓါ သီလ အစရှိသော ဂုဏ်ကျေးဇူးတွေ ရသင့်ပါလျက် မရဘဲ ဆုံးရှုံးသွားမှာစိုးလို့ သူများ၏အမှားကို ထုတ်ဖော် ပြတာကတော့ ဆရာသမားတို့၏ ကျင့်ဝတ်ပဲ။

## (၃) လာဘမစ္ဆရိယ

နောက်ပြီးတော့ လာဘမစ္ဆရိယ ဆိုတာကတော့ ရသင့်ရထိုက်တဲ့ လာဘ် လာဘပစ္စည်းနှင့်စပ်ပြီး သူတပါးအား မရစေချင်တဲ့ သဘောပါဘဲ၊ ကိုယ်သာ ရချင်တယ်၊ သူများအား မရစေချင်ဘူး၊ ရထားပြီးပစ္စည်းတွေကိုလဲ ကိုယ်သာ သုံးချင်တယ်၊ သူတပါးကို မပေးကမ်း မမျှတချင်ဘူး၊ အဲဒီလို ဝန်တိုတာဟာ လာဘမစ္ဆရိယဘဲ။ ရဟန်းများမှာ အကျဉ်းချုပ်အားဖြင့် ပစ္စည်းက ဆွမ်း သင်္ကန်း ကျောင်း ဆေး ဆိုတဲ့ ၄-ပါးဘဲ ရှိတယ်။ စားသောက်ဖွယ် ဟူသမျှကို ဆွမ်း ပစ္စည်းထဲမှာ ထည့်သွင်းပြီးယူရတယ်။ အဝတ်အထည် အသုံးအဆောင် ဟူသမျှကို သင်္ကန်းထဲမှာ ထည့်သွင်းပြီး ယူရတယ်။ နေရာထိုင်ခင်း အသုံးအဆောင်ဟူသမျှကို ကျောင်းထဲမှာထည့်သွင်းပြီး ယူရတယ်။ယာဉ်ရထားဆိုတာတွေလဲ ကျောင်းနှင့် သဘောတူတဲ့အတွက် ကျောင်းထဲမှာ ထည့်သွင်း ယူရမယ်။ ကျန်းမာရေးနှင့်စပ်သမျှ အသုံးအဆောင်ဟူသမျှကို ဆေးထဲမှာ ထည့်သွင်းပြီး ယူရတယ်။ လိုရင်းကတော့ ရဟန်းများမှာ သုံးဆောင်ကောင်းတဲ့ ပစ္စည်း ဟူသမျှဟာ ရဘို့ရာရှိနေယင် လာဘ် လာဘဘဲ၊ ဒကာ ဒကာမတွေက လှူမည့်

အဲဒီလို လာဘ် လာဘတွေကို မိမိတပါးတည်းသာ ရချင်တယ်၊ သူတပါးအား မရစေချင်ဘူးဆိုယင် အဲဒါဟာ လာဘမစ္ဆရိယဘဲ။ နောက်ပြီးတော့ ရပြီးသား ပစ္စည်းတွေကိုလဲ သီတင်းသုံးဘော်များ တပည့်များအား မပေးကမ်း မမျှတ နိုင်ယင် အဲဒါလဲ လာဘမစ္ဆရိယဘဲ။ တချို့က မုံ့တို့ ငှက်ပျောသီးတို့ ဒီလို စား သောက်ဖွယ်တွေကို ကိုယ်တိုင်လဲ မသုံးရက်ဘူး၊ ကျောင်းသား ကိုရင် တပည့် တွေလဲ မပေးရက်ဘူး၊ သိမ်းထားတယ်၊ ပုပ်ပျက်ကုန်တဲ့အခါကျမှ ထုတ်ပေး တယ်၊ အဲဒီအခါကျတော့ ဘယ်သူမှ မစားတော့ဘူး၊ စွန့်ပစ်လိုက်ရတော့တာဘဲ၊ အဲဒီလို ကပ်စေးနဲလွန်းအားကြီးတဲ့ပုဂ္ဂိုလ်လဲ ရှိတယ်။ တချို့က သင်္ကန်းတွေကို မသုံးဘဲ မပေးဘဲ သိမ်းထားတယ်၊ ကြာတော့ ဆွေးရိပြီး ပျက်ကုန်တယ်၊ တချို့မှာလဲ ပျံတော်မူတဲ့အခါကျမှ အဲဒီလို ဆွေးပျက်နေတာတွေကို တွေ့ကြ ရတယ်၊ လာဘမစ္ဆရိယတွေပါဘဲ။ လူများမှာလဲ မသုံးရက် မပေးမလှူရက်ပဲ ရသမျှကို သိမ်းထုတ်ထားတာတွေရှိတယ်၊ ပေးကမ်းသင့်တဲ့သူများအား ပေး သင့်တဲ့အချိန်မှာ မပေးကမ်းနိုင်ယင် လာဘမစ္ဆရိယဘဲ၊ တခါက ကြားဘူးတာက တော့ လင်မယား ၂-ယောက် အတူ ထမင်းစားနေကြရာမှာ ထမင်းတလုပ်မှာ ပဲကြော်တစေ့မဟုတ်ပဲ ပဲကြော် ၂-စေ့ထည့်ပြီးစားလို့ အချင်းချင်းစကားများပြီး ရန်ဖြစ်ကြသတဲ့၊ အဲဒါဟာလဲ ဝန်တိုနှမြောမှု အားကြီးတဲ့သဘောပါဘဲ။ တချို့ စီးပွါးရေးအရောင်းအဝယ်လုပ်နေကြရာမှာ ကိုယ်သာ အရောင်းအဝယ် အဆင် သင့်ပြီး ရချင်တယ်၊ သူများတော့ မရစေချင်ဘူး၊ ဒါလဲ လာဘမစ္ဆရိယဘဲ။ တခါက စက်ပိုင်တယောက်က ပြောဘူးတယ်၊ သူဟာ ရှေးတုန်းကဆိုယင် သူများစက်က ဥသြဆွဲသံ ကြားလိုက်တာနဲ့ ရင်ထဲမှာ ဒိတ်ကနဲ ထိခိုက်သွား တယ်၊ ယခု တရားအားထုတ်ပြီးတော့မှ အဲဒီလို မဖြစ်တော့ဘဲ ချမ်းသာသွား တယ်တဲ့။ အဲဒီလို ထိခိုက်တာဟာလဲ လာဘမစ္ဆရိယရဲ့ သဘောဘဲ။ ဒါပေမဲ့ အချို့သောရဟန်းက ရလာတဲ့ပစ္စည်းတွေကို အကျိုးမဲ့ပျက်စီးစေတယ်၊ မသုံးဘဲ နဲ့ယင်လဲ ပျက်စီးစေတယ်၊ မပေးသင့်တဲ့ သူများကို ပေးသောအားဖြင့်လဲ ပျက်စီးစေတယ်၊ စီးပွါးရေးအဖြစ်နဲ့ အရောင်းအဝယ်ယင်လဲ လုပ်တယ်၊ အဲဒီလို ရဟန်းအား မရစေချင်တာကတော့ မစ္ဆရိယမဟုတ်ဘူးလို့ ဆိုပါတယ်။ဒါကြောင့် ပစ္စည်းများပြီး မတော်မသင့်ပြုမည့် ရဟန်းအားဖြစ်စေ၊ လူအားဖြစ်စေ မရ စေချင်တာကိုတော့ အပြစ်မရှိဘူးလို့ဘဲ ယူရမယ်။

## (၄) ဝဏ္ဏမစ္ဆရိယ

နောက်ပြီးတော့ ဝဏ္ဏမစ္ဆရိယ ဆိုတာ ချီးမွမ်းဘွယ်နဲ့ စပ်ပြီး ဝန်တိုတာဘဲ၊ ဝဏ္ဏ ဆိုတာက ဒီနေရာမှာ ချီးမွမ်းဘွယ်ဂုဏ်ကို ဆိုလိုပါတယ်၊ ဒါကြောင့် ရုပ်အဆင်းလှပတဲ့ဂုဏ်ဘဲ ဖြစ်ဖြစ်၊ အသံ အဆို အပြောကောင်းတဲ့ဂုဏ်ဘဲ ဖြစ်ဖြစ်၊ ခွန်အားကောင်းတဲ့ဂုဏ်ဘဲ ဖြစ်ဖြစ်၊ အသိအလိမ္မာအတတ်ပညာဂုဏ်ဘဲ ဖြစ်ဖြစ်၊ အကျင့်ဂုဏ်ဘဲ ဖြစ်ဖြစ်၊ အဲဒီလိုဂုဏ်ဟူသမျှတွေနဲ့ စပ်ပြီး သူတပါးအား မပြည့်စုံစေချင်တာဟာ ဝဏ္ဏမစ္ဆရိယပါဘဲ။ တချို့က ကိုယ်သာလှချင်တယ်၊ အသံကောင်းချင်တယ်၊ အပြောအဆိုကောင်းချင်တယ်၊ သူတပါး အဆင်းလှဘယ် အသံကောင်းတယ် စသည်ဖြင့် ချီးမွမ်းတာကို မကြားချင်ဘူး၊ ကိုယ်သာ ခွန်အား ကောင်းချင်တယ် လိမ္မာရေးခြား ရှိချင်တယ်၊ သူတပါးခွန်အားကြီးတယ် လိမ္မာတယ်ဆိုတာကို မကြားချင်ဘူး၊ ကိုယ်သာ ပညာတတ်ချင်တယ်၊ စာမေးပွဲ အောင်ချင်တယ်၊ သူတပါးပညာထူးချွန်တယ်၊ ဂုဏ်ထူးနဲ့ စာမေးပွဲ အောင်တယ် ဆိုတာကို မကြားချင်ဘူး၊ ကိုယ်သာ သီလအကျင့် ဓုတင်အကျင့် စသည်နှင့်ပြည့်စုံချင်တယ်၊ သူတပါး အကျင့်ကောင်းကြောင်း ချီးမွမ်းတာကို မကြားချင်ဘူး၊ ကိုယ်သာ စာတတ်ချင်တယ်၊ ဝိပဿနာဉာဏ်နဲ့ ပြည့်စုံချင်တယ်၊ သူတပါး စာတတ်ကြောင်း ဝိပဿနာ အသိဉာဏ် ကောင်းကြောင်းကို မကြားချင်ဘူး၊ အဲဒါတွေဟာ ဝဏ္ဏမစ္ဆရိယတွေပါဘဲ။ အဲဒီလို ဝန်တိုမှုကလဲ ကိုယ်နဲ့ဂုဏ်ရည်တူဖြစ်တဲ့ မချစ်တဲ့သူတွေနဲ့စပ်ပြီး အများအားဖြင့် ဖြစ်တတ်ပါတယ်။

## (၅) ဓမ္မမစ္ဆရိယ

နောက်ပြီးတော့ ဓမ္မမစ္ဆရိယဆိုတာ တရားကျမ်းဂန်စာပေနှင့်စပ်ပြီး ဝန်တိုတာဘဲ။ တချို့က တရားကျမ်းဂန်တွေကို သူတပါးအား ကိုယ့်လောက် မတတ်စေချင်ဘူး၊ ဒါကြောင့် သူတပါးကို အပြည့်အစုံ သင်ကြားပို့ချမပေးချင်ဘူး၊ ဆရာစားကလေးများလဲ ချန်ထားတတ်တယ်၊ အရေးကြီးတဲ့ ကျမ်းစာအုပ်များကို မငှါးချင်ဘူး၊ အဲဒီလို တရားကျမ်းဂန်နှင့်စပ်ပြီး ဝန်တိုတာဟာ ဓမ္မမစ္ဆရိယဘဲ။ ဒီမစ္ဆရိယကတော့ နှုတ်တက်အာဂုံဆောင်တဲ့ ဟိုရှေးခေတ်တုန်းကနဲ့ စာအုပ်ပေစာရှားတဲ့ ရှေးခေတ်တုန်းက အဖြစ်များကောင်းများပါလိမ့်မယ်၊ ယခု

ခေတ်မှာတော့ စာအုပ်တွေက ပေါနေတဲ့အတွက် အဖြစ်နည်းဘွယ်ရှိပါတယ်။ ဒါပေမဲ့ ရှားပါးတဲ့ တရားစာအုပ်နဲ့ စပ်ပြီးတော့ ဖြစ်နိုင်သေးတာပါဘဲ။ တချို့က စာအုပ်ဟောင်းနွမ်းသွားမှာစိုးလို့ မငှါးချင်တာလဲရှိတယ်၊ အဲဒါကတော့ တရားစာအုပ်ကို ရိုသေတဲ့သဘောဆိုယင် မစ္ဆရိယ မဟုတ်ပေဘူး၊ သူများမကိုင်စေချင်တဲ့ သဘောဆိုယင်တော့ လာဘမစ္ဆရိယထဲမှာ ဝင်ပါလိမ့်မယ်။ကိုယ်သိသလို သူများအား မသိစေချင်လို့ မငှါးတာကတော့ ဓမ္မမစ္ဆရိယဘဲ။ ဒီ ဓမ္မမစ္ဆရိယက လောကီတရားနှင့်သာ စပ်ဆိုင်တယ်၊ လောကုတ္တရာတရားနှင့်တော့ မစပ်ဆိုင်ဘူး၊ ဘာကြောင့်လဲဆိုယင် လောကုတ္တရာတရားရပြီး ပုဂ္ဂိုလ်က မိမိရထားတဲ့ လောကုတ္တရာတရားနဲ့ စပ်ပြီး ဝန်တိုမှုမရှိလို့ပါဘဲ။အရိယာမဂ်ဖိုလ်ကို ရပြီးဖြစ်တဲ့ပုဂ္ဂိုလ်ဟာ မိမိရထားတဲ့အရိယာမဂ်ဖိုလ်တရားကို သူတပါးအား အလွန်ရစေချင်ပါတယ်၊ ဝန်တိုခြင်းမရှိပါဘူး၊ အဲဒါဟာ ဖြစ်ရိုးဓမ္မတာဘဲ။ ဒါကြောင့် "မိမိကိုယ်ကို မဂ်ဖိုလ်ရပြီးလို့လဲ ယူဆထားမယ်၊ သူများအားလဲ မိမိရထားတဲ့ တရားထူးကို မရစေချင်ဘူး၊ သို့မဟုတ် မိမိ့ထက်မသာစေချင်ဘူး" ဆိုယင် အဲဒါဟာ တရားစစ် တရားမှန်မရသေးလို့ဘဲဆိုတာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်ပါတယ်၊ အဲဒီလို ဆုံးဖြတ်ပြီးတော့ တရားစစ် တရားမှန်ရအောင် ဆက်လက်အားထုတ်ရမယ်။ တရားစစ် တရားမှန် တကယ်ရယင့်တော့ ကိုယ်ရထားတဲ့ တရားနှင့်စပ်ပြီး ဝန်တိုမှုမရှိတဲ့ပြင် ကိုယ်လို သူတပါးအား တရားရစေချင်တဲ့ စိတ်စေတနာ တွေက အလွန်ထက်သန်နေတယ်။ ဒါကြောင့် တရားအားထုတ်ပြီး ပြန်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ်လိုဘဲ ရစေချင် သိစေချင်ကြတဲ့အတွက် ခင်မင်ရင်းနှီးတဲ့ သူတွေကို တိုက်တွန်းဟောပြောနေကြတာဘဲ၊ တချို့ပုဂ္ဂိုလ်ဆိုယင် ဥဒယဗ္ဗယဉာဏ် အစရှိတဲ့ ဝိပဿနာဉာဏ်ထူး များလောက်ပဲ ရောက်ပါသေးတယ်၊ ဒါပေမဲ့ သူတို့ကလဲ သူတို့လို ဖြစ်စေချင်တာနဲ့ နီးစပ်ရာကို တိုက်တွန်းကြတာဘဲ။ အဲဒါဟာ သာသနာတော် မကွယ်ပကြောင်း တိုးတက်ကြောင်းလဲ ဖြစ်ပါတယ်။ ယခု ကမ္မဋ္ဌာန်း ဌာနတွေ တည်ထောင်ပြီး ကမ္မဋ္ဌာန်းကျောင်းတွေ ဆောက်လုပ်လှူဒါန်းကြတယ်၊ ကမ္မဋ္ဌာန်း ဆရာတွေကို ပင့်ပြီး ကိုးကွယ်ကြတယ်၊ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြတယ်၊ တရားနာကြတယ်၊ တရားအားထုတ်ဖို့ တိုက်တွန်းကြတယ်၊ ဒါတွေဟာ တရားနဲ့စပ်ပြီး ဝန်တိုခြင်း မရှိလို့ပါဘဲ၊ တရားထူး တရားမြတ်တွေကို ရစေချင်ကြလို့ပါဘဲ။ ဒါပေမဲ့ တရားထူးကို ရထား

တဲ့သူက မိမိတရားထူးရကြောင်းကိုတော့ ထုတ်ဖော်မပြလိုဘဲ ရှိတတ်တယ်၊ အဲဒါဟာ မိမိရထားတဲ့ တရားနဲ့စပ်ပြီး ဂုဏ်မဖော်လိုတဲ့သဘောပါဘဲ၊ အဓိဂမ အပ္ပိစ္ဆ ခေါ်တယ်၊ တရားထူးနှင့် စပ်ပြီး အလိုနည်းတဲ့သဘောလို့ ဆိုလိုပါတယ်။ မစ္ဆရိယငါးပါးနှင့်စပ်ပြီး ပြောလာတာ တော်တော်စုံသွားပါပြီ၊ အဲဒီ မစ္ဆရိယ ငါးပါး ဆောင်ပုဒ်တွေကို ဆိုကြရမယ်။

(က) အာဝါသမစ္ဆရိယ–ကျောင်းနှင့် စပ်၍ ဝန်တိုခြင်း။

(ခ) ကုလမစ္ဆရိယ–တပည့် ဒကာ အခြွေအရံနှင့် စပ်၍ ဝန်တိုခြင်း။

(ဂ) လာဘမစ္ဆရိယ–လာဘ်နှင့် စပ်၍ ဝန်တိုခြင်း။

(ဃ) ဝဏ္ဏမစ္ဆရိယ–ဂုဏ်နှင့် စပ်၍ ဝန်တိုခြင်း။

(င) ဓမ္မမစ္ဆရိယ–တရားကျမ်းဂန် စာပေနှင့်စပ်၍ ဝန်တိုခြင်း၊ ပေါင်း ငါးပါး။

"အာဝါ ကုလ၊ လာဘ် ဝဏ္ဏ၊ ဓမ္မ ဝန်တိုငါး" ဆိုတဲ့ ဒီမစ္ဆရိယ ငါးပါးကို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ မစ္ဆရီ၊ ဝန်တိုလေ့ ရှိကုန်သည်။ ဘဝိ– ဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အမစ္ဆရီ၊ ဝန်တို ခြင်း ကင်းကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာ ကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီ ငါးဝါရအတွက် အဓိဋ္ဌာန် ပြုကြစို့။

## (၂၆) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက ဝန်တိုကြမည့် နေရာမှာ ငါတို့ကတော့ ဝန်မတိုဘဲ ရက်ရော ခြင်း ရှိစေမည်၊ ကိလေသာ။ပ။ ဝန်တိုမှု လမ်းဆိုးကို ဝန်မတိုမှု လမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ ဝန်မတိုဘဲ ရက်ရောခြင်းဖြင့် အဆင့်အတန်း တက်မည်၊ ဝန်တိုမှု ကိလေသာမီးကို ဝန်မတိုမှု ရေစင်ဖြင့် ငြိမ်းသတ်မည်။

အဲဒီဆောင်ပုဒ်အတိုင်း ဝန်တိုမှု ဖြစ်ပေါ်လာလျှင် "မသင့်လျော်တဲ့ စိတ်သဘောဘဲ၊ ယုတ်ညံ့တဲ့ စိတ်သဘောဘဲ၊ ငါနဲ့မတန်တဲ့ စိတ်သဘောဘဲ" လို့ နှလုံးသွင်းပြီး ပယ်ကြရမယ်။ ဘာကြောင့် ယုတ်ညံ့သလဲဆိုယင် ဒီ ဝန်တိုမှု မစ္ဆရိယက ယုတ်ညံ့တဲ့အကျိုးကို ပေးတတ်တယ်၊ ယုတ်ညံ့တဲ့ သတ္တဝါတို့၏ သန္တာန်မှာ ဖြစ်တတ်တယ်၊ အထူးအားဖြင့် ယုတ်ညံ့တဲ့ ခွေးသတ္တဝါတို့၏ သန္တာန်မှာ အလွန်အကဲ ဖြစ်တတ်တယ်၊ အခြားသတ္တဝါတွေမှာ အမျိုးတူ သတ္တဝါအချင်းချင်းဆိုလျှင် ငဲ့ကွက်မှု ကူညီမှု ရှိတတ်တယ်၊ ခွေးများကတော့ ငဲ့ကွက်ခြင်း ကူညီခြင်း မရှိရုံမျှမက တခြားကလာတဲ့ခွေးကိုဆိုယင် လိုက်ပြီး ကိုက်တတ်တယ်၊ မကိုက်ဝံ့ယင်လဲ ဟောင်ပြီးထုတ်တတ်တယ်။ ခွေးနှစ်ကောင် ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားနေရာမှာ ထမင်းခဲဖြစ်စေ၊ အမဲရိုးဖြစ်စေ ပစ်ချလိုက်ယင် နိုင်တဲ့အကောင်က ဟိန်းဟောက်ကိုက်ခဲပြီး အတင်းလုစားတတ်တယ်။ အဲဒီလို ယုတ်ညံ့တဲ့ သတ္တဝါသန္တာန်မှာ ဖြစ်တတ်သောကြောင့်လဲ ယုတ်ညံ့တယ်၊ "အဲဒီလို ယုတ်ညံ့တဲ့ စိတ်သဘောထားဟာ ငါလို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ မဖြစ်သင့်ဘူး" လို့ နှလုံးသွင်းပြီး ပယ်ရမယ်။ ရှုမှတ်မှုဖြင့်လဲ ပယ်ရမယ်၊ နောက်ဆုံး အရိယာမဂ်ဖြင့် အမြစ်ပြတ် ပယ်နိုင်သည်အထိ အားထုတ်သွားကြရမယ်။

## ဆင်းရဲ နွောင်ကြိုး

အစပိုင်းက ပြောခဲ့တဲ့ မနာလိုမှု (ဣဿာ) နဲ့ ဒီဝန်တိုမှု (မစ္ဆရိယ) တို့ဟာ သတ္တဝါတွေကို အလိုဆန္ဒအတိုင်း မဖြစ်စေဘဲ ဆင်းရဲစေတတ်တဲ့ တရားဆိုးတွေ ဖြစ်ကြောင်း သက္ကပဉှသုတ်မှာ မြတ်စွာဘုရားက ဟောထားပါတယ်။ အဲဒီမှာ သိကြားမင်းက မေးလျှောက်ပါတယ်၊ "ကာမဘုံက လူတွေ နတ်တွေ တိရစ္ဆာန်တွေ အားလုံးဟာ ဘေးရန်မရှိဘဲ ချမ်းသာစွာ နေလိုကြပါလျက် ဘာကြောင့် ဘေးရန်တွေနဲ့ တွေ့ပြီး ဆင်းရဲနေကြရပါသလဲ" လို့ သိကြားမင်းက မေးလျှောက်ပါတယ်။ ဆိုလိုတာကတော့ သတ္တဝါတွေဟာ သတ္တဝါတိုင်း သတ္တဝါတိုင်း ဘေးရန်ကင်းချင်ကြတယ်၊ ချမ်းသာချင်ကြတယ်၊ အားလုံးအလိုဆန္ဒချင်းတူနေကြတာဘဲ၊ ဒါပေမဲ့ တယောက်နဲ့ တယောက်၊ တစုနဲ့ တစု ရန်ဖြစ်ကြရတယ်၊ အနှောင့်အယှက် ဘေးရန်အန္တရာယ်တွေနဲ့ မတွေ့ချင်ဘဲ တွေ့ကြရတယ်၊

ဆင်းရဲဒုက္ခနဲ့ ရင်ဆိုင်ကြရတယ်၊ အဲဒါဟာ ဘယ်သံယောဇဉ် နှောင်ကြိုးကြောင့် ပါလဲ၊ ဘယ်နှောင်ကြိုးက ဘေးရန်ဆင်းရဲဒုက္ခတွေနဲ့ ချည်နှောင်ထားလို့ပါလဲ-လို့ လျှောက်လိုတာပါဘဲ။ အဲဒီပြဿနာကို မြတ်စွာဘုရားက ဣဿာနှင့် မစ္ဆရိယ ဆိုတဲ့ နှောင်ကြိုးကြောင့်ဘဲဆိုတာ ဖြေရှင်းထားပါတယ်။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်—"ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန် ပ-လျက်၊ အေးမြချမ်းသာ၊ နေလိုပါလဲ၊ ဣဿာမစ္ဆေ၊ သူ့ရှုပ်ပွေ၍၊ ထင်ခြေမကျ၊ ဆင်းရဲရတည့်"တဲ့။ အဲဒါဟာ အနက်အဓိပ္ပါယ် ထင်ရှားပါတယ်၊

အဲဒါကို ဆိုကြရမယ်

ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန် ပ-လျက်၊
အေးမြချမ်းသာ၊ နေလိုပါလဲ၊ ဣဿာ မစ္ဆေ၊ သူ့ရှုပ်ပွေ၍၊ ထင်ခြေမကျ၊
ဆင်းရဲရတည့်။

လောကကြီး တခုလုံးကို ဒုက္ခရောက်အောင် ရန်တိုက်ပေးနေတာ ဂျောက်တွန်းနေတာဟာ တခြားမဟုတ်ဘူး၊ ဒီမနာလိုမှု·ဣဿာနဲ့ ဝန်တိုမှု—မစ္ဆရိယဘဲ၊ ဒီတရားဆိုး ၂—ခုကို နှုတ်ပယ်ပစ်နိုင်ယင် လောကကြီးတခုလုံး အင်မတန်သာယာစိုပြေနေမှာဘဲ၊ အင်မတန် ချစ်ခင်မြတ်နိုးအပ်တဲ့ သားငယ် သမီးငယ် ကလေးများနှင့် မိခင် ဖခင်များဟာ အချင်းချင်း တဦးနဲ့တဦး ကြည်ကြည်ပြုံးပြုံး ချမ်းသာစေချင်တဲ့စိတ်ဓာတ်ဖြင့် ချမ်းသာစွာ နေထိုင်ကြရသလိုဘဲ လောကကြီး တခုလုံးဟာလဲ သာယာအေးချမ်းနေမှာဘဲ။ ဒါကြောင့် မနာလိုမှု ဝန်တိုမှု ဖြစ်ပေါ်လာယင် "ဆင်းရဲကိုပေးမည့် တရားဆိုးကြီး ဖြစ်ပေါ်လာတယ်"လို့ နှလုံးသွင်းပြီး လက်မခံဘဲ ပယ်ရမယ်၊ ရှုမှတ်ပြီးတော့လဲ ပယ်ရမယ်၊ အဲဒီ မနာလိုမှု ဝန်တိုမှုတွေ ဖြစ်ခွင့်မရအောင် ဒွါရ ၆—ပါးမှ ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်ပြီးတော့လဲ ပယ်ရမယ်၊ နောက်ဆုံး အရိယာမဂ်ဖြင့် ပယ်နိုင်သည်အထိ ရှုမှတ်အားထုတ်သွားရမယ်။

ဒီ ဣဿာနဲ့ မစ္ဆရိယကို သောတာပတ္တိမဂ်ဖြင့် ပယ်တယ်လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်၊ ဒါကြောင့် ဘုန်းကြီးဟောဘဲ့ ဉာဏ်စဉ် တရားထဲမှာ (၁) သက္ကာယဒိဋ္ဌိ၊ (၂) ဝိစိကိစ္ဆာ၊ (၃) သီလဗ္ဗတပရာမာသ၊ (၄) ဣဿာ၊

(၅) မစ္ဆရိယဆိုတဲ့ ဒီသံယောဇဉ်....ငါးပါးလုံးကို သောတာပတ္တိမဂ်က ပယ်တဲ့ အကြောင်း ပြထားပါတယ်။ ဒါပေမဲ့ ဘုရားဟောသုတ္တန်ပါဠိတော်များမှာတော့ "တီဏိ သံယောဇနာနိ ပဟီယန္တိ–သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဆိုတဲ့ သံယောဇဉ် သုံးပါးကို ပယ်တယ်"လို့သာ ဆိုထားပါတယ်။ အင်္ဂုတ္တရ-နိကာယ် ဒုကနိပါတ် (ပ–၉၅) ကောဓပေယျာလမှာလဲ—

ဒွေမေ ဘိက္ခဝေ ဓမ္မာ သေခဿ ဘိက္ခုနော ပရိဟာနာယ သံဝတ္တန္တိ။ ကတမေ ဒွေ ကောဓော စ ဥပနာဟော စ။ မက္ခော စ ပဠာသော စ။ ဣဿာ စ မစ္ဆရိယဉ္စ။ မာယာ စ သာဌေယျဉ္စ။ စသည်ဖြင့် ဟောထား ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ သေခဿ၊ ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ်၏။ ပရိဟာနာယ၊ ဆုတ်ယုတ်ရန်အလို့ငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်း ဟူမူ။ ကောဓော စ ဥပနာဟော စ၊ ကောဓနှင့် ဥပနာဟ တစုံနှစ်ပါးက တရပ်။ မက္ခော စ ပဠာသော စ၊ မက္ခနှင့် ပဠာသ တစုံနှစ်ပါးက တရပ်။ ဣဿာ စ မစ္ဆရိယဉ္စ၊ ဣဿာနှင့် မစ္ဆရိယ တစုံ နှစ်ပါးကတရပ်။ မာယာ စ သာဌေယျဉ္စ၊ မာယာနှင့် သာဌေယျ တစုံ နှစ်ပါးက တရပ်–ဒီတစုံ တစုံနှစ်ပါး နှစ်ပါးတွေပါဘဲ–တဲ့။

အဲဒီမှာ အဋ္ဌကထာက "သတ္တဝိဓဿာပိ သေခဿ၊ ခုနစ်ပါးလုံးသော်လည်း ဖြစ်သော သေက္ခပုဂ္ဂိုလ်၏။ ဥပရိဂုဏေဟိ၊ ရသင့်သော အထက်ဂုဏ်တို့မှ။ ပရိဟာနာယ သံဝတ္တန္တိ၊ ဆုတ်ယုတ်ဖို့ရာ ဖြစ်ကုန်၏။ ပုထုဇ္ဇနဿ ပန၊ ပုထုဇဉ် မှာမူ။ ပဌမတရံယေဝ၊ ရှေးဦးစွာကပင်လျှင်။ ပရိဟာနာယ သံဝတ္တန္တိ၊ ဆုတ် ယုတ်ဖို့ရာ ဖြစ်ကုန်၏"လို့ ဖွင့်ပြထားတယ်။ အဲဒီပါဠိ အဋ္ဌကထာ ၂–ရပ်ကို စပ်ကြည့်လိုက်ယင် သောတာပန်ဟာ သေက္ခပုဂ္ဂိုလ် ခုနစ်ပါးထဲက ဒုတိယပုဂ္ဂိုလ် ဖြစ်တဲ့အတွက် သောတာပန်မှာလဲ ဣဿာနှင့် မစ္ဆရိယ ရှိယင် အထက်မဂ်ဖိုလ် ဂုဏ်ထူးကို အလွယ်တကူ မရနိုင်ဘဲ ဆုတ်ယုတ်နိုင်တယ်လို့ ယူရပါလိမ့်မယ်၊ ဒီတော့ သောတာပန်မှာလဲ ဣဿာနှင့် မစ္ဆရိယ မကင်းသေးဘူးလို့ ဆိုဘွယ်ရာ ရှိနေပါတယ်။

ဒါပေမဲ့ တထစ်ချ ဆုံးဖြတ်ဖို့ကတော့ ခက်ပါတယ်။ ဘာကြောင့်လဲ ဆိုယင် ကျင့်ဆဲသေက္ခပုဂ္ဂိုလ် ခုနစ်ပါးဆိုတာထဲမှာ မဂ်ရောက်ဆဲ ပုဂ္ဂိုလ်လေးပါးလဲ ပါဝင်နေတယ်၊ အဲဒီ မဂ်ခဏမှာတော့ ကောဓ ဥပနာဟ အစရှိတဲ့ ဒီတစုံ တစုံ တရားဆိုးတွေ မရှိနိုင်ဘူး၊ အထက်တရားထူးမှ ဆုတ်ယုတ်တယ်လို့ ပြောဘို့ရာလဲ ခက်ပါတယ်၊ အထူးအားဖြင့် အရဟတ္တမဂ်ရောက်ဆဲ ပုဂ္ဂိုလ်မှာ ဆုတ်ယုတ်ဖွယ် အကြောင်း လုံးဝ မရှိပေဘူး၊ အဋ္ဌကထာကလဲ အဲဒီမဂ်ပုဂ္ဂိုလ် ၄-ပါးပါ "သေက္ခပုဂ္ဂိုလ် ခုနစ်ပါးလုံးမှာ" လို့ ရေတွက်ပြထားတယ်။ နောက်ပြီးတော့ မက္ခ ပဠာသ ဣဿာ မစ္ဆရိယ မာယာ သာဌေယျဆိုတဲ့ တရားတွေဟာ အလွန် ယုတ်ညံ့တဲ့တရားတွေ ဖြစ်တဲ့အတွက် ဖြူစင်မြင့်မြတ်တဲ့ အရိယာပုဂ္ဂိုလ်သန္တာန်မှာ မရှိသင့်ပေဘူး။ ဒါကြောင့် အဋ္ဌကထာများမှာ အဲဒီ မက္ခ ပဠာသ ဣဿာ မစ္ဆရိယ မာယာ သာဌေယျဆိုတဲ့ တရားတွေကို သောတာပတ္တိမဂ်က ပယ်တယ်လို့ ဆိုထားပါတယ်။ အဲဒီ အဋ္ဌကထာက ပြဆိုထားတဲ့အတိုင်း အဲဒီ တရားဆိုး ၆-ပါးလုံး သောတာပန်မှာ ကင်းတယ်လို့ ယူပြီးတော့ မိမိမှာ မကင်းသေးယင် လဲ ကင်းသည့်တိုင်အောင် ရှုမှတ်အားထုတ်သွားတာဟာ အကောင်းဆုံးပါဘဲ။ မစ္ဆရိယအကြောင်းကတော့ တော်တော်ပြည့်စုံသွားပါပြီ၊ ယခု "သာဌေ မာယာ" ဆိုတဲ့ အစဉ်အရ သာဌေယျကို ရှေးဦးစွာ ပြောရမယ်၊ အခြားသုတ်များမှာ တော့ မာယာ သာဌေယျ-လို့ ဒီလို အစဉ်ရှိပါတယ်၊ ဒီသုတ်မှာတော့ သာဌေယျ ကို ရှေးဦးစွာ ဟောထားပါတယ်။ ဒါကြောင့် အဲဒါကို အလျင် ပြောရမယ်။

## (၃၀) သာဌေယျ-ဟန်ဆောင် ပ-လွှားခြင်း

သာဌေယျ ဆိုတာ ကိုယ့်မှာ မရှိတဲ့ ဂုဏ်ကို ရှိလေယောင် ဟန်ဆောင်ပြီး ဝါကြွားတဲ့ ပ-လွှားတဲ့ သဘောပါဘဲ။ သဒ္ဓါတရား မရှိဘဲနဲ့ သဒ္ဓါတရား ရှိလေ ယောင်၊ သီလမရှိဘဲနဲ့ သီလရှိလေယောင်၊ စာပေကျမ်းဂန် မတတ် မသိဘဲနဲ့ တတ်သိလေယောင်၊ ဘာဝနာအလုပ်ကို အားမထုတ်ဘဲနဲ့ အားထုတ်လေယောင် ဟန်ဆောင်ပြီး ပြောပြတယ်၊ ဝါကြွားတယ်၊ ပလွှားတယ်၊ အရိယာပုဂ္ဂိုလ်မှာတော့ ဒီလိုမဟုတ်ဘဲနဲ့ ဟန်ဆောင်ပြီး ပြောပြမှုမျိုးမရှိဘူး၊ ရိုးသားဖြောင့်မတ်တယ်။ ဈာန်အဘိညာဉ် မရဘဲနဲ့ ရလေယောင်၊ အကြားအမြင်ပေါက်လေယောင်၊ ရှေး ဘဝတွေကို သိလေယောင်၊ သူတပါးစိတ်ကို သိလေယောင်၊ မဂ်ဖိုလ်တရားထူးကို

ရလေယောင် ဟန်ဆောင်ပြောပြတဲ့ သာဌေယျကတော့ အဆိုးဆုံးဘဲ၊ ရဟန်းဆိုယင် ပါရာဇိကအာပတ်သင့်တယ်၊ တဘဝလုံး ရဟန်းအဖြစ် ဆုံးရှုံးသွားတယ်၊ လူမှာလဲ အဲဒီ စျာန်အဘိညာဉ် မဂ်ဖိုလ်တရားတွေကို မရပါဘဲ ရတဲ့အနေနဲ့ ဟန်ဆောင်ပြီးပြောပြယင် အလွန်အပြစ်ကြီးတယ်၊ မုသာဝါဒအကုသိုလ်ကံထဲမှာ အကြီးဆုံး အကုသိုလ်ကံဘဲ၊ ဒါကြောင့် ဒီ သာဌေယျဆိုတဲ့ ဟန်ဆောင်ပလွှားမှုကင်းဘို့ရာ အရေးကြီးပါတယ်။ ရှေးဆရာတွေက ဒီ သာဌေယျ-ကို ကောက်ကျစ်စဉ်းလဲခြင်းလို့ ဘာသာပြန်ဆိုခဲ့ကြပါတယ်၊ သင့်လျော်ပါတယ်၊ ကောက်ကျစ်စဉ်းလဲတဲ့သဘောပါဘဲ၊ ဒါပေမဲ့ စီးပွါးရေးနဲ့လိမ်တာကိုလဲ ကောက်ကျစ်စဉ်းလဲတယ်လို့ ဆိုရတယ်၊ ဒါကြောင့် မသေချာလှဘူး မပေါ်လွင်လှဘူး။ ဟန်ဆောင်ပလွှားတယ် ဆိုတာကတော့ ပေါ်လွင်တယ် လွဲမှားစရာမရှိဘူး၊ မရှိတဲ့ဂုဏ်နဲ့ ဟန်ဆောင်ပြီး ဝါကြွားတယ် ဆိုတဲ့ အနက်ဟာ ထင်ရှား ပေါ်နေပါတယ်၊ ဒါကြောင့် ဘုန်းကြီးက အဲဒီသာဌေယျပုဒ်ကို ဟန်ဆောင်ပလွှားခြင်းလို့ မြန်မာပြန်ထားပါတယ်။

တရားအားထုတ်နေတဲ့ ယောဂီမှာဆိုယင် သာဌေယျဆိုတဲ့ ဒီ ဟန်ဆောင်ပလွှားမှု ကောက်ကျစ် စဉ်းလဲမှုကင်းပြီး ဖြောင့်မတ်ဖို့ရာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ပဓာနိယင်္ဂါးပါးထဲမှာ ဒီဖြောင့်မတ်တဲ့ဂုဏ်ကို အင်္ဂါတပါးအဖြစ်ဖြင့် ထည့်ပြီးဟောထားပါတယ်။ ဟောထားပုံကတော့—

## ပဓာနိယင်္ဂါးပါး

(၁) သဒ္ဓေါ ဟောတိ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ=သဒ္ဓေါ ဟောတိ၊ ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံ၏။ တထာဂတဿ ဗောဓိံ၊ မြတ်စွာဘုရား၏ ဘုရားဖြစ်ကြောင်း ဗောဓိဉာဏ်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏-တဲ့။ မြတ်စွာဘုရားဟာ တရားအလုံးစုံကို အကုန်သိပြီး ဟောတော်မူတယ်ဆိုတာကို ယုံကြည်ထားရမယ်၊ ယခုကာလမှာဆိုယင်တော့ တရားပြတဲ့ ကမ္မဋ္ဌာန်းဆရာကိုရော အားထုတ်တဲ့နည်းလမ်းကိုရော ယုံကြည်ဘို့ လိုပါတယ်၊ မယုံယင် အားမထုတ်ပေဘူး၊ ယုံကြည်မှဘဲ စိတ်ချလက်ချနဲ့ ကြိုးကြိုးစားစား အားထုတ်နိုင်ပေမယ်၊ ဒါကြောင့် ဘုရားကို ယုံကြည်တာက အားထုတ်နိုင်ခြင်း၏ အကြောင်းအင်္ဂါ ပဓာနိယင်္ဂါ တပါးဖြစ်တယ်။

(၂) အပ္ပိဗ္ဗာဓော ဟောတိ အပ္ပါတင်္ကော = အနာ ရောဂါ ကင်းပြီး ကျန်းမာရမယ်တဲ့။ ဒါကတော့ ကိုယ့်ကိုယ်ကို မငဲ့ဘဲ ပြင်းပြင်းထန်ထန် ပြည့်ပြည့်စုံစုံ အားထုတ်နိုင်ဘို့ပြတဲ့ အင်္ဂါပါဘဲ၊ အတော်အတန် ရောဂါရှိနေပေမဲ့ စိတ်ထက်သန်ယင် အားထုတ်နိုင်ပါတယ်၊ အဲဒီလို အားထုတ်နေရင်း ရောဂါတောင် ပျောက်သွားတတ်ပါသေးတယ်။ တချို့မှာ ဆိုယင် သေခါနီး ဆဲဆဲမှာတောင် တရားအားထုတ်ပြီး မဂ်ဖိုလ်ရောက်သွားတာလဲ ရှိပါသေးတယ်။ ဒါပေမဲ့ ကြာရှည်စွာ တင်းတင်းရင်းရင်း အားထုတ်ဖို့ဆိုယင်တော့ ကျန်းမာရေးက လိုပါတယ်၊ ဒါကြောင့် ဒီကျန်းမာမှုကို အပြင်းအထန် အားထုတ်နိုင်ကြောင်း အင်္ဂါ ပဓာနိယင်္ဂတပါးအဖြစ်ဖြင့် ပြထားပါတယ်။

(၃) အသဌော ဟောတိ အမာယာဝီ= မရှိတဲ့ဂုဏ်ကို ဟန်ဆောင်ပြခြင်း မရှိဘူး၊ ရှိတဲ့အပြစ်ကိုလဲ ဖုံးကွယ်မထားဘဲ ဖော်ပြနိုင်ရမယ်တဲ့၊ ဆရာအားဖြစ်စေ၊ သီတင်းသုံးဘော်များအားဖြစ်စေ(ယထာဘူတံ အတ္တာနံ အာဝိကတ္တာ) မိမိမှာ ဖြစ်ပေါ်နေတဲ့အတိုင်း အဟုတ်အမှန်ကို ဖော်ပြနိုင်ရမယ်တဲ့။ ကိုယ်အားထုတ်ပုံ တွေ့ပုံ မြင်ပုံတွေကို အမှန်အတိုင်း ပြောကြားဘို့ပါဘဲ၊ ဒါကလဲ အရေးကြီးပါတယ်၊ လူမမာနဲ့ ဆေးဆရာ ဆက်ဆံသလိုပါဘဲ၊ လူမမာက သူ့မှာ တွေ့ကြုံခံစားရတာကို အမှန်အတိုင်း ပြောမှ ဆရာက သင့်တော်တဲ့ ဆေးကို ပေးပြီး ကုသနိုင်တယ်၊ လူမမာက အမှန်အတိုင်းမပြောယင် ကုသဘို့ခက်တယ်၊ အဲဒါလိုဘဲ အားထုတ်တဲ့ ယောဂီက အားထုတ်ပုံ တွေ့မြင်ပုံကို အမှန်အတိုင်း ပြောမှ ဆရာက သင့်တော်အောင် ပြုပြင်ညွှန်ကြားနိုင်တယ်၊ မသိမမြင်တာကို အသိဒဲ့မြင်လုပ်ပြီး ပြောယင်, အားမထုတ်ပဲနေတာ အိပ်နေတာတွေကို မပြောဘဲ ဖုံးကွယ်ထားယင် ပြုပြင်ညွှန်ကြားဘို့ ခက်တယ်။ ဒါကြောင့် မရှိတာကို ဟန်ဆောင်မပြဘဲ ရှိတဲ့အပြစ်ကို မဖုံးကွယ်ဘဲ ဖြောင့်မတ်စွာ ပြောပြတတ်တာကို ပဓာနိယင်္ဂတပါးလို့ ဟောထားပါတယ်။ ဒီအင်္ဂါက ယခုပြောနေဆဲ သာဌေယျကို ပယ်ဘို့နှင့်ဆိုင်ပါတယ်။

(၄) အာရဒ္ဓဝီရိယော ဝိဟရတိ=အကုသိုလ်တရားတွေကို ပယ်ဘို့ ကုသိုလ်တရားတွေကို ပြည့်စုံစေဘို့ ပြင်းပြင်းထန်ထန် မနားမနေအားထုတ်ရမယ်တဲ့။ တရားအားထုတ်တဲ့အတွက် အသားအသွေးတွေ လျော့ပါးပိန်ချုံးပြီး ခြောက်

သွားချင်သွားပါစေ၊ အရေ အကြော အရိုးမျှ ကျန်ချင်လဲ ကျန်ပါစေ၊ အရိယာမဂ်ဖိုလ်တရားထူးကို မရမချင်း မရပ်မနား အားထုတ်သွားမယ်ဆိုတဲ့ စတုရင်္ဂဝီရိယနဲ့ အားထုတ်သွားဘို့ပါဘဲ။ အဲဒီမှာ အသားအသွေးတွေ ခြောက်သွားပါစေဆိုတာက အင်္ဂါတပါး၊ အရေမျှ အကြောမျှ အရိုးမျှ ကျန်ပါစေဆိုတာက အင်္ဂါသုံးပါး၊ အဲဒီအင်္ဂါ ၄-ပါးနဲ့ ပြည့်စုံလို့ စတုရင်္ဂဝီရိယလို့ခေါ်တယ်။

(၅) ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော=ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို သိမြင်တဲ့ ဥဒယဗ္ဗယဉာဏ်ပညာနှင့် ပြည့်စုံရမယ်တဲ့။ ဒီအင်္ဂါကတော့ တရားအားမထုတ်ခင်က မပြည့်စုံနိုင်ဘူး၊ အားထုတ်ခါစမှာလဲ ပြည့်စုံဘို့ မလွယ်ဘူး၊ အများအားဖြင့်ဆိုယင် ကြိုးကြိုးစားစား အားထုတ်ပါက (၇) ရက်အတွင်းလောက်တော့ ပြည့်စုံတတ်ပါတယ်၊အနည်းငယ် အားဖြင့် သုံးလေးရက်အတွင်း ပြည့်စုံတဲ့သူလဲ ရှိပါတယ်၊ တရာမှတယောက် နှစ်ယောက်လောက်သာ ရှိတတ်ပါတယ်၊ တချို့မှာတော့ အားထုတ်မှုက လျော့နေတဲ့အတွက် သို့မဟုတ် ပင်ကိုက်ဉာဏ်က လေးနေတဲ့အတွက် ဆယ်ရက်ဆဲ့ငါးရက်စသည်ကြာမှ ဥဒယဗ္ဗယဉာဏ်ရောက်တာလဲ ရှိပါတယ်၊ တချို့မှာတော့ အကြောင်း အင်္ဂါတွေ ချို့ယွင်းနေလို့ တလကြာပေမဲ့ ဒီဉာဏ်မရောက်တဲ့သူတွေလဲ ရှိတာပါဘဲ။ ဒါပေမဲ့ ကြိုးကြိုးစားစား အားထုတ်ယင် အများစံချိန်အရအားဖြင့်တော့ (၇) ရက်အတွင်းလောက်မှာ ဒီဉာဏ်ကို ရောက်တတ်ပါတယ်။ ဒီဉာဏ်ရောက်တော့ အရောင်အလင်းတွေ ပီတိ သုခတွေ သဒ္ဓါ သတိ ဉာဏ်အထူးတွေကို တွေ့ပြီး ယောဂီမှာ အလွန်ဝမ်းမြောက်ဝမ်းသာရတယ်။ အလွန်စိတ်တက်ကြွ ထက်သန်လာတယ်။ ဒါကြောင့် မဂ်ဖိုလ်ရောက်အောင် ကြိုးစားအားထုတ်ဖို့ရာ အားပြည့်လာတယ်၊ နောက်ပြီးတော့ ဒီဉာဏ်ရောက်တဲ့သူဟာ မဂ်ဖိုလ်ကို ကေန်ရနိုင်တဲ့ပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ မပြတ်ဆက်ပြီး အားထုတ်သွားယင် မကြာမီရက်များအတွင်းမှာဘဲ မဂ်ဖိုလ်ကို ရောက်နိုင်တယ်၊ ဒါကြောင့် ဒီဥဒယဗ္ဗယဉာဏ်ပညာကိုလဲ ပဓာနိယင် တပါးလို့ ဟောထားပါတယ်။

အဲဒီ ပဓာနိယင်္ဂါပါးကို တိုတိုနဲ့မှတ်ရအောင် ဆောင်ပုဒ်တခု စီထားတယ် "ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊

ငါးအင် အားထုတ်ကြောင်း”တဲ့။ ဒီဆောင်ပုဒ်က ရိုက်ဝေထားတဲ့ စာရွက်ထဲမှာတော့ မပါဘူး၊ အဲဒါကို လိုက်ဆိုကြရမယ်။

ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင် အားထုတ်ကြောင်း။

ဒီအင်္ဂါငါးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဘာဝနာတရားကို ပြည့်ပြည့်စုံစုံလဲ အားထုတ်နိုင်တယ်၊ အဲဒီလို အားထုတ်ပြီးတော့ တရားထူးကိုလဲ ယခုဘဝတွင်ဘဲ ရနိုင်တယ်။ အဲဒီအထဲမှာ ယုံကြည်တယ်၊ ကျန်းမာတယ်၊ စိတ်ထားဖြောင့်မတ်တယ် ဆိုတာတွေကတော့ တရားအားမထုတ်ခင်ကတည်းက ပြည့်စုံနိုင်တဲ့ အင်္ဂါတွေပါဘဲ။ ဒါပေမဲ့ တချို့ပုဂ္ဂိုလ်မှာတော့ တရားအားထုတ်လို့ သမာဓိဉာဏ်အထူးကို တွေ့တန်သလောက်တွေ့လာမှ ယုံကြည်မှုအားကောင်းလာတာ၊ စိတ်ထားပိုပြီး ဖြောင့်မတ်လာတာလဲ ရှိတယ်။ ကြိုးကြိုးစားစား တွင်တွင်ကျယ်ကျယ် အားထုတ်တယ် ဆိုတာကတော့ အားထုတ်တဲ့အခါ ဖြစ်တာဘဲ၊ ယောဂီ၏ လုံလဝီရိယအပေါ်မှာ တည်တာဘဲ၊ တကယ်အားထုတ်ယင် တကယ်ဖြစ်နိုင်တာဘဲ။ အဲဒီလိုအားထုယ်ယင် ခုတင်ကပြောခဲ့တဲ့အတိုင်း လေး ငါး ခြောက်ရက် ခုနစ်ရက်အတွင်းမှာ အဖြစ်အပျက်ကို သိမြင်တဲ့ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာတတ်တာဘဲ၊ အဲဒီဉာဏ် ဖြစ်ပေါ်လာတဲ့အခါမှာ အရောင်အလင်းတွေကိုလဲ မတွေ့စဘူး တွေ့ရတယ်၊နှစ်သိမ့်ဝမ်းမြောက်မှု ပီတိကြောင့်ဖြစ်တဲ့ ပီတိဇရုပ်တွေက တကိုယ်လုံး ပျံ့နှံ့နေတဲ့အတွက် အင်မတန်လဲ နေလို့ ထိုင်လို့ ကောင်းတယ်၊ ထိုင်နေရာမှာလဲ အောက်ကြမ်းပြင်နှင့် မထိဘဲ ကြွတက်နေတယ်လို့ ထင်ရတတ်တယ်၊ တချို့မှာ တကယ်ကိုလဲ ကြွတက်နေတတ်တယ်၊ လမ်းလျှောက်နေတဲ့ အခါလဲ အောက်ကိုမထိဘဲ ကြွတက်နေတယ်လို့ ထင်ရတတ်တယ်၊ စိတ်ရောကိုယ်ပါ အလွန်လဲ ချမ်းသာနေတတ်တယ်၊ သတိကလဲ အလွန်ကောင်းတယ်၊ အထူးကြောင့်ကြမစိုက်ရဘဲ အကုန်လုံးကို မှတ်နိုင်တယ်လို့ ထင်ရတယ်၊ အသိဉာဏ်ကလဲ အစပေါ်လာတဲ့အဖြစ်နှင့် ပျောက်ဆုံးသွားတဲ့ အပျက်သဘောကို လျင်လျင်မြန်မြန် သိလျက်သိလျက် ဖြစ်နေတယ်။ ဒါကြောင့် တရားလမ်းဆုံးတိုင်အောင် ဆက်လက်အားထုတ်သွားဘို့ရာ စိတ်ဆန္ဒ ဝီရိယအင်အားတွေ ပြည့်လာတယ်။

တချို့မှာ ဒီဉာဏ်ဖြစ်ပေါ်ပြီးနောက် အားထုတ်နိုင်တဲ့အခွင့်ရက် ကုန်သွားလို့ ပြန်သွားရတဲ့အခါ အင်မတန်ဝမ်းနည်းပြီး ပြန်သွားရတယ်၊ နောင်အခွင့်သာယင် ပြန်လာဘို့ရန်လဲ စိတ်ဆန္ဒ အလွန်ထက်သန်လျက်ရှိတယ်၊ အဲဒီလို ပုဂ္ဂိုလ်ဟာ ပြန်လာဖြစ်တာဘဲ များပါတယ်၊ ပြန်ပြီးအားထုတ်တော့လဲ တိုးတက်ပြည့်စုံ သွားတာဘဲ များပါတယ်။

## ကောင်းကောင်းအားမထုတ်ယင် မတွေ့ဘူး

တချို့ကတော့ ယုံကြည်မှုသဒ္ဓါစိတ်က အားနည်းလို့ ကောင်းကောင်း အားမထုတ်ဘူး၊ ကောင်းကောင်း အားမထုတ်တဲ့အတွက် သမာဓိတောင် ကောင်းကောင်းမဖြစ်ဘူး၊ နာမ်ရုပ်ကို ပိုင်းခြားသိပုံတောင် မပြောနိုင်ဘူး၊ တလ နှစ်လ ကြာပေမဲ့ အဲဒီလိုပုဂ္ဂိုလ်မှာ ဘာမှ ထူးထူးခြားခြားဖြစ်တာ မရှိဘူး၊ အဲဒီလိုပုဂ္ဂိုလ်က သူကိုယ်တိုင် ဘာမှ အထူးကို မတွေ့ရတဲ့အတွက် သူများတွေ ထူးထူးခြားခြားတွေ့ပုံ ပြောတာကိုလဲ မယုံဘဲရှိနေတတ်တယ်၊ အဲဒါဟာ ကိုယ်တိုင်တွေ့မှ ယုံရမယ်ဆိုတဲ့ ယခုခေတ်ဝါဒနဲ့တော့ ကိုက်ညီပါပေတယ်၊ ဒါပေမဲ့ သူကိုယ်တိုင်က ကိုယ်တိုင်တွေ့နိုင်လောက်အောင် အားမထုတ်လို့ မတွေ့တာ ကိုလဲ ထည့်စဉ်းစားဦးမှပေါ့၊ ကိုယ်က သူများလို ကောင်းကောင်းအား မထုတ်ယင် ထူးခြားတာကို သူများလို မတွေ့နိုင်ပေဘူး။ နောက်ပြီးတော့ "ကိုယ်တိုင်တွေ့မှ ယုံရမယ်" ဆိုတာကို နေရာတိုင်းမှာ အသုံးချလို့ မဖြစ်ပေဘူး, ပကတိမျက်စိဖြင့် မမြင်နိုင်တာကို မျက်မှန်နဲ့ မှန်ပြောင်းနဲ့ ကြည့်မှ မြင်နိုင်တယ်၊ ကိုယ်မသွားရောက်နိုင်တဲ့ ကမ္ဘာအရပ်ရပ်တွေကို ရောက်ခဲ့တဲ့သူက ပြောလို့ ယုံသင့်တာလဲ ရှိတယ်၊ ကိုယ်က မရောက်နိုင်ပေမဲ့ လကမ္ဘာကိုတောင် ရောက်တဲ့ လူက ရောက်နေတော့ အဲဒါကိုလဲ ယုံရတာဘဲ။ တရားသဘော ဆိုတာကတော့ အလွန်သိမ်မွေ့ပါတယ်၊ ပါရမီဉာဏ်မရှိလို့ မရောက်တာလဲ ရှိတယ်၊ အားထုတ်မှု မပြည့်စုံလို့ မရောက်တာလဲ ရှိတယ်၊ ကမ္မန္တရာယ် ဝိပါကန္တရာယ် ဝီတိက္ကမန္တရာယ် အရိယူပဝါဒန္တရာယ်ဆိုတဲ့ ဒီလို အန္တရာယ်တွေရှိနေလို့ မရောက်နိုင်တာလဲ ရှိတယ်။ ဒါပေမဲ့ အများအားဖြင့်တော့ အားထုတ်မှုလျော့နေလို့ သမာဓိမဖြစ် တဲ့အတွက် ဉာဏ်မဖြစ်တာကဘဲ များပါတယ်။ အဲဒီလိုပုဂ္ဂိုလ်ကလဲ နည်းတော့ နည်းပါတယ်၊ တရာမှာတယောက် နှစ်ယောက်ထက် များမယ်မဟုတ်ပါဘူး။

အဲဒီလို အားထုတ်မှု လျော့နေလို့ သမာဓိမဖြစ်တဲ့ ပုဂ္ဂိုလ်မှာတော့ အစက နည်းနည်းရှိတဲ့ သဒ္ဓါတရားကလေးတောင် ပျက်သွားတတ်သေးတယ်၊ ဒါကြောင့် အဲဒီလို ကောင်းကောင်းအားမထုတ်နိုင်ယင်တော့ အစကတည်းကအားမထုတ်ပဲ နေတာကတောင် ကောင်းသေးတယ်၊ အားထုတ်စပြုမိယင်တော့ သူများလို ပြည့်ပြည့်စုံစုံဘဲ အားထုတ်မှ အကျိုးများတယ်။

ကြိုးကြိုးစားစား အားထုတ်ယင်တော့ သူများလိုဘဲ ထူးထူးခြားခြား တွေ့နိုင်ပါတယ်၊ တချို့က သူတို့ကိုယ်တိုင် တွေ့လာတာကို ပြောတာဟာ သိပ်ရှင်းတယ်၊ လူကြီးထဲကလဲ ရှိတယ်၊ လူငယ်ထဲကလဲ ရှိတယ်၊ အမျိုးသား ထဲကလဲ ရှိတယ်၊ အမျိုးသမီးထဲကလဲ ရှိတယ်၊ ရဟန်းထဲကလဲ ရှိတယ်၊ အချို့မှာ တရားစာပေကို ဘာမှမလေ့လာဘူးဘူး၊ အရွယ်ကလဲ ဆဲ့တနှစ် ဆဲ့နှစ်နှစ်အရွယ် အငယ်ကလေးရှိသေးတာဘဲ၊ ပြောပုံကတော့ သိပ်ပြတ်သားတယ်၊ စာပေ အဆိုနဲ့လဲ ညီနေတယ်၊ အင်မတန် ဝမ်းသာစရာကောင်းပါတယ်။ အဲဒါဟာ ကိုယ်တိုင်က မတွေ့သေးပေမဲ့ ယုံကြည်စရာပါဘဲ၊ ငါလဲ သူလိုသိအောင် အားထုတ်မယ်လို့ စိတ်အားတက်စရာပါဘဲ၊ အဲဒီလိုစိတ်အားတက်ပြီး အားထုတ် လိုက်ယင် ပဓာနီယင်္ဂါးပါးထဲက ဒီဥဒယဗ္ဗယဉာဏ်ကိုလဲ မကြာခင်ဘဲ တွေ့နိုင် ပါတယ်။ အဲဒီဉာဏ်တွေ့ယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ဖို့လဲ စိတ်ချရပြီ။

## မြတ်စွာဘုရားက ဖိတ်ခေါ်တော်မူတယ်

ဖြောင့်စွာစိတ်ထားဆိုတဲ့ အင်္ဂါနှင့်စပ်ပြီး မြတ်စွာဘုရားက "ဧတု ဝိညူ ပုရိသော အသဌော အမာယာဝီ ဥဇုဇာတိကော=မကောက်ကျစ် မလှည့်စား တတ်တဲ့ စိတ်ထား ဖြောင့်မတ်တဲ့ပုဂ္ဂိုလ် ဒီသာသနာတော်ကို လာခဲ့ပါ၊ ဆုံးမညွှန်ကြားတဲ့အတိုင်းကျင့်ယင် ခုနစ်နှစ်အတွင်း, သို့မဟုတ် ခြောက်နှစ် စသည်အတွင်း, နောက်ဆုံးခုနစ်ရက်အတွင်း အရဟတ္တဖိုလ်တရားထူးကို ရနိုင် ပါတယ်" လို့ ရဲရဲရင့်ရင့် ဖိတ်ခေါ်တော်မူပါတယ်။ ဗောဓိရာဇကုမာရသုတ်မှာ တော့ "ညနေက အဆုံးအမခံပြီး အားထုတ်လျှင် နံနက်မှာ တရားထူးကို ရပါလိမ့်မယ်၊ နံနက်က အဆုံးအမခံပြီး အားထုတ်လျှင် ညနေမှာ တရားထူး ရပါလိမ့်မယ်" လို့တောင် ဝန်ခံပြီး မိန့်တော်မူပါသေးတယ်။ အဲဒီလို မိန့်တော်မူတဲ့

အတိုင်း ဘုရားလက်ထက်တော် ကာလဆီကတော့ ဖြောင့်မတ်တဲ့ ပညာရှိ ပုဂ္ဂိုလ်တွေဟာ ဆုံးမတော်မူတဲ့အတိုင်း အားထုတ်ပြီး တရားထူးတွေကို ရကြပါတယ်၊ အကြာဆုံး ခုနစ်နှစ်အတွင်း အမြန်ဆုံး ခုနစ်ရက်အတွင်းမှာ အနာဂါမ် ရဟန္တာဖြစ်တော်မူကြပါတယ်။ အဲဒီလို ခုနစ်နှစ် ခုနစ်ရက်အတွင်း တရားထူးရတဲ့ ပုဂ္ဂိုလ်တွေက မဇ္ဈိမနေယျပုဂ္ဂိုလ်တွေ, နေယျပုဂ္ဂိုလ်ထဲက အလယ်အလတ်စား ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ တိက္ခနေယျပုဂ္ဂိုလ်များကတော့ ဗောဓိရာဇကုမာရသုတ်မှာ မိန့်တော်မူတဲ့ အတိုင်း တညဉ့်အတွင်း တနေ့အတွင်းမှာလဲ တရားထူးကို ရကြပါတယ်။

## (၇)ရက်အတွင်း တရားရတာတောင် အလွန်ရှားပါတယ်

ယခုခေတ်ကာလမှာတော့ ဘုန်းကြီးတို့ လက်လှမ်းမှီသလောက် ပြောရယင် တညဉ့်အတွင်း တနေ့အတွင်း တရားထူးရသွားတယ်လို့ မှတ်ယူရလောက်တဲ့ ပုဂ္ဂိုလ်ကို မတွေ့ရဘူးသေးဘူး၊ (၇)ရက်လောက်အတွင်း တရားထူးရတယ်လို့ မှတ်ယူရတဲ့ပုဂ္ဂိုလ်တောင် အလွန်ရှားပါတယ်၊ တထောင်မှ တယောက်လောက် ရှိလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ တချို့ပုဂ္ဂိုလ်တွေကတော့ "တထိုင်အတွင်းမှာ တောင် တရားရအောင် ပြနိုင်တယ်"လို့ ဆိုကြတယ်၊ တကယ်အစစ်အမှန် ဟုတ်ယင်တော့ ဝမ်းသာစရာပါဘဲ။ တချို့ကလဲ "သူတို့ဟောတဲ့ တရားကိုနာပြီး သိရုံနဲ့ပြီးသတဲ့၊ ရှုဘို့ အားထုတ်ဘို့တောင် မလိုဘူးတဲ့" ဒီလို ဟောပြောနေကြတယ်၊ အဲဒါကတော့ တရားအားမထုတ်ချင်တဲ့သူတွေ ပျင်းတဲ့သူတွေက သဘောကျစရာပါဘဲ။ ဒီနေရာမှာ စဉ်းစားစရာကတော့ မြတ်စွာဘုရားတောင်မှ ဟောရုံ နာရုံမျှနှင့် တရားထူးမရနိုင်တဲ့ နေယျပုဂ္ဂိုလ်တွေကို တရားအားထုတ် စေရတယ်၊ အဲဒါနဲ့ ချင့်ချိန်ကြည့်ပေါ့။

## ဓမ္မစကြာတရား ဟောတော်မူစဉ်က

မြတ်စွာဘုရားသခင်ဟာ ရှေးဦးစွာ ဓမ္မစကြာတရားကို ဟောတော်မူတယ်၊ အဲဒီတုန်းက လူသားထဲက တရားနာရတဲ့ပုဂ္ဂိုလ်ဟာ ပဥ္စဝဂ္ဂီရဟန်းငါးပါးဘဲ ရှိတယ်၊ အဲဒီငါးပါးထဲက တရားနာနေစဉ်မှာ သောတာပတ္တိမဂ်ဖိုလ်တရားထူး

ရတာဟာ အရှင်ကောဏ္ဍညတပါးဘဲ ရှိတယ်၊ ကျန်တဲ့ ၄-ပါးဟာ တရားနာရုံနဲ့ တရားထူးကို မရကြဘူး၊ ဒါကြောင့် အဲဒီတရားနာပြီးတဲ့ အချိန်ကစပြီး တရားအားထုတ်ကြရတယ်၊ မြတ်စွာဘုရားက သူတို့မှာ တွေ့ကြုံရတဲ့ ကမ္မဋ္ဌာန်းအညစ်အကြေးကို သုတ်သင်ပြီး ပြုပြင်ပေးတော်မူတယ်၊ အဲဒီ ၄-ပါးထဲက အရှင်ဝပ္ပဟာ တရက်ခန့်အားထုတ်ပြီးမှ သောတာပန်ဖြစ်တယ်၊ အရှင်ဘဒ္ဒိယဟာ ၂-ရက်ခန့်အားထုတ်ပြီးမှ သောတာပန်ဖြစ်တယ်၊ အရှင်မဟာနာမ်ဟာ ၃-ရက်ခန့်အားထုတ်ပြီးမှ သောတာပန်ဖြစ်တယ်၊ အရှင်အဿဇိဟာ ၄-ရက်ခန့်အားထုတ်ပြီးမှ သောတာပန်ဖြစ်တယ်။ နောက်ပြီးတော့ မြတ်စွာဘုရား၏ သားတော်ရာဟုလာကိုလဲ မြတ်စွာဘုရားက တရားအားထုတ်စေတယ်၊ အရှင်ရာဟုလာဟာ ခုနစ်နှစ်သားအရွယ်ကစပြီး တရားအားထုတ်ရတယ်၊ အသက်နှစ်ဆယ်အရွယ်ရဟန်းဖြစ်ပြီးတဲ့အခါကျမှ ရဟန္တာဖြစ်တော်မူတယ်။ အရှင်မဟာမောဂ္ဂလာန်ဟာ သောတာပန်ဖြစ်ပြီးတဲ့နောက် (၇)ရက် အားထုတ်ပြီးမှ ရဟန္တာဖြစ်တော်မူတယ်၊ အရှင်သာရိပုတ္တရာဟာ သောတာပန်ဖြစ်ပြီးတဲ့နောက် (၁၅)ရက်အားထုတ်ပြီးမှ ရဟန္တာ ဖြစ်တော်မူတယ်။ အရှင်အာနန္ဒာဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃-လကျော်ရှိတဲ့အခါ တညလုံးစင်္ကြံလျှောက်ရင်း အပြင်းအထန်အားထုတ်တော်မူပြီးမှ ရဟန္တာဖြစ်တော်မူတယ်။ အဲဒါတွေကို ထောက်ဆကြည့်ယင် တရားနာရုံ သိရုံမျှနှင့် ကိစ္စမပြီးကြောင်း၊ တရားအားထုတ်မှ ပြီးကြောင်းကို ဆုံးဖြတ်နိုင်ပါတယ်။ အကယ်၍သာ အားမထုတ်ရဘဲ နာရုံသိရုံမျှဖြင့် ပြီးမယ်ဆိုယင် အရှင်ဝပ္ပအစရှိတဲ့ ပဉ္စဝဂ္ဂီ ၄-ပါးကို မြတ်စွာဘုရားက တရားအားထုတ်ခိုင်းမည် မဟုတ်ပေ၊ ရာဟုလာကိုလဲ အားထုတ်ခိုင်းမည် မဟုတ်ပေ၊ အရှင်မောဂ္ဂလာန် အရှင်သာရိပုတ္တရာတို့ကိုလဲ အားထုတ်ခိုင်းမည် မဟုတ်ပေ၊ အရှင်အာနန္ဒာမှာ ဘုရားဟောတရားကို အကုန်နာပြီး သိပြီးပင် ဖြစ်ပါတယ်၊ ဒါကြောင့် သိရုံမျှနဲ့ ကိစ္စပြီးမယ်ဆိုယင် အားထုတ်ဖို့ လိုမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် အရှင်အာနန္ဒာဟာ တညလုံး အပြင်းအထန် အားထုတ်ပြီးမှ ရဟန္တာဖြစ်တော်မူရတယ်၊ ဒါကြောင့် သိရုံမျှနဲ့ ကိလေသာကို ပယ်ခြင်းကိစ္စ အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စ မပြီးဘူး၊ သမထဝိပဿနာတရားကို ပြည့်စုံစွာ အားထုတ်မှ အဲဒီကိစ္စတွေ ပြီးတယ်ဆိုတာ ကိန်းသေ မှတ်ထားကြရမယ်။

## တရားနာရင်း မဂ်ဖိုလ်ရောက်ရမှာလဲ ရှုမှု ရှိတာဘဲ

အရှင်ကောဏ္ဍညမထေရ်ဟာ ဓမ္မစကြာသုတ်တရားကိုနာရင်း သောတာပန် ဖြစ်တော်မူတယ်၊ ပဥ္စဝဂ္ဂီရဟန်းတော်ငါးပါးလုံး အနတ္တလက္ခဏသုတ်တရားကို နာရင်း ရဟန္တာဖြစ်တော်မူကြတယ်၊ သန္တတိအမတ်ကြီးဟာ ဂါထာတပုဒ် တရားကိုနာရင်း ရဟန္တာဖြစ်တယ်၊ ပဋာစာရာထေရီဟာ ဂါထာတပုဒ်တရားကို နာရင်း သောတာပန်ဖြစ်တယ်၊ အဲဒီလို တရားနာရင်း မဂ်ဖိုလ်ရကြတာလဲ သတိပဋ္ဌာန် ၄-ပါးထဲက တပါးပါးဖြင့် ရှုပြီးတော့ မဂ်ဖိုလ်ရကြတဲ့အကြောင်းကို မဟာသတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။

> ယသ္မာ ပန ကာယဝေဒနာစိတ္တဓမ္မေသု ကဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ၊ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိ- ဒေဝေ သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ။

ပန၊ ဂါထာတပုဒ်တရားကို နာရုံမျှဖြင့် အရိယာမဂ်ဖိုလ်တရားကို ရကြသည် မှန်သော်လည်း။ ကာယဝေဒနာစိတ္တဓမ္မေသု၊ ရုပ်အပေါင်းကိုယ် ခံစားမှုဝေဒနာ အာရုံကို သိမှုစိတ်နှင့် သဘောတရားဟူသော ဤတရားတို့တွင်။ ကဉ္စိ ဓမ္မံ၊ တစုံတခုသောတရားကိုမျှ။ အနာမသိတွာ၊ မသုံးသပ် မရှုမှတ်မူ၍။ ဘာဝနာ နာမ၊ ပညာကို ပွါးစေမှု ဘာဝနာမည်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ နတ္ထိ၊ မရှိချေ။ တသ္မာ၊ ထိုကြောင့်။ တေပိ၊ တရားနာစဉ် အရိယာမဂ်ဖိုလ်ကို ရကြ သော ထိုပုဂ္ဂိုလ်တို့ကိုလည်း။ ဣမိနာဝ မဂ္ဂေန၊ ရုပ်အပေါင်းကိုယ် ခံစားမှု ဝေဒနာ အာရုံသိမှုစိတ်နှင့် သဘောတရားဟူသော ၄-မျိုးသော တရားတို့ကို ရှုမှတ်၍သိရသော ဤသတိပဋ္ဌာန်လမ်းဖြင့်ပင်လျှင်။ သောကပရိဒေဝေ သမ- တိက္ကန္တာတိ၊ စိုးရိမ်ပူဆွေးမှု ငိုကြွေးမှုတို့ကို ကျော်လွန်သွားကြသည်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏-တဲ့။

အတိုချုပ် ဆိုလိုတာကတော့ ဂါထာတပုဒ်တရားကို ကြားနာပြီးတော့ သန္တတိအမတ်ကြီးဟာ ရဟန္တာ ဖြစ်ပြီး သောကကို ကျော်လွန်သွားတာ သောကကင်းသွားတာလဲ မှန်တယ်၊ ပဋာစာရာထေရီဟာ သောတာပန်ဖြစ်ပြီး ပရိဒေဝကို ကျော်လွန်သွားတာလဲ မှန်တယ်၊ ဒါပေမဲ့ သူတို့ဟာ သတိပဋ္ဌာန်

နည်းအရ ရှုမှတ်ခြင်း မရှိဘဲ ကြားနာရုံမျှနဲ့ အရိယာမဂ်ဖိုလ်တွေကို ရောက်သွားကြတာတော့ မဟုတ်ဘူး၊ ဘာကြောင့်လဲ ဆိုလျှင် ကိုယ် ဝေဒနာ စိတ် သဘောတရားဆိုတဲ့ ဒီလေးပါးထဲက တပါးပါးကိုမျှ မရှုမမှတ်ပဲ ဝိပဿနာ-ပညာ အရိယမဂ်ပညာကို ဖြစ်စေ ပွါးစေတဲ့ ဘာဝနာဆိုတာ ဖြစ်ရိုးမရှိဘူး၊ ရုပ်အပေါင်းကိုယ်ကိုဖြစ်စေ၊ ခံစားမှုဝေဒနာကိုဖြစ်စေ၊ အာရုံသိမှု စိတ်ကိုဖြစ်စေ၊ သဘောတရားကိုဖြစ်စေ၊ ဒီလေးပါးထဲက တပါပါးကို ရှုမှတ်ပါမှ ဝိပဿနာပညာလဲ ဖြစ်နိုင်တယ်၊ အရိယာမဂ်ပညာလဲ ဖြစ်နိုင်တယ်၊ ဒါကြောင့် တရားနာရင်း အရိယာမဂ်ဖိုလ်ရောက်ပြီး သောတာပန် စသည်ဖြစ်ကြတယ်၊ အဲဒီလို တရားထူးရပြီး သောကပရိဒေဝကို ကျော်လွန်သွားကြတယ် ဆိုတာဟာ သတိပဋ္ဌာန်နည်းလမ်းဖြင့် ရှုမှတ်ပြီး ဖြစ်သွားကြတာဘဲ၊ ထို့အတူ တရားနာရင်း မဂ်ဖိုလ်တရားထူးကို ရကြတဲ့ပုဂ္ဂိုလ်တွေဟူသမျှဟာလဲ သတိပဋ္ဌာန်နည်းလမ်းဖြင့် ရှုမှတ်သိမြင်ပြီး ရသွားကြတာချည်းဘဲ၊ ရှုမှတ်မှု သတိပဋ္ဌာန်နည်းလမ်းနှင့် ကင်းပြီး နာကြားရုံမျှ သိရုံမျှဖြင့် မဂ်ဖိုလ်ရကြတာ မဟုတ်ဘူး-လို့ ပြတ်ပြတ်သားသား ပြဆိုထားပါတယ်၊ ဒါကြောင့် "သူတို့ ပြောဟောတာ သိနားလည်ယင် ပြီးတယ်၊ တရားအားထုတ်ဖို့ မလိုဘူး"လို့ ပြောဆိုကြတဲ့ စကားဟာ ကျမ်းဂန်လွတ်စကားသာ ဖြစ်တယ်၊ ကျမ်းဂန်လွတ်ရုံတွင် မဟုတ်သေးဘူး၊ မြတ်စွာဘုရား၏ စကားတော်များနှင့်လဲ ဆန့်ကျင်နေတယ်။

## ဘုရားစကားတော်နှင့် ဆန့်ကျင်ပုံ

မြတ်စွာဘုရားက ယောဒိသောင်းများစွာသော သုတ်တွေမှာ သမထ ဝိပဿနာ ဘာဝနာကို ပွါးစေဘို့ အားထုတ်ဘို့ အထင်အရှား ဟောကြားတော်မူခဲ့ပါတယ်။ ဓမ္မစကြာသုတ်မှာ အရိယမဂ္ဂသစ္စာကို ဘာဝေတဗ္ဗံ-ဖြစ်စေရမယ်၊ ပွါးစေရမယ်လို့ ဟောတော်မူခဲ့ပါတယ်။ အနတ္တလက္ခဏသုတ် အစရှိသော သုတ်ပေါင်းများစွာတို့၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တဟု အမှန်အတိုင်းမြင်အောင် ရှုဘို့ ဟောတော်မူခဲ့ပါတယ်။ ဒီဃနိကာယ် သာမညဖလသုတ် စသည်မှာ ပဉ္စမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ-စသည်ဖြင့်၊ သမထဈာန်သမာပတ်တွေကိုလဲ ပွါးစေရန် ဟောတော်မူခဲ့ပါတယ်။ ဉာဏ-ဒဿနာယ စိတ္တံ အဘိနီဟရတိ-စသည်ဖြင့် ဝိပဿနာဉာဏ် ပွါးစေရန်လဲ

ဟောတော်မူခဲ့ပါတယ်။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာ စိတ္တံ ပညဉ္စ ဘာဝယံ သမာဓိကိုရင်း၊ ဝိပဿနာပညာကိုရင်း ပွါးစေလျှင် တဏှာအရှုပ်ကို ဖြေရှင်းနိုင်တယ်လို့ ဟောတော်မူခဲ့ပါတယ်။ သတိပဋ္ဌာနသံယုတ်ပါဠိတော်မှာ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာသိ-သတိပဋ္ဌာန်လေးပါးကို ပွါးစေရမယ်လို့ ဟောတော်မူခဲ့ပါတယ်။ အဲဒီသံယုတ်မှာဘဲ ချစ်ခင်ရင်းနှီးတဲ့သူတွေကို သတိပဋ္ဌာန်လေးပါးပွါးစေရန် တိုက်တွန်းရမယ်လိုလဲ ဟောတော်မူခဲ့ပါတယ်။ သစ္စသံယုတ်မှာ သစ္စာလေးပါးကို သိအောင် ယောဂေါကရဏီယော-အားထုတ်ခြင်းကိုပြုရမယ်လို့ ဟောတော်မူခဲ့ပါတယ်။ ပဓာနိယင်္ဂါးပါးကိုပြရာ၌ အာရဒ္ဓဝီရိယော-စသည်ဖြင့် ပြင်းပြင်းထန်ထန် အားထုတ်ရန် ညွှန်ကြားတော်မူခဲ့ပါတယ်။ နိဒါနဝဂ္ဂသံယုတ် ဒသဗလသုတ်မှာ "အရေ အကြော အရိုးမျှ ကျန်လျှင်လဲ ကျန်ပါစေ၊ အသား အသွေးတွေ ခြောက်သွေ့ကုန်ခန်းသွားလျှင်လဲ သွားပါစေ၊ အလိုရှိအပ်သော အရိယာမဂ်ဖိုလ်သို့ မရောက်မချင်း မရပ်မနားဘဲ အားထုတ်သွားမယ်"လို့ ဒီလို စတုရင်္ဂဝီရိယကို ဆောက်တည်ပြီးတော့ ပြင်းပြင်းထန်ထန် အားထုတ်ဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။ အင်္ဂုတ္တရပါဠိ ဒုကနိပါတ် ဥပညာတသုတ်မှာလဲ နည်းတူပင် ညွှန်ကြားတော်မူခဲ့ပါတယ်။ မူလပဏ္ဏာသပါဠိတော် မဟာဂေါသိင်္ဂသုတ်မှာတော့ မြတ်စွာဘုရားက ကိုယ်တော်တိုင် အားထုတ်ခဲ့တဲ့အတိုင်း အဓိဋ္ဌာန်ပြုပြီး အားထုတ်ဖို့ ညွှန်ပြတော်မူခဲ့ပါတယ်။ ညွှန်ပြပုံကတော့— "အာသဝေါကိလေသာတို့မှ စိတ်မလွတ်သေးမချင်း ဒီတင်ပလ္လင်ခွေကို မဖျက်တော့ဘူး"လို့ အဓိဋ္ဌာန်ပြုပြီး အားထုတ်ယင် အကောင်းဆုံးဘဲလို့ ညွှန်ပြတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားဟာ ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်နေ့ ညဦးယာမ်မှာ အဲဒီလို အဓိဋ္ဌာန်ပြုပြီး ထိုင်တော်မူကာ တညလုံး အပြင်းအထန် အားထုတ်တော်မူခဲ့ပါတယ်၊ အဲဒီလို အားထုတ်တော်မူတဲ့အတွက် ညဦးယာမ်မှာ ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရတော်မူခဲ့ပါတယ်၊ သန်းခေါင်ယာမ်မှာ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရတော်မူခဲ့ပါတယ်၊ မိုးသောက်ယာမ်မှာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီး ဥပါဒါနက္ခန္ဓာတို့၏ အဖြစ်အပျက်ကို ရှုတော်မူလျက် ဝိပဿနာဉာဏ်များကို ပွါးစေတော်မူခဲ့ပါတယ်၊ ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့ ရူပသတ္တကရှုနည်း, နာမသတ္တကရှုနည်းများနှင့်တကွ ရှုနည်းမျိုးစုံဖြင့် ရှုပြီး ဝိပဿနာဉာဏ်တွေကို အကြွင်းမဲ့ အပြည့်အစုံ ပွါးစေတော်မူခဲ့ပါတယ်၊ အဲဒီလို ပွါးစေပြီးတော့

အရိယာမဂ်ဖိုလ်ဉာဏ် ၄-ဆင့် အစဉ်အတိုင်းတက်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ အဲဒီ တညလုံး တင်ပလ္လင်ခွေကို မပြင်ဘဲ အပြင်းအထန်အားထုတ်တော်မူခဲ့ပါတယ်၊ အဲဒါကို ရည်ညွှန်းပြီးတော့ တင်ပလ္လင်ခွေ တထိုင်တည်းဖြင့် အရဟတ္တဖိုလ်ရောက် အပြင်းအထန် အားထုတ်ရန် ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီလို မြတ်စွာဘုရားက ထောင်သောင်းများစွာသော သုတ်တွေမှာ မဂ်ဖိုလ်တရားထူးကို ရအောင် အားထုတ်ဖို့ရာသာ ညွှန်ကြားထားတဲ့အတွက် "ကြားနာပြီး သိရုံမျှနဲ့ ပြီးတယ်၊ တရားအားထုတ်ဖို့ မလိုတော့ဘူး"လို့ ပြောတဲ့ စကားဟာ မြတ်စွာဘုရား၏ စကားတော်များနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေတယ်။ ဒါကြောင့် ဆရာက "တရားရပြီ ကိစ္စပြီးပြီ"လို့ ပြောတာနဲ့ စိတ်ချနေလို့ မဖြစ်ဘူး၊ "ကိလေသာကို ငြိမ်းစေတဲ့ တရားစစ် ဟုတ်ရဲ့လား၊ မိမိသန္တာန်မှာ ငြိမ်းသင့်တဲ့ ကိလေသာ ငြိမ်းရဲ့လား"ဆိုတာကို စစ်ဆေးကြည့်ဘို့လဲ လိုပါတယ်။

## အများစံချိန် တလခန့်

ဘုန်းကြီး ကမ္မဋ္ဌာန်းပြလာခဲ့တာဟာ ၃၂-နှစ် ရှိပါပြီ၊ အဲဒီ ၃၂-နှစ်အတွင်းမှာ တွေ့ရတာကတော့ (၇)ရက်လောက်နဲ့ ဝိပဿနာဉာဏ်စဉ် ဖြစ်ပုံကို စုံစုံလင်လင် ပြောနိုင်တဲ့ပုဂ္ဂိုလ်ဟာ အလွန်ဘဲ ရှားပါတယ်၊ အများအားဖြင့်တော့ ရက်ပေါင်း ၂၀-ကျော် ၃၀-ကျော်လောက်ကြာမှ ဝိပဿနာဉာဏ်စဉ် ဖြစ်ပုံကို အပြည့်အစုံ ပြောနိုင်တတ်ကြပါတယ်၊ တလခွဲ နှစ်လလောက်ကြာမှ ပြည့်ပြည့်စုံစုံ ပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေလဲ များပါတယ်၊ သုံးလေးလကြာအောင် အားထုတ်ရတဲ့ ပုဂ္ဂိုလ်များလဲ ရှိပါတယ်။ သို့သော်လဲ ညွှန်ကြားတဲ့အတိုင်း ကြိုးကြိုးစားစားအားထုတ်ယင်တော့ တလအတွင်း တလကျော်ကျော်အတွင်းမှာ ပြည့်ပြည့်စုံစုံ ပြောနိုင်ကြတာကဘဲ များပါတယ်။ ဒါကြောင့် အဲဒီ တလ တလကျော်ကျော်ကို စံချိန်ထားပြီး အားထုတ်ဖို့ တိုက်တွန်းနှိုးဆော်နေပါတယ်။ အဲဒါကိုတောင် တချို့က မြန်လွန်းတယ်ဆိုပြီး ကဲ့ရဲ့ အပြစ်တင်နေကြသေးတယ်၊ အဲဒီလို အပြစ်တင်တာကတော့ မသင့်ပေဘူး၊ ဘာကြောင့်လဲဆိုယင် မြတ်စွာဘုရားက "မိမိ၏ တရားနည်းလမ်းဟာ မှန်ကန်ကောင်းမြတ်တဲ့အတွက် တနေ့အတွင်း တညအတွင်း (၇)

ရက်အတွင်းမှာတောင် အနာဂါမ် ရဟန္တာဖြစ်နိုင်တယ်”လို့ ဂုဏ်ပြုပြီး ဟောထားရာမှာ “နေ့ရော ညပါ မပြတ်မစဲ တလကျော်ကျော် အားထုတ်လို့တောင် တရားထူးကို မရနိုင်ဘူး”လို့ ဆိုရာရောက်တဲ့အတွက် ဘုရားစကားတော်ကို ကန့်ကွက်ရာလဲ ရောက်တယ်၊ ရှုတ်ချရာလဲ ရောက်တယ်၊ အားမထုတ်ချင်အောင် ပိတ်ပင်ရာလဲ ရောက်တယ်၊ ဒါကြောင့်ပါဘဲ။

## အရေးကြီးတာက နည်းမှန်ဖို့ ဖြောင့်မတ်ဖို့ အားထုတ်ဖို့ဘဲ

အရေးကြီးတာကတော့ မြတ်စွာဘုရား ဟောထားတဲ့ မဟာသတိပဋ္ဌာနသုတ်အစရှိတဲ့ ဒေသနာတော်များနဲ့ညီတဲ့ နည်းလမ်းမှန်လဲ ဖြစ်ရမယ်၊ (စေတု ဝိညူ ပုရိသော အသဌော အမာယာဝီ ဥဇုဇာတိကော-လို့ ဟောတော်မူတဲ့အတိုင်း) မာယာ သာဌေယျကင်းပြီး ဖြောင့်မတ်စွာ ဝန်ခံ ပြောဆိုတတ်တဲ့ ယောဂီလဲ ဖြစ်ရမယ်၊ ဆရာက ညွှန်ကြားတဲ့အတိုင်းလဲ အားထုတ်ရမယ်၊ အဲဒါတွေက အရေးကြီးပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာများက မဟာသတိပဋ္ဌာနသုတ်အစရှိတဲ့ ဘုရားဟောဒေသနာတော်များနှင့်အညီ အားထုတ်ပုံ အားထုတ်နည်းကို တပည့်ယောဂီအား ညွှန်ကြားရတယ်၊ ယောဂီကလဲ ညွှန်ကြားတဲ့အတိုင်း နေ့ရောညဉ့်ပါ မပြတ်မစဲ ရှုမှတ်အားထုတ်နေတယ်၊ အားထုတ်ပြီးတော့ သူကိုယ်တိုင် တွေ့တာ သိတာကို တွေ့တဲ့ သိတဲ့အတိုင်း ပြောတယ်၊ အဲဒီပြောတာကို ကြားနာပြီးတော့ “ဒီယောဂီမှာ ဘယ်ဉာဏ်ဖြစ်နေပြီ၊ ဘယ်ဉာဏ်အဆင့် ရောက်နေပြီ”လို့ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာများက မှတ်သားထားရတယ်၊ နောက်ဆုံး ဝိပဿနာဉာဏ်စဉ် ပြည့်စုံလို့ အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တွေ့မြင်ပုံကို ပြောတဲ့အခါလဲ အဲဒါကို မှတ်သားထားရတယ်၊ အဲဒါကို မှတ်သားထားပြီးတော့ တပည့်ယောဂီအား ကျေပြွန်အောင် ဆက်လက်အားထုတ်စေရတယ်၊ အဲဒီလို အားထုတ်လို့ “ကျေပြွန်လောက်ပြီ ဟုတ်လောက်ပြီ”လို့ စိတ်ချရတဲ့အခါမှာ ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြစ်ပုံနှင့် မဂ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပုံကို ဖော်ပြတဲ့ ဉာဏ်စဉ်တရားကို ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာများက ဟောပြရတယ်၊ အဲဒီဉာဏ်စဉ်တရားကို နာပြီးတော့ တပည့်ယောဂီက သူကိုယ်တိုင် တွေ့ပုံ သိပုံနှင့် တိုက်ဆိုင်ပြီး “ဘယ်ဉာဏ် ရောက်တယ်”ဆိုတာ သူ့ဟာသူဘဲ ဆုံးဖြတ်ရပါတယ်။ ဘုန်းကြီးတို့ကတော့

တပည့်ယောဂီအား “ဘယ်ဉာဏ်ရောက်ပြီ၊ မဂ်ဖိုလ်ရောက်ပြီ၊ သောတာပန် ဖြစ်ပြီ” စသည်ဖြင့် ဆုံးဖြတ်ခြင်း ပြောကြားခြင်းကို မပြုပါဘူး၊ သူ့ဟာသူဘဲ ဆုံးဖြတ် မှတ်ယူစေပါတယ်။ ဘုန်းကြီးတို့ကတော့ “ဘယ်ဉာဏ်ရောက်ပြီ၊ မဂ်ဖိုလ် ရောက်ပြီ၊ သောတာပန်ဖြစ်ပြီ”စသည်ဖြင့် ဒီလို အဆုံးအဖြတ် မပေးပါဘူး။

ဒါပေမဲ့ တချို့ကတော့ ဘုန်းကြီးတို့က ဆုံးဖြတ်ပေးလိုက်သလိုလို ကဲ့ရဲ့ပြော ဆိုနေကြတယ်၊ အဲဒါကတော့ မဟုတ်မမှန်ဘဲ စွပ်စွဲရာရောက်ပါတယ်။ တချို့ကလဲ “ကမ္မဋ္ဌာန်းဆရာလုပ်နေပြီး ကိုယ့်တပည့်ကို သောတာပန်ဖြစ်ပြီ စသည်ဖြင့် အဆုံးအဖြတ်မပေးနိုင်တာ နေရာမကျဘူး”လို့ ဆိုကြတယ်။ အဲဒါကတော့ သူတို့အမြင်နဲ့ နေရာမကျတာပါ၊ သာသနာတော်အစဉ်အလာနဲ့တော့ နေရာကျ ပါတယ်။ နေရာကျပုံကတော့ ဗုဒ္ဓသာသနာတော်မှာ မြတ်စွာဘုရား တပါး တည်းသာ “မည်သူဟာ သောတာပန် ဖြစ်တယ်၊ သကဒါဂါမ် ဖြစ်တယ်၊ အနာဂါမ် ဖြစ်တယ်၊ ရဟန္တာ ဖြစ်တယ်”လို့ ပြောကြားတော်မူပါတယ်၊ ဘုရားမှတပါးဆိုယင် အရှင်သာရိပုတ္တရာတောင် အဲဒီလို ပြောကြားဆုံးဖြတ်တာ မရှိပါဘူး၊ ဒါကြောင့် ဘုန်းကြီးတို့က အဆုံးအဖြတ်မပေးတာဟာ သာသနာ တော်အစဉ်အလာနဲ့တော့ နေရာကျပါတယ်။

နောက်တချက်ကတော့ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာလုပ်ရတာဟာ ဆေး ဆရာလုပ်ရတာနဲ့လဲ တူပါတယ်၊ ရှေးတုန်းက ဆေးဆရာတွေမှာ လူမမာကို တိုင်းတာကြည့်စရာ ကိရိယာတန်ဆာပလာ မရှိသေးဘူး၊ လူမမာ၏ အခြေ အနေကို ကြည့်၊ လက်နဲ့ သွေးကို စမ်းကြည့်ပြီး ရောဂါကို အကဲခတ်ကြရတယ်၊ လူမမာက ပြောတဲ့စကားကိုလဲ ထောက်ဆပြီး ရောဂါအခြေအနေကို အသိ အမှတ်ပြုကြရတယ်၊ အကယ်၍ လူမမာက အမှန်အတိုင်းမပြောယင် ဆေး ဆရာမှာ အမှန်းအဆလွဲမှားသွားနိုင်တယ်၊ အဲဒါလိုဘဲ ယောဂီက အမှန်အတိုင်း မပြောယင် ကမ္မဋ္ဌာန်းဆရာမှာလဲ အဆုံးအဖြတ် မှားသွားနိုင်တယ်။ ဒါကြောင့် တရားအားထုတ်တဲ့ယောဂီက မာယာ သာဌေယျကင်းပြီး ကိုယ်တိုင် တွေ့သိသမျှ ကိုသာ အမှန်အတိုင်း ပြောဘို့ရာ အရေးကြီးပါတယ်၊ ကမ္မဋ္ဌာန်းဆရာကလဲ တပည့်ယောဂီပြောသမျှကို မှတ်သားထားပြီး ဉာဏ်စဉ်ဖြစ်ပုံတွေကို ဟောပြ ခြင်းဖြင့် သူ့ဟာသူ ဆုံးဖြတ်စေခြင်းသာလျှင် အသင့်လျော်ဆုံးဖြစ်ပါတယ်။

ဒါကြောင့် တရားအားထုတ်နေတဲ့ ယောဂီတွေဟာ ဟန်ဆောင်ပြောပြမှု သာဌေယျကင်းပြီး ဖြောင့်မတ်စွာ ပြောပြဘို့ရာ အလွန်အရေးကြီးပါတယ်။ အဲဒီ သာဌေယျကို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ သဌာ၊ ဟန်ဆောင်ပလွှား ဝါကြွား ပြောဆိုကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အသဌာ၊ ဟန်ဆောင်ကင်းပြတ် ဖြောင့်မတ်ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အဲဒီ အထဲက အစတဝါရကို ဆိုပြီး အမှတ်ပြုကြပါစို့။

(၃၀) သူများတွေက ဟန်ဆောင်ပလွှား ဝါကြွားကြမည့်နေရာမှာ ငါတို့ကတော့ ဟန်ဆောင်ကင်းပြတ် ဖြောင့်မတ်စေမည်၊ ကိလေသာပါး စေတဲ့အကျင့်ကို ကျင့်မည်။

## ၃၁။ မာယာ-မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း

မာယာဆိုတာ မိမိအပြစ်ကို သူတပါးမသိရအောင် ဖုံးကွယ်လှည့်စားတဲ့ သဘောပါဘဲ၊ ဒီမာယာအကြောင်းကတော့ သာဌေယျကို ပြောရာမှာ ပါတန် သလောက် ပါသွားပါပြီ။ တချို့က မိမိမှာ သီလသိက္ခာပုဒ် ပျက်နေတာကို သူများမသိရအောင် ဖုံးကွယ်ထားတယ်၊ သီလပျက်ခြင်း၏ အပြစ်ကို ပြောဟော နေတယ်၊ သီလ၏အကျိုးကိုလဲ ပြောဟောနေတယ်၊ ကြားရတဲ့သူတွေက "သီလ အလေးပြုတဲ့ပုဂ္ဂိုလ်ဘဲ, သီလစင်ကြယ်တဲ့ပုဂ္ဂိုလ်ဘဲ"လို့ ထင်စေလိုတဲ့အတွက် ပြောတာပါဘဲ။ တချို့က ဓုတင်ကျင့်ဝတ်ကို ဆောင်တယ်၊ ဘာဝနာအလုပ်ကို ဝင်ပြီး အားထုတ်တယ်၊ အဲဒါတွေဟာ ဂုဏ်တက်အောင် ဟန်ဆောင်တာ မဟုတ်ဘူး၊ သီလပျက်တာ သူများမသိအောင် ဖုံးကွယ်တာဘဲ၊ ဒါကြောင့် သာဌေယျမဟုတ်ဘူး၊ မာယာပါဘဲ။ တချို့က မိမိတာဝန်ကို အချိန်ပြည့်မလုပ် ပဲနဲ့ ကြည့်ရှုစစ်ဆေးတဲ့ပုဂ္ဂိုလ် လာတဲ့အချိန်မှာ ကြိုးကြိုးစားစားလုပ်နေတယ်၊ ဒါလဲ မာယာဘဲ၊ တချို့က အလုပ်ကို ကောင်းကောင်းမလုပ်ပဲနဲ့ အစီရင်ခံစာကိုသာ ကောင်းကောင်းရေးတင်နေတယ်၊ ဒါလဲ မာယာဘဲ၊ တချို့က မျက်ကွယ်မှာ

အကျိုးမဲ့ကို ပြုလုပ်ပြောဆိုနေပြီးတော့ မျက်မှောက်ကျတော့ အကျိုးကို ဆောင်ရွက်လေယောင် လိုလားလေယောင် ပြောဆိုနေတယ်၊ ဒါလဲ မာယာဘဲ။ တရားအားထုတ်ရာမှာလဲ ဆရာပြောတဲ့အတိုင်း အားမထုတ်ပဲနဲ့ အားထုတ်လေယောင် ပြောဆိုနေတယ်၊ ဒါလဲ မာယာဘဲ။ အတိုချုပ်အားဖြင့်တော့ ကိုယ့်အပြစ်ကို သူတပါးမသိရအောင် ဖုံးကွယ်လှည့်စားမှုဟူသမျှဟာ မာယာချည်းဘဲ၊ ယုတ်မာတဲ့ တရားဆိုးတခုပါဘဲ။ အဲဒီမာယာကိုလဲ ပယ်ဘို့ရာ မြတ်စွာဘုရားက——

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ မာယာဝီ၊ ကိုယ့်အပြစ်ကို ဖုံးကွယ်သောအားဖြင့် လှည့်စားတတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အမာယာဝီ၊ လှည့်စားမှုကင်း၍ ပွင့်လင်းဖြောင့်မတ်ကုန်သည်။ ဘဝိဿာမ-တိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကိုခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူပါတယ်။ အစ တဝါရလောက်ပဲ အဓိဋ္ဌာန်ဆိုကြပါစို့။

> (၃၁) သူများတွေက အပြစ်ဖုံးထား လှည့်စားကြမည့်နေရာမှာ ငါတို့ကတော့ ဖုံးကွယ်မထား ရိုးသားဖြောင့်မတ်စေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်။

အဲဒီအဓိဋ္ဌာန်အတိုင်း အပြစ်ရှိယင် ဆရာသမားထံ သီတင်းသုံးဘော်များထံမှာ ပြောပြသင့်တဲ့အခါ အမှန်အတိုင်း ဝန်ခံနိုင်ရမယ်၊ မာယာနှင့်သာဌေယျဆိုင်ရာ စိတ်ကူးများဖြစ်ပေါ်လာယင်လဲ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်ရမယ်။ ဒီမာယာနှင့် သာဌေယျကို သောတာပတ္တိမဂ်က ပယ်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ ယုတ်မာတဲ့ တရားဆိုးများဖြစ်တဲ့အတွက် ဒီမာယာနှင့် သာဌေယျတို့ဟာ အရိယာသန္တာန်မှာ မရှိသင့်ပါဘူး။ ဒါကြောင့် အဲဒီတရားဆိုးတွေကို သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ပယ်နိုင်သည်တိုင်အောင် အားထုတ်သွားကြဘို့ပါဘဲ။

## ၃၂။ အတိမာန—အလွန်အထင်ကြီးခြင်း

## ၃၃။ ထမ္ဘ—အရိုအသေမပြုနိုင်ခြင်း

ပါဠိမှာ ထမ္ဘပြီးမှ အတိမာနကို ဟောထားပါတယ်၊ ဆောင်ပုဒ်လင်္ကာမှာ တော့ "သာဌေ့၊မာယာ၊ အတိမာ၊ထမ္ဘ" လို့ ကာရန်ရသည်အားလျော်စွာ ရှေ့နောက်ပြန်ပြီး စီထားပါတယ်။ သဘောအားဖြင့်တော့ အလွန်မာနကြီးပြီး အလွန်ဘဝင်မြင့်နေယင် ရိုသေထိုက်တဲ့ပုဂ္ဂိုလ်ကို မရိုသေမကိုင်းရှိုင်းနိုင်တဲ့ ထမ္ဘလဲ ဖြစ်တတ်တာပါဘဲ။ ရိုသေထိုက်တဲ့ပုဂ္ဂိုလ်ကို မရိုသေယင်၊ ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်ကို ရှိမခိုးယင်၊ နေရာဖယ်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို နေရာဖယ်မပေးယင်၊ လမ်းရှောင်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို ရှောင်မပေးယင် အဲဒါဟာ မာနကြီးပြီး တောင့်ခိုင်နေတဲ့ ထမ္ဘပါဘဲ။ ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာ အဖိုးအဖွား အမိအဖ ဆရာသမားအစရှိသော အသက်ကြီးတဲ့ပုဂ္ဂိုလ်၊ သီလအစရှိသောဂုဏ်ဖြင့် ကိုယ့်ထက်ကြီးမြတ်တဲ့ ရှင်ရဟန်း ဆရာမြတ်စသောပုဂ္ဂိုလ်–ဒီလိုပုဂ္ဂိုလ်များပါဘဲ၊ "အဲဒီလိုပုဂ္ဂိုလ်တွေကို ရိုသေခြင်းစသည်မပြုဘဲ မရိုမသေပြုလျှင် သေတဲ့အခါ ငရဲသို့လဲကျရောက်တတ်တယ်၊ လူ့ဘဝရောက်လာပြန်ယင်လဲ အောက်တန်းစား အမျိုးညံ့မှာဖြစ်ရတတ်တယ်။ရိုသေထိုက်တဲ့သူကို ရိုသေခြင်းစသည် ပြုတဲ့သူကတော့ သေတဲ့အခါ နတ်ပြည်ကို ရောက်တတ်တယ်၊ လူ့ဘဝရောက်လာပြန်ယင်လဲ မြင့်မြတ်တဲ့အမျိုးကြီးတွေမှာ ဖြစ်ရတယ်"ဆိုတဲ့ အကြောင်းကို စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက ဝေဘန်ဟောကြားထားပါတယ်။ အဲဒါကို ဘုန်းကြီးက အတိုချုပ် ဆောင်ပုဒ်စီထားတယ်၊ "မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်" တဲ့။ အဲဒါကို ဆိုကြရမယ်။

(၃၃) မရိုမသေ၊ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်။ (ဆို)

မာနဆိုတာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတပါးကို အထင်သေးတတ်တဲ့သဘောဘဲ၊ အတိမာနဆိုတော့ အတိုင်းထက်အလွန် အထင်ကြီးတဲ့မာနပေါ့၊ မာနဆိုတာ ရဟန္တာကျမှ အကုန်ကင်းပါတယ်၊ ဒါကြောင့် မာနဆိုတာ ကင်းခဲတဲ့တရားပါဘဲ။ ဒါပေမဲ့ တချို့ပုဂ္ဂိုလ်မှာ ဒီမာနက အတိုင်းထက်အလွန် ဖြစ်နေတယ်၊ အဲဒါဟာ အတိမာနဘဲ။ အဲဒီလို အလွန်မာနကြီးနေတဲ့သူဟာ လောကဘက်မှာလဲ ဆက်ဆံရေး အဆင်မပြေဘဲ မကြီးပွါးနိုင်ဘဲ ရှိတတ်တယ်

အဲဒီလိုပုဂ္ဂိုလ်နဲ့ မဆက်ဆံချင်ကြဘူး၊ တဖြည်းဖြည်းနဲ့ အခြွေအရံပရိသတ်တွေ မိတ်ဆွေတွေ လျော့လျော့သွားတတ်တယ်၊ အထက်လူကြီးတွေကလဲ အဲဒီလို အလွန်မာနကြီးတဲ့သူကို အလိုမရှိတတ်ကြဘူး၊ ကြာတော့ ကိုယ်တယောက် တည်းလို ဖြစ်နေတတ်တယ်။ သာသနာတော်ဘက်မှာလဲ တချို့က မာန အလွန် ကြီးနေတာရှိတယ်၊ အဲဒီလိုပုဂ္ဂိုလ်က ပြောဆိုတဲ့အခါမှာလဲ မာနသံတွေ ထင်ရှား နေတယ်၊ စာပေရေးသားတဲ့အခါမှာလဲ မာနသံတွေက ထင်ရှားနေတယ်၊ မပြောသင့်တဲ့စကားတွေကို အလွန်အကျံ့ ပြောတတ် ရေးတတ်တယ်၊ သူများ တွေကို အကုန်ရှုတ်ချပြီး သူတပါးတည်း ကောင်းတဲ့အနေမျိုး မှန်တဲ့အနေ မျိုးနဲ့ ပြောတတ် ရေးတတ်တယ်၊ ဒါကြောင့် အဲဒီလိုပုဂ္ဂိုလ်ဟာ အဖက်ဖက်က ပညာအရည်အချင်းပြည့်ဝနေတဲ့ ဆရာတော်ကြီးဖြစ်ပေမဲ့ ကြီးပွါးသင့်သလောက် မကြီးပွါးဘူး၊ တွင်ကျယ်သင့်သလောက် မတွင်ကျယ်ဘူး၊ အဲဒီလို ဆရာတော် ကြီးက ရေးထားတဲ့ကျမ်းစာကိုလဲ မှတ်သားဘွယ်ကောင်းပေမဲ့ အများက သိပ် အလေးမပြုကြဘူး။ ဒါကြောင့် မာနဟာ နဲယင် အကောင်းဆုံးပါဘဲ။ ဒါပေမဲ့ ခက်တာက ကိုယ့်ဟာကိုယ်ဆိုတော့ အလွန်မာနကြီးနေပေမဲ့ မာန ကြီးမှန်း မသိဘဲ ဖြစ်နေတတ်တယ်၊ သူများက သတိပေးပေမဲ့ သူ့မာနကို မထိန်းနိုင်ဘဲ ရှိနေတတ်တယ်၊ သူပြောတာ လက်မခံယင် အဲဒီလူကိုသာ မာန ကြီးတယ်လို့ သူက ထင်နေတတ်တယ်၊ အဲဒီလိုဆိုယင် နေရာတကာမှာ အဆင် မပြေတာတွေကို တွေ့ရလိမ့်မယ်၊ အဲဒီလို တွေ့ရယင် ကိုယ့်ဟာကိုယ် မာန ကြီးလွန်းနေတယ် ဆိုတာကို သိပြီး လျှော့နိုင်သမျှ လျှော့သွားဘို့ပါဘဲ။

## အရှင်သာရိပုတ္တရာ၏ နှိမ်ချပုံ

ကိုယ့်ကိုယ်ကို နှိမ်ချတဲ့နေရာမှာ အရှင်သာရိပုတ္တရာ၏ နှိမ်ချပုံကို အတုယူပြီး လေ့ကျင့်သင့်ပါတယ်။ တချိန်က အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် မထေရ်တို့ဟာ မြတ်စွာဘုရားထံမှ ခွင့်ပန်လျှောက်ထားပြီး ထိုထိုမြို့ရွာတွေကို ဒေသစာရီလှည့်လည်ရန် ကြွသွားကြတယ်၊ အဲဒီအခါ များစွာသော ရဟန်းတွေ အရှင်သာရိပုတ္တရာနောက်သို့ လိုက်ပါသွားတာကို မြင်ရတဲ့အတွက် ရဟန်း တပါးက မနာလိုစိတ်ဖြစ်ပြီးတော့ ဒေသစာရီကြွမှုကို အနှောင့်အယှက်ဖြစ်စေရန် မြတ်စွာဘုရားအား လျှောက်ထားတယ်၊ "အရှင်သာရိပုတ္တရာဟာ တပည့်

တော်ကို ကိုယ်စောင်းတိုက်သွားပါတယ်၊ ဘောင်းပန်ခြင်းလဲ မပြုဘဲ ထွက်သွားပါတယ်”လို့ လျှောက်ထားပါသတဲ့။ အမှန်ကတော့ အရှင်သာရိပုတ္တရာ၏ သင်္ကန်းစွန်းနဲ့ မတော်တဆ ထိသွားတာကို အကြောင်းပြုပြီး စွဲချက် တင်လိုက်ခြင်းပါဘဲတဲ့။

အဲဒီတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို လိုက်အခေါ် ခိုင်းတယ်၊ အရှင်သာရိပုတ္တရာရောက်လာလို့ သံဃာများစည်းဝေးမိတဲ့အခါ မြတ်စွာဘုရားက ထိုအကြောင်းကို မေးတော်မူတယ်၊ အဲဒီအခါ အရှင်သာရိပုတ္တရာက ဒီလို လျှောက်ထားဖြေရှင်းပါတယ်။

ရုပ်အပေါင်းကိုယ်၌ ကာယဂတာသတိ မထင်တဲ့ ပုဂ္ဂိုလ်ဆိုယင် သီတင်းသုံးဘော်ရဟန်းကို ကိုယ်စောင်းတိုက်ပြီး မတောင်းပန်ဘဲ ထွက်သွားခြင်းဖြစ်နိုင်ရာပါသည်။ တပည့်တော်မှာမူ တပည့်တော်၏ကိုယ်ကို မြေကြီးသဖွယ်နှလုံးသွင်းလျက် နေပါသည်ဘုရားစသည်ဖြင့် လျှောက်ပါတယ်။ အဲဒီမှာ ဆိုလိုတာကတော့ မြေကြီးပေါ်မှာ စင်ကြယ်တာပေ့ရော မစင်ကြယ်တာတွေရော ပစ်ချကြတယ်၊ ကျင်ကြီးကျင်ငယ်တွေ နှပ် တံတွေး သွေးပြည်ပုပ်တွေလဲ ပစ်ချကြတယ်၊ ဒါပေမဲ့ မြေကြီးက ညည်းညူခြင်း စက်ဆုပ်ခြင်းမရှိဘဲ လက်ခံနေပါတယ်၊ အဲဒီမြေကြီးလိုဘဲ သူ့ကိုယ်ကို သဘောထားပါတယ်၊ ဘယ်သူက ဘယ်လိုဘဲ ပြုမူပြောဆိုစေကာမူ မြေကြီးလိုဘဲ သည်းခံနေပါတယ်-လို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ ရေလိုလဲ သဘောထားပါတယ်၊ မီးလိုလဲ သဘောထားပါတယ်၊ လေလိုလဲ သဘောထားပါတယ်တဲ့။ ရေထဲမှာလဲ အညစ်အကြေးတွေပစ်ချကြတယ်၊ မီးကလဲ အညစ်အကြေးတွေကို လောင်တယ်၊ လေကလဲ အညစ်အကြေးတွေကို တိုက်ခတ်တယ်၊ ညည်းညူခြင်း စက်ဆုပ်ခြင်း မရှိဘူး။ အဲဒါလိုဘဲ သူ့ကိုယ်ကို ဘယ်သူက ဘာဘဲပြုပြု သည်းခံနေပါတယ်-တဲ့။

နောက်ပြီးတော့ သူ့ကိုယ်ကို ခြေသုတ်ကြိုးဝန်းလိုလဲ သဘောထားပါတယ်-တဲ့။ လူရှင်ရဟန်းတွေက ခြေမှ အညစ်အကြေးကို ခြေသုတ်ကြိုးဝန်းမှာ သုတ်ကြတယ်၊ ခြေသုတ်ကြိုးဝန်းက ညည်းညူခြင်းမရှိဘဲ လက်ခံတယ်၊ အဲဒါလိုပါဘဲ-တဲ့။

နောက်ပြီးတော့ ဇာတ်နိမ့် စဏ္ဍာလ အမျိုးသားငယ် အမျိုးသမီးငယ်လိုလဲ သဘောထားပါတယ်-တဲ့။ အိန္ဒိယနိုင်ငံမှာ ဇာတ်က အလွန် အရေးကြီးတယ်၊ ဇာတ်နိမ့်တဲ့ စဏ္ဍာလမျိုးဖြစ်သူက ဇာတ်မြင့်တဲ့ ဗြာဟ္မဏမျိုးတွေကို မထိရဘူး-တဲ့။ ဒါကြောင့် စဏ္ဍာလမျိုးဖြစ်သူက ဇာတ်မြင့်တို့၏ရွာကို ဝင်သွားယင် ဒုတ်ချောင်းကလေးများနဲ့ ရိုက်နှက်တီးခေါက်ပြီး ဝင်သွားရသတဲ့၊ ကျွန်တော် ဇာတ်နိမ့်လူယုတ် လာပါတယ်၊ မထိမိအောင် ရှောင်ကြပါလို့ သတိပေးတဲ့အနေနဲ့ ဒုတ်သံပေးပြီး ဝင်ရတာ-တဲ့။ ဒါကြောင့် အဲဒီ စဏ္ဍာလသူငယ် သူငယ်မတွေဟာ ဗြာဟ္မဏရွာကို ဝင်တဲ့အခါ မိမိကိုယ်ကို ဇာတ်မြင့်တွေ မထိကောင်းတဲ့ အယုတ်အညံ့အနေ နှိမ်ချပြီး ဝင်ရတယ်၊ အရှင်သာရိပုတ္တရာကလဲ အဲဒီလိုဘဲ သူ့ကိုယ်ကို နှိမ်ချထားပါတယ်-တဲ့။ အလွန်ဘဲ ကြည်ညိုစရာကောင်းပါပေတယ်။

နောက်ပြီးတော့ ချိုကျိုးနေတဲ့နွားဟာ ဘယ်သူ့ကိုမှ မဝှေ့ဘဲ ယဉ်ကျေးနူးညံ့တယ်၊ အဲဒီနွားလိုလဲ သဘောထားပါတယ်-တဲ့။

နောက်ပြီးတော့ ရေချိုးပြီး ဖီးလိမ်း ပြင်ဆင်ထားတဲ့ လုလင်ပျို လုံမပျိုဟာ လည်ပင်းမှာ မြွေကောင်ပုပ် ခွေးကောင်ပုပ်ကို ဆွဲထားယင် ရွံရှာစက်ဆုပ်သလိုပင် မိမိကိုယ်ကို စက်ဆုပ်ဖွယ် ထင်နေပါတယ်-တဲ့။

နောက်ပြီးတော့ အပေါက်များစွာမှ ယိုကျနေတဲ့ အမဲဆီအိုးကို ထမ်းဆောင်နေရသလိုဘဲ မိမိကိုယ်ကို ရွက်ဆောင်နေရတယ်လို့လဲ ထင်မြင်နေပါတယ်-တဲ့။ အဲဒီလို အရှင်သာရိပုတ္တရာက လျှောက်ထားပါတယ်။

အဲဒီအခါ စွပ်စွဲတဲ့ရဟန်းဟာ မခံမရပ်နိုင်အောင် စိတ်ပူလောင်ပြီး သူ့အပြစ်ကို ကန်တော့တောင်းပန်ပါတယ်။ အရှင်သာရိပုတ္တရာက သည်းခံကြောင်း ပြောကြားပြီးတော့ အဲဒီရဟန်းကို သည်းခံပါလို့တောင် တောင်းပန်လိုက်ပါသေးသတဲ့။

အဲဒီ အရှင်သာရိပုတ္တရာ၏ နှိမ်ချပုံဟာ နည်းယူစရာပါဘဲ၊ အဲဒါလောက် မလိုက်နိုင်တောင် အတော်အတန် လိုက်နိုင်မယ် ဆိုယင် ကောင်းလှပါပြီ။ အဲဒီမှာ မာနကို မပယ်နိုင်သေးတောင်မှ အတိုင်းထက်အလွန် အထင်ကြီးတဲ့ အတိမာနကို ပယ်နိုင်မှ နေရာကျမယ်၊ ဒီမာနကတော့ ယာထာဝမာနနဲ့ အယာထာဝ-

မာနလို့ ဒီလို ၂-မျိုးရှိတယ်၊ ယာထာဝမာန ဆိုတာ ကိုယ့်မှာ တကယ်ရှိတဲ့ ဂုဏ် အကြောင်းပြုပြီးဖြစ်တဲ့ မာနဘဲ၊ ကိုယ်က တတ်သိလိမ္မာလို့ ငါ တတ်သိလိမ္မာ တယ်လို့ ဖြစ်တဲ့မာန၊ ကိုယ်က သီလစသည်ဖြင့် မြင့်မြတ်လို့ မြင့်မြတ်တယ်လို့ ဖြစ်တဲ့မာန–ဒီလို မာနမျိုးပါဘဲ။ အယာထာဝမာန ဆိုတာကတော့ ကိုယ့်မှာ မရှိတဲ့ဂုဏ်နဲ့ အထင်ကြီးတဲ့ မာနဘဲ၊ မတတ်မသိဘဲနဲ့ တတ်သိတယ်လို့ အထင် ကြီးတာ၊ မမြင့်မြတ်ပဲနဲ့ မြင့်မြတ်တယ်လို့ အထင်ကြီးတာ အဲဒါ မျိုးပါဘဲ။ ပုထုဇဉ်မှာ အဲဒီ မာန ၂-မျိုးလုံး ရှိတတ်တယ်၊ အကယ်၍ရှိနေခဲ့လျှင် မဟုတ်ပဲနဲ့ အထင်ကြီးတဲ့ အယာထာဝမာနကိုတော့ ပယ်နိုင်အောင် ကြိုးစားရမယ်၊ သောတာပတ္တိမဂ်ရောက်တဲ့အခါကျယင်တော့ အဲဒီ အယာထာဝမာန လုံးဝ ကင်းသွားတယ်၊ ဒါပေမဲ့ တကယ်သိလို့ ငါသိတယ်စသည်ဖြင့် ဖြစ်တဲ့ ယာထာဝ မာနကတော့ လုံးဝ မကင်းသေးဘူး၊ သကဒါဂါမ်မှာလဲ လုံးဝမကင်းသေးဘူး၊ အနာဂါမ်မှာလဲ လုံးဝ မကင်းသေးဘူး၊ အရဟတ္တမဂ်ရောက်မှ ဒီမာနက လုံးဝ ကင်းသွားတယ်၊ အဲဒီအထိ ကျင့်ပြီးတော့ "အရှိအသေ မပေးနိုင်တဲ့မာန, အလွန် အထင်ကြီးတဲ့ အတိမာန" ဆိုတာတွေကို ပယ်သွားဘို့ရာ မြတ်စွာ ဘုရားက–

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ထဒ္ဓါ၊ မရိုသေ မကိုင်းရှိုင်းနိုင်အောင် တောင့်ခိုင်သော မာနရှိကုန်သည်။ အတိမာနီ၊ ကိုယ့်ကိုယ်ကို အလွန် အထင် ကြီးကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အထဒ္ဓါ၊ ရိုသေကိုင်းရှိုင်းနိုင်ကုန်သည်။ အနတိမာနီ၊ အထင်ကြီးမှုကင်းပ နှိမ်ချ နိုင်ကုန်သည်။ ဘဝိဿာမတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ငါး ဝါရစီဘဲ ဟောတော်မူပါတယ်။ အဲဒီအထဲမှ အစ တဝါရကို အဓိဋ္ဌာန်ပြုကြပါစို့။

(၃၂-၃၃) သူများတွေက မရိုသေ မကိုင်းရှိုင်းနိုင်ကြမည့်နေရာမှာ ငါတို့ ကတော့ ရိုသေကိုင်းရှိုင်းမည်၊ သူများတွေက အထင်ကြီးကြမည့်နေရာမှာ ငါတို့ ကတော့ အထင်မကြီးဘဲ နှိမ်ချမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်။

အဲဒီ အဓိဋ္ဌာန်အတိုင်း မာန်မာနကို ပယ်နိုင်အောင် အားထုတ်သွားကြဘို့ ဘဲ။ ၄-နာရီရှိသွားပြီ၊ တရားသိမ်းကြစို့။

**အမျှဝေ တရားသိမ်း နိဂုံးချုပ်**

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် ။ပ။ အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် ဒသမပိုင်း ဤတွင် ပြီး၏။

## သလ္လေခသုတ်တရားတော်ကြီး

# ကောဒသမပိုင်း

၁၃၃၂-ခုနှစ်၊ တပို့တွဲလပြည့်နေ့ ဟောသည်။

### တရားအနုသန္ဓေ

ဒီကနေ့ ၁၃၃၂-ခုနှစ် တပို့တွဲလပြည့်နေ့ ဖြစ်တယ်၊ ဒီကနေ့ဟာ လွန်ခဲ့တဲ့ ၂၅၅၉-နှစ်မြောက်က ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ ၁၂၅၀-အရေ အတွက်ရှိသော ဟေဟိဘိက္ခုရဟန္တာ သာဝက အစည်းအဝေးကြီး၌ မြတ်စွာ ဘုရားက ဩဝါဒပါတိမောက်ကို ပြတော်မူတဲ့နေ့ ဖြစ်သောကြောင့် ဩဝါဒ ပါတိမောက်နေ့လို့ အသိအမှတ်ပြုပြီး ပူဇော်ပွဲကျင်းပကြတဲ့နေ့ ဖြစ်တယ်၊ အလျင်က ဒီနေ့မှာ ဩဝါဒပါတိမောက်အကြောင်းပြုပြီး တရားဟောဘူးပါပြီ၊ ဒါကြောင့် ဒီကနေ့တော့ ဟောနေကျ သလ္လေခသုတ်တရားတော်ကိုဘဲ ဆက် ဟောရမယ်။ လွန်ခဲ့တဲ့ ၁၃၃၁-ခုနှစ်အဆုံး သကြံန်အကျနေ့က စပြီး ဒီသလ္လေခ သုတ်တရားကို ဟောလာခဲ့တာဟာ ၁၀ ကြိမ် ရှိသွားပြီ၊ ကိလေသာ ၄၄-ပါး ရှိတဲ့အနက်ကလဲ ၃၃-ပါး ပြီးသွားပြီ၊ "ဒုဗ္ဗစနှင့်၊ ပါပမိတ္တော၊ ပမာဒေါတဖြာ၊ သဒ္ဓါမရှိ၊ အဟိရိက၊ နောတ္တပ္ပနှင့်၊ သုတနည်းဘိ၊ ပျင်းရိတရပ်၊ မုဋ္ဌဿစ္စ၊ ဒုပ္ပညတာ၊ ယူသည်းစွာဟု"လို့ ဆိုတဲ့ ၁၁-ပါးဘဲ ဟောဘို့ ကျန်တော့တယ်၊ ဒါကြောင့် ဆောင်ပုဒ်စာရွက်မှာ နောက်ဆုံးပိုင်းလို့ ခေါင်းတပ်ထားတယ်၊ ဒါပေမဲ့ ဒီ ၁၁-ပါးကို ဒီကနေ့ ကုန်အောင် မဟောနိုင်သေးပါဘူး၊ ဒီကနေ့ တနာရီလောက်သာ ဟောမယ်လို့လဲ ရည်ရွယ်ထားတယ်၊ ပြီးသမျှ ဟောရမှာဘဲ၊ ကျန်တာတွေတော့ နောက်တကြိမ်ကျမှ အပြီးသတ် ဟောရမှာဘဲ၊ ဒီကနေ့ ဒုဗ္ဗစ အရ ဒေါဝစဿတာ-က စပြီး ဟောရမယ်။

## ၃၄။ ဒေါ၀စဿတာ-ဆိုဆုံးမခက်ခြင်း

ပရေ ဒုဗ္ဗစာ ဘဝိဿန္တိ၊ မယမေတ္ထ သုဝစာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ဒုဗ္ဗစာ၊ အပြောအဆိုခက် အဆုံးမခက်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သုဝစာ၊ ဆိုဆုံးမ လွယ်ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-တဲ့။

အဲဒါဟာ မြတ်စွာဘုရား၏ ဩဝါဒမူရင်းအတိုင်းဘဲ၊ အခြား တပါးသော ပုဂ္ဂိုလ်တွေက အပြောအဆို ခက်ကြလိမ့်မယ်၊ အဆုံးအမ ခက်ကြလိမ့်မယ် တဲ့၊ အပြောအဆိုခက်တယ် အဆုံးအမခက်တယ်ဆိုတာ ပြောဆိုတာ ဆုံးမတာကို နားမထောင်လို့ပါဘဲ၊ အဲဒါဟာ အဲဒီလို နားမထောင်တဲ့ ပုဂ္ဂိုလ်တွေကို ရည်ပြီး ပြောတာပါဘဲ၊ တချို့ သားသမီးတွေက မိဘစကားကို နားမထောင်ဘူး၊ တချို့ တပည့်တွေက ဆရာ့စကားကို နားမထောင်ဘူး၊ တချို့ အောက်လူတွေက အထက်လူကြီး၏ စကားကို နားမထောင်ဘူး၊ တချို့ သီတင်းသုံးဘော်တွေက အချင်းချင်း ပြောဆိုတဲ့စကားကို နားမထောင်ဘူး၊ အဲဒီလိုပုဂ္ဂိုလ်တွေဟာ ဒုဗ္ဗစ–ဆိုဆုံးမခက်တဲ့ ပုဂ္ဂိုလ်တွေပါဘဲ၊ ဒီမှာ ပရေ–တပါးသော ပုဂ္ဂိုလ်တွေ ဆိုတာ အဲဒီလို ပုဂ္ဂိုလ်တွေကို ဆိုလိုပါတယ်၊ တချို့က "ဘယ်သူ့စကားမှ နားမထောင်ဘူး၊ ငါထင်ရာလုပ်မယ်"ဆိုတဲ့စိတ်နဲ့ ထင်ရာလုပ်နေတာလဲ ရှိတယ်၊ အဲဒီလို ပုဂ္ဂိုလ်ကတော့ ဆိုဆုံးမခက်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပဌမတန်းလို့ ဆိုရမှာဘဲ။

ဒီနေရာမှာ မလိုလို့ ပြောဆိုတာလဲ ရှိတယ်၊ အဲဒီလို စကားနားမထောင်တာကတော့ အပြစ်မရှိပါဘူး၊ ဒုဗ္ဗစလို့လဲ မဆိုရပါဘူး၊ အရေးကြီးတာကတော့ "မမှားသင့်တာ မမှားပါစေနဲ့၊ မှားနေတာကို အမှန်ရောက်ပါစေ"လို့ ဒီလို မေတ္တာနဲ့ ကရုဏာနဲ့ အကြောင်းသင့် အကျိုးသင့်ပြောဆိုတဲ့ သတိပေးစကား အဆုံးအမစကားကို လိုက်နာဘို့ကတော့ အရေးကြီးပါတယ်၊ နောက်ပြီးတော့ အခြားပုဂ္ဂိုလ်များအား အနှောင့်အယှက်မပြုဘို့ ဆုံးမတဲ့စကားကိုလဲ လိုက်နာ

ဘို့ အရေးကြီးပါတယ်၊ အဲဒီလို စကားမျိုးကို နားမထောင်ယင်တော့ ဒုဗ္ဗစ ပုဂ္ဂိုလ် မည်ပါတယ်။ မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက အဆိုအဆုံးမ ခက်တဲ့ပုဂ္ဂိုလ်အနေနဲ့ အထူး ထင်ရှားတဲ့ ပုဂ္ဂိုလ်ကတော့ အရှင်ဆန္န-တဲ့။

## အရှင်ဆန္နမထေရ်အကြောင်း

အရှင်ဆန္နဆိုတာ သာမန် ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဘုရားအလောင်းတော် တောထွက်စဉ်က နောက်တော်ပါအဖြစ်နဲ့ လိုက်ပါရတဲ့ ဆန္နအမတ်ပဲ၊ သူ့ကို မြင်းမြီးဆွဲ မောင်ဆန်လို့တောင် ခေါ်ကြသေးတယ်။ သူက နောက်ကာလမှာ သာသနာတော်မှာ ဝင်ပြီး ရဟန်းပြုတယ်၊ ရဟန်းပြုပြီးနေတဲ့အခါ ဝိနည်းကျင့်ဝတ်နဲ့ မညီတဲ့ အပြုအမူတွေကို ပြုတဲ့အတွက် သီတင်းသုံးဘော်ရဟန်းများက သူ့ကို သတိပေးကြ သွန်သင်ဆုံးမကြတယ်၊ ဒီတော့ သူက အဆုံးအမ မခံဘူး၊ ပြန်ပြီး ခုခံ ပြောဆိုနေတယ်၊ ပြောဆိုပုံကတော့ သင်တို့က ဘယ်လိုပုဂ္ဂိုလ်တွေမို့ ငါ့ကို ဆုံးမကြရတာလဲ၊ ငါ့ကို သာမန်ပုဂ္ဂိုလ် ထင်နေကြသလား၊ ငါဟာ အလောင်းတော် တောထွက်တုန်းက လိုက်ပါရတဲ့ အပါးတော်မြဲ ဖြစ်တယ်၊ အဲဒီတုန်းက အနော်မာမြစ်ကမ်းအထိ ငါက လိုက်ပို့ရတယ်၊ ဝေယျာဝစ္စ ဆောင်ရွက်ခဲ့ရတယ်၊ သင်တို့က ယခုမှ အဂ္ဂသာဝက သာရိပုတ္တရာ မောဂ္ဂလာန်စသည်ဖြင့် တပည့်ရင်းတွေ လုပ်နေကြတာ၊ သင်တို့က နောက်တိုးတွေ လက်သစ်တပည့်တွေဘဲ၊သင်တို့ ပြောတဲ့စကားကို ငါ နားမထောင်နိုင်ဘူး-စသည်ဖြင့် ခုခံပြောဆိုနေပါသတဲ့။ အဲဒါကို အကြောင်းပြုပြီး မြတ်စွာဘုရားက သိက္ခာပုဒ်တောင် ပညတ်တော်မူရတယ်။

အဲဒီသိက္ခာပုဒ်ထဲမှာ ဆိုဆုံးမပုံ အကြောင်းပြထားပုံဟာ အင်မတန် နှစ်သက်စရာကောင်းတယ်၊ (ဘိက္ခုပါတိ သဟဓမ္မိကံ ဝုစ္စမာနော)သီတင်းသုံးဘော် အတူနေ ရဟန်းများက အကြောင်းပြပြီး ဆုံးမ ပြောဆိုတဲ့အခါ တစုံတယောက်သော ရဟန်းက သူ့ကို မဆုံးမအပ်ကြောင်း ပြောဆိုငြင်းပယ်နေလျှင် ဒီလို ဆိုဆုံးမရမယ်တဲ့။ ဆုံးမပုံကတော့ အရှင်ဘုရားဟာ ကိုယ့်ကိုယ်ကို သူတပါးက မဆုံးမအပ် မဆုံးမကောင်းတဲ့အနေ မပြုပါနဲ့၊ ဆုံးမကောင်းတဲ့အနေနဲ့သာ လက်ခံပါ၊ အရှင်ဘုရားကလဲ အခြား ရဟန်းများကို ပြောစရာရှိယင် ပြောဆိုပါ၊ အခြား

ရဟန်းများကလဲ အရှင်ဘုရားကို ပြောစရာရှိလျှင် ပြောဆိုကြပါလိမ့်မယ်၊ ဒီလို အချင်းချင်း ပြောဆို ဆုံးမခြင်းဖြင့် မြတ်စွာဘုရား၏ သာသနာတော်ဟာ တိုးတက်ကြီးပွါးသွားနိုင်ပါတယ်-လို့ ဆိုဆုံးမရမယ်-တဲ့။ အင်မတန် ကောင်းတဲ့ နည်းလမ်းပါဘဲ။

ဒါပေမဲ့ အရှင်ဆန္နကတော့ အဆုံးအမ မခံဘဲ ငြင်းပယ်နေတာပါဘဲ။ ဒါကြောင့် သူ့မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်အထိ တရားထူးကို မရဘဲ ဖြစ်နေတယ်။ ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့ နောက်ကာလကျမှ မြတ်စွာ ဘုရားက မိန့်မှာထားခဲ့တဲ့အတိုင်း သံဃာတော်က သူ့ကို ဗြဟ္မဒဏ် ပေးတယ်၊ ဗြဟ္မဒဏ်ဆိုတာ အရှင်ဆန္နက ပြောချင်တာ ပြောပါစေ၊ အခြား ရဟန်းများ ကတော့ သူ့ကို ဘာမျှ မပြောရဘူး၊ အဆုံးအမ ဩဝါဒ မပေးရဘူးတဲ့။ အဲဒီ ဗြဟ္မဒဏ်ပေးတဲ့အကြောင်းကို ကြားရတဲ့အခါကျတော့မှ အရှင်ဆန္နမှာ မာန ကျိုးသွားတယ်၊ မြတ်စွာဘုရားလဲ မရှိတော့ဘူး၊ သိတင်းသုံးဘော်များကလဲ ငါ့ကို မပြောဆိုတော့ဘူးဆိုယင် ငါ့မှာ အားကိုးရာမဲ့ ဖြစ်တော့တာဘဲ၊ ကြီးပွါး ရေးအတွက် သေရာရောက်တော့တာဘဲလို့ စဉ်းစားပြီး မာနကျသွားတယ်၊ အဲဒီအခါကျမှ ရိုရိုသေသေ တရားအားထုတ်ပြီး ရဟန္တာဖြစ်တော်မူပါသတဲ့။

## ဆိုဆုံးမခံမှ ယဉ်ကျေးတယ်

လောကမှာ ဖြစ်စေ၊သာသနာတော်မှာ ဖြစ်စေ ဆိုဆုံးမခံမှ ယဉ်ကျေးတယ်၊ တိုးတက်ကြီးပွါးတယ်၊အချင်းချင်း မပြောမဆိုဘဲ အပြောအဆိုမခံဘဲ နေကြယင် တိရစ္ဆာန်တွေလို အရိုင်းအစိုင်းဘဝက မတက်ပဲ ရှိနေလိမ့်မယ်။တချိန်က ကောသလတိုင်း တနေရာမှာ ဝါကပ်ကြတဲ့ ရဟန်းတော်များဟာ အချင်းချင်းပြော ဆိုနေယင် မညီမညွတ်ဖြစ်မှာ စိုးသည့်အတွက် အချင်းချင်း စကားမပြောစတမ်း လို့ ကတိက ဝတ်ပြုပြီးဝါကပ်ကြတယ်၊ဝါကျွတ်တဲ့အခါ မြတ်စွာဘုရားထံ သွားပြီး ကန်တော့ကြတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ချမ်းသာစွာ နေကြရပါရဲ့ လားလို့ မေးတော်မူတယ်၊ ချမ်းသာစွာ နေကြရတဲ့ အကြောင်း လျှောက်ကြ တယ်၊ ဘယ်ပုံဘယ်နည်းဖြင့် ချမ်းသာစွာ နေကြရသလဲလို့ မေးတဲ့အခါ အချင်း ချင်း စကားမပြောရန် ကတိကဝတ်ပြုပြီး နေကြတဲ့အတွက် ချမ်းသာစွာ နေကြ

ရကြောင်းကို လျှောက်ကြတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ကဲ့ရဲ့တော်မူတယ်၊ သင်တို့ဟာ မချမ်းသာသော နေခြင်းဖြင့် နေကြပါလျက် ချမ်းသာစွာနေကြရတယ်လို့ ဆိုတာဘဲ၊အချင်းချင်း စကားမပြောဘဲနေတယ်ဆိုတာ သားတိရစ္ဆာန်တို့၏ နေခြင်းမျိုးဖြစ်တယ်၊ သိုးများ ဆိတ်များ၏ နေခြင်းမျိုးဖြစ်တယ်၊ ရန်သူအချင်းချင်းတို့၏ နေခြင်းမျိုးဖြစ်တယ်၊တိတ္ထိတို့ ကျင့်တဲ့ လူအ-ကျင့်ဝတ်ဖြစ်တယ်လို့ ကဲ့ရဲ့တော်မူပြီး အဲဒီလို လူအ-အကျင့် တိတ္ထိအကျင့်ကို မကျင့်ရန် သိက္ခာပုဒ် ပညတ်တော်မူပါတယ်။

ဒါကြောင့် ယခုကာလမှာ တချို့ အဓိဋ္ဌာန် ဝင်တယ်ဆိုတာလဲ သတိ ပြုရမယ်၊ မိမိအဓိဋ္ဌာန်ပြုထားတဲ့ အချိန်ပိုင်း အတွင်းမှာ လုံးလုံးစကား မပြောတော့ဘူးလို့ ဒီလိုတော့ အဓိဋ္ဌာန်မပြုကောင်းဘူး၊ လောကရေးရာ အကျိုးမဲ့စကားကို မပြောတော့ဘူး၊ အရေးမကြီးတဲ့စကားကို မပြောတော့ဘူးလို့ ဒီလိုခြင်းချက်ထားပြီး အဓိဋ္ဌာန် ပြုယင်တော့ သင့်တော်လောက်စရာ ရှိပါရဲ့၊ အဲဒီလို ဆိုတော့ အရေးကြီးတဲ့ အကျိုးစီးပွါးနဲ့ စပ်တဲ့စကား၊ တရားနဲ့စပ်တဲ့ စကားများကို ပြောသင့်သလောက် ပြောနိုင်တယ်၊ အဲဒီလို ပြောသင့်တာ ပြောခြင်းဖြင့် လောကဘက်ကရော တရားဘက်ကရော တိုးတက်သွားနိုင်ပါတယ်။

ဒါကြောင့် အတူနေ ပုဂ္ဂိုလ်အချင်းချင်း ပြောသင့်တာကို ပြောရတယ်၊ သူများက ပြောတဲ့စကားကိုလဲ လေးလေးနက်နက် စဉ်းစားပြီး လက်ခံသင့်တာ လက်ခံရတယ်၊ ငါ့ချက်ယွင်းနေတာကို ပြောဘော်ရပါပေတယ် စသည်ဖြင့် ဆင်ခြင်ပြီး ဝမ်းမြောက် ဝမ်းသာနဲ့ လိုက်နာရတယ်၊ ကျေးဇူးတင်ရတယ်၊ တရား အားထုတ်နေတဲ့ ယောဂီမှာဆိုယင် သာပြီး အရေးကြီးသေးတယ်၊ အချင်းချင်း ပြောတာကိုလဲ စဉ်းစားပြီး ပြုပြင်သင့်တာ ပြုပြင်ရတယ်၊ ဆရာသမား၏ စကားကို လိုက်နာဘို့ ဆိုတာကတော့ အထူးပြောစရာ မလိုပါဘူး၊ ဒါကြောင့် ဒေါဝစဿတာ ဆိုဆုံးမခက်ခြင်းဆိုတဲ့ ရိုင်းစိုင်းမှုကို ပယ်ဘို့ရာ မြတ်စွာဘုရားက ပေးထားတဲ့ ဩဝါဒနှင့်အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို အတိုချုပ် ဆိုကြရမယ်။

(၃၄) သူများတွေက ဆိုဆုံးမခက်ကြမည့်နေရာမှာ ငါတို့ကတော့ ဆိုဆုံးမလွယ်စေမည်၊ ကိလေသာ ပါးစေတဲ့အကျင့်ကို ကျင့်မည်။

အင်မတန်ကောင်းတဲ့ ကျင့်ဝတ်ပဲ၊ အများစုနေတဲ့ နေရာမှာ ဒီအဓိဋ္ဌာန် ဆောင်ပုဒ်အတိုင်း ကျင့်သွားဖို့ အရေးကြီးပါတယ်၊ ညီညွတ်ရေးလဲ ဖြစ်တယ်၊ တိုးတက်ကြီးပွါးရေးလဲ ဖြစ်တယ်၊ ဒီအပိုဒ်ကတော့ တော်လောက်ပါပြီ၊ နောက် တပိုဒ် ဟောကြစို့။

## ၃၅။ ပါပမိတ္တတာ–မိတ်ဆွေညံ့နှင့် ပေါင်းသင်းခြင်း

ပရေ ပါပမိတ္တာ ဘဝိဿန္တိ၊ မယမေတ္ထ ကလျာဏမိတ္တာ ဘဝိဿာ- မာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ပါပမိတ္တာ၊ ယုတ်ညံ့သော ဆရာမိတ်ဆွေ ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤ အရာ၌။ မယံ၊ ငါတို့သည်။ ကလျာဏမိတ္တာ၊ ကောင်းမြတ်သော ဆရာမိတ်ဆွေရှိကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

ပါပမိတ္တဆိုတာ ယုတ်ညံ့တဲ့မိတ်ဆွေ၊ မိတ်ဆွေယုတ်–မိတ်ဆွေညံ့–မိတ်ဆွေ ဖျင်း–မကောင်းတဲ့ မိတ်ဆွေဘဲ၊ မိတ်ဆွေဆိုတာလဲ ဒီနေရာမှာ ဆရာအနေ ထားပြီး ပေါင်းသင်းရတဲ့ပုဂ္ဂိုလ်ကို ဆိုလိုတယ်၊ ဒါကြောင့် မိတ်ဆွေညံ့နှင့် ပေါင်းသင်းခြင်းဆိုတာ ဆရာညံ့ ဆရာယုတ်ကို မှီဝဲဆည်းကပ်ခြင်း အားကိုးခြင်း လို့ ဆိုလိုပါတယ်။ ကလျာဏမိတ္တ ဆိုတာကတော့ ကောင်းမြတ်တဲ့ မိတ်ဆွေ မိတ်ဆွေကောင်း မိတ်ဆွေမြတ်ပဲ၊ ဒီနေရာမှာလဲ မိတ်ဆွေဆိုတာ ဆရာအနေနဲ့ မှီဝဲဆည်းကပ်ရတဲ့ပုဂ္ဂိုလ်ကို ဆိုလိုပါတယ်၊ ဒါကြောင့် မိတ်ဆွေကောင်းရှိတယ် ဆိုတာ ဆရာကောင်းရှိတာ ဆရာကောင်းမှီဝဲဆည်းကပ်တာကို ဆိုလိုပါတယ်။ ဒါကြောင့် သူများတွေက မိတ်ဆွေညံ့ ဆရာညံ့ကို အားကိုးဆည်းကပ်ကြမည့် နေရာမှာ ငါတို့ကတော့ မိတ်ဆွေကောင်း မိတ်ဆွေမြတ် ဆရာကောင်း ဆရာ မြတ်ကို အားကိုးဆည်းကပ်မယ်လို့ ဒီလို နှလုံးသွင်းပြီး ကျင့်သုံးသွားကြဘို့ပါဘဲ။ မိတ်ဆွေအယုတ်အမြတ် ဆရာအယုတ်အမြတ်ကို ဘယ်လို သိရမလဲဆိုလျှင် အဘိ- ဓမ္မာပိဋကက ဓမ္မသင်္ဂဏီပါဠိတော်မှာ ဒီလိုဖွင့်ပြထားပါတယ်။

## မိတ်ဆွေယုတ် ဆရာယုတ်

ယေ တေ ပုဂ္ဂလာ အသဒ္ဓါ ဒုဿီလာ အပ္ပဿုတာ မစ္ဆရိနော ဒုပ္ပညာ၊ ယာ တေသံ သေဝနာ နိသေဝနာ သံသေဝနာ ဘဇနာ သမ္ဘဇနာ ဘတ္တိ သမ္ဘတ္တိ တံသမ္ပဝင်္ကတာ၊ အယံ ဝုစ္စတိ ပါပမိတ္တတာ။

ယေ တေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အသဒ္ဓါ၊ ယုံကြည်မှု သဒ္ဓါတရား မရှိကုန်။ ဘုရား တရား သံဃာကို ယုံကြည်တဲ့ သဒ္ဓါတရားမရှိယင်၊ ကံ ကံ၏ အကျိုးကို မယုံကြည်ယင် အဲဒီလိုပုဂ္ဂိုလ်တွေဟာ မိတ်ဆွေယုတ် ဆရာယုတ် တွေဘဲ။ ဒုဿီလာ၊ သီလမရှိကုန်။ ရဟန်းမှာ ရဟန်းတို့၏ သီလမရှိယင်၊ လူမှာ ငါးပါးသီလတောင် မရှိယင် မိတ်ဆွေယုတ် ဆရာယုတ်တွေဘဲ။ အလွန် သိမ်မွေ့နူးညံ့တဲ့ ဘာဝနာအလုပ်တွေ ဟောကြား ညွှန်ပြနေပြီးတော့ ကာမဂုဏ် အရာမှာ အကျင့်ဖောက်ပြန်နေယင်၊ သေရည်အရက်တောင် သောက်နေယင် ပါပမိတ္တလို့ မှတ်ရမယ်။ အပ္ပဿုတာ၊ အကြားအမြင်နည်းကုန်၏၊ ဝါ• အကြားအမြင်မရှိကုန်။ ဘုရားဟော ပါဠိ စသည်ကို ပြည့်စုံလုံလောက်အောင် မလေ့လာ မနာကြားဘူးယင်၊ သမာဓိ ပညာ အစစ်အမှန်တွေကို ကိုယ်တိုင်တွေ့ မသိဘူးယင် အကြားအမြင် နည်းတဲ့ပုဂ္ဂိုလ် အကြားအမြင် မရှိတဲ့ပုဂ္ဂိုလ်ဘဲ၊ ပါပမိတ္တဘဲ၊ ကိုယ်တိုင်က ဘာမှ သုတမရှိပါဘဲနဲ့ "ဆရာမမှားစေနဲ့" စသည်ဖြင့် ပြောနေတဲ့ပုဂ္ဂိုလ်များကို သတိပြုကြရမယ်။ မစ္ဆရိနော၊ ဝန်တိုလေ့ရှိကုန်၏။ ဒသမပိုင်းတုန်းက မစ္ဆရိယငါးပါးကို ပြောခဲ့ပြီ၊ မပေးမကမ်းနိုင်တာလဲ ဝန်တို တာဘဲ၊ ကိုယ့်အခြွေအရံပရိသတ်တွေ သူတပါးထံရောက်သွားမှာကို စိုးရိမ်တာလဲ ကုလမစ္ဆရိယဘဲ၊ အဲဒီလို မစ္ဆရိယရှိနေယင် ပါပမိတ္တဘဲ။ ဒုပ္ပညာ၊ ပညာမရှိကုန်။ သုတမယပညာ စိန္တာမယပညာ ဘာဝနာမယပညာ မရှိယင်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် အစရှိတဲ့ ဝိပဿနာပညာမရှိယင် ဝိပဿနာတရားပြတဲ့ အရာမှာ တော့ ပါပမိတ္တလို့ ဆိုရမှာဘဲ။ အတိုချုပ်အားဖြင့်တော့ သဒ္ဓါမရှိ သီလမရှိ သုတမရှိယင် ဝန်တိုမှုမစ္ဆရိယရှိယင် ဉာဏ်ပညာမရှိယင် အဲဒီလိုပုဂ္ဂိုလ်ဟာ ပါပ-မိတ္တဘဲ၊ အဲဒီလိုပုဂ္ဂိုလ်ကို ဆရာအဖြစ်နဲ့ မှီဝဲဆည်းကပ်နေယင် (ပါပမိတ္တတာ ခေါ်တဲ့)မိတ်ဆွေညံ့ ဆရာညံ့ကို ပေါင်းသင်းခြင်းပါဘဲ။ ဒါကြောင့် "တေသံ၊ ထိုသို့သော မိတ်ဆွေညံ့တို့ကို။ ယာ သေဝနာ နိသေဝနာ သံသေဝနာ၊ အကြင်

မှိဝဲခြင်း အမြဲ မှိဝဲခြင်း ကောင်းစွာ မှိဝဲခြင်းသည်။ ယာ ဘဇနာ သမ္ဘဇနာ၊ အကြင် ချဉ်းကပ်ခြင်း ကောင်းစွာ ချဉ်းကပ်ခြင်းသည်။ ယာ ဘတ္တိ သမ္ဘတ္တိ၊ အကြင် ကိုးကွယ်ခြင်း ကောင်းစွာ ကိုးကွယ်ခြင်းသည်။ တံသမ္ပဝင်္ကတာ၊ ထိုသို့သော မိတ်ဆွေညံ့တို့သို့ ညွတ်ကိုင်းရှိုင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့သော မှီဝဲချဉ်းကပ်ခြင်း ကိုးကွယ်ခြင်း ညွတ်ကိုင်းခြင်းကို။ ပါပမိတ္တတာ၊ မိတ်ဆွေညံ့ ဆရာယုတ်ကို ပေါင်းသင်းခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုရပါတယ်-တဲ့။ ဒါကြောင့် အဲဒီလို ပါပမိတ္တကို ရှောင်ကြဉ်ဘို့ရာ ရှစ်လုံးဖွဲ့ဆောင်ပုဒ် ၂-ပုဒ် စီထားတယ်၊ "သဒ္ဓါ သီလ သုတကင်းကွာ၊ ဝန်တိုဉာဏ်ကင်း မိတ်ဖျင်းရှောင်ပါ" တဲ့။ အဲဒါကို ဆိုကြရမယ်။

သဒ္ဓါ သီလ သုတ ကင်းကွာ၊ ဝန်တို ဉာဏ်ကင်း မိတ်ဖျင်းရှောင်ပါ။

ဘုရား တရား သံဃာကို မယုံကြည်ယင်၊ ကံ ကံ၏အကျိုးကို မယုံကြည်ယင် အဲဒါ မိတ်ဆွေညံ့ဘဲ၊ အဲဒီလို ပုဂ္ဂိုလ်ကို ဆရာအဖြစ်နဲ့ မပေါင်းသင်းရဘူး၊ လောကရေးရာ အရောင်းအဝယ် အလုပ်အကိုင်အတွက် ပေါင်းသင်းတာကို မဆိုလိုပါဘူး၊ အဲဒီ လောကီကိစ္စအတွက်ကတော့ သာမန်မိတ်ဆွေအဖြစ်နဲ့ ပေါင်းသင်းနိုင်ပါတယ်၊ အားကိုးရာဆရာအဖြစ်နဲ့ မပေါင်းသင်းဘို့ ပြောတာပါ၊ ဆရာအဖြစ်နဲ့ပေါင်းယင် ဘာဖြစ်တတ်သလဲဆိုတော့ အဲဒီ ပါပမိတ္တက ဘုရားကို မယုံတဲ့အတွက် ဘုရားကို မယုံကြည်အောင်, ယုံကြည်မှုပျက်အောင် ပြောတတ်တယ်၊ နောက်ပြီးတော့ အဲဒီ ပါပမိတ္တဆရာက မယုံကြည်တဲ့အတွက် သူကိုယ်တိုင်လဲ ဘုရားအား ရှိခိုးခြင်း ရိုသေခြင်းကို မပြုဘူး၊ အဲဒါကို အတုလိုက်ပြီးတော့ ဘုရားကို ရှိခိုးခြင်း အရိုအသေပြုခြင်းတွေ ပေါ့ယင်လဲ ပေါ့သွားတတ်တယ်၊ လုံးလုံးမပြုဘဲယင်လဲ နေတတ်တယ်။ တရား သံဃာကို မယုံတဲ့အတွက်လဲ နည်းတူဘဲ အတုလိုက်သွားတတ်တယ်။ ကံ ကံ၏အကျိုးကို မယုံကြည်တဲ့ဆရာက ကုသိုလ်ပြုဘို့ မလိုဘူး၊ အကုသိုလ်လဲ ရှောင်ဘို့မလိုဘူး စသည်ဖြင့် ပြောတတ်တယ်၊ ဆရာကိုယ်တိုင်ကလဲ ကုသိုလ်ကို မပြုဘူး၊ အကုသိုလ်လဲ မရှောင်ဘူး၊ အဲဒါကို တပည့်ကလဲ အတုလိုက်ပြီး ကိုယ်ကျင့်တရားတွေ ပျက်ကုန်တတ်တယ်။

ထို့အတူဘဲ သီလမရှိတဲ့ဆရာကိုမှီဲ့ယင် သီလပျက်တတ်တယ်၊ အရက်သောက်တဲ့ဆရာကို မှီဝဲယင် အရက်သမား ဖြစ်တတ်တယ်။ အကြားအမြင်နည်းတဲ့ ဆရာက အကြားအမြင်ကို မရှိသေဘူး၊ မိမိက စာမတတ်တော့ စာတတ်တဲ့ ပုဂ္ဂိုလ်တွေကို မချီးမြှောက်ချင်ဘူး၊ ဘာကြောင့်လဲဆိုယင် သူဟောပြောတာ တွေက စာပေနဲ့ မညီတော့ သူများက စာပေနဲ့ မညီကြောင်း ပြောကြတယ်၊ အဲဒါကို မဖြေရှင်းနိုင်တော့ စာပေကျမ်းဂန်တွေကို ပုတ်ခတ်ပြီး ပြောဆိုတတ်တယ်၊ စာပေတွေက မှားနေသလိုလို, စာတတ်ပုဂ္ဂိုလ်တွေက မှားနေသလိုလို ပြောတတ်တယ်၊ အဲဒါကို တပည့်ကလဲ လက်ခံပြီး စာတတ်ပုဂ္ဂိုလ်တွေ, စာပေ တွေကို ပြစ်မှားမိတတ်တယ်၊ အလွန် ကြောက်စရာ ကောင်းပါတယ်။

ဝန်တိုမှုရှိတဲ့ဆရာက တခြားမှာ လျှုတာကို ပိတ်ပင်တတ်တယ်၊ တခြားသူထံ ရောက်မသွားအောင် တားမြစ်တတ်တယ်၊ တရားမှန်ကို မနာရအောင် မကျင့်ရအောင် ပိတ်ပင်တတ်တယ်။ ကိုယ်တိုင်က ဝိပဿနာပညာအစစ်အမှန်နှင့် မပြည့်စုံယင် ဝိပဿနာဉာဏ်အစစ်ဖြစ်အောင် မညွှန်ပြနိုင်ဘူး၊ အစစ်အမှန်တွေကို အမှားထင်အောင်လဲ ပြောတတ်တယ်။ အဲဒီလို ပြောတဲ့ ဆရာ့စကားကို ယုံကြည်နေယင် တရားလမ်းမှန်ကိုလဲ မရောက်တော့ဘူး၊ တရားလမ်းမှန် ဟောနေတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ပြစ်မှား ပြောဆိုတတ်တယ်၊ ပညာရှိသူတော်ကောင်း တွေကိုလဲ ပြစ်မှားပြောဆိုတတ်တယ်၊ ကြောက်စရာပါဘဲ။

အဲဒီ ပါပမိတ္တက ဘယ်လိုပုဂ္ဂိုလ်လဲလို့ ဆိုတော့ ဘုရား လက်ထက်တော်က ထင်ရှားခဲ့တဲ့ ပူရဏကဿပ အစရှိသော တိတ္ထိ ဂိုဏ်းဆရာကြီး ၆-ယောက်လို ပုဂ္ဂိုလ်တွေလဲ ပါပမိတ္တတွေပါဘဲ၊ အဲဒီ ဆရာကြီးတွေရဲ့ ဝါဒကို လိုက်နာနေတဲ့ သူတွေဟာ တချို့ဆိုယင် မြတ်စွာဘုရားကို ဖူးမြော်ခွင့်တောင် မရရှာကြဘူး၊ တချို့လဲ ဘုရားစစ် တရားစစ် သံဃာစစ်တွေကို ကဲ့ရဲ့ ပြစ်မှားပြီး အရိယူပ-ဝါဒန္တရာယ်တွေထိုက်ကုန်တယ်၊ ကြောက်စရာပါဘဲ။ နောက်ပြီးတော့ သာသနာ တော်တွင်းမှာလဲ အရှင်ဒေဝဒတ်လို ပုဂ္ဂိုလ်တွေဟာလဲ ပါပမိတ္တတွေဘဲလို့ အဋ္ဌ ကထာမှာ ပြဆိုထားပါတယ်၊ အရှင်ဒေဝဒတ်ကို ကိုးကွယ်တဲ့သူတွေလဲ အများ ကြီး နစ်နာကြပါတယ်။

## အရှင်ဒေဝဒတ် ကိုးကွယ်လို့ နစ်နာပုံ

အဇာတသတ်မင်းက အရှင်ဒေဝဒတ်ကို ကိုးကွယ်တယ်၊ အရှင် ဒေဝဒတ်က ဒီလို ညွှန်ကြားတယ်၊ မင်းသားကလေး လူတွေဟာ ရှေးတုန်းက အသက်ရှည်ကြတယ်၊ ဒါကြောင့် ခမည်းတော် နတ်ရွာစံမှ နန်းတက်ရပေမဲ့ မင်းစည်းစိမ်ခံစားဘို့ အချိန်တွေ အများကြီးရဘယ်၊ ယခုတော့ လူတွေက အသက်မရှည်ကြဘူး၊ သင့်ခမည်းတော် နတ်ရွာစံမှ နန်းတက်ရမယ်ဆိုယင် သင့်မှာ အင်မတန်အိုတဲ့အရွယ် ရောက်နေလိမ့်မယ်၊ ကာမဂုဏ် စည်းစိမ်ခံစားဘို့ အချိန်ရှိမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် သင့်ခမည်းတော်ကို လုပ်ကြံပြီး နန်းတက်ရမယ်လို့ ညွှန်ကြားတယ်၊အဲဒီမှာ သူညွှန်ကြားတဲ့အတိုင်း ကြံပုံတွေ နောက်ထပ်ညွှန်ကြားပုံတွေလဲ ရှိပါသေးတယ်၊ အတိုချုပ်ပြောရမှာဘဲ၊အဲဒီတော့ အဇာတသတ် မင်းသားက သူ့ဆရာ အရှင်ဒေဝဒတ်ပြောတာကို တကယ့် နည်းကောင်း လမ်းကောင်းလို့ ယုံကြည်ဘယ်၊ တပည့်ဆိုတာ ဆရာပြောတဲ့ စကားကို ယုံကြည်စမြဲဘဲ၊ ဒါကြောင့် အဇာတသတ်မင်းသားဟာ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ထောင်ထဲ အကျဉ်းချထားတယ်၊ အစာမကျွေးဘဲ ထားတယ်၊ နောက်ဆုံးကျတော့ ခြေဖဝါးကို သင်ဓုန်းဓားနဲ့လှီးပြီး ဆားသိပ် မီးမြှိုက်စေတယ်၊ဒါကြောင့် မင်းကြီးဟာ နတ်ရွာစံ ကံတော်ကုန်ရှာရတယ်၊ အဇာတသတ်မင်းလဲ ပိတုဃာတကကံဆိုတဲ့ ကံကြီးထိုက်သွားတယ်၊ နောက်တချိန်မှာ သံဝေဂရပြီး မြတ်စွာဘုရားထံ ဆည်းကပ်တယ်၊ ရဟန်း ပြုခြင်း၏ အကျိုးဆိုတဲ့ သာမညဖလကို မေးလျှောက်လို့ မြတ်စွာဘုရားက သာမညဖလသုတ်ဆိုတဲ့ တရားကို ဟောတော်မူတယ်၊ အကယ်၍သာ ပိတုဃာတကကံ မထိုက်ယင် အဲဒီတုန်းက အဇာတသတ်မင်းဟာ အဲဒီတရားကို နာပြီး သောတာပန်ဖြစ်ဖို့ အကြောင်း ရှိပါတယ်တဲ့၊ ဒါပေမဲ့ ပိတုဃာတကကံကို ကျူးလွန်ထားတဲ့အတွက် တရားထူးကို မရရှာဘူး၊ သေတဲ့အခါလဲ လောကကုမ္ဘီဆိုတဲ့ ငရဲကို ရောက်ရရှာတယ်တဲ့၊ အဲဒါဟာ အရှင်ဒေဝဒတ်ဆိုတဲ့ ပါပမိတ္တကို ဆရာအဖြစ်နဲ့ ကိုးကွယ်မိတဲ့ အတွက် ဆုံးရှုံး နစ်နာရတာဘဲ၊ ကြောက်စရာ မကောင်းဘူးလား။

## အရှင်ဒေဝဒတ် တောင်းပန်တဲ့ ကျင့်ဝတ်ငါးပါး

နောက်ပြီးတော့ အရှင်ဒေဝဒတ်ဟာ သူ့နောက်လိုက်များ ဖြစ်ကြတဲ့ ကောကာလိက၊ ကဋမောဒက တိဿက၊ သမုဒ္ဒဒတ္တ ဆိုတဲ့ ရဟန်းများနဲ့ တိုင်ပင်ပြီး သံဃာဂိုဏ်းခွဲဖို့ ကြံစည်တယ်၊ ကြံစည်ပုံကတော့ အဲဒီ နောက်လိုက် ရဟန်း သုံးပါးနှင့် တကွ မြတ်စွာဘုရားထံသွားပြီး သူက ကျင့်ဝတ် ငါးပါးကို ပညတ်ဖို့ တောင်းပန်တယ်၊ (၁) ရဟန်းများဟာ အသက်ထက်ဆုံး တောရကျောင်းမှာသာ နေကြပါစေ၊ ရွာကျောင်းမှာနေလျှင် အာပတ်သင့်ပါစေ၊ (၂) ဆွမ်းခံ၍သာ ဘုဉ်းပေးကြပါစေ၊ ပင့်ဖိတ်လှူသောဆွမ်းကို လက်ခံလျှင် အာပတ်သင့်ပါစေ၊ (၃) ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံကြပါစေ၊ ဒကာ လှူသော သင်္ကန်းကို လက်ခံလျှင် အာပတ်သင့်ပါစေ၊ (၄) ရုက္ခမူဓုတင် ဆောင်ကြပါစေ၊ အမိုးရှိရာသို့ဝင်လျှင် အာပတ်သင့်ပါစေ၊ (၅) သက်သတ်လွတ် စားကြပါစေ၊ ငါး အမဲကို စားလျှင် အာပတ်သင့်ပါစေ-ဆိုတဲ့ ကျင့်ဝတ်ငါးပါးကို ပညတ်ဖို့ တောင်းပန်တယ်။ အဲဒီ ကျင့်ဝတ်ငါးပါးလုံးဟာ အကောင်းချည်းပါဘဲ၊ မကျင့်ကောင်းတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအတိုင်း သိက္ခာပုဒ် ပညတ်လိုက်ယင် အကုန်လုံး လိုက်နာပြီး ကျင့်ဖို့ ခက်ပါလိမ့်မယ်၊ ဘုရားဖြစ်တော်မူခါစ ပဌမဝါကာဆိုယင် ရဟန်းတော်တွေဟာ တောကျောင်းမှာသာ နေကြတယ်၊ ပံ့သကူဓုတင် ရုက္ခမူဓုတင်ကိုလဲ ဆောင်ကြတယ်၊ ပိဏ္ဍပါတ်ဓုတင်ကိုလဲ အများအားဖြင့် ဆောင်ကြပါတယ်။ ဒါပေမဲ့ နောက်ကာလမှာ အဲဒီဓုတင်များကိုလဲ အချို့က ဆောင်ဖို့ ခဲယဉ်းမည်ကို မြင်တော်မူတဲ့အတွက် တောရဓုတင် ပိဏ္ဍပါတ်ဓုတင် ပံ့သကူဓုတင်များကို ဆောင်လိုလျှင် ဆောင်ဖို့၊ မဆောင်လိုလျှင်လဲ မဆောင်ဖို့ ခွင့်ပြုတော်မူခဲ့ပါတယ်၊ မိုးလေးလမှတပါး ရှစ်လအတွင်း၌ အလိုရှိလျှင် ရုက္ခမူဓုတင်ဆောင်ဖို့လဲ ခွင့်ပြုတော်မူခဲ့ပါတယ်၊ ရဟန်းတော်များအတွက် သတ်သည်ကို မမြင်ရ, မကြားရ, ရွှံရှားတွေးထင်ခြင်းလဲ ကင်း၍ အစွန်းသုံးပါးလွတ်သော ငါးအမဲကိုလဲ သုံးဆောင်ဖို့ ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် အဲဒီအတိုင်း ခွင့်ပြုခဲ့ပြီးဖြစ်တဲ့အကြောင်း မိန့်တော်မူပြီး သူ့တောင်းပန်ချက်ကို မြတ်စွာဘုရားက ပယ်ချလိုက်ပါတယ်။

သင်္ဃော (၃) ၁၃—ပ-မ-သ-စ

အဲဒါကို အခွင့်ကောင်းယူပြီးတော့ အရှင်ဒေဝဒတ်က "အလိုနည်းခြင်းအစ ရှိတဲ့ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတဲ့ ကျင့်ဝတ်ငါးပါးကို မြတ်စွာဘုရားထံ တောင်းပန်ခဲ့တယ်၊ မြတ်စွာဘုရားက အခွင့်မပြုဘူး၊ ငါတို့က အဲဒီ ကျင့်ဝတ် ငါးပါးကို ကျင့်မယ်၊ အဲဒီကျင့်ဝတ်ငါးပါးကို သဘောကျယင် ဆန္ဒမဲပေးကြ"လို့ သံဃပရိသတ်မှာ ကျေညာတယ်၊ ဝဇ္ဇီတိုင်းသား သုတနည်းတဲ့ ရဟန်းငယ် ငါးရာတို့က ဆန္ဒမဲ ပေးကြတယ်၊ အဲဒီ ရဟန်းငယ်ငါးရာကိုခေါ်ပြီး အရှင် ဒေဝဒတ်က ရာဇဂြိုဟ်မြို့မှ ဂယာသီသအရပ်သို့ သွားတယ်။ အဲဒီနောက် မြတ်စွာ ဘုရား၏အမိန့်ဖြင့် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့က ထိုရဟန်း ငယ်များကို အသိဉာဏ်ပေးဘို့ရာ ဂယာသီသသို့ လိုက်သွားကြတယ်။

ဟိုရောက်တော့ အရှင်ဒေဝဒတ်က ထိုရဟန်းငယ်ငါးရာအား ဘုရားအသွင်ဖြင့် တရားဟောနေခိုက် ဖြစ်တယ်၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ လာနေတာကို မြင်ရတဲ့အခါ အရှင်ဒေဝဒတ်က "(ပဿထ ဘိက္ခဝေ)ရဟန်းတို့ ကြည့်ကြစမ်း၊ ငါဟောတဲ့တရားက ကောင်းလို့ ငါ့တရားကို ကြိုက်လို့ ရဟန်း ဂေါတမ၏ အဂ္ဂသာဝကကြီးများဖြစ်ကြတဲ့ သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့ တောင် ငါ့ထံ လာနေကြပြီ"လို့ ပြောတယ်။ အဲဒီအခါ သူ့တပည့် ကောကာလိ က-က "ငါ့ရှင်ဒေဝဒတ် သာရိပုတ္တရာ မောဂ္ဂလာန်တို့ကို အကျွမ်းတဝင် မလုပ် ပါနဲ့၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့ဟာ ယုတ်မာတဲ့အလိုရှိကြပါတယ်၊ ယုတ်မာ တဲ့ အလိုနောက်သို့ လိုက်ကြပါတယ်"လို့ ပြောဆိုတားမြစ်တယ်။ ဒီနေရာမှာ ကောကာလိက ပြောပုံကို စဉ်းစားကြည့်ကြရမယ်၊ သူက ယုတ်မာတဲ့အလိုရှိတဲ့ အရှင်ဒေဝဒတ်ရဲ့ တပည့်ဖြစ်နေလို့ သူကိုယ်တိုင်ကလဲ ယုတ်မာတဲ့အလိုရှိနေတဲ့ အတွက် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ကို ယုတ်မာတဲ့အလိုရှိကြတယ် လို့ စွပ်စွဲလိုက်တာဘဲ၊ ပြောင်းပြန်ဖြစ်နေတယ်၊ ဥပမာအားဖြင့် အရူးက လူကောင်းတွေကို အရူးတွေလို့ ပြောတာနဲ့ တူပါတယ်။ ကောကာလိက-က တားမြစ်ပေမယ့်လို့ အရှင်ဒေဝဒတ်က "ငါ့တရားကြိုက်လို့ ငါ့ဆီလာတာဟာ ကောင်းသောလာခြင်းပါဘဲ" လို့ဆိုပြီး သူထိုင်နေတဲ့နေရာကို အရှင်သာရိပုတ္တရာ အား တပိုင်းဖယ်ပေးတယ်၊အရှင်သာရိပုတ္တရာက "မလိုပါဘူး ငါ့ရှင်"လို့ ပြောပြီး သင့်တော်တဲ့ အခြားတနေရာမှာ ထိုင်နေပါတယ်၊ အရှင်မောဂ္ဂလာန်လဲ အခြား

တနေရာမှာ ထိုင်နေပါတယ်၊ အရှင်ဒေဝဒတ်ဟာ ညဉ့်နက်သည် တိုင်အောင် အချိန်ကြာမြင့်စွာ တရားဟောပြီးတော့ " ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းတွေမှာ အိပ်ချင်ငိုက်မျည်းခြင်း မရှိဘူး၊ ငါ့ရှင် ဆက်ပြီး တရားဟောပါဦး၊ ငါတော့ ကျောအောင့်လို့ ဆန့်လိုက်ဦးမယ်လို့ " ပြောပြီး နှစ်ထပ်သင်္ကန်းကြီးကို ခေါက်ခင်းပြီး လက်ျာနံတောင်းဖြင့် လျောင်းအိပ်ပါသတဲ့၊ အဲဒါဟာ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ပြောနေကျစကားနဲ့ လျောင်းတော်မူပုံကို အတုယူပြီး ဘုရားဟန်ဆောင်လိုက်တာပါဘဲ၊ ဒါပေမဲ့ မြတ်စွာဘုရားကတော့ အဲဒီလို ပြောပြီး လျောင်းနေပေမယ်လို့ အိပ်ပျော်ခြင်းမရှိဘဲ တရားဆုံးတဲ့ အခါ သာဓု အနုမောဒနာလဲ ပြုတော်မူလေ့ရှိပါတယ်၊ အရှင်ဒေဝဒတ်မှာတော့ သတိသမ္ပဇဉ် မရှိတဲ့အတွက် တခဏကလေးအတွင်းမှာ အိပ်မောကျသွားပါသတဲ့။

အဲဒီအခါ အရှင်သာရိပုတ္တရာက ရဟန်းတို့၏ စိတ်ဖြစ်နေပုံကို ဖော်ပြပြီး ဆုံးမ ဟောကြားတော်မူတယ်၊ "ဘယ်ရဟန်းက ဘယ်လို စိတ်ကူး နေတယ်၊ အဲဒီ စိတ်ကူးကို ပယ်လိုက် " စသည်ဖြင့် အတပ်သိ ဟောခြင်းဖြင့် ညွှန်ကြားဆုံးမ တာပါဘဲ၊ အရှင်မဟာမောဂ္ဂလာန်ကတော့ တန်ခိုး ဖန်ဆင်းပြပြီး ဆုံးမ ဟော ကြားတော်မူပါတယ်၊ အင်မတန် ကြည်ညိုဘွယ် စိတ်ဝင်စားဘွယ် ကောင်းမှာ ပါဘဲ၊ ဒါကြောင့် အဲဒီလို ဟောကြားတော်မူကြတဲ့ တရားကို နာနေရင်း အဲဒီ ရဟန်း ငါးရာမှာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်ပြီး သောတာပန် ဖြစ်သွားကြပါသတဲ့။ အဲဒီအခါ အရှင်သာရိပုတ္တရာက " ငါတို့ မြတ်စွာဘုရားထံ သွားတော့မယ်၊ မြတ်စွာဘုရား၏ တရားတော်ကို သဘောကျတဲ့သူ လိုက်ခဲ့ ပေတော့ "လို့ ပြောပြီး အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော် ဘုရားထံသို့ပြန်လာကြပါတယ်၊ အဲဒီ ရဟန်း ငါးရာလဲ အရှင်သာရိပုတ္တရာတို့နှင့် အတူ လိုက်ပါလာကြပါတယ်။

အဲဒီအခါ ကောကာလိက·က အရှင်ဒေဝဒတ်ကို ဒေါသထွက်ပြီးတော့ ရင်ဝ ကို ဒူးနှင့်တိုက်ပြီး နှိုးလိုက်တယ်၊ " သာရိပုတ္တရာ မောဂ္ဂလာန်တို့ဟာ ယုတ်မာတဲ့ အလိုရှိကြပါတယ်၊ အကျွမ်းတဝင်လုပ်ပြီး လက်မခံပါနဲ့လို့ ငါပြောခဲ့တယ် မဟုတ်လား၊ ယခု သင့်တပည့်ရဟန်းတွေ အကုန်ပါသွားကြပြီ "လို့လဲ ကြိမ်း မောင်း ပြောဆိုပါသတဲ့။

အဲဒီမှာ ကောကာလိက ပြောပုံကို စဉ်းစားကြည့်ပါ၊ သူက ယုတ်ညံ့တဲ့အရှင်ဒေဝဒတ်ကို ဆရာအဖြစ်နဲ့ ကိုးကွယ်နေတော့ အင်မတန် စင်ကြယ် မြင့်မြတ်တော်မူကြတဲ့ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ကို " ယုတ်မာတဲ့ အလိုရှိကြတယ် ယုတ်မာတယ်"လို့ စွပ်စွဲပြောဆိုတယ်၊ အဲဒါဟာ ယုတ်မာတဲ့ ဆရာထံက ယုတ်မာတဲ့ စိတ်အနေ အထားတွေ ကူးစက်လာတာဘဲ၊ သူယုတ်မာကို မှီဝဲတဲ့အတွက် သူတော်ကောင်းကို ပြစ်မှားမိတာဘဲ၊ အလွန် ကြောက်စရာကောင်းပါတယ်၊ ဒါကြောင့် ပါပမိတ္တကို ရှောင်ကြရမယ်၊ အဲဒီ ရှောင်ရမည့် ပါပမိတ္တကိုလဲ သိနိုင်ဘို့ရာ " သဒ္ဓါ သီလ သုတ ကင်းကွာ၊ ဝန်တို ဉာဏ်ကင်း မိတ်ဖျင်းရှောင်ပါ "ဆိုတဲ့ ဒီဆောင်ပုဒ်ကို ကျက်မှတ် ထားကြရမယ်၊ အဲဒါကို တခါထပ်ပြီး ဆိုလိုက်ကြရဦးမယ်။

သဒ္ဓါ၊ သီလ၊ သုတ ကင်းကွာ၊ ဝန်တို၊ ဉာဏ်ကင်း မိတ်ဖျင်း ရှောင်ပါ။ (ဆို)

သဒ္ဓါ သီလ သုတကင်းတဲ့ပုဂ္ဂိုလ် ဝန်တိုတဲ့ပုဂ္ဂိုလ် ဉာဏ်ပညာမရှိတဲ့ပုဂ္ဂိုလ် အဲဒီလို ပုဂ္ဂိုလ်ကို မိတ်ဆွေကောင်း ဆရာကောင်းအဖြစ်နဲ့ မမှီဝဲနဲ့ အားမကိုးနဲ့ ရှောင်ကြဉ်ရမယ် တဲ့၊ အဲဒါ ရှင်းလောက်ပါပြီ။ အဲဒီပါပမိတ္တကို ရှောင်ကြဉ်ပြီးတော့ ကလျာဏမိတ္တကို မှီဝဲဆည်းကပ်ရမယ်။

## မိတ်ဆွေကောင်း ဆရာကောင်း

ကလျာဏမိတ္တဆိုတာ ပါပမိတ္တနဲ့ ပြောင်းပြန်ဘဲ၊ သဒ္ဓါတရားနဲ့လဲ ပြည့်စုံရမယ်၊ သီလနဲ့လဲ ပြည့်စုံရမယ်၊ အကြားအမြင်သုတလဲ များရမယ်၊ ဝန်မတိုဘဲ စွန့်ကြဲပေးကမ်းလေ့ ရှိရမယ်၊ ဉာဏ်ပညာနဲ့လဲ ပြည့်စုံရမယ်၊ အဲဒီလိုပုဂ္ဂိုလ်ဟာ ကလျာဏမိတ္တ ခေါ်တဲ့ မိတ်ဆွေကောင်း ဆရာကောင်းဘဲ။ လောကမှာ အကောင်းဆုံး ပဌမတန်း ကလျာဏမိတ္တကတော့ မြတ်စွာဘုရားဘဲ၊ မြတ်စွာဘုရားကို မှီဝဲဆည်းကပ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ အကောင်းဆုံး ကလျာဏမိတ္တကို မှီဝဲဆည်းကပ်ကြရတာဘဲ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသွားပေမယ်လို့ မြတ်စွာဘုရား၏ တရားတော်တွေကို နာပြီး လေးလေးနက်နက် ဆည်းကပ်ကိုးကွယ်ကြရတဲ့ သူတွေလဲ အကောင်းဆုံး ကလျာဏမိတ္တကို မှီဝဲရတယ်လို့ ဆိုနိုင်ပါတယ်။ မြတ်စွာဘုရား လက်ထက်တော်ကတော့ မြတ်စွာဘုရား၏ အဂ္ဂသာဝက

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ဟာ ဒုတိယတန်း ကလျာဏမိတ္တတွေဘဲ၊ အဲဒီအောက် အရှင်မဟာကဿပ အရှင်အနုရုဒ္ဓါ အစရှိသော မဟာသာဝက တွေဟာ တတိယတန်း ကလျာဏမိတ္တတွေဘဲ၊ အဲဒီကအောက်တော့ ဘုရား လက်ထက်တော်ကရော နောက်ကာလမှာရော ရဟန္တာပုဂ္ဂိုလ်အစစ်တွေဟာ ကလျာဏမိတ္တတွေဘဲ။ အဲဒီကအောက် အနာဂါမ်ပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် သောတာပန်ပုဂ္ဂိုလ်တွေဟာ ကလျာဏမိတ္တတွေဘဲ၊ အဲဒီကအောက်တော့ သဒ္ဓါ စသည်နှင့်ပြည့်စုံတဲ့ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ ကလျာဏမိတ္တတွေပါဘဲ။ ယခုနေအခါမှာ ရဟန္တာပုဂ္ဂိုလ်အစစ် ဟုတ် မဟုတ် ဆုံးဖြတ်ဖို့ဆိုတာကတော့ မလွယ်ပါဘူး၊ ထို့အတူ အနာဂါမ် သကဒါဂါမ် သောတာပန်အစစ် ဟုတ် မဟုတ် ဆုံးဖြတ်ဖို့ ဆိုတာ လဲ မလွယ်ပါဘူး၊ အရိယာအစစ်တွေ ဗဟုသုတပြည့်စုံတဲ့ သူတော်ကောင်း အစစ်တွေကသာလျှင် ခန့်မှန်းဆုံးဖြတ်နိုင်စရာ ရှိပါတယ်။ ဒါကြောင့် သာမန်ပုဂ္ဂိုလ်အနေနဲ့ ကလျာဏမိတ္တကို စိစစ်ချင်ယင်—

> ယေတေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ သဒ္ဓါ၊ သဒ္ဓါတရားနှင့် ပြည့်စုံကုန်၏။ သီလဝန္တော၊ စင်ကြယ်သောသီလရှိကုန်၏။ ဗဟုဿုတာ၊ များသော အကြားအမြင်ရှိကုန်၏။ စာဂဝန္တော၊ ဝန်မတိုဘဲ စွန့်ကြဲ ခြင်းရှိကုန်၏။ ပညာဝန္တော၊ ဉာဏ်ပညာနှင့်ပြည့်စုံကုန်၏ - လို့ ဟော ထားတဲ့ ဓမ္မသင်္ဂဏီပါဠိတော်နှင့်အညီ စိစစ်ရမယ်။

အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ "သဒ္ဓါ, သီလ, သုတ စာဂါ၊ ပညာရှိ ပေါင်းဘိမြတ်ဆရာ" တဲ့ ကဲ–အဲဒါကို ဆိုရမယ်။

သဒ္ဓါ, သီလ, သုတ, စာဂါ၊ ပညာရှိ ပေါင်းဘိမြတ်ဆရာ။ (ဆို)

သဒ္ဓါတရားနှင့် ပြည့်စုံယင် ကလျာဏမိတ္တဘဲ၊ ဘုရားကိုယုံကြည်မှု ကြည်ညိုမှု ရှိရမယ်၊ အလေးအမြတ်ပြုရမယ်၊ ရိုရိုသေသေ ဘုရားရှိခိုးမှု ရှိရမယ်၊ တချို့က "ရဟန္တာ" ဆိုပြီးတော့ "ဘုရားရှိခိုးရန်မလိုဘူး" လို့ ပြောသတဲ့၊ အဋ္ဌကထာမှာ လာတဲ့ ရဟန္တာအစစ်ကတော့ မဟာစေတီတော်ကြီးကို အလွန်ရိုသေစွာရှိခိုး တယ်·လို့ ဆိုပါတယ်။ ထို့အတူ တရားတော် သံဃာတော်ကို ယုံကြည်မှု ကြည်ညိုမှု အလေးပြုမှု ရှိရမယ်၊ ကံ ကံ၏အကျိုးကို ယုံကြည်သောအားဖြင့် အကုသိုလ်ကို

ကြဉ်ရှောင်ရမယ်၊ ကုသိုလ်အမှုကို အလေးပြုရမယ်၊ အဲဒီလိုဆိုယင် သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ ကလျာဏမိတ္တာဘဲ။ သီလသိက္ခာကိုလဲ ရိုသေလေးစားရမယ်၊ ကိုယ်တိုင်လဲ သီလကို ရိုသေစွာကျင့်လျှင်၊ သုတပါးကိုလဲ ရိုသေစွာကျင့်အောင် ဟောပြော တိုက်တွန်းလျှင် သီလနဲ့ပြည့်စုံတဲ့ ကလျာဏမိတ္တာဘဲ။ သုတ ဆိုတာကတော့ လောကဘက်က စာရေးစာဖတ်မှ စပြီး သုတတွေလဲ ရှိတယ်၊ လောကကျိုး အတွက် ကလျာဏမိတ္တာဆိုလျှင် အဲဒီ လောကီသုတတွေနှင့်လဲ ပြည့်စုံဘို့ လိုပါ တယ်။ ဒါကြောင့် ဘာဝနာအလုပ်ကို အားထုတ်နေတဲ့ပုဂ္ဂိုလ်မဟုတ်လျှင် ရဟန်းတော်များလဲ တပည့်များအား သင်ပြပေးဘို့ စာရေး စာဖတ် အစရှိတဲ့ ဝိနည်းနှင့် မဆန့်ကျင်တဲ့ သုတရှိသင့်ပါတယ်၊ တချို့က ပါဠိ ကျမ်းဂန်တွေသာ တတ်သိပြီး မြန်မာစာကိုတော့ သာမန် စာပေးစာယူတောင် အချိုးကျအောင် မရေးတတ်ဘူး၊ သတ်ပုံလဲ မှန်အောင် မရေးတတ်ဘူး၊ အဲဒီလို စာကို ကျောင်းဆရာမကလေးများက တွေ့သွားယင် ဒီဆရာတော်ကြီးဟာ စာမတတ် ဘူးလို့ အထင်သေးသွားတတ်တယ်၊ ဒါကြောင့် လောကဘက်ကလဲ တတ်သင့် သလောက်တော့ တတ်သိထားသင့်ပါတယ်။ မြတ်စွာဘုရားအလိုတော်ကတော့ တရားဘက်ကိုသာ ရည်ရွယ်ပါတယ်၊ ဒါကြောင့် သုတပါးကိုညွှန်ပြတဲ့ ကမ္မဋ္ဌာန်း ဆရာဆိုယင် ပရိယတ် ပဋိပတ် သုတနှစ်ပါးလုံး ပြည့်စုံဘို့ လိုပါတယ်၊ ဆရာက သုတပြည့်စုံနေယင်တော့ တပည့်မှာ မပြည့်စုံသော်လဲ ဆရာညွှန်ပြတဲ့အတိုင်း အားထုတ်သွားယင် တရားစစ် တရားမှန်ကို ရနိုင်ပါတယ်။ စွန့်ကြဲမှုဆိုတာက တော့ ပိုနေတဲ့ပစ္စည်းများကို တပည့်များ သီတင်းသုံးဘော်များအား ပေးကမ်း စွန့်ကြဲဘို့ပါဘဲ၊ ဒါကတော့ သိလွယ်ပါတယ်။ ပညာဆိုတာက သုတမယ စိန္တာ-မယ ဘာဝနာမယဆိုတဲ့ ပညာနှင့် ပြည့်စုံဘို့ပါဘဲ၊ အဲဒီအထဲမှာ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် အစရှိသော ဝိပဿနာဉာဏ်များနှင့် ပြည့်စုံဘို့ လိုပါတယ်၊ ဟောပြောတဲ့အခါ နားထောင်ကြည့်ယင် အဲဒီဉာဏ်များနှင့် ပြည့်စုံတယ် မပြည့် စုံဘူးဆိုတာ ထင်ရှားပါတယ်၊ ဒါပေမဲ့ ဒီဝိပဿနာဉာဏ်နှင့် ပြည့်စုံတယ် မပြည့် စုံဘူးဆိုတာ ဆုံးဖြတ်ဖို့ကတော့ သာမန် ပုဂ္ဂိုလ်အနေနဲ့ ခဲယဉ်းပါတယ်၊ စာပေ ဗဟုသုတရှိတဲ့သူဆိုယင်တော့ အတော်အသင့် ဆုံးဖြတ်နိုင်စရာရှိပါရဲ့၊ ဒါတောင် မှ ကိုယ်တိုင် မတွေ့ဘူးဘဲ ဆုံးဖြတ်ဖို့ကတော့ မလွယ်ပါဘူး၊ ကိုယ်တွေ့ ဉာဏ် တွေနဲ့ အမှန်ဟောနေတာကိုလဲ အမှားထင်တတ်တယ်၊ စာတွေ့ သက်သက်

ဟောနေတာကိုလဲ သဘာဝမကျပေမဲ့ သဘာဝကျတယ်လို့ ထင်တတ်တယ်။ အဲဒါထက် မဂ်ပညာ ဖိုလ်ပညာ ပစ္စဝေက္ခဏာပညာအကြောင်းကတော့ သာပြီးခက်တော့တာပါဘဲ။ ဒါကြောင့် သဒ္ဓါအစရှိတဲ့ ရှေးဂုဏ်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံနေယင်၊ ဝိပဿနာဉာဏ်ဖြစ်ပုံတွေကိုလဲ ကိုယ်တွေ့အနေနဲ့ ဟောနိုင်ယင်၊ ဟောဟိုင်းလဲ တထပ်တည်း သဘောတူယင်၊ ကျမ်းဂန်နဲ့လဲညီယင် အဲဒီဆရာကို ပညာနှင့်လဲ ပြည့်စုံတဲ့ ကလျာဏမိတ္တလို့ မှတ်ယူသင့်ပါတယ်။ အဲဒီ သဒ္ဓါ သီလ သုတ စာဂ ပညာနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ကလျာဏမိတ္တ–မိတ်ဆွေကောင်း ဆရာကောင်းအနေနဲ့ မှီဝဲဆည်းကပ်ရမယ်။

ဝိသုဒ္ဓိမဂ်ကျမ်းမှာတော့ ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာကို အင်္ဂုတ္တရပါဠိမှ ယူပြီးတော့–

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စဋ္ဌာနေ နိယောဇကော–

လို့ ပြထားပါတယ်။

ပိယော၊ ချစ်ဖွယ်ဂုဏ်လဲ ရှိရမယ်တဲ့။ သီလနှင့်ပြည့်စုံပြီး မေတ္တာကာယကံ မေတ္တာဝစီကံနှင့် ပြည့်စုံယင် ချစ်ဖွယ်ဂုဏ်နှင့် ပြည့်စုံတော့တာပါဘဲ။

ဂရု၊ အလေးအမြတ်ပြုအပ်တဲ့ဂုဏ်လဲ ရှိရမယ်တဲ့။ သီလ သမာဓိ ပညာနှင့် ပြည့်စုံယင် အဲဒီ အလေးအမြတ်ပြုအပ်တဲ့ဂုဏ်နှင့် ပြည့်စုံတော့တာပါဘဲ။

ဘာဝနီယော၊ မေတ္တာပွါးထိုက်တဲ့ပုဂ္ဂိုလ်လဲ ဖြစ်ရမယ်တဲ့။ ကိုယ်ကျင့် သီလကောင်းပြီးတော့ မေတ္တာရှေ့သွားပြီး ပြောမှု ပြုမှုနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို မေတ္တာပွါးဘို့ လွယ်ကူပါတယ်၊ အဲဒီလို မေတ္တာပွါးဘို့လွယ်အောင် အကျင့်သီလ, အပြော, အပြုကောင်းဘို့ပါဘဲ။

ဝတ္တာ၊ ပြောဆိုတတ် ဆုံးမတတ်ရမယ်တဲ့။ တပည့်တွေမှာ ချွတ်ယွင်းချက်ရှိလို့ ပြောဆိုစရာရှိတဲ့အခါ လျစ်လျူရှုမထားဘဲ ပြောဆိုဆုံးမဘို့ပါဘဲ၊ ဒါကလဲ ဆရာတဆူပြုလုပ်သူအတွက် အရေးကြီးပါတယ်၊ ပြောဆိုသင့်တာကို မပြောဆိုဘဲ လျစ်လျူရှုနေယင် အကျိုးမဲ့တွေဖြစ်ကုန်တတ်ပါတယ်၊ ဒါကြောင့် ပြောဆိုစရာရှိယင် ပြောဆို ဆုံးမတတ်ရမယ်တဲ့။

ဝစနက္ခမော၊ သူတပါးက ပြောဆိုလျှင်လဲ သည်းခံနိုင်ရမယ် ခံယူနိုင်ရမယ်တဲ့။ ကိုယ့်ထက်ကြီးသူကဖြစ်စေ၊ ငယ်သူကဖြစ်စေ၊ တန်းတူ ရွယ်တူကဖြစ်စေ ပြောသင့်တာကို ပြောလို့ရှိယင် လက်ခံပြီးတော့ ပြုပြင်နိုင်ရမယ်တဲ့။ အရှင်သာရိပုတ္တရာဟာ ခုနစ်နှစ်သားအရွယ် ရှင်သာမဏေကလေးက ပြောတာကို နာခံသလိုပေါ့။

## ရှင်သာမဏေကလေးပြောတာတောင် လက်ခံတယ်

တချိန်က အရှင်သာရိပုတ္တရာမှာ ကိစ္စများတဲ့အတွက် သင်္ကန်းက လျှောကျနေတယ်၊ ပရိမဏ္ဍလသိက္ခာပုဒ်နှင့် မညီတဲ့အနေမျိုး ဖြစ်နေတာပေါ့၊ ဒါပေမဲ့ လွန်ကျူးလိုတဲ့စေတနာမရှိဘဲ မတော်တဆဖြစ်နေတာကတော့ အာပတ် အပြစ်မရှိပါဘူး။ အဲဒီလို သင်္ကန်းလျှောကျနေတာကို ရှင်သာမဏေကလေးက မြင်တော့ "သင်္ကန်းလျှောကျနေပါတယ် အရှင်ဘုရား"လို့ သတိပေးလျှောက်ထားတယ်။ အဲဒီလို သတိပေးတဲ့စကားကို အရှင်သာရိပုတ္တရာက ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပါတယ်၊ သင်္ကန်းကို ပြင်ဝတ်ပြီးတော့ "သင့်တော်လောက်ပြီလား ဆရာကလေး"လို့တောင် မေးလိုက်ပါသေးသတဲ့။

ဂမ္ဘီရဥ္စ ကထံ ကတ္တာ၊ နက်နဲသောစကားကိုလည်း ပြောတတ်ရမယ်တဲ့။ ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ်တို့ သမထ ဝိပဿနာတို့ မဂ် ဖိုလ် ပစ္စဝေက္ခဏာတို့ ဒီလို နက်နဲတဲ့ တရားစကားတွေကိုလဲ ဟောတတ်ရမယ်တဲ့၊ အဲဒါကတော့ အလွန်ဘဲ အရေးကြီးပါတယ်၊ ဒါတွေကို ဆရာက မဟောတတ်ယင် တပည့်မှာ တရားအားထုတ်ချင်ပေမဲ့ အားထုတ်လို့ မဖြစ်ဘူး၊ ဒါကြောင့် အလွန်ဘဲ အရေးကြီးပါတယ်။

အဋ္ဌာနေ၊ အရာမဟုတ်သည်၌။ နော စ နိယောဇယေ၊ မတိုက်တွန်းတတ်ဘူးတဲ့။ တချို့က ကိုယ်ကျိုး ကိုယ်စီးပွါးအတွက် မတော်မသင့်တဲ့အမှုကို ပြုဘို့ တိုက်တွန်းတတ်တယ်၊ တပည့်က ဆရာခိုင်းတဲ့အတိုင်း အဲဒီ မတော်မသင့်တဲ့အမှုကို ပြုလုပ်မိယင် မျက်မှောက်တွင်လဲ ဒုက္ခရောက်တတ်တယ်၊ မတော်တဲ့စကားပြောမိယင် အောက်ထစ်ဆုံး အကဲ့ရဲ့ခံရတတ်တယ်၊ ရာဇဝတ်မှုကို ပြုမိယင် ရာဇဝတ်အပြစ်ဒဏ်သင့်တတ်တယ်၊ အကုသိုလ်အမှုကို ပြုမိယင် အပါယ်လေးပါး

ကျရောက်တတ်တယ်။ ဒါကြောင့် ဆရာဆိုတာ မတော်မသင့်တဲ့ အမှုမျိုးကို ပြုလုပ်ဖို့ မတိုက်တွန်းကောင်းဘူး။ အဲဒီလို ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာ့ထံမှာ ကမ္မဋ္ဌာန်းယူပြီး အားထုတ်ရမယ်လို့ ဝိသုဒ္ဓိမဂ်က ဆိုပါတယ်။

အဲဒီ ဝိသုဒ္ဓိမဂ်က ပြထားတဲ့ ပိယ ဂရု အစရှိသောဂုဏ်တွေဟာ သဒ္ဓါ သီလ သုတ စာဂ ပညာနှင့် ပြည့်စုံတယ် ဆိုတာထဲမှာ ထိုက်သည်အားလျော်စွာ အတွင်းဝင်ပါတယ်၊ အတွင်းဝင်ပုံကတော့ ပိယ – ချစ်ဖွယ်ဂုဏ် ဆိုတာဟာ သီလ စာဂနှင့် ပြည့်စုံတယ် ဆိုတာထဲမှာ အတွင်းဝင်တယ်၊ ဘာဝနီယ-မေတ္တာပွါး ထိုက်တဲ့ဂုဏ်ဟာလဲ အဲဒီ သီလ စာဂနဲ့ပြည့်စုံတာထဲမှာ အတွင်းဝင်တာဘဲ၊ ဂရု-အလေးပြုအပ်တဲ့ဂုဏ်က သီလ သုတ ပညာနဲ့ ပြည့်စုံတာထဲမှာ အတွင်းဝင်တယ်၊ ဝတ္တာဂုဏ် ဝစနက္ခမဂုဏ်တွေကတော့ သဒ္ဓါ သီလ သုတ ပညာနဲ့ ပြည့်စုံတာထဲမှာ အတွင်းဝင်တယ်၊ ဂမ္ဘီရကထာဂုဏ်ကတော့ သုတ ပညာနဲ့ ပြည့်စုံတာထဲမှာ အတွင်းဝင်တယ်၊ မတော်ရာမတိုက်တွန်းတဲ့ဂုဏ်ကတော့ သဒ္ဓါ သီလ သုတနဲ့ ပြည့်စုံတာထဲမှာ အတွင်းဝင်တယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်က ပိယအစရှိသော ဂုဏ်နှင့် ဓမ္မသင်္ဂဏီပါဠိက သဒ္ဓါအစရှိသောဂုဏ်တွေဟာ သဘောအားဖြင့် တူတယ်, အကျဉ်းအကျယ်မျှသာ ထူးတယ်လို့ မှတ်ရမယ်။

ဒါကြောင့် "သဒ္ဓါ သီလ သုတကင်းကွာ၊ ဝန်တို ဉာဏ်ကင်း မိတ်ဖျင်း ရှောင်ပါ။ သဒ္ဓါ သီလ သုတ စာဂါ၊ ပညာရှိ ပေါင်းဘိမြတ်ဆရာ"လို့ စီထားတဲ့ ရှစ်လုံးဖွဲ့လင်္ကာအရ သဒ္ဓါ စသည်နှင့်မပြည့်စုံတဲ့ ပါပမိတ္တကို ရှောင်ပြီးတော့ သဒ္ဓါ စသည်နှင့်ပြည့်စုံတဲ့ ကလျာဏမိတ္တကို မှီဝဲဆည်းကပ်သွားကြရမယ်။ အဲဒါကို အစကထုတ်ပြခဲ့တဲ့ ဒီဃလ္လေခသုတ်ဒေသနာနှင့်အညီ အမိဋ္ဌာန်ဆောင်ပုဒ် အဖြစ် ဆိုကြရမယ်။

(၃၅) သူမျှားတွေက ပါပမိတ္တကို မှီဝဲကြမည့်နေရာမှာ ငါတို့ကတော့ ကလျာဏမိတ္တကို မှီဝဲမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်။

## ၃၆။ ပမာဒ – ကုသိုလ်ရေး၌ မေ့ခြင်း

ပမာဒ – မေ့လျော့ခြင်းဆိုတာကတော့ ခဏ ခဏ ဟောနေကျတရားပါဘဲ၊ ဘုန်းကြီးတို့က အပ္ပမာဒ – မမေ့ရတဲ့ အမှတ်တရားကို ဟောနေတော့ တရားဟောတိုင်း ဟောတိုင်း သူက ပါဝင်နေတယ်၊ တနေ့ကတင် ဓမ္မဒါယာဒသုတ် ဟောတုန်းကလဲ ဒီပမာဒအကြောင်းကို ဟောခဲ့တယ်၊ ဒါပေမဲ့ ဒီသုတ်မှာလဲ သူက အကုသိုလ်တရားတခုအဖြစ်ဖြင့် ပါဝင်နေတဲ့အတွက် ယခုလဲ ထပ်ပြီး ဟောရဦးမှာဘဲ။ ပမာဒ – မေ့တယ်ဆိုတာက လောကရေးမှာ မေ့တာလဲ ရှိတယ်၊ ကုသိုလ်ရေးမှာ မေ့တာလဲ ရှိတယ်၊ ပစ္စည်းတခုကို တနေရာမှာ ချထားပြီးတော့ ထသွားတဲ့အခါ မေ့သွားယင် အဲဒီပစ္စည်း ဆုံးရှုံးတတ်တယ်၊ ခရီးသွားတဲ့အခါ ရထားပေါ် ကားပေါ် သင်္ဘောပေါ်မှာ ပစ္စည်းတခုခု မေ့ကျန်နေရစ်ယင် ဆုံးရှုံးတတ်တယ်၊ အလုပ်တခုခုကို မေ့နေလို့ မလုပ်မိယင်လဲ ဆုံးရှုံးတတ်တယ်၊ အဲဒီလို မေ့တာတွေက လောကရေးမှာ မေ့တာဘဲ၊ အဲဒါလဲ မကောင်းဘူး၊ မမေ့တာက ကောင်းတယ်။ ဒါန သီလ စသည်နှင့် စပ်ပြီး မေ့တာကတော့ ကုသိုလ်ရေးမှာ မေ့တာဘဲ၊ အဲဒီကုသိုလ်ရေးမှာ မေ့တာကို ဒီမှာ ပမာဒလို့ ဆိုလိုပါတယ်၊ ဒါကြောင့် ပမာဒ – ကုသိုလ်ရေး၌ မေ့ခြင်း-လို့ ပြဆိုထားတယ်။ အဲဒါကို ခုဒ္ဒကဝိဘင်းပါဠိတော်မှာ ဒီလို ဝေဘန် ဖွင့်ပြထားတယ်။

> တတ္ထ ကတမော ပမာဒေါ၊ ကာယဒုစ္စရိတေ ဝါ ဝစီဒုစ္စရိတေ ဝါ မနောဒုစ္စရိတေ ဝါ ပဉ္စသု ဝါ ကာမဂုဏေသု စိတ္တဿ ဝေါဿဂ္ဂေါ ဝေါ-ဿဂ္ဂါနုပ္ပဒါနံ ကုသလာနံ ဝါ ဓမ္မာနံ ဘာဝနာယ အသက္ကစ္စကိရိယတာ အသာတစ္စကိရိယတာ အနဋ္ဌိတကိရိယတာ ဩလီနဝုတ္တိတာ နိက္ခိတ္တ-ဆန္ဒတာ နိက္ခိတ္တဓုရတာ အနာသေဝနာ အဘာဝနာ အဗဟုလီကမ္မံ အနဓိဋ္ဌာနံ အနနုယောဂေါ ပမာဒေါ၊ ယော ဧဝရူပေါ ပမာဒေါ ပမဇ္ဇနာ ပမဇ္ဇိတတ္တံ၊ အယံ ဝုစ္စတိ ပမာဒေါ။

တတ္ထ၊ ထိုအကျဉ်းချုပ်ခေါင်းစဉ်၌(ပြခဲ့သော)။ ပမာဒေါ၊ မေ့ခြင်းသည်။ ကတမော၊ အဘယ်သို့သော သဘောပါနည်း။ ကာယဒုစ္စရိတေ ဝါ၊ ကာယ-ဒုစရိုက်၌သော်၎င်း။ ဝစီဒုစ္စရိတေ ဝါ၊ ဝစီဒုစရိုက်၌သော်၎င်း။ မနောဒုစ္စရိတေ ဝါ၊ မနောဒုစရိုက်၌သော်၎င်း။ ပဉ္စသု ဝါ ကာမဂုဏေသု၊ ငါးပါးသော ကာမ-

ဂုဏ် အာရုံတို့၌သော်၎င်း။ စိတ္တဿ၊ စိတ်ကို။ ဝေါဿဂ္ဂေါ၊ လွှတ်ထားခြင်း။ ဝေါဿဂ္ဂါနုပ္ပဒါနံ၊ လွှပ်လပ်ခွင့်ကို ပေးထား ခြင်းဟာလဲ ပမာဒ – မေ့ခြင်းပါဘဲတဲ့။

## ဒုစရိုက်နဲ့ အမေ့ကြီး မေ့နေတယ်

ကာယဒုစရိုက်မှာ စိတ်ကို လွှတ်ထားယင်လဲ ပမာဒ – မေ့နေတာမည်တယ်၊ ကာယဒုစရိုက် ဆိုတာ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မပိုင် မဆိုင်သော ကာမဂုဏ်တို့၌ မတရားကျူးလွန်ခြင်း ဆိုတဲ့ ဒီအကျင့်ဆိုး သုံးပါးဘဲ။ ဒါကြောင့် သူ့တပါးကို သတ်ဖို့ ကြံနေယင်၊ သတ်နေယင် အဲဒါ စိတ်ကို သတ်မှု ကာယဒုစရိုက်ထဲ လွှတ်ထားတာဘဲ၊ မင့်သဘောအတိုင်းဘဲ သတ်ချင်ယင် သတ်ရော့လို့ လွှတ်ထားသည် မည်ပါတယ်၊ အဲဒီအချိန်မှာ သတ်မှုမှ ကြဉ်ရှောင်ရတဲ့ ကုသိုလ်ကို မေ့နေပါတယ်၊ ဒါကြောင့် ပမာဒ-လို့ ခေါ်ရပါတယ်။ ထို့အတူဘဲ ခိုးဘို့ ကြံနေယင်၊ ခိုးယူနေယင်၊ ကာမဂုဏ်တို့၌ မတရားကျူးလွန်ဘို့ ကြံနေယင်၊ ကျူးလွန်နေယင် စိတ်ကို ကာယဒုစရိုက်ထဲမှာ လွှတ်ထားတာဘဲ၊ ခိုးမှုနှင့် မိစ္ဆာစာရမှ ကြဉ်ရှောင်ရတဲ့ ကုသိုလ်ကို မေ့နေတာဘဲ၊ ဒါကြောင့် အဲဒါတွေကို ပမာဒ-လို့ ခေါ်ရပါတယ်။

ထို့အတူ မုသာဝါဒစသော ဝစီဒုစရိုက် ၄-ပါးမှာ စိတ်ကို လွှတ်ထားယင်လဲ ပမာဒဘဲ၊ လိမ်ပြောဘို့ ဂုံးတိုက်ဖို့ ဆဲရေးဘို့ အပြိန်အဖျင်းပြောဘို့ ကြံနေယင်၊ လိမ်လည်စကားစသည်ကို ပြောနေယင် ဝစီဒုစရိုက်ထဲမှာ စိတ်ကို လွှတ်ထားတာဘဲ၊ လိမ်ပြောခြင်းစသည်မှ ကြဉ်ရှောင်ရတဲ့ ကုသိုလ်ကို မေ့နေတာဘဲ၊ ဒါကြောင့် အဲဒါတွေကို ပမာဒလို့ ခေါ်ရပါတယ်။

ထို့အတူ သူ့ဥစ္စာကို မတရားသဖြင့် ရဘို့ကြံနေယင်၊ သူ့တပါးကို သေပျက်စေဘို့ကြံနေယင်၊ ကံ ကံ၏အကျိုးမရှိစသည်ဖြင့် ကြံနေယင် မနောဒုစရိုက်မှာ စိတ်ကိုလွှတ်ထားတာဘဲ၊ သူ့ဥစ္စာကို မလိုချင်မှု မေတ္တာပွါးမှု ကံ ကံ၏အကျိုးရှိသည်ဟု သိမြင်မှုဆိုတဲ့ ကုသိုလ်ကို မေ့နေတာဘဲ၊ ဒါကြောင့် အဲဒီလို ကြံစည်မှုတွေကို မေ့နေတဲ့ ပမာဒလို့ ခေါ်ရတယ်။

အဲဒါတွေက ဒုစရိုက်မကောင်းမှုထဲမှာ စိတ်ရောက်ပြီးတော့ ကုသိုလ်ရေးမှာ အမေ့ကြီးမေ့နေတဲ့ ပမာဒပါဘဲ၊ ပမာဒတရားထဲမှာ အကြီးဆုံး ပမာဒလို့ ဆိုရမယ်။

## ကာမဂုဏ်နဲ့ အမေ့ကောင်းကြီး မေ့နေတယ်

နောက်ပြီးတော့ ပဥ္စသု ဝါ ကာမဂုဏေသု–ငါးပါးသော ကာမဂုဏ်အာရုံတို့၌ စိတ်ကိုလွှတ်ထားတာလဲ ပမာဒ–မေ့တဲ့သဘောဘဲတဲ့။ ကာမဂုဏ်ငါးပါးဆိုတာ လိုချင်နှစ်သက်ဖွယ် အာရုံငါးပါးပါဘဲ၊ ယောကျ်ား မိန်းမတွေ အပြန်အလှန် နှစ်သက်နေကြတဲ့ အာရုံတွေပါဘဲ၊ ယောကျ်ားများ၏ လိုချင်နှစ်သက်စရာအာရုံတွေက အများအားဖြင့် မိန်းမတို့၏သန္တာန်မှာ ရှိနေတယ်၊ မိန်းမများ၏ လိုချင်နှစ်သက်စရာအာရုံတွေက ယောကျ်ားတို့၏ သန္တာန်မှာ ရှိနေတယ်၊ အဆင်း အသံ အနံ့ အရသာ အတွေ့ဆိုတဲ့ ဒီအာရုံငါးပါးတွေပါဘဲ။ အဲဒီအထဲမှာ အရသာဆိုတာကတော့ ချက်ပြုတ်ပြုပြင်ပေးတဲ့ စားစရာအရသာလဲ ရှိတယ်၊ အဝတ်အိပ်ရာစသည်ကို သုံးစွဲရတဲ့အရသာလဲ ရှိတယ်၊ နောက်ပြီးတော့ အဲဒီအာရုံငါးပါး ပြည့်စုံ ရေးအတွက် ရွှေငွေအိမ်ယာ ယာဥ် အဝတ်အထည် စသော ပစ္စည်းတွေလဲ ကာမဂုဏ်အာရုံတွေဘဲ၊ အဲဒီ ကာမဂုဏ်အာရုံတွေထဲမှာ စိတ်ကို အလိုရှိတိုင်း ကြံဘို့ လွှတ်ထားယင်၊ ကာမဂုဏ် အာရုံတွေကို ကြံနေယင်၊ နှစ်သက် သာယာပြီး သုံးဆောင် နေယင် အဲဒါလဲ ပမာဒဘဲ၊ ဥပမာအားဖြင့် နွားများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း မရှိဘဲ နွားစားကျက်ထဲ လွှတ်ထားတာနဲ့ တူပါတယ်၊ အဲဒီလို စိတ်ကို ဘာဝနာဖြင့် မထိန်းသိမ်းဘဲ ကာမဂုဏ်အာရုံတွေထဲ လွှတ်ထားယင်၊ အဲဒီအာရုံတွေကို ကြံနေယင် အဲဒီအချိန်မှာ ကုသိုလ်အမှုတွေကို မေ့နေတာဘဲ၊ ဒါကြောင့် အဲဒါကို ပမာဒလို့ ခေါ်ရတာဘဲ။ အဲဒါက ပမာဒ အလတ်စားပေါ့၊ ခုတင်က ပြောခဲ့တဲ့ ဒုစရိုက် ပမာဒလောက်တော့ မကြီးတတ်ဘူး၊ ဒါကြောင့် ကာမဂုဏ်ဆီ စိတ်ရောက်နေတာကို အလတ်စား ပမာဒလို့ဘဲ မှတ်ရမယ်။ ဘာဝနာအလုပ်မရှိတဲ့သူတွေမှာ အဲဒီပမာဒနဲ့ဘဲ အချိန်ကုန်နေကြပါတယ်၊ အိပ်ရာကနိုးလာကတည်းက လိုချင်နှစ်သက်စရာ အာရုံတခုခုကို ကြံမိတော့တာဘဲ၊ နောက်လဲ အဆက်မပြတ် ကာမဂုဏ်အာရုံတွေကို တနေ့လုံး ကြံနေတာဘဲ၊ ရိုးတယ်လို့လဲ မရှိဘူး၊ အဲဒါတွေ ကြံနေရတဲ့အတွက် ပျင်းတယ်

လို့လဲ မရှိဘူး ပျော်နေတာဘဲ၊ အိပ်မောကျ သွားခိုက်လောက်ပဲ ကြံစည်မှု ရပ်နားတယ်၊ နိုးနေတဲ့အချိန်မှာတော့ ကာမဂုဏ်အာရုံတွေကို တနေ့လုံးလဲ ကြံနေတာဘဲ၊ တညလုံးလဲ ကြံနေတာဘဲ၊ တရက်လုံးလဲ ကြံနေတာဘဲ၊ တလလုံးလဲ ကြံနေတာဘဲ၊ တနှစ်လုံးလဲ ကြံနေတာဘဲ၊ တသက်လုံးလဲ ကြံနေ တာဘဲ၊ အဲဒီလို ကာမဂုဏ်အာရုံတွေဆီကို စိတ်ရောက်ပြီး ကြံနေတာဟာ ကိုယ့်ကိုယ်ထဲက တရားတွေကို သတိမရဘဲ မေ့နေတာဘဲ၊ ဒါကြောင့် စိတ်ကို မထိန်းသိမ်းဘဲ ကာမဂုဏ်အာရုံထဲ လွှတ်ထားတာကို "ကုသိုလ်ရေးမှာ မေ့နေတဲ့ ပမာဒ"လို့ ဆိုထားပါတယ်၊ မေ့နေတယ်ဆိုပေမဲ့ သူဟာက အမြင့်မှ လိမ့်ကျလို့ မေ့နေတာ, ရေနစ်လို့ မေ့နေတာ, ရောဂါနှိပ်စက်လို့ မေ့နေတာ အဲဒါမျိုးတော့ မဟုတ်ဘူး၊ သွားလာ စားသောက်ရင်း ပျော်ရွှင်ရင်း အမေ့ကောင်းကြီး မေ့နေ တာပါဘဲ။ ဒါကြောင့် အဲဒါကို အလွယ်တကူမှတ်ဖို့ ဆောင်ပုဒ် စီထားတယ်၊ "(က) ဒုစရိုက်သုံးပါး၊ ကာမငါး၊စိတ်သွားစေဘို့လွှတ်ထားလျှင်။ ( င) သွားလာ သောက်စား၊ ပျော်နေငြား၊ သူအား မေ့လျော့ ခေါ်သည်ပင်"တဲ့။ (က) အမှတ်နဲ့ (င) အမှတ်ကို ဆက်ပြီးယူရမယ်၊ အဲဒါကို ဆိုကြရမယ်။

(က) ဒုစရိုက်သုံးပါး၊ ကာမငါး၊ စိတ်သွားစေဘို့လွှတ်ထားလျှင်။

(င) သွားလာ သောက်စား၊ ပျော်နေငြား၊ သူအားမေ့လျော့<br>ခေါ်သည်ပင်။

အဲဒါဟာ ဝိဘင်းပါဠိတော်နှင့်အညီပါဘဲ၊ ဒုစရိုက်သုံးပါးထဲ စိတ်လွှတ်ထား ယင်၊ ဒုစရိုက်အမှုတွေကို ပြုလုပ်ပြောဆိုကြံစည်နေယင် အဲဒီလို ပုဂ္ဂိုလ်ဟာ မေ့နေသည် မည်တယ်၊ အဲဒါက အမေ့ကြီးမေ့နေတာပါဘဲ။ ကာမဂုဏ် အာရုံ ငါးပါးဆီကို စိတ်လွှတ်ထားယင်၊ ကာမဂုဏ်အာရုံတွေဆီကို စိတ်ရောက်နေယင် အဲဒီလိုပုဂ္ဂိုလ်လဲ မေ့နေသည်မည်တာဘဲ၊ အဲဒါက အလတ်စား မေ့လျော့မှု ပေါ့၊ သူက ဒုစရိုက်အမေ့လောက် မကြီးလှဘူး။ အဲဒီကနောက် သိမ်မွေ့တဲ့ အနုစားပမာဒကိုလဲ ဒီလို ဆက်ပြီးပြသွားပါတယ်။

## ကုသိုလ်ကို မပွါးစေယင်လဲ မေ့နေတာဘဲ

ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဘာဝနာယ ဝါ၊ ဖြစ်စေခြင်း-ပွါးစေခြင်းငှါမူလည်း။ အသက္ကစ္စကိရိယတာ၊ ရိုသေစွာမပြုခြင်း။ အသာကစ္စ-ကိရိယတာ၊ မပြတ်မပြုခြင်း။ အနဋ္ဌိတကိရိယတာ၊ မရပ်မနား မပြုခြင်းဆိုတာတွေလဲ ပမာဒခေါ်တဲ့ မေ့လျော့မှုပါဘဲတဲ့။

အဲဒီမှာ ကုသိုလ်တရားဆိုတာက အကျဉ်းချုပ်အားဖြင့် ဒါန သီလ ဘာဝနာပါဘဲ။ ဒါကြောင့် ဒါန သီလ ဘာဝနာအမှုတွေကို ရိုရိုသေသေမပြုယင် ပမာဒဘဲ၊ ထိုက်သည်အားလျော်စွာ အမြဲမပြုယင် ပမာဒဘဲ၊ ထိုက်သည်အားလျော်စွာဆိုတာက ဒါနဆိုယင် သူ့အချိန်အခါမှာ စွမ်းနိုင်သမျှ ပြုသွားဘို့ပါဘဲ၊ သီလကတော့ ငါးပါးသီလကို အမြဲတမ်း စောင့်ရှောက်သွားဘို့၊ ရှစ်ပါးသီလ စသည်ကိုတော့ စွမ်းနိုင်တဲ့အခါ ဆောက်တည် ကျင့်သုံးသွားဘို့ပါဘဲ။ ဘာဝနာကိုလဲ စွမ်းနိုင်တဲ့အခါ ပွါးများသွားဘို့ပါဘဲ၊ ဒါပေမဲ့ ဘာဝနာကတော့ ပွါးများ အားထုတ်နေတဲ့အခါမှာ ရိုသေ လေးစားရုံတွင် မဟုတ်ဘူး၊ မရပ်မနား မပြတ်မစဲ ရှုမှတ် အားထုတ်သွားရတယ်၊ ဒါကြောင့် ရှုမှတ်အားထုတ်နေပေမယ်လို့ ခပ်ပေါ့ပေါ့ အားထုတ်နေယင် မရိုမသေ ပြုနေသည် မည်တယ်၊ အဲဒီလို အချိန်မှာ မရှု မမှတ်မိဘဲ မေ့သွားတာတွေက အများကြီး ရှိနေတတ်တယ်၊ ဒါကြောင့် ရိုသေစွာမပြုလျှင် ပမာဒလို့ ဆိုပါတယ်၊ ဒါပေမဲ့ မရှုမိ မမှတ်မိဘဲ မေ့သွားတာကိုသာ ပမာဒလို့ ဆိုလိုပါတယ်၊ ရှုမှတ်မိသမျှကတော့ ပမာဒမဟုတ်ပါဘူး၊ အပ္ပမာဒပါဘဲ။ အဲဒီလို ရိုသေစွာ မပြုခြင်းနှင့်စပ်ပြီး ပမာဒ ဖြစ်ပုံကို "ကုသိုလ်တရား၊ ပွါးဘို့ကား၊ လေးစား ကောင်းစွာ မပြုလျှင်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုလဲ (င) အမှတ် ဆောင်ပုဒ်နဲ့ ဆက်စပ်ပြီး ဆိုကြရမယ်။

(ခ) ကုသိုလ်တရား၊ ပွါးဘို့ကား၊ လေးစား ကောင်းစွာ မပြုလျှင်။

(င) သွားလာသောက်စား၊ ပျော်နေပြား၊ သူအား မေ့လျော့ ခေါ်သည်ပင်။

ဘာဝနာအရာမှာ ကုသိုလ်တရားတွေဆိုတာက သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပ-ဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊

မဂ္ဂင် ၈-ပါးဆိုတဲ့ ဒီဗောဓိပက္ခိယတရားတွေပါဘဲ။ အဲဒီ ဗောဓိပက္ခိယတရား တွေဖြစ်အောင် ရိုရိုသေသေ လေးလေးစားစား ရှုမှတ်အားထုတ်နေဘို့ပါဘဲ၊ ယခု ဒီသာသနာ့ရိပ်သာမှာ ရှုမှတ်နေကြတာဟာ အဲဒီ ဗောဓိပက္ခိယတရားတွေ ကို ပွါးများနေကြတာပါဘဲ၊ သွားမှု ရပ်မှု ထိုင်မှု လျောင်းမှု ကွေးမှု ဆန့်မှု လှုပ်ရှားပြုပြင်မှု ဖောင်းမှု ပိန်မှု အစရှိတဲ့ ကိုယ်အမူအရာတွေကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီး ရှုမှတ်နေတာဟာ ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွါးနေ တာဘဲ၊ ညောင်းမှု ပူမှု နာကျင်မှုအစရှိတဲ့ ဝေဒနာတွေကို ရှုမှတ်နေတာဟာ ဝေဒနာနုပဿနာကို ပွါးနေတာဘဲ၊ စိတ်ကူးကြံစည်မှုတွေကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်မှတ်နေတာဟာ စိတ္တာနုပဿနာကို ပွါးနေတာဘဲ၊ မြင်မှု ကြားမှုစသော သဘောတရားတွေကို ရှုမှတ်နေတာဟာ ဓမ္မာနုပဿနာကို ပွါးနေတာဘဲ။ အဲဒီ လို ဖြစ်ပေါ်လာသမျှကို မလွတ်ရအောင် ရိုရိုသေသေ ရှုမှတ်ပြီး သိနေတာဟာ သတိပဋ္ဌာန် ၄-ပါးကို ပွါးစေဘို့ ရိုရိုသေသေ ပြုနေတာဘဲ၊ သတိပဋ္ဌာန် ၄-ပါး ဖြစ်ယင် သမ္မပ္ပဓာန် ၄-ပါးအစရှိတဲ့ ဒိပြင် ဗောဓိပက္ခိယတရားတွေလဲ ဖြစ်တော့ တာပါဘဲ။ ဒါကြောင့် ဖောင်းတာ ပိန်တာမှစပြီး ပေါ်လာသမျှကို ရိုရိုသေသေ ရှုမှတ်နေတာဟာ ကုသိုလ်တရားတွေကို ပွါးစေဘို့ ရိုသေစွာ ပြုနေသည်မည်ပါ တယ်။ အဲဒီလို ရိုရိုသေသေ မရှုတဲ့အခိုက်မှာတော့ မရှုမမှတ်မိဘဲ မေ့သွားတာ တွေ ရှိလိမ့်မယ်၊ အဲဒါဟာ မရိုသေလို့ ပမာဒ ဖြစ်တာဘဲ။

နောက်ပြီးတော့ မပြတ်အားမထုတ်ပဲ ရပ်နား ရပ်နားနေယင် အဲဒီရပ်နား နေတဲ့ အခိုက်မှာ မရှုမမှတ်မိတာတွေဟာ မေ့မှု ပမာဒတွေချည်းဘဲ၊ တနေ့လုံး မှ တနာရီ နှစ်နာရီလောက်သာ ရှုမှတ်တယ်ဆိုယင် ကျန်တဲ့ ၂၂-နာရီ ၂၃-နာရီ အတွင်းမှာ မေ့မှု ပမာဒတွေချည်းဘဲ၊ အဲဒီလိုဆိုယင် သမာဓိခါးပြတ်နေတာနဲ့ ဝိပဿနာဉာဏ် ထက်ထက်သန်သန် ပြည့်ပြည့်စုံစုံ ဖြစ်ဖို့ရာ ခဲယဉ်းပါလိမ့်မယ်။

နောက်ပြီးတော့ ဩလီနဝုတ္တိတာ၊ တွန့်ဆုတ်သောဖြစ်မှုရှိခြင်း – တွန့်ဆုတ် လျော့လျည်းခြင်းတဲ့။ လုံ့လဝီရိယ တွန့်ဆုတ်လျော့လျည်းနေတဲ့အခါလဲ မမှတ်မိ ဘဲ မေ့သွားတာတွေ များနေတတ်တယ်၊ အဲဒါဟာ မေ့မှု-ပမာဒတွေဘဲ။ နိက္ခိတ္တ- ဆန္ဒတာ၊ ချထားအပ်သောအလိုဆန္ဒရှိခြင်း-လိုလားမှုဆန္ဒကို လျှော့ချလိုက်ခြင်း တဲ့။ လိုလားတဲ့စိတ်ဆန္ဒကို လျှော့လိုက်ယင် အားထုတ်မှုလဲလျော့သွားတော့

တာဘဲ၊ အဲဒီလို ဆန္ဒဝိရိယတွေ လျော့နေတဲ့အခါလဲ မမှတ်မိတာတွေက များတတ်တယ်၊ အဲဒါတွေလဲ မေ့မှု-ပမာဒတွေဘဲ။ နိက္ခိတ္တဓုရတာ၊ ချထားအပ်သောဝန်ရှိခြင်း-အားထုတ်မှုဝန်ကို ချထားခြင်းတဲ့၊ အားထုတ်နေဆဲမှာ တရားမတက်နိုင်လို့ဖြစ်စေ၊ မကျန်းမမာလို့ဖြစ်စေ၊ တခြားအကြောင်းရှိလို့ဖြစ်စေ အားမထုတ်တော့ပါဘူးလို့ လက်လျော့လိုက်ယင် ရှုမှတ်မှုတွေ ဘာမှ မဖြစ်တော့ဘူး၊ မမှတ်မိတဲ့ မေ့မှု-ပမာဒချည်းရှိနေတော့တာဘဲ၊ အဲဒီပမာဒကတော့ အလွန်ဘဲထင်ရှားနေပါပြီ။ တချို့ကတော့ တရားအားထုတ်ဖို့ရာ စိတ်တောင်မကူးမိဘူး၊ တချို့ကလဲ သူတပါးတွေတောင် အားမထုတ်ဖို့ လိုက်ပြီးပိတ်ပင်နေသေးတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေမှာတော့ တဘဝလုံး ပမာဒတွေချည်း ပါဘဲ။ အဲဒါကတော့ အမေ့ကလေးတောင် မဟုတ်ပါဘူး၊ အမေ့ကြီးလို့ ဆိုရမှာဘဲ၊ အဲဒီမှာ အားမထုတ်ဖို့ဝန်ချတာက ကိုယ့်အတွက်တွင်မဟုတ်ပဲ သူများအတွက်ပါ ဝန်ချတာဟာ အဆိုးဆုံးပါဘဲ၊ တချို့က လူဝတ်နဲ့တောင်မဟုတ်ဘူး၊ သင်္ကန်းဝတ်ကြီးနဲ့ ဝန်ချထားတယ်၊ သင်္ကန်းဝတ်တယ်ဆိုတာ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သံသရာဝတ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှါဆိုပြီး ဝတ်လာတာဘဲ၊ စင်စစ်ကတော့ ရဟန်းတရားအားထုတ်ဖို့ ဝတ်လာတာဘဲ၊ ဒါပေမဲ့ ကိုယ်တိုင်က အားမထုတ်တဲ့ပြင် အားထုတ်ချင်တဲ့လူတွေကိုတောင် အားမထုတ်အောင် လိုက်ပြီးပိတ်ပင်နေတယ်၊ အကြီးဆုံးဝန်ချမှု အကြီးဆုံးမေ့လျော့မှုလို့ ဆိုရမှာဘဲ။ အဲဒီနိက္ခိတ္တဓုရတာအထိ ဆောင်ပုဒ်တခု စီထားတယ်၊ "မပြတ်မပွါး၊ စိတ်လျော့ငြား၊ လိုလားခုရ ချထားလျှင်"တဲ့။ အဲဒါကိုလဲ (င) အမှတ်ဆောင်ပုဒ် "သွားလာသောက်စား၊ ပျော်နေငြား၊ သူ့အားမေ့လျော့ခေါ် သည်ပင်" ဆိုတာနဲ့ စပ်ပြီး အနက်ယူရမယ်။ ကဲ (ခ) အမှတ် ဆောင်ပုဒ်ပါပေါင်းပြီး ဆိုကြရမယ်။

(ခ) ကုသိုလ်တရား၊ ပွါးဘို့ကား၊ လေးစား ကောင်းစွာ မပြုလျှင်။

(ဂ) မပြတ်မပွါး၊ စိတ်လျော့ငြား၊ လိုလားခုရ ချထားလျှင်။

(င) သွားလာ သောက်စား၊ ပျော်နေငြား၊ သူ့အား မေ့လျော့ ခေါ် သည်ပင်။

ကုသိုလ်တရားကိုပွါးဘို့ ရိုသေ လေးစားခြင်းမရှိဘူး၊ အမြဲတမ်း မပြတ်မပွါးဘူး၊စိတ်လျော့တယ်၊ လိုလားမှုကို ချထားတယ်၊ အားမထုတ်တော့ဘူးလို့ ဝန်ချ

ထားတယ်ဆိုယင် မေ့မှုပမာဒဘဲတဲ့၊ ဒါလောက်ဆိုယင် ထင်ရှားလှပါပြီ၊ ဒါပေမဲ့ ပါဠိစကားပရိယာယ်တွေက အလွန်ကြွယ်ဝတယ်၊ အနာသေဝနာ အဘာဝနာ အဗဟုလီကမ္မံ အနဓိဋ္ဌာနံ အနနုယောဂေါ-ဆိုတဲ့ ပရိယာယ်စကားတွေဖြင့် ထပ်ပြီးဖွင့်ပြထားပြန်တယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ ဒေသနာတရားတော်ကို (ဝနပ္ပဂုမ္ဗေ ယထဖုဿိတဂ္ဂေ၊ ဂိမှာနမာသေ ပဌမသ္မိံ ဂိမှေ စသည်ဖြင့်) "နွေဦးပေါ်စ တပေါင်း တန်ခူးလရာသီမှာ အညွန့်အဖူးတွေ ဝေဝေဆာဆာနဲ့ တင့်တယ်တဲ့တောအုပ်နှင့် တူတယ်" လို့ ချီးကျူးထားပေတာဘဲ။ ဒါကြောင့် အဲဒီပရိယာယ်ပုဒ်တွေလဲ ဆက်ပြောရဦးမယ်။

အနာသေဝနာ-ကုသိုလ်တရားတွေကို မမှီဝဲယင်လဲ မေ့တာဘဲတဲ့။ အဘာဝနာ-ကုသိုလ်တရားတွေကို မဖြစ်စေယင်, မပွါးစေယင်လဲ မေ့တာဘဲတဲ့။ အဗဟုလီကမ္မံ-ကုသိုလ်တရားတွေကို အကြိမ်များစွာ မပြုယင်လဲ မေ့တာဘဲတဲ့။ အကြိမ်များစွာမပြုဆိုတာ မပွါးများဆိုတာနဲ့ သဘောတူပါတယ်၊ ဒါကြောင့် အဲဒီ ၃-ပုဒ်ကို "မမှီဝဲငြား၊ မပွါးများ" လို့ စီထားတယ်။ နောက်ပြီးတော့ အနဓိဋ္ဌာနံ-ကုသိုလ်တရားပွါးဘို့ မဆောက်တည်ခြင်း ဆိုတာကိုလဲ အနနုယောဂေါ-အားမထုတ်ခြင်း ဆိုတာထဲမှာ ထည့်ပြီးစီထားပါတယ်၊ ပမာဒေါ-မေ့ခြင်း ဆိုတာကတော့ သူ့ပုဒ်ရင်းနဲ့ နိဂုံးအုပ်ထားတာပါဘဲ၊ ဒါကြောင့် အဲဒီ ၃-ပုဒ် အတွက်ကတော့ "အားပါးမထုတ်နေခဲ့လျှင်" လို့ ဒါလောက်ဘဲ စီထားပါတယ်၊ အဲဒါတွေကို ပေါင်းလိုက်ယင် "မမှီဝဲငြား၊ မပွါးများ၊ အားပါး မထုတ်နေခဲ့လျှင်"လို့ ဖြစ်တယ်၊ အဲဒါကိုလဲ (င) အမှတ် ဆောင်ပုဒ်နဲ့ စပ်ပြီးယူရမယ်။ ကဲ အဲဒါကို ဆိုကြရမယ်။

(ဃ) မမှီဝဲငြား၊ မပွါးများ၊ အားပါးမထုတ်နေခဲ့လျှင်။

(င) သွားလာသောက်စား၊ ပျော်နေငြား၊ သူ့အားမေ့လျော့ခေါ်သည်ပင်။

အဲဒါတွေဟာ ပမာဒဆိုတဲ့ မေ့လျော့ပုံတွေပါဘဲ၊ စုံသွားပါပြီ။ အဲဒီက နောက် နိဂုံးပါဠိရဲ့ အနက်ကတော့-ဝေရှုပေါ၊ ကာယဒုစရိုက်စသည်၌ စိတ်ကို လွှတ်ထားခြင်း စသည်ဖြင့် ပြဆိုခဲ့အပ်သောသဘောရှိသော။ ယော ပမာဒေါ၊ အကြင် မေ့ခြင်းသည်။ ပမဇ္ဇနာ၊ မေ့သော အခြင်းအရာသည်။ ပမဇ္ဇိတတ္တံ၊ မေ့

သည်၏ အဖြစ်သည်။ ဝါ-မေ့သူဟု ဆိုရကြောင်း သဘောသည်။ အတ္တိ၊ ရှိ၏။ အယံ၊ ဤသဘောကို။ ပမာဒေါ၊ မေ့လျော့ခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရ ပြောဆိုရပါတယ်-တဲ့။

အဲဒီ မေ့လျော့မှု ပမာဒမှ ပြောင်းပြန် ပြန်လိုက်ယင် အပ္ပမာဒ-မမေ့လျော့မှုဘဲ။ ဒါကြောင့် ကာယဒုစရိုက် ဝစီဒုစရိုက်တွေကို ကြဉ်ရှောင်ပြီး သီလနှင့် ပြည့်စုံနေယင် အပ္ပမာဒဘဲ၊ သမထဝိပဿနာကို အားထုတ်သောအားဖြင့် မနောဒုစရိုက်ကိုလဲ ဖြစ်ခွင့်မပေးယင် အပ္ပမာဒဘဲ၊ ကာမဂုဏ်အာရုံဆီ စိတ်မသွားရအောင် ဘာဝနာအလုပ်ကို အားထုတ်နေယင်၊ ကာမအာရုံဆီသွားတဲ့ စိတ်ကို ရှုမှတ်ပြီးပယ်နေယင် အပ္ပမာဒဘဲ။ ပေးလှူနေယင် အပ္ပမဒဘဲ၊ ဒါန အစရှိတဲ့ ကုသိုလ်တခုခုကို ပြုဘို့ကြံနေလျှင် ပြုနေလျှင် အပ္ပမာဒဘဲ။ အထူးအားဖြင့်တော့ ဒွါရ ၆-ပါးက ပေါ်လာသမျှကို မှတ်သိနေလျှင် အကောင်းဆုံး အပ္ပမာဒဘဲ။

ဒါကြောင့် ယခု ဒီသာသနာ့ရိပ်သာမှာ မပြတ်မစဲ ရှုမှတ်နေတဲ့ ယောဂီတွေနဲ့တော့ ဒီအပ္ပမာဒတရားက အံကျကိုက်ညီနေတာဘဲ၊ ယောဂီတွေမှာ သီလဆောက်တည်လိုက်ကတည်းကိုက ကာယဒုစရိုက် ဝစီဒုစရိုက်တွေက ကင်းနေတယ်၊ မပြတ်ရှုမှတ်နေတဲ့အတွက် မနောဒုစရိုက်ဆိုတာလဲ မဖြစ်နိုင်ဘူး ကင်းနေတာဘဲ၊ ကာမဂုဏ်အာရုံတွေဆီကိုလဲ စိတ်က သွားခွင့်မရဘူး၊ တရံတခါ ထွက်သွားယင်လဲ ချက်ခြင်းဘဲ ရှုမှတ်ပြီးပယ်လိုက်တယ်၊ ပေါ်လာသမျှအာရုံတွေကိုလဲ မပြတ်ရှုမှတ်နေတဲ့အတွက် အဲဒီအာရုံတွေနဲ့ စပ်ပြီးတော့လဲ ပြန်လည်စဉ်းစားတဲ့ ကာမဂုဏ်စိတ် မဖြစ်နိုင်ဘူး၊ ဒါကြောင့် အပ္ပမာဒ ဆိုတဲ့ အမှတ်ရမှု-မမေ့မှု သတိသမ္ဘောဇ္ဈင်တရားတွေ မပြတ်ပွါးနေတာဘဲ၊ ရိုရိုသေသေရှုမှတ်နေတဲ့အတွက်လဲ ပွါးနေတယ်၊ မပြတ်ရှုနေတဲ့အတွက်, စိတ်မလျော့ဘဲ ထက်သန်တဲ့အတွက်, လိုလားမှုနှင့် လုပ်ငန်းဝန်ကို မချဘဲအားထုတ်နေတဲ့အတွက်, မပြတ်မှိဝဲ ပွါးများအားထုတ်နေတဲ့အတွက်လဲ မမေ့မှု-အပ္ပမာဒတရားဟာ ပွါးများနေတာဘဲ။ ဒါကြောင့် အင်မတန်ကောင်းတဲ့အလုပ် အကောင်းဆုံးအလုပ်ကို အားထုတ်နေကြရတာဘဲ၊ ဒီထက်ကောင်းတဲ့လုပ်ငန်းဆိုတာ ဘယ်မှာမှ မရှိဘူး၊ ယခုလို အားထုတ်နေကြရတာဟာ အင်မတန်ကို ဝမ်းသာစရာကောင်းပါတယ်။

## အပ္ပမာဒလုပ်ငန်း

ဒီလို မပြတ်ရှုမှတ်ရတဲ့ အပ္ပမာဒလုပ်ငန်းဖြင့် အပြီးအဆုံးရောက်အောင် အားထုတ်ဖို့ရာ မြတ်စွာဘုရားက နေ့စဉ်နေ့တိုင်း "**အပ္ပမာဒေန သမ္ပာဒေထ**" လို့ ဩဝါဒပေးလေ့ရှိပါတယ်၊ ပရိနိဗ္ဗာန်စံတော်မူခါနီးဆဲဆဲမှာလဲ နောက်ဆုံးဩဝါဒ အနေနဲ့ မိန့်တော်မူခဲ့ပါတယ်။ အပ္ပမာဒေန-မမေ့တဲ့သတိတရားဖြင့်၊ သမ္ပာ-ဒေထ-ပြီးစီးပြည့်စုံအောင်အားထုတ်ကြတဲ့။ အဲဒီမှာ ပြီးစီးပြည့်စုံအောင်အားထုတ်ကြရမယ် ဆိုတာက လိုရင်းပါဘဲ၊ ဘာပြီးစီးရ ပြည့်စုံရမှာလဲ ဆိုတော့ အရဟတ္တဖိုလ်တိုင်အောင် ရဟန်းကိစ္စ ပြီးစီးပြည့်စုံဘို့ပါဘဲ၊ "ကရဏီယံ၊ ပြုဘွယ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ-ပြုပြီးပြီ" လို့ ဆင်ခြင်တဲ့ ရဟန္တာ၏ ပစ္စဝေက္ခဏာထဲက "ပြုပြီးပြီ"လို့ ဆိုတာမျိုးပါဘဲ။ အဲဒီမှာ အရဟတ္တဖိုလ်အထိ ကိစ္စပြီးအောင် ပြုဘို့အလုပ်ဟာ လွယ်ကူတာ မဟုတ်ဘူး၊ ပြီးအောင်ပြုလုပ်ဖို့ အကူအညီ **ကရိဏ်း**ဆိုတာ လိုပါတယ်၊ ဥပမာအားဖြင့် သစ်ပင်ကို ဖြတ်ရမယ်ဆိုယင် ဖြတ်ဖို့ရာ လွှ ဓား စသည် အကူအညီ ရှိရတယ်၊ လူက လွှဖြင့် သစ်ပင်ကို ဖြတ်၏၊ ဓားဖြင့် ဖြတ်၏-လို့ ဆိုရာမှာ လူက လွှတို့ ဓားတို့ အကူအညီမရှိယင် သစ်ပင်ကို မဖြတ်နိုင်ဘူး၊ လွှ ဓားဆိုတဲ့ အကူအညီဖြင့်သာ ဖြတ်နိုင်တယ်၊ အဲဒီမှာ လူက သစ်ပင်ကို ဖြတ်တတ်တဲ့ ကတ္တားဘဲ၊ ဖြတ်ခြင်းကြိယာကို ပြုသူလို့ ဆိုလိုပါတယ်၊ လွှတို့ ဓားတို့ကတော့ ဖြတ်မှုကို ပြုရမှာ ပြီးစေဘို့ အကူအညီ **ကရိဏ်း**ဘဲ၊ ဖြတ်မှုကို ပြုနိုင်ကြောင်း လက်နက်ကိရိယာလို့ ဆိုလိုပါတယ်။ အဲဒါလိုဘဲ ဒီမှာလဲ အရဟတ္တဖိုလ်အထိ ကိစ္စပြီးအောင် ပြုလုပ်ဖို့ရာ အကူအညီကရိဏ်း လိုနေပါတယ်၊ ဘယ်လိုအကူအညီ ကရိဏ်းလက်နက်ဖြင့် ပြီးအောင်လုပ်ရပါမည်လဲလို့ မေးစရာ ရှိနေပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက ကိစ္စပြီးအောင် အားထုတ်ဖို့ရာ အကောင်းဆုံးလက်နက်ကိရိယာဖြစ်တဲ့ ကရိဏ်းကို "အပ္ပမာဒေန-မမေ့မှု သတိတရားဖြင့်"လို့ ညွှန်ပြတော်မူခဲ့ပါတယ်၊ မမေ့မှု သတိတရားဖြင့် သီလ သမာဓိ ပညာ အကျင့်ဆိုတဲ့ အလုပ်ကိစ္စကို အရဟတ္တဖိုလ်အထိ ပြီးစီး ပြည့်စုံအောင် အားထုတ်သွားရမယ်လို့ ဆိုလိုပါတယ်။

## အပ္ပမာဒေန သမ္ပာဒေထ-၏ အနက်မှန်

ပဋိပတ်ကျင့်ပုံကျင့်နည်း ဟောတဲ့နေရာမှာ ကတ္တားကရိုက်ဆိုတဲ့ သဒ္ဒါနည်းတွေကို ဘာကြောင့် ထည့်သွင်းပြီး ပြောနေရပါသလဲလို့ ဆိုတော့–ဒီပုဒ်ကို အနက်အဓိပ္ပါယ် ပြန်ရာမှာ အဋ္ဌကထာအဖွင့်နှင့် မညီဘဲ လွဲနေတာကို တော်တော်များများကြားရဘူးတဲ့အတွက် အနက်မှန်ကို ပေါ်စေချင်လို့ပါဘဲ။ လွဲနေကြပုံကတော့ "အပ္ပမာဒေန၊ မမေ့မှုသတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော့" လို့ ဒီလိုအနက်ပေးကြပါတယ်၊ သတိနှင့် ပြည့်စုံကြ–လို့ဆိုတော့ သတိရှိကြရမယ်၊ သတိထားကြရမယ်–လို့ ဒီလိုအဓိပ္ပါယ်ရပါတယ်၊ အဲဒီအဓိပ္ပါယ်လဲ ကောင်းသင့်သလောက်တော့ ကောင်းပါတယ်၊ ဒါပေမဲ့ လုပ်ငန်းစဉ်က သိပ်မပေါ်ဘဲရှိနေပါတယ်။ အဋ္ဌကထာမှာတော့ "သတိအဝိပ္ပဝါသေန သဗ္ဗကိစ္စာနိ သမ္ပာဒေယျာထ" လို့ ဖွင့်ပြထားပါတယ်။ အဲဒီအဖွင့်ထဲမှာ သဗ္ဗကိစ္စာနိ–အလုံးစုံသောကိစ္စတို့ကို–ဆိုတဲ့ ကံပုဒ်ပါတယ်၊ အဲဒီကံပုဒ်ပါတဲ့အတွက် သမ္ပာဒေထနှင့် သမ္ပာဒေယျာထ ဆိုတဲ့ ကြိယာပုဒ်တို့မှာ ပြည့်စုံကြစေ–ဆိုတဲ့ ကံမဲ့အနက် မဖြစ်သင့်ဘူး၊ ပြည့်စုံစေကြ–ပြီးစီးစေကြ ဆိုတဲ့ ကံရှိအနက်သာ ဖြစ်သင့်တယ်၊ ကံရှိတဲ့ကြိယာမှာ နှင့်–ဆိုတဲ့ သဟာဒိယောဂအနက်နှင့် မယှဉ်နိုင်ဘူး၊ ဖြင့်–ဆိုတဲ့ ကရိုဏ်းအနက်နှင့်သာ ယှဉ်နိုင်တယ်။ ဒါကြောင့် အဲဒီအဋ္ဌကထာပါဌ်ကို "သတိအဝိပ္ပဝါသေန၊ သတိမကင်းခြင်းဖြင့်၊ ဝါ–မကင်းသောသတိ–မမေ့သောသတိဖြင့်။ သဗ္ဗကိစ္စာနိ၊ သီလအကျင့်စသော အလုံးစုံသောကိစ္စတို့ကို။ သမ္ပာ-ဒေယျာထ၊ ပြည့်စုံစေကြ–ပြီးစီးစေကြကုန်လော့" လို့ အနက်ပြန်ရတယ်။ အဲဒီအဖွင့်နှင့်အညီ "အပ္ပမာဒေန သမ္ပာဒေထ"ဆိုတဲ့ ဒီဘုရားမိန့်ခွန်းတော်ပါဠိကိုလဲ "အပ္ပမာဒေန၊ မမေ့မှုဖြင့်၊ ဝါ-မမေ့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကြ-ပြီးစီးစေကြကုန်လော့" လို့ ကရိုဏ်းအနက်သာ ပြန်ရတယ်၊ ဒီကရိုဏ်းအနက်ကတော့ သီလအကျင့်ကိစ္စ သမာဓိအကျင့်ကိစ္စ ပညာအကျင့်ကိစ္စ ဆိုတဲ့ ရဟန်းကိစ္စဟူသမျှကို မမေ့တဲ့သတိဖြင့် ပြီးစီးပြည့်စုံအောင် အားထုတ်သွားရမယ် ဆိုတဲ့အနက်ကို ပေါ်လွင်စေပါတယ်။ သီလပေးပြီးတဲ့ အဆုံးမှာ အပ္ပမာဒေန သမ္ပာဒေထ-လို့ ဩဝါဒပေးရာမှာလဲ ဒီအနက်ကိုဘဲယူရမယ်၊ မမေ့တဲ့သတိဖြင့် ပြီးစီးပြည့်စုံအောင် အားထုတ်ဖို့ညွှန်ကြားတာပါဘဲ။

# နောက်ဆုံးဩဝါဒတော်

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီး နောက်ဆုံး မိန့်မှာတော်မူခဲ့ရာ မှာတော့ ဝယဓမ္မာ သင်္ခါရာဆိုတဲ့ အကြောင်းပြစကားလဲ ပါပါသေးတယ်၊ သင်္ခါရသဘောတရားတွေဟာ ပျက်စီးခြင်းသဘော ရှိတာချည်းဘဲ၊ ဘာမှ အားမကိုးလောက်ဘူး၊ ဒီရုပ် ဒီနာမ်၊ ဒီကိုယ် ဒီစိတ်နဲ့ မြဲနေလိမ့်မယ်လို့ စိတ်ချ အားကိုးမနေကြနဲ့၊ ခဏမစဲလဲ ပျက်နေတာဘဲ၊ တနေ့တချိန်ကျယင် အကုန်လုံး လဲ ပျက်စီးသွားမှာဘဲ၊ ဒါကြောင့် ပြုသင့်တဲ့ သီလ သမာဓိ ပညာ အကျင့် ကိစ္စ ဟူသမျှကို ပြီးစီးပြည့်စုံအောင် အားထုတ်ရစ်ကြပေတော့လို့ ဆိုလိုပါတယ်။ သင်္ခါရတွေ ပျက်စီးတတ်ပုံကို လောကဥပမာဖြင့် ပြောပြရလျှင် အိမ်ကြီးတခု ဆောက်လိုက်တယ်ဆိုပါတော့၊ အဲဒါဟာ ဆောက်ပြီးခါစ သစ်သစ်လွင်လွင်မှာ အင်မတန် ကောင်းပါတယ်၊ ခိုင်ခံ့ပါတယ်၊ ဒါပေမဲ့ နောင်တချိန်ကျတော့ အဲဒီ အိမ်ကြီးဟာ လုံးဝပျက်စီးသွားရမှာဘဲ၊အစအနတောင် ရှာလို့မရအောင် ပျောက် ကွယ်သွားရမှာဘဲ၊ အဲဒီလို လုံးလုံးလျားလျား မပျက်သေးခင်လဲ တဖြည်းဖြည်း ချင်း ဆွေးမြည့်ရင့်ယော်ပြီး နဲနဲ နဲနဲချင်းတော့ မသိမသာ ပျက်လိုက်နေတာဘဲ၊ အနှစ်တရာခံမည့်အိမ်ဆိုလျှင် တနှစ်ကြာတဲ့အခါ ရာခိုင်နှုန်းတစ်တော့ပျက်သွား တာဘဲ၊ တနှစ်တနှစ် အတွင်းမှာလဲ ၃၆၅-ရက် ရှိတဲ့အနက်က တရက် တရက်မှာ ၃၆၅-ပုံ တပုံကျ နေ့စဉ်ပျက်လိုက်နေတာဘဲ၊ တရက်အတွင်းမှာလဲ ၂၄-နာရီရှိတဲ့ အနက်က တနာရီ တနာရီမှာ ၂၄-ပုံ တပုံကျ ပျက်လိုက်နေတာဘဲ၊ တနာရီအတွင်း မှာလဲ တမိနစ် တမိနစ်မှာ ၆၀-ပုံ တပုံကျ ပျက်လိုက်နေတာဘဲ၊ တမိနစ်အတွင်း မှာလဲ တစက္ကန့် တစက္ကန့်မှာ ၆၀-ပုံ တပုံကျ ပျက်လိုက်နေတာဘဲ။ လောကဝေါဟာရ မှာတော့ အဲဒါထက် အသေးစိတ် ပြောစရာမရှိတော့ဘူး၊ ကျမ်းဂန် ဝေါဟာရနဲ့ ဆိုယင်တော့ တစက္ကန့်အတွင်းမှာ စိတ်ခဏပေါင်း များစွာရှိတယ်၊ အဲဒီစိတ်၏ ခဏတိုင်း ခဏတိုင်းလဲ တပုံ တပုံကျ ပျက်လိုက်နေတာဘဲ။ နောက်ဆုံး အနှစ် တရာပြည့်တဲ့အခါကျတော့ အဲဒီအနှစ်တရာခံ အိမ်ကြီးဟာ လုံးဝပျက်စီးသွားရ တယ်။ အဲဒါလိုပါဘဲ ယခု လူတွေရဲ့ကိုယ်ခန္ဓာဟာလဲ ၁၆-နှစ် အနှစ် ၂၀-အရွယ်က တော့ အလွန် တင့်တယ် ခိုင်ခံ့နေသလိုဘဲ ထင်ရပါတယ်၊ ဒါကြောင့် ငါ့လက် ငါ့ခြေ ငါ့ကိုယ် ငါ့ရုပ် ငါ့စိတ် စသည်ဖြင့် စွဲလမ်းပြီး အားကိုးနေကြတယ်၊

ငါ ကျုန်းမာတယ် သန့်စွမ်းတယ် ငယ်သေးတယ် စသည်ဖြင့် ရုပ်ကိုယ်ကို အားကိုး နေကြတယ်၊ စိတ်နာမ်တရားတွေကိုလဲ ငါ သိတတ်တယ် နားလည်တယ် ကျွမ်းကျင် တယ်စသည်ဖြင့် အားကိုးနေကြတယ်၊ ပျက်စီးခြင်း မရှိဘဲ တကြွံတည်းတည်နေ တယ်လို့ ထင်နေကြတယ်၊ သို့ပေမဲ့ ကိုယ်တွင်းသန္တာန်ရှိ ရုပ်နာမ်တွေကတော့ မျက်စိတမှိတ်ခန့်တောင် တည်မြဲနေတာရယ်လို့ မရှိဘူး၊ ခဏမစဲ ပျက်လိုက်နေကြ တာဘဲ၊ လူတွေက အိပ်ပျော်နေတဲ့အခါလဲ ရုပ်နာမ်တွေကတော့ အသစ် အဟောင်း ပြောင်းလဲပြီးပျက်နေကြတာဘဲ၊ ရေစီးကြောင်းထဲက ရေတွေ ခဏ မစဲ အသစ်အဟောင်း ပြောင်းလဲနေသလိုပါဘဲ၊ နိုးနေတဲ့အခါလဲ သွားလာ နေစဉ်ရော လုပ်ကိုင်နေစဉ်ရော စားသောက်နေစဉ်ရော ပျော်ရွှင်နေစဉ်ရော ရုပ်နာမ်သင်္ခါရတွေက ခဏမစဲ ပျက်လိုက်နေတာဘဲ၊ အဲဒါကို သတိပဋ္ဌာန်နည်း အရ ရှုမှတ်နေကြတဲ့ ယောဂီတွေက ကိုယ်တိုင်ဉာဏ်ဖြင့်ဘဲ တွေ့နေကြပါတယ်။ ဖြစ်ခိုက်ရုပ်နာမ်ကို မရှုလို့ မသိကြတာဘဲ၊ မပြတ် ရှုမှတ်နေယင် ကိုယ်တွေ့ အားဖြင့်ဘဲ သိနိုင်ပါတယ်၊ လက်လှမ်းမမှီတဲ့တရားတွေ မဟုတ်ပါဘူး။ တချို့က ယခုခေတ်မှာ မသိနိုင်တော့ဘူးလို့ ထင်နေကြတယ်၊ အဲဒါက ကိုယ်တိုင် ထိထိ ရောက်ရောက် ရှုမှတ်မကြည့်လို့ အထင်မှားနေတာဘဲ၊ အဲဒီလိုခဏမစဲ ပျက်လိုက် နေရာက အနှစ်တရာ အသက်ရှည်မည့်ပုဂ္ဂိုလ်ဆိုယင် အနှစ်တရာ ပြည့်တဲ့အခါမှာ လုံးဝ ပျက်စီးသွားကြတော့တာဘဲ၊ လူသေကောင်ကြီးဘဝကို ရောက်ရတယ်။ ဒါကြောင့် ဘာမှ အားကိုးစရာမရှိဘူး၊ အဲဒီ သင်္ခါရတွေ မပျက်စီးသေးခင် အားကိုးရာအစစ်ဖြစ်တဲ့ သီလ သမာဓိ ပညာအကျင့်ကိစ္စတွေကို ပြီးစီး ပြည့်စုံ အောင် အားထုတ်ရစ်ကြပေတော့လို့ မြတ်စွာဘုရားက မှာတော်မူပြီး ပရိနိဗ္ဗာန် စံတော်မူသွားခဲ့ပါတယ်။

ယခု တို့ယောဂီတွေ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကွေးဆန့် လှုပ်ရှားပြုပြင်တိုင်း ဖောင်းတိုင်း ပိန်တိုင်း စိတ်ကူးကြံသိတိုင်း အကောင်း အဆိုး ခံစားမှုဝေဒနာ ဖြစ်ပေါ်လာတိုင်း မမေ့တဲ့ အပ္ပမာဒသတိ တရားဖြင့် ရှုမှတ်ပြီး သိသိနေကြတာဟာ "အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့ အဲဒီဘုရား မိန့်ခွန်းတော်နှင့်လဲ အညီပါဘဲ၊ အင်မတန် ဝမ်းသာစရာ ကောင်း ပါတယ်။ အဲဒီလို ရှုမှတ်လို့ သမာဓိအားရှိလာတဲ့အခါမှာ မှတ်သိရတဲ့ရုပ်နဲ့

မှတ်သိတဲ့နာမ် ဒီ၂-ခုထဲ ရှိတာဘဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်သဘောကျတယ်၊ အဲဒါက နာမရူပပရိစ္ဆေဒဉာဏ်ဘဲ။ အဲဒါထက် သမာဓိဉာဏ်အားရှိလာတဲ့ အခါမှာ အကြောင်းရုပ်နာမ်နဲ့ အကျိုးရုပ်နာမ်မျှ ရှိတာဘဲလို့လဲ သိမြင်သဘောကျတယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ။ အဲဒါထက် အားရှိလာတဲ့အခါမှာ မှတ်နေရင်း ပေါ်လာပြီးတော့ ပျောက်ပျောက်သွားတာကို တွေ့ရတဲ့အတွက် မမြဲတာတွေဘဲ၊ ဆင်းရဲတွေဘဲ၊ အသက်ရှင်နေတဲ့ အကောင်မဟုတ်တဲ့ သဘောတရားမျှ တွေဘဲ လို့လဲ သဘောကျကျပြီး သုံးသပ်ဆင်ခြင်တယ်၊ သမ္မသနဉာဏ်ဘဲ။ အဲဒီကနောက် မှတ်တိုင်းမှတ်တိုင်းဖြစ်ဖြစ်ပြီး တခဏချင်းပျောက်ပျောက်သွားတာကို သိမြင်တဲ့ ဥဒယဗ္ဗယဉာဏ် ဖြစ်လာတယ်၊ အဲဒီအခါမှာတော့ အရောင်အလင်း ပီတိ သုခ အထူးတွေကိုလဲ တွေ့ရတဲ့အတွက် တရားပြည့်စုံပြီလို့ ထင်တတ်တယ်၊ အဲဒါလဲ မပြည့်စုံသေးဘူး။ အဲဒီကနောက် မှတ်သိရတဲ့အာရုံရော မှတ်သိမှုရော ပျောက် ပျောက်သွားတာကိုချည်း တွေ့ရတယ်၊ ဘင်ဉာဏ်ဘဲ။ အတိုချုပ်ပြောကြစို့၊ အဲဒီက နောက် မပြတ်ရှုမှတ်နေယင် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာ ဉာဏ် ပဋိသင်္ခါဉာဏ် ဆိုတာတွေ ဖြစ်ပြီးတဲ့နောက် သင်္ခါရုပေက္ခာဉာဏ် ဆိုတာ ဖြစ်ပေါ်လာတယ်၊ အဲဒီဉာဏ်ကတော့ အလွန်သိမ်မွေ့ နူးညံ့ပြီး အင်မတန်ဘဲ ကောင်းပါတယ်၊ ဒါလဲ မပြည့်စုံသေးဘူး၊ အဲဒီဉာဏ်ရင့်သန်တဲ့အခါမှာ အနု- လောမဉာဏ်နဲ့ ဂေါတြဘူဉာဏ်ဆိုတာ ဖြစ်ပြီး သောတာပတ္တိ မဂ်ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာကြတယ်၊ အဲဒါလဲ မပြည့်စုံသေးဘူး၊ ဆက်ပြီး အားထုတ်ရဦးမယ်၊ ဆက်ပြီး အားထုတ်ယင် ဥဒယဗ္ဗယဉာဏ် အစရှိတဲ့ ဝိပဿနာဉာဏ်တွေ တဖန် အစဉ်အတိုင်းဖြစ်ပြီး သကဒါဂါမိ မဂ်ဖိုလ်ဉာဏ်များ ဖြစ်လိမ့်မယ်၊ အဲဒါလဲ မပြည့်စုံသေးဘူး။ တဖန် ဆက်ပြီး အားထုတ်ယင် ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီး အနာဂါမိ မဂ်ဖိုလ်ဉာဏ်များ ဖြစ်လိမ့်မယ်၊ အဲဒါလဲ မပြည့်စုံသေးဘူး၊ အဲဒီကနောက် ဆက်ပြီး အားထုတ်ယင် ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီး အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်များ ဖြစ်လိမ့်မယ်၊ အဲဒီကျမှ "သမ္ပာဒေထ" အရ ပြည့်စုံတယ်၊ ဒါကြောင့် ပမာဒ-ဆိုတဲ့ မေ့လျော့မှုကို အပ္ပမာဒသတိတရားဖြင့် ပယ်ပြီး အဲဒီ အရဟတ္တဖိုလ်အရောက် အားထုတ်ဖို့ရာ မြတ်စွာဘုရားက –

ပရေ ပမတ္တာ ဘဝိဿန္တိ။ မယမေတ္ထ အပ္ပမတ္တာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူခဲ့ပါတယ်။

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ပမတ္တာ၊ မေ့လျော့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-တဲ့။

သူများတွေက သတ်မှု ခိုးမှု အစရှိသော ဒုစရိုက်တွေကို ပြုလျက်လဲ မေ့နေကြလိမ့်မယ်၊ ကာမဂုဏ်အာရုံတွေဆီ စိတ်လွှတ်ထားလျက်လဲ မေ့နေကြလိမ့်မယ်၊ ဒါန သီလ ကုသိုလ်တရားတွေကို မပြုနိုင်ဘဲလဲ မေ့နေကြလိမ့်မယ်၊ ဘာဝနာ အလုပ်ကို အားမထုတ်နိုင်ဘဲလဲ မေ့နေကြလိမ့်မယ်၊ အဲဒီလိုမေ့နေကြမည့်အရာမှာ ငါတို့ကတော့ မမေ့စေရဘူး၊ သီလကို စောင့်ထိန်းသောအားဖြင့် ကာယ-ဒုစရိုက် ဝစီဒုစရိုက်အမေ့ကို ပယ်မယ်၊ ဘာဝနာကို ပွါးစေသောအားဖြင့် မနောဒုစရိုက်အမေ့နှင့် ကာမဂုဏ်အာရုံဆီ စိတ်သွားတဲ့အမေ့ကို ပယ်မယ်၊ ရှိသေစွာ မပြတ်ရှုမှတ်ခြင်းဖြင့် ဘာဝနာကုသိုလ်မပွါးမှု-အမေ့ကို ပယ်မယ်၊ အဲဒီလို မမေ့မှု သတိတရားနှင့် ပြည့်စုံစေမယ်လို့ နှလုံးသွင်း ဆောက်တည်ပြီး အားထုတ်သွားကြဘို့ပါဘဲ။ ဒီပမာဒကိုပယ်ပြီး အပ္ပမာဒကို ပွါးစေဘို့က အလွန် အရေးကြီးပါတယ်၊ မြတ်စွာဘုရား ၄၅-နှစ်ကာလပတ်လုံး ဟောတော်မူခဲ့တဲ့ တရားတွေအားလုံးဟာ အပ္ပမာဒ-တပုဒ်ထဲမှာ အတွင်းဝင်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ ဒါကြောင့် ဒီအပိုဒ်အတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ကို ငါးဝါရလုံး အပြည့်အစုံ ဆိုကြရမယ်။

## (၃၆) အဓိဋ္ဌာန် ဆောင်ပုဒ်

သူများတွေက မေ့လျော့ကြမည့်နေရာမှာ ငါတို့ကတော့ မမေ့လျော့ခြင်း အပ္ပမာဒတရားနှင့် ပြည့်စုံစေမည်၊ ကိလေသာ ပါးစေတဲ့အကျင့်ကို ကျင့်မည် ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မေ့လျော့မှု-ပမာဒတရားကို မမေ့မှု-အပ္ပမာဒဖြင့်

ရှောင်လွှဲမည်၊ မမေ့မလျော့ အားထုတ်ခြင်းဖြင့် အဆင့်အတန်း တက်မည်၊ မေ့လျော့မှု ကိလေသာမီးကို မမေ့မှု-အပ္ပမာဒရေစင်ဖြင့် ငြိမ်းသတ်မည်။

မမေ့မှုဆိုတဲ့ အပ္ပမာဒတရားကတော့ နေရာတကာမှာဘဲ အကျိုးများပါတယ်၊ လောကဘက်ကလဲ အကျိုးများတာဘဲ၊ တရားဘက်ကလဲ အကျိုးများတာဘဲ၊ ဒါပေမဲ့ ဒီသုတ်က တရားဘက်ကိုသာ ရည်ရွယ်ပြီး ဟောထားတဲ့အတွက် တရားဘက်က မမေ့မှုကိုသာ အကျယ်တဝင့် ပြောလာခဲ့ပါတယ်၊ စုံသွားပါပြီ။ ဒီကနေ့ ဒေါဝစဿတာ ပါပမိတ္တတာ ပမာဒဆိုတဲ့ အကုသိုလ်သုံးပါးပြီးသွားပြီ၊ အဲဒီ သုံးပါးက ပကိဏ္ဏကခေါ်တဲ့ ပြီးပြွမ်းတရားစု-အထွေထွေတရားစု ဖြစ်တယ်၊ အဲဒီ သုံးပါးလုံးပြည့်စုံသွားပါပြီ။ တရားဟောချိန်ဟာ တနာရီနဲ့၁၅-မိနစ် ရှိသွားပါပြီ။ အမျှဝေပြီး တရားသိမ်းကြစို့။

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ်။ပ။ အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် ကောဒသမပိုင်း ဤတွင် ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

# ၅-ါဒသမပိုင်း

၁၃၃၂-ခုနှစ်၊ တပို့တွဲလကွယ်နေ့ ဟောသည်။

## တရားအနုသန္ဓေ

သလ္လေခသုတ် တရားတော်ကို ၁၃၃၁-ခုနှစ်အဆုံး, သကြံန်အကျနေ့က စပြီး ဟောလာခဲ့တယ်၊ ပြီးခဲ့တဲ့ တပို့တွဲလပြည့်နေ့က (၁၁) ကြိမ်မြောက် အပိုင်းကို ဟောခဲ့တယ်၊ အဲဒီအပိုင်းမှာ "ဒုဗ္ဗစနှင့်၊ ပါပမိတ္တော၊ ပမာဒေါတဖြာ"ဆိုတဲ့ ခေါင်းစဉ်အရ အကုသိုလ်တရား သုံးပါးကို ဟောလို့ပြီးခဲ့တယ်၊ ဒီကနေ့ ၁၃၃၂-ခုနှစ် တပို့တွဲလကွယ်နေ့မှာတော့ ကျန်တဲ့တရား(၇)ပါးကို အပြီး ဟော ရမယ်၊ အဲဒါတွေက ဘာတွေလဲဆိုယင် "သဒ္ဓါမရှိ၊ အဟိရိက၊ နောတ္တပ္ပနှင့်၊ သုတနည်းဘိ၊ ပျင်းရိတရပ်၊ မုဋ္ဌဿစ္စ၊ ဒုပ္ပညတာ၊ ယူသည်းစွာဟု"လို့ ဆိုထား တဲ့ ခေါင်းစဉ်ဆောင်ပုဒ်အရ အဿဒ္ဓိယ-သဒ္ဓါတရားမရှိခြင်း-အစရှိတဲ့ အကုသိုလ် တရား(၇)ပါးပါဘဲ။ ယခု အဿဒ္ဓိယ-ဆိုတဲ့ အကုသိုလ်ကို ပယ်ဘို့ ညွှန်ကြားတဲ့ မြတ်စွာဘုရား၏ စကားတော်ကို ရှေးဦးစွာထုတ်ပြပြီး အစဉ်အတိုင်း ဟော သွားရမယ်။

## ၃၇။ အဿဒ္ဓိယ-သဒ္ဓါတရားမရှိခြင်း

> ပရေ အဿဒ္ဓါ ဘဝိဿန္တိ၊ မယမေတ္ထ သဒ္ဓါ ဘဝိဿာမာတိ သလ္လေ-
> ခေါ ကရဏီယော။

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ အဿဒ္ဓါ၊ ယုံကြည်ခြင်း သဒ္ဓါတရား မရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သဒ္ဓါ၊ ယုံကြည်ခြင်းသဒ္ဓါတရားနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့

ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီ-ယော၊ ပြုကျင့်အပ်၏–တဲ့။

သဒ္ဓါတရားဆိုတာက ခဏခဏပြောနေရလို့ ရိုးနေပါပြီ၊ ဒါပေမဲ့ သူ့နေရာရောက်တော့ မပြောဘဲ ကျော်သွားလို့မဖြစ်ဘူး၊ ပြောရဦးမှာဘဲ၊ နာဘူးထပ်မံဆိုတဲ့အတိုင်း နာဘူးတဲ့တရားကို ရှင်းသည်ထက်ရှင်းအောင် ထပ်ဟောတယ်လို့သာ အာရုံပြုပြီး နာကြပေတော့၊ တချို့လဲ သဒ္ဓါအကြောင်း ကောင်းကောင်းမနာဘူးတာရှိမှာပါဘဲ။ သဒ္ဓါဆိုတာ ယုံကြည်မှုဘဲ၊ ဒါပေမဲ့ မယုံသင့်တာကို ယုံတာကတော့ သဒ္ဓါမဟုတ်ဘူး၊ မိစ္ဆာအဓိမောက္ခ-မှားယွင်းစွာ ယုံကြည်ဆုံးဖြတ်မှုခေါ်တယ်၊ သဒ္ဒေယျဝတ္ထုလို့ခေါ်တဲ့ ယုံကြည်ထိုက်တာ ယုံကြည်တာကိုမှ သဒ္ဓါခေါ်တယ်၊ အဲဒီယုံကြည်ထိုက်တာတွေက ဘာတွေလဲဆိုယင်၊ ဘုရားစစ် ဘုရားမှန် တရားစစ်တရားမှန် သံဃာစစ် သံဃာမှန်ဆိုတဲ့ ရတနာသုံးပါးနဲ့ ကံ ကံ၏အကျိုး-ဒါတွေပါဘဲ။ အဲဒီမှာ ကံ ကံ၏အကျိုး ယုံကြည်ပုံကတော့ မိစ္ဆတ္တဆယ်ပါးဟောစဉ်တုန်းက "ကံနှင့် ကံ၏အကျိုးရှိသည်ဟု အယူမှန်တာက သမ္မာဒိဋ္ဌိ"လို့ဆိုခဲ့တဲ့ သမ္မာဒိဋ္ဌိနှင့်ယှဉ်ဘက်ဖြစ်တဲ့ ယုံကြည်ပုံနှင့် အတူတူပါဘဲ၊ အဲဒီမှာ ကံနှင့်ကံ၏အကျိုးရှိတယ်လို့ ယူတဲ့သမ္မာဒိဋ္ဌိဟာ ဒီသဒ္ဓါတရားကို မှီပြီး သိမြင်သဘောကျတာပါဘဲ၊ ဒါကြောင့် "သဒ္ဓါမူလိကာ၊ ယုံကြည်မှုသဒ္ဓါလျှင် မူလရင်းရှိသော။ သမ္မာဒိဋ္ဌိ၊ ကံ ကံ၏အကျိုးရှိသည်ဟု သိမြင်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိကို။ ဒိဋ္ဌိဇုကမ္မန္တိ၊ ဒိဋ္ဌိဇုကမ္မဟူ၍။ ဝုစ္စတိ၊ ဆိုရပါတယ်"လို့ သရဏဂုံအဖွင့် အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။ ဒါကြောင့် ဒီနေရာမှာလဲ "ကံနှင့် ကံ၏ အကျိုးရှိသည်ဟု ယုံကြည်တာက သဒ္ဓါတရား"လို့ ဒီလိုလဲ မှတ်ရမယ်၊ အဲဒါကို ဆိုကြရမယ်။

ကံနှင့် ကံ၏အကျိုးရှိသည်ဟု ယုံကြည်တာက သဒ္ဓါတရား။ (ဆို)

ကံနှင့် ကံ၏အကျိုးရှိပုံနဲ့ ယုံကြည်ထိုက်ပုံများကိုတော့ သတ္တမပိုင်း ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိအကြောင်းပြရာမှာ ဟောခဲ့ပါပြီ၊ (ပြန်ကြည့်ပါ)၊နောက်ပြီးတော့ ဘုရား တရား သံဃာ အစစ်အမှန်ကို ယုံကြည်တာကလဲ သဒ္ဓါတရားဘဲတဲ့။ ဘာသာတိုင်း ဘာသာတိုင်းမှာ အသီးအသီး ဘုရားဆိုတာရှိတာဘဲ၊ သူတို့ဘုရားက ဟောခဲ့တယ်ဆိုတဲ့ မုခပါဌ်တရားဆိုတာလဲ ရှိတာဘဲ၊ အဲဒီသူတို့၏

တရားတော်အတိုင်း လိုက်နာပြီး ကျင့်နေကြတဲ့ တပည့်အပေါင်း သံဃာဆိုတာ လဲ ရှိတာဘဲ၊ ဒီတော့ အစစ်အမှန် ဟုတ် မဟုတ်ကို ဘယ်လိုလုပ်ပြီးသိရပါမလဲလို့ မေးစရာရှိပါတယ်။ အဖြေကတော့ ဘုရားစစ်ဘုရားမှန်မှာ အရဟံ အစရှိသော ဂုဏ်တော် ၉-ပါးရှိရမယ်၊ အဲဒီဂုဏ်တော်တွေနှင့် ပြည့်စုံယင် ဘုရားစစ်ဘုရားမှန်ဘဲ။ အဲဒီ ဂုဏ်တော် ၉-ပါးထဲက လောဘ ဒေါသ မောဟ အစရှိသော ကိလေသာ ကင်းဝေး စင်ကြယ်တယ်ဆိုတဲ့ အရဟံဂုဏ်တပုဒ်နှင့် တိုက်ကြည့်ယင်ကို အစစ် အမှန် ဟုတ်မဟုတ် သိနိုင်ပါတယ်၊ ဖန်ဆင်းတယ်ဆိုတဲ့ ဘုရားက သူ့ကို အရို အသေ ကိုးကွယ်တာ အလိုရှိတယ်၊ လောဘလို့ ဆိုရမှာပေါ့၊ မကိုးကွယ်တဲ့သူကို ဒဏ်ခတ်တယ်လို့ ဆိုတယ်၊ ဒေါသလို့ ဆိုရမှာပေါ့။ ဗုဒ္ဓမြတ်စွာဘုရားကတော့ တရားကို ကျင့်ယင် ကောင်းကျိုးရမယ်၊ မကျင့်ယင် မကောင်းကျိုး ရမယ်၊ သူ့ကံအားလျော်စွာ ဖြစ်ရတယ်လို့သာ ဟောတယ်၊ မိမိအား ကိုးကွယ်ယင် ကယ်မယ်၊ မကိုးကွယ်ယင် အပြစ်ပေးမယ်လို့ မဟောဘူး၊ လောဘ ဒေါသ အရိပ်အယောင်တောင် မပါဘူး၊ လောဘ ဒေါသ စသည်ကင်းအောင် ကျင့်ဘို့ သာ တိုက်တွန်းတယ်၊ ဒါကြောင့် ကိလေသာကင်းဝေးစင်ကြယ်တဲ့ အရဟံဂုဏ် နှင့် ပြည့်စုံကြောင်းထင်ရှားပါတယ်။

တရားတော်ကလဲ သွာက္ခာတဂုဏ် သန္ဒိဋ္ဌိကဂုဏ် အစရှိတဲ့ ဂုဏ်တော် ၆-ပါး နှင့်ပြည့်စုံယင် တရားစစ်တရားမှန်ဘဲ၊ အဲဒီမှာလဲ ကိုယ်တိုင်တွေ့မြင်နိုင်တယ်ဆိုတဲ့ သန္ဒိဋ္ဌိကဂုဏ် တပုဒ်နှင့် တိုက်ကြည့်ယင်ကို အစစ်အမှန် ဟုတ်မဟုတ်သိနိုင်ပါတယ်၊ တခြားဘာသာတရားတွေမှာ ကိုယ်တိုင်တွေ့နိုင်တာကို ထုတ်မပြနိုင်ဘူး၊ ကျမ်းစာ တွေက ညွှန်ပြထားတဲ့အတိုင်း မျက်စိမှိတ်ပြီး ယုံကြည်နေကြရတာချည်းဘဲ။ ဗုဒ္ဓ မြတ်စွာဘုရား၏ တရားတော်ကတော့ ကိုယ်တိုင်ကျင့်ယင် ကိုယ်တိုင်ဘဲ တွေ့မြင် နိုင်ပါတယ်၊ ဘုန်းကြီးတို့ညွှန်ပြတဲ့အတိုင်း ရှုမှတ်ကြည့်ပါ၊ ရက်တပတ် နှစ်ပတ် အတွင်းမှာဘဲ တရားအရသာကို တွေ့တန်သလောက် တွေ့သိနိုင်ပါတယ်၊ လေးငါး ခြောက်ပတ်လောက် အားထုတ်လိုက်ယင်တော့ တကယ် ထူးခြားတဲ့ တရား အရသာကို တွေ့သိနိုင်ပါတယ်၊ ဒါကြောင့် သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံကြောင်း ထင်ရှားပါတယ်။

သံဃာတော်ကလဲ သုပ္ပဋိပန္နအစရှိတဲ့ ဂုဏ်တော် ၉-ပါးနှင့်ပြည့်စုံယင် သံဃာစစ် သံဃာမှန်ဘဲ၊ ကောင်းစွာကျင့်တာကို သုပ္ပဋိပန္န-လို့ ဆိုတယ်၊ အဲဒီတော့ သူ့တရားနဲ့သူ ကောင်းစွာကျင့်တယ်လို့ချည်း ပြောကြလိမ့်မယ်။ ဒါပေမဲ့ အကျင့်ကောင်း ဟုတ် မဟုတ် ခွဲခြားစရာရှိပါတယ်၊ လောဘ ဒေါသ အစရှိတဲ့ တရားဆိုးတွေ ကင်းအောင်ကျင့်ယင် ကောင်းတဲ့ အကျင့်ဘဲ၊ ဗုဒ္ဓသာသနာတော်မှအပြင်ဘက်မှာ လောဘ ဒေါသကင်းအောင်ကျင့်တာက အများအားဖြင့် မရှိဘူး၊ ရှိပြန်တော့လဲ အမြစ်ပြတ်မကင်းဘူး၊ ဗုဒ္ဓသာသနာတော်မှာတော့ လောဘ ဒေါသစသည်ကို အမြစ်ပြတ်ငြိမ်းစေနိုင်တဲ့ အကျင့်ရှိတယ်၊ အဲဒီအကျင့်ကို ကျင့်နေကြတယ်၊ ဒါကြောင့် ကောင်းစွာကျင့်တဲ့ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံကြောင်းထင်ရှားပါတယ်။

ဒါကြောင့် ဒီဂုဏ်တော်တွေနဲ့ တိုက်ဆိုင်ကြည့်ပြီးတော့ ဘုရားစစ် ဘုရားမှန်စသည်ကို ဆုံးဖြတ်နိုင်ပါတယ်၊အဲဒီ ဘုရား တရား သံဃာအစစ်အမှန်ကို ယုံကြည်တာဟာ ရွှေငွေပတ္တမြားအစစ်တွေကို ယုံကြည်ပြီး သိမ်းထားတဲ့သူမှာ အကျိုးများသလိုဘဲ အကျိုးများစေနိုင်ပါတယ်။ ဒါကြောင့် "ဘုရားတရားသံဃာ အစစ်အမှန်ကို ယုံကြည်တာကလဲ သဒ္ဓါတရား"လို့ ဆိုထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ဘုရား တရား သံဃာ အစစ်အမှန်ကို ယုံကြည်တာကလဲ သဒ္ဓါတရား။ (ဆို)

ဘုရား တရား သံဃာကို ရတနာသုံးပါးလို့ ခေါ်တယ်၊ ဒါကြောင့် "ရတနာသုံးတန်နှင့် ကံ ကံ၏အကျိုးကို ယုံကြည်တာက သဒ္ဓါတရား"လို့ ဒီလို တပေါင်းတည်းလဲ မှတ်နိုင်ပါတယ်၊ အဲဒါကိုလဲ ဆိုကြရမယ်။

ရတနာသုံးတန်နှင့် ကံ ကံ၏အကျိုးကို ယုံကြည်တာက သဒ္ဓါတရား။ (ဆို)

လောကမှာ တချို့က ဘုရား တရား သံဃာ အစစ်အမှန် ရတနာသုံးတန်ကို မယုံကြဘူး၊ မယုံတဲ့အတွက် သူတို့မှာ ဘုရား တရား သံဃာနှင့်စပ်ပြီး ကုသိုလ်မဖြစ်ရဘူး၊ တချို့မှာဆိုယင် အကုသိုလ်တွေတောင် ဖြစ်နေကြသေးတယ်။ နောက်ပြီးတော့ ကံ ကံ၏အကျိုး မရှိ၊ နောင်ဘဝ မရှိလို့ ဒီလို ယူနေတဲ့သူတွေလဲ ရှိကြတယ်၊ အဲဒီလိုလူတွေက အကုသိုလ်ကိုလဲ မရှောင်ဘူး၊ကုသိုလ်ကိုလဲ မပြုဘူး။

ဒါကြောင့် ရတနာသုံးပါး မယုံကြည်တဲ့သူတွေ၊ ကံ ကံ၏အကျိုးကို မယုံကြည်တဲ့သူတွေ အဲဒီလိုလူတွေဟာ သဒ္ဓါတရားမရှိတဲ့သူတွေဘဲ၊ သဒ္ဓါတရားမရှိတဲ့အတွက် အများအားဖြင့် ကုသိုလ် မဖြစ်ဘူး၊ မေတ္တာ ကရုဏာအကြောင်းပြုပြီး အတော်သင့်လောက်သာ ကုသိုလ်ဖြစ်ရတယ်၊ အကုသိုလ်ကသာ အဖြစ်များနေတတ်တယ်၊ ဒါကြောင့် နောင်သံသရာရေးအတွက် အားကိုးစရာမရှိသလောက်ဖြစ်နေတတ်တယ်။ သဒ္ဓါတရားရှိတဲ့သူတွေမှာတော့ အကုသိုလ်ကို စွမ်းနိုင်သမျှရှောင်ကြဉ်တယ်၊ ကုသိုလ်ကိုလဲ စွမ်းနိုင်သမျှ ပြုလုပ်တယ်၊ ဒါကြောင့် မျက်မှောက်ဘဝတွင်တောင် တချို့က မဂ်ဖိုလ်တရားထူးကို ရသွားတယ်၊နောင်သံသရာရေးအတွက်လဲ အားကိုးစရာတွေ များစွာပင် ရှိနေတယ်။ ဒါကြောင့် မြတ်စွာဘုရား၏ ဩဝါဒတော်အတိုင်း သူများတွေက သဒ္ဓါတရား ကင်းမဲ့ကြမည့်နေရာမှာ ငါတို့ကတော့ သဒ္ဓါတရားပြည့်စုံစေမည်-စသည်ဖြင့် အဓိဋ္ဌာန်ပြုကြရမယ်။

## (၃၇) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက သဒ္ဓါတရားကင်းမဲ့ကြမည့်နေရာမှာ ငါတို့ကတော့ သဒ္ဓါတရားပြည့်စုံစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မယုံကြည်မှုလမ်းဆိုးကို ယုံကြည်မှုလမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ယုံကြည်မှုသဒ္ဓါတရားဖြင့် အဆင့်အတန်းတက်မည်၊ မယုံကြည်မှုကိလေသာမီးကို ယုံကြည်မှုသဒ္ဓါရေစင်ဖြင့် ငြိမ်းသတ်မည်။

### ၃၈။ အဟိရိက=အကုသိုလ်မှ မရှက်ခြင်း
### ၃၉။ အနောတ္တပ္ပ=အကုသိုလ်မှ မကြောက်ခြင်း

ရှက်တယ် ကြောက်တယ်ဆိုတာ လောကဘက်မှာလဲ ရှိတယ်၊သူများလို လှလှပပ မဝတ်နိုင် မဆင်နိုင်လို့ ရှက်တယ်၊ သူများလို ဂုဏ်မရှိလို့ ရှက်တယ်ဆိုတာတွေက လောကဘက်ကရှက်တာတွေဘဲ။အဲဒါမျိုးကိုတော့ ဒီမှာ ဟိရိလို့မဆိုဘူး၊ အကုသိုလ်ပြုဘို့ ရှက်တာကိုသာ ဟိရိလို့ဆိုပါတယ်။ ထို့အတူ ဘေးရန်အန္တရာယ်ကြောက်တာကိုလဲ ဩတ္တပ္ပလို့ ဒီမှာ မဆိုဘူး၊ အကုသိုလ်မှ ကြောက်တာကိုသာ ဩတ္တပ္ပလို့ ဆိုပါတယ်။ အဲဒီ အကုသိုလ်မှ မရှက်တာကို အဟိရိကလို့

ခေါ်တယ်၊ အကုသိုလ်မှ မကြောက်မလန့်တာကို အနောတ္တပ္ပလို့ ခေါ်တယ်။ အကုသိုလ်မှ မရှက်ယင် မကြောက်တာလဲ ပါတာပါဘဲ၊ အကုသိုလ်မှ မကြောက်ယင်လဲ မရှက်တာ ပါတာပါဘဲ၊ ဒါပေမဲ့ မရှက်တာနဲ့ မကြောက်တာဟာ သဘောအားဖြင့်တော့ ကွဲပါတယ်။ ကွဲပုံကတော့ သန့်ပြန့်စင်ကြယ်နေတဲ့သူဟာ အညစ်အကြေး မလူးစေချင်တာလို ယုတ်ညံ့တဲ့ အကုသိုလ် မဖြစ်စေလိုတာက ဟိရီ–ရှက်တဲ့သဘောဘဲ။ မီးနှင့်ထိယင် ပူလောင်မှာကြောက်တာလို အကုသိုလ်၏ အကျိုးကို ကြောက်တာက ဩတ္တပ္ပ သဘောဘဲ။ တနည်းအားဖြင့်ဆိုယင် "မကောင်းမှု ဆိုတာ အမျိုးညံ့တွေ, လူငယ်တွေ, သူရဲဘောနည်းတဲ့သူတွေ, လူမိုက်တွေရဲ့ အလုပ်ပဲ၊ ငါလို အမျိုးမြတ်တဲ့သူ, အရွယ်ကြီးတဲ့သူ, ရဲရင့်တဲ့သူ, လူလိမ္မာ သူတော်ကောင်းဖြစ်တဲ့သူကတော့ မပြုသင့်ဘူး" စသည်ဖြင့် ဆင်ခြင်ပြီး မပြုလိုတာက ဟိရီ-ရှက်တဲ့သဘောဘဲ၊ "သူများက ကဲ့ရဲ့ကြလိမ့်မယ်"လို့ ဆင်ခြင်ပြီး မပြုလိုတာက ဩတ္တပ္ပ-ကြောက်တဲ့သဘောဘဲ။

တနည်းအားဖြင့်ဆိုယင် "ငါလို ရဟန်း, သူတော်ကောင်း, ယောဂီဟာ မကောင်းမှုကို မပြုသင့်ဘူး" လို့ ဆင်ခြင်ပြီးတော့ မိမိကိုယ်ကို အလေးပြုပြီး ကြဉ်ရှောင်လိုတာက ဟိရီ-ရှက်တဲ့သဘောဘဲ၊ "ငါက မကောင်းမှုကိုပြုယင် လူတွေက မမြင်တောင် နတ်တွေကမြင်ပြီး ကဲ့ရဲ့ကြလိမ့်မယ်" စသည်ဖြင့် ဆင်ခြင်ပြီးတော့ လောကကို အလေးပြုပြီး ကြဉ်ရှောင်လိုတာက ဩတ္တပ္ပ-ကြောက်တဲ့သဘောဘဲ။

ယခုပြောခဲ့တဲ့အတိုင်း အကုသိုလ်မှ ရွံရှာစက်ဆုပ်သလို ရှက်နေယင် အကုသိုလ်ကို မပြုနိုင်ဘူး၊ အကုသိုလ်နှင့်စပ်ပြီး မျက်မှောက်အပြစ် သံသရာအပြစ်ကို ကြောက်နေယင်လဲ အကုသိုလ်ကို မပြုနိုင်ဘူး၊ အဲဒီ ရှက်ခြင်း ကြောက်ခြင်း နှစ်ပါးလုံးကင်းကွာသွားတဲ့အခါမှာ မကောင်းမှုကို ပြုမိတာဘဲ၊ မကောင်းမှုကို ပြုတိုင်း ပြုတိုင်း ဒီရှက်ခြင်း ကြောက်ခြင်း မရှိလို့ချည်းပါဘဲ၊ လောကမှာ လူတွေ လူ့ကျင့်ဝတ်နှင့် ပြည့်စုံပြီး ယဉ်ကျေးနေကြတာဟာ ဒီ ဟိရီနှင့် ဩတ္တပ္ပရှိနေလို့ပါဘဲ၊ ဒီတရားနှစ်ပါးသာ မရှိယင်တော့ လူတွေလဲ တိရစ္ဆာန်တွေလိုဘဲ ယဉ်ကျေးမှုမရှိဘဲ ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် ဒီတရားနှစ်ပါးကို လောကပါလ-လူတို့ကို စောင့်ရှောက်သောတရား-လို့လဲ ခေါ်ရပါတယ်။

အဲဒီ လောကပါလတရားနှစ်ပါးနှင့် ပြည့်စုံပြီးတော့ မရှက်ခြင်း မကြောက်ခြင်း ဆိုတဲ့ လောကဒူသန (လောကကို ပျက်စေတတ်သော) တရားနှစ်ပါးကို ပယ်ဘို့ ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ အဟိရိကာ၊ အကုသိုလ်မှ မရှက်ကုန် သည်။ အနောတ္တာပီ၊ အကုသိုလ်မှ မကြောက်မလန့်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်၊ ဟိရိမနာ၊ ရှက်စိတ်ရှိ ကုန်သည်၊ ဝါ-ရှက်တတ်ကုန်သည်။ ဩတ္တာပီ၊ ကြောက်လန့်ကုန်သည်။ ဘဝိဿာ- မာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့် ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–စသည်ဖြင့် အသီး အသီး ငါးဝါရစီဘဲ ဟောတော်မူခဲ့ပါတယ်။ ဒီမှာတော့ အချိန်မကြာရအောင်လို့ ပေါင်းပြီး ပြလိုက်ပါတယ်။ အဲဒါကို အကျဉ်းချုပ် အဓိဋ္ဌာန်ပြုကြစို့။

(၃၈–၉) သူများတွေက အကုသိုလ်မှ မရှက်မကြောက်ကြမည့်နေရာမှာ ငါတို့ကတော့ ရှက်ကြောက်ခြင်းရှိစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်။ (ဤ၌ အရေးမကြီး၍ သီးခြားစာခေါင်းမပြ)

အဲဒါတွေပြီးတော့ "အဟိရိက၊ နောတ္တပ္ပနှင့်၊ သုတနည်းဘိ"-လို့ ဆိုထားတဲ့ အတိုင်း အပ္ပဿုတတာ-အကြားအမြင်နည်းခြင်းဆိုတာကို ရောက်လာပြီ။

## ၄၀။ အပ္ပဿုတတာ-အကြားအမြင်နည်းခြင်း

> ပရေ အပ္ပဿုတာ ဘဝိဿန္တိ၊ မယမေတ္ထ ဗဟုဿုတာ ဘဝိဿာ- မာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ အပ္ပဿုတာ၊ အကြားအမြင်နည်းကုန် သည်၊ ဝါ-အကြားအမြင်မရှိကုန်သည်။ (အပ္ပ-ဆိုတဲ့ပါဠိက နဲတယ်လို့ အနက် ရပါတယ်၊ ဒီနေရာမှာတော့ မရှိတာကိုဘဲ ဆိုလိုတယ်၊ ဒါကြောင့် "သုတမရှိ ကုန်သည် အကြားအမြင်မရှိကုန်သည်"-လို့ အနက်ပြန်ဘို့ အဋ္ဌကထာက ပြဆို ထားပါတယ်။ ဒါကြောင့်) ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ အပ္ပဿုတာ၊ အကြားအမြင် မရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊

ငါတို့သည်။ ဗဟုဿုတာ၊ အကြားအမြင် များကုန်သည်။ ဘဝိဿာမတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

သုတ-ဆိုတာ အာဂမသုတ အဓိဂမသုတအားဖြင့် ၂-မျိုးရှိတယ်၊ ကြားနာမှတ်သားရတာကို အာဂမသုတ ခေါ်တယ်၊ အဲဒါကို အကြား-လို့ ဗမာပြန်ထားကြတယ်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ရတာကို အဓိဂမသုတ-ခေါ်တယ်၊ အဲဒါကို အမြင်-လို့ ဗမာပြန်ထားကြတယ်၊ ဒါကြောင့် သုတပုဒ်ကို အကြားအမြင်-လို့ ၂-မျိုးလုံးပေါင်းပြီး ပြန်ထားတယ်။ သူများတွေက အကြားအမြင်နည်းကြမည့်နေရာမှာ ငါတို့ကတော့ အကြားအမြင် များစေမယ်, အကြားအမြင်ပြည့်စုံလုံလောက်စေမယ်လို့ ဒီလိုနှလုံးသွင်းပြီး ကျင့်ရမယ်တဲ့။

အဲဒီသုတ-အကြားအမြင် ဆိုတာက လောကဘက်ကလဲ ရှိတယ်၊ တရားဘက်ကလဲ ရှိတယ်၊ဘယ်သုတဘဲဖြစ်ဖြစ် ရှိယင် ကောင်းတာချည်းဘဲ၊လောကဘက်က သုတလဲ အကျိုး များတာဘဲ၊ သုတ များလေလေ အကျိုး များလေလေဘဲ။ တချို့မှာ လောကဘက်က သုတဂရှိဘဲ ဖြစ်နေတယ်၊ တခြား မြို့ရွာတွေတောင် မသွားဘူး မရောက်ဘူးလို့ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်အရပ်လောက်ပဲ သိတယ်၊ အဲဒါလောက် သုတနည်းတာကတော့ နေရာမကျဘူး၊ အကြောင်းရှိလို့ တခြားရပ်ရွာသွားရတဲ့အခါ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေတတ်တယ်၊ ဒါကြောင့် လောကဘက်က သုတလဲ များနိုင်သမျှများအောင် လေ့လာမှတ်သားထားသင့်တာဘဲ။

ယခုဒီမှာပြောတဲ့ သုတကတော့ လောကဘက်က သုတမဟုတ်ပါဘူး၊ တရားဘက်က သုတပါဘဲ၊ တချို့ပုဂ္ဂိုလ်တွေမှာ မြတ်စွာဘုရား ဟောထားတဲ့ တရားဘက်က သုယမရှိဘဲဖြစ်နေတယ်၊ ဘုရားဟောတရားကို မနာကြားဘူးဘူး၊တချို့က ဘုရားအကြောင်းတောင် မကြားဘူးဘူး၊ တရားနာရဘို့ ဆိုတာကတော့ ဝေးပါတယ်၊ အဲဒီလိုလူတွေလဲ ကမ္ဘာ့အရပ်ရပ်မှာ အများကြီးရှိနေတာဘဲ။ ဗမာပြည်ထဲမှာတောင် တချို့ဟာ ဘုရားဟောတရားကို ကောင်းကောင်းမကြားမနာကြရဘူး၊ အစွန်အဖျားကျတဲ့ အရပ်တွေမှာဆိုယင် လုံးလုံး မကြား မနာရသလောက် ဖြစ်နေတယ်၊ တချို့တောရွာတွေမှာ တရားဟောတာကတော့ ရှိပါတယ်၊ ဒါပေမဲ့ လေးလေးနက်နက်တရားကိုတော့ နာရခဲပါတယ်၊ ဒါနကထာ

သီလကထာ မရဏာဿတိကထာ အသုဘကထာ-ဒီလိုတရားများကိုသာ နာကြား ရတယ်၊ အဲဒါကလဲ ကျယ်ကျယ်ပြန့်ပြန့် ဝေဘန်ဟောတာ မဟုတ်ဘူး၊ သုမင်္ဂလ ဒုမင်္ဂလ ကိစ္စတွေမှာ ကိစ္စပြီးရုံမျှအနေနဲ့ ဟောကြတာကဘဲများပါတယ်၊ ဟော ပုံကတော့ –

"ဗုဒ္ဓေါတိတိ ဗုဒ္ဓေါ၊ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဗုဇ္ဈတိ၊ သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်၏။ ဣတိတသ္မာ၊ ထိုသို့ သိမြင်တော်မူတတ်သောသတ္တိကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရား သည်။ ဗုဒ္ဓေါ၊ဗုဒ္ဓမည်တော်မူ၏။ ဤသို့ ဝစနတ္ထ ဖွင့်ပြတော်မူသည်နှင့်အညီ သစ္စာ လေးပါး တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား သခင်သည် အခါတပါး၌ သာဝတ္ထိပြည်မှန်ဇေတဝန်ကျောင်းတော်၌ကိန်းအောင်း မွေ့လျော် သီတင်းသုံး စံပျော်တော်မူလေသည်။ ထိုစဉ်အခါကာလ၌ တဦးသော ယောကျ်ားသည် လယ်တောအရပ်၌ လယ်ထွန်၍ နေလေသည်" –စသည်ဖြင့် ခန့်ညားတဲ့ အသံအနေအထားနဲ့ ဟောရတယ်။ "ပေးလှူတဲ့အခါ စိတ်ကိုဘယ်လို ထားရမယ်၊ ဥပုသ်စောင့်တဲ့အခါ ဘယ်လို နှလုံးသွင်းနေရမယ်"စသည်ဖြင့် တိတိကျကျ ဆုံးမညွှန်ကြားတဲ့ အနုသာသနီ တရားမျိုးကိုတော့ အလွန်နာရ ခဲပါတယ်၊ တချို့အရပ်မှာဆိုယင် ယခုထက်ထိ အနုသာသနီတရားကို နာရ ကောင်းမှန်းတောင် မသိကြသေးဘူး၊ ဗုဒ္ဓေါတိတိ ဗုဒ္ဓေါ-စသည်ဖြင့် ယပ်ထောင် တရားကိုဟောမှ သူတို့က တရားလို့ အသိအမှတ်ပြုနေကြတုန်းရှိသေးတာဘဲ။ ဒါကြောင့် အဲဒီလိုအရပ်ကလူတွေမှာဆိုယင် ဝိပဿနာလုပ်ငန်းနှင့် စပ်တဲ့တရား ကို ကြားနာရဘို့ အလွန်ဘဲခဲယဉ်းနေကြပါတယ်။

တချို့ကလဲ ဝိပဿနာတရားဆိုပြီး ဟောပေမဲ့ ကျကျနန ပြည့်ပြည့်စုံစုံ မဟုတ်ဘူး၊ သမာဓိ ပညာဖြစ်အောင်, တကယ်အားထုတ်လို့ ဖြစ်နိုင်လောက် အောင် မပြည့်စုံဘူး၊ တချို့ကလဲ စာပေကျမ်းဂန် အခြေအမြစ်မပါဘဲ ဖြစ်နေ တယ်၊ ဒါကြောင့် ဝိပဿနာလုပ်ငန်းစဉ်နှင့်စပ်ပြီး အခြေခံသုတ အကြား အမြင်က ပြည့်စုံခဲပါတယ်၊ အကြားအမြင်မပြည့်စုံတာကဘဲ များနေပါတယ်။ အဲဒီလို အကြားအမြင်နည်းနေတဲ့ လောကကြီးထဲမှာ ငါတို့ကတော့ အကြား အမြင်နဲ့ ပြည့်စုံအောင် လေ့လာအားထုတ်မယ်လို့ ဒီလိုနှလုံးသွင်းထားကြရမယ်။

အကြားအမြင်များအောင် လေ့လာပုံကတော့–ယခုလို တရားနာခြင်းဖြင့်လဲ အကြားအမြင် များနိုင်ပါတယ်၊ ဒါကြောင့် စာပေကျမ်းဂန်နှင့်အညီ ဟောတတ်တဲ့ပုဂ္ဂိုလ်များက ဟောကြားတဲ့တရားကို နာကြားရမယ်၊ အဲဒီလိုနာကြားယင် တလုံးမှတ်မိ နှစ်လုံးမှတ်မိနဲ့ ကြာတော့ သုတတွေ များလာမယ်။ နောက်ပြီးတော့ စာပေကျမ်းဂန်နှင့်အညီ ရေးထားတဲ့ တရားစာအုပ်တွေကို ကြည့်ရှုလေ့လာရမယ်၊ မသိနားမလည်တာကို တတ်သိနားလည်တဲ့ ဆရာသမားများထံ မေးရမယ်။ ယခုနေအခါမှာ မြတ်စွာဘုရားဟောထားတဲ့ ပါဠိတော်တွေကို မြန်မာပြန်ထားတဲ့ ကျမ်းစာအုပ်တွေလဲ ရှိပါတယ်၊ အဲဒီလိုဘာသာပြန် ပါဠိတော်စာအုပ်တွေကို ကြည့်နိုင်ယင်တော့ အကြားအမြင်တွေ သာပြီးပြည့်စုံသွားနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီပါဠိတော် ဘာသာပြန်တွေမှာ စကားဝါကျအနေအထားက ယခုခေတ်အသုံးမျိုးမဟုတ်ပဲ ရှေးရိုးကြီးတွေဖြစ်နေတယ်၊ ဒါကြောင့် နားမလည်တာတွေလဲ ရှိလိမ့်မယ်၊ နားမလည်ယင် မေးပေါ့။ အဲဒီလိုလေ့လာခြင်းဖြင့် အကြားအမြင်သုတတွေ များပြားပြည့်စုံနိုင်ပါတယ်။

## တဂါထာမျှဖြင့်လဲ သုတပြည့်စုံနိုင်ပါတယ်

အဲဒီသုတ အကြားအမြင်က ဘယ်လောက်များရမှာပါလဲဆိုတော့ အဋ္ဌကထာက ဒီလို ပြထားပါတယ်–"တထာဂတဘာသိတံ ဧကမ္ပိ ဂါထံ ယာထာဝတော ဉတွာ အနုရူပပဋိပန္နာနမေတံ အဓိဝစနံ" တဲ့။ ဧတံ၊ (ဗဟုဿုတ) အကြားအမြင်များသူတွေဟူသော ဤအမည်သည်။ တထာဂတဘာသိတံ၊ မြတ်စွာဘုရား ဟောထားသော။ ဧကမ္ပိ ဂါထံ၊ ဂါထာတပုဒ်ကိုသော်လည်း။ ယာထာဝတော ဉတွာ၊ ဟုတ်တိုင်းမှန်စွာ သိနားလည်ပြီး၍။ အနုရူပပဋိပန္နာနံ၊ ထိုတရားဂါထာနှင့်လျော်ညီစွာ ကျင့်သောသူတို့၏။ အဓိဝစနံ၊ အမည်ဖြစ်ပါတယ်-တဲ့။

မြတ်စွာဘုရားဟောထားတဲ့ တရားဂါထာတပုဒ်ပင် ဖြစ်စေကာမူ ဆိုလိုတဲ့ အနက်အဓိပ္ပါယ်ကို သိနားလည်ပြီးတော့ အဲဒီတရားဂါထာက ညွှန်ပြထားတဲ့အတိုင်း မှန်ကန်စွာကျင့်ယင် အဲဒီလိုပုဂ္ဂိုလ်တွေဟာ ဗဟုဿုတ-အကြားအမြင်များတဲ့ ပုဂ္ဂိုလ်တွေမည်ပါတယ်-တဲ့။ အဲဒီတော့ တဂါထာလောက် ပြည့်ပြည့်စုံစုံ

နားလည်ယင်လဲ အကြားအမြင် ပြည့်စုံပြီလို့ ဆိုနိုင်ပါတယ်၊ အဲဒါထက်များပြီး သိနားလည်ယင်တော့ သုတပြည့်စုံကြောင်း အထူးပြောစရာမလိုပါဘူး။ ဒါပေမဲ့ သိနားလည်တဲ့အတိုင်း အချိုးကျကျ ကျင့်ဘို့လဲ လိုပါသေးတယ်၊ စာပေ ကျမ်းဂန်တွေ အများကြီးတတ်သိနားလည်နေပေမဲ့ မကျင့်ယင်တော့ အကျိုး မများပေဘူး၊ ဒါကြောင့် အဲဒီအဋ္ဌကထာဖွင့်ကို မှီပြီးတော့ ဒီမှာ ဆောင်ပုဒ် ၂-ခု စီထားတယ်- "တဂါထာမျှ၊ ကြားနာရ၊ ကျင့်က ကျိုးများသည်။ တတ်သိ များငြား၊ မကျင့်ပွါး၊ ကျိုးကား မရှိပြီ" တဲ့။ အဲဒါကို ဆိုကြရမယ်။

တဂါထာမျှ၊ ကြားနာရ၊ ကျင့်ကကျိုးများသည်။ (ဆို)

တတ်သိများငြား၊ မကျင့်ပွါး၊ ကျိုးကား မရှိပြီ။ (ဆို)

စာပေကျမ်းဂန်တွေ အများကြီးတတ်သိနေပေမယ်လို့ သီလအကျင့်ကို ရိုရို သေသေ မကျင့်ယင်၊ သမာဓိအကျင့် ပညာအကျင့်ကိုလဲ မကျင့်ယင် အကျိုး မများဘူး၊ ကျင့်ဘို့က ပိုပြီးအရေးကြီးပါတယ်၊ သီလတောင်မှ ရိုရိုသေသေ မကျင့်ယင် သူတတ်သိထားတဲ အကြားအမြင်သုတတွေဟာ ဘာမှအကျိုးမရှိဘူး၊ အပိုလိုဘဲဖြစ်နေပါတယ်၊ အကြားအမြင် များရာမရောက်ဘူးလို့ ဆိုလိုပါတယ်။ ဒီနေရာမှာ မိတ်ဆွေရဟန်း ၂-ပါး အကြောင်းကို ဓမ္မပဒအဋ္ဌကထာမှ ထုတ်ပြီး သာဓကအဖြစ် ပြဦးမယ်။

## မိတ်ဆွေရဟန်း ၂-ပါး အကြောင်း

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက သာဝတ္ထိမြို့က မိတ်ဆွေ နှစ်ယောက်ဟာ မြတ်စွာဘုရား၏ တရားတော်ကို နာရတာနဲ့ သဒ္ဓါတရားဖြစ်ပြီး သာသနာတော်ဝင်ရောက် ရဟန်းပြုကြတယ်၊ ရဟန်းပြုပြီးတော့ ဆရာသမား များထံမှာ ငါးဝါအတွင်း ဝိနည်းသိက္ခာပုဒ်များကို သင်ကြား လေ့လာကြတယ်၊ ငါးဝါရတဲ့အခါ သာသနာတော်မှာ ဓုရခေါ်တဲ့ လုပ်ငန်းတာဝန် ဘယ်နှစ်ပါး ရှိပါသလဲလို့ မေးပြီးတော့ ဝိပဿနာဓုရ-ဝိပဿနာလုပ်ငန်းနှင့် ဂန္ထဓုရ-ကျမ်းဂန် သင်ကြားပို့ချတဲ့ လုပ်ငန်းဆိုတဲ့ ဓုရ၂-ပါး ရှိတဲ့အကြောင်း မြတ်စွာဘုရားထံမှ ကြားရတဲ့အခါ တပါးက အရွယ်ကြီးတဲ့အတွက် ဂန္ထဓုရကိုတော့ အားမထုတ် နိုင်ဘူး၊ ဝိပဿနာ ဓုရကိုသာ အားထုတ်ပါတော့မယ်လို့ လျှောက်တယ်၊

အရဟတ္တဖိုလ်ပေါက်ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားထံမှ တောင်းယူပြီးတော့ တခုသော တောကျောင်းမှာ သွားရောက်ပြီး ဝိပဿနာအလုပ်ကို အားထုတ်သဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူတယ်။ အခြားရဟန်းကတော့ စာပေကျမ်းဂန်ကို သင်ယူပြီး ရောက်ရာရာမှာ တရားလဲ ဟောတယ်၊ ရဟန်းငါးရာတို့အား စာပေကျမ်းဂန်ကိုလဲ ပို့ချနေတယ်။

အဲဒီအခါ တရားအားထုတ်လိုတဲ့ ရဟန်းတော်တွေ တော်တော်များများဟာ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းယူခဲ့ပြီးတော့ အဲဒီတောကျောင်းမထေရ်ထံမှာ နေပြီး ဩဝါဒလဲ ခံယူပြီး အားထုတ်ကြတယ်၊ အဲဒီလိုအားထုတ်လို့ ရဟန္တာဖြစ်ပြီးတဲ့နောက် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်ရန် ဆရာမထေရ်ကို ပန်ကြားကြတယ်၊ အဲဒီအခါ တောကျောင်းမထေရ်ကြီးက "အေးသွားကြတာပေါ့၊ မြတ်စွာဘုရားကို ငါ၏ကိုယ်စားလဲ ရှိခိုးကြပါ၊ မဟာသာဝကတွေကိုလဲ ရှိခိုးကြပါ၊ နောက်ပြီးတော့ အဲဒီမှာ ငါ့မိတ်ဆွေစာချဆရာတော်လဲရှိတယ်၊ အဲဒီမထေရ်ကိုလဲ ငါက ရှိခိုးလိုက်တဲ့အကြောင်း လျှောက်ထားကြပါလို့ မှာလိုက်တယ်။ အဲဒီ ရဟန်းတွေဟာ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ပြီးတဲ့အခါ မဟာသာဝကမထေရ်မြတ်တွေကိုလဲ ဖူးမြော်ကန်တော့ကြတယ်၊ အဲဒီကနောက် တောကျောင်းမထေရ်၏မိတ်ဆွေ စာချဆရာတော်ကိုလဲ ဖူးမြော်ကန်တော့ပြီး မှာလိုက်တဲ့စကားများကိုလဲ လျှောက်ထားကြတယ်။ အဲဒီလို တောကျောင်းမထေရ်ထံမှ တပည့်ရဟန်းတွေ လာရောက်ပြီး မှာကြားလိုက်တဲ့အတိုင်း လျှောက်ဖန်များလာတော့ စာချမထေရ်၏ စိတ်ထဲမှာ "ဒီကိုယ်တော်ကြီးဟာ ရဟန်းပြုပြီး ငါးဝါရကတည်းက တောကျောင်းမှာ သွားနေတယ်၊ စာလဲ မသင်ဘူးဘူး၊ တပည့်တွေကတော့ များလှပါကလား၊ ငါ့ဆီလာတဲ့အခါကျမှ ပြဿနာမေးရဦးမှာဘဲ" လို့ အကြံအစည်ဖြစ်လာသတဲ့၊ မယုံကြည်တဲ့သဘောပါဘဲ။

နောက်တချိန်ကျတော့ တောရကျောင်းမထေရ်က မြတ်စွာဘုရားထံ ဖူးမြော်ကန်တော့ဘို့ လာတယ်၊ မိတ်ဆွေဖြစ်တဲ့ စာချမထေရ်ထံမှာဘဲ သပိတ်သင်္ကန်းများကို ထားခဲ့ပြီးတော့ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့တယ်၊ မဟာ-သာဝကမထေရ်မြတ်တွေကိုလဲ ဖူးမြော်ကန်တော့ပြီး မိတ်ဆွေမထေရ်ထံသို့ ပြန်လာတယ်၊ အဲဒီအခါ အဲဒီမိတ်ဆွေ စာချမထေရ်က တောရကျောင်းမထေရ်ကို

ပြဿနာမေးဘို့ အသင့်ပြင်ထားတယ်၊ အဲဒါကို မြတ်စွာဘုရားက မြင်တော်မူတဲ့ အပြင် မမေးသင့်တာတွေကို မေးပြီး မရှိမသေပြုလျှင် အပြစ်ဖြစ်မှာကိုလဲ မြင်တော်မူတဲ့အတွက် အပြစ်မဖြစ်စေရန် ရည်ရွယ်တော်မူပြီး အဲဒီ စာချမထေရ်ရဲ့ နေရာသို့ ကြွလာတော်မူပါတယ်။ ကြွလာပြီးတော့ မေးခွန်း ပြဿနာများကို မေးတော်မူပါတယ်၊ ရှေးဦးစွာ စာချမထေရ်ကို ပဌမစျာန်အကြောင်း မေး တော်မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ အဲဒီကနောက် ကျန်တဲ့ ဈာန် သမာပတ်များကိုလဲ မေးပြီးတော့ ရုပ်နာမ်နှင့်စပ်တဲ့ ပြဿနာကိုလဲ မေးတော် မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ တောရမထေရ်က အကုန်လုံးကို ဖြေနိုင် တယ်။ အဲဒီကနောက် သောတာပတ္တိမဂ်နှင့်စပ်တဲ့ ပြဿနာကို မေးတော်မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ တောရမထေရ်က ဖြေတယ်၊ အဲဒီအခါ မြတ်စွာ ဘုရားက သာဓုခေါ်တော်မူပြီးတော့ ကျန်တဲ့အထက်မဂ်သုံးပါးနှင့်စပ်တဲ့ ပြဿနာ ကိုလဲ အစဉ်အတိုင်း မေးတော်မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ တောရ မထေရ်က မေးတိုင်းမေးတိုင်း ဖြေကြားလျှောက်ထားတယ်။ ဖြေတိုင်းဖြေတိုင်း မြတ်စွာဘုရားက သာဓုခေါ်တော်မူတယ်။

## နွားကျောင်းသားနှင့် တူသည်

အဲဒီအခါ စာချမထေရ်၏ တပည့်တွေက တီးတိုးတီးတိုး ကဲ့ရဲ့စကားပြော ကြားကြတယ်"ဘယ့်နှယ်လဲ၊မြတ်စွာဘုရားက ဘာမှစာမတတ်တဲ့ တောရမထေရ် ဖြေကြားရာမှာ လေးကြိမ်တိုင်တိုင် သာဓုခေါ်တယ်၊ ငါတို့ဆရာ စာချမထေရ်ကို တော့ ချီးမွမ်းရုံတောင်မှ မပြုဘူး"လို့ ကဲ့ရဲ့စကား ပြောကြားကြတယ်။ အဲဒီ အခါ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်။

ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော၊
န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊
န ဘာဂဝါ သာမညဿ ဟောတိ။

သံဟိတံ၊ အကျိုးစီးပွါးနှင့်စပ်ဆိုင်သော တရားတော်ကို။ ဗဟုမ္ပိ ဘာသ- မာနော၊ များစွာပင် ပို့ချဟောကြားတတ်သော်လည်း။ နရော၊ တစုံတယောက်

သော စာတတ်ပုဂ္ဂိုလ်သည်။ ပမတ္တော၊ ကုသိုလ်တရားကို မပွါးစေခြင်းစသည်ဖြင့် မေ့လျော့သည်ဖြစ်၍။ စေ န တက္ကရော ဟောတိ၊ ထို တရားတော်ဆိုင်ရာ အကျင့်ကို အကယ်၍ မကျင့်ငြားအံ့။ (ဘုရားဟောတရားတွေကို အများကြီး တတ်သိနားလည်ပြီး အများကြီး ဟောတတ်ပြောတတ်ပေမယ်လို့ မေ့နေတဲ့ အတွက် အဲဒီ တရားတော်လာအကျင့်ကို မကျင့်ယင်-တဲ့၊ အဲဒီမှာ မေ့နေတယ် ဆိုတာ တနေ့က ဟောခဲ့တဲ့ ပမာဒ-အရ ကုသိုလ်တရားတွေကို မပွါးစေနိုင်တာ, ကာမဂုဏ်အာရုံတွေထဲ စိတ်ကို လွှတ်ထားတာ—ဒီလို ဟာတွေပါဘဲ၊ ကာမဂုဏ် အာရုံတွေနဲ့ ပျော်မွေ့ပြီး ကုသိုလ်တရားတွေကို မပွါးစေနိုင်ဘဲ မေ့ပြီး ပဋိပတ် အကျင့်ကို မကျင့်လို့ရှိယင်-လို့ ဆိုလိုပါတယ်၊ အဲဒီလိုမကျင့်တော့ ဘာဖြစ်သလဲ ဆိုယင်) သော၊ ထိုသို့မကျင့်သောပုဂ္ဂိုလ်သည်။ သာမညဿ၊ ကိလေသာငြိမ်းသူ သမဏဖြစ်ကြောင်းဖြစ်သော အရိယာမဂ်၏။ ဘာဂဝါ၊ အဖို့အစုကို ရသည်။ န ဟောတိ၊ မဖြစ်ပေ။ (အဲဒီလို မကျင့်တဲ့သူဟာ ကိလေသာငြိမ်းသူ ဖြစ်ကြောင်း အရိယာမဂ်၏ အကျိုးတရားတွေကို မရဘူး၊ အရိယာဖိုလ်လေးပါးကို မရဘူး၊ ကိလေသာငြိမ်းခြင်းကို မရဘူး၊ ဆင်းရဲငြိမ်းခြင်းကို မရဘူး၊ ဘာနဲ့တူနေပါ သလဲဆိုတော့) ပရေသံ၊ နွားရှင်ဖြစ်သော အခြားသူတို့၏။ ဂါဝေါ၊ နွားတို့ကို။ ဂဏယံ-ဂဏယန္တော၊ မပျောက်ရအောင် ရေတွက်စောင့်ရှောက်ကာ ပြန်အပ် ရသော။ ဂေါပေါ ဣဝ၊ အခဖြင့်ထိန်းကျောင်းသူ နွားကျောင်းသမားကဲ့သို့ပင် တည်း-တဲ့။

အခဖြင့်နွားကျောင်းတဲ့သူဟာ နွားတွေကို မပျောက်ရအောင် ထိန်းကျောင်း ပြီး နွားရှင်ထံ အရေအတွက်နဲ့ ပြန်အပ်ရတယ်၊ နွားမများမှ ထွက်ပေါ်လာတဲ့ နွားနို့အရသာများကိုတော့ ပိုင်ရှင်တွေကသာ သုံးဆောင်ကြရတယ်၊ နွား ကျောင်းသမားမှာတော့ ထိန်းကျောင်းခလောက်သာ ရတယ်၊ အဲဒါလိုဘဲ တရားတော်တွေကို တတ်သိတဲ့ဆရာက သင်ကြားပို့ချပေးတယ် ဟောပြောတယ်၊ အဲဒီလိုသင်ကြားပို့ချပေးတဲ့အတွက် ဟောပြောတဲ့အတွက် တပည့်ရဟန်းများ ဒကာ ဒကာမများထံမှ ဝတ်ကြီးဝတ်ငယ်ပြုခြင်း ဆွမ်းစသည်ကို ပေးလှူခြင်း ဆိုတဲ့ အခလောက်သာ ရတယ်၊ နွားကျောင်းခလောက် ရတာလိုပါဘဲ၊ တရား တော်၏ အရသာဖြစ်တဲ့ ဈာန် ဝိပဿနာ မဂ်ဖိုလ်တွေကိုတော့ မကျင့်ယင်

မရနိုင်ဘူး၊ အဲဒီစာတတ်ပုဂ္ဂိုလ်ထံမှ နာကြားပြီး ကျင့်ကြံအားထုတ်တဲ့ပုဂ္ဂိုလ်တွေသာ ဈာန် ဝိပဿနာ မဂ်ဖိုလ်ဆိုတဲ့ တရားအရသာတွေကို ခံစားကြရတယ်၊ နွားရှင်တွေက နွားနို့အရသာကို ခံစားကြရသလိုပါဘဲ-တဲ့။

တစုံတယောက်သောသူဟာ သူကိုယ်တိုင်က မကျင့်ပါဘဲ ငါးပါးသီလ၏ အကျိုးအပြစ်တွေကို ဟောနေယင် အဲဒီဟောတဲ့သူမှာ ဆရာအနေနဲ့ အရိုအသေခံရရုံလောက်ပဲ အကျိုးကိုရမယ်၊ ငါးပါးသီလ၏ အကျိုးကိုတော့ မရနိုင်ဘူး၊ သူ့တရားကို နာပြီး ကျင့်တဲ့တပည့်တွေသာ ငါးပါးသီလ၏ အကျိုးကို ရနိုင်တယ်၊ မျက်မှောက်မှာလဲ ရနိုင်တယ်၊ သံသရာမှာလဲ ရနိုင်တယ်။ ထို့အတူဘဲ တချို့က ကိုယ်တိုင် မကျင့်ဘူးဘဲနဲ့ သမထ ဝိပဿနာလုပ်ငန်းတွေကို ဟောနေတယ်၊ ဟောတဲ့သူမှာ ဆရာအဖြစ်နဲ့ အပူဇော်ခံရရုံရှိမှာဘဲ၊ သမာဓိတရား၏အရသာ ဝိပဿနာ၏ အရသာတွေကိုတော့ လိုက်နာပြီး ကျင့်တဲ့သူတွေသာ ခံစားရနိုင်တယ်၊ ဒါကလဲ နည်းလမ်းက မှန်ပါမှ ရမှာ။ တကယ်ကျင့်တဲ့သူမှာတော့ တရားတော်တွေကို များစွာ မပြောတတ်ပေမယ်လို့ အရိယာဖိုလ်လေးပါးဆိုတဲ့ အကျိုးများ၊ ကိလေသာငြိမ်းခြင်း ဆင်းရဲငြိမ်းခြင်းဆိုတဲ့ အကျိုးများကို ရနိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုလဲ ဆက်ပြီး ဟောတော်မူပြန်ပါတယ်။

### သုတနည်းပေမဲ့ ကျင့်လျှင် အကျိုးများသည်

အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတိ။

သံဟိတံ၊ တရားတော်ကို။ အပ္ပမ္ပိ ဘာသမာနော၊ အနည်းငယ်မျှသာ ဟောပြောတတ်စေကာမူ။ ဓမ္မဿ အနုဓမ္မစာရီ၊ တရားတော်နှင့်လျော်သော သီလ သမာဓိ ပညာအကျင့်ကို ကျင့်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြား

အံ့။ သော၊ ထိုသို့ကျင့်သောပုဂ္ဂိုလ်သည်။ သမ္မပ္ပဇာနော၊ မှန်စွာ သိသည်ဖြစ်၍။ ရာဂဥ္စ ဒေါသဥ္စ ပဟာယ မောဟံ၊ ရာဂ ဒေါသ မောဟကိုပယ်လျက်။ အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊ ဤလောက တပါးသောလောက၌ မစွဲလမ်းမူ၍၊ ဝါ–အတွင်းနှင့်အပ ဘယ်မှာမှ မစွဲလမ်းမူ၍။ သုဝိမုတ္တစိတ္တော၊ ကောင်းစွာလွတ်သောစိတ်ရှိသည်ဖြစ်၍၊ ဝါ–စိတ်ကောင်းစွာလွတ်သဖြင့်။ သ–သော၊ ထိုသို့သောပုဂ္ဂိုလ်သည်။ သာမညဿ၊ ကိလေသာငြိမ်းသူ သမဏ ဖြစ်ကြောင်း တရား၏။ ဘာဂဝါ၊ အဖို့အစုကို ရသည်။ ဟောတိ၊ ဖြစ်ပါပေသတည်း။

အဲဒါဟာ တဂါထာမျှပင် ကြားနာမှတ်သားဘူးသော်လည်း ကြားနာမှတ်သားဘူးတဲ့အတိုင်း ကျင့်ယင် အကျိုးများတဲ့အကြောင်း၊ သုတနှင့် ပြည့်စုံသည် မည်တဲ့အကြောင်း ဖွင့်ပြတဲ့ အဋ္ဌကထာ၏ ထောက်ထားရာ သာဓကပါဠိပါဘဲ။ နောက်ပြီးတော့ "စုံစမ်း မေးမြန်း လေ့လာလို့ရှိယင် ယခု လောလော ဆယ်မှာလဲ သုတမယပညာ တိုးပွါးတယ်၊ ကုသိုလ်လဲ ပွါးများတယ်၊ ဒါကြောင့် သေပြီးတဲ့နောက်ကာလမှာ နတ်ပြည်ကို ရောက်တတ်တယ်၊ လူ့ဘဝပြန်ရောက်လာတဲ့အခါလဲ ဉာဏ်ပညာ ထက်မြက် ကြီးကျယ်တတ်တယ်" ဆိုတာကိုလဲ မြတ်စွာဘုရားက စူဠကမ္မဝိဘင်္ဂသုတ်မှာ ဟောတော်မူထားပါတယ်၊ အဲဒါကို "မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်းဉာဏ်ကြီးသည်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၄၀) မမေးမမြန်း၊ ဉာဏ်မြင်ကန်း၊ စုံစမ်းဉာဏ်ကြီးသည်။ (ဆို)

ဒါကြောင့် စုံစမ်း မေးမြန်းခြင်းဖြင့်လဲ သုတမယပညာ ပြည့်စုံအောင် အားထုတ်ကြရမယ်၊ "မသိမေး၊ မစင်ဆေး"ဆိုတဲ့ ဗမာစကားပုံအတိုင်းပါဘဲ၊ တရားအားထုတ်ပုံ အားထုတ်နည်းကို မသိယင် မေးရမယ်၊ တရားနာပြီးတော့ သဘောမပေါက်တာ မရှင်းတာရှိယင်လဲ မေးရမယ်၊ တရားစာအုပ်များကို ကြည့်ရှုပြီးတော့ မသိတာ မရှင်းတာရှိယင်လဲ မေးရမယ်၊ တရားအားထုတ်နေဆဲ ပုဂ္ဂိုလ်ကလဲ သိချင်တာရှိယင် မေးပေါ့၊ ကမ္မဋ္ဌာန်းဆရာများက ဖြေရှင်းပြပါလိမ့်မယ်၊ မမေးဘဲနဲ့လဲ ကမ္မဋ္ဌာန်းဆရာများက နေ့စဉ် နေ့တိုင်း ဖြေရှင်းပြနေကြတာပါဘဲ၊ ဒါကြောင့် ဆရာ့ထံနည်းခံပြီး အားထုတ်တဲ့ ယောဂီများမှာတော့

အကြားသုတ ပရိယတ်သုတ-က စောစောက ဘာမှ မရှိတောင် အားထုတ်နေရင်း ပြည့်စုံသွားပါတယ်။ ဒါကြောင့် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စ-သမုပ္ပါဒ်ကို မသိဘဲနဲ့ အားထုတ်လို့ မဖြစ်ဘူး စသည်ဖြင့် ပြောဆိုစရာမရှိပါဘူး၊ ဘာကြောင့်လဲဆိုယင် ကမ္မဋ္ဌာန်းဆရာတွေက တပည့်ယောဂီတွေအား သိသင့်သိထိုက်သမျှကို နေ့စဉ်ဘဲ ကမ္မဋ္ဌာန်းမေးစစ်ရင်း ဟောပြနေတဲ့အတွက်ကြောင့်ပါဘဲ။ ဒါတွင်တောင်မကသေးပါဘူး၊ ယောဂီဟာ အားထုတ်နေရင်း ဉာဏ်ထူးအတွေ့ထူးတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်ပြီး ကိုယ်တွေ့သုတ အဓိဂမသုတခေါ်တဲ့ အမြင်သုတကိုလဲ ရသွားပါတယ်၊ ဒါကြောင့် ဒီသာသနာ့ ရိပ်သာမှာ အားထုတ်နေကြတဲ့ ယောဂီတွေဟာ အာဂမသုတခေါ်တဲ့ အကြားနဲ့လဲ ပြည့်စုံနေတယ်၊ အဓိဂမသုတခေါ်တဲ့ အမြင်နဲ့လဲ ပြည့်စုံနေတယ်၊ အဲဒီလို အကြားအမြင်နဲ့ပြည့်စုံပြီး အကြားအမြင် မဲ့ခြင်းကို ပယ်ဘို့ရာ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ အပ္ပဿုတာ၊ အကြားအမြင်နည်းကုန်သည်၊ ဝါ-အကြားအမြင်မဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ဗဟုဿုတာ၊ **အ**ကြားအမြင် မျ**ားကုန်သည်**။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-စသည်ဖြင့် ငါးဝါရဘဲ ဟောတော်မူခဲ့ပါတယ်။ အဲဒီသြဝါဒဒေသနာနှင့်အညီ အဓိဋ္ဌာန်ပြုကြစို့။

## (၄၀) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက အကြားအမြင်မဲ့ကြမည့်နေရာမှာ၊ (တနည်းအားဖြင့်)အကြားသုတရှိသော်လဲ မကျင့်ကြသဖြင့် အမြင်သုတမဲ့ကြမည့်နေရာမှာ ငါတို့ကတော့ အကြားအမြင်နှင့် ပြည့်စုံစေမည်၊ ကြားနာမှတ်သားဘူးသမျှဖြင့် ကိုယ်တိုင်တွေ့ဉာဏ်အမြင်ရအောင် အားထုတ်ကြမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်။

တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေနဲ့တော့ ဒီဒေသနာ ဒီအဓိဋ္ဌာန်က အံကျကိုက်ညီနေပါတယ်၊ ဝမ်းသာစရာပါဘဲ၊ ဒီတရားကို နာပြီး အားထုတ်ဖို့ကြံနေတဲ့ပုဂ္ဂိုလ်တွေနဲ့လဲ ကိုက်ညီပါတယ်၊ ကြံထားတဲ့အတိုင်း အားထုတ်ဖြစ်အောင်သာ

ကြိုးစားကြပေတော့။ ဒီအပိုဒ်ကတော့ ပြည့်စုံလောက်ပါပြီ၊ ရှေ့ကို သွားကြ ဦးစို့။

## ၄၁။ ကောသဇ္ဇ-ပျင်းရိခြင်း

ပရေ ကုသီတာ ဘဝိဿန္တိ၊ မယမေတ္ထ အာရဒ္ဓဝီရိယာ ဘဝိဿာ-မာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ကုသီတာ၊ ပျင်းရိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အာရဒ္ဓဝီရိယာ၊ အားထုတ်ချီးမြှောက်အပ်သော လုံ့လဝီရိယရှိကုန်သည်၊ ဝါ-မနစ်မဆုတ် အပြင်း အထန်အားထုတ်ကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

ကောသဇ္ဇ-ပျင်းရိခြင်းဆိုတာ လောကအလုပ်အကိုင်တွေမှာ ပျင်းတာလဲရှိတယ်၊ တရားဘက်မှာ ပျင်းတာလဲ ရှိတယ်၊ အများအားဖြင့်တော့ လောကဘက်မှာ ပျင်းတဲ့လူဟာ တရားဘက်မှာလဲ ပျင်းတတ်တာဘဲ။ ယခုဒီမှာတော့ ကုသိုလ်ရေးမှာ ပျင်းတာ, တရားနာရမှာပျင်းတာ, တရားစာပေကြည့်ရမှာ ကျက်မှတ်ရမှာ ပျင်းတာ, တရားအားထုတ်ရမှာ ပျင်းတာ ဒီလိုပျင်းတာတွေကို ဆိုလိုပါတယ်၊ အဲဒီလို ပျင်းတာတွေကို ပယ်ဘို့ပါဘဲ။ အာရဒ္ဓဝီရိယ မနစ်မဆုတ် ပြင်းစွာ အားထုတ်တယ်ဆိုတာ သမ္မပ္ပဓာန်လေးပါးအရ အားထုတ်တာကို ဆိုပါတယ်၊ ဒါကြောင့် ဒီနေရာမှာ အဋ္ဌကထာက "ဧတ်၊ ဤအာရဒ္ဓဝီရိယ-အပြင်းအထန် အားထုတ်သည်ဟူသော အမည်သည်။ သမ္မပ္ပဓာနယုတ္တာနံ၊ သမ္မပ္ပဓာန်လေးပါး နှင့် ယှဉ်သောပုဂ္ဂိုလ်တို့၏၊ ဝါ-သမ္မပ္ပဓာန်လေးပါးဖြင့် အားထုတ်နေသော ပုဂ္ဂိုလ်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း" လို့ ဖွင့်ပြထားပါတယ်။

သမ္မပ္ပဓာန်လေးပါးဆိုတာ (၁) မဖြစ်သေးတဲ့အကုသိုလ်ကို မဖြစ်အောင် အားထုတ်ခြင်းက တပါး၊ (၂) ဖြစ်ဘူးတဲ့အကုသိုလ်မျိုးကို နောက်ထပ်မဖြစ်အောင် ပယ်နိုင်အောင် အားထုတ်ခြင်းက တပါး၊ (၃) မဖြစ်သေးသော ကုသိုလ်ကို ဖြစ်အောင်အားထုတ်ခြင်းက တပါး၊ (၄) ဖြစ်ပြီးသောကုသိုလ်ကို တည်တံ့ပွါးများ ပြည့်စုံသွားအောင် အားထုတ်ခြင်းက တပါး၊ ဒီ ၄-ပါးပါဘဲ။

ဒီသမ္မပ္ပဓာန်လေးပါးအကြောင်းကို အဌမပိုင်းတုန်းက သမ္မာဝါယာမနှင့်စပ်ပြီး တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဟောခဲ့ပါပြီ။ (နှာ ၇၂-စသည်မှာ ပြန်ကြည့်ပါ) အဲဒီတုန်းက ဟောခဲ့တဲ့ အတိုင်းဘဲ ကိုယ့်မှာမဖြစ်ဘူးသေးတဲ့အကုသိုလ် သူများ မှာ ဖြစ်နေတာကို မြင်ရ ကြားရ သိရလို့ရှိယင် အဲဒီအကုသိုလ်မျိုး ကိုယ့်မှာ မဖြစ် ရအောင် ရှောင်ကြဉ်ရမယ်။ ဖြစ်ဘူးတဲ့အကုသိုလ်ကိုလဲ တဖန် ဖြစ်ခွင့်မရအောင် ပယ်နိုင်အောင် အားထုတ်ရမယ်။ မဖြစ်ဘူးသေးတဲ့ ဒါနအစရှိသော ကုသိုလ်ကို ဖြစ်အောင် အားထုတ်ရမယ်၊ အထူးအားဖြင့် မဖြစ်ဘူးသေးတဲ့ ဝိပဿနာကုသိုလ် မဂ်ကုသိုလ်များကို ဖြစ်အောင် အားထုတ်ရမယ်။ ဖြစ်ပြီးတဲ့ကုသိုလ်တွေလဲ ဖြစ်မြဲ ဖြစ်နေအောင် ပြည့်စုံသွားအောင် အားထုတ်ရမယ်၊ အထူးအားဖြင့် ဖြစ်ဘူးတဲ့ ဝိပဿနာသမာဓိဉာဏ်တွေ ဆုတ်ယုတ်မသွားအောင် တိုးတက်ပြည့်စုံသွေး အောင် အားထုတ်ရမယ်။

ယခု ဝိပဿနာအလုပ်ကို အားထုတ်နေကြတာဟာ အဲဒီသမ္မပ္ပဓာန်လေးပါးလုံး ပါဝင်နေပါတယ်၊ပါဝင်ပုံကတော့ မရှုမမှတ်ပဲနေယင် မဖြစ်ဘူးသေးတဲ့ အကုသိုလ် အသစ်လဲ ဖြစ်နိုင်တယ်၊ ဖြစ်ဘူးတဲ့အကုသိုလ်မျိုးတွေလဲ တဖန် ဖြစ်နိုင်တယ်၊ ရှုမှတ်နေတော့ အဲဒီရှုမှတ်ဆဲမှာလဲ အဲဒီလို အကုသိုလ်တွေ ဖြစ်ခွင့်မရဘူး၊ ရှုမိတဲ့ အာရုံနဲ့ စပ်ပြီးတော့ မရှုဘဲနေတဲ့အခါလဲ အကုသိုလ်တွေ ဖြစ်ခွင့်မရှိဘူး၊ ကင်းငြိမ်းတယ်၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဖြစ်သေးတဲ့အကုသိုလ်လဲ မဖြစ်ရအောင် အားထုတ်နေသည်မည်တယ်၊ ဖြစ်ဘူးတဲ့အကုသိုလ်ကိုလဲ ပယ်နိုင် အောင် အားထုတ်နေသည်မည်တယ်။ နောက်ပြီးတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဖြစ်ဘူးသေးတဲ့ ဝိပဿနာဉာဏ်ထူးတွေနဲ့ မဂ်ကုသိုလ်တွေဖြစ်အောင် အားထုတ် နေတာလဲ ဟုတ်တယ်၊ ဖြစ်ဘူးတဲ့ ဝိပဿနာကုသိုလ်တွေ, ဝိပဿနာသမာဓိ ဉာဏ်တွေ မဆုတ်ယုတ်ပဲ တည်မြဲတည်နေအောင်, တိုးတက်ပြည့်စုံသွားအောင် အားထုတ်နေတာလဲ ဟုတ်တယ်။ ဒါကြောင့် သမ္မပ္ပဓာန်ကိစ္စလေးပါးလုံး ရှုမှတ်တိုင်း ရှုမှတ်တိုင်း ပါဝင်ပြီးစီးနေပါတယ်။ အဲဒါဟာ သမ္မပ္ပဓာန် ၄-ပါးလုံး ပါဝင်ပုံပါဘဲ။

တချို့က ပျင်းတာနဲ့ ဒါနကုသိုလ်ကိုလဲ ကိုယ်တိုင်မလုပ်ဘူး၊ သူတပါးကို ခိုင်းတယ်၊ ကုသိုလ်ဖြစ်သင့်သလောက် ထက်ထက်သန်သန် မဖြစ်ဘူး၊ ပျင်းတာနဲ့

ဘုရားရှိခိုးတဲ့ ကျင့်ဝတ်လဲ မလုပ်ချင်ဘူး၊ တရားမနာချင်ဘူး၊ တရားစာကို မကြည့်ချင် မဖတ်ချင်ဘူး၊ တရားအားမထုတ်ချင်ဘူး၊ အားထုတ်ပေမဲ့ တင်းတင်းရင်းရင်း အားမထုတ်ဘူး၊ ခပ်ပေါ့ပေါ့ ခပ်မှန်မှန်သာ အားထုတ်နေတယ်၊ အဲဒီလိုဆိုတော့ တရားကလဲ မတိုးတက်နိုင်ဘူး၊ အဲဒါတွေဟာ ကောသဇ္ဇ-ဆိုတဲ့ ပျင်းရိမှုကြောင့် ချို့ယွင်းနေတာတွေပါဘဲ၊ အဲဒါတွေကို ကြည့်ပြီး ငါတို့ကတော့ မပျင်းမရိ အားထုတ်မှုနဲ့ ပြည့်စုံစေမယ်၊ ဒါနကိုလဲ တတ်နိုင်သမျှ မပျင်းမရိ လုပ်မယ်၊ ကိုယ်တိုင်တတ်နိုင်ယင် ကိုယ်တိုင်ဘဲ လုပ်မယ်၊ သီလမှာလဲ သမ္မာအာဇီဝ ပြည့်စုံအောင် လုံ့လစိုက်ထုတ်ပြီး ပစ္စည်းကို တရားသဖြင့် ရှာမယ်၊ ဘုရားရှိခိုးခြင်း အစရှိတဲ့ ကျင့်ဝတ်တွေကိုလဲ အခါအားလျော်စွာ မပျက်မကွက် မပျင်းမရိ ဆောင်ရွက်မယ်၊ တရားကိုလဲ နာကြားမယ်၊ တရားစာပေကိုလဲ အခွင့်ရသလောက် ကြည့်ရှုလေ့လာမယ်၊ ရှုမှတ်မှု ဝိပဿနာကိုလဲ တင်းတင်းရင်းရင်း မနစ်မဆုတ် အားထုတ်မယ်လို့ နှလုံးသွင်းဆောက်တည်ပြီး အားထုတ်ကြရမယ်၊ ကဲ-အဓိဋ္ဌာန်ကို အတိုချုပ်ဆိုကြရမယ်။

(၄၁) သူများတွေက ကုသိုလ်ရေးနှင့်စပ်၍ ပျင်းရိကြမည့်နေရာမှာ ငါတို့ကတော့ မပျင်းမရိ မနစ်မဆုတ် ထက်သန်စွာ အားထုတ်သွားကြမည်၊ကိလေသာ ပါးစေတဲ့အကျင့်ကို ကျင့်မည်။

## ၄၂။ မုဋ္ဌဿစ္စ-သတိလွတ်ခြင်း

ပရေ မုဋ္ဌဿတိ ဘဝိဿန္တိ၊ မယမေတ္ထ ဥပဋ္ဌိတဿတိ ဘဝိဿာ-မာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။မုဋ္ဌဿတိ၊ သတိလွတ်ကုန်သည်၊ ဝါ-အမှတ်မရကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ဥပဋ္ဌိတဿတိ၊ ထင်သောသတိရှိကုန်သည်၊ ဝါ-အမှတ်ရကုန်သည်။ ဘဝိဿာ-မာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

သတိလွတ်တာနဲ့ ပမာဒ-မေ့တာဟာ သဘောအားဖြင့် တူပါတယ်၊ သတိထင်တာနဲ့ အပ္ပမာဒ-မမေ့တာလဲ သဘောအားဖြင့် တူပါတယ်၊ ဒါကြောင့်

ဒီအပိုဒ်၏ အနက်အဓိပ္ပါယ်အကျယ်ကို ပမာဒအပိုဒ်တုန်းက ပြောခဲ့တဲ့အတိုင်းဘဲ မှတ်ယူနိုင်ပါတယ်၊ သတိလွတ်တာဟာ လောကဘက်မှာလဲ ရှိတယ်၊ တရားဘက်မှာလဲ ရှိတယ်၊နှစ်မျိုးလုံးဘဲ မကောင်းဘူး၊အကျိုးမဲ့ ဖြစ်တတ်တာချည်းဘဲ။ ထို့အတူ သတိထင်တာကလဲ လောကဘက်မှာရော တရားဘက်မှာရော ရှိတယ်၊ နှစ်မျိုးလုံးဘဲ ကောင်းတယ်၊ အကျိုးများတာချည်းဘဲ။ ဒါပေမဲ့ ယခု ဒီသုတ်မှာတော့ တရားဘက်က သတိလွတ်တာနဲ့ သတိထင်တာကိုသာ ဟောပါတယ်။

တချို့က ဒါနကုသိုလ်ပြုဘို့ရာ သတိမရဘဲ ရှိနေကြတယ်၊ ပစ္စည်း ဥစ္စာတွေက ပေါပေမဲ့ လှူဒါန်းပေးကမ်းဘို့ သတိမရဘူး၊ သေတဲ့အခါကျတော့ ပစ္စည်းတွေက သူ့နေရာမှာဘဲ ကျန်နေရစ်တယ်၊ အမွေခံတွေက ခွဲဝေပြီး ယူကြတယ်၊ သေသွားတဲ့သူမှာတော့ ဒါနကုသိုလ်တောင် မရှိဘူးဆိုတော့ အားကိုးရာမဲ့ ဒုက္ခရောက်သွားတတ်ပါတယ်။ အဲဒါကြောင့် တတ်စွမ်းနိုင်သမျှ လှူဒါန်း ပေးကမ်းဘို့ သတိထင်စေရမယ်။ တချို့က သီလကျင့်သုံးဘို့ရာ သတိမရဘူး၊ ငါးပါးသီလတောင် ရိုရိုသေသေ မကျင့်ဘူး၊ ဥပုသ်သီလကျင့်ဘို့ရာ သတိမရဘူး၊ ငယ်သေးတယ်ဆိုပြီး ခပ်ပေါ့ပေါ့ဘဲ နေတယ်၊ ရဟန်းထဲမှာလဲ ဒီလို သီလ မရှိသေတာတွေ ရှိတာဘဲ၊ ငယ်ငယ်လဲ သေတတ်တာဘဲ၊ သီလမရှိဘဲ သေယင်တော့ အပါယ်လေးပါး သွားဘို့ဘဲ များပါတယ်။ ဒါကြောင့် ငယ်ပေမဲ့ သီလကို ရိုရိုသေသေ စောင့်သုံးဘို့ သတိပြုသင့်ပါတယ်။ သမထ ဝိပဿနာ ဘာဝနာကို ပွါးများဘို့ကျတော့ အများအားဖြင့် မိမိတို့နှင့် မဆိုင်သလိုဘဲ အမှတ်တမဲ့ ဖြစ်နေတတ်ကြတယ်၊ အတော်အတန် သိနားလည်တဲ့သူတွေကလဲ ငယ်သေးတယ်ဆိုပြီး သတိမပြုဘဲ နေတတ်ကြတယ်၊ ငယ်ငယ်နဲ့ သေသွားယင် ရသင့်တဲ့ တရားတွေမှ ဆုံးရှုံးသွားတာဘဲ။

အထူးအားဖြင့်တော့ ဝိပဿနာက အရေးကြီးပါတယ်၊ ဘုရားသာသနာတော်တွင်းမှာ လူဖြစ်ပါလျက် ဝိပဿနာကုသိုလ်မှ ရမသွားဘူးဆိုယင် သာသနာတော်နှင့် တွေ့ရကျိုးမနပ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒါန သီလ သမထကုသိုလ်ဆိုတာတွေက သာသနာပမှာလဲရှိတယ်၊ဝိပဿနာကတော့ သာသနာပမှာမရှိဘူး၊ ဒါကြောင့်ပါဘဲ။ သာသနာတော်တွင်းမှာတောင်မှ နည်းမှန်လမ်းမှန်နဲ့ ကျကျနန အားထုတ်ဖို့ဆိုတာက သိပ်မလွယ်ပါဘူး၊ တချို့ဟာ အားထုတ်ချင်တဲ့ သမ္မာဆန္ဒ

ရှိပါလျက်နဲ့ ဟောပြောညွှန်ပြမည့်သူမရှိလို့ အားမထုတ်ရဘဲ သေသွားကြရတယ်၊ ဝမ်းနည်းစရာဘဲ။ ဒါကြောင့် ယခုလို အခွင့်ကောင်းကြုံလို့ အားထုတ်နေကြရတာဟာ အင်မတန် ဝမ်းသာစရာ အားတက်စရာ ကောင်းပါတယ်။ အဲဒီလို အခွင့်ရလို့ အားထုတ်နေတဲ့ အခါမှာလဲ မရှုမမှတ်မိဘဲ သတိလွတ်လွတ်သွားတာကလေးတွေက ရှိနေတတ်တယ်၊ အားထုတ်ခါစမှာဆိုယင် သတိလွတ်တာတွေ မမှတ်မိတာတွေက တော်တော်ကို များနေတတ်ပါတယ်၊ အဲဒီလို သတိလွတ်တာ အမှတ်မရတာ မေ့တာတွေကို ရှုမှတ်ပြီး ပယ်သွားဘို့ပါဘဲ၊ အဲဒီလိုရှုမှတ်ပြီး ပယ်သွားလို့ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာတဲ့အခါကျတော့ သတိက အလွန်ကောင်းတယ်၊ ဖြစ်ပေါ်လာသမျှ အာရုံတိုင်းမှာ သတိက ကပ်ပြီး ကျကျနေသလို ထင်နေတယ်၊ မမှတ်နိုင်တာရယ်လို့ မရှိဘူး၊ အကုန်လုံးကိုဘဲ ရှုမှတ်နိုင်တယ်လို့တောင် ထင်ရလောက်အောင် သတိက ကောင်းနေတယ်၊ အဲဒီလို အာရုံတိုင်းကို မလွတ်တမ်း မှတ်နိုင်တာဟာ ဥပဋ္ဌိတဿတိ-ထင်သော သတိရှိနေတာဘဲ၊ အဲဒီလို သတိထင်ခြင်း အမှတ်ရခြင်းဖြင့် သတိလွတ်မှု-အမှတ်လွတ်မှုကို ပယ်သွားကြဘို့ပါဘဲ၊ အဲဒီလို ပယ်သွားယင် နောက်ဆုံးကျတော့ အရိယာမဂ်လေးပါးအထိ ဆိုက်ရောက် သွားကြပါလိမ့်မယ်။ ကဲ အဓိဋ္ဌာန်ဆောင်ပုဒ်ကို အတိုချုပ် ဆိုကြရမယ်။

(၄၂) သူများတွေက ရှုမှတ်မှုမရှိဘဲ သတိလွတ်နေကြမည့်နေရာမှာ ငါတို့ကတော့ ပေါ်လာသမျှကို ရှုမှတ်လျက် သတိထင်စေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်။

အဲဒီလို ရှုမှတ်ပြီး ထင်တဲ့သတိဟာ ရှုသင့်တဲ့အာရုံဆီကို မျက်နှာပြုနေသလိုဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် အဋ္ဌကထာမှာ "စော၊ ထင်သောသတိရှိသော ပုဂ္ဂိုလ်တို့ ဟူသော ဤအမည်သည်။ အာရမ္မဏာဘိမုခပဝတ္တသတီနံ၊ ရှုသင့်သော အာရုံဆီသို့ ရှေးရှုမျက်နှာမူနေသကဲ့သို့ဖြစ်သော သတိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း" လို့ ဖွင့်ပြထားပါတယ်။

အဲဒီမှာ ရှုသင့်တဲ့အာရုံဆိုတာ သတိပဋ္ဌာနသုတ်နှင့်အညီဆိုယင် ကာယ ဝေဒနာ စိတ္တ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်၏ အာရုံ ၄-မျိုးပါဘဲ၊ "သဗ္ဗံ အဘိညေယျံ—

အလုံးစုံကို သိအပ်၏" စသည်ဖြင့် ဟောထားတဲ့ သုတ်တရားတော်များနှင့်အညီ ဆိုယင် ဒွါရ ၆-ပါးက ထင်ရှားပေါ်လာသမျှ ရုပ်နာမ်အာရုံတွေပါဘဲ။ မြင်တဲ့အခါ မြင်ရာဆီ ရှေးရှုပြုပြီး မြင်တယ်လို့ အမှတ်ရတဲ့ သတိ ဖြစ်တယ်၊ ကြားတဲ့အခါ ကြားရာဆီကို ရှေးရှုပြုပြီး ကြားတယ်လို့ အမှတ်ရတဲ့ သတိ ဖြစ်တယ်၊ နံတဲ့အခါ နံရာဆီကို ရှေးရှုပြုပြီး၊ စားသိတဲ့အခါ စားသိရာဆီကို ရှေးရှုပြုပြီး၊ တွေ့ထိတဲ့အခါ ထိသိရာဆီကို ရှေးရှုပြုပြီး အမှတ်ရတဲ့သတိ ဖြစ်တယ်၊ ကြံသိတဲ့အခါ ကြံသိရာဆီကို ရှေးရှုပြုပြီး အမှတ်ရတဲ့သတိ ဖြစ်တယ်၊ ခြင်းခတ်သမားဟာ ခြင်းလုံးလာရာဆီကို လှည့်လှည့်ပြီး ခတ်နေသလိုဘဲ သတိက အာရုံပေါ်ရာဆီကို လှည့်လှည့်ပြီး အမှတ်ရနေတယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် စသည်ဖြင့် မပြတ်ရှုမှတ်နေရာမှာ မြင်မှုထင်ရှားပေါ်လာယင် အဲဒါကိုလဲ မှတ်နိုင်တယ်၊ ကြားမှုပေါ်လာယင် အဲဒါကိုလဲ မှတ်နိုင်တယ်၊ နံမှုကတော့ ပေါ်လာခဲပါတယ်၊ စားနေတဲ့အခါ ပြုပြင်မှု ဝါးမှုတွေကို မှတ်နေရင်း အရသာသိမှုကိုလဲ မှတ်သွားနိုင်တာဘဲ၊ အတွေ့အထိတွေဆိုတာကတော့ တကိုယ်လုံးမှာ နေရာပေါင်းများစွာက အများကြီးဘဲ ပေါ်လာတတ်ပါတယ်၊ အဲဒါတွေကိုလဲ ပေါ်ရာပေါ်ရာဆီကို လှည့်လှည့်ပြီး မှတ်သွားနိုင်တာဘဲ၊ စိတ်ကူး ကြံစည်မှု ပေါ်လာယင်လဲ အဲဒီစိတ်ကူးကို မှတ်နိုင်တာဘဲ၊ မမှတ်နိုင်တာ မေ့သွားတာ ရယ်လို့ မရှိဘူး၊ အဲဒီလို အထူးကောင်းတဲ့ သတိက ဥဒယဗ္ဗယဉာဏ်မှ စပြီး ထင်ရှားတတ်ပါတယ်။

တနည်း ဥပမာအားဖြင့် ပြရလျှင် ခိုတို့ စာကလေးတို့အား ဆန်ပက်ပြီး ကျွေးလိုက်ယင် ခိုတွေ စာကလေးတွေဟာ သူတို့နှုတ်သီးကလေးများနဲ့ ဆန်လုံးရှိရာဆီ လှည့်လှည့်ပြီး ထိုးကောက်ကြတယ်၊ အဲဒါလိုဘဲ သတိကလဲ ဥဒယဗ္ဗယဉာဏ်ရောက်တော့ ပေါ်လာသမျှ အာရုံဆီကို သွားအလိုလို ကျကျသွားသလိုဘဲ မှတ်မိလျက် မှတ်မိလျက် ဖြစ်ဖြစ်နေတယ်၊ အာရုံက အမှတ်သတိရဲ့ရှေ့မှာ လာပေါ်သလို၊ အမှတ်သတိက အာရုံပေါ်ကျကျသွားသလို မှတ်သိလျက် မှတ်သိလျက်ချည်း ဖြဖြစ်နေတယ်၊ မမှတ်မိဘဲ လွတ်သွားတာ မရှိဘူးလို့တောင် ယောဂီက ထင်ရတယ်၊ အဲဒီလို ဖြစ်နေတာဟာ ဥပဋ္ဌိတသတိ–ဆိုတဲ့အတိုင်း ထင်သောသတိ ရှိနေပုံပါဘဲ၊ တကယ်အားထုတ်ယင် ကိုယ်တိုင်ဘဲ တွေ့နိုင်

ပါတယ်၊ မတွေ့ဘူးသေးယင် တွေ့ဘူးအောင် ရှုမှတ်စမ်းကြည့်ကြပေါ့။ ဒီအပိုဒ်ကတော့ တော်လောက်ပါပြီ၊ ဒုပ္ပညတာ–ကို ဟောကြစို့။

## ၄၃။ ဒုပ္ပညတာ—ဝိပဿနာပညာကင်းမဲ့ခြင်း

ပရေ ဒုပ္ပညာ ဘဝိဿန္တိ၊ မယမေတ္ထ ပညာသမ္ပန္နာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ ပညာကင်းမဲ့ကုန်သည်။ (ဒု–သဒ္ဒါက ဒုဋ္ဌ–ဖျက်ဆီးအပ်တယ်–ပျက်စီးတယ်လို့ အနက်ရှိတယ်၊ ပျက်စီးဆိုတာလဲ မရှိတာ–ကင်းမဲ့တာကို ဆိုတာပါဘဲ၊ ပျက်စီးတဲ့ပညာရယ်လို့တော့ မရှိပါဘူး၊ ပညာဆိုတာကလဲ ကမ္မဿကတာပညာစသည်ဖြင့် အမျိုးမျိုးရှိတယ်၊ ဒီနေရာမှာ ဘယ်ပညာကို ဆိုလိုပါသလဲဆိုတော့ ဝိပဿနာပညာကို ယူအပ်ကြောင်း အဋ္ဌကထာက ဖွင့်ပြထားပါတယ်၊ ဒါကြောင့်) ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ ပညင်ကင်းမဲ့ကုန်သည်၊ ဝါ–ဝိပဿနာပညာကင်းမဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာသမ္ပန္နာ၊ ဝိပဿနာပညာနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

သူများတွေက ဝိပဿနာဉာဏ်ပညာ ကင်းမဲ့နေကြလိမ့်မယ်၊ ငါတို့ကတော့ ဒီနေရာမှာ ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံစေမယ်လို့ နှလုံးသွင်းပြီး သလ္လေခအကျင့်ကို ကျင့်ရမယ်တဲ့။ အဲဒီမှာ ဝိပဿနာပညာ ကင်းမဲ့တဲ့သူတွေ ဆိုတာကတော့ အလွန်ဘဲများပါတယ်၊ ဗုဒ္ဓသာသနာတော်မှ အပြင်ကလူတွေဟာ အကုန်လုံး ဝိပဿနာပညာ ကင်းမဲ့နေကြတာဘဲ၊ ဗုဒ္ဓသာသနာတော်တွင်းမှာလဲ သတိပဋ္ဌာနသုတ်နှင့်အညီ အားမထုတ်နိုင်ကြတဲ့ သူတွေဟာ ဝိပဿနာပညာ ကင်းမဲ့နေကြတာဘဲ၊ သတိပဋ္ဌာန်မှာလဲ သမာဓိရရုံလောက် ဈာန်ရရုံလောက် အားထုတ်နေကြတဲ့သူတွေမှာ ဝိပဿနာပညာ ကင်းမဲ့နေတာဘဲ။

## သတိပဋ္ဌာန်ဆိုတာ ဝိပဿနာပြခန်းတယ်

တချို့က "သတိပဋ္ဌာန်ဆိုတာ သတိဘဲ၊ သတိ ဆိုတော့ သမာဓိက္ခန္ဓာထဲက တရားဘဲ၊ သမ္မာဝါယာမ သမ္မာသမာဓိတို့နှင့် တွဲပြီးဖြစ်တဲ့တရားဘဲ၊ ဒါကြောင့် သမာဓိလုပ်ငန်းဘဲ ဝိပဿနာအလုပ် မဟုတ်ဘူး"လို့ ဒီလို ပြောနေကြတယ်။ အဲဒါက သုတ်ဒေသနာဟောထားပုံကို မကြည့်ဘဲနဲ့ သတိပဋ္ဌာန်ဆိုတဲ့ အမည်ကလေးလောက်သာ ကြည့်ပြီး အတ္တနောမတိနဲ့ တွေးခေါ်မှုမျှပါဘဲ။ အမှန်ကတော့ သုတ်၏ ဥဒ္ဒေသဝါရလောက် ကြည့်ယင်ကို "သမ္ပဇာနော–မှန်စွာအပြားအားဖြင့် သိသည်"ဆိုတဲ့စကားကို တွေ့ရပါတယ်၊အဲဒါဟာ ဝိပဿနာပညာပါဘဲ။ နောက်ပြီးတော့ နိဒ္ဒေသဝါရတွေကို လိုက်ကြည့်ယင် "သမုဒယဓမ္မာနုပဿီ ဝါ–ဖြစ်ခြင်းသဘော ဖြစ်ကြောင်းတရားကို ရှုမြင်သည်ဖြစ်၍ နေတယ်" ဆိုတာကိုလဲ တွေ့ရမယ်၊ "ဝယဓမ္မာနုပဿီ ဝါ–ပျက်ခြင်းသဘော–ပျက်ကြောင်းတရားကို ရှုမြင်သည်ဖြစ်၍ နေတယ်"ဆိုတာကိုလဲ တွေ့ရမယ်၊ သမထဘာဝနာအရာမှာ ဖြစ်ခြင်း–ပျက်ခြင်း၊ ဖြစ်ကြောင်း ပျက်ကြောင်းကို ရှုမြင်ရိုး မရှိဘူး၊ တကြံ့တည်းတည်နေတဲ့ အာရုံနိမိတ်ကိုသာ ရှုမြင်ရိုးရှိတယ်၊ နောက်ပြီးတော့"အနိဿိတော စ ဝိဟရတိ–တဏှာ ဒိဋ္ဌိအမှီကင်းလျက် နေတယ်"ဆိုတာကိုလဲ တွေ့ရမယ်၊ "နစ ကိဉ္စိ လောကေ ဥပါဒိယတိ–လောက၌ တစုံတခုသောတရားကိုမျှ မစွဲလမ်းတော့ဘူး"ဆိုတာကိုလဲ တွေ့ရမယ်၊ သမထဘာဝနာအရာမှာ တဏှာဒိဋ္ဌိ အမှီကင်းတာ၊ အစွဲအလမ်းကင်းတာရယ်လို့ မရှိဘူး၊အမှန်စင်စစ်အားဖြင့် ဖြစ်ခြင်း–ပျက်ခြင်း၊ ဖြစ်ကြောင်း ပျက်ကြောင်းကို ရှုမြင်တာဟာ ဝိပဿနာအရာမှာမှ ရှိတယ်၊ တဏှာဒိဋ္ဌိအမှီကင်းတာ၊ အစွဲအလမ်းကင်းတာဟာလဲ ဝိပဿနာအရာမှာမှ ရှိတယ်။ ဒါကြောင့် သမထပိုင်းဖြစ်တဲ့ အာနာပါနပိုင်း ပဋိက္ကူလ မနသိကာရပိုင်းများမှာတောင်မှ သမထသက်သက်အတွက် မဟုတ်ဘူး၊ သမထအခြေခံပြီး ဝိပဿနာရှုတတ်ဖို့ ရည်ရွယ်ပြီး ဟောထားကြောင်း ထင်ရှားပါတယ်၊ ဝိပဿနာပိုင်းများဖြစ်တဲ့ ဣရိယာပထပိုင်း သမ္ပဇညပိုင်း စသည်မှာတော့ အထူးပြောစရာမလိုပါဘူး၊ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာပိုင်းတွေမှာတော့ သမထစျာန်နှင့် ဘာမျှမသက်ဆိုင်တဲ့အတွက် ဝိပဿနာသက်သက်ဖြစ်ကြောင်း သာပြီးတော့တောင် ထင်ရှားပါသေးတယ်။

## ခွေးသိ လူသာမန်သိ မဟုတ်

ဒါပေမဲ့ မြတ်စွာဘုရား၏အလိုတော်မသိတဲ့လူတွေက "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ–သွားလျှင်မူလည်း သွားသည်ဟု သိ၏" စသည်ဖြင့် ဟောထားတဲ့ စကားတော်ကို အထင်သေးဘွယ်ရာ ရှိနေပါတယ်၊ ဘယ်လိုလဲဆိုတော့– "ကိုယ့်ဟာကိုယ် သွားနေတာကို လူတိုင်း လူတိုင်း သိနေတာချည်းဘဲ၊ လူတွင် တောင် မဟုတ်သေးဘူး၊ ခွေး မြေခွေးစသော တိရစ္ဆာန်များတောင် သိ နေမှာဘဲ၊ ဒီတော့ သွားလျှင် သွားသည်ဟု သိတယ်လို့ ဟောတာဟာ ဘာမျှ ထူးခြားခြင်းမရှိဘူး" လို့ ထင်မြင်စရာရှိပါတယ်။ အဲဒီလို အထင်အမြင်သေးမဲ့ သူတွေကို သိနားလည်စေဘို့ အဌကထာမှာ "ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ" စသည် ဖြင့် ဖြေရှင်းပြထားပါတယ်။ အဲဒီ အဌကထာစကားဟာ ဘုရားဟော ပါဠိ တော်ကို ပြင်တာလဲ မဟုတ်ဘူး၊ ဖြည့်စွက်တာလဲ မဟုတ်ဘူး၊ အမှန်ကတော့ ဘုရားအလိုတော်ကို ဖော်ပြပြီး ထောက်ခံတာဘဲ။

## အဌကထာ၌ ရှင်းလင်းပြပုံ

ရှင်းလင်းပြပုံကတော့ ကိုယ်သွားနေယင် သွားတယ်လို့ လူတိုင်းဘဲ သိကြ တယ်မဟုတ်ပါလား၊ လူတွင်တောင်မကသေးဘူး၊ ခွေး မြေခွေးများတောင် သိကြမယ် မဟုတ်ပါလားလို့ မေးလျှင်၊ သိကြပါတယ်လို့ဘဲ ဖြေရပါလိမ့်မယ်။ ဒါဖြင့် သတိပဋ္ဌာန်ပါဠိတော်အရ သွားလျှင် သွားတယ်လို့ ရှုမှတ်ပြီး သိတာဟာ မရှုဘဲ အလိုလိုသိနေတာနဲ့ အတူတူပင် မဖြစ်ပေဘူးလား၊ ခွေး မြေခွေးတို့၏ အသိနဲ့လဲ တူမနေပေဘူးလားလို့လဲ ထပ်ဆင့်ပြီး မေးစရာရှိပါတယ်။ အဖြေ ကတော့ မတူပါဘူး၊ ပြောင်းပြန်ကွဲလွဲ ကွာခြားနေပါတယ်၊ ကွာခြားပုံကတော့ ရှုမှတ်မှုမရှိတဲ့ သာမန်လူတွေရော ခွေး မြေခွေးအစရှိတဲ့ တိရစ္ဆာန်တွေရော သွားတိုင်း ခြေလှမ်းတိုင်းလဲ မသိကြဘူး၊ သွားချင်တဲ့စိတ်ကြောင့် လှုပ်ရှားမှု အဆင့်ဆင့် ဖြစ်သွားတာကိုလဲ မသိကြဘူး၊ သွားစ လှမ်းစမှာဖြစ်စေ၊ အလယ် ပိုင်းမှာဖြစ်စေ၊ အဆုံးပိုင်းမှာဖြစ်စေ တခါတရံမျှ တခဏကလေးမျှသာ သိကြပါ လိမ့်မယ်၊ အများအားဖြင့်တော့ ကိုယ်တိုင်သွားနေတာကို အမှတ်မရဘဲ တခြား

တပါးကိုသာ စိတ်ကူးစဉ်းစားပြီး သွားနေတာကသာ အတိုင်းမသိ အလွန်များ နေပါလိမ့်မယ်၊ ကိုယ်သွားနေတာကို တခါတရံ အမှတ်ရပြန်ယင်လဲ အမြဲတည်ရှိ နေတဲ့ ငါကောင်အနေနဲ့သာ သိကြတယ်၊ မသွားမီက စိတ်နှင့် ရုပ်ကိုယ်ကဘဲ သွားနေတယ်လို့လဲ ထင်ကြတယ်၊ သွားနေတုန်းကရှိခဲ့တဲ့ စိတ်နှင့် ရုပ်ကိုယ်ကဘဲ နေရာအသစ်သို့ ရောက်လာတယ်လို့လဲ ထင်ကြတယ်၊ မသွားမီကရော သွားဆဲ မှာရော သွားပြီးတဲ့အခါရော ငါတကိုယ်တည်း တကောင်တည်း တယောက် တည်းဘဲလို့သာ ထင်ကြတယ်၊ အဲဒီလို မထင်ကြပေဘူးလား ထင်ကြပါတယ်၊ ဒါကြောင့် ရှုမှတ်ခြင်းမရှိဘဲ အလိုလိုဖြစ်နေတဲ့ အဲဒီအသိမျိုးက သတ္တဝါကောင် အတ္တကောင် ငါကောင်လို့ ထင်မြင်စွဲလမ်းတဲ့ အယူများကို မပယ်နိုင်ဘူး၊ တိုးပြီးတော့တောင် ခိုင်မြဲစေသေးတယ်၊ အဲဒီလို ပကတိအသိဟာ ကမ္မဋ္ဌာန်းလဲ မမည်ဘူး၊ သတိပဋ္ဌာန်ဘာဝနာလဲ မဖြစ်ဘူး။ ဒါကြောင့် "သွားလျှင်မူလည်း သွားသည်ဟု သိ၏" စသည်ဖြင့် ဟောထားတဲ့စကားတော်ဟာ အဲဒီ အလိုလို ဖြစ်နေတဲ့ သာမန်အသိမျိုးကို မရည်ရွယ်ပါဘူးတဲ့။

## ရှုမှတ်သူ၏ သိမြင်ပုံ

သွားတိုင်း ကြွတိုင်း လှမ်းတိုင် ချတိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီကတော့ သမာဓိဉာဏ် ရင့်လာတဲ့အခါမှာ သွားချင်တဲ့စိတ်ကိုလဲ ရုပ်နှင့် မရောဘဲ သီးသန့် ပိုင်းခြားပြီး သိတယ်၊ တောင့်တင်းတွန်းကန်မှု ရွေ့ရှားမှုရုပ်ကိုလဲ စိတ်နှင့် မရောဘဲ သီးသန့်ပိုင်းခြားပြီး သိတယ်၊ သွားချင်တဲ့စိတ်အဆင့်ဆင့်ကြောင့် တောင့်တင်းတွန်းကန်မှု ရွေ့ရှားမှုအဆင့်ဆင့် ဖြစ်ပေါ်လာတာကိုလဲ ကိုယ်တိုင် တွေ့ပြီးသိတယ်၊ သွားချင်တဲ့စိတ်အဆင့်ဆင့်နဲ့ တွန်းကန်ရွေ့ရှားမှုအဆင့်ဆင့် မျှသာ ရှိတာကိုလဲ ရှင်းလင်းစွာ သိတယ်၊ သွားချင်တဲ့စိတ်များက ရွေ့ရှားမှုသို့ မရောက်ပဲ၊ ရှေးရှေးရွေ့ရှားမှုများကလဲ နောက်နောက် ရွေ့ရှားမှုများသို့ မရောက်ပဲ သူ့အခိုက်အတန့်နှင့်သူ ပျောက်ပျောက်သွားတာကိုလဲ ကိုယ်တိုင်တွေ့ ပြီးသိတယ်၊ ခြေတလှမ်းတလှမ်းအတွင်းမှာ ၆-ပိုင်းဖြစ်ဖြစ်၊ အဲဒါထက် အများ ဖြစ်ဖြစ် အပိုင်းအပိုင်း ပြတ်ပြတ်ပြီး ပျောက်ပျောက်သွားတာကိုလဲ ရှုမှတ်နေ ရင်းဘဲ ထင်ရှားသိသိသွားတယ်။

## မေးခွန်း ၃-ခု ပြေလည်အောင်သိတယ်

ဒါကြောင့် (၁) ကော ဂစ္ဆတိ-ဘယ်သူသွားသလဲ သွားတတ်တဲ့အတ္တကောင် ရှိသလား၊ (၂) ကဿ ဂမနံ-ဘယ်သူ၏ သွားမှုလဲ သွားမှု၏ပိုင်ရှင် အတ္တကောင် ရှိသလား၊ (၃) ကိံ ကာရဏာ ဂစ္ဆတိ-ဘယ်အကြောင်းကြောင့် သွားသလဲဆိုတဲ့ မေးခွန်း ၃-ခုကို ပြေလည်စေနိုင်အောင် အသိအမြင် ရှင်းသွားတယ်။ ရှင်းပုံ ကတော့—

(၁) သွားချင်တဲ့စိတ်နဲ့ တွန်းကန်ရွေ့ရှားမှု အဆင့်ဆင့်မျှသာ ဖြစ်ပျက် သွားတာကို ထင်ရှားတွေ့ရတဲ့အတွက် သွားတတ်တဲ့အတ္တကောင် ငါကောင် ရယ်လို့ မရှိဘူး၊ သွားချင်တဲ့စိတ်နဲ့ တွန်းကန်ရွေ့ရှားမှု ရုပ်အပေါင်းမျှသာ ရှိတာဘဲလို့ သိမြင်သဘောကျသွားတယ်၊ အဲဒါဟာ ဘယ်သူသွားသလဲဆိုတဲ့ ပဌမမေးခွန်းကို ပြေလည်စေနိုင်အောင် သိခြင်းပါဘဲ။

(၂) အဲဒီလိုသိတဲ့အတွက် သွားမှု၏ပိုင်ရှင် အတ္တကောင် ငါကောင်ဆိုတာ မရှိဘူးလို့လဲ သိမြင်သဘောကျသွားတယ်၊ အဲဒါက ဘယ်သူ၏သွားမှုလဲဆိုတဲ့ ဒုတိယမေးခွန်းကို ပြေလည်စေနိုင်အောင် သိခြင်းပါဘဲ။

(၃) နောက်ပြီးတော့ သွားချင်တဲ့စိတ်အဆင့်ဆင့်ကြောင့် သွားမှု-တွန်းကန် လှုပ်ရှားမှု-ရုပ်အပေါင်းမျှသာရှိတယ်လို့ အသိရှင်းနေတဲ့အတွက် သွားအောင် ပြုလုပ်ဖန်ဆင်းပေးတဲ့ အခြားအကြောင်းရယ်လို့ မရှိဘူး၊ သွားချင်တဲ့စိတ် အဆင့်ဆင့်နဲ့ တွန်းကန်လှုပ်ရှားမှု (ဝါယော) ရုပ်အဆင့်ဆင့်ကြောင့် သွားမှု ဖြစ်နေတယ်ဆိုတာကိုလဲ ရှင်းလင်းစွာ သိတယ်၊ အဲဒါက ဘယ်အကြောင်း ကြောင့် သွားသလဲဆိုတဲ့ တတိယမေးခွန်းကို ပြေလည်စေနိုင်အောင် သိခြင်း ပါဘဲ။

## နာမရူပပရိစ္ဆေဒဉာဏ်လဲ ဖြစ်တယ်

ဒါကြောင့် သွားတိုင်း ကြွတိုင်း လှမ်းတိုင်း ချတိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ "သွားလျှင်မူလည်း သွားသည်ဟု သိ၏" စသည်ဖြင့် ဟောထားတဲ့ သတိပဋ္ဌာနသုတ်တရားတော်နှင့်အညီ ဝိပဿနာပညာတွေ ဖြစ်ပွါးနေတယ်၊

အဲဒီ ဝိပဿနာအသိဉာဏ်တွေနဲ့ သွားနေတာဘဲ၊ ရှုမှတ်ခြင်းမရှိဘဲ အလွတ်သွားနေတဲ့သူတွေကတော့ ခွေး မြေခွေးစသည်တို့၏ အသိမျိုးနဲ့ သွားနေကြတာဘဲ၊ အဲဒီလိုပုဂ္ဂိုလ်တွေမှာ နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်တောင် မဖြစ်ဘူး၊ မပြတ်ရှုမှတ်ပြီးသွားနေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ်အားရှိလာတဲ့ အခါမှာ အောက်ထစ်ဆုံးအားဖြင့် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ တောင့်တင်းလှုပ်ရှားရုပ်နဲ့ မှတ်သိတဲ့စိတ်နာမ်- ဒီရုပ်နာမ် ၂-ပါးမျှသာ ရှိတယ်လို့သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်တယ်၊ အဲဒီအောက်ထစ်ဆုံး ဝိပဿနာဉာဏ်ကစပြီး ပြည့်စုံစေဘို့ရာ မြတ်စွာဘုရားက——

ပရေ၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်ခြင်းမရှိသော အခြားပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ ဝိပဿနာပညာကင်းမဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာသမ္ပန္နာ၊ သွားဆဲ၌ "သွားတယ် သွားတယ်" ဟု ရှုမှတ်သဖြင့် "သွားရုပ်-တောင့်တင်းလှုပ်ရှားရုပ်က တခြား မှတ်သိတဲ့စိတ်က တခြား" ဟုပိုင်းခြား၍သိသော နာမရူပပရိစ္ဆေဒဉာဏ်ပညာနှင့်ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-လို့ ဟောတော်မူပါတယ်။

အဲဒီသွားဆဲခဏမှာလိုဘဲ ရပ်ဆဲ ထိုင်ဆဲ လျောင်းဆဲခဏတွေမှာလဲ ရပ်တယ် ထိုင်တယ် လျောင်းတယ်လို့ မပြတ်ရှုမှတ်နေယင် အောက်ထစ်ဆုံးအားဖြင့် တောင့်တင်းတွန်းကန်ရုပ်အဆင့်ဆင့်နှင့် မှတ်သိတဲ့စိတ်ကို ပိုင်းခြားပြီး သိရတယ်၊ ထို့အတူ ကွေးခြင်း ဆန့်ခြင်းအစရှိတဲ့ ကိုယ်အမူအရာ တစုံတခုကို ပြုဆဲမှာလဲ ကွေးတယ် ဆန့်တယ် လှုပ်ရှားတယ် စသည်ဖြင့် ရှုမှတ်နေယင် တောင့်တင်းလှုပ်ရှားရုပ်နှင့် မှတ်သိတဲ့စိတ်ကို ပိုင်းခြားပြီး သိရတယ်၊ ထို့အတူပင် ဝမ်းဗိုက်၏ ဖောင်းဆဲ ပိန်ဆဲမှာ ဖောင်းတယ် ပိန်တယ်လို့ မပြတ်မှတ်နေယင် သမာဓိဉာဏ်အားရှိလာတဲ့အခါ တောင့်တင်းလှုပ်ရှားရုပ်နှင့် မှတ်သိတဲ့စိတ်ကို ပိုင်းခြားပြီး သိရတယ်၊ ကိုယ်အမူအရာဟူသမျှကို မှတ်တိုင်းမှတ်တိုင်း ကိုယ်ရုပ်နှင့်အသိစိတ်ကို ပိုင်းခြားပြီး သိရတယ်၊ အဲဒါဟာ ရုပ်နှင့်နာမ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ဘဲ၊ ကိုယ်တိုင်တွေ့ပြီး သဘောကျတဲ့ ကိုယ်ပိုင်အသိဉာဏ်ဘဲ၊ ဒီကိုယ်ပိုင်အသိဉာဏ်က ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်မှ ဖြစ်တယ်၊ ကြံတွေးကြည့်ရုံနဲ့တော့

မဖြစ်ဘူး၊ "လောကီစိတ် ၈၁-ခုနဲ့ စေတသိက် ၅၂-ခုက နာမ်, ရုပ် ၂၈-ခုက ရုပ်၊ ဒီနာမ်ရုပ် ၂-ပါးမျှသာ ရှိတယ်"လို့ ဒီလို ဆင်ခြင်ကြံတွေးကြည့်တာကတော့ သညာသိဘဲ၊ ကိုယ်ပိုင် ဉာဏ်ပညာသိ မဟုတ်ဘူး၊ စဉ်းစားကြည့်ပါ– လောကီစိတ် ၈၁-ခုဆိုတာ ဘယ်ကစိတ်တွေလဲ၊ မိမိသန္တာန်မှာ အကုန်လုံးဖြစ်ဘူးရဲ့လား၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခုဆိုတာ ရူပါဝစရ အရူပါဝစရ ဗြဟ္မာတွေရဲ့ သန္တာန်မှာသာ ရှိတယ်၊ မဟဂ္ဂုတ် ကုသိုလ် ကြိယာစိတ်တွေဆိုတာ ဈာန်ရပုဂ္ဂိုလ်တွေ သန္တာန်မှာသာ ရှိတယ်၊ ကာမာဝစရကြိယာ ဇောစိတ်တွေတောင်မှ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာသာ ရှိတယ်၊ မိမိသန္တာန်မှာ မရှိတဲ့ အဲဒီစိတ်တွေကို အမှန်တကယ်သိနိုင်ပါ့မလား၊ ရုပ် ၂၈-ခုထဲမှာလဲ ဣတ္ထိဘာဝရုပ်ဆိုတာ မိန်းမတို့ သန္တာန်မှာသာ ရှိတယ်၊ အဲဒီရုပ်ကို ယောကျ်ားတွေက ကိုယ်တိုင် တွေ့အားဖြင့် သိနိုင်ပါ့မလား၊ အဲဒီလို မသိနိုင်တာတွေကို ဆင်ခြင်ပြီး သိတာဟာ ပရမတ်အစစ်ကို သိတာဟုတ်ပါ့မလား၊ အမည်ပညတ်လောက် သိနေတာ မဖြစ်ပေဘူးလား။ "ပရမတ်တရားတို့၏ အမည်ပညတ်မျှကိုသာ သိခြင်းဖြစ်ပါတယ်"လို့ ရိုးသားစွာ ဖြေရပေလိမ့်မည်။ အဲဒီလို ပညတ်ကို သိရုံနဲ့ နာမရူပပရိစ္ဆေဒဉာဏ်အစစ် မဖြစ်ဘူးဆိုတာကတော့ ရှင်းနေပါပြီ။ ဒါကြောင့် ဖြစ်ခိုက် ရုပ်နာမ်ကို မရှုမမှတ်တဲ့သူတွေမှာ အောက်ဆုံးအခြေခံ ဝိပဿနာပညာဖြစ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်တောင် မရှိနိုင်ဘူး၊ ဝိပဿနာပညာ ကင်းမဲ့နေကြတယ်၊ အဲဒီလို ဝိပဿနာပညာ ကင်းမဲ့နေကြရာမှာ ငါတို့ကတော့ နာမရူပပရိစ္ဆေဒဉာဏ်ပညာနှင့် ပြည့်စုံစေမယ်လို့ နှလုံးသွင်းပြီး အားထုတ်သွားကြဘို့ပါဘဲ။ ဒီဉာဏ်နဲ့ ပြည့်စုံပြီး ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလဲ အများပုဂ္ဂိုလ်တွေမှာ မပြည့်စုံတဲ့ ဝိပဿနာပညာနှင့် ပြည့်စုံရပါပေတယ်လို့ နှလုံးသွင်းပြီး ဝမ်းမြောက်ကြဘို့ပါဘဲ၊ ဝမ်းမြောက်ပြီး တိုးတက်သွားအောင် အားထုတ်သွားကြဘို့ပါဘဲ။

## ပစ္စယပရိဂ္ဂဟဉာဏ်လဲ ဖြစ်တယ်

အဲဒီလို ဆက်လက်ပြီး ရှုမှတ်အားထုတ်သွားယင် သိရတဲ့ရုပ်နာမ်ရဲ့အကြောင်းများကိုပါ တွေ့ပြီး သိလာတယ်၊ အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေတာကို သဘောပေါက်လာတယ်၊ ဘယ်လိုလဲဆိုယင်– အစပဌမတုန်းက ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း မှတ်နိုင်အောင် အင်မတန် ကြိုးစားရတယ်၊ မမှတ်မိဘဲ

လွှတ်သွားတာ မေ့သွားတာတွေကဘဲ များနေတယ်၊ သမာဓိဉာဏ် တဆင့်တိုး တက်ပြီး ရင့်လာတဲ့အခါကျတော့ ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်းလဲ မှတ်မိ တယ်၊ မကွေးမီ မဆန့်မီ မလှုပ်ရှားမီက ဖြစ်ပေါ်လာတဲ့အကြောင်းကိုပါ မှတ်နိုင် တယ်၊ထိုင်နေရင်း ဖောင်းတယ် ပိန်တယ်လို့ မှတ်နေရာမှာ တနေရာရာက ယားလာ တတ်တယ်၊ အဲဒါကို ယားတယ် ယားတယ်လို့ မှတ်ရပြန်တယ်၊ အဲဒီလို မှတ်နေ ရင်း အယားဖျောက်ချင်တဲ့စိတ်က ပေါ်လာပြန်ဘယ်၊ အဲဒါကို ဖျောက်ချင် တယ် ဖျောက်ချင်တယ်လို့ မှတ်နေရင်း လက်ကြွချင်တဲ့စိတ် ဖြစ်လာတယ်၊ အဲဒီ ကြွချင်တဲ့စိတ်ကို မှတ်ပြီးတော့မှ ကြွလာတာ ရွေ့လာတာ ကွေးတာ ဆန့်တာကို မှတ်ရတယ်၊ အဲဒီတော့ ကွေးချင်တဲ့စိတ်ကြောင့် ကွေးရုပ် ဖြစ်ရတယ်၊ ဆန့် ချင်တဲ့စိတ်ကြောင့် ဆန့်ရုပ် ဖြစ်ရတယ်၊ လှုပ်ချင်တဲ့ စိတ်ကြောင့် လှုပ်ရုပ်ဖြစ်ရ တယ် – ဆိုတာကို ရှုမှတ်နေရင်းဘဲ သဘောကျပြီး သိလာတယ်။ ထို့အတူ သွားတဲ့အခါလဲ သွားချင်တဲ့စိတ်ကြောင့် သွားရုပ် ကြွရုပ် လှမ်းရုပ် ချရုပ် ဖြစ်ရတယ် ဆိုတာကိုလဲ သိတယ်၊ ထိုင်တဲ့အခါ ရပ်တဲ့အခါတွေမှာလဲ ထိုင်ချင်တဲ့ စိတ်ကြောင့် ထိုင်ရုပ် ဖြစ်ရတယ်၊ ရပ်ချင်တဲ့စိတ်ကြောင့် ရပ်ရုပ် ဖြစ်ရတယ် ဆိုတာကိုလဲ သိရတယ်၊ ကိုယ်အမူအရာ တစုံတခုကို ပြုပြင်တိုင်း ပြုပြင်ချင်တဲ့ စိတ်ကြောင့် ပြုပြင်မှုရုပ် ဖြစ်ရတယ် ဆိုတာကိုလဲ သိတယ်။ အဲဒါဟာ စိတ် အကြောင်းကြောင့် ရုပ်ဖြစ်ပုံကို သိတာဘဲ။

နောက်ပြီးတော့ မြင်တဲ့အခါမှာ မြင်တယ် မြင်တယ်လို့ မှတ်နေရင်း မျက်စိ ရှိလို့ မြင်တယ်၊ အဆင်းရှိလို့ မြင်တယ်၊ နှလုံးသွင်းမှုရှိလို့ မြင်တယ် စသည်ဖြင့် မြင်သိမှု၏ အကြောင်းများကို သိတယ်။ ဒါကတော့ ဒေသနာအစဉ်အရ ပြောရတာပါဘဲ၊ ယောဂီအနေနဲ့ကတော့ ကြားရာက စပြီး သိတတ်ပါတယ်၊ ကြားတယ် ကြားတယ်လို့ မှတ်နေရင်း နားရှိလို့ ကြားတယ်၊ အသံရှိလို့ ကြား တယ်၊ နှလုံးသွင်းမိလို့ ကြားတယ် စသည်ဖြင့် ကြားသိမှု၏ အကြောင်းများကို သိတယ်၊ မကြားလိုတဲ့ ကြမ်းတမ်းတဲ့အသံကို ကြားရတဲ့အခါ သာပြီး ထင် ရှားတတ်တယ်၊ နားကလဲ ရှိ, အဲဒီကြမ်းတဲ့အသံကလဲ ထင်ရှားရှိနေတော့ မကြားချင်လို့ကို မရဘူး၊ ကြား ကြားသွားတာဘဲ၊ ဒါကြောင့် ကြားစရာ အသံရှိလို့ ကြားရတယ် ဆိုတာဟာ သာပြီး ထင်ရှားပါတယ်။ ထို့အတူ

နှာခေါင်းကလဲ ရှိလို့ အနံ့ကလဲ ရှိလို့ နံရတယ်၊ လျှာကလဲ ရှိလို့ အရသာကလဲ ရှိလို့ အရသာသိရတယ်၊ ကိုယ်ရုပ်ကလဲ ရှိလို့ တွေ့ထိစရာကလဲ ရှိလို့ ထိသိရတယ် စသည်ဖြင့်လဲ သိတယ်။

နောက်ပြီးတော့ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်နေရင်း အပြင် ထွက်ဖို့ရာ စိတ်ညွတ်မှုက ဖြစ်လာတတ်တယ်၊ အဲဒါကို မရှုမှတ်နိုင်လို့ရှိယင် စိတ်ကူးကြံစည်မှုတွေ ဖြစ်သွားတယ်၊ တခါတရံမှာ အပြင်ထွက်ဖို့ စိတ်ညွတ် လိုက်တာနဲ့ အဲဒါကို မှတ်နိုင်တယ်၊ အဲဒါကို မှတ်ပြီးတော့ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် မှတ်နေကျ အခြေမပျက်ပဲ မှတ်သွား နိုင်တယ်။ အဲဒီအခါမှာ (အယောနိသော မနသိကာရ ခေါ်တဲ့) စိတ်ဦးကလေး ညွတ်မိလို့ စိတ်ကူး ကြံစည်မှု ဖြစ်တယ်၊ အဲဒီ စိတ်ဦးကို မှတ်မိတဲ့ (ယောနိသော မနသိကာရ ခေါ်) အသိဉာဏ်ကြောင့် အပြင်ထွက်မည့် စိတ်ကူးကြံစည်မှု မဖြစ်ရဘဲ ငြိမ်းသွား တယ် စသည်ဖြင့် စိတ်ကူးကြံစည်မှု၏ အကြောင်းကိုလဲ သိတယ်။ ဖောင်းတယ် ပိန်တယ် ထိုင်တယ် စသည်ဖြင့် မှတ်နေရင်း တစုံတခုကို နှလုံးသွင်းမိယင် အဲဒီ နှလုံးသွင်းမိရာသို့ စိတ်က ရောက်သွားတယ်၊ အဲဒါကို မှတ်သိရတဲ့အခါမှာ နှလုံးသွင်းမှုရှိလို့ စိတ်ကူးဖြစ်ရတယ်လို့လဲ သိရတယ်။ တခါတရံမှာ မှတ်စရာ အာရုံမရှိလို့ မမှတ်ပဲ ရပ်နေရတဲ့အခါလဲ ရှိတတ်တယ်၊ အဲဒါက ဖောင်းမှု ပိန်မှု မထင်ရှားဘဲ ရှိနေတဲ့အခါ၊ ကိုယ်ကြီးပါ ပျောက်နေတဲ့အခါ အဲဒီလို အခါမျိုးမှာ မကျွမ်းကျင်သေးတဲ့ ပုဂ္ဂိုလ်က မှတ်စရာမရှိဘူးလို့ ထင်တတ်ပါ တယ်၊ နောက် မှတ်စရာပေါ်လာတဲ့အခါကျမှ မှတ်သွားရတယ်၊ အဲဒီလိုအခါ မှာ မှတ်စရာ အာရုံရှိလို့ မှတ်သိမှု ဖြစ်ရတယ်လို့လဲ သိတယ်၊ လေ့ကျင့်သွား ရလာတဲ့အခါကျတော့ ဘယ်အရာကိုမဆို မှတ်နေရင်း မှတ်သိစရာ အာရုံရှိလို့ မှတ်ရတယ်လို့လဲ သိတယ်။

နောက်ပြီးတော့ ရှေးဘဝကအကြောင်းကံရှိလို့ ယခုဘဝမှာ ရုပ်နာမ်တွေ မပြတ်ဖြစ်နေတယ်လို့လဲ ဆင်ခြင်ပြီးတော့ သိတယ်။ သိပုံတွေကတော့ အလွန် ကျယ်ဝန်းပါတယ်၊ ဒီမှာ သိလွယ်တာ အနည်းငယ်လောက်ကိုသာ ထုတ်ပြပါ တယ်။ အဲဒီလို ရှုမှတ်နေရင်း အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေတာကို တွေ့ရတော့ အကြောင်းအကျိုး ရုပ်နာမ်မျှသာရှိတယ်လို့ သိမြင်သဘောကျ

သွားတယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဘဲ။ ဒီဉာဏ်ကလဲ ဆင်ခြင်ကြည့်ရုံ သက်သက်နဲ့တော့ မပြည့်စုံနိုင်ဘူး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သင့်သမျှ တွေ့ပြီးမှ ပြည့်စုံနိုင်တယ်။ ဒါကြောင့်—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ ဝိပဿနာပညာ ကင်းမဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာ-သမ္ပန္နာ၊ အကြောင်းအကျိုး ရုပ်နာမ်မျှသာ ရှိသည်ဟု သိသော ပစ္စယပရိဂ္ဂဟဉာဏ်ပညာနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-လို့–

ဟောထားတဲ့အတိုင်း ဒီ ပစ္စယပရိဂ္ဂဟဉာဏ်နှင့်လဲ ပြည့်စုံအောင် အားထုတ်ကြရမယ်။

## စူဠသောတာပန်

အကျိုးကတော့ ဒီဉာဏ်နှင့် ပြည့်စုံယင်ပင် ဂတိမြဲဘယ်၊ စူဠသောတာပန် မည်တယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ ဒါပေမဲ့ ဒီလောက်နဲ့လဲ အားရနေဘို့ မဟုတ်သေးဘူး၊ ဆက်ပြီး ရှုမြဲ ရှုမှတ်သွားရဦးမယ်။

## သမ္မသနဉာဏ်လဲ ဖြစ်တယ်

အဲဒီလို ရှုမှတ်သွားယင်၊ ရှုမှတ်ရတဲ့ ရုပ်နာမ်ရဲ့ အစပိုင်း ဖြစ်ပေါ်လာမှုကိုလဲ သိရတယ်၊ အလယ်ပိုင်းကိုလဲ သိရတယ်၊ အဆုံးပိုင်း ပျောက်ကွယ်သွားတာကိုလဲ သိရတယ်၊ သိပုံကတော့ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် မှတ်နေရင်း တနေရာရာကို စိတ်ကူးက ရောက်သွားတယ်၊ အဲဒီ စိတ်ကူးကို ရောက်တယ် ရောက်တယ်လို့ မှတ်လိုက်ယင် ပျောက်သွားတာကို ထင်ရှားသိရတယ်၊ အယင်ကဆိုယင် စိတ်ကူးကို ပေါ်လျှင် ပေါ်ချင်း မမှတ်နိုင်ဘူး၊ ဒါကြောင့် အစပေါ်လာမှုကို ထင်ရှားမတွေ့ရဘူး၊ ယခုတော့ ပေါ်လာသည်နှင့် တပြိုင်နက်လိုပင် မှတ်နိုင်တယ်၊ ဒါကြောင့် အစပိုင်း ပေါ်လာပုံကိုလဲ သိရတယ်၊ ပျောက်ကွယ်သွားတဲ့ အဆုံးပိုင်းကိုလဲ သိရတယ်၊ နှစ်ကြိမ် သုံးကြိမ် ဆက်ပြီးမှတ်ရတဲ့ အခါ အလယ်ပိုင်းကိုလဲ သိရတယ်၊ အဲဒီလို သိရတဲ့အတွက် ပေါ်လာပြီးတော့

ပျောက်သွားလို့ မမြဲဘူးဆိုတာကိုလဲ သိမြင်သဘောကျလာတယ်။ သို့သော်လဲ စိတ်ကူးကြံစည်မှုကတော့ တကြိမ်လောက် မှတ်ရုံနဲ့ ပျောက်သွားတာကဘဲ များပါတယ်။

နောက်ပြီးတော့ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် မှတ်နေရင်း တနေရာရာက ညောင်းမှု ပူမှု နာကျင်မှု ယားမှု တခုခုဖြစ်လာတတ်တယ်၊ အဲဒီတော့ ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ်၊ နာတယ် နာတယ် စသည်ဖြင့် မှတ်ရတယ်၊ အဲဒါတွေကတော့ အကြိမ်တော်တော်များများမှတ်မှ ပျောက်သွားတတ်တယ်၊ အဲဒီမှာလဲ အစပေါ်လာမှုရော တဖြည်းဖြည်း လျော့လျော့သွားတဲ့ အလယ်ပိုင်းရော လုံးဝပျောက်သွားတဲ့ နောက်ဆုံးပိုင်းရော အကုန်းလုံး ထင်ရှား တွေ့ရတယ်၊ အဲဒီတော့ အဲဒီ ဒုက္ခဝေဒနာတွေကိုလဲ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူးဆိုတာ သိရတယ်။

နောက်ပြီးတော့ ထင်ပေါ်လာတဲ့ အာရုံနိမိတ်တွေဟာလဲ မှတ်နေရင်း သေးသေး မှေးမှေး ပြီးတော့ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒီမှာတော့ သစ်ပင် တောတောင် လူ နတ် ရဟန်း ဘုရား အစရှိသော အာရုံနိမိတ်တွေက ပညတ်ပါဘဲ၊ အဲဒီ အာရုံနိမိတ်တွေကို မြင်နေတဲ့စိတ်ကတော့ ပရမတ်ပဲ၊ အဲဒီ မြင်တဲ့စိတ် ပျောက်သွားတာကို သိရတာပါဘဲ၊ ဒါကြောင့် အဲဒီလို အာရုံနိမိတ်တွေကို ရှုမှတ်ရာမှာလဲ ပေါ်လာပြီး ပျောက်သွားလို့ မမြဲဘူးဆိုတာ သိရတယ်။

သွားနေတဲ့ အခါလဲ ခြေတလှမ်းက တလှမ်းသို့ မရောက်ပဲ ပျောက်ပျောက် သွားတာကို တွေ့ရတယ်၊ ခြေတလှမ်းအတွင်းမှာလဲ ကြွတာက တပိုင်း လှမ်းတာက တပိုင်း ချတာက တပိုင်း ပြတ်ပြတ်ပြီးထင်တယ်၊ ဒါကြောင့် အဲဒီ သွားရာမှာလဲ တပိုင်းက တပိုင်းသို့ မရောက်ပဲ ပျောက်ပျောက်သွားလို့ မမြဲဘူးဆိုတာ သိရတယ်၊ ဖောင်းတယ် ပိန်တယ်လို့ မှတ်နေရာမှာလဲ ဖောင်းတာက တပိုင်း ပိန်တာက တပိုင်း ပြတ်ပြတ်ပြီးထင်တယ်၊ ဒါကြောင့် အဲဒီလို မှတ်နေရင်းလဲ ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားလို့ မမြဲဘူးဆိုတာသိရတယ်။

ဘယ်ဟာကိုဘဲမှတ်မှတ် မှတ်ရတဲ့အာရုံနဲ့ မှတ်စိတ် အံကျကိုက်နေတဲ့အခါ မှတ်နေရင်း ပျောက်ပျောက်သွားတာကို တွေ့ရတဲ့အတွက် မမြဲဘူး မမြဲဘူးလို့

သဘောကျကျသွားတယ်၊မှတ်နေဆဲအာရုံကိုမမြဲဘူးလို့ကောင်းကောင်းသဘော ကျတဲ့အခါမှာ ရှေးက မြင်ခဲ့ ကြားခဲ့ သိခဲ့တာတွေလဲ ဒီလို မမြဲတာတွေချည်းဘဲ၊ နောင်လဲ ဒီလို မမြဲတာတွေချည်း ဖြစ်မှာဘဲလို့လဲ သုံးသပ်ဆင်ခြင်မိတယ်၊ သူတပါး သန္တာန်မှာလဲ ဒီလို မမြဲတာတွေချည်းဘဲလို့ သုံးသပ်ဆင်ခြင်တယ်၊ တလောက လုံးမှာလဲ မမြဲတာတွေချည်းဘဲလို့ သုံးသပ်ဆင်ခြင်တယ်၊ သမ္မသနဉာဏ်ဘဲ။ မမြဲတာကိုသိမြင်တော့ နှစ်သက်သာယာဘွယ်မရှိတဲ့ ဆင်းရဲဘဲလို့လဲ သဘောကျ သွားတယ်၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ သဘောတရားမျှဘဲ အနတ္တ ဘဲလို့လဲ သဘောကျသွားတယ်၊ သမ္မသနဉာဏ်တွေပါဘဲ။ အနိစ္စ ဒုက္ခ အနတ္တ သဘောကို တွေ့မြင်ခါစမှာ သဘောကျကျပြီး ထပ်ကာထပ်ကာ သုံးသပ်ဆင် ခြင်နေတတ်လို့ ဒီဉာဏ်ကို သမ္မသနဉာဏ်လို့ခေါ်တယ်၊ ဒီဉာဏ်ဟာ ဝိပဿနာ ဉာဏ် ၁၀-ပါးထဲက အစဆုံးဉာဏ်ဘဲ၊ ဒီဉာဏ်နဲ့လဲ ပြည့်စုံဘို့ လိုပါတယ်။ ဒါကြောင့် –

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ဝိပဿနာပညာကင်းမဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာသမ္ပန္နာ၊ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဆင်းရဲ အစိုးမရ အနတ္တဟု သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ပညာနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-လို့——

ဟောထားတဲ့ အတိုင်း အဲဒီ ဉာဏ်နဲ့ ပြည့်စုံအောင်လဲ အားထုတ်ကြရမယ်။ ဒါပေမဲ့ အဲဒီဉာဏ်လောက်နဲ့လဲ အားရမနေရသေးဘူး၊ ဆက်ပြီး ရှုမှတ်သွား ရဦးမယ်။

## ဥဒယဗ္ဗယဉာဏ်လဲ ဖြစ်တယ်

မသုံးသပ်မဆင်ခြင်တော့ဘဲ ပေါ်လာသမျှကို ရှုမှတ်ရုံသာ ဆက်ပြီး မပြတ် ရှုမှတ်သွားယင် အမှတ်အသိတွေက သူ့ဟာသူ ပေါ့ပါးလျင်မြန်လာတယ်၊ အထူး ကြောင့်ကြမပြုရဘဲ လွယ်လွယ်ကူကူနဲ့ အမှတ်အသိကလေးတွေ အစဉ်မပြတ်

ဖြစ်နေတယ်၊ မှတ်ရတဲ့အာရုံတွေရဲ့ အဖြစ်အပျက်ဟာလဲ လျင်မြန်စွာ ထင်ရှား ပေါ်နေတယ်၊ ပေါ်ပြီးပျောက် ပေါ်ပြီးပျောက်နဲ့ အဖြစ်နဲ့အပျက်သာ ထင်ရှား တယ်၊ အလယ်ပိုင်းရယ်လို့ မတွေ့ရဘူး၊ အဲဒီလို အဖြစ်နဲ့အပျက် အစနဲ့ အဆုံး ကိုသာ တွေ့သိနေတာဟာ ဥဒယဗ္ဗယဉာဏ်ဘဲ။

အဲဒီလိုအခါမှာ အမှတ်သတိနဲ့ အသိဉာဏ်က အလွန် လျင်မြန်နေတယ်၊ မှတ်သိစရာအာရုံတွေကလဲ လျင်လျင်မြန်မြန် ပေါ်ပေါ်ပေးနေသလို ဖြစ်နေ တယ်။ အဲဒီလို မြန်မြန်ပေါ်လာတဲ့အာရုံတွေကိုလဲ အကုန်လုံးလိုက်ပြီး မှတ်သိ နိုင်တယ်၊ မမှတ်နိုင်တာ မသိနိုင်တာ မရှိဘူးလို့တောင် ထင်ရတတ်တယ်၊ အရောင် အလင်းတွေကိုလဲ ထူးထူးခြားခြား တွေ့ရတတ်တယ်၊ ကိုယ်ထဲမှာ ဖြိုးဖြိုးဖျန်းဖျန်း နဲ့ တစိမ့်စိမ့် တငြိမ့်ငြိမ့်နဲ့ ဝမ်းမြောက်တက်ကြွတဲ့ ပီတိတွေကလဲ အလွန်အကဲ ဖြစ် နေတတ်တယ်၊ ယောဂီက အင်မတန်ဝမ်းသာပြီး ပျော်နေတတ်တယ်။ အဲဒီလို အထူးတွေဟာ ဝိပဿနာရဲ့ အရသာတွေဘဲ၊ ဥဒယဗ္ဗယဉာဏ်ရောက်ယင် တွေ့ရ စမြဲဘဲ၊ တရားအားထုတ်ပါလျက် ဒီလို အရောင်အလင်း ပီတိအစရှိတဲ့ အထူး တွေကို မတွေ့ရသေးယင် ဒီဥဒယဗ္ဗယဉာဏ်ကို မရောက်သေးလို့ဘဲ။ အားထုတ် တဲ့နည်းက မမှန်ယင်လဲ ဒီဉာဏ်ကို မရောက်နိုင်ဘူး၊ တနာရီလောက် အားထုတ် လိုက် ၂-နာရီ ၃-နာရီလောက် နားနေလိုက်နဲ့ အဲဒီလို သက်သက် သာသာ အားထုတ်နေယင်လဲ ဒီဉာဏ်ကို မရောက်ဘဲ ရှိနေတတ်တယ်။ အိပ်ချိန်လောက် ချန်လှပ်ပြီး နေ့ရောညပါ မပြတ်မစဲ ရှုမှတ် အားထုတ်မှ ဒီဉာဏ်ကို ရောက်တတ် တယ်၊ ဒီဉာဏ်ရောက်ယင် အထက် မဂ္ဂဉာဏ်အထိ ရောက်ဖို့ရာလဲ သေချာ နေပါပြီ၊ ဒါကြောင့်—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ဒုပ္ပညာ၊ ဝိပဿနာပညာကင်းမဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္တ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာသမ္ပန္နာ၊ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ်ပညာနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-လို့—

ဟောတော်မူတဲ့ ဩဝါဒနှင့် အညီ ဒီ ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံ အောင်လဲ အားထုတ်ကြရမယ်။ ဒီဉာဏ်ရောက်ယင်တော့ ဝမ်းမြောက်ဝမ်းသာစရာ အထူး

တွေ့ကို တွေ့ရတဲ့အတွက် ယုံကြည်မှုသဒ္ဓါတရားဟာ အလွန်အကဲဖြစ်တော့တာဘဲ၊ ဒီသဒ္ဓါတရားအထူး ဖြစ်ပေါ်လာတဲ့အတွက်လဲ ဂတိမြဲကြောင်း ပိုပြီးစိတ်ချရတယ်။ မြတ်စွာဘုရားက မူလပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမသုတ်(၁၉၅) မှာ—

## သဒ္ဓါဖြစ်လျှင် နတ်ပြည်ရောက်နိုင်သည်

ယေသံ မယိ သဒ္ဓါမတ္တံ ပေမမတ္တံ၊ သဗ္ဗေ တေ သဂ္ဂပရာယနာ–
လို့ ဟောထားပါတယ်။

ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ မယိ၊ ငါဘုရား၌။ သဒ္ဓါမတ္တံ၊ ယုံကြည်မှုသဒ္ဓါတရားမျှသည်။ ပေမမတ္တံ၊ ကြည်ညိုမှုမျှသည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ သဗ္ဗေ တေ၊ သဒ္ဓါတရားမျှဖြစ်ပေါ်သော ထိုပုဂ္ဂိုလ်အလုံးစုံတို့သည်။ သဂ္ဂပရာယနာ၊ နတ်ပြည်လျှင် လားရာရှိကုန်၏–တဲ့

အဲဒီပါဠိတော်ကို အဋ္ဌကထာက ဒီလို ဖွင့်ပြထားပါတယ်။

> ယေသံ မယိ သဒ္ဓါမတ္တံ ပေမမတ္တန္တိ ဣမိနာ ယေသံ အညော အရိယဓမ္မော နတ္ထိ၊ တထာဂတေ ပန သဒ္ဓါမတ္တံ ပေမမတ္တမေဝ ဟောတိ၊ တေ ဝိပဿကပုဂ္ဂလာ အဓိပ္ပေတာ၊ ဝိပဿကဘိက္ခူနဉှိ ဧဝံ ဝိပဿနံ ပဋ္ဌပေတွာ နိသိန္နာနံ ဒသဗလေ ဧကာ သဒ္ဓါ ဧကံ ပေမံ ဥပ္ပဇ္ဇတိ၊ တာယ သဒ္ဓါယ တေန ပေမေန ဟတ္ထေ ဂဟေတွာ သဂ္ဂေ ဌပိတာ ဝိယ ဟောန္တိ။

ယေသံ မယိ သဒ္ဓါမတ္တံ ပေမမတ္တန္တိ ဣမိနာ၊ ပေမမတ္တံ ဟူသော ဤစကားဖြင့်။ တေ ဝိပဿကပုဂ္ဂလာ၊ ထိုဝိပဿနာရှုသော ပုဂ္ဂိုလ်တို့ကို။ အဓိပ္ပေတာ၊ အလိုရှိကုန်၏။ (ဘယ်လို အခြေအနေရှိတဲ့ ပုဂ္ဂိုလ်တွေလဲလို့ဆိုတော့) ယေသံ၊ အကြင်ဝိပဿနာရှုသော ပုဂ္ဂိုလ်တို့အား။ အညော၊ ဝိပဿနာနှင့် သဒ္ဓါမှတပါးသော။ အရိယဓမ္မော၊ အရိယမဂ်ဖိုလ် တရားသည်။ နတ္ထိ၊ မရှိသေးပေ။ ပန၊ စင်စစ်သော်ကား။ တထာဂတေ၊ မြတ်စွာဘုရား၌။ သဒ္ဓါမတ္တံ၊ ယုံကြည်ရုံမျှသည်သာလျှင်။ ပေမမတ္တံ၊ ကြည်ညိုရုံမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်လျက်ရှိပေ၏။

(အဲဒီလို ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားဖြစ်ကာမျှ ဝိပဿနာရှုသူပုဂ္ဂိုလ်များကို ရည်ပြီးတော့ ဟောပါတယ်-တဲ့၊ အဲဒီသဒ္ဓါတရားက ဘယ်လိုအခါမှာ ဖြစ်တတ်ပါသလဲ၊ ဘယ်ပုံဘယ်နည်းဖြင့် နတ်ပြည်သို့ ရောက်စေတတ်ပါသလဲလို့ဆိုတော့) ဟိ၊မှန်ပေ၏။ ဝိပဿကာဘိက္ခုနံ၊ ဝိပဿနာရှုသော ရဟန်းတို့အား။ ဝေါဟာရသုတ်၌ မြတ်စွာဘုရား ဟောတော်မူခဲ့သည့် အတိုင်း။ ဝိပဿနံ၊ ဝိပဿနာဉာဏ်ကို။ ပဋ္ဌပေတွာ၊ ဖြစ်စေကုန်လျက်။ နိသိန္နာနံ၊ နေကုန်စဉ်။ (ဝိပဿနာဉာဏ်ဖြစ်နေစဉ်မှာလို့ ဆိုလိုပါတယ်) ဒသဗလေ၊ မြတ်စွာဘုရား၌။ ကော သဒ္ဓါ၊ တခုသော သဒ္ဓါတရားသည်။ ကော် ပေမံ၊ တခုသော ကြည်ညိုမှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ (ဝိပဿနာရှုတဲ့သူဆိုတာ မူလကတည်းက ဘုရားကို ကြည်ညိုတဲ့ သဒ္ဓါတရား ရှိခဲ့ပြီးပါဘဲ၊ယခု သဒ္ဓါကြည်ညိုမှု ဖြစ်တယ်ဆိုတာကတော့ ဝိပဿနာဉာဏ်ထူး ဖြစ်ပေါ်လာတဲ့အတွက် ထက်သန်တဲ့ယုံကြည်မှု ကြည်ညိုမှု ထပ်ပြီး ဖြစ်တာကို ဆိုလိုပါတယ်၊ဒီသဒ္ဓါဟာ အောက်ဉာဏ်များ အခိုက်အတန့်တုန်းကလဲ ဖြစ်တတ်တာပါဘဲ၊ ဒါပေမဲ့ သိပ်မထင်ရှားတတ်ဘူး၊ ဒီဥဒယဗ္ဗယဉာဏ်ကျတော့ အလွန် ထင်ရှားပါတယ်၊ ဒါကြောင့် ဒီဉာဏ်အရာမှာ ဒီပါဠိအဋ္ဌကထာကို ထည့်သွင်းပြီး ပြောပါတယ်။) ဝိပဿနံ ပဋ္ဌပေတွာ နိသိန္နာနံ၊ ဝိပဿနာဉာဏ်ကို ဖြစ်စေလျက် နေကုန်စဉ်။ ဒသဗလေ၊ မြတ်စွာဘုရားအပေါ်၌။ ကော သဒ္ဓါ ကော် ပေမံ၊ တခုသော သဒ္ဓါကြည်ညိုမှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တာယ သဒ္ဓါယ၊ ထိုသဒ္ဓါတရားက။ တေန ပေမေန၊ ထိုကြည်ညိုမှုက။ ဟတ္ထေ ဂဟေတွာ၊ လက်၌ ဆွဲကိုင်၍။ သဂ္ဂေ ဌပိတာ ဝိယ၊ နတ်ပြည်၌ တင်ပို့ပေးအပ်ကုန်ဘိသကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဲဒီသဒ္ဓါတရားက နတ်ပြည်ရောက်အောင် လက်ဆွဲပြီး တင်ပေးလိုက်သလိုပါဘဲတဲ့၊ အားရစရာမကောင်းဘူးလား။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ် ၂-ခု စီထားတယ်– "ဝိပဿနာ၊ ရှုသူမှာ၊ သဒ္ဓါဖြစ်ပေါ်သည်။ လက်ကိုဆွဲကာ၊ ပုံပမာ၊ နတ်ရွာ သူပို့သည်"တဲ့။ အဲဒါကို ဆိုကြရမယ်။

ဝိပဿနာ၊ ရှုသူမှာ၊ သဒ္ဓါ ဖြစ်ပေါ်သည်။

လက်ကို ဆွဲကာ၊ ပုံပမာ၊ နတ်ရွာ သူပို့သည်။

အဲဒီလို သဒ္ဓါအထူးနှင့် ပြည့်စုံတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်ကို ရှေးဆရာများက စူဠသောတာပန်လို့ ခေါ်ကြတယ် ဆိုတဲ့အကြောင်းလဲ အဲဒီအဋ္ဌကထာမှာ ပြဆိုထားပါတယ်။ ရှေ့နားပိုင်း ပစ္စယပရိဂ္ဂဟဉာဏ်အရာတုန်းက ဝိသုဒ္ဓိမဂ်မှာပြထားတဲ့ စူဠသောတာပန်အကြောင်းကို ပြောခဲ့တယ်၊ အဲဒီ ဝိသုဒ္ဓိမဂ်ဟာလဲ ဒီပါဠိအဋ္ဌကထာကိုဘဲ မှီငြမ်းပြုပြီးတော့ ပြဆိုထားတာ ဖြစ်ဟန်ရှိပါတယ်။ ဒါပေမဲ့ ဒီဥဒယဗ္ဗယဉာဏ်လောက်နဲ့လဲ အားရမနေရသေးဘူး၊ ဆက်ပြီး ရှုမှတ်သွားရဦးမယ်။

## ဘင်္ဂဉာဏ်လဲ ဖြစ်တယ်

အဲဒီလို ဆက်ပြီး ရှုမှတ်သွားယင် အရောင်အလင်း ပီတိ သုခ အစရှိသောအတွေ့အထူးတွေက တဖြည်းဖြည်း လျော့လျော့ပြီးတော့ ပျောက်ကွယ်သွားတယ်၊ အဖြစ်အပျက်ကလေးများကို ရှေးထကက်ပိုပြီး ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း တွေ့ရ သိရတယ်၊ အဲဒီလိုသိပြီးတဲ့နောက် မှတ်ရတဲ့ သဘောတရားတွေဟာ အစဖြစ်မှု မထင်ရှားဘဲ လျင်မြန်စွာ ကွယ်ပျောက် ကွယ်ပျောက် သွားကြတာကိုသာ တွေ့နေရတယ်၊ မမှတ်ခင်ကပင် ပျောက်ပျောက်နေနှင့်သလိုလို့ မှတ်သိမှုက နောက်ကျနေသလိုလိုလဲ ဖြစ်နေတတ်တယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် ကွေးတယ် ဆန့်တယ် စသည်ဖြင့် ရှုမှတ်ရာတွေမှာလဲ ဗိုက်ပုံသဏ္ဌာန် ကိုယ်ပုံသဏ္ဌာန် လက်ခြေပုံသဏ္ဌာန် မထင်ဘူး၊ ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတဲ့သဘောသာ ထင်တယ်၊ မှတ်သိရတဲ့အာရုံတွေဟာ တနေရာမှ တနေရာသို့ ပြောင်းရွှေ့ခြင်းမရှိဘဲ သူ့နေရာမှာသာ ချက်ခြင်း ပျောက်ပျောက်သွားကြတာကိုသာ တွေ့ရတယ်၊ မှတ်တိုင်း မှတ်တိုင်း မှတ်သိရတဲ့အာရုံရော မှတ်သိမှုရော အစုံလိုက် အတွဲလိုက် ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ အဲဒါဟာ အပျက်သက်သက်ကိုသာ တွေ့မြင်တဲ့ **ဘင်္ဂဉာဏ်**ဘဲ၊ အဲဒါဟာ တမင်ကြံတွေးသိရတာ မဟုတ်ဘူး၊ မှတ်ရင်း မှတ်ရင်း သူ့အလိုလို သိသိနေတာဘဲ၊ ဥပမာ–ကွေးတယ် ကွေးတယ်လို့ မှတ်ယင် လက်ပုံသဏ္ဌာန်ကိုလဲ မတွေ့ရဘူး၊ တရွေ့မှ တရွေ့သို့လဲ မရောက်ဘူး၊ ရွေ့ရှားတဲ့ရုပ်ရော မှတ်သိတဲ့စိတ်ရော အပိုင်းအပိုင်း ပြတ်ပြတ်ပြီး တရိပ်ရိပ်နဲ့ ပျောက်ပျောက် သွားတာကိုသာ တွေ့နေရတယ်၊ ဖောင်းတယ် ပိန်တယ်လို့ မှတ်ရာမှာလဲ ဒီအတိုင်းဘဲ ဗိုက်ပုံသဏ္ဌာန် ကိုယ်ပုံ

သဏ္ဍာန် မထင်ဘူး၊ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ အဲဒီလို မှတ်တိုင်း မှတ်ဘိုင်း မှတ်သိရတာရော မှတ်သိတာရော ပျောက်ပျောက် သွားတာကိုချည်း တွေ့နေရတဲ့အတွက် မြဲတယ် ကောင်းတယ် အတ္တကောင်ဘဲလို့ စွဲလမ်းစရာအကြောင်း ဘာမှမရှိတော့ဘူး၊ မမြဲတာတွေချည်းဘဲ၊ ဆင်းရဲတရားတွေချည်းဘဲ၊ အတ္တမဟုတ်တဲ့ သဘောတရားတွေချည်းဘဲလို့ ကောင်းကောင်းကြီး သိမြင်သဘောကျလာတယ်၊ ဒါကြောင့် "မြဲတယ်လို့ ထင်မှတ်တဲ့သညာ, ချမ်းသာတယ် ကောင်းတယ်လို့ ထင်မှတ်တဲ့သညာ, အတ္တကောင် ငါကောင်လို့ ထင်မှတ်တဲ့သညာ-ဒီလို အထင်မှား အမှတ်မှားတွေကို ဒီ ဘင်္ဂဉာဏ်ကျမှ ကောင်းကောင်းကြီးပယ်နိုင်တယ်၊ပဟာနပရိညာပြည့်စုံတယ်" လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ ဒီ ဘင်္ဂဉာဏ်နဲ့လဲ ပြည့်စုံအောင် အားထုတ်ဖို့ရာ ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက——

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ ဝိပဿနာပညာ ကင်းမဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာသမ္ပန္နာ၊ မှတ်တိုင်း မှတ်တိုင်း အာရုံရော အသိရော ပျက်ပျက်သွားသည်ကို သိမြင်သည့် ဘင်္ဂဉာဏ်ပညာနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-လို့ ဟောတော်မူခဲ့ပါတယ်။

## ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်များလဲ ဖြစ်တယ်

အဲဒီဘင်္ဂဉာဏ် ရောက်ယင်တော့ တော်တော်စိတ်ချရပြီ၊ အဲဒီအတိုင်း ဆက်လက်ပြီး ရှုမှတ်သွားယင် ဖြစ်သင့်တဲ့ဉာဏ်တွေ အစဉ်အတိုင်း ဖြစ်သွားတော့မှာဘဲ၊ အပျက်တွေချည်း မြင်နေရတော့ ကြောက်ဖွယ်ထင်လာမယ်၊ ဘယ-ဉာဏ်ဘဲ။ အပြစ်မြင်လာမယ်၊ အာဒီနဝဉာဏ်ဘဲ။ အပြစ်မြင်ယင် ငြီးငွေ့တော့တာဘဲ၊ ယခုလူတွေ ကိုယ့်ဘဝကလေး ကိုယ့်အခြေအနေကလေးနဲ့ ပျော်နေကြတာဟာ အပြစ်မမြင်လို့ပါဘဲ၊ "ဒီဘဝမှာလဲ ခဏမစဲ ပျက်နေတယ်၊ နောက်နောက်ဘဝတွေမှာ ဒီလိုဘဲ ခဏမစဲ ပျက်နေမယ်" ဆိုတာကို မြော်တွေးပြီး အပြစ်မြင်မယ်ဆိုယင် ဘယ်ဘဝမှာမှ မပျော်နိုင်ဘူး၊ ငြီးငွေ့ကုန်မှာချည်းဘဲ၊

အဲဒီလို အပြစ်မြင်ပြီး ငြီးငွေ့တာက နိဗ္ဗိဒါဉာဏ်-တဲ့၊ ဒီဉာဏ်ကလဲ အရေးကြီး ပါတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့ သုတ္တန်တရားတွေမှာ အပြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ မြင်ပုံကို ပြပြီးတဲ့နောက်မှာ "ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ-ဤ ဆိုခဲ့သည့်အတိုင်း မြင်တဲ့သူဟာ ရုပ်၌လည်း ငြီးငွေ့၏" စသည်ဖြင့် ဒီနိဗ္ဗိဒါဉာဏ်ကိုသာ ပြပြီး တော့ "နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ငြီးငွေ့လျှင် တပ်စွဲမှုကင်းလျက် မဂ်ဉာဏ်ဖြစ်တယ်"လို့ မဂ်ဉာဏ်ဖြစ်ပုံကို ဆက်ပြသွားပါတယ်။ ဘင်္ဂဉာဏ် အစရှိတဲ့ ရှေ့ပိုင်းက ဉာဏ် များကိုရော, မုဉ္စိတုကမျတာ ဉာဏ်အစရှိတဲ့ နောက်ပိုင်း ဝိပဿနာဉာဏ်များ ကိုရော, ဒီ နိဗ္ဗိဒါဉာဏ်ထဲမှာ ထည့်သွင်းပြီး ဟောတော်မူတယ်-လို့ ယူရပါ တယ်။ ဒါကြောင့် ဒီ နိဗ္ဗိဒါဉာဏ် နှင့် ပြည့်စုံစေဘို့ရာလဲ ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ ဝိပဿနာပညာ ကင်းမဲ့ကုန် သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာသမ္ပန္နာ၊ ခဏမစဲ တပျက်ထဲ ပျက်နေသည်ကို ‌တွေ့ရသဖြင့် အပြစ်မြင်၍ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်နှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-လို့ ဟောတော်မူခဲ့ပါတယ်။

## မုဉ္စိတုကမျတာ ပဋိသင်္ခါ သင်္ခါရုပေက္ခာဉာဏ်များလဲ ဖြစ်တယ်

အဲဒီလို ငြီးငွေ့လာယင်တော့ ရုပ်နာမ်တွေ, ဘဝတွေကို ဆုပ်ကိုင်သိမ်းပိုက် မထားလိုတော့ဘူး၊ စွန့်လွှတ်ချင်တော့တာဘဲ၊ အဲဒါက မုဉ္စိတုကမျတာဉာဏ်ဘဲ။ စွန့်လွှတ်ချင်တော့ စွန့်လွှတ်နိုင်အောင် တဖန်ဆက်ပြီး ရှုမှတ်သွားရတယ်၊ ပဋိသင်္ခါဉာဏ်ဘဲ။ တဖန်ရှုလို့ သမာဓိဉာဏ် အားပြည့်တဲ့အခါ ပေါ်လာသမျှ သင်္ခါရတွေကို လျစ်လျူရှုနိုင်တယ်၊ အထူး ကြောင့်ကြမစိုက်ရဘဲ သိရုံ သိရုံမျှ သူ့အလိုလို သိသိသွားနေတယ်၊ အဲဒါ သင်္ခါရုပေက္ခာ ဉာဏ်ဘဲ၊ ဒီဉာဏ်နဲ့လဲ ပြည့်စုံစေဘို့ရာ ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဒုပ္ပညာ၊ ဝိပဿနာပညာကင်းမဲ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ပညာသမ္ပန္နာ၊ ပေါ်လာသမျှကို သိရုံ သိရုံမျှ လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ပညာနှင့် ပြည့်စုံကုန်သည်။ ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–လို့ ဟောတော်မူခဲ့ပါတယ်။

ဒီဉာဏ်ရောက်တော့ အစ လေး ငါး ဆယ်ချက်လောက်ပဲ ကြောင့်ကြစိုက်ပြီး မှတ်လိုက်ရတယ်၊ အဲဒီကနောက်ကျတော့ အထူးကြောင့်ကြမစိုက်ရဘဲ ပေါ်လာသမျှကို သိရုံသိရုံမျှကလေး သူ့ဟာသူ သိသိသွားနေတယ်၊ ပျောက်ပျောက်ကုန်ကုန်သွားတာကလေးတွေကို သိရုံသိရုံမျှ သိသိ သွားနေတယ်၊ နှစ်နာရီ သုံးနာရီကြာအောင်လဲ အရှိန်မပျက် သိသိသွားနေတတ်တယ်။ အဲဒီလောက် ကြာပေမဲ့လဲ ညောင်းခြင်း ပူခြင်း နာကျင်ကိုက်ခဲခြင်း မရှိဘူး။ အနေအထိုင်လဲ မူလကအတိုင်းဘဲ၊ အခြေမပျက်ဘူး၊ မူလက ရောဂါဝေဒနာရှိနေတောင် အဲဒီ အတောအတွင်းမှာတော့ မပေါ်လာဘူး၊ တချို့ရောဂါတွေဟာ ပျောက်ကင်းတောင် သွားတတ်သေးတယ်၊ ဒီဉာဏ်က အင်မတန်ကောင်းတဲ့ ဉာဏ်ပါဘဲ၊ ဒီဉာဏ်အားပြည့်တဲ့အခါ အနုလောမဉာဏ်ဆိုတာ ဖြစ်ပေါ်ပြီး အရိယာမဂ် ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့ရတော့တာဘဲ။

ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ယခုဘဝတွင် မျက်မှောက်သိမြင်ချင်လို့ရှိယင်၊ နာမ်နှင့် ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်မှ စပြီး ဒီသင်္ခါရုပေက္ခာ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်များနှင့်ပြည့်စုံအောင် အားထုတ်ရမယ်၊ အဲဒီ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းဖြစ်ပေါ်စေရန် ဒွါရ ၆-ပါးက ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို အမှန်အတိုင်းသိအောင် ရှုမှတ်ရမယ်။ အဲဒီလို မရှုမမှတ်နိုင်တဲ့သူတွေမှာ မသိတဲ့ အာရုံတိုင်း အာရုံတိုင်း၌ မောဟ ကိလေသာမီး ကိန်းကိန်း သွားတယ်၊ အကြောင်း ညီညွတ်တဲ့အခါ ထပြီး တောက်လောင်လိမ့်မယ်၊ မောဟကိန်းတော့ လောဘ ဒေါသမီးတွေလဲ ကိန်း သွားကြတာဘဲ၊ အကြောင်းညီညွတ်တဲ့အခါ အဲဒီအာရုံတွေကို ပြန်လည်စဉ်း စားပြီးတော့ လိုချင်နှစ်သက်မှုလောဘမီးလဲ လောင်လိမ့်မယ်၊ စိတ်ဆိုးပြစ်မှားတဲ့

ဒေါသမီးလဲ လောင်လိမ့်မယ်၊ အဲဒီ လောဘ ဒေါသ မောဟတွေကို အစွဲ ပြုပြီးတော့ အကုသိုလ်ကံ ကုသိုလ်ကံတွေလဲ ဖြစ်လိမ့်မယ်၊ အဲဒီ ကံတွေက အကျိုးပေးတဲ့အခါ ဘဝအသစ်ဖြစ်မှု ဇာတိမီးလဲ လောင်လိမ့်မယ်၊ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ မီးတွေလဲ လောင်လိမ့် မယ်၊ အဲဒီ မီးတွေဟာ မရှုမမှတ်တဲ့သူမှာ မြင်ရာကလဲ လောင်တယ်၊ ကြားရာ နံရာ စားရာ တွေ့ထိရာ ကြံသိရာတွေကလဲ လောင်တယ်။ ဒါကြောင့် မြတ်စွာ ဘုရားက စက္ခု အာဒိတ္တံ ရူပါ အာဒိတ္တာ–မျက်စိကိုလဲ မီးလောင်တယ်၊ မြင်ရတဲ့ အဆင်းတို့ကိုလဲ မီးလောင်တယ်–စသည်ဖြင့် အာဒိတ္တသုတ်မှာ ဟောတော်မူ ပါတယ်။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှကို ရှုမှတ်ပြီး ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံနေတဲ့ ယောဂီမှာတော့ အဲဒီမီးတွေ အကုန်ငြိမ်းတယ်။ ဒါကြောင့် မရှုမမှတ်သဖြင့် ရုပ်နာမ်တရားတွေကို အမှန် အတိုင်း မသိတဲ့ (ဒုပ္ပညတာ–ဝိပဿနာပညာ ကင်းမဲ့ခြင်းဆိုတဲ့) မောဟမီးကို (ရှုမှတ်ပြီးသိတဲ့) ဝိပဿနာပညာရေစင်ဖြင့် ငြိမ်းသတ်မည်လို့လဲ အဓိဋ္ဌာန်ပြုကြ ရမယ်၊ ဒီအပိုင်ကတော့ အရေးကြီးတယ်၊ ဒါကြောင့် ငါးဝါရလုံးဘဲ အပြည့် အစုံ ဆိုကြရမယ်။

## ၄၃။ အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်ခြင်းမရှိဘဲ ဝိပဿနာပညာ ကင်းမဲ့ ကြမည့်နေရာမှာ ငါတို့ကတော့ ဖြစ်ခိုက်ရုပ်နာမ်ကိုရှုမှတ်လျက် ဝိပဿနာပညာနှင့် ပြည့်စုံစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ် စေမည်၊ ဝိပဿနာပညာမဲ့တဲ့ လမ်းဆိုးကို ဝိပဿနာပညာ လမ်းကောင်းဖြင့် ရှောင်လွှဲမည်၊ ဝိပဿနာပညာဖြင့် အဆင့်အတန်းတက်မည်၊ ဝိပဿနာပညာမဲ့ ခြင်း ဆိုတဲ့ မောဟကိလေသာမီးကို ဝိပဿနာပညာရေစင်ဖြင့် ငြိမ်းသတ်မည်။

အဿဒ္ဓိယ-သဒ္ဓါတရားမရှိခြင်းမှစပြီး ဒုပ္ပညတာ-ဝိပဿနာပညာ ကင်းမဲ့ခြင်း အထိ (၇) ပါးသောတရားတွေကို အသဒ္ဓမ္မ-သူယုတ်တရားလို့ ခေါ်တယ်၊ အဲဒါ တွေ့ရဲ့ ဆန့်ကျင်ဘက် သဒ္ဓါ ဟိရီ ဩတ္တပ္ပ ဗာဟုသစ္စ ဝီရိယ သတိ ပညာ ဆိုတဲ့

(၇) ပါးသောတရားကို သဒ္ဓမ္မ-သူတော်ကောင်းတရားလို့ ခေါ်တယ်၊ အဲဒီတရား (၇) ပါးအစု ပြီးသွားပြီ။ ယခု အမှတ် ၄၄ နောက်ဆုံးအပိုဒ် ရောက်လာပြီ။

## ၄၄။ သန္ဒိဋ္ဌိပရာမာသ – အယူသည်းခြင်း

ဒီပုဒ်မှာ သန္ဒိဋ္ဌိ-ဆိုတာက မိမိအယူဘဲ၊ ပရာမာသ-ဆိုတာက မှားယွင်းစွာ သုံးသပ်ခြင်းဘဲ၊ သဒ္ဒါနက်အားဖြင့် မိမိအယူကို မှားယွင်းစွာ သုံးသပ်ခြင်းလို့ အနက်ရှိပါတယ်၊ ဒါပေမဲ့ သူက တပုဒ်တည်း မဟုတ်ဘူး၊ အာဓာနဂ္ဂါဟ မြဲမြံစွာ ယူခြင်းဆိုတဲ့ပုဒ်၊ ဒုပ္ပဋိနိဿဂ္ဂ-စွန့်လွှတ်နိုင်ခဲခြင်းဆိုတဲ့ပုဒ်များနှင့် တပေါင်းတည်း ဟောထားတယ်၊ အဲဒီသုံးပုဒ်လုံးဟာ မိမိအယူများကို မစွန့်လွှတ်နိုင်ခြင်းဆိုတဲ့ အနက်ကို ပြတယ်၊ ဒါကြောင့် အယူသည်းခြင်းလို့ အတိုချုပ် ဝေါဟာရအနက် ပြန်ထားခြင်း ဖြစ်ပါတယ်။ "ဒီအယူသည်းခြင်းဟာ မဂ္ဂန္တရာယ်ဒိဋ္ဌိ ဖြစ်တယ်၊ ဒါကြောင့် ဒီဒိဋ္ဌိကို အသီးအခြား ဟောထားတယ်"လို့ အဋ္ဌကထာက မိန့်ဆိုထားပါတယ်။ မြတ်စွာဘုရား ဟောတော်မူပုံကတော့—

> ပရေ သန္ဒိဋ္ဌိပရာမာသီ အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ ဘဝိဿန္တိ။ မယမေတ္ထ အသန္ဒိဋ္ဌိပရာမာသီ အနာဓာနဂ္ဂါဟီ သုပ္ပဋိနိဿဂ္ဂီ ဘဝိဿာ-မာတိ သလ္လေခေါ ကရဏီယော – တဲ့။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ သန္ဒိဋ္ဌိပရာမာသီ၊ မိမိအယူကိုသာ အမှန်ဟု ဖောက်ပြန် မှားယွင်းစွာသုံးသပ်ကုန်သည်။ အာဓာနဂ္ဂါဟီ၊ မြဲမြံစွာယူလေ့ရှိကုန်သည်။ ဒုပ္ပဋိနိဿဂ္ဂီ၊ စွန့်လွှတ်နိုင်ခဲကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အသန္ဒိဋ္ဌိပရာမာသီ၊ မိမိအယူကိုသာ မှားယွင်းစွာ မသုံးသပ်ကုန်သည်။ အနာဓာနဂ္ဂါဟီ၊ မြဲမြံစွာယူလေ့မရှိကုန်သည်။ သုပ္ပဋိ-နိဿဂ္ဂီ၊ သင့်လျော်သောအကြောင်းကို တွေ့ရလျှင် စွန့်လွှတ်လွယ်ကြကုန်သည် ဘဝိဿာမာတိ၊ ဖြစ်ကုန်အံ့ဟူ၍။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

သူများတွေက ကိုယ့်အယူကိုသာ မှန်တဲ့အနေအားဖြင့် မှားယွင်းစွာ သုံးသပ်ပြီး မစွန့်လွှတ်နိုင်ဘဲ မြဲမြံစွာ ယူနေကြလိမ့်မယ်၊ အယူသည်းနေကြလိမ့်မယ်လို့ ဆိုလိုပါတယ်။ အဲဒီ အယူသည်းပုံကို အဋ္ဌကထာမှာ ဖွင့်ပြထားပုံ

ကတော့—"အတ္တနော ဥပ္ပန္နံ ဒိဋ္ဌိံ၊ မိမိမှာ ဖြစ်ပေါ်လာသော အယူကို။ ဣဒမေဝ သစ္စန္တိ၊ ဤအယူသာ မှန်သည်ဟူ၍။ ဒဠှံ ဂဏှိတွာ၊ မြဲမြံစွာ ယူထားကုန်လျက်။ ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိသော အရှင်မြတ်တို့က။ ကာရဏံ ဒဿေတွာ၊ အကြောင်းပြ၍။ ဝုစ္စမာနာအပိ၊ ပြောဟောအပ်ပါကုန်သော်လည်း။ န ပဋိနိဿဇ္ဇန္တိ၊ မစွန့်လွှတ်နိုင်ကုန်။ တေ၊ အယူသည်းကြသည်ဟူသော ဤအမည်သည်။ တေသံ၊ ထိုသို့ အယူများကို မစွန့်လွှတ်နိုင်သော သူတို့၏။ အဓိဝစနံ၊ အမည်ပေတည်း"တဲ့။ အယူသည်းတဲ့ ပုဂ္ဂိုလ်က သူယူမိတဲ့အယူကို မစွန့်လွှတ်တော့ဘဲ ဇွတ်အတင်း ဆုပ်ကိုင်ထားတယ်၊ ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် အကြောင်းပြပြီး ဟောပေမဲ့ သူ့အယူကို မစွန့်ဘဲ ယူမြဲယူနေတယ်၊ "အာဓာ-နဂ္ဂါဟီ မြဲမြံစွာယူတယ်၊ ဒုပ္ပဋိနိဿဂ္ဂီ-စွန့်လွှတ်နိုင်ခဲတယ်" ဆိုတာဟာ အဲဒီလို အယူသည်းတဲ့ သူတွေရဲ့ အမည်ဂုဏ်ပုဒ်ပဲ-တဲ့။ အဲဒီလို အဋ္ဌကထာက ပြဆိုထားပါတယ်။

အဲဒီလို အယူသည်းတာဟာ လောကရေးဘက်က စွဲမိစွဲရာ အယူသည်းတာလဲ ရှိတယ်၊ တရားဘက်က စွဲမိစွဲရာ အယူသည်းတာလဲ ရှိတယ်၊ လောကရေးဘက်က အယူသည်းတာက သိပ်အရေးမကြီးပါဘူး၊ အရိယာမဂ်၏ အန္တရာယ် မဖြစ်ပါဘူး၊ ဥပမာအားဖြင့် ဖော်ပြရလျှင် ကမ္ဘာမြေကြီးက ဘယ်လိုတည်နေတယ်၊ နေ-လ-နက္ခတ်တွေက ဘယ်လိုတည်နေတယ် စသည်ဖြင့် ရှေးက ရေးသားထားတဲ့ ကျမ်းဂန်တွေအရ ယူဆစွဲလမ်းထားတာတွေ ရှိတယ်၊ အဲဒါတွေထဲက တချို့ အကြောင်းအရာတွေဟာ ယခုခေတ် သိပ္ပံဆရာတွေရဲ့ လက်တွေ့နဲ့ မကိုက်ညီဘဲ ဖြစ်နေတယ်၊ ဟိမဝန္တာတောင်အကြောင်း မြစ်ကြီးငါးသွယ် အကြောင်းတွေဟာလဲ ယခုခေတ် သုတေသနပြုကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ မျက်မြင်နဲ့ ကွဲလွဲနေတာ ရှိတယ်၊ အဲဒါမျိုးတွေနဲ့စပ်ပြီး အယူသည်းတာကတော့ မဂ္ဂန္တရာယ်နဲ့ မဆိုင်လို့ သိပ်အရေးမကြီးဘူးလို့ ဆိုရမှာဘဲ။ ဘာကြောင့်လဲဆိုယင် အဲဒါတွေက ယူဆထားတဲ့အတိုင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သီလအကျင့်နှင့်လဲ မဆိုင်ဘူး၊ သမာဓိပညာ အကျင့်နှင့်လဲ မဆိုင်ဘူး၊ ဒါကြောင့်ပါဘဲ။

အရေးကြီးတာကတော့ တရားဘက်က ကျင့်မှုနှင့်စပ်ပြီး အလွဲအမှားကို အမှန်ထင်ပြီး မစွန့်လွှတ်နိုင်အောင် အယူသည်းနေယင် အဲဒါက အရိယာမဂ်၏

အန္တရာယ်ဖြစ်တယ်၊ အဲဒါက အလွန်အရေးကြီးပါတယ်။ ဆဋ္ဌမပိုင်းတုန်းက ပြောခဲ့တဲ့ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမျိုးဟာ မစွန့်လွှတ်နိုင်ဘဲ စွဲမြဲပြီး အယူသည်းနေယင် အရိယာမဂ်၏ အန္တရာယ်ဖြစ်တယ်၊ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ ဒီလိုအယူတွေဟာလဲ မစွန့်လွှတ်နိုင်အောင် စွဲမြဲပြီး အယူသည်းနေယင် မဂ္ဂန္တရာယ် ဖြစ်တယ်။ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိထဲမှာ ကံ ကံ၏အကျိုးမရှိ၊ နောင် တမလွန်ဘဝမရှိ၊ သေပြီးယင် ဘာမျှမရှိတော့ဘဲ ပြတ်စဲသွားတယ် ဆိုတဲ့ အယူလဲ ပါတယ်၊ အဲဒီအယူ စွဲမြဲနေယင် အကုသိုလ်ကိုလဲ မရှောင်ပေဘူး၊ ကုသိုလ်ကိုလဲ အဆင်းရဲခံ အကုန်အကျခံပြီး မပြုပေဘူး၊ နိဗ္ဗာန်မဂ်ဖိုလ် ရောက်စေနိုင်တဲ့ အကျင့်ဆိုတာကိုလဲ သူက မယုံလို့ မကျင့်ပေဘူး၊ မကျင့်ယင် မဂ်ဖိုလ်ကို မရောက်နိုင်ဘူး၊ မဂ္ဂန္တရာယ် ဖြစ်တော့တာဘဲ။ နောက်ပြီးတော့ တရားထူးကိုရတဲ့ ဘုရားရဟန္တာ မရှိဘူးဆိုတဲ့ အယူလဲ အဲဒီမှာ ပါတယ်၊ ဘုရားရဟန္တာ ရှိတယ်ဆိုတာကိုတောင် မယုံယင် ဘယ်မှာတရားအားထုတ်တော့မှာလဲ၊ အားမထုတ်ယင် မဂ်ဖိုလ်ကို မရနိုင်ဘူး မဂ္ဂန္တရာယ်ဖြစ်တော့တာဘဲ။ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ အယူသည်းတဲ့သူက "အတ္တကောင်ကလေးဟာ အစဉ်ထာဝရ တည်ရှိနေတယ်၊ ခန္ဓာကိုယ်ကြမ်းကြီးက ပျက်လို့ သေသွားတယ် ဆိုရသော်လဲ အတ္တကောင်ကတော့ မပျက်ဘူး၊ အခြားခန္ဓာအိမ် အသစ်ထဲမှာ ရွှေ့ပြောင်းပြီး တည်မြဲပင် တည်ရှိနေတယ်၊ ဘယ်တော့မှ မပျက်နိုင်ဘူး" လို့ မြဲမြံစွာယူဆထားတယ်၊ ဒါကြောင့် "ကိလေသာနှင့် ကံကြောင့် ဘဝသစ်ရုပ်နာမ်မျှသာ ဖြစ်နေတယ်၊ ကိလေသာနှင့် ကံချုပ်လျှင် ဘဝသစ်ရုပ်နာမ်ချုပ်တယ်၊ ဘဝသစ်ရုပ်နာမ် ချုပ်လျှင် ဆင်းရဲခပ်သိမ်း ငြိမ်းတယ်" ဆိုတာကို အဲဒီ သဿတအယူသည်းတဲ့သူက မယုံဘူး၊ မယုံတဲ့အတွက် ဆင်းရဲငြိမ်းကြောင်း ဖြစ်တဲ့ မဂ္ဂင်အကျင့်ကို မကျင့်ဘူး၊ မကျင့်တော့ မဂ်ဖိုလ်ကို မရောက်ဘူး၊ မဂ္ဂန္တရာယ်ဖြစ်တော့တာဘဲ။ ဒါပေမဲ့ ဒီသဿတ အယူက "အကုသိုလ်ကံကြောင့် နောင်ဘဝမှာ မကောင်းကျိုး ကို ခံစားရတယ်၊ ကုသိုလ်ကံကြောင့် နောင်ဘဝမှာ ကောင်းကျိုးကို ခံစားရ တယ်" ဆိုတဲ့ အယူကိုတော့ မပယ်ဘူး၊ ဒါကြောင့် ကုသိုလ်ကံပြုပြီး နတ်ပြည်ကို တော့ ရောက်နိုင်ခွင့်ရှိတယ်၊ သဂ္ဂန္တရာယ်တော့ မဖြစ်ဘူး။ ဥစ္ဆေဒဒိဋ္ဌိကတော့ ကုသိုလ်ကံကိုလဲ ပယ်တဲ့အတွက် နတ်ပြည်ကိုတောင် မရောက်နိုင်ဘူး၊ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ၂-ပါးလုံး ဖြစ်တယ်။

နောက်ပြီးတော့ အလေ့အကျင့် တစုံတခုကို ပြုရုံမျှဖြင့် သံသရာဆင်းရဲမှ လွှတ်မြောက်တယ်လို့ ယူဆတဲ့ သီလဗ္ဗတပရာမာသ ဆိုတာကလဲ မြဲမြံစွာ ယူစွဲထားယင် မဂ္ဂန္တရာယ် ဖြစ်တယ်၊ ဒီ သီလဗ္ဗတ အကြောင်းကို ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး ဒုတိယတွဲ စာမျက်နှာ ၁၀၅-စသည်မှာ အကျယ်ပြထားပါတယ်၊ ယခုဒီမှာတော့ အကျဉ်းချုပ် ပြောရမှာဘဲ၊ နွားလိုသွား နွားလိုစား နွားလိုအိပ်တဲ့အကျင့်၊ ခွေးလိုသွား ခွေးလိုစား ခွေးလိုအိပ်တဲ့အကျင့်–အဲဒီလို တိရစ္ဆာန်တို့၏ အကျင့်ကို အတုလိုက်ပြီး ကျင့်ရုံမျှဖြင့် သံသရာဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ယူဆတာဟာ သီလဗ္ဗတပရာမာသဘဲ၊ နွား ခွေး စသည်ကို ကိုးကွယ်ပူဇော်ခြင်းဖြင့် သံသရာဆင်းရဲမှ လွတ်မြောက်တယ်လို့ ယူဆတာလဲ သီလဗ္ဗတပရာမာသဘဲ၊ အဲဒီ ကိုးကွယ်ရမှာတော့ နေ - လ - တောတောင် - မြစ် - ပင်လယ် နတ်ပြဟ္မာ စသည်ကို ကိုးကွယ်ပူဇော်တာလဲ ပါဝင်တယ်။ အတိုချုပ်အားဖြင့်ဆိုလျှင် သစ္စာ ၄-ပါးကို မြင်အောင် ကျင့်ရတာလဲ မဟုတ်ပါဘဲ၊ မဂ္ဂင်ရှစ်ပါးကို ပွါးစေတာလဲ မဟုတ်ပါဘဲ နွား ခွေး စသည်ကို အတုလိုက်ပြီး ပြုတဲ့အလေ့အကျင့် ဖြစ်ဖြစ်၊ ကိုးကွယ်ပူဇော်တဲ့ အလေ့အကျင့်ဘဲဖြစ်ဖြစ် အဲဒီလို အလေ့အကျင့် ဟူသမျှကို သီလဗ္ဗတ ခေါ်တယ်၊ အဲဒီလို အကျင့်ကို သံသရာဆင်းရဲမှ လွှတ်မြောက်ကြောင်း အကျင့်ကောင်းအနေဖြင့် ယုံကြည်ယူဆတာကို သီလဗ္ဗတပရာမာသ ခေါ်တယ်။ ဒါကြောင့် "သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်တာကို၊ ချမ်းသာကြောင်းထင်၊ ယူစွဲလျှင်၊ ခေါ်တွင် သီလဗ္ဗတတည်း" လို့ အတိုချုပ် မှတ်ထားကြရမယ်၊ အဲဒါကို ဆိုကြရမယ်။

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်တာကို၊ ချမ်းသာကြောင်းထင်၊
ယူစွဲလျှင်၊ ခေါ်တွင် သီလဗ္ဗတတည်း။

ဗုဒ္ဓသာသနာတော်မှ အပြင်ဘက်မှာ ဆင်းရဲမှ လွတ်မြောက်ပြီး အမြဲတမ်းချမ်းသာဘို့ ရည်ရွယ်ပြီး လေ့ကျင့်နေကြတာတွေဟာ အများအားဖြင့် သီလဗ္ဗတပရာမာသချည်းပါဘဲ။ တချို့က ဂင်္ဂါမြစ်ရေချိုးရုံနဲ့ အပြစ်ကင်းတယ် စင်ကြယ်တယ်လို့ ယူဆကြတယ်၊ တချို့က ကောင်းကင်ဘုံမှာ ရှိတဲ့ နတ် သိကြား ဗြဟ္မာ ဘုရားသခင်ကို အရိုအသေပြုရုံ ကိုးကွယ်ရုံနဲ့ သေတဲ့အခါ ကောင်းကင်ဘုံရောက်ပြီး အမြဲတမ်းချမ်းသာတယ်လို့ ယူဆကြတယ်၊ တချို့က နွား ဆိတ်

ကြက် စသည်ကိုသတ်ပြီး ပူဇော်ပသရုံနဲ့ အပြစ်ကင်းပြီး ချမ်းသာကို ရမယ်လို့ ယူဆကြတယ်၊ အဲဒီလို အကျင့်တွေဟာ သစ္စာ ၄-ပါးကို မြင်အောင် ကျင့်ရတာလဲ မဟုတ်ဘူး၊ မဂ္ဂင်ရှစ်ပါးဆိုတဲ့ သီလ သမာဓိ ပညာကို ပွါးစေရတာလဲ မဟုတ်ဘူး၊ ဒါကြောင့် အဲဒီလို အလေ့အကျင့်မျိုးဖြင့် သံသရာဆင်းရဲမှ လွတ်မြောက်ပြီး အမြဲတမ်း ချမ်းသာသွားမယ်လို့ ယူဆတာဟာ သီလဗ္ဗတပရာမာသဘဲ။ အဲဒီလို အယူကို မြဲမြံစွာယူနေယင်လဲ သီလ သမာဓိ ပညာ အကျင့်တွေကို မကျင့်တော့ဘူး၊ မကျင့်တော့ မဂ်ဖိုလ်ကို မရောက်နိုင်ဘူး၊ မဂ္ဂန္တရာယ်ဖြစ်သွားတော့တာဘဲ။

ဘာသာရေးအယူတွေဟာ မိမိဘာသာတရားအရတော့ မှန်တယ်လို့ချည်း ယူဆထားကြပါတယ်၊ တခြားဘာသာတရားကနေ ကြည့်ယင်တော့လဲ အမှားချည်းဖြစ်နေတတ်ပါတယ်။ ဒါပေမဲ့ အယူအစွဲမသန်ဘဲ မှန်ရာကို လိုက်နိုင်လောက်တဲ့ပုဂ္ဂိုလ်မျိုးကိုတော့ အယူသည်းတယ်လို့ မဆိုသင့်ပေဘူး၊ ဒါကြောင့် ယခုကာလမှာဘဲ မိရိုးဖလာ ဘာသာခြားဖြစ်နေတဲ့ ပုဂ္ဂိုလ်တချို့ဟာ ဗုဒ္ဓဟောထားတဲ့တရားစာတွေကို လေ့လာကြတယ်၊ အဲဒီလိုလေ့လာရင်း ဗုဒ္ဓဘာသာသို့ သက်ဝင်လာကြတယ်၊ တချို့ဆိုယင် မိုင် ထောင်ပေါင်းများစွာ ဝေးကွာတဲ့ ဥရောပတိုက် အမေရိကတိုက်များမှ ဗမာပြည်သို့ လာရောက်ပြီး ဝိပဿနာတရားကို အားထုတ်ကြတယ်၊ အားထုတ်တော့လဲ ဝိပဿနာဉာဏ်ဖြစ်ပုံတွေကို သူတို့၏ ကိုယ်တွေ့ဖြင့် ပြောနိုင်ကြတယ်၊ ဒါကြောင့် အဲဒီလိုပုဂ္ဂိုလ်တွေကတော့ အသန္နိဋ္ဌိပရာမာသီ-အယူမသည်းတဲ့ပုဂ္ဂိုလ်တွေ ဖြစ်တယ်လို့ ဆိုရပါတယ်။ အဲဒီလို အယူမသည်းဘို့ အရေးကြီးပါတယ်။

## သာသနာတွင်းက အယူသည်းမှုများ

ဗုဒ္ဓဘာသာဝင် ဗုဒ္ဓသာသနာဝင်လို့ အမည်ခံနေပေမယ်လို့ အကျင့်နှင့် စပ်ပြီး အယူသည်းနေယင် မဂ္ဂန္တရာယ် ဖြစ်နိုင်တာဘဲ။ တတိယသံဂါယနာ တင်ပြီးတဲ့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ဟောထားခဲ့တဲ့ ကထာဝတ္ထုကျမ်းကြီးဆိုတာ ရှိတယ်၊ အဲဒီကျမ်းကြီးထဲမှာ ဝါဒကွဲတွေ များစွာကို ပြထားတယ်၊ အဲဒီဝါဒတွေထဲမှာ တချို့အယူဝါဒတွေက အကျင့်နဲ့စပ်ဆိုင်နေတဲ့အတွက်

အဲဒီခေတ်က အဲဒီအယူအတိုင်း အယူသည်းနေတဲ့ပုဂ္ဂိုလ်တွေမှာ မဂ္ဂန္တရာယ် ဖြစ်စရာရှိနေပါတယ်။ ဘယ်လိုအယူတွေလဲဆိုယင် အတ္တခေါ်တဲ့ ပုဂ္ဂိုလ်ဟာ စင်စစ်ရှိတယ်လို့ ယူတဲ့ ဝါဒမျိုးတွေပါဘဲ။ ယခုခေတ်မှာလဲ ဒွါရ ၆-ပါးက ထင်ရှားဖြစ်ပေါ်တဲ့ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တ ထင်အောင် မရှုဘဲ ကြားနာပြီး သိတဲ့သညာသိမျှဖြင့် သစ္စာ ၄-ပါးကို သိမှုပြီးတယ်လို့ ယူဆစွဲသမ်းထားဘာတွေ၊ ရုပ်နာမ်ကို မရှုဘဲ နိဗ္ဗာန်ကို အာရုံပြုရုံမျှဖြင့် တရားထူးရတယ်လို့ ယုံကြည် ယူဆတာတွေ၊ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောကို သိမြင်ရခြင်းမရှိပါဘဲ သမာဓိသက်သက်မျှဖြင့် မဂ်ဖိုလ်တရားထူး ရတယ်လို့ ယုံကြည်ယူဆတာတွေ–ဒီလို အယူအစွဲတွေဟာ မစွန့်မလွှတ်နိုင်အောင် ခိုင်မြဲနေယင် သန္ဒိဋ္ဌိပရာမာသလို့ ဆိုရမှာဘဲ။ တချို့က ယခုခေတ်မှာ တရားအားထုတ်ပေမဲ့ မဂ်ဖိုလ်တရားထူးကို မရနိုင်ဘူးလို့ ယူဆ ပြောဆိုနေကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ အဲဒီအယူကိုမစွန့်ယင် သူကိုယ်တိုင်တော့ အားမထုတ်ပေဘူး၊ အားမထုတ်ယင် သူ့မှာတော့ မဂ်ဖိုလ်ကို မရနိုင်ဘူး၊ မဂ္ဂန္တရာယ် ဖြစ်တယ်၊ အဲဒါကတော့ သေချာပါတယ်။ တချို့ကတော့လဲ အတ္တစွဲကို မဖြုတ်ပဲ တရားအားထုတ်ယင် မဖြစ်ဘူးလို့ ဟောနေတာလဲ ရှိတယ်၊ အဲဒီလိုလဲ မဟောသင့်ဘူးလို့ ဘုန်းကြီးတို့ကတော့ သဘောကျပါတယ်၊ ဘာကြောင့်လဲဆိုယင် ဗုဒ္ဓသာသနာဝင်ဗမာတွေမှာ တရားအားထုတ်လိုတဲ့သူဆိုယင် အတ္တစွဲ လုံးဝ မကင်းသေးသော်လဲ "ရုပ်နာမ် ၂-ပါးမျှသာ ရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားချည်းဘဲ" ဆိုဘာကို ကြားလဲ ကြားနာဘူးကြတယ်၊ အဲဒီအတိုင်းလဲ ယုံကြည် လက်ခံထားကြပြီးဖြစ်တယ်၊ အယူသည်းတဲ့လက္ခဏာ မရှိပါဘူး၊ ဒါကြောင့် တရားအားထုတ်ခြင်း၏အန္တရာယ် မဖြစ်ပါဘူး၊ အားထုတ်နေရင်း ရုပ်နာမ်ကို ပိုင်းခြားသိတဲ့အခါ အဲဒီရှိနေတဲ့ သာမန်အတ္တစွဲလဲ ကင်းကွာသွားပါတယ်၊ ဝိပဿနာဉာဏ် ရင့်သန်လေလေ အနတ္တအမြင်သန်လေလေ ဖြစ်ပြီး အဲဒီ အတ္တစွဲဟာ ကင်းသည်ထက်ကင်းသွားပါတယ်၊ နောက်ဆုံးမှာ အရိယာမဂ်ဉာဏ်ဖြင့် အဲဒီအတ္တစွဲကို လုံးဝကင်းစေနိုင်ပါတယ်။

## သာတိ ရဟန်း အကြောင်း

မစွန့်လွှတ်နိုင်အောင် ခိုင်မြဲနေယင်တော့ အတ္တစွဲက သာတိရဟန်းမှာလိုဘဲ မဂ္ဂန္တရာယ်ဖြစ်နိုင်တယ်။ မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက သာတိဆိုတဲ့ ရဟန်းတပါး ရှိတယ်၊ သူက ဇာတကခေါ်တဲ့ ဇာတ်နိပါတ်ဝတ္ထုကြောင်းတွေကို လေ့လာနေတယ်၊ အဲဒီလို လေ့လာနေရင်း ဇာတ်ပေါင်းခန်းတွေကို ကြည့်ပြီးတော့ စိတ်ဝိညာဉ်ကို အတ္တဘဲလို့ သူက ယူဆတယ်၊ သူယူပုံကတော့ မဟာဇနကမင်းက ဘုရားဖြစ်လာတယ်၊ ဘူရိဒတ်နဂါးမင်းက, ဆဒ္ဒန်ဆင်မင်းက, ဝေဿန္တရာမင်းက ဘုရားဖြစ်လာတယ်–စသည်ဖြင့် ပြဆိုထားတာတွေကို သူက စဉ်းစားဝေဘန်ကြည့်တယ်၊ မဟာဇနကမင်း နဂါးမင်း ဆင်မင်း ဝေဿန္တရာမင်း စသည်တို့က ဘုရားဖြစ်လာတယ် ဆိုတာဟာ မဟာဇနကမင်း နဂါးမင်း ဆင်မင်း စသည်တို့၏ ရုပ်တော့ လိုက်ပါမလာဘူး၊ ဟိုတုန်းက ခံစားခဲ့တဲ့ အကောင်းအဆိုး ဝေဒနာတွေလဲ ပါမလာဘူး၊ မှတ်သားမှုသညာတွေလဲ ပါမလာဘူး၊ ပြုလုပ်အားထုတ်မှု သင်္ခါရတွေလဲ ပါမလာဘူး၊ စိတ် ဝိညာဉ်သာ ပါလာတယ်၊ မဟာဇနကမင်း နဂါးမင်း စသည်တို့ ဖြစ်စဉ်က စိတ်ဝိညာဉ်ကဘဲ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ စိတ်ဝိညာဉ်ဖြစ်လာတယ်၊ အဲဒီ စိတ်ဝိညာဉ်ကဘဲ ယခု ဘုရားဖြစ်နေတာဘဲ။ ဒါကြောင့် သတ္တဝါတိုင်းမှာ ယခုလက်ရှိစိတ်ဝိညာဉ်ဟာ ရှေးရှေးဘဝတွေက ရှိလာခဲ့တဲ့ စိတ်ဝိညာဉ်ဘဲ၊ ဒီစိတ်ဝိညာဉ်သည် ပင်လျှင် ပျက်စီးခြင်းမရှိဘဲ ဟိုဘဝ ဒီဘဝ ပြောင်းလဲပြီး ကျင်လည်နေတယ်လို့ သူက ဆုံးဖြတ်ယူဆလိုက်တယ်။ ဒါကြောင့် သူယူဆပုံကို မူလပဏ္ဏာသပါဠိတော် မဟာတဏှာသင်္ခယ သုတ်မှာ ဒီလို ပြထားပါတယ်။

ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ တဒေဝ၊ ထိုရှေးဘဝများက ရှိခဲ့သည့် စိတ်ဝိညာဉ်သာလျှင် ဖြစ်သော။ ဣဒံ ဝိညာဏံ၊ ယခုလက်ရှိ ဤ စိတ်ဝိညာဉ်သည်။ သန္ဓာဝတိ၊ တဘဝမှ တဘဝသို့ ပြေးသွားနေ၏။ သံသရတိ၊ တဘဝမှ တဘဝသို့ ပြောင်းရွှေ့ကျင်လည်နေ၏။ အနညံ၊ ရှေးဘဝများက စိတ်ဝိညာဉ်မှ တပါးတခြား စိတ်ဝိညာဉ် မဟုတ်ချေ။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ ဘဂဝတာ ဓမ္မံ ဒေသိတံ၊ မြတ်စွာဘုရား ဟောတော်မူသည့်တရားကို။ အဟံ အာဇာနာမိ၊ ငါ သိပါ၏–တဲ့။ အဲဒါ သူပြောပုံဘဲ။

အဲဒါဟာ စိတ်ကို အတ္တလို့ ယူဆစွဲလမ်းတာဘဲ၊ အဲဒီစိတ် အတ္တဟာ ပျက်စီးခြင်းမရှိဘဲ ဟိုဘဝ ဒီဘဝ ပြောင်းရွှေ့ပြီး ကျင်လည်နေတယ်လို့လဲ ယူဆစွဲလမ်းတယ်၊ သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ ပေါ့။ အဲဒီ သာတိရဟန်းကို အခြားရဟန်းတော်များက မြတ်စွာဘုရား ဟောတာဟာ အဲဒီလို မဟုတ်ဘူး၊ တဦးတည်း၏ သန္တာန်–စိတ်အစဉ်မှာ စိတ်အဟောင်းအသစ် အဆင့်ဆင့်ပြောင်းလဲပြီး တစပ်တည်း တဆက်တည်း ဖြစ်နေတဲ့အတွက် ဟိုတုန်းက မဟာဇနကမင်း စသည်နှင့် ယခုဘုရားကို တယောက်တည်းအနေနဲ့ ဟောထားတာပါ၊ ဧကတ္တနည်းအရ ဟောသွားတာပါ၊ စင်စစ်မှာတော့ ဟိုတုန်းကစိတ်ကဘဲ ပြောင်းရွှေ့ လာတာ မဟုတ်ပါဘူး၊ စိတ်လဲ ခဏမစဲ ဖြစ်ပျက်နေတဲ့ အနိစ္စ တရားပါဘဲ– စသည်ဖြင့် ပြောဟောကြတယ်။ ဒါပေမဲ့ သာတိရဟန်းက လက်မခံဘူး၊ သူသိထားတဲ့ အတိုင်းသာ ဘုရားဟောတယ်လို့ စွဲစွဲမြဲမြဲ ယူဆထားတယ်။ အဲဒီအခါ အခြားရဟန်းများက သူ့ကို သဘောပေါက်နားလည်အောင် မပြောနိုင်ကြတဲ့အတွက် အဲဒီ အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြတယ်။

အဲဒီအခါ မြတ်စွာဘုရားက သာတိရဟန်းကို ခေါ်ပြီးတော့ ရောက်လာတဲ့အခါ သူ့ကို မေးစစ်တော်မူတယ်၊ သာတိရဟန်းက သူပြောနေကြအတိုင်းဘဲ ဝန်ခံလျှောက်သွားတယ်။ သာတိရဟန်း, အဲဒီစိတ်ဝိညာဉ်ဆိုတာ ဘယ်ဟာလဲလို့ မေးတော်မူတယ်။ မြတ်စွာဘုရား, ပြောဆိုတတ်တယ်၊ ခံစားတတ်တယ် ဆိုတဲ့ အတ္တဆိုတာ ရှိပါတယ်၊ အဲဒီ အတ္တက ထိုထိုဘဝမှာ ကောင်းမှုကံ, မကောင်းမှုကံတို့၏ ကောင်းကျိုး ဆိုးကျိုးကို ခံစားတတ်ပါတယ်၊ အဲဒီ အတ္တကို ဝိညာဉ်လို့ တပည့်တော် ဆိုလိုပါတယ်လို့ လျှောက်တယ်။

အဲဒီတော့ မြတ်စွာဘုရားက "မောဃပုရိသ-မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား ဘယ်ပုဂ္ဂိုလ်အား ငါ ဒီလို ဟောဘူးတာကို သင် သိဘိသနည်း တဲ့၊ မဂ်ဖိုလ်မှ အချည်းနှီးသော ယောကျ်ား အကြောင်းကြောင့်ဖြစ်သော စိတ်ဝိညာဉ်ကို များစွာသော အကြောင်းပရိယာယ်ဖြင့် ငါဟောထားတယ် မဟုတ်လား၊ အကြောင်းမရှိဘဲ စိတ်ဝိညာဉ်ဖြစ်ခြင်း မရှိဘူးလို့ ငါဟောထားတယ် မဟုတ်လား၊ သင်ဟာ ကိုယ့်ဟာကိုယ် အလွဲယူပြီး ငါဘုရားတို့ကို စွပ်စွဲရာ ရောက်အောင် ပြောဆိုတယ်၊ မိမိကိုယ်ကိုလဲ ထောက်တည်ရာမရအောင် တူးဖြို

ပစ်ရာ ရောက်တယ်၊ များစွာသော အကုသိုလ်ကိုလဲ ပွါးစေတယ်၊ ထို အလွဲကို ယူ၍ ပြောဆိုသော အကုသိုလ်သည် သင့်မှာ ရှည်စွာသော ကာလပတ်လုံး အကျိုးစီးပွါးမဲ့ ဆင်းရဲဘို့ရာ ဖြစ်မှာဘဲ”လို့ မိန့်တော်မူပါတယ်။

အဲဒီလို မိန့်တော်မူပြီးတော့ ဘယ့်နှယ်လဲ ရဟန်းတို့၊ “တံငါသည်၏သား သာတိ ရဟန်းဟာ ဒီ သာသနာတော်မှာ မဂ်ဖိုလ်ဉာဏ်ဖြစ်ဖို့ရာ ဉာဏ်အငွေ့ ကလေးများ ရှိပါဦးမလား”လို့ ရဟန်းများကို မေးတော်မူပါတယ်။ မရှိနိုင် တော့ပါ ဘုရား-လို့ လျှောက်ကြပါတယ်။ သာတိ ရဟန်းက ခေါင်းငုံ့ပြီး မှိုင်နေ ရှာပါတယ်။ မြတ်စွာဘုရားက “သစ်သားကို စွဲ၍ လောင်သော မီးကို သစ်သားမီး ခေါ် ရကြောင်း၊ ဝါးခြမ်းစိတ်ကို စွဲ၍ လောင်သော မီးကို ငါးခြမ်းစိတ်မီး ခေါ် ရကြောင်း၊ မြက်ကိုစွဲ၍ လောင်သောမီးကို မြက်မီး ခေါ် ရကြောင်း”စသည် ဖြင့် ဥပမာ ပြတော်မူပြီးတော့ ထို့အတူပင် “မျက်စိနှင့် အဆင်းတို့ကို စွဲမှီ၍ ဖြစ်သော စိတ်ဝိညာဉ်ကို (စက္ခုဝိညာဉ်) မြင်သိစိတ် ခေါ် ရကြောင်း၊ နားနှင့် အသံတို့ကို စွဲမှီ၍ ဖြစ်သော စိတ်ဝိညာဉ်ကို ကြားသိစိတ် ခေါ် ရကြောင်း”စသည် ဖြင့် မြင်သိတာက တခြား၊ ကြားသိတာက တခြား၊ နံသိတာက တခြား၊ စားသိတာက တခြား၊ ထိသိတာက တခြား ကြံသိတာက တခြား၊ စိတ်ဝိညာဉ် တခုတခုဟာ အသီးအသီး တခြားစီသာ ဖြစ်ကြောင်း၊ စိတ်ဟောင်း တခုတခု ချုပ်ပြီးမှ စိတ်အသစ် တခု တခု ဖြစ်ကြောင်း စသည်များကို ရဟန်းတော်တို့အား ဟောကြားတော်မူပါတယ်။ သာတိ ရဟန်းမှာ တော့ စိတ်ဝိညာဉ်ကို အမြဲတည်ရှိ နေတဲ့ အတ္တဘဲ-လို့ ယူဆထားတဲ့ အစွဲကို မပယ် မစွန့်နိုင်တဲ့အတွက် မဂ္ဂန္တရာယ် ဖြစ်သွားတယ်၊ အဲဒါဟာ အယူသည်းလို့ နစ်နာသွားတာဘဲ။

## အရိဋ္ဌ ရဟန်း အကြောင်း

အတ္တစွဲသာ မဟုတ်ဘူး၊ တခြား အယူအစွဲကိုလဲ မစွန့်လွှတ်နိုင်လျှင် အယူ သည်းမှု ဖြစ်တယ်၊ မဂ္ဂန္တရာယ်လဲ ဖြစ်တာဘဲ။ မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက အရိဋ္ဌဆိုတဲ့ ရဟန်းတပါး ရှိတယ်၊ သူကတော့ သာတိရဟန်းလို သုတ မနည်းပါဘူး၊ အကြား အမြင် သုတ များပါတယ်၊ သုတများတဲ့အတွက် သူ့ကိုယ်ပိုင်ဉာဏ်ဖြင့် မြတ်စွာဘုရား၏ တရားတော်တွေကို ဝေဘန်တယ်၊ ဝေဘန်

ပုံကတော့–လူ့ဘဲဥကြောင်တွေဟာ အိမ်ထောင်နဲ့ နေကြတယ်၊ကာမဂုဏ်တွေကို မရှောင်ကြဘူး၊ ဒါပေမဲ့ အခါကာလအားလျော်စွာ တရားနာကြ တရားနှလုံးသွင်း အားထုတ်ကြပြီးတော့ တချို့ သောတာပန် ဖြစ်ကြတယ်၊ တချို့ သကဒါဂါမ် ဖြစ်ကြတယ်၊ တချို့ အနာဂါမ် ဖြစ်ကြတယ်၊ ရဟန်းတော်တွေလဲ သင်္ကန်းစသည်၏ နှစ်သက်ဖွယ် အဆင်းတွေကို ကြည့်ရှုနိုင်တယ်၊ နှစ်သက်ဖွယ် စကားသံတွေကို နားထောင်နိုင်တယ်၊ နှစ်သက်ဖွယ် ဆွမ်းနံ့ အစရှိတဲ့ အနံ့ကို ခံယူနိုင်တယ်၊ နှစ်သက်ဖွယ် အရသာကို သုံးဆောင်နိုင်တယ်၊ နှစ်သက်ဖွယ် အိပ်ရာခင်းစသည်၏ အတွေ့ကို တွေ့ထိနိုင်တယ်၊ ဒီအာရုံငါးပါး သုံးဆောင်ကောင်းယင်၊ မာတုဂါမတို့၏ အဆင်း အသံ အနံ့ အရသာ အတွေ့ဆိုတဲ့ ကာမဂုဏ် ငါးပါးကိုလဲ သုံးဆောင်ကောင်းရမယ်၊ ဘာကြောင့် မသုံးဆောင်ကောင်းရမလဲ၊ သင်္ကန်း၏ အဆင်းလဲ ရုပ်ရုံ ရုပ်တရားဘဲ၊ မာတုဂါမ၏ အဆင်းလဲ ရုပ်ရုံ ရုပ်တရားဘဲ၊ ပရမတ်သဘောအားဖြင့် အတူတူဘဲ၊ အိပ်ရာ အဝတ်အသည်၏ အတွေ့လဲ ဖောဋ္ဌဗ္ဗာရုံဘဲ၊ မာတုဂါမ၏ အတွေ့လဲ ဖောဋ္ဌဗ္ဗာရုံဘဲ၊ ပရမတ်သဘောအားဖြင့် အတူတူဘဲ၊ ဘာကြောင့် မာတုဂါမ၏ အဆင်း အသံ အနံ့ အတွေ့တို့ကို မသုံးဆောင်ကောင်းရမလဲ၊ သုံးဆောင်ကောင်းတယ်လို့ သူက အဘိဓမ္မာသဘောအရ ဝေဘန်ပြီးတော့ "ရဟန်းများမှာ မာတုဂါမ၏ အဆင်း အသံ အစရှိတဲ့ ကာမဂုဏ်များကို သုံးဆောင်ကောင်းတယ် အပြစ်မရှိဘူး၊ အဲဒီလို ဟောထားတဲ့ (အဘိဓမ္မာ) တရားကို ငါသိတယ် သဘောကျတယ်"လို့ သူက ပြောဟောနေပါသတဲ့၊ သူ့အလိုကတော့ မေထုနဓမ္မကို ပြုကျင့်ယင် ပါရာဇိက အာပတ်သင့်တယ်ဆိုတဲ့ သိက္ခာပုဒ်ဟာလဲ မရှိသင့်ဘူးလို့ ဒီထိအောင် မြတ်စွာဘုရား၏ ဝိနည်းပညတ်တော်ကို ပယ်ဖျက်လိုတဲ့သဘောပါဘဲ။

ယခုခေတ် အချို့ပရမတ်ဆရာတွေက ရိုးရိုးသောက်ရေ ဖျော်ရည်လဲ အာပေါဓာတ်ပဲ၊ သေရည်အရက်လဲ အာပေါဓာတ်ပဲ၊ အာပေါဓာတ်ချင်း အတူတူဘဲ၊ အာပေါဓာတ် ပရမတ်တရားချည်းဘဲ၊ ဒါကြောင့် ရေ ဖျော်ရည်ကို သောက်ကောင်းသလို သေရည်အရက်လဲ သောက်ကောင်းတယ် အပြစ်မရှိဘူးလို့ ပြောဆိုနေကြတာနဲ့လဲ တူတယ်။ နောက်ပြီးတော့ အဲဒီလို ပရမတ်ဆရာတွေကဘဲ ဗူးသီး ခရမ်းသီးလဲ ဓာတ်လေးပါးဘဲ၊ ကြက်ဘဲ စသည်လဲ ဓာတ်

လေးပါးဘဲ၊ ဗူးသီး ခရမ်းသီးကို ဓားနဲ့လှီးဝှံ့ယင် ကြက်ဘဲစသည်ကိုလဲ ဓားနဲ့ လှီးဝှံ့ရမယ်၊ မလှီးဝှံ့ယင် ဓာတ်သဘောမပေါက်သေးဘူး။ ပညတ်အစွဲ အလမ်းရှိနေသေးတယ် စသည်ဖြင့်လဲ ပြောဆိုကြတယ်၊ အဲဒီအဆိုများနဲ့လဲ တူတယ်။ ကိုယ်ပိုင်ဉာဏ်အသုံးလွန်သွားတဲ့အတွက် မိစ္ဆာဒိဋ္ဌိဖြစ်သွားတာတွေ ပါဘဲ။ အင်မတန်ကြောက်စရာကောင်းပါတယ်၊ အဲဒီလို ဆရာကို မှီဝဲမိတဲ့သူတွေ မှာတော့ “ပေါ့စေချင်လို့ ဆေးထိုး, ဆေးအတွက် ပိုလေးသွားတယ်” ဆိုတာ လို အကျိုးရချင်လို့ ဆရာကိုမှီဝဲတယ်၊ မှီဝဲတဲ့အတွက် အကျိုးမဲ့တွေ များစွာ ဖြစ်သွားမှာဘဲ၊ အလွန်သနားစရာကောင်းပါတယ်။

အဲဒီအရိဋ္ဌရဟန်းကိုလဲ အခြားရဟန်းများက ဟောပြောဆုံးမကြပါတယ်၊ ဒါပေမဲ့ သူက သူပြောတဲ့အတိုင်းသာ အမှန်လို့ ယူနေတယ်၊ ဒါ့ကြောင့် အဲဒီရဟန်းများက မြတ်စွာဘုရားထံ သွားလျှောက်ကြတယ်၊ မြတ်စွာဘုရားက ခေါ်စေပြီးတော့ မေးစစ်တော်မူတယ်၊ အရိဋ္ဌရဟန်းက သူ ယူဆထားတဲ့အတိုင်း ဘဲ ဝန်ခံလျှောက်ထားတယ်။ အဲဒီအခါ မြတ်စွာဘုရားက “ငါက သင်ယူထား တဲ့ အတိုင်း တရားကို ဘယ်သူအားဟောဘူးသလဲ၊ ရဟန်းများမှာ မေထုနဓမ္မ အစရှိသော အမှုတို့ကို သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ပြုတတ်ကြောင်းသာ ငါ ဟောတယ်၊ အဲဒီလိုအမှုတွေကို ကျူးလွန်လျှင် ရဟန်းများမှာ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်ကို ပြုတတ်သည်ချည်းသာ ဖြစ်တယ်၊ ကာမဂုဏ်တွေဟာ သာယာ ဘွယ်က နည်းတယ်၊ ဆင်းရဲနဲ့ ပူပန်စရာက များတယ်၊ အပြစ်များတယ်လို့သာ ငါဟောတယ်၊ ကာမဂုဏ်တွေဟာ ခွေးငတ် ခဲဝါးနေသော အမဲရိုးနှင့်တူကြောင်း၊ သုတ်ချီတဲ့ စွန်အား အထိုးအဆိတ်ခံရစေသော သားတစ်နှင့် တူကြောင်း၊ ကိုင် သူအား ပူလောင်စေတဲ့ မြက်မီး ရှူးနှင့်တူကြောင်း၊ မီးကျီးတွင်းနှင့်တူကြောင်း၊ အိပ်မက်နှင့်တူကြောင်း၊ ငှါးရမ်းလာတဲ့ပစ္စည်းနှင့်တူကြောင်း၊ အသီးရှိသစ်ပင် နှင့်တူကြောင်း၊ သားလှီးဓား စဉ်းတီတုံးတို့နှင့် တူကြောင်း၊ လှံ တံကျင်တို့နှင့် တူကြောင်း၊ မြွေ၏ဦးခေါင်းနှင့် တူကြောင်းများကို ငါ ဟောထားတယ်၊ မဂ်ဖိုလ်မမှီး အချည်းနှီးယောကျ်ား, သို့ဖြစ်ပါလျက် သင်သည် မိမိကိုယ်တိုင်က အလွဲကိုယူပြီးတော့ ငါဘုရားတို့ကို စွပ်စွဲရာရောက်အောင် ပြောဆိုတယ်၊ မိမိ ကိုယ်ကိုလဲ ထောက်တည်ရာမရအောင် တူးဖြိုပစ်ရာရောက်တယ် စသည်ဖြင့်

အပြစ်တင်ခြင်း၊ ရဟန်းတို့အား မေးမြန်းခြင်းများကိုလဲ နည်းတူပင်ပြုတော်မူပြီး ဩဝါဒတရားကို ဟောကြားတော်မူပါတယ်။ ဒီအရိဋ္ဌရဟန်းဟာလဲ မြတ်စွာဘုရားက "သင်ယူဆသလို ငါ မဟောဘူး"လို့ ဆိုတော်မူပါလျက် သူ့အယူအဆကို မစွန့်လွှတ်နိုင်ဘူး၊ အလွန်ကြီးမားတဲ့ အယူသည်းမှုပါဘဲ၊ ဒါကြောင့် သူ့မှာ မဂ္ဂန္တရာယ်ဖြစ်သွားပါတယ်။

## ယခုခေတ်လဲ အယူအဆလွဲတာတွေ ရှိတာဘဲ

ဟိုရှေးခေတ်ကသာ မဟုတ်ဘူး၊ ယခုခေတ်မှာလဲ အယူအဆလွဲတာတွေ ရှိတာဘဲ၊ တခါက အမျိုးသမီးတယောက်က ဘုန်းကြီးဟောထားတဲ့ တရားစာအုပ်ထဲမှာ မှားနေတဲ့အကြောင်း ကမ္မဋ္ဌာနာစရိယ ဦးသုဇာတထံ လာလျှောက်တယ်လို့ ဆိုပါတယ်၊ သူ့ဆရာက ပြောလို့နဲ့ တူပါရဲ့၊ ဒီတော့ ဦးသုဇာတက အဲဒီစာအုပ်ကို ယူခဲ့ပါ၊ ဘယ်နားက ဘယ်လို မှားနေသလဲဆိုတာ ကြည့်ရအောင်လို့ ပြောလိုက်တယ်။ နောက်တရက်တော့ စာအုပ်ပါယူလာပြီးတော့ ပြတယ်၊ ဘုန်းကြီး ဟောထားတာ ရေးထားတာက ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်တဲ့အခါ ပီတိ ပါမောဇ္ဇဖြစ်ပေါ်ကြောင်း၊ အဲဒီ ပီတိပါမောဇ္ဇဟာ အမြိုက်နိဗ္ဗာန် မဟုတ်သော်လဲ ဥဒယဗ္ဗယဉာဏ်အမြင်နှင့် ပြည့်စုံတဲ့ ယောဂီတို့၏ အမြိုက်နိဗ္ဗာန်ဖြစ်ကြောင်း၊ ဘာကြောင့်လဲဆိုယင် ဒီတရားအရသာတွေကိုတွေ့ရတဲ့ ယောဂီဟာ ဆက်ပြီး အားထုတ်သွားယင် အမြိုက်နိဗ္ဗာန်အစစ်သို့ ရောက်တော့မည်ဖြစ်သောကြောင့် ယောဂီတို့၏ အမြိုက်နိဗ္ဗာန်လို့ ဆိုရကြောင်းများကို ပြတ်ပြတ်သားသား ရှင်းရှင်း လင်းလင်း ရေးထားပါတယ် ၊ အဲဒါဟာလဲ "အမတံ တံ ဝိဇာနတံ–တံ၊ ထိုပီတိ-ပါမောဇ္ဇသည်။ ဝိဇာနတံ၊ ရုပ်နာမ်၏ အဖြစ်အပျက်ကိုသိမြင်သော ယောဂီ ပညာရှိတို့၏။ အမတံ၊ အမြိုက်နိဗ္ဗာန်ပါပေတည်း"လို့ ဟောတော်မူတဲ့ ဓမ္မ-ပဒပါဠိတော်ပါ ထုတ်ပြပြီးတော့ အဲဒီပါဠိ၏ အဖွင့် အဋ္ဌကထာက ပြဆိုထားတဲ့ အတိုင်း ပြဆိုထားတာပါဘဲ။ အဲဒါကို "ပီတိပါမောဇ္ဇဟာ နိဗ္ဗာန်မဟုတ်ပါဘဲနဲ့ နိဗ္ဗာန်လို့ ရေးထားတယ်"ဆိုပြီး စွပ်စွဲတယ်။ ဦးသုဇာတက ပါဠိအဋ္ဌကထာနှင့် အညီ ရေးထားပုံကို တပိုဒ်ချင်း စိစစ်ပြီး ဖြေရှင်းလိုက်တော့ အဲဒီ အမျိုး သမီးက သူ့အယူအဆမှားကြောင်း ဝန်ခံသွားသတဲ့။ တော်ပါသေးရဲ့၊ သာတိ

ရဟန်း အရိဋ္ဌရဟန်းတို့လို ဇွတ်ပေမနေပေလို့ သန္နိဋ္ဌိပရာမာသဆိုတဲ့ အယူ သည်းမှု မဖြစ်ပေဘူး။

## စောဒနာတဲ့ စာတစောင်

တခါက စာတစောင် ရောက်လာတယ်၊ ဖတ်ကြည့်လိုက်တဲ့အခါ ဘုန်းကြီး ရေးတဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း စာအုပ်ထဲက ဈာန်မှ ထ ပြီး ပကိဏ္ဏကသင်္ခါရတွေ ရှုပုံကို သဘောမကျလို့ အပြစ်တင်ထားတာကို တွေ့ရ တယ်၊ သူက "အာရုံတခုတည်း ရှုနေမှ သမာဓိ ဖြစ်တယ်"ဆိုတာကို လှေနံ ဓားထစ် ကိန်းသေမှတ်ထားပြီးတော့ "မြင်မှု ကြားမှုအစရှိတဲ့ ပေါ်ရာ ပေါ်ရာ အာရုံတွေကို လိုက်ပြီးရှုယင် ပျံ့လွင့်မှု ဥဒ္ဓစ္စဖြစ်တယ်"လို့ ယူဆထားတယ်။ ဒါကြောင့် "ဈာန်မှထပြီး ပေါ်ရာ ပေါ်ရာတွေကို လိုက်ရှုယင် ဥဒ္ဓစ္စ ဖြစ်ပြီး သမာဓိ ပျက်မသွားပေဘူးလား"စသည်ဖြင့် စောဒနာထားတယ်။ သူ့ စာထဲမှာ ပြန်ကြားဘို့ လိပ်စာမပါတဲ့အတွက် ပြန်ကြားစာတော့ ပို့ခွင့်မရဘူး၊ စာကတော့ အမျိုးသမီးတဦးအနေနဲ့ ရေးထားတာဘဲ၊ တကယ်စင်စစ်ကတော့ ဘယ်လိုပုဂ္ဂိုလ် ဖြစ်ကြောင်း မသိရပါဘူး၊ အဲဒီမှာလဲ ဘုန်းကြီးက မူလပဏ္ဏာသအဋ္ဌကထာ ဒွေဓာဝိတက္ကသုတ်အဖွင့် (နှာ-၃၇၇)မှ ပြဆိုချက်ကိုယူပြီး ဖော်ပြထားတာပါဘဲ၊ ယခု အားထုတ်နေတဲ့ ယောဂီတို့၏ ကိုယ်တွေ့နဲ့လဲ ကိုက်ညီနေပါတယ်။ သို့သော် အကျဉ်းချုပ်ရေးတဲ့ကျမ်းငယ်ကလေးဖြစ်တဲ့အတွက် သာဓကပါဠိကိုတော့ အဲဒီ မှာ ထုတ်ပြထားခြင်းမရှိဘူး။

**သမာဓိဆိုတာ** ၂-မျိုးရှိပါတယ်၊ (၁) သမထသမာဓိကတမျိုး၊ (၂) ဝိပဿနာ သမာဓိကတမျိုး၊ အရိယာမဂ်ကိုရဘို့ အားထုတ်ရတဲ့ သမာဓိက ဒီလို ၂-မျိုး ရှိပါတယ်၊အဲဒီ ၂မျိုးထဲမှာ သမထဈာန်သမာဓိဆိုတာကတော့ တခုတည်းသော အာရုံမှာသာ တည်တယ်၊ ကသိုဏ်းဆိုယင် ပထဝီကသိုဏ်းအစရှိတဲ့ တခု တခု တည်းသော အာရုံကိုသာ ရှုနေမှ ဥပစာသမာဓိ အပ္ပနာသမာဓိကို ရနိုင်တယ်၊ အသုဘ ဆိုယင်လဲ ဥဒ္ဓုမာတက အစရှိတဲ့ တခု တခုတည်းသော အာရုံကိုသာ ရှုနေမှ အဲဒီသမာဓိ ၂-ပါးကို ရနိုင်တယ်၊ ကေသာ လောမာ အစရှိတဲ့ ၃၂- ကောဋ္ဌာသကို ရှုယင်လဲ အစမှာသာ ၃၂-ပါးလုံးကို လိုက်ရှုရတယ်၊ နောက်ပိုင်း

ကျတော့ မထင်ရှားတာတွေကို နှုတ်ပယ်ပြီး ထင်ရှားတာကိုသာ ရှုရတယ်၊ နောက်ဆုံးကျတော့ ကောဋ္ဌာသတပါးတည်းမှာသာ အဲဒီသမာဓိ ၂-ပါးကို ရတယ်။ ဒါကြောင့် သမထသမာဓိဆိုယင် တခုတည်းသော အာရုံကိုသာ ရှုရတယ်၊ အာရုံအများကို ရှုယင် သမာဓိ မဖြစ်ဘူးဆိုတာ ကိန်းသေပါဘဲ။

ဝိပဿနာသမာဓိကတော့ ဒီလိုမဟုတ်ဘူး၊ တချို့ ခိပ္ပါဘိညာ–လျင်သော ဉာဏ်ထူးရှိတဲ့ ပုဂ္ဂိုလ်များမှာ တခုတည်းသော အာရုံကို ရှုယင်း တခဏကလေး အတွင်းမှာ မဂ်ဖိုလ်ရောက်သွားတာလဲ ရှိနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီလို ပုဂ္ဂိုလ်က အလွန်နည်းလိမ့်မယ်လို့ ယူဆရပါတယ်။ ဘာကြောင့်လဲဆိုယင် အနည်းဆုံး ရုပ်နှင့်နာမ် ၂-မျိုးကိုတော့ စုံအောင်ရှုသင့်တဲ့အတွက်ကြောင့်ပါဘဲ။ အများအားဖြင့်တော့ ဝိပဿနာဆိုတာ "သဗ္ဗံ အဘိညေယျံ–အလုံးစုံကို ရှေးရှုပြ၍ သိအပ်၏" စသည်ဖြင့် ဟောတော်မူတဲ့ ဒေသနာတော်နှင့် အညီ ဒွါရ ၆-ပါးက ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တရားတွေကို အကုန်လုံးဘဲ ရှုရပါတယ်။ ဒါကြောင့် ဈာန်ရပုဂ္ဂိုလ်ဆိုယင် ဈာန်ကို ဝင်စားလိုက် အဲဒီဈာန်ကို ရှုလိုက်၊ တဖန် ဈာန်ကို ဝင်စားလိုက်၊ အဲဒီဈာန်ကို ရှုလိုက်နဲ့ ဈာန်တလှည့် ဝိပဿနာ တလှည့် ရှုပြီး မဂ်ဖိုလ်ရောက်တဲ့ပုဂ္ဂိုလ်လဲ ရှိတယ်။

အဲဒီလို မဟုတ်ပဲ ဈာန်ကိုဝင်စားပြီးတော့ ဒွါရ ၆-ပါးက ပေါ်လာတဲ့ ပကိဏ္ဏကသင်္ခါရတွေ လိုက်ရှုရတယ်၊ ကိုယ်စိတ်ပင်ပန်းလာတဲ့အခါ ဈာန်ကို ပြန်ဝင်စားရတယ်၊ ဈာန်မှ ထတဲ့အခါ ပေါ်ရာပေါ်ရာ လိုက်ရှုရတယ်၊ ပင်ပန်း လာပြန်လျှင် ဈာန်ကို ပြန်ဝင်စားရတယ်၊ ဈာန်မှထတဲ့အခါ ပေါ်ရာပေါ်ရာလိုက်ပြီး ရှုရတယ်၊ ဒီနည်းဖြင့် ဝိပဿနာဉာဏ် ရင့်သန်ပြီး မဂ်ဖိုလ်ကို ရောက်တဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်။ အဲဒီလို ရှုပုံ ရှုနည်းကို ခုတင်ကပြောခဲ့တဲ့ ဒွေဓာဝိတက္ကသုတ်အဖွင့် အဋ္ဌကထာမှာ ဒီလို ပြထားပါတယ်။

တွေ့ာဝတာ၊ ဤမျှသော စကားရပ်ဖြင့်။ ဗောဓိသတ္တဿ၊ ဘုရားအလောင်း တော်၏။သမာပတ္တိံ နိဿာယ၊ဈာသမာပတ်ကိုမှီ၍။ဝိပဿနာ ပဋ္ဌပနကာလော၊ ဝိပဿနာကို ဖြစ်စေသောကာလကို။ ကထိတော၊ ဟောတော်မူအပ်၏။ ဟိ၊ မှန်ပေ၏။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သမာဓိပိ တရုဏော ဝိပဿနာပိ၊ သမာဓိရော ဝိပဿနာရော နုသေး၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဝိပဿနံ

ပဋ္ဌပေတွာ အတိစိရံ နိသိန္နဿ၊ ဝိပဿနာကို ဖြစ်စေ၍ အလွန်ကြာမြင့်စွာ ထိုင်နေလတ်သော်။ ကာယော ကိလမတိ၊ ကိုယ်ပင်ပန်း၏။ အန္တော၊ ကိုယ်တွင်း၌။ အဂ္ဂိ ဝိယ ဥဋ္ဌဟတိ၊ မီးထတောက်သကဲ့သို့ ပူလောင်တတ်၏။ ကစ္ဆေဟိ သေဒါ မုစ္စန္တိ၊ လက်ကတီးကြားတို့မှ ချွေးများထွက်တတ်ကုန်၏။ မတ္ထကတော၊ ဦးထိပ်မှ။ ဥသုမဝဋ္ဋိ ဝိယ ဥဋ္ဌဟတိ၊ အခိုးအငွေ့ထောင်းထောင်းထသကဲ့သို့ဖြစ်တတ်၏။ စိတ္တံ၊ စိတ်သည်။ ဟညတိ ဝိဟညတိ ဝိပ္ဖန္ဒတိ၊ အလွန်ပင်ပန်း တုန်လှုပ်၏။ သော၊ ထိုယောဂီသည်။ ပုန သမာပတ္တိံ သမာပဇ္ဇိတွာ၊ တဖန် သမာပတ်ကိုဝင်စားပြီး၍။ တံ၊ ကိုယ်စိတ်၏ ထိုပင်ပန်းခြင်းကို။ ပရိဒမေတွာ၊ သိမ်မွေ့စေ၍။ မုဒုကံ ကတွာ၊ နူးညံ့စေ၍။ သမဿာသေတွာ၊ သက်သာရာရစေ၍။ ပုန ဝိပဿနံ ပဋ္ဌပေတိ၊ တဖန် ဝိပဿနာကို ဖြစ်စေပြန်၏။ ပုန အတိစိရံ နိသိန္နဿ၊ တဖန် အလွန်ကြာမြင့်စွာ ထိုင်နေလတ်သော်။ တဿ၊ ထိုယောဂီအား။ တထေဝ ဟောတိ၊ ထိုအတူပင် ပင်ပန်းပြန်၏။ သော၊ ထိုယောဂီသည်။ ပုန သမာပတ္တိံ သမာပဇ္ဇိတွာ၊ တဖန် သမာပတ်ကို ဝင်စား၍။ တထေဝ ကရောတိ၊ ထိုအတူပင် ပြုပြန်၏။ ဟိ၊ ထိုသို့ ပြုသင့်သည် မှန်ပေ၏။ သမာပတ္တိ၊ သမာပတ်သည်။ ဝါ၊ ဈာန်ကို ဝင်စားခြင်းသည်။ ဝိပဿနာယ၊ ဝိပဿနာအား။ ဗဟူပကာရာ၊ ကျေးဇူးများလှပါပေ၏–တဲ့။

အဲဒါဟာ သမာပတ်မှထပြီး ဝိပဿနာရှုသင့်တဲ့တရားတွေကို လိုက်ရှုပုံပါဘဲ၊ ဝိပဿနာဆိုတာက အများအားဖြင့် ထင်ရှားတဲ့ ရုပ်တရားတွေက စပြီး ရှုရတယ်၊ အထူးအားဖြင့် ဓာတ်ကြီး ၄-ပါးက စပြီးရှုရတယ်၊ နောက်ပြီးတော့ ပေါ်လာတဲ့ ဝေဒနာစိတ် သဘောတရားတို့ကိုလဲ ရှုရတယ်၊ “မျက်စိကို မမြဲဟု သိ၏၊ အဆင်းတို့ကို မမြဲကုန်ဟု သိ၏၊ မြင်သိမှုကို မမြဲဟု သိ၏” စသည်ဖြင့် ဟောထားတဲ့ သံယုတ်ပါဠိတော်အရ ဆိုယင် မြင်ခိုက် စသည်မှာ ထင်ရှားတဲ့ တရားတွေကို ရှုရကြောင်း ထင်ရှားပါတယ်၊ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ် အစ ရှိတဲ့ အဋ္ဌကထာတွေမှာ ဈာန်ကို မရှုဘဲ ပကိဏ္ဏက သင်္ခါရတွေကို ရှုပြီး မဂ်ဖိုလ် ရောက်ပုံတွေကို ပြဆိုထားတာတွေ ရှိပါတယ်။ အဲဒီ ပါဠိအဋ္ဌကထာများနှင့် အညီ ဘုန်းကြီးက ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း စာအုပ်ထဲမှာ ဈာန်မှ ထပြီး ဝိပဿနာရှုပုံကို ပြထားပါတယ်။ စာပေဗဟုသုတလဲ ရှိမယ်၊

ဝိပဿနာအကြောင်းလဲ သဘောပေါက်မယ် ဆိုယင် အလွန်ရှင်းနေပါတယ်၊ ယုံမှားစရာ မရှိပါဘူး။

အဲဒီလို ပကိဏ္ဏက သင်္ခါရတွေကို ဝိပဿနာရှုခိုက်မှာ ဖြစ်တဲ့သမာဓိကတော့ ခဏိကသမာဓိလို့ ခေါ်ရပါတယ်၊ ရှုခိုက် ရှုခိုက် ခဏ ခဏမျှသာ တည်ဘဲ့တဲ့ သမာဓိလို့ ဆိုလိုပါတယ်၊ ဝိပဿနာ ရှုခိုက်မှာ ဒီခဏိကသမာဓိ မပါယင် ဝိပဿနာ ဉာဏ်ဟာ မဖြစ်နိုင်ဘူး၊ အားကောင်းတဲ့ ဒီခဏိကသမာဓိပါမှ ဖြစ်နိုင်ပါတယ်၊ ဈာန်အခြေခံ မရှိဘဲ ဝိပဿနာသက်သက် ရှုတဲ့ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်မှာ ဆိုယင် ဒီဝိပဿနာခဏိကသမာဓိဖြင့်ပင် ဝိပဿနာဉာဏ်တွေကို ဖြစ်စေပြီးတော့ အရိယာမဂ်ဖိုလ်ကို ရောက်ရတယ်။ ဒီဝိပဿနာသမာဓိဟာ အာရုံတခုတည်းရှုရတာ မဟုတ်ဘူး၊ (အလုံးစုံကို ရေးရှုပြီး သိရမယ် စသည်ဖြင့် ပြထားတဲ့အတိုင်း)ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို အကုန်လုံးဘဲရှုရတယ်၊ ဒါပေမဲ့ ရှုခိုက် ရှုခိုက်မှာ ရှုရတဲ့အာရုံနဲ့ ကပ်ခနဲ ကပ်ခနဲ တည်တည် သွားတဲ့အတွက် ပျံ့လွင့်ခြင်းမရှိဘူး၊ အဲဒါဟာ ထိထိ ရောက်ရောက် ဝိပဿနာအလုပ်ကို အားထုတ်ဘူးတဲ့သူတွေမှာ အလွန်ထင်ရှားနေပါတယ်။

စောဒနာစာကို ရေးတဲ့သူကတော့ ဒီဝိပဿနာခဏိက သမာဓိအကြောင်းကို စာတွေ့အားဖြင့်လဲ ကောင်းကောင်းသဘောမပေါက်တဲ့ပြင်၊ ကိုယ်တွေ့အားဖြင့်လဲ မသိမမြင်ဘူးတဲ့အတွက် အဲဒီစာကို ရေးလိုက်တယ်လို့ ယူဆရတာဘဲ၊ ကြာပါပြီ ဆယ်နှစ်လောက်တောင် ရှိနေပါပြီ၊ သူ့လိပ်စာ မသိလို့ မပြန်ကြားရဘူး၊ ယခုအထိ အဲဒီအတိုင်းဘဲ အယူသည်းတုန်းဘဲလား မပြောတတ်ပါဘူး၊ အဲဒီအတိုင်းသာ အယူသည်းနေယင်တော့ မဂ္ဂန္တရာယ်ဖြစ်စရာအကြောင်း ရှိနေတာဘဲ။

## သုနက္ခတ္တ အယူသည်းပုံ

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက သုနက္ခတ္တဆိုတဲ့ လိစ္ဆဝီမျိုး ရဟန်းတပါး ရှိခဲ့တယ်၊ သူက မြတ်စွာဘုရား၏ နောက်တော်က လိုက်ပါပြီး ဝတ်ပြုနေတဲ့ အခါလဲရှိတယ်၊ သူဟာ သမထဘက်က အားထုတ်ပြီး ဈာန် ၄-ပါးကိုလဲ ရတယ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုလဲ ရတယ်၊ ဒိဗ္ဗသောတ အဘိညာဉ်ရအောင်

အားထုတ်တဲ့နည်းကို သူက မေးလျှောက်တယ်၊ သူ့မှာ အဲဒီ အဘိညာဉ်ကို မရနိုင်ခြင်း၏ အန္တရာယ် အကြောင်းရှိနေတဲ့အတွက် မြတ်စွာဘုရားက အဲဒီနည်းကို မဟောဘူး၊ ဒါကြောင့် သူက မြတ်စွာဘုရားကို အထင်လွဲသွားတယ်၊ "ငါဟာ ဒိဗ္ဗသောတ အဘိညာဉ်ပါ ရသွားယင် မြတ်စွာဘုရားနဲ့ တန်းတူ ဖြစ်သွားမှာစိုးလို့ ဒိဗ္ဗသောတ အဘိညာဉ်ရအောင် အားထုတ်တဲ့နည်းကို မဟောတာဘဲ"လို့ သူက အထင်လွဲပြီး မြတ်စွာဘုရားအပေါ်မှာ အကြည်ညို ပျက်သွားတယ်၊ နောက်ပြီးတော့ သူက ဝိပဿနာကိုလဲ အားမထုတ်တဲ့အတွက် ခိုင်မြဲတဲ့သဒ္ဓါက သူ့မှာ မရှိဘူး၊ ဘဝအဆက်ဆက်က လိုက်ပါလာတဲ့ ယုတ်ညံ့တဲ့ အလိုဝါသနာကလဲ သူ့မှာရှိနေတဲ့အတွက် ယုတ်ညံ့တဲ့ အယူအကျင့်ကိုမှ သူက အကောင်းထင်တယ်။

ဒါကြောင့် တနေ့သောအခါမှာ အဝတ်မရှိဘဲ ခွေးလိုကျင့်နေတဲ့ ကောရခတ္တိယ ဆိုတဲ့ တက္ကတွန်းကို မြင်တဲ့အခါ သူက အလွန် ကြည်ညိုသွားတယ်၊ "ဒီ ကောရခတ္တိယဟာ သူတော်ကောင်း သဘောရှိတာဘဲ၊ မြေကြီးပေါ်မှာ ပုံချထားတဲ့အစာကို လက်နဲ့မကိုင်ဘဲ ပါးစပ်နဲ့ ဟပ်ဟပ်ပြီး စားနေတယ်၊ ကောင်းတဲ့အကျင့်ဘဲ၊ သူဟာ ကိလေသာကင်းတဲ့ ရဟန္တာပေဘဲ" စသည်ဖြင့် ကြံတွေးပြီး ကြည်ညိုနေတယ်။ အဲဒါကို မြတ်စွာဘုရားက သိတော်မူတဲ့အတွက် "သုနက္ခတ္တ သင်လိုလူကတောင်မှ ငါဘုရားတပည့် ရဟန်းလို့ ဝန်ခံနေတာ အံ့စရာပါဘဲ"လို့ ရှုတ်ချပြီး မိန့်တော်မူတယ်။ အဲဒီတော့ သုနက္ခတ္တက "တပည့်တော်ကို ဘာကြောင့် ဒါလောက်ရှုတ်ချရပါသလဲ"လို့ မေးလျှောက်တယ်။ မြတ်စွာဘုရားက သုနက္ခတ္တရဲ့ စိတ်ကူးကြံစည်နေပုံတွေကို ထုတ်ဖော်ပြောပြပြီးတော့ "အဲဒီ ကောရခတ္တိယဟာ ခုနစ်ရက်မြောက်နေ့မှာ စားပိုးနင့်ပြီး သေလိမ့်မယ်၊ သေပြီးတော့လဲ ကာလကဉ္စိက ခေါ်တဲ့ အသူရကာယ်မျိုးမှာ ဖြစ်လိမ့်မယ်၊ သူ့အလောင်းကိုလဲ ပြိတ်မြက်ရှိတဲ့ သုသာန်မှာ ပစ်ချရလိမ့်မယ်၊ သွားပြီးမေးယင် အဲဒီအလောင်းကောင်က ထပြီးတော့ ကာလကဉ္စိက အသူရကာယ်မျိုးမှာ ဖြစ်ရတဲ့အကြောင်း ပြောလိမ့်မယ်"လို့ မြတ်စွာဘုရားက အတပ်ဟောလိုက်တယ်။

သုနက္ခတ္တက မြတ်စွာဘုရားကို မုသာဝါဒနဲ့ စွပ်စွဲချင်တဲ့အတွက် အဲဒီ ဟောပြောချက်တွေကို လွဲမှားကုန်အောင် အရေးတကြီး ကြိုးစားတယ်၊ ဒါပေမဲ့ အားလုံးဘဲ ဟောတဲ့အတိုင်း မှန်နေတာကို တွေ့ရတော့ ဘုရားထံ ပြန်လာတယ်။ "ဘယ့်နှယ်လဲ သုနက္ခတ္တ ငါပြောတဲ့အတိုင်း မှန်ရဲ့လား" လို့ မြတ်စွာဘုရားက မေးတော်မူတယ်၊ မှန်တဲ့အကြောင်း သုနက္ခတ္တက လျှောက်တယ်။ ဒါပေမဲ့ သူက မြတ်စွာဘုရားကိုတော့ ကောင်းကောင်း မယုံကြည်ဘူး၊ မိစ္ဆာအကျင့်တွေကိုသာ သူက ကိုက်မြဲ ကိုက်နေတယ်၊ အဲဒါဟာ အလွန် အယူသည်းတဲ့သဘောပါဘဲ။ သူ့အကြောင်းကို ပဋိကဝဂ္ဂပါဠိ တရားတော်ကြီး ဒုတိယတွဲ နှာ ၁၀၉-စသည်မှာ ဒါထက် ကျယ်ကျယ် ပြထားပါတယ်။ အဲဒီ သုနက္ခတ္တဟာ မိစ္ဆာအကျင့်နှင့် စပ်ပြီး အယူသည်းနေတဲ့အတွက် ၃-နှစ်လောက် ကြာတဲ့အခါ သာသနာတော်က လူထွက်သွားတယ်၊ ထွက်သွားပြီးတော့ မြတ်စွာဘုရားမှာ လောကုတ္တရာ တရားထူး မရှိဘူးလို့တောင် သူက စွပ်စွဲပြောဆို နေပါသေးသတဲ့။ အဲဒါဟာ သူကိုယ်တိုင် မဂ်ဖိုလ်တရားထူးကို တွေ့အောင် အားထုတ်မသွားတဲ့အတွက် သူ့ရှိရင်း အယူကို မစွန့်လွှတ်နိုင်ဘဲ အယူသည်းပြီး အကုသိုလ်တွေ ဖြစ်ပွါးသွားတာပါဘဲ။

ယခုခေတ်ကာလမှာလဲ ကမ္မဋ္ဌာန်းဌာနကို လာရောက်ပြီး အားထုတ်တဲ့ သူတွေထဲမှာ အဲဒီ သုနက္ခတ္တလို ပုဂ္ဂိုလ်က တဦးတလေ ပါလာတတ်တယ်၊ အဲဒီလို ပုဂ္ဂိုလ်က အစကတည်းက သဒ္ဓါတရားနဲ့ မဟုတ်ပဲ အခြားအကြောင်း တခုခုနဲ့ လာတာ ဖြစ်တတ်တယ်၊ သဒ္ဓါတရားက မပြည့်စုံတဲ့အတွက် အဲဒီလို ပုဂ္ဂိုလ်က ကောင်းကောင်းအားမထုတ်ဘူး၊ အားမထုတ်တော့ အဲဒီလို ပုဂ္ဂိုလ်မှာ ဘာမျှ ထူးထူးခြားခြား မဖြစ်ဘူး၊ သမာဓိတောင် ကောင်းကောင်းမဖြစ်ဘူး၊ ဝိပဿနာဉာဏ်ဆိုတာ ဝေးရော့ဘဲ၊ အဲဒီလို ပုဂ္ဂိုလ်က "သူကိုယ်တိုင် အား ထုတ်ခဲ့တယ် ဘာမှ မတွေ့ခဲ့ဘူး၊ ဘာမှ မဟုတ်ဘူး" လို့ ဒီလို တရားလုပ်ငန်းကို ကဲ့ရဲ့ပြောဆိုနေတတ်တယ်၊ ဒါပေမဲ့ သူ့မှာ တရားလမ်းမှား တခုခုတော့ စွဲလမ်း ထားတာ ရှိတတ်တယ်၊ အဲဒီ အစွဲအလမ်းနဲ့ အယူသည်းနေသမျှ ကာလပတ်လုံး အဲဒီ ပုဂ္ဂိုလ်မှာ အကုသိုလ်တွေ ပွါးနေတာဘဲ၊ သူ့စကားကို ယုံကြည်တဲ့သူတွေ

မှာလဲ အကုသိုလ်ပွါးတဲ့အပြင် မဂ္ဂန္တရာယ်လဲ ဖြစ်စရာအကြောင်းရှိနေပါတယ်၊ ကြောက်စရာလဲကောင်း သနားစရာလဲကောင်းတဲ့ ပုဂ္ဂိုလ်ပါဘဲ။

## စျာန်ရမှ စိတ္တဝိသုဒ္ဓိဖြစ်သတဲ့

စျာန်ရမှ စိတ္တဝိသုဒ္ဓိဖြစ်တယ်ဆိုတဲ့ အယူဝါဒလဲ ရှိတယ်၊ ဗမာပြည်မှာတော့ ဒီလိုအယူရှိတဲ့ပုဂ္ဂိုလ် ရှားပါလိမ့်မယ်၊ ဒါပေမဲ့ အနည်းငယ်တော့ ရှိပုံရပါတယ်၊ "ဥပစာသမာဓိဖြင့်လဲ စိတ္တဝိသုဒ္ဓိဖြစ်တယ်" လို့ ပြဆိုထားတဲ့ အဋ္ဌကထာ ဋီကာတွေ ခိုင်ခိုင်လုံလုံရှိနေပါတယ်၊ နောက်ပြီးတော့ သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာမှာ အာနာပါနပိုင်း ပဋိကူလမနသိကာရပိုင်းတို့မှ တပါးသော ဣရိယာပထပိုင်း အစရှိတဲ့ ၁၉-ပိုင်းကို ဥပစာသမာဓိ ရစေနိုင်တဲ့ ဥပစာရကမ္မဋ္ဌာန်း ဖြစ်ကြောင်းကိုလဲ ပြဆိုထားပါတယ်၊ နောက်ပြီးတော့ သမထကမ္မဋ္ဌာန်း ၄၀ ထဲမှ စတုဓာတုဝဝတ္ထာန်ဆိုတဲ့ ကမ္မဋ္ဌာန်းဟာ သတိပဋ္ဌာနသုတ်မှ ဓာတုမနသိကာရဆိုတဲ့ ဝိပဿနာကမ္မဋ္ဌာန်းဖြစ်ကြောင်းကိုလဲ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်၊ နောက်ပြီးတော့ (သုဒ္ဓဝိပဿနာယာနိက) သမထမပါဘဲ ဝိပဿနာသက်သက်ရှုတဲ့ ယောဂီဟာ ဓာတ်ကြီး ၄-ပါးကို စပြီးရှုတဲ့အကြောင်း၊ ထို့ပြင် ဓာတ် ၁၈-ပါး၊ အာယတန ၁၂-ပါး၊ ခန္ဓာငါးပါး၊ ရုပ်နာမ် ၂-ပါးတို့ကလဲ စပြီးရှုတဲ့အကြောင်း ဝိသုဒ္ဓိမဂ်မှာဘဲ ပြဆိုထားပါတယ်။ ဒါကြောင့် "ဓာတ်ကြီး ၄-ပါး စသည်ကိုရှုရင်း ဥပစာသမာဓိကို ရတယ်၊ သို့မဟုတ် နီဝရဏတို့ကို ကင်းစေနိုင်ခြင်းအားဖြင့် ဥပစာသမာဓိနှင့် သဘောတူသော ဝိပဿနာခဏိကသမာဓိကို ရတယ်၊ အဲဒီ ဥပစာသမာဓိခေါ်တဲ့ ဝိပဿနာသမာဓိဖြင့်ပင် စိတ္တဝိသုဒ္ဓိ ဖြစ်ပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော ပညာဝိသုဒ္ဓိငါးပါးကိုလဲ ရောက်တယ် ရတယ်" ဆိုတာ သိနိုင်ပါတယ်၊ အဲဒီလို စာတွေအားဖြင့် သိနိုင်သည့်ပြင် သတိပဋ္ဌာန်ရှုနည်းအရ တကယ်ရှုမှတ်ကြတဲ့ ယောဂီတွေမှာ အဲဒီ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိစသည် ပြီးစီးပုံကို ကိုယ်တွေ့အားဖြင့်လဲ ထင်ရှားသိကြရပါတယ်၊ အဲဒီလို ကိုယ်တွေ့ဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဘုန်းကြီးတို့ လက်လှမ်းမှီသလောက်မှာကို ထောင်ပေါင်းများစွာ ရှိနေပါပြီ။ ဒါကြောင့် "ဥပစာသမာဓိဖြင့် ဖြစ်စေ၊ ဥပစာသမာဓိနှင့် တူညီတဲ့ ဝိပဿနာခဏိကသမာဓိဖြင့် ဖြစ်စေ စိတ္တဝိသုဒ္ဓိ ပြီးစီးပြည့်စုံတယ်" ဆိုတာ ယုံမှားစရာ မရှိပါဘူး၊ အလွန်ပင်ထင်ရှားနေပါတယ်။ ဒါပေမဲ့ "စျာန်

ရမှ စိတ္တဝိသုဒ္ဓိဖြစ်တယ်” လို့ တထစ်ချ ယူထားတဲ့သူမှာတော့ ဈာန်ကိုလဲ ရအောင် အားမထုတ်နိုင်ယင် “ဝိပဿနာသမာဓိဖြင့် စိတ္တဝိသုဒ္ဓိမဖြစ်နိုင်ဘူး”လို့လဲ ယူထားတဲ့အတွက် ဝိပဿနာရှုခွင့်တောင် မရဘဲ တဘဝလုံး ဆုံးရှုံးသွားမှာ သေချာပါတယ်၊ အဲဒီလို အယူသည်းမှုကြောင့်လဲ မဂ္ဂန္တရာယ် ဖြစ်နိုင်ရုံတွင်မက ဝိပဿနာ၏ အန္တရာယ်တောင် ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် အဲဒီလိုဝါဒကို အထူးသတိပြုပြီး ရှောင်သင့်တယ်။

## သိဋ္ဌည်းဆရာကြီး၏ အယူသည်းပုံ

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့၏ အလောင်းလျာဖြစ်ကြတဲ့ ဥပတိဿနှင့် ကောလိတပရိဗိုဇ်တို့ဟာ အဿဇိမထေရ်ထံမှ ဂါထာတပုဒ်တရားဖြင့် သောတာပန်ဖြစ်ကြပြီးတဲ့အခါမှာ မြတ်စွာဘုရားထံသို့ သွားဘို့ကြံကြတယ်၊ အဲဒီအခါမှာ သူတို့၏ဆရာကြီး သိဋ္ဌည်းကိုလဲ ပန်ကြားပြီး ဖိတ်ခေါ်ကြတယ်။ “အရှင်သိဋ္ဌည်းဆရာကြီး, လောကမှာ ဗုဒ္ဓမြတ်စွာဘုရား ပွင့်နေပြီ၊ ကျနုပ်တို့ အဲဒီ ဗုဒ္ဓမြတ်စွာဘုရားထံကို သွားကြပါတော့မယ်၊ ဆရာကြီးလဲ ကျနုပ်တို့နှင့်အတူ လိုက်ခဲ့ပါ” လို့ ဖိတ်ခေါ်ကြသတဲ့။ အဲဒီအခါ သိဋ္ဌည်းဆရာကြီးက “သင်တို့သာ သွားကြပါ၊ ငါကတော့ မလိုက်နိုင်ဘူး” လို့ ပြောတယ်။ ဘာကြောင့်လဲလို့ဆိုတော့ “ငါဟာ ဂိုဏ်းဆရာကြီးလုပ်လာတာကြာပြီ၊ ယခုမှ ရဟန်းဂေါတမ၏ တပည့်လုပ်ရမယ်ဆိုယင် မသင့်ဘူး၊ မလုပ်နိုင်ဘူး၊ ရေလှောင်အိုးအဖြစ်က ရေခပ်အိုးငယ် မလုပ်နိုင်ဘူး”လို့ ဆိုပါသတဲ့။ “ဆရာကြီး စဉ်းစားပါဦး၊ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူလာတယ်ဆိုတော့ လူတွေက အဲဒီ ဗုဒ္ဓမြတ်စွာဘုရားထံကိုချည်း သွားကြပါလိမ့်မယ်၊ ဆရာကြီးထံ မလာကြဘဲ ရှိနေပါလိမ့်မယ်”လို့ သတိပေးပြောကြားတဲ့အခါကျတော့ သိဋ္ဌည်းဆရာကြီးက “လောကမှာ ပညာရှိနဲ့ ပညာမဲ့သူ ဘယ်ဟာက များသလဲ”လို့ မေးသတဲ့။ “ပညာရှိက နည်းပါတယ်၊ ပညာမဲ့သူတွေကသာ များပါတယ်”လို့ ပြောတဲ့အခါမှာ “အေး ဟုတ်တယ်၊ ပညာရှိလူနည်းစုက ရဟန်းဂေါတမထံ သွားကြလိမ့်မယ်၊ ပညာမဲ့လူများစုက ငါ့ထံ လာကြလိမ့်မယ်၊ စိုးရိမ်စရာ မရှိပါဘူး”လို့ ပြောပြီး “သင်တို့သာ သွားကြပါ”ဆိုပြီး လွှတ်လိုက်သတဲ့။ အဲဒါလဲ

လာတဲ့ ပူဇော်သက္ကာရ အခြေအရံ အကျော်အစောနှင့်စပ်ပြီး အယူသည်းတဲ့ အတွက် အကျိုးမဲ့ ဖြစ်သွားတာပါဘဲ။

ဒါကြောင့် တရားစစ် တရားမှန်ရရေးနဲ့ ဆန့်ကျင်တဲ့ အယူသည်းမှုဟူသမျှကို ပယ်ရှားဘို့ရာ အထူးသဖြင့် အရေးကြီးပါတယ်၊ "ဒီအိမ်မှာ ငါမရှိယင် မဖြစ်ဘူး"ဆိုတဲ့ အစွဲအလမ်းကြီးမှုကြောင့် တရား အားထုတ်ခွင့်မရဘဲ ဖြစ်သွားမည် ဆိုလျှင် အဲဒါလဲ အများကြီးဆုံးရှုံးသွားနိုင်တာဘဲ။တရားဘက်ကသာမဟုတ်ဘူး၊ လောကဘက်ကလဲ အသင့် ယုတ္တိ ဘာမှ မရှိဘဲ အစွဲအလမ်းကြီးပြီး အယူသည်း နေတာတွေလဲ နေရာမကျဘူး၊ အကြောင်း ယုတ္တိကို ဆင်ခြင်ပြီး ပြုပြင်သင့် ပယ်သင့်တာဘဲ။ ဒါပေမဲ့ အယူသည်းတတ်တဲ့ပုဂ္ဂိုလ်ကတော့ (ဒီအယူသည်းမှု အကြောင်း ပြောခါစတုန်းက ထုတ်ပြခဲ့တဲ့ အဋ္ဌကထာအတိုင်းဘဲ) ဘုရား အစ ရှိသော ပုဂ္ဂိုလ်မြတ်များက အကြောင်းမှန်ပြပြီး ဟောပြောပေမယ်လို့ သူ့အယူ ကို မစွန့်လွှတ်နိုင်ဘဲ ရှိနေတတ်တယ်၊ အဲဒီလို မစွန့်လွှတ်နိုင်လျှင် ရသင့် ရထိုက်တဲ့ လောကီအကျိုးတွေ, လောကုတ္တရာအကျိုးတွေ ဆုံးရှုံး သွားတော့တာဘဲ။ ဒါကြောင့် အဲဒီ အနက် အဓိပ္ပါယ်တွေကို ယူပြီး ဆောင်ပုဒ် ၃-ခု စီထားတယ်– "ကိုယ့်အယူသာ၊ မြဲမြံစွာ၊ ယူကာနေတော့သည်။ အကြောင်းမှန်ဘဲ၊ ပြသော်လဲ၊ ပြောင်းလွှဲ မရပြီ။ မှားစွာ ယူသည်း၊ ကျိုးမပြီး၊ ချည်းနှီးဖြစ်စေသည်"တဲ့။ ကဲ အဲဒါတွေကို ဆိုကြရမယ်။

ကိုယ့်အယူသာ၊ မြဲမြံစွာ၊ ယူကာနေတော့သည်။ (ဆို)
အကြောင်းမှန်ဘဲ၊ ပြသော်လဲ၊ ပြောင်းလွှဲ မရပြီ။ (ဆို)
မှားစွာယူသည်း၊ ကျိုးမပြီး၊ ချည်းနှီးဖြစ်စေသည်။ (ဆို)

အဲဒီ ဆောင်ပုဒ်များအတိုင်းဘဲ၊ လောကဘက်က အယူသည်းနေလို့ရှိယင် လဲ လောကဘက်က အကျိုးတွေ ဆုံးရှုံးတာဘဲ၊ အကျိုးမပြီး အချည်းနှီး ဖြစ်သွားတာဘဲ၊ အောက်ထစ်ဆုံးအားဖြင့် သူများတွေက ကိုယ်တွေ့ဖြစ်နေတဲ့ ဟာတွေကို အယူသည်းပြီး ငြင်းနေယင် "ဒီလူဟာ အလွန် အယူသည်းတဲ့ လူ ဘဲ"လို့ အကဲ့ရဲ့တော့ ခံရမှာဘဲ။ ဒါပေမဲ့ လောကဘက်က အယူသည်းတာက တော့ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်တော့ မဖြစ်ပါဘူး။ တရားဘက်က အယူမှားပြီး

အယူသည်းတာကတော့ အကျင့်နှင့်စပ်တဲ့အရာမှာဆိုယင် မဂ္ဂန္တရာယ်ဖြစ်တာလဲ ရှိတယ်၊ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ၂-ပါးလုံးဖြစ်တာလဲ ရှိတယ်။ စာပေကျမ်းဂန် ဗဟုသုတနှင့်ပြည့်စုံတဲ့ ပညာရှိ သူတော်ကောင်းပုဂ္ဂိုလ်က အကြောင်းယုတ္တိနဲ့ စာပေကျမ်းဂန်နဲ့ ပြောပြယင် စဉ်းစားဆင်ခြင်ပြီး မသင့်တော်တဲ့အယူကို စွန့်ရ တယ်၊ ကိုယ့်အယူဟာ မှတ်သားစွဲလမ်းထားတာ ကြာပြီ၊ ယခုမှတော့ မစွန့်နိုင် ဘူးလို့ ဒီလိုဇွတ်မှိတ်ပြီး ယူမထားရဘူး၊ အကျင့်လမ်းမှားကို အဲဒီလို ဇွတ်မှိတ်ပြီး ယူနေယင် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ဖြစ်သွားတတ်တယ်။ဒါကြောင့် "သူများတွေ က မှားယွင်းစွာ သုံးသပ်ပြီး အယူသည်းကြမည့်အရာမှာ ငါတို့ကတော့ အယူ မသည်းဘဲ ရှိစေမည်" လို့ အဓိဋ္ဌာန်ပြုကြရမယ်။

(၄၄) သူများတွေက မှားယွင်းစွာ သုံးသပ်ပြီး အယူသည်းကြမည့်အရာမှာ ငါတို့ကတော့ အယူမသည်းဘဲ ရှိစေမည်။

ဝိဟိံသာပါတ၊ အဒိန္နနှင့် (ပေ) ဒုပ္ပညတာ၊ ယူသည်းစွာဟု၊ ကိလေသာ ဘေး၊ လေးဆဲ့လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်၊ သလ္လေခသုတ် မိန့်ခွန် တည်း-ဆိုတဲ့ ခေါင်းစဉ်ဆောင်ပုဒ်ကြီးအရ ဝိဟိံသာမှ အယူသည်းမှု တိုင်အောင် အကုသိုလ် ကိလေသာတရား ၄၄-ပါးနှင့် စပ်ပြီး ငါးဝါရစီ ဟောထားတဲ့ ဒေသနာတော်ကို ရှင်းလင်းဟောပြောလာခဲ့တာဟာ ပြည့်စုံသွား ပါပြီ၊ ယခု နိဂုံးချုပ် ဟောဘို့ဘဲ လိုပါတော့တယ်။ အဲဒီ နိဂုံးချုပ်ပုံကတော့—

## နိဂုံးချုပ် မိန့်ခွန်းတော်

ဣတိခေါ စုန္ဒ ဒေသိတော မယာ သလ္လေခပရိယာယော-စသည်ဖြင့် နိဂုံးချုပ်တော်မူပါတယ်။ ဆိုလိုတာကတော့ စုန္ဒရေ၊ ငါဟာ သလ္လေခပရိယာယ် ဆိုတဲ့ အကြောင်းတရားကိုလဲ ယခု ပြောခဲ့တဲ့အတိုင်း ဟောခဲ့ပြီ၊ စိတ္တုပ္ပါဒ ပရိယာယ်ကိုလဲ ဟောခဲ့ပြီ၊ ရှောင်လွှဲဘို့ရာ ပရိက္ကမန ပရိယာယ်ကိုလဲ ဟောခဲ့ပြီ၊ အထက် အထက်သို့ အဆင့်အတန်းတက်ဖို့ရာ ဥပရိဘာဂ ပရိယာယ်ကိုလဲ ဟောခဲ့ပြီ၊ ဝိဟိံသာ အစရှိတဲ့ အကုသိုလ်တွေကို အပြီးတိုင် ငြိမ်းစေဘို့ရာ ပရိနိဗ္ဗာန ပရိယာယ်ကိုလဲ ဟောခဲ့ပြီ၊ ဟောသင့် ဟောက်ထိုက်တဲ့ ဝါရငါးပါး လုံးကို ဟောပြီးပြီ-လို့ ဆိုလိုပါတယ်။ အဲဒီလို ဟောတာဟာ ဆရာဖြစ်တဲ့

ဘုရား၏လုပ်ငန်း တာဝန်ဘဲ၊ အဲဒါကို ဆောင်ရွက်ပြီးပြီလို့လဲ ဆိုလိုပါတယ်။ ဒါကြောင့်—

ယံ ခေါ စုန္ဒ သတ္ထာရာ ကရဏီယံ သာဝကာနံ ဟိတေသိနာ အနုကမ္ပကေန အနုကမ္ပံ ဥပါဒါယ၊ ကတံ ဝေါ တံ မယာ—

လို့လဲ ဆက်ပြီး မိန့်တော်မူပါတယ်။

စုန္ဒ၊ ချစ်သားစုန္ဒ။ သာဝကာနံ၊ တပည့်သားတို့၏။ ဟိတေသိနာ၊ အကျိုးစီးပွါးကို အလိုရှိသည်ဖြစ်၍။ ဝါ၊ အကျိုးစီးပွါးကို အလိုရှိသော။ အနုကမ္ပကေန၊ အစဉ်သနားသော။ သတ္ထာရာ၊ ဆရာဖြစ်သော ပုဂ္ဂိုလ်သည်။ အနုကမ္ပံ ဥပါဒါယ၊ အစဉ်သနားခြင်းကို အကြောင်းပြု၍။ ယံ၊ အကြင် ညွှန်ကြားဟောပြောခြင်း အမှုကို။ ကရဏီယံ၊ ပြုသင့် ပြုထိုက်ပေ၏။ တံ၊ ထို ပြုသင့် ပြုထိုက်သော ဟောပြောခြင်း အမှုကို။ ဝေါ၊ သင်တို့အား။ ဝါ၊ သင်တို့အတွက်။ မယာ၊ ငါဘုရားသည်။ ကတံ၊ ဝါရငါးခု ဟောပြောမှုဖြင့် ပြုအပ်ပါပေပြီ-တဲ့။

အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ် ၂-ခု စီထားတယ်၊ "ငါးသွယ်ဝါရ၊ သလ္လေခ၊ ဗုဒ္ဓဟောပေသည်။ ပြုသင့်သမျှ၊ မှုကိစ္စ၊ လုံးဝ ပြုပြီးပြီ"တဲ့။ အဲဒါကို ဆိုကြရမယ်။

(က) ငါးသွယ်ဝါရ၊ သလ္လေခ၊ ဗုဒ္ဓဟောပေသည်။ (ဆို)

(ခ) ပြုသင့်သမျှ၊ မှုကိစ္စ၊ လုံးဝ ပြုပြီးပြီ။ (ဆို)

အဲဒီလို ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားဘက်က ပြုသင့်တဲ့ကိစ္စ အလုံးစုံ ပြီးစီးနေတော့ ဘာကလိုနေသလဲဆိုယင် တပည့်တွေဘက်က ကျင့်ဘို့ရာဘဲ လိုတော့တယ်၊ ဒါကြောင့် ကျင့်ဘို့ရာအတွက် ဒီလို တိုက်တွန်းညွှန်ကြားတော်မူပြန်ပါတယ်။

ဧတာနိ စုန္ဒ ရုက္ခမူလာနိ၊ ဧတာနိ သုညာဂါရာနိ။ ဈာယထ စုန္ဒ၊ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။ အယံ ဝေါ အမှာကံ အနုသာသနီ။

စုန္ဒ၊ ချစ်သားစုန္ဒ။ ဧတာနိ ရုက္ခမူလာနိ၊ ရှုမှတ်နှလုံးသွင်းရန် သင့်လျော်သော ထို သစ်ပင်ရင်း သစ်ပင်အောက် အရပ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတာနိ သုညာဂါရာနိ၊ ထို ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ စုန္ဒ၊ ချစ်သားစုန္ဒ။ တုမှေ၊ သင်တို့သည်။ ဈာယထ၊ ရှုကြကုန်လော့။

စုန္ဒရေ ဟိုမှာ ရှုမှတ်ဖို့ တရားနှလုံးသွင်းဘို့ကောင်းတဲ့ သစ်ပင်ရိပ်တွေ ရှိတယ်၊ လူသူကင်းဆိတ်တဲ့ ကမ္မဋ္ဌာန်းကျောင်းတွေလဲ ရှိတယ်၊ ရှုကြဟေ့ ရှုကြ-လို့ မြတ်စွာဘုရားက တိုက်တွန်းတော်မူပါတယ်။ ဘာကို ရှုရမှာလဲလို့ ဆိုခတော့ သမထအလိုအားဖြင့် ၃၈-ပါးသော သမထကမ္မဋ္ဌာန်းအာရုံတွေကို ရှုရမယ်၊ ဝိပဿနာအလိုအားဖြင့်တော့ ခန္ဓာငါးပါး အာယတန ၁၂-ပါး အစ ရှိတဲ့ ရုပ်နာမ်တရားတွေကို အနိစ္စအစရှိသော အခြင်းအရာအားဖြင့် ရှုရမယ်။ အတိုချုပ်အားဖြင့်ဆိုလျှင် သမထနှင့် ဝိပဿနာကို ပွါးစေကြရမယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် အဋ္ဌကထာက ဒီလို ဖွင့်ပြထားပါတယ်။

ဈာယထာတိ၊ ရှုကြကုန်လော့ဟူရာ၌။ အာရမ္မဏူပနိဇ္ဈာနေန၊ အာရုံကို ကပ်၍ ရှုမှု အာရမ္မဏူပနိဇ္ဈာန်အလိုအားဖြင့်၊ အဋ္ဌတိံသာရမ္မဏာနိ၊ ၃၈-ပါးသော အာရုံတို့ကို။ ဥပနိဇ္ဈာယထ၊ ကပ်၍ရှုကြကုန်လော့။ (ဝိသုဒ္ဓိမဂ်မှာ သမထကမ္မဋ္ဌာန်းအာရုံကို ၄၀-ပြထားတယ်၊ အဲဒီ ၄၀-ထဲမှာ ကသိုဏ်း ၁၀-ပါး ထဲက အာကာသနဲ့ အာလောက ကသိုဏ်းတို့ကို နုတ်ပယ်ပြီး ဒီမှာ ၃၈-ပါးလို့ ပြထားတယ်။ အဲဒီ ၃၈-ပါးက ဘုရားဟောပါဠိတော်များမှာ တိုက်ရိုက်လာတဲ့ အာရုံများဖြစ်တယ်၊ အာလောက ကသိုဏ်းဆိုတာကတော့ ဩဒါတကသိုဏ်းမှ ခွဲထုတ်ပြီး အဋ္ဌကထာမှာ ပြထားတဲ့ကသိုဏ်းဖြစ်တယ်၊ အာကာသကသိုဏ်း ဆိုတာကလဲ ပါဠိတော်လာ အာကာသာနဉ္စာယတနဈာန်၏ အာရုံဖြစ်တဲ့ အနန္တာကာသမှ ခွဲထုတ်ပြီး အဋ္ဌကထာမှာ ပြထားတဲ့ ကသိုဏ်းဖြစ်တယ်။ ဒါကြောင့် အဲဒီအဋ္ဌကထာလာ ကသိုဏ်း ၂-ပါးကို နုတ်ပယ်ပြီး ဒီမှာ ပါဠိတော်လာ သမထကမ္မဋ္ဌာန်း ၃၈-ပါးကို ပြထားခြင်းဖြစ်တယ်လို့ မှတ်ရမယ်။) လက္ခဏူပနိဇ္ဈာနေန စ၊ လက္ခဏာကိုရှုမှု ဝိပဿနာဟူသော လက္ခဏူပနိဇ္ဈာန်အလိုအားဖြင့်လည်း။ ခန္ဓာယတနာဒီနိ၊ ခန္ဓာ အာယတနစသည်တို့ကို။ အနိစ္စာဒိတော၊ အနိစ္စအစရှိသောအခြင်းအရာအားဖြင့်။ ဥပနိဇ္ဈာယထ၊ ကပ်၍ရှုကြကုန်လော့။

သမထဉ္စ၊ သမထကိုရင်း။ ဝိပဿနဉ္စ၊ ဝိပဿနာကိုရင်း။ ဝဍ္ဎေထ၊ ပွါးစေကြကုန်လော့။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ ဆိုလိုပါတယ်-တဲ့။

အဲဒီမှာ သမထကိုလဲ ပွါးစေဘို့ တိုက်တွန်းတော်မူကြောင်း တွေ့ရတယ်၊ ဒါကြောင့် သမထကိုလဲ အထင်မသေးသင့်ပေဘူး၊ မြတ်စွာဘုရားကိုယ်တော်တိုင်ကပင် သမထ ကမ္မဋ္ဌာန်းကိုလဲ ရှုဘို့ တိုက်တွန်း ထားပါတယ်၊ အထက်တန်းစား ရဟန္တာတွေဟာ သမထကို အခြေခံပြုပြီး ဝိပဿနာရှုကြပါတယ်၊ ဒါကြောင့် သမထကို မရှိမသေမပြောသင့်ဘူးဆိုတာကို အထူးသတိပြုကြရမယ်။ ခန္ဓာစသည်ကို ရှုယင် ဝိပဿနာဘဲ၊ သမထမဟုတ်ဘူး၊ ဒါကြောင့် သတိပဋ္ဌာနသုတ် ဣရိယာပထပိုင်း စသည်အရ ရှုနေတာကိုလဲ သမထလို့ ပြောယင် မဟုတ်မမှန်ဘဲနဲ့ စွပ်စွဲရာရောက်တယ်၊ အမှန်ကတော့ သမထ ကမ္မဋ္ဌာန်း ၄၀ မှ အလွတ်ဖြစ်တဲ့ ရုပ်နာမ်သဘောတရားကို ရှုယင် ဝိပဿနာသာ ဖြစ်တယ်၊ ဒါကြောင့်−

ဈာယထ၊ ရှုကြကုန်လော့။ ဝါ-သမထကိုလဲ ပွါးစေကြကုန်လော့၊ ဝိပဿနာကိုလဲ ပွါးစေကြကုန်လော့။ မာ ပမာဒတ္ထ၊ မမေ့ကြကုန်လင့်၊ မေ့မနေကြကုန်လင့်။ (ဒီနေရာမှာ မေ့တာက ၂-မျိုး ရှိတယ်၊ (၁) ရှုသင့်တဲ့ သမထအာရုံ ဝိပဿနာအာရုံကို မရှုဘဲနေယင်လဲ မေ့နေသည်မည်တယ်၊ မေ့ခြင်း၏အကြောင်းဖြစ်တဲ့ ကာမဂုဏ်အာရုံကို ကြံနေယင်၊ ဒုစရိုက်အမှုတွေကို ကြံနေယင်လဲ မေ့နေသည်မည်တယ်။ အဲဒီလို မေ့ပုံကို ဋီကာမှာ ၂-မျိုး ခွဲပြထားတယ်။ ဒါကြောင့် မမေ့ကြနဲ့ဆိုတာဟာ သမထအာရုံ ဝိပဿနာအာရုံကို မပြတ်ရှုနေကြလို့ ဆိုလိုပါတယ်၊ အဲဒီလို မရှုဘဲ မေ့နေယင် အချိန်လွန်တဲ့ အခါမှာ နှလုံးမသာမှု စိတ်ပူပန်မှုဖြစ်တတ်တယ်။ ဒါကြောင့်။) ပစ္ဆာ၊ အချိန်လွန်ပြီးသော နောင်အခါကာလကျမှ။ ဝိပ္ပဋိသာရိနော၊ ဟိုတုန်းက ပြည့်စုံအောင် မရှုခဲ့မိသည်မှာ မှားလေစွဟု စိတ်နှလုံးမသာကြ နောင်တ ပူပန်ကြကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြပါစေကုန်လင့်။ (ဟိုတုန်းက ငယ်ရွယ်စဉ် ကျန်းမာစဉ်တုန်းက၊ အစစအရာရာ သပ္ပါယဖြစ်စဉ်တုန်းက ပြည့်စုံစွာ မရှုခဲ့မိ အားမထုတ်ခဲ့မိသည်မှာ မှားလေစွ မှားလေစွလို့ မြည်တမ်းကြံတွေးပြီး စိတ်နှလုံးပူပန်ခြင်း မဖြစ်ကြစေနဲ့၊ အဲဒီလိုမဖြစ်ရအောင် မမေ့မလျော့ ရှုကြ အားထုတ်

ကြလို့ ဆိုလိုပါတယ်။) အယံ၊ ရှုကြ, မမေ့ကြလင့်, နောင်အခါကျမှ နောင်တပူပန်ရခြင်း မဖြစ်ကြစေလင့်–ဟူသော ဤစကားရပ်သည်။ ဝေါ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အဖန်ဖန် အထပ်ထပ် မပြတ်ညွှန်ပြသည့် အဆုံးအမတော်ပါပေတည်း–တဲ့။

အဲဒါဟာ ဒီသုတ်၏ အဆုံးသတ် နိဂုံးချုပ် စကားတော်ပါဘဲ။ မြတ်စွာဘုရားက တပည့်များအား ကျင့်ဘို့ရာ ဝိဟိံသာ အစ သန္တိဋ္ဌပရာမာသ အဆုံးရှိသော ၄၄-ပါးသော အကုသိုလ်တရားတွေ ခေါင်းပါးစေကြောင်းအကျင့်ကို သလ္လေခဝါရ စသည်ဖြင့် ငါးဝါရအပြည့်အစုံ ဟောတော်မူတယ်၊ ဒါကြောင့် ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ တာဝန်ကိစ္စကတော့ ပြီးစီးပြည့်စုံသွားပြီ၊ အဲဒီတရားတော်အတိုင်း ကျင့်ဘို့ကတော့ ဘုရားတပည့်ဖြစ်သော ပုဂ္ဂိုလ်တို့၏ တာဝန်သာ ဖြစ်တယ်။ ဒါကြောင့် ရှုကြဘို့ ကျင့်ကြဘို့ရာ သစ်ပင်ရင်းများနဲ့ ဆိတ်ငြိမ်တဲ့ ကမ္မဋ္ဌာန်းကျောင်းများကို ညွှန်ပြပြီး ရှုဘို့ တိုက်တွန်းတော်မူတယ်၊ မရှုကြဘဲ မေ့နေယင် နောင်အခါ စိတ်နှလုံး မသာခြင်း စိတ်ပူပန်ခြင်း ဖြစ်လိမ့်မယ်၊ အဲဒီလို မဖြစ်ရအောင် မမေ့မလျော့ ရှုကြ မှတ်ကြ အားထုတ်ကြလို့ သတိပေး တိုက်တွန်းတော်မူပါတယ်။ အဲဒါကို ဒီမှာ ဆောင်ပုဒ် ငါးခုစီထားတယ်။ (က) နှင့် (ခ) ကိုတော့ ခုတင်က ဆိုပြီးပါပြီ။ ဒါပေမဲ့ ရှေ့နောက် ဆက်စပ်မိအောင် ထပ်ပြီး ဆိုကြရဦးမယ်။

(က) ငါးသွယ်ဝါရ၊ သလ္လေခ၊ ဗုဒ္ဓ ဟောပေသည်။

(ခ) ပြုသင့်သမျှ၊ မှုကိစ္စ၊ လုံးဝ ပြုပြီးပြီ။

(ဂ) သစ်ပင်ရင်းမှာ၊ ဆိတ်ငြိမ်ရာ၊ ကပ်ကာ ရှုကြလေ။

(ဃ) အချိန်လွန်မှ၊ ပူပန်ရ၊ နောင်တ ကင်းကြစေ။

(င) တိုက်တွန်းညွှန်ကြား၊ ဤသည်ကား၊ ဘုရား အဆုံးမပေ။

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစု ပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသောကုသိုလ် အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘတို့အား အမျှပေးဝေပါကုန်၏၊ ဆရာသမားတို့အား အမျှပေးဝေပါကုန်၏၊ အဆွေအမျိုးတို့အား အမျှပေးဝေပါကုန်၏၊ ဤအရပ်၌ ရောက်ရှိနေသော လူပရိသတ် နတ်ပရိသတ် အပေါင်းအား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားလဲ အမျှပေးဝေပါကုန်၏၊ အမိအဘတို့မှ စ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် ဒွါဒသမပိုင်း ဤတွင် ပြီး၏။

သလ္လေခသုတ်တရားတော် ဒုတိယတွဲ ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး ဤတွင် ပြီးပြီ။

❖❖❖❖❖❖❖❖

## သလ္လေခသုတ်တရားတော် ဒုတိယတွဲ၌ ပြင်ဖတ်ရန်

| စာမျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၁ | ၃ | (၃၀)တောင် | (၃၄) ပါးတောင် |
| ၂၇ | ၆ | အလုံးသော | အလုံးစုံသော |
| ၄၁ | ၁၈ | သဘောကျတာက | သဘောကျတာကလဲ |
| ၄၇ | ၇ | အကြောင်းပြု | အကြောင်းပြု |
| ၈၆ | ၂၆ | အထင်ရောက်နေကျတာ | အထင်ရောက်နေကြတာ |
| ၈၇ | ၂၃ | လွတ်မြောက်ပြီးလို့ | လွတ်မြောက်ပြီလို့ |
| ၈၉ | စာခေါင်း | အိုးကင်းကြော် | အိုးကင်းလှော် |
| ။ | ၁၈ | အိုးကင်းကြော် | အိုးကင်းလှော် |
| ၁၂၁ | ၅ | ရန်ငြိုးဖွဲ့ပြီး | ရန်ငြိုးဖွဲ့ပြီး |
| ၁၂၂ | ၁၂ | ဘီလူးမလာတဲ့အခါ | ဘီလူးမ လာတဲ့အခါ<br>သူငယ်၏မိခင်က |
| ၁၃၁ | ၁၄ | ကိုယ့်ဟာကို | ကိုယ့်ဟာကိုယ် |
| ၁၄၂ | ၂၅ | ပစ္စည်းတွေထာ။တဲ့ | ပစ္စည်းတွေထားတဲ့ |
| ၁၇၀ | ၁၉ | ထောဒိသောင်း | ထောင်သောင်း |
| ၁၉၀ | ၇ | ဆောင်ပုဒ် ၂-ပုဒ် | ဆောင်ပုဒ် ၂-ပိုဒ် |
| ၁၉၇ | ၂ | အဲဒီကေအာက် | အဲဒီက အောက် |
| ၂၀၈ | ၁ | လျှော့နေတဲ့ | လျှော့နေတဲ့ |
| ၂၁၀ | ၉ | အပ္ပမဒဘဲ | အပ္ပမာဒဘဲ |
| ၂၂၅ | ၁၄ | သုတဂရှိဘဲ | သုတမရှိဘဲ |
| ၂၄၀ | ၂၅ | ဖြဖြေစ်နေတယ် | ဖြစ်ဖြစ်နေတယ် |
| ၂၄၁ | ၉ | ကမ္မသကတာ | ကမ္မဿကတာ |
| ၂၅၂ | ၁၆ | သမ္မသန | သမ္မသန |
| ၂၅၃ | ၁၉ | မပ္ပဉာဏ် | မဂ်ဉာဏ် |
| ၂၅၄ | ၂၅ | ပေမမတ္တံ | ပေမမတ္တံဝေ |
| ၂၆၈ | ၁၅ | သူပြောနေကြ | သူပြောနေကျ |
| ။ | ၂၃ | အချည်းနှီးသော | အချည်းနှီးဖြစ်သော |
| ၂၆၉ | ၁၈ | ရဟန်းမှ တော့ | ရဟန်းမှာတော့ |

ပ-မ-သ-စ—၁၉၇—၁၀-၉-၇၃—အုပ်ရေ–၂၀၀၀။